# ၇ ရက် သတင်းဂျာနယ်

# 7 DAY NEWS JOURNAL

http://www.7daynewsjournal.com

အတွဲ(၁၀)၊ အမှတ်(၃၈) ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် ၁၃၇၃ ခုနှစ်၊ နတ်တော်လဆန်း ၁၃ ရက် ၊ ကြာသပတေး၊ (ဒီဇင်ဘာ ၈ ၊ ၂၀၁၁)


## ဟီလာရီ၊ မြန်မာပြည်နှင့် သမိုင်းဝင် ထို ၃ ရက်



ဓာတ်ပုံ - အေအက်ဖ်ပီ

- မင်းတုန်းမင်းမှသည်... ဟီလာရီ (မြန်မာ - အမေရိကန်ဆက်ဆံရေးသမိုင်းစဉ်)
- သမ္မတဦးသိန်းစိန်နှင့် ဒေါ်အောင်ဆန်းစုကြည်သို့ သမ္မတအိုဘားမားမှ ပေးစာ
- ခရီးစဉ်အပြီး ကမ္ဘာ့ကျော်ရုပ်သံလိုင်းများနှင့် ဟီလာရီတွေ့ဆုံမေးမြန်းမှုများ
- ဟီလာရီခရီးစဉ်အပေါ် ပြည်တွင်းအင်အားစုများ၏ အသံ

**အမေရိကန်နိုင်ငံခြားရေးဝန်ကြီး၏ သမိုင်းဝင်ခရီးစဉ် အထူးအချပ်ပို (၁၀)မျက်နှာ ထည့်သွင်းထားပါသည်**

## ဗိုလ်ချုပ်အောင်ဆန်း နှစ် ၁၀၀ ပြည့် မှတ်တမ်းရုပ်ရှင် ရိုက်ကူးမည်

**အေးမြကျော်**

**ရန်ကုန်၊ ဒီဇင်ဘာ - ၃**

ဒေါ်အောင်ဆန်းစုကြည်သည် ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလတွင် နှစ် ၁၀၀ ပြည့်မည့် ဖခင်ဗိုလ်ချုပ်အောင်ဆန်း၏ နှစ် ၁၀၀ ပြည့် အထိမ်းအမှတ်အဖြစ် ရုပ်ရှင်ကားကြီးတစ်ကား ရိုက်ကူးဖန်တီးနိုင်ရန် နိုင်ငံကျော် သရုပ်ဆောင်များ၊ ဒါရိုက်တာများအပါအဝင် အနုပညာရှင် ၁၀၀ ကျော်နှင့် ယနေ့ ညနေ ၃ နာရီတွင် သူမ၏ နေအိမ်၌ တွေ့ဆုံဆွေးနွေးခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်က ဗိုလ်ချုပ်အတ္ထုပ္ပတ္တိ ရိုက်ကူးရာတွင် ဗိုလ်ချုပ်အောင်ဆန်း၏ အသက် ၁၈ နှစ်မှ ၃၂ နှစ်အတွင်း ဘဝ ဖြတ်သန်းမှုများနှင့် လွတ်လပ်ရေးအတွက်ကြိုးပမ်းမှုများကို ရိုက်ကူးစေလိုကြောင်း ပြောကြားခဲ့ကာ အနုပညာရှင်များအား ဗိုလ်ချုပ်၏နေရာတွင် မည်သူ့ကို သရုပ်ဆောင်စေလျှင်ကောင်းမည်လဲဟု မေးမြန်းအကြံပြုတောင်းခဲ့ကြောင်း သိရသည်။

"လောလောဆယ်တော့ ဗိုလ်ချုပ်နဲ့ တူတဲ့သူ (အနုပညာနယ်မှာ) မတွေ့မိသေးဘူး။ အနုပညာရှင်မဟုတ်တဲ့ သာမန်လူထဲက ရွေးတာပိုကောင်းလိမ့်မယ်" ဟု ဆွေးနွေးပွဲသို့ တက်ရောက်ပါဝင်ဆွေးနွေးခဲ့သော ဒါရိုက်တာ မောင်မျိုးမင်း (ရင်တွင်းဖြစ်) က ပြောကြားသည်။

**စာ(၁၂)သို့**

## တုရင်တောင်ခြေတွင် ဟိုတယ်ဇုန်တစ်ခုပေါ် ထွက်ဖွယ်ရှိ



**တုရင်တောင်ဘုရားပေါ်မှမြင်ရသည့် မြကန်ဝန်းကျင်မြင်ကွင်း** ဓာတ်ပုံ-SSTM

**အောင်သူရ၊ အိဖြူမွန်**

**ပုဂံ၊ နိုဝင်ဘာ- ၂၆**

ယဉ်ကျေးမှုဝန်ကြီးဌာနက Protecting Zone ဟု သတ်မှတ်ထားသော ညောင်ဦး-ကျောက်ပန်းတောင်း ကားလမ်းဘေး တုရင်တောင်ခြေရှိ ဧက ၂၀၀ ခန့်အား ဟိုတယ်ဇုန်ပြုလုပ်ရန် တိုင်းဒေသကြီးဝန်ကြီးချုပ်က ထောက်ခံပေးလိုက်ပြီဖြစ်ကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှိုင်မြင့်က သတင်းထောက်များအား နိုဝင်ဘာ ၂၆ ရက်တွင် ပြောသည်။

ပုဂံဒေသတွင်ဟိုတယ်ဇုန်အဖြစ် တည်ဆောက်ရန် တင်ပြထားသော မြစ်ကမ်းဘေးနေရာ၌ တည်ဆောက်ခွင့်ရ၊ မရ အဖြေမပေါ်သေးသော်လည်း တုရင်တောင်ခြေကို တိုင်းဒေသကြီးဝန်ကြီးချုပ်က ထောက်ခံပေးသဖြင့် တည်ဆောက်ခွင့်ရနိုင်ခြေရှိကြောင်း ဦးလှိုင်မြင့်က သုံးသပ်သည်။

**စာ(၁၂)သို့**

## မြဝတီချစ်ကြည်ရေးတံတားနှင့် ကုန်သွယ်ရေးဇုန်ပြန်ဖွင့်

**အောင်သူရ၊ ပြည်သိမ်း**

**ရန်ကုန်၊ ဒီဇင်ဘာ-၅**

၁၇ လကြာ ပိတ်ထားသည့် ထိုင်း -မြန်မာနယ်စပ် မြဝတီမြို့ရှိ ချစ်ကြည်ရေးတံတားနှင့် ကုန်သွယ်ရေးဇုန်ကို ဒီဇင်ဘာ ၅ ရက်တွင် ပြန်လည်ဖွင့်လှစ်လိုက်ပြီဖြစ်သည်။

လွန်ခဲ့သော တစ်နှစ်ကျော်က ပိတ်ထားခဲ့သည့် မြဝတီ- မဲဆောက် ချစ်ကြည်ရေးတံတားကို ဒီဇင်ဘာ ၅ ရက်တွင် ပြန်လည်ဖွင့်လှစ်မည်ဟု နယ်စပ်ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးဒေါ်ချယ်ရီမောင်က ဒီဇင်ဘာ ၃ ရက်က ပြောကြားခဲ့သည်။

မြန်မာနိုင်ငံဘက်မှ မြဝတီမြို့နှင့် ထိုင်းနိုင်ငံဘက်မှ မဲဆောက်မြို့သို့ ဆက်သွယ်ပေးထားသော မြဝတီချစ်ကြည်ရေးတံတားကို ၂၀၁၀ ပြည့်နှစ် ဇူလိုင် ၁၈ ရက်က စတင်၍ ယာယီပိတ်ထားခဲ့ခြင်းဖြစ်သည်။


**စာ(၁၂)သို့**





CNC
JACKET
men's wear
ENVIRONMENT FRIENDLY
www.cncmenwear.com


SHOP NOW !
DU2


Nino
FOR SALE !

7 DAY NEWS JOURNAL
Vol.10, No.38 · DECEMBER 8, 2011



**နိုင်ငံရေး ဦးတည်ချက်(၄)ရပ်**

- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး၊
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး၊
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး၊

**စီးပွားရေး ဦးတည်ချက်(၄)ရပ်**

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွား ရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

**လူမှုရေး ဦးတည်ချက်(၄)ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုး သားရေးလက္ခဏာများ မပျောက် ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး၊
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ရန်ကုန်မြို့တော် ရေ၊ မီး၊ အိမ်ရာ အထူးစီမံကိန်း ရေးဆွဲရန်ရှိ

## နှစ်ပေါင်းသုံးဆယ်အတွင်းတိုးလာမည့် လူဦးရေ ၁၀ သန်းကျော်အတွက် ကြိုတင်ပြင်ဆင်ခြင်းဖြစ်

**ကျော်သီဟ**

**ရန်ကုန်၊ ဒီဇင်ဘာ-၁**

ရန်ကုန်မြို့တော် နှစ် ၃၀ စီမံကိန်း အရလူဦးရေ၁၀ သန်းကျော်အထိ တိုးတက်လာနိုင်ကြောင်းနှင့် ယင်း အတွက်အထူးစီမံကိန်း (Master Plan) ရေးဆွဲရန်ရှိကြောင်း မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်က နှစ် ၃၀ စီမံကိန်းအလုပ်ရုံဆွေးနွေးပွဲတွင် ပြောကြားလိုက်သည်။



*ရန်ကုန်မြို့၏လက်ရှိလူဦးရေကိုပင် ရေဖြန့်ဝေမှု၌ စနစ်ကျသော ဖြန့်ဝေမှုမပေးနိုင်သေးပေ*

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

ရန်ကုန်မြို့တွင် နောင်နှစ်ပေါင်း ၃၀ အတွင်း တိုးတက်လာမည့် လူဦးရေ ၁၀ သန်းကျော် အတွက် ရေ၊ မီး၊ မိလ္လာ၊ လျှပ်စစ်၊ အိမ်ရာနှင့်တကွ လူမှုရေး၊ စီးပွားရေးနှင့် အခြေခံအဆောက်အအုံများ တိုးတက်ဖြည့်ဆည်းရန် လိုအပ်လာမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ရန်ကုန်မြို့တော်သည်အချက်အချာကျသော မြို့ကြီးဖြစ်၍ တိုးတက်မှုအတွက် မျှော်မှန်းထားသည့် Master Plan ရေးဆွဲရန် ကြိုးစားပြင်ဆင်ခြင်းဖြစ်ပြီး အဖက်ဖက်မှလည်းထည့်သွင်းပေါင်းစပ်ပါဝင်ကူညီဆောင်ရွက်ရန် လိုကြောင်း ထည့်သွင်းပြောကြားသည်။

ရန်ကုန်မြို့သည် ယခုအခြေအနေတွင် လူဦးရေခြောက်သန်းကျော် ခုနစ်သန်းနီးပါး နေထိုင်သော မြို့တော်ဖြစ်ပြီး မြင့်မားလာသည့် လူနေမှုစနစ်အတွက် အုပ်ချုပ်ရေးပိုင်းကိုပါ ထည့်သွင်းစဉ်းစားသင့်ကြောင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

ရန်ကုန်မြို့ကို ၁၉၈၄ မှ ၁၉၉၁ ခုနှစ်အတွင်း ရန်ကုန်မြို့နှင့် ပတ်ဝန်းကျင်ဒေသဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲစဉ်က မြို့ကွက်တည်ဆောက်မှုပုံစံကိုဌာနဆိုင်ရာများနှင့် မြို့တော်စည်ပင်သာယာရေးကော်မတီတို့ ပူးပေါင်းဆွေးနွေးခဲ့ဖူးကြောင်း သိရသည်။

# ပြဋ္ဌာန်းလိုက်သည့် ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ဥပဒေအရ နိုင်ငံသားများသာ ကျောင်းထောင်ခွင့်ရှိ

**နေလင်းထွန်း**

**ရန်ကုန်၊ဒီဇင်ဘာ-၅**

ပြည်ပနိုင်ငံ အကူအညီဖြင့် တည်ထောင်ဖွင့်လှစ်ခြင်း၊နိုင်ငံခြားအဖွဲ့အစည်းမှ ဦးစီးတည်ထောင်သော(သို့မဟုတ်) ထိုအဖွဲ့အစည်း၏ အကူအညီဖြင့် တည်ထောင်ဖွင့်လှစ်ခြင်းကို ကန့်သတ်ထားသော ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ဥပဒေအား ဒီဇင်ဘာ ၂ ရက်တွင် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းလိုက်သည်။

ကိုယ်ပိုင်ကျောင်းတည်ထောင်ဖွင့်လှစ်လိုသောပုဂ္ဂိုလ်သည် တစ်ဦးတည်းတည်ထောင်ဖွင့်လှစ်လိုခြင်းဖြစ်ပါက မြန်မာနိုင်ငံသားဖြစ်ခြင်း၊ အဖွဲ့အစည်းက တည်ထောင်ဖွင့်လှစ်လိုခြင်းဖြစ်ပါက ထိုအဖွဲ့အစည်း၏ အုပ်ချုပ်မှုအဖွဲ့ဝင်အားလုံးသည်မြန်မာနိုင်ငံသားဖြစ်ခြင်းဆိုသည့်အချက်များနှင့်ကိုက်ညီရမည်ဖြစ်သည်။

"စီးပွားရေးလုပ်ငန်းတွေမှာ လုပ်သလိုမျိုး နားလည့်ပါးရိုက်နဲ့ နိုင်ငံခြားသားက အမည်ခံခိုင်းပြီးလုပ်မှာစိုးလို့ အမြော်အမြင်နဲ့လုပ်ထားတာပါ။ ပညာရေးကို စီးပွားရေးလုပ်ငန်းလိုမျိုး နိုင်ငံခြားသားက ခြယ်လှယ်သွားမှာစိုးရိမ်ရပါတယ်။ အခုကတော့ အားလုံးကို လွတ်လွတ်လပ်လပ် လုပ်ကိုင်ခွင့်ပေးလိုက်တာပါ။

**စာ(၁၂)သို့**



7 DAY NEWS JOURNAL
Vol.10, No.38 · DECEMBER 8, 2011

CRIME CORNER

## သာကေတတွင် နေအိမ်ကိုးလုံးမီးလောင်

**အိဖြူလွင်**

**ရန်ကုန်၊ ဒီဇင်ဘာ - ၂**

သာကေတမြို့နယ် ၁၀/တောင် ရပ်ကွက်ရှိဇေယျဝတီ ၂လမ်းတွင် နိုဝင်ဘာ ၂၉ ရက် ညနေပိုင်းက မီးလောင်မှုဖြစ်ပွားခဲ့ရာ နေအိမ် စုစုပေါင်းကိုးလုံး မီးလောင်ဆုံးရှုံး ခဲ့ကြောင်း ရန်ကုန်တိုင်း မီးသတ်ဦးစီးဌာနမှသိရသည်။

မီးလောင်မှု စတင်ဖြစ်ပွားသည်ကို သာကေတမီးသတ်စခန်း ဂိတ်ဂျူတီမှ မီးခိုးမြင်၍ သိရှိခဲ့ခြင်းဖြစ်ပြီး အဆိုပါမီးလောင်မှုကို မီးသတ်ယာဉ် ၃၄စီး၊ အုပ်ချုပ်မှုယာဉ်ငါးစီးတို့ဖြင့် ငြှိမ်းသတ်ခဲ့ရ သည်။

ထင်းမီးဖိုဖြင့် ထမင်းအိုး တည်ရာမှစတင်ဖြစ်ပွားခဲ့သော မီးလောင်မှုကြောင့် အိမ်ထောင်စု ၂၂စုမှ လူဦးရေ၉၅ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့သည်။

မီးလောင်မှုဖြစ်ပွားသော လမ်းသည် ကျဉ်းမြောင်းပြီး လူအသွားအလာနှင့်စက်ဘီးသွားလာမှုများပြားသော လမ်းဖြစ်သောကြောင့် မီးငြှိမ်းသတ်ရာတွင် ခက်ခဲမှုများရှိခဲ့သည်ဟု ရပ်ကွက်နေသူများ၏ ပြောကြားချက်အရသိရသည်။

“မီးသတ်ကားကဝင်ပြီး ပြန်ထွက်ဖို့တောင်ခက်တယ်။ တစ်စီးဝင်ပြီးရင် နောက်တစ်စီး မဝင်နိုင်ဘူး”ဟု မီးလောင်မှုဖြစ်ပွားရာ လမ်းထိပ်တွင် နေထိုင်သူတစ်ဦးက ပြောကြားသည်။

မီးလောင်မှု စတင်ဖြစ်ပွားသောအိမ်သည် ဓနိမိုး၊ ထရံကာ ၁၀ပေပတ်လည် အိမ်အမျိုးအစားဖြစ်ပြီး အိမ်များကပ်နေခြင်းကြောင့် မီးကူးစက်မှုမြန်ဆန်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါအိမ်များတွင်နေထိုင်သူအမျိုးသမီးတစ်ဦးနှင့်အရန်မီးသတ်တပ်ဖွဲ့ဝင်နှစ်ဦး စုစုပေါင်း သုံးဦးလည်း မီးလောင်မှုတွင် ဒဏ်ရာရရှိခဲ့ပြီး အရပ်သူ အမျိုးသမီးတစ်ဦးကို မီးလောင်မှုဖြစ်ပြီး တစ်နာရီကျော်ကြာမှ ကယ်ဆယ်နိုင်ခဲ့ကြောင်းသိရသည်။ မီးဘေးဒုက္ခသည်များကို ၁၃ရပ်ကွက်ရှိ သာသနဟိတကာရီဓမ္မာရုံတွင် ကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ပေးထားကြောင်းသိရသည်။

မီးလောင်မှု စတင်ဖြစ်ပွားသောအိမ်ရှင်ကို သာကေတမြို့နယ် ရဲစခန်းတွင် (ပ)၇၆၅။ ၂၀၁၁ ပုဒ်မ ၂၈၅ ဖြင့် အမှုဖွင့် အရေးယူထားကြောင်းသိရသည်။

# လျှပ်စစ်စက်ဘီးများကို စက်တပ်ယာဉ်အဖြစ် မှတ်ပုံတင်စေမည်

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ နိုဝင်ဘာ- ၃၀**

ရန်ကုန်နယ်နိမိတ်အတွင်း၌ စီးနင်းနေသော လျှပ်စစ်စက်ဘီးများကို စက်တပ်ယာဉ်အဖြစ် မှတ်ပုံတင်ရန်စီစဉ်နေကြောင်း ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့ မှူးရုံးမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

“လျှပ်စစ်မော်တာနဲ့ဖြစ်နေလို့အင်ဂျင်စက်မှမဟုတ်ဘူး။ စက်ဘီးဆိုပေမယ့်စက်တပ်ထားတဲ့အတွက် စက်တပ်ယာဉ်အဖြစ်မှတ်ပုံတင်ဖို့သက်ဆိုင်ရာကိုတင်ပြထားတာပါ”ဟု အထက်ပါပုဂ္ဂိုလ်ကပြောသည်။ သို့သော် ခြေနင်းပါသော စက်ဘီးများကိုအနေးယာဉ်စာရင်းတွင်ထားရှိရန် စီစဉ်ထားကြောင်းသိရသည်။ ၎င်းတို့ကိုအနေးယာဉ် မဝင်ရလမ်းများမှအပ ကျန်နေရာများတွင် စီးနင်းသွားလာခွင့်ပြုပေးရန်ဆောင်ရွက်ထားသည်ဟု သိရသည်။

“ယာဉ်အရေအတွက်တော့ မသိရသေးဘူး။ မှတ်ပုံတင်မှုစမှပဲ သိရမယ်။ ဆိုင်တွေက ဘယ်လောက် ရောင်းရလဲ စာရင်းရမှသိနိုင်မယ်”ဟု ၎င်းက ဆက်လက်ပြောသည်။ တစ်နာရီလျှင် ကီလိုမီတာ ၂၀ ဝန်းကျင်အထိ လျှပ်စစ်စွမ်းအားဖြင့် သွားလာနိုင်သော စက်ဘီးမျိုးကို စက်တပ်ယာဉ်အဖြစ် သတ်မှတ်မည်ဟုသိရသည်။ ခြေနင်းပါသော လျှပ်စစ်စက်ဘီးများမှာ ၃၅၀,၀၀၀ ကျပ် မှ ၄၀၀,၀၀၀ ကျပ်ကျော်ထိရှိပြီး ခြေနင်းမပါသည့် ဘီးများမှာ ၆၀၀,၀၀၀ ကျပ် ဝန်းကျင်ထိရှိကြောင်း ဈေးကွက်တွင်းမှသိရသည်။

# ရန်ကုန်မြို့တွင်း လမ်းပြုပြင်မှုများ ညလယ်ပိုင်းတွင်လုပ်သင့်ဟု ပြည်ထောင်စုဝန်ကြီး အကြံပြု

**ပြည်သိမ်း**

**ရန်ကုန်၊ ဒီဇင်ဘာ-၁**



ဓာတ်ပုံ-ဇေ့မောင်မောင်(အမရပူရ)

ရန်ကုန်မြို့တွင်း လမ်းများကိုပြုပြင်ရန် နေ့အချိန်အစား ညလယ်ပိုင်းသို့ ပြောင်းလဲလုပ်ကိုင်သင့်ကြောင်း စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးစိုးသိန်းက အကြံပြုပြောကြားသည်။

နေ့လယ်ပိုင်း လမ်းပြင်ရာတွင် လမ်းပိတ်ဆို့မှု၊ ယာဉ်အသွားအလာ ကျပ်တည်းမှုတို့ကြောင့် ညပိုင်းကိုပြောင်းလဲလုပ်ကိုင်ရန် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးနှင့် မြို့တော်ဝန်ကြီးတို့အား တိုက်တွန်းထားကြောင်း နေပြည်တော်၌ သတင်းထောက်များနှင့် တွေ့ဆုံရာတွင် ဦးစိုးသိန်းက ပြောကြားခဲ့သည်။

“ဂျပန်တို့၊ အင်္ဂလန်နိုင်ငံတို့မှာလည်း နေ့ပိုင်းမှာ လမ်းမပြင်ဘူး။ ညပိုင်းကျမှ လမ်းပြင်ကြတယ်” ဟု အထက်ပါပုဂ္ဂိုလ်ကဆိုသည်။

ရန်ကုန်မြို့တွင်းတွင် ယခုနှစ် မိုးတွင်း၌ လမ်းပျက်စီးမှုများခဲ့ပြီး ပွင့်လင်းရာသီမှ စတင်၍ ပြင် ဆင်မှုများပြုလုပ်ခဲ့သည်။ ထို့အပြင် ယာဉ်ကြောပိတ်ဆို့မှုများသည့် ဘုရင့်နောင်လမ်းဆုံ၊ လှည်းတန်းလမ်းဆုံ၊ တာမွေအဝိုင်းနှင့် ရွှေဂုံတိုင်လမ်းဆုံတို့တွင် ခုံးကျော်တံတားများကိုလည်းလေးလအတွင်းအပြီး တည်ဆောက်သွားမည်ဟုသိရသည်။

# ငမိုးရိပ်ချောင်းစပ် တက်လာသော မိကျောင်းတစ်ကောင် ဖမ်းမိ

**ကျော်သီဟ**

**ရန်ကုန်၊**
**နိုဝင်ဘာ-၂၉**

ဒဂုံမြို့သစ်(တောင်ပိုင်း) ငမိုးရိပ်တံတားအောက်ဘက် ငမိုးရိပ်ချောင်းကမ်းစပ်တွင် အရှည်ခုနစ်ပေခန့်ရှိသော မိကျောင်းတစ်ကောင်တက်လာသဖြင့် သာကေတရှိ မိကျောင်းမွေးမြူရေးစခန်းမှ တာဝန်ရှိသူများ သွားရောက်ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၂၄ ရက် ညနေ ၅ နာရီ ၄၅ မိနစ်ခန့်တွင် ငမိုးရိပ်တံတားအောက်ခြေ ကမ်းစပ်၌ အရှည်နှစ်ပေခန့်ရှိမိကျောင်းတစ်ကောင်တက်လာရာ ၁၀ မိနစ်ခန့်ကြာခဲ့သည်။ အဆိုပါမိကျောင်းသွားလာနေသည်ကို အများပြည်သူများ တွေ့ရှိခဲ့ရာ သက်ဆိုင်ရာသို့ တစ်ဆင့် သတင်းပို့၍ သာကေတ မိကျောင်းမွေးမြူရေးစခန်းမှ လာရောက်ဖမ်းဆီးသွားကြောင်းသိရသည်။

“မိကျောင်းတွေ့လို့ဆိုပြီး ပြောတာပဲ။ လူတွေ ဝိုင်းအုံကြည့်နေကြတာ”ဟု နေ့စဉ်တံတားအား ဖြတ်သန်းနေသော တောင်ဒဂုံမြို့ခံတစ်ဦးကဆိုသည်။

ယင်းမိကျောင်းအား သက်ဆိုင်ရာ မွေးမြူရေးစခန်းမှ လာရောက် ဖမ်းဆီးသွားခြင်းကိုလည်း သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှ စုံစမ်းသိရသည်။ အဆိုပါကိစ္စရပ်နှင့်ပတ်သက်၍ ငမိုးရိပ်ချောင်းအသုံးပြုသူ အများပြည်သူလူထု အန္တရာယ်ကင်းရှင်းရေး သတိပေးဆောင်ရွက်ရန်လည်း သက်ဆိုင်ရာအာဏာပိုင်များက ညွှန်ကြားထားသည်ဟုသိရသည်။




7DAY NEWS JOURNAL
Vol.10, No.38 · DECEMBER 8, 2011

# ပြည်ပမှ မျိုးကြက်ဥ တရားမဝင် တင်သွင်းမှုများကြောင့် ကြက်ငှက်တုပ်ကွေးအန္တရာယ်စိုးရိမ်ရ

သန်းငွေး

**ရန်ကုန်၊ နိုဝင်ဘာ-၂၉**

အိမ်နီးချင်းနိုင်ငံများမှ တရားမဝင် တင်သွင်းနေသော မျိုးကြက်ဥနှင့် ကြက်ပေါက်များကြောင့် ကြက်ငှက်တုပ်ကွေးရောဂါကူးစက်မှု စိုးရိမ်နေရကြောင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်ကြီးကပြောသည်။

"ပြီးခဲ့တဲ့လပိုင်းက အိမ်နီးချင်းရောဂါဖြစ်ပွားတဲ့ နိုင်ငံက တရားမဝင်တင်သွင်းတာရှိတယ်။ အဲဒါတွေဟာကြက်ငှက်တုပ်ကွေးရောဂါဖြစ်ဖို့စိုးရိမ်စရာဖြစ်တယ်" ဟု ဒေါက်တာအောင်ကြီးက ပြောသည်။

၂၀၁၁ ခုနှစ်အတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကြက်ငှက်တုပ်ကွေးမျိုးစိတ်သစ်တစ်မျိုး ထပ်မံတွေ့ရှိခဲ့သည်။ ၎င်းအပြင် ဗီယက်နမ်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံနှင့်အိန္ဒိယနိုင်ငံတို့တွင်လည်း ကြက်ငှက်တုပ်ကွေးရောဂါများ ဖြစ်ပွားနေကြောင်း သတင်းရရှိသည်။

ထို့ကြောင့်မြန်မာနိုင်ငံအနေဖြင့် ကြက်ငှက်တုပ်ကွေးရောဂါကူးစက်မှု မခံရစေရေးအတွက် ရောဂါကင်းရှင်းသော နိုင်ငံများမှသာ တရားဝင်တင်သွင်းသင့်ကြောင်း ဒုတိယညွှန်ကြားရေးမှူးချုပ်က အသိပေးပြောကြားသည်။

"ပြည်ပက လက်ရှိကြက်ဥနဲ့ ကြက်ပေါက်တင်သွင်းတဲ့ အပိုင်းမှာ မွေးမြူရေးသမားတွေ လိုက်နာဖို့လိုတယ်။ ပြည်တွင်းမှာ ဟိုတလောက ကြက်ပေါက်ရှားတော့ ဈေးတက်တယ်။ အဲဒီအချိန်မှာကြက်ပေါက်တွေ ခိုးသွင်းတာရှိတယ်။ အဲဒီလိုမျိုး တရားမဝင်တင်သွင်းတာတွေဟာ ကြက်ငှက်တုပ်ကွေးဖြစ်စေနိုင်တယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

မြန်မာနိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါသည် ၂၀၀၆နှင့် ၂၀၀၇ ခုနှစ်တို့တွင် ဖြစ်ပွားပြီး ၂၀၁၀နှင့် ၂၀၁၁ ခုနှစ်ဖေဖော်ဝါရီလများတွင်လည်း ဖြစ်ပွားခဲ့ကြောင်းသတင်းရရှိသည်။



**မျိုးကြက်ဥတင်သွင်းမှုကသာမဟုတ်ဘဲ ဆောင်းရာသီဝင်လာပြီဖြစ်၍ ဆောင်းခိုငှက်များ၏ အန္တရာယ်ကလည်းရှိသေးသည်**

# ပြည်တွင်း၌ နိုင်ငံခြားဘဏ် ကိုယ်စားလှယ်ရုံးခွဲ ၁၆ ခုဖွင့်ပြီး

ပြည်သိမ်း

**ရန်ကုန်၊ ဒီဇင်ဘာ - ၃**

ပြည်တွင်း၌ နိုင်ငံခြားဘဏ်ကိုယ်စားလှယ်ရုံးခွဲ ၁၆ ခုထိဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ကြောင်း ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးလှထွန်းက တရုတ်နိုင်ငံ စက်မှုနှင့် ကုန်သွယ်ရေးဘဏ် (ICBC)ရုံးခွဲဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည်။

ပြည်တွင်း၌ ဖွင့်လှစ်ထားသောဘဏ် ကိုယ်စားလှယ်ရုံးများတွင် စင်ကာပူနိုင်ငံသည် အများဆုံးဖြစ်ပြီး ရုံးခွဲလေးခု၊ ဘင်္ဂလားဒေ့ရှ်၊ မလေးရှား၊ ဂျပန်နိုင်ငံတို့က ရုံးခွဲနှစ်ခုစီနှင့် ကမ္ဘောဒီးယား၊ ထိုင်း၊ ဘရူနိုင်း၊ ဗီယက်နမ်နှင့်တရုတ်နိုင်ငံတို့မှဖြစ်ကြောင်း ဝန်ကြီးကဆိုသည်။

အဆိုပါဘဏ်ကိုယ်စားလှယ်ရုံးများသည် နှစ်နိုင်ငံကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုတို့တွင် လွယ်ကူမှုရှိစေရေး အကူအညီများပေးရန် သက်ဆိုင်ရာနိုင်ငံများက ဖွင့်လှစ်ထားခြင်းဖြစ်သည်။

ယင်းကဲ့သို့ပင် မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်ရေးတွင် အများဆုံးဖြစ်သော တရုတ်နိုင်ငံမှ ဘဏ်ကိုယ်စားလှယ်ရုံးခွဲသည် ဒီဇင်ဘာ ၂ရက်တွင် စတင် ဖွင့်လှစ်ခဲ့သည်။

အဆိုပါဘဏ်ခွဲမှာ လက်ရှိအခြေအနေတွင် ဘဏ်လုပ်ငန်းများ မဆောင်ရွက်နိုင်သေးဘဲ လက်ရှိအခြေအနေသည် ပြည်တွင်း ဘဏ်လုပ်ငန်းကိုလေ့လာရန်၊ တရုတ်နိုင်ငံမှ လာရောက်ရင်းနှီးမြှုပ်နှံသောလုပ်ငန်းများကို လေ့လာရန်သာ လုပ်ကိုင်နိုင်မည်ဖြစ်သည်။ အနာဂတ်တွင်မြန်မာနိုင်ငံမှဘဏ်များနှင့်ပူးပေါင်းဆောင်ရွက်ခွင့်ရပါကလည်း ဘဏ်လုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ရန်ရှိကြောင်း သိရသည်။



7DAY NEWS JOURNAL
Vol.10, No.38 • DECEMBER 8, 2011

# အစိုးရနှင့် ရှမ်းပြည်နယ်တပ်မတော် ( တောင်ပိုင်း ) အပစ်အခတ်ရပ်

အားမာန်

**ရန်ကုန်၊ ဒီဇင်ဘာ - ၃**

အပစ်အခတ်ရပ်စဲရေးအတွက် ယခင် လက်မှတ်ရေးထိုးနိုင်ခြင်း မရှိသေးသော ရှမ်းပြည်နယ်တပ်မတော်(တောင်ပိုင်း) RCSS/SSA နှင့် မြန်မာအစိုးရတာဝန်ရှိသူများ အပစ်အခတ်ရပ်စဲရေး သဘောတူလက်မှတ်ကို ဒီဇင်ဘာ ၂ရက်တွင် ရေးထိုးနိုင်ခဲ့သည်။

ဒီဇင်ဘာ ၂ရက်က တောင်ကြီးမြို့ တောင်ကြီးဟိုတယ်တွင် မွန်းလွဲ ၁၂နာရီကျော်၌ မြန်မာအစိုးရမှ တာဝန်ရှိသူများနှင့် ရှမ်းပြည်နယ် တပ်မတော်(တောင်ပိုင်း) မှ တာဝန်ရှိသူများ အပစ်အခတ်ရပ်စဲ သဘောတူလက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ကြောင်း ထိုလက်မှတ်ရေးထိုးပွဲသို့ ကိုယ်တိုင်တက်ရောက်ခဲ့သော ငြိမ်းချမ်းရေး အကျိုးဆောင်တစ်ဦးဖြစ်သူ ဦးလှမောင်ရွှေကပြောသည်။

အပစ်အခတ် ရပ်စဲရေး သဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးသည့်နေ့မှစ၍ အပစ်အခတ်ရပ်စဲရန်၊ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန်၊ မူးယစ်ဆေးဝါးအန္တရာယ် ပူးပေါင်းကာကွယ်ဆောင်ရွက်ရန်နှင့် ကျန်ရှိနေသောကိစ္စများကို ဆက်လက်ဆွေးနွေးသွားရန်တို့ ပါဝင်သည်။ ထို့အပြင် တောင်ကြီး၊ ကျိုင်းတုံ၊ ခိုလမ်၊ တာချီလိတ်၊ မိုင်းတုံမြို့များတွင် ဆက်ဆံရေးရုံးငါးရုံး ဖွင့်လှစ်ရန်ကိုလည်း သဘောတူညီခဲ့သည်။

အပစ်အခတ်ရပ်စဲရေးသဘောတူလက်မှတ်ရေးထိုးပွဲသို့ အစိုးရဘက်မှ ပြည်ထောင်စုဝန်ကြီးများဖြစ်သော ဦးအောင်မင်း (ရထားပို့ဆောင်ရေးဝန်ကြီးဌာန)နှင့် ဦးခင်မောင်စိုး (အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)၊ ပြည်နယ်ငြိမ်းချမ်းရေးဖော်ဆောင်ရေး အဖွဲ့၊ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ရှမ်းပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်သူ စသော တာဝန်ရှိသူများ၊ ငြိမ်းချမ်းရေးအကျိုးဆောင်များနှင့် ရှမ်းပြည်နယ်တပ်မတော်ဘက်မှ ဗိုလ်မှူးချုပ်စိုင်းလူးဦးဆောင်သော ကိုယ်စားလှယ်ခြောက်ဦးပါသောအဖွဲ့ တက်ရောက်ခဲ့သည်။

၂၀၁၁ ခုနှစ် နိုဝင်ဘာ ၁၉ ရက်တွင် မြန်မာ-ထိုင်းနယ်စပ် တစ်နေရာ၌ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေးခဲ့သော တိုင်းရင်းသားလက်နက်ကိုင်ငါးဖွဲ့ထဲမှ ရှမ်းပြည်နယ်တပ်မတော်နှင့် ပထမဆုံး အပစ်အခတ်ရပ်စဲရန် သဘောတူညီခဲ့ခြင်းဖြစ်သည်။

SSA တောင်ပိုင်းအဖွဲ့မှာ ၁၉၉၆ ခုနှစ်တွင် ရွက်ဆစ်က ဦးဆောင်ကာ ဖွဲ့စည်းခဲ့ပြီး မြန်မာအစိုးရနှင့် အပစ်အခတ်ရပ်စဲ သဘောတူညီချက်မရဖူးသေးသော လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့ဖြစ်သည်။

အစိုးရနှင့် ငြိမ်းချမ်းရေး မရသေးသောတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ရှစ်ဖွဲ့ရှိသည်။

# နိုင်ငံခြားသားများအတွက် ရထားလက်မှတ်ခများ တိုးမြှင့်ရန်မရှိသေး

သိမ့်သိမ့်စိုး

**ရန်ကုန်၊ ဒီဇင်ဘာ - ၂**

ပြည်တွင်းခရီးသွားများအတွက် ရထားလက်မှတ်ခများ မြင့်တက်သွားသော်လည်း နိုင်ငံခြားသားများ၏ လက်မှတ်နှုန်းထားများမှာ လတ်တလောမြင့်တက်ရန် အစီအစဉ်မရှိသေးကြောင်း ရထားပို့ဆောင်ရေးဝန်ကြီးဌာန(နေပြည်တော်)စီးပွားရေးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"နိုင်ငံခြားသားနှုန်းတွေက ပြည်တွင်းခရီးသည်တွေနဲ့စာရင် အစကတည်းက မြှင့်ယူထားလို့ လက်ရှိအတိုင်းလည်းမြင့်နေသေးတာကြောင့် ဈေးမတက်တာပါ" ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။

ဘဏ္ဍာနှစ်တစ်နှစ်လျှင် ရထားစီးနင်းသော နိုင်ငံခြားသားခရီးသည် ၁၈,၀၀၀ ဦးခန့်ရှိသည်။ ထို့ကြောင့် ရထားစီးနင်းသော လက်မှတ်ခမှ ရရှိသည့် နိုင်ငံခြားဝင်ငွေမှာ တစ်နှစ်လျှင် ကန်ဒေါ်လာနှစ်သိန်းဝန်းကျင်ရှိကြောင်း သိရသည်။

ဒေသအသီးသီးသို့ သွားသော ရထားခရီးစဉ်အကွာအဝေးအလိုက် နိုင်ငံခြားသားများ၏ ရထားလက်မှတ်ခနှုန်းများမှာ ကွာခြားမှုရှိသော်လည်း မြို့ပတ်ရထားစီးနင်းခမှာ တစ်ဦးလျှင် အမေရိကန်တစ်ဒေါ်လာနှုန်း သတ်မှတ်ထားကြောင်းသိရသည်။

ပြည်တွင်း ရထားလက်မှတ်ခများကို နိုဝင်ဘာ ၁၅ရက်မှစ၍ ခရီးဝေးသွားရောက်မှုကို လက်မှတ်နှုန်းထား သုံးဆခန့်နှင့် မြို့ပတ်ရထားစီးနင်းမှုအတွက် လက်မှတ်ခ ၁၀ ဆခန့်မြင့်တက်ခဲ့သည်။

# မူဆယ်ကုန်သွယ်ရေးဇုန်ကပ်လျက် တ ုတ်နိုင်ငံဘက်က မြန်မာမှ ဆန်ဝယ်ယူလို

အောင်သူရ

**မူဆယ်၊ ဒီဇင်ဘာ-၄**

မူဆယ် ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်နှင့် ကပ်လျက်ရှိသော တရုတ်နိုင်ငံဘက်က မြန်မာနိုင်ငံမှ ၂၅ မတ်ဆန်အား တန်ချိန်သောင်းနှင့်ချီ ဝယ်ယူလိုကြောင်း မူဆယ်ဒေသခံကုန်သည်များက ပြောကြားသည်။

"တစ်တန်ကို တရုတ်ယွမ် ၃၀၀၀ပေးတယ်။ ရန်ကုန်ကလိုင်စင်ချမပေးတော့ ပို့ဖို့နည်းနည်းခက်နေတယ်"ဟု ပဲ၊ ပြောင်း၊ နှမ်းနှင့်လယ်ယာထွက်ကုန်စည်ဒိုင်မှတာဝန်ရှိသူတစ်ဦးကပြောသည်။

ထိုကဲ့သို့ တရားဝင် ပို့ခွင့်မရှိသဖြင့် သယ်ယူပို့ဆောင်ရေးစရိတ် အပါအဝင် တခြားသော ကုန်ကျစရိတ်များကြီးမြင့်နေကြောင်း မန္တလေးဒေသခံကုန်သည်တစ်ဦးကဆိုသည်။

"မန္တလေးမှာ ၂၅ မတ်တန်ဆန်တစ်တင်းခွဲ တစ်အိတ်ကို ၁၂၅၀၀ ကျပ်ပဲရှိတယ်။ တရုတ်က ဝယ်တာက မြန်မာငွေနဲ့တွက်ရင် တစ်အိတ်ကို ၁၈၆၀၀ ကျပ်လောက်ရတယ်။ တရားဝင်သွားလို့ရရင် ကိုက်တယ်" ဟု မန္တလေးဒေသခံကုန်သည်တစ်ဦးက တွက်ပြသည်။

အိန္ဒိယနိုင်ငံမှ ဆန်ရောင်းချခဲ့သဖြင့် လက်ရှိတွင် မြန်မာနိုင်ငံမှ တင်ပို့သော ၂၅ မတ်ဆန်မှာ တစ်တန်လျှင် ဒေါ်လာ ၃၅၀ ဖြင့်ရောင်းချသော်လည်း ဝယ်ယူသူနည်းပါးခဲ့သည်မှာ နှစ်လကျော်ခဲ့ပြီးဖြစ်သည်။

ထို့ကြောင့် အောက်တိုဘာလမှစ၍ အထူးပြုကုမ္ပဏီများသာမက ဆန်တင်ပို့ချင်သူမည်သူမဆို လိုင်စင်ရရှိရန် ထောက်ခံပေးသွားမည်ဟုမြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းက ထုတ်ပြန်ခဲ့သည်။

သို့သော် မန္တလေးနှင့် မူဆယ်ကုန်သည်များ၏ အဆိုအရ ဆန်တင်ပို့ခွင့်ရရန် လိုင်စင်လျှောက်ထားခဲ့သော်လည်း မရရှိကြောင်း ပြောသည်။

# ကျပ်ငါးသိန်းတန်စီဒီအမ်အေဖုန်း ဈေးမြင့်တက်

သိမ့်သိမ့်စိုး

**ရန်ကုန်၊ ဒီဇင်ဘာ - ၂**

မိုဘိုင်းဖုန်းဈေးကွက်တွင် ကတ်ထုတ်ပေးမှုရပ်ဆိုင်းထားခြင်းကြောင့် ပြီးခဲ့သည့်လကုန်ပိုင်းမှစ၍ ကျပ်ငါးသိန်းတန်စီဒီအမ်အေဖုန်းကတ်များ၏ ဈေးနှုန်းမှာ ကျပ် ၃၀,၀၀၀ ဝန်းကျင်ထိ မြင့်တက်သွားခဲ့ကြောင်း မိုဘိုင်းဖုန်းဈေးကွက်၌ အရောင်းအဝယ်ပြုလုပ်နေသူများကပြောသည်။

"ဈေးတက်တာက ဖုန်းကတ်တွေရှားသွားတာကြောင့် တက်သွားတာ။ ကတ်က ထုတ်မပေးတော့တာမဟုတ်ဘူး။ အရင်လိုလိုသလောက် ထုတ်မပေးတာရယ်၊ ပြီးတော့ ကတ်က နေ့တိုင်းမထွက်တော့ဘူး"ဟု ဖုန်းကတ်အရောင်းအဝယ် ပြုလုပ်နေသူတစ်ဦးကပြောသည်။

ကျပ်ငါးသိန်းတန် စီဒီအမ်အေ ၈၀၀ မဂ္ဂါဟာ့ဇ်နှင့် ၄၅၀ မဂ္ဂါဟာ့ဇ်တို့မှာ ယခင်က ၅၀၁,၅၀၀ ကျပ်ဝန်းကျင်ရှိနေရာမှ ပြီးခဲ့သည့် ဒီဇင်ဘာလကုန်ပိုင်းမှစ၍ ၅၃၀,၀၀၀ ကျပ်ထိ ဈေးနှုန်းများ မြင့်တက်ခဲ့သည်။

လတ်တလောတွင် ဖုန်းကတ်ချထားပေးမှုနည်းခြင်းနှင့် ဘဏ်များနှင့် ချိတ်ဆက်ရောင်းဝယ်ရာ၌ အခက်အခဲအချို့ရှိခြင်းကြောင့် အရစ်ကျစနစ်ဖြင့် ရောင်းချပေးသော ဖုန်းဆိုင်အချို့မှာ ရပ်နားထားကြောင်း အဆိုပါဆိုင်များမှ တာဝန်ရှိသူများကပြောသည်။

"အရစ်ကျစနစ်နဲ့လုပ်တာ လောလောဆယ် နားထားတယ်။ ကတ်တွေရှားတာရော ဘဏ်နဲ့လုပ်တဲ့စနစ်တချို့ကလည်းအဆင်မပြေလို့ပြန်ပြင်ဖို့ရှိတယ်။ ဖေဖော်ဝါရီလောက်မှာပြန်စဖြစ်မယ်"ဟု လူကြီးမင်းဖုန်းဆိုင်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

# ရွေးကောက်ပွဲအောင်နိုင်ရေးကော်မတီ NLD ဖွဲ့စည်း

အိဖြူလွင်

**ရန်ကုန်၊ဒီဇင်ဘာ-၅**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီက လာမည့် ကြားဖြတ်ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန်အတွက် အဖွဲ့ဝင် ၂၁ဦးပါဝင်သော ဗဟိုအောင်နိုင်ရေးကော်မတီကို ယနေ့ စတင်ဖွဲ့စည်းပြီဖြစ်ကြောင်းပါတီဗဟိုအလုပ်အမှုဆောင်တစ်ဦးဖြစ်သော ဦးအုန်းကြိုင်ကပြောကြားသည်။

ဗဟိုအောင်နိုင်ရေး ကော်မတီကို ပါတီဒုတိယဥက္ကဋ္ဌ ဦးတင်ဦးက တာဝန်ခံအဖြစ်ဆောင်ရွက်ပြီး ဒေါ်အောင်ဆန်းစုကြည် အပါအဝင်ဗဟိုအလုပ်အမှုဆောင်အဖွဲ့အားလုံး၊တိုင်းရင်းသားခေါင်းဆောင်များ၊ လူငယ်တာဝန်ခံများ၊ အမျိုးသမီးများဖြင့် ပါဝင်ဖွဲ့စည်းထားခြင်း ဖြစ်ကြောင်း သိရသည်။

ပြည်နယ်/တိုင်းဒေသကြီးများအတွက် အောင်နိုင်ရေးကော်မတီများကိုမူ သက်ဆိုင်ရာပြည်နယ်/ တိုင်းဒေသကြီးများမှ အလုပ်သမား၊ လယ်သမားများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ အားလုံးပါဝင်နိုင်ရန်ရည်ရွယ်၍ စာရင်း ပြုစု၍ တင်ပြဖွဲ့စည်းရန်စီစဉ်ထားကြောင်း ဦးအုန်းကြိုင်က ပြောကြားသည်။

ရွေးကောက်ပွဲကော်မရှင် မှ ပါတီမှတ်ပုံတင်ခွင့်နှင့် ကြားဖြတ်ရွေးကောက်ပွဲ အတွက် လစ်လပ်မဲဆန္ဒနယ်များကို တရားဝင်ကြေညာပါက စည်းရုံးလှုပ်ရှားမှုများလုပ်ဆောင်နိုင်ရန်အတွက် အောင်နိုင်ရေးကော်မတီဖွဲ့စည်းခြင်း ဖြစ်ကြောင်း သိရသည်။

၁၉၈၉ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီသည် ယခုလာမည့် ကြားဖြတ်ရွေးကောက်ပွဲတွင်ပါဝင်ယှဉ်ပြိုင်ရန်အတွက်နိုင်ငံရေးပါတီအဖြစ်ပြန်လည်တည်ထောင်လိုကြောင်း ရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားဆဲဖြစ်သည်။

ကော်မရှင်မှ ပါတီတည်ထောင်ခွင့်ကျပါက ပါတီမှတ်ပုံတင်ရန်အတွက် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပြီး၊ အနှစ် ၂၀ ကျော်အသုံးပြုခဲ့သော ပါတီနာမည် ၊အလံ နှင့်ရင်ထိုးများ ကိုပြောင်းလဲမည် မဟုတ်ဘဲ ယခင်အတိုင်းပင် ဆက်လက်သုံးစွဲသွားမည်ဟု ဆုံးဖြတ်ထားကြောင်း ဦးအုန်းကြိုင်ကပြောကြားခဲ့သည်။

# ၂၀၁၀ရွေးကောက်ပွဲဝင်ခွင့်မရခဲ့သည့်ဒေါက်တာတူးဂျာ ကြားဖြတ်ရွေးကောက်ပွဲဝင်ရန် မဆုံးဖြတ်ရသေး

အိဖြူလွင်

**ရန်ကုန်၊ ဒီဇင်ဘာ-၄**

၂၀၁၀ ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီတည်ထောင်ခွင့်မရခဲ့သောဒေါက်တာတူးဂျာကလာမည့် ရွေးကောက်ပွဲများတွင် အခွင့်အရေးရှိခဲ့ပါက ပါဝင်ဆောင်ရွက်ရန် စိတ်ဝင်စားသည်ဟု 7Day News သို့ပြောသည်။

ကချင်တိုင်းရင်းသားခေါင်း ဆောင်တစ်ဦး ဖြစ်သော ဒေါက်တာတူးဂျာသည် ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် ကချင်ပြည်နယ် တိုးတက်ရေး ပါတီဟူသော အမည်ဖြင့် နိုင်ငံရေးပါတီတည်ထောင်ခွင့်ကို ရွေး ကောက်ပွဲကော်မရှင်သို့ လျှောက်ထားခဲ့သော်လည်း ပါတီတည် ထောင်ခွင့်မရရှိခဲ့ခြင်းကြောင့် ဝင်ရောက်ယှဉ်ပြိုင်ခွင့်မရခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

မကြာမီကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲတွင်ဝင်ရောက်ယှဉ်ပြိုင်ရန်ကိုမူ ယခုအချိန်ထိ မဆုံးဖြတ်ရသေးဘဲ အခြေအနေစောင့်ကြည့်နေပါသည်ဟု ဒေါက်တာတူးဂျာက ပြောကြားသည်။

ကြားဖြတ်ရွေးကောက်ပွဲအတွက် မပြောနိုင်သေးသော်လည်း ၂၀၁၅ ရွေးကောက်ပွဲတွင်မူ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်ဟု ဒေါက်တာတူးဂျာက ပြောကြားသည်။



# ပြည်ပသို့ တင်ပို့သည့်ဆန်ကုန်သည်များ တင်ပို့မှုငါးရာခိုင်နှုန်းကို အရန်ဆန်အဖြစ် ထားရှိရမည်

**ပြည်သိမ်း**

**ရန်ကုန်၊ ဒီဇင်ဘာ- ၃**

ပြည်ပစျေးကွက်သို့ ဆန်တင်ပို့ရာတွင် ဆန်ကုန်သည်များသည် တင်ပို့မှု၏ ငါးရာခိုင်နှုန်းကို အရန်ဆန်အဖြစ်အသင်း၌ ထားရှိရမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းမှ သတင်းရရှိသည်။

ယခုကဲ့သို့အရန်ဆန်ချန်ထားရခြင်းသည် ပြည်တွင်းစျေးကွက်တွင် ဆန်စျေးမြင့်တက်လာပါက စျေးနှုန်းထိန်းပေးရန် စျေးနှုန်းများမြင့်တက်ပါက ပြည်ပတင်ပို့ခွင့် တားဆီးမည်ကို ကာကွယ်ရန် စီစဉ်ထားခြင်းဖြစ်ကြောင်း အဆိုပါအသင်းမှ အထွေထွေအတွင်းရေးမှူးဦးရဲမင်းအောင်က ပြောသည်။

“ဘတ်ဖာစတော့အနေနဲ့ တန်ချိန်တစ်ထောင်ပို့ရင်ငါးရာခိုင်နှုန်းအရန်ဆန်အဖြစ် သိုလှောင်ထားမှာပါ။ ဆန်အဓိကပို့တဲ့ နိုင်ငံတွေမှာလည်း ဒီလိုအရန်ဆန်တွေထားကြတယ်”ဟု ဦးရဲမင်းအောင်ကရှင်းပြသည်။

ထို့အပြင် အရန်ဆန်အဖြစ်ထားသည့် ၅ ရာခိုင်နှုန်းကိုလည်း ဘဏ်မှ ချေးငွေရရှိရန် မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းမှ ကြိုးစားနေပြီး၊ အဆိုပါအရန်ဆန်များကိုလည်း အသင်းမှ ရောင်းချရာတွင် ထည့်သွင်း၍လည်းရောင်းချပေးမည်ဟု သိရသည်။

အဆိုပါအရန်ဆန်ကိုအသင်း၏ သိုလှောင်ရုံများတွင်စနစ်တကျထားရှိမှာဖြစ်ပြီး အရည်အသွေးမကျဆင်းရန်သိုလှောင်ထားမည်ဖြစ်သည်။ ထို့အပြင် ၎င်းအရန်ဆန်ကို စပါးတစ်ရာသီသာ သိုလှောင်ထားမည်ဖြစ်ကြောင်းလည်း အဆိုပါအသင်းမှ သိရသည်။



**စပါးသစ်ပေါ်ချိန်တွင် စပါးစျေးနှုန်းများမှာ ပြီးခဲ့သည့်နှစ်ကထက် ကျဆင်းနေသည်**

ဓာတ်ပုံ- ဂျေမောင်မောင်(အမရပူရ)

ယခုကဲ့သို့ အရန်ဆန်ထားခြင်းသည် ရေရှည်တွင် ပြည်ပတင်ပို့မှုအခွင့်အရေးပိုရနိုင်သဖြင့် စျေးကောင်းရပြီး တောင်သူလယ်သမားများလည်း အကျိုးရှိနိုင်သည်။ ပြည်ပတင်ပို့မှုရပ်လိုက်၊ ခွင့်ပြုလိုက်လုပ်နေပါက ကမ္ဘာ့စျေးကွက်ရရှိမှုခက်ခဲပြီး လယ်သမားများလည်း စျေးကောင်းမရနိုင်ပေ။ ကုန်သည်များကစပါးပေါ်ချိန်တွင် ဝယ်ယူစုဆောင်းပြီး စပါးရှားချိန်တွင် ဆန်ကြိတ်ပြီး ပြန်ရောင်းကြသဖြင့် လယ်သမားများမှာ နစ်နာမှုနှစ်ကြိမ် ကြုံတွေ့ရကြောင်း MRIA မှဗဟိုအလုပ်အမှုဆောင်တစ်ဦးကဆိုသည်။

“လယ်သမားကရောင်းတုန်းက စျေးကောင်းမရဘူး။ ပြန်ဝယ်စားရတဲ့အချိန်ကျတော့စျေးကြီးနေတယ်။ ဒါမျိုးက နှစ်စဉ်နီးပါး ကြုံတွေ့ခဲ့ရတယ်”ဟု အထက်ပါ ပုဂ္ဂိုလ်ကပြောသည်။

လက်ရှိပြည်တွင်း ဆန်စျေးကွက်သည် ပြည်ပသို့ တင်ပို့နိုင်ခြင်းမရှိသည့်အတွက် အရောင်းအဝယ်အေးပြီး စျေးနှုန်းများကျနေသည်။ ၎င်း၏ အကျိုးဆက်အဖြစ် စပါးစျေးမှာလည်းတင်းတစ်ရာကို ကျပ် ၃၂၀,၀၀၀ ကြားသာရှိသည်။ ယခင်နှစ်က ယခုအချိန်တွင် စပါးစျေးသည် တင်း၁၀၀ လျှင်ကျပ် ၃၅၀,၀၀၀ မှ ၃၆၀,၀၀၀ ကြားတွင်သာ စျေးရှိသည်။

## မြန်မာ့လူမှုဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် ဒေါ်လာ ၁၃ဒသမ၂သန်း အမေရိကန်ကူညီမည်

**ရန်ကုန်၊ ဒီဇင်ဘာ- ၂**

မြန်မာနိုင်ငံသို့ သမိုင်းဝင် ခရီးစဉ်အဖြစ်ရောက်ရှိနေသော အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်သည် မြန်မာနိုင်ငံ၏ လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အမေရိကန်ဒေါ်လာ၁၃ဒသမ၂သန်းကူညီထောက်ပံ့သွားမည်ဟုဒီဇင်ဘာ၂ရက်တွင်ပြုလုပ်သော သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်။

ထိုကူညီထောက်ပံ့ငွေသည်မြန်မာနိုင်ငံအတွင်း အသေးစားချေးငွေလုပ်ငန်းများ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ လက်နက်ကိုင် နယ်မြေများမှ မြေမြှုပ်ဗုံးထိမှန်သူများအတွက် အဓိကကူညီထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ဝန်ကြီးကလင်တန်က ပြောကြားခဲ့သည်။

Ref: AFP



7 DAY NEWS JOURNAL
Vol.10, No.38 · DECEMBER 8, 2011

## ၂၀၁၁ ခုနှစ် ဒီဇင်ဘာ၇ရက်မှ ၁၃ရက်ထိ

## မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော် မုန်တိုင်းအခြေနေ**

ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းမှာ လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်လာနိုင်ပါတယ်။ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် လေထုမငြိမ်မသက်ဖြစ်ပေါ်နိုင်ပြီး တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပါတယ်။ ကျန်ဘင်္ဂလားပင်လယ်အော်မှာ သာယာပါ့မယ်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းမှာ လှိုင်းအသင့်အတင့်ရှိနိုင်ပေမယ့်၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နဲ့ ကမ်းလွန်ပင်လယ်ပြင်တွေမှာ ရာသီဥတုသာယာနိုင်ပြီး လှိုင်းအနည်းငယ်သာ ရှိနိုင်ပါတယ်။ ရေပြင်မြေပြင်လေဟာ တစ်နာရီ ၁၀မိုင်မှ ၁၅ မိုင်ခန့်အထိ တိုက်ခတ်နိုင်ပါတယ်။ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်မှာတော့ တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများကျရောက်မှုကြောင့် ခေတ္တခဏမျှ လှိုင်းအသင့်အတင့်ရှိနိုင်ပါတယ်။

ပြီးခဲ့တဲ့ နိုဝင်ဘာလ(၃၀)ရက်နေ့မှာ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းမှာ လေဖိအားနည်းရပ်ဝန်း တစ်ခုဖြစ်ပေါ်လာခဲ့ပေမယ့်လတ္တီတွဒ်ဟာတောင်ဘက်5 deg N udနိမ့်ဆင်းကျသွားခဲ့တာကြောင့်(၁-၁၂-၂၀၁၁)ရက်နေ့နံနက်ပိုင်းမှာ အားပြန်လျော့ကျသွားခဲ့ပါတယ်။ အဲဒီအချက်ဟာ ဘင်္ဂလားပင်လယ်အော်ထဲမှာ လေထုမငြိမ်သက်မှုကိုရော၊ မိုးရွာသွန်းမှုကိုရော၊ မုန်တိုင်းဖြစ်ပေါ်မှုကိုရော လျော့နည်းသွားစေခဲ့ပါတယ်။ အကျိုးဆက်ကတော့ ပြီးခဲ့တဲ့ ရက်သတ္တတစ်ပတ်အတွင်း မြန်မာတစ်နိုင်ငံလုံးမှာ မိုးရွာသွန်းမှုတွေ လုံးဝမရှိခဲ့တာကိုတွေ့ရပါတယ်။

**မိုးရွာသွန်းမှုအခြေအနေ**

ပြီးခဲ့တဲ့ နိုဝင်ဘာလ(၂၄)ရက်မှ (၃၀)ရက်နေ့အထိ မြန်မာနိုင်ငံ ဒေသများ အားလုံးအနေနဲ့ မိုးမရွာတဲ့ဒေသများ ဖြစ်ခဲ့ကြပါတယ်။

**လာမယ့်ရက်သတ္တတစ်ပတ်အတွက်ခန့်မှန်းချက်**

လာမယ့် ခန့်မှန်းကာလ ရက်သတ္တပတ်အတွင်း မြန်မာနိုင်ငံဘက်ဆီကို အရှေ့ဘက်က ရွေ့လျားလာနိုင်တဲ့ မုန်တိုင်းအကြွင်းအကျန် တိမ်တိုက်များမရှိနိုင်သလို ဘင်္ဂလားပင်လယ်အော်ထဲမှာလည်း လက်ရှိအခြေအနေအရ မုန်တိုင်းဖြစ်နိုင်ဖို့ အခြေအနေတွေ အလွန်နည်းနေတာကြောင့် မိုးရွာသွန်းဖို့ အနေအထားမရှိနိုင်ဘဲ အများအားဖြင့် သာယာပါ့မယ်။

လာမယ့်ရက်သတ္တတစ်ပတ်အတွင်း မြန်မာနိုင်ငံအရှေ့မြောက်ပိုင်းဒေသများဖြစ်ကြတဲ့ စစ်ကိုင်းတိုင်း အထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်နဲ့ ကရင်ပြည်နယ် အရှေ့ပိုင်းဒေသတွေမှာ အရှေ့မြောက်လေများတိုးဝင်မှုကြောင့် ဆီးနှင်းမိုးများ (၅)ရက်ခန့် ကျရောက်နိုင်ပြီး တောင်ဘက်စွန်း ဒေသတွေမှာ ပြန်ကျမိုးအနည်းငယ်ရွာနိုင်တာကလွဲရင် ကျန်ဒေသတွေမှာ အများအားဖြင့် သာယာနိုင်ပါတယ်။

**ညအပူချိန်များ**

လာမယ့် ဒီဇင်ဘာလဆန်းကစပြီး ရာသီကာလအပိုင်းအခြားအနေနဲ့ ဆောင်းရာသီကာလကို ဝင်ရောက်လာခဲ့ပြီဖြစ်ပါတယ်။ အဲဒါကြောင့်နေ့အပူချိန်များရဲ့နေရာမှာ ညအပူချိန်များနဲ့ ပြောင်းလဲထုတ်ပြန်သွားတော့မှာဖြစ်ပါတယ်။ လာမယ့်ရက်သတ္တတစ်ပတ်အတွင်း ညအပူချိန်များအနေနဲ့ မြန်မာနိုင်ငံမြောက်ပိုင်းနဲ့အထက်ပိုင်းဒေသများမှာ ဖြစ်မြဲရဲ့အောက်လျော့နည်းနိုင်ပြီး၊ အလယ်ပိုင်းဒေသများမှာ ဖြစ်မြဲခန့်နဲ့ အောက်ပိုင်းဒေသများမှာ ဖြစ်မြဲထက် အနည်းငယ် ကျော်လွန်နိုင်ပါတယ်။

**မြစ်ရေအခြေအနေ**

မြန်မာနိုင်ငံ တစ်ဝန်းရှိ မြစ်တို့တွင် လက်ရှိရေအမှတ်များဟာ ဆက်လက်မြင့်တက် မလာနိုင်ဘဲ အများအားဖြင့် လက်ရှိရေအမှတ်များရဲ့အောက်ကို ကျဆင်းသွားဖွယ်ရာရှိပါတယ်။ မြန်မာနိုင်ငံတစ်ဝန်းရှိ မြစ်ကြီးများတို့တွင် စိုးရိမ်ရေအမှတ်များကို ရောက်ရှိနိုင်ဖွယ်မရှိတဲ့အပြင် ဆောင်းကာလအတွင်း ဝင်ရောက်လာတာနဲ့အမျှ မြစ်ကြောင်းသွားလာရေးတွေမှာ မြစ်ရေနည်းမှုအန္တရာယ်ကို စတင် သတိထားရတော့မှာဖြစ်ပါတယ်။

**တောင်တရုတ်ပင်လယ်ပြင်အခြေအနေ**

မြောက်ပစိဖိတ်သမုဒ္ဒရာအနောက်ပိုင်းနဲ့ တောင်တရုတ်ပင်လယ်ပြင်တွင် မုန်တိုင်းများ မြန်မာနိုင်ငံဘက်ဆီကို ရောက်ရှိလာနိုင်ဖွယ်ရာ မရှိပါဘူးလို့ ခန့်မှန်းရပါတယ်။

**ဒေါက်တာထွန်းလွင်**

## အိန္ဒိယရေပိုင်နက်အတွင်းပင်လယ်မျှောဖမ်းယူသောရေလုပ်သားဂုဇဦး အိန္ဒိယတွင်ထောင်ကျနေဆဲ

**သန်းငွေး**

**ရန်ကုန်၊ နိုဝင်ဘာ - ၂၅**

အိန္ဒိယရေပိုင်နက်အတွင်း ပင်လယ်ကြမ်းပြင်မှ ပင်လယ်မျှော့များ သွားရောက်ငုပ်ယူသော မြန်မာရေလုပ်သား ၈၇၉ ဦးမှာ ယနေ့အထိ အိန္ဒိယအကျဉ်းထောင်တွင် ဖမ်းဆီးခံနေဆဲဖြစ်ကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူ တစ်ဦးကပြောသည်။

"အဲဒီ့ထဲက ခုနစ်ယောက်က ပြစ်ဒဏ်လွတ်လာလို့ လေဘေးသင့်ရေလုပ်သားတွေနဲ့အတူတူ လေယာဉ်နဲ့ တစ်ပါတည်း ခေါ်လာခဲ့တယ်"ဟု နိုဝင်ဘာ ၂၅ ရက်တွင် ပြန်ခေါ်လာသော ရေလုပ်သား ၆၅ ဦးနှင့် အတူတူပါလာကြောင်း ၎င်းကပြောသည်။

နိုဝင်ဘာလ ၂၄ရက်ကလည်း အိန္ဒိယရောက် ရေလုပ်သား ၇၀ဦးကို မြန်မာ့လေကြောင်းဖြင့်ပင်ပြန်လည်ခေါ်ယူခဲ့ရာမြန်မာရေလုပ်သားစုစုပေါင်း ၁၄၂ဦးပြန်ရောက်ပြီဖြစ်ကြောင်း သတင်းရရှိသည်။

အထက်ပါရေလုပ်သားများမှာ ရောဝတီတိုင်းဒေသကြီးအတွင်းမှဖြစ်ကြောင်း သတင်းရရှိသည်။

"ကျွန်တော်က ၂၀၀၇ခုနှစ်တည်းကထောင်သုံးနှစ်ခွဲကျပြီး အခုပြန်လွတ်လာတာ။ ပထမတစ်ခါဖမ်းမိစဉ်ကခြောက်လနဲ့ဆယ်ရက်ထောင်ကျတာ။ နှစ်လကျော်နဲ့ ထွက်ပြေးလို့ နှစ်မှုဖြစ်သွားတာ" ဟု ပြင်စလူမြို့နယ် သဃ်န်းကုန်းကျေးရွာသား ပင်လယ်မျှော့ငုပ်သူ ဦးချစ်ပုံကပြောသည်။


ယခင်ကာလများက အိန္ဒိယရေပိုင်နက်အတွင်းသို့ ရောက်ရှိသောတရားမဝင် ရေလုပ်သားများအား ပြစ်ဒဏ်အနည်းငယ်ဖြင့်သာ အရေးယူသော်လည်း ၂၀၁၀ပြည့်နှစ်မှစတင်၍ ထောင်ဒဏ်ရှစ်နှစ်အထိ တိုးမြှင့်သတ်မှတ်ကာ ပြစ်ဒဏ်ချမှတ်ခဲ့သည်။

ထို့သို့ အိန္ဒိယရေပိုင်နက်အတွင်း သွားရောက်ကာပင်လယ်ကြမ်းပြင်မှ မျှော့ငုပ်သော လုပ်သားများထဲတွင် အသက်အရွယ်အငယ်ဆုံး ၁၆နှစ်မှ အသက်၄၀အရွယ်ခန့်ထိ အသက်အရွယ်စုံပါဝင်ကြောင်း သိရသည်။

## ဝက်နားရွက်ပြာကြောင့် နစ်နာသော မွေးမြူရေးလုပ်ငန်းရှင်များကို ငွေထုတ်ချေးရန် စီစဉ်

**သန်းငွေး**

**ရန်ကုန်၊ နိုဝင်ဘာ-၃၀**



ဝက်နားရွက်ပြာရောဂါကြောင့် ထိခိုက်နစ်နာခဲ့သော မွေးမြူရေးလုပ်ငန်းရှင်များကို အတိုးနှုန်းသက်သာစွာဖြင့် ငွေထုတ်ချေးပေးရန် စီစဉ်နေကြောင်း သတင်းရရှိသည်။

လုပ်ငန်းပြန်လည် ဆောင်ရွက်နိုင်ရေးအတွက် ဝက်သားပေါက်များကို ဈေးသက်သာစွာ ဖြန့်ဖြူးပေးခြင်းနှင့် လုပ်ငန်းအာမခံထားရှိ ဆောင်ရွက်စေခြင်းအပြင် အသက်သာဆုံး အတိုးနှုန်းဖြင့် ငွေထုတ်ချေးပေးရန် စီစဉ်နေကြောင်း သိရသည်။

အထက်ပါ အစီအစဉ်များကို ချက်ထရီယမ် ဟိုတယ်တွင် နိုဝင်ဘာ ၂၂ ရက်၌ ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO)မှ ဦးဆောင်ကျင်းပသော ဝက်နားရွက်ပြာရောဂါဆိုင်ရာ ပထမဆုံး အလုပ်ရုံဆွေးနွေးပွဲတွင် တက်ရောက်သူများက ဝိုင်းဝန်းဆွေးနွေးတင်ပြခဲ့သည်။

၂၀၁၁ ခုနှစ် မတ်လဆန်းက ဝက်နားရွက်ပြာရောဂါကို မြန်မာနိုင်ငံတွင် စတင်ဖြစ်ပေါ်ကြောင်း တွေ့ရှိခဲ့ကြသည်။ ထို့နောက် လေးလတာ ကာလအတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ် ခြောက်ခု၊ ခရိုင် ၁၂ ခုတွင်းရှိ ၃၄ မြို့နယ်တွင် ရောဂါကိုးကြိမ်အထိ ဖြစ်ပွားခဲ့သည်။ ရောဂါဖြစ်ပွားမှုမှာ ၇၀ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ပြီး ၄၀ ရာခိုင်နှုန်းအထိ သေဆုံးခဲ့သည်။

ထို့ကြောင့် အာဆီယံဝန်ကြီးများ အဆင့်ဆွေးနွေးပွဲမှ ဦးစားပေးဖြေရှင်းရမည့် ရောဂါအဆင့်အဖြစ် သတ်မှတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။ ဝက်နားရွက်ပြာရောဂါကြောင့် စီးပွားဖြစ် ဝက်မွေးမြူရေးသမားများနှင့် တစ်ပိုင်တစ်နိုင် ဝက်မွေးမြူသူများမှာ ထိခိုက်နစ်နာခဲ့ကြသည်။

"ဝက်နားရွက်ပြာရောဂါဟာ ထပ်မံဖြစ်ပွားတာတော့ မရှိသေးပါဘူး" ဟု အထက်ပါ အလုပ်ရုံဆွေးနွေးပွဲတွင် အဖွင့်အမှာစကားပြောကြားခဲ့သော မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ဒေါက်တာအောင်ကြီးကပြောသည်။

## အမှုကြီးဆယ်မျိုးကျဆင်းရေး မှုခင်းကျဆင်းရေး ရက်သတပတ်ဆောင်ရွက်မည်

**ဟိန်းထက်**

**ရန်ကုန်၊ ဒီဇင်ဘာ-၁**

ရန်ကုန်မြို့တွင် အဖြစ်များသည့် အမှုကြီးဆယ်မျိုးအား မှုခင်းကျဆင်းရေးအတွက် သက်ဆိုင်ရာ ဌာနအဆင့်ဆင့်ကို တိုင်းဒေသကြီးအစိုးရအဖွဲ့က မှုခင်းကျဆင်းရေးရက်သတ္တပတ်လုပ်ဆောင်ရန် ညွှန်ကြားထားကြောင်း သတင်းရရှိသည်။

ရန်ကုန်မြို့တွင် အဖြစ်များသောပြစ်မှုများသည် မြို့နယ်များတွင် သက်ဆိုင်ရာအုပ်ချုပ်ရေး၊ ရဲဌာနစသည်တို့ပူးပေါင်း၍ မှုခင်းကျဆင်းရေးရက်သတ္တပတ်လုပ်ဆောင်ရန်နှင့် အမှုအမျိုးအစား ၁၀မျိုးခန့်ဖြစ်ပွားလေ့ရှိကြောင်း စာရင်းများအရသိရသည်။ ယင်းအဖြစ်များသောအမှုများမှာ လူသတ်မှု၊ မုဒိမ်းမှု၊ တရားမဝင်ညစ်ညမ်းဗီစီဒီခွေများ ဖြန့်ဖြူးရောင်းချမှုတို့ပါဝင်ကြသည်။ ထို့အပြင် သာကေတနှင့် မြောက်ဥက္ကလာစက်မှုဇုန်များတွင် မကြာခဏဖောက်ထွင်းမှုများဖြစ်ပေါ်နေသဖြင့် မှုခင်းကျဆင်းရေး ရက်သတ္တပတ်ကို ဒီဇင်ဘာ-၁ရက်မှ စတင်အကောင်ထည်ဖော်ရန်နှင့် ပြစ်မှုကျူးလွန်သူများသည် မကြာခဏပြစ်မှုကျူးလွန်ကြကြောင်းပေါ် ပေါက်ပါကထိရောက်စွာ အပြစ်ပေးသွားမည်ဟု ညွှန်ကြားထားသည်။

နိုဝင်ဘာလ ၁၇ ရက် ည ၈ နာရီ ၁၅မိနစ်ခန့်က မြောက်ဥက္ကလာ Six Star အရက်ဆိုင်တွင် ဖြစ်ပွားသော လူသတ်မှု၌ ပါဝင်သည့် အမည်မသိ မျက်နှာဖုံးစွပ်လူသတ်သမားများအား အမြန်ဆုံးဖမ်း ဆီးနိုင်ရေးနှင့်ဥပဒေအရထိရောက်စွာ အရေးယူရန် ညွှန်ကြားထားသည်။

## မီးဖိုသုံးရေနံဓာတ်ငွေ့ရည် ဈေးတက်သော်လည်း ပြင်ပဈေးကွက် ပုံမှန်အရောင်းအဝယ်ရှိ

**မေဝင်းမွန်**

**ရန်ကုန်၊**

**ဒီဇင်ဘာ - ၁**

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်ဓာတုဗေဒလုပ်ငန်းမှရောင်းချလျက်ရှိသည့်မီးဖိုသုံးရေနံဓာတ်ငွေ့ရည်(LPG) ဈေးနှုန်းများ ထပ်မံတိုးမြှင့်လိုက်သော်လည်း ပြင်ပဓာတ်ငွေ့ရည်အရောင်းအဝယ်ဈေးကွက်မှာ ပုံမှန်အနေအထားသာရှိနေကြောင်း ဂက်စ်မီးဖိုနှင့်အပိုပစ္စည်းအရောင်းဆိုင်များမှစုံစမ်းသိရသည်။

ရေနံဓာတ်ငွေ့ရည်ဈေးနှုန်းကိုနိုဝင်ဘာ၁၆ရက်မှစတင်ကာ ၂၅ ကီလိုဂရမ်တစ်အိုးလျှင် ၁၅၀၀၀ ကျပ်သို့လည်းကောင်း၊ ၅၀ ကီလိုဂရမ်တစ်အိုးလျှင် ၃၀၀၀၀ ကျပ်သို့လည်းကောင်းပြောင်းလဲသတ်မှတ်လိုက်ကြောင်း အလုံမြို့နယ်ရှိ မီးဖိုသုံးဓာတ်ငွေ့အရောင်းဆိုင်မှ သိရသည်။

ရေနံဓာတ်ငွေ့ရည်ဈေးနှုန်း ပြောင်းလဲခြင်းမှာ ယခုနှစ်အတွင်း ဒုတိယအကြိမ်မြောက်ရှိပြီဖြစ်ပြီး ပြီးခဲ့သည့်မတ်လ ၁၅ ရက်က ၂၅ ကီလိုဂရမ်တစ်အိုးလျှင် ယခင် ၂၀၀ ကျပ်မှ ၅,၇၆၄ ကျပ်၊ ၅၀ ကီလိုဂရမ်တစ်အိုးလျှင် ယခင် ၇၈၀ ကျပ်မှ ၁၂,၈၃၈ ကျပ်သို့ ပြောင်းလဲခဲ့သည်။

ရေနံဓာတ်ငွေ့ရည်တွင် ပရိုပိန်းနှင့် ဗြူတိန်းဟူ၍ နှစ်မျိုးရှိပြီး မီးဖိုသုံးအဖြစ်ဗြူတိန်းဓာတ်ငွေ့ကိုအသုံးပြုသည်။ လက်ရှိဈေးကွက်တွင် ရေနံဓာတ်ငွေ့ရည်အဝယ်ဈေးမှာ တစ်ပိဿာ ၁၈၀၀၊ ၂၀၀၀ ကျပ်ရှိပြီး၊ အရောင်းဈေးကွက်တွင်တစ်ပိဿာ ၂၅၀၀ကျပ်ဈေးရှိကြောင်း စုံစမ်းသိရသည်။

Life
7DAY NEWS JOURNAL
Vol.10, No.38 · DECEMBER 8, 2011





ဆေးပေါင်းရုံအတွင်းသို့ အငွေ့ပို့လွှတ်မည့်ဆေးပေါင်းအိုးနှင့် ဆေးပေါင်းရုံနှစ်ရုံ

ဓာတ်ပုံ - မောင်သာချို

# ကျောက်မဲမြို့၌ဆေးပေါင်းချိုးခြင်း

မောင်သာချို

(တစ်)

မြောက်ပိုင်း ကမ္ဘောဇ၏ ထင်ရှားသောအမှတ်အသားကို အရောင်အသွေးတွေနှင့်များ ဖော်ပြခွင့် ရခဲ့မည်ဆိုလျှင်ဖြင့် ကျွန်တော်ကတော့ အစိမ်းနှင့် အဝါကိုပဲ ရွေးချယ်လိုက်ချင်ပါသည်။ ဟုတ်ပါသည်။ အစိမ်းနှင့်အဝါ။ အစိမ်းက ရိုးရိုးအစိမ်းမဟုတ်၊ မည်ကာမတ္တအစိမ်းလည်းမဟုတ်၊ စိုရွှဲနေသည့်အစိမ်း။ စွတ်စိုနေသည့်အစိမ်း။ အဝါကလည်း ထို့အတူ။ ရိုးရိုးမဝါ၊ မည်ကာမတ္တမဝါ၊ စိုရွှဲသည့်အဝါ။ စွတ်စိုသည့်အဝါ၊ တောက်ပသည့် အဝါ။ အော်. . နေကြာရိုင်းတွေ၊ နေကြာရိုင်းတွေ. . . အရွက်စိမ်းစိမ်းအပွင့်ဝါဝါနဲ့ အတားအဆီးမရှိ လွတ်လွတ်လပ်လပ်ကြီး ပွင့်ချင်တိုင်းပွင့်နေလိုက်ကြတာ . . .

မြောက်ပိုင်းကမ္ဘောဇ၏ တောင်တန်းအထပ်ထပ်ကြား၌ ခရီးသွားလာသူတစ်ယောက်အတွက် မည်သည့်နေရာတွင်မှ နေကြာရိုင်းများနှင့် မလွတ်ကင်းနိုင်ပါ။ ပြင်ဦးလွင်မြို့မှ လွန်မြောက်သောအခါနောင်ချို၊ ဂုတ်ထိပ်၊ ကျောက်မဲ၊ သီပေါ၊ လားရှိုး၊ သိန္နီ၊ ကွတ်ခိုင်၊ မူဆယ် စသည့်ဖြတ်သန်းသွားရလေသမျှမှာ အစိမ်း နှင့်အဝါချည်းသာ။ လမ်းဘေးဝဲယာမှာ နေကြာရိုင်း။ တောင်အတက်မှာ နေကြာရိုင်း။ တောင်အဆင်းမှာ နေကြာရိုင်း။ တောင်ခါးပန်းမှာ နေကြာရိုင်း။ တောင်ကမ်းပါးယံမှာ နေကြာရိုင်း။ တောင်ခြေမှာ နေကြာရိုင်း။ ကုန်ကုန်ပြောရလျှင် မူဆယ်ကို လွန်မြောက်ကာ ဟိုး. . ဂန္ဓာလရာဇ်ပြည်ထဲအထိ ကြယ်ဂေါင်၊ ရွှေလီ၊ မံစီ စသည်စသည်ဖြင့် လမ်းဘေးဝဲယာဘယ်ညာ တောင်တန်းလှမ်းသမျှ ခြေရာတွေတိုင်းမှာ နေကြာရိုင်းတွေချည်းသာ။

အစိမ်းနှင့်အဝါ ရက်ဖောက်ထားသော ထိုတောင်တန်းကြီးတွေ အကြားက လက်ဖက်ခြောက်နံ့သင်းသော ကျောက်မဲမြို့ကို ကျွန်တော်တို့ရောက်သွားကြတော့ တစ်ဆောင်းသစ်ပြန်ပါပြီ။


(နှစ်)


ကျောက်မဲမြို့ကလေးက ကျွန်တော်တို့ကို လှမ်းညှို့ထားလိုက်သည့်အချက်တစ်ချက်ကို ပြောရလျှင် ဆေးပေါင်းချိုးခြင်းပဲ ဖြစ်ပါသည်။ ဒေသခံတို့က ဆေးပေါင်းရုံကလေးတစ်ရုံရှိရာဆီသို့ ကျွန်တော်တို့ကို ခေါ်ဆောင်သွားကြပါသည်။ နံနက်ခင်းက လင်းစကျင်းစ နှင်းထုကို နေရောင်ခြည်တို့ဖောက်ထွင်းဝင်ရောက်ခါစသာ ရှိသေးသော်လည်း ကျွန်တော်တို့ ရှေ့မှာ ဆေးပေါင်းချိုးသူ တစ်ယောက်စ၊ နှစ်ယောက်စက ရှိနေနှင့်ပါပြီ။ လေးငါးနှစ်သားအရွယ် သားငယ်ကလေးနှင့်အတူ ဆေးပေါင်းရုံတစ်ရုံထဲတွင် အတူတူ ဆေးပေါင်းချိုးပြီး ထွက်လာခါစ အမျိုးသမီးက သူ့ဆံပင်တွေကို ဘီးနှင့်ဖြီးသင်နေရင်းက နေတောင်ပေါ်သံဝဲဝဲမှာ အပြုံးစွက်ရင်းက မကြာမကြာ ဆေးပေါင်းလာချိုးကြောင်း ပြောပါသည်။

ကျွန်တော်တို့ ရောက်သွားကြရာ ဆေးပေါင်းရုံကလေးက ဆေးပေါင်းရုံနှစ်ရုံရှိပါသည်။ ဆေးပေါင်းရုံနှစ်ရုံက ဘေးချင်းယှဉ်လျက်အနေအထား။

ဆေးပေါင်းရုံ၏ အောက်ခြေက ငါးပေပတ်လည်လောက်ရှိမည်ထင်ပါသည်။ အခင်းက သစ်သားကြမ်းခင်း။ ရေချိုးသောအခါ အောက်ဘက်မြေကြီးတွင်းထဲသို့ ရေအလွယ်တကူ ဆင်းသွားဖို့အတွက် သစ်သားကြမ်းခင်းကို ခပ်ကျဲကျဲပဲခင်းထားပါသည်။ ကြမ်းခင်းပေါ်မှာ ထိုင်ခုံအပုကလေးတစ်ခု။ ရေဇလုံတစ်လုံး။

စာ(၁၁)သို့








ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

## ဈေးဝယ်ထွက်မယ်

## Angry Birds အကျႌလေးတွေ ဝယ်နိုင်မယ့်နေရာ

အိဖြူလွင်

ဖုန်းအသုံးပြုသူတွေ၊ ကွန်ပျူတာ အသုံးပြုသူတွေအားလုံးနီးပါး ကြိုက်နှစ်သက်စွဲလမ်းကြတဲ့ ဂိမ်းတစ်မျိုးကတော့ Angry Birdsလို့ အမည်ရတဲ့ပုံစံမျိုးစုံနဲ့ ငှက်လေးတွေအဓိကဇာတ်ဆောင်ပါတဲ့ ဂိမ်းပါပဲ။

အများစုနှစ်ခြိုက်ကြတဲ့ ဒီဂိမ်းဟာ သုံးစွဲသူတွေအကြား အောင်မြင်မှုတွေရပြီးနောက်မှာတော့ အကွက်အကွင်းမြင်စီးပွားရေးသမားတွေက ဂိမ်းဇာတ်ကောင်တွေနဲ့ ပုံစံတူအရုပ်၊ သော့ချိတ်၊ ကလစ် အဝတ်အစားမျိုးစုံကို ထုတ်လုပ်လာပါတယ်။

ဂိမ်းတွေကိုစွဲလမ်းလို့ဂိမ်းဇာတ်ကောင်တွေကိုပါချစ်တဲ့ အားပေးသူတွေကတော့ ဒီလို ပစ္စည်းတွေကို အမှတ်တရ စုဆောင်းဝယ်ယူလေ့ရှိကြပါတယ်။ အရုပ်နဲ့ ပစ္စည်းသေးသေးမွှားမွှားတွေ အပြင် အဝတ်အစား ကတော့ လူတိုင်းနဲ့ အသုံးတည့်ပြီး အကြိုက်ပိုများကြလို့ ဒီတစ်ပတ်မှာတော့Angry Birds ချစ်သူတွေအတွက် အရွယ်စုံဝတ်လို့ရတဲ့ အကျႌတွေရှိတဲ့ဆိုင်ကို လမ်းညွှန်ပေးလိုက်ပါတယ်။

ဒီဆိုင်မှာ Angry Birds ပုံစတစ်ကာ၊ ကျောက်စီစတဲ့ ဒီဇိုင်းတွေနဲ့ အကျႌတွေကို အမျိုးသားဝတ်၊ အမျိုးသမီးဝတ်၊ ကလေးဝတ်အမျိုးစုံ ရနိုင်ပါတယ်။ မိန်းကလေးဝတ် အကျႌတွေက တီရှပ်၊ မိန်းမဝတ်ဘလောက်ပုံစံတွေအပြင် ခေါင်းစွပ်အနွေး ထည်၊ ကုတ်အတိုစသဖြင့် ပုံစံမျိုးစုံရှိပြီး ဈေးနှုန်းအနေနဲ့လည်း အနိမ့်ဆုံး ၃၂၀၀ ကျပ်ကနေ အမြင့်ဆုံး ၆,၀၀၀ ကျပ်အထိရှိပါတယ်။

ကလေးဝတ်အကျႌတွေကတော့ အနိမ့်ဆုံး ဈေးနှုန်း ၂,၇၀၀ ကျပ်ကနေစပြီး ၁၀ ရာခိုင်နှုန်း လျှော့ဈေးရှိတယ်လို့လည်းသိရတယ်။

လူကြီးဝတ်အဝတ်အထည်တွေကိုတော့နှစ်သောင်းဖိုးဝယ်ရင် ငါးရာခိုင်နှုန်းလျှော့ပေးပြီး တခြားလက်ဆောင်ပစ္စည်းတွေ ပေးတဲ့ အစီအစဉ်တွေလည်းရှိတယ်လို့သိရပါတယ်။ Angry Birds အကျႌတွေကို တစ်နေရာတည်းမှာ အားလုံးရနိုင်တဲ့ဆိုင်ကတော့ လမ်းမတော်မြို့နယ် အနော်ရထာလမ်းနဲ့ ၁၄လမ်းထောင့်မှာရှိတဲ့ ဖြိုးဖက်ရှင်ဆိုင်ပဲ ဖြစ်ပါတယ်။ ဖွင့်တာမကြာသေးတဲ့ ဒီဆိုင်က ဝယ်ယူသူတွေအတွက် အခြား အထူးအစီအစဉ်တွေလည်းရှိတာဖြစ်လို့ ဂိမ်းဇာတ်ကောင် အရုပ်တွေပါတဲ့ အကျႌတွေဝယ်ချင်သူတွေဝတ်ချင်သူတွေရော အားလုံး အဆင်ပြေနိုင်မယ်လို့ မျှော်လင့်ပါတယ်။



## ဒီလိုလေး ချက်ကြရအောင်

ဝိုက်ဇီ

## ပဲကတ္တီပါ ချဉ်စပ်မဆလာ



ပဲကတ္တီပါချဉ်စပ်မဆလာက ထမင်းနဲ့ စားလိုသူတွေလည်း စားနိုင်သလို အပျော်စာအဖြစ်လည်း သုံးဆောင်နိုင်တာပါ။ နယ်မြို့တွေမှာဆိုရင်တော့ လုပ်အားပေးပွဲတွေ၊ ဘုရားပွဲတွေမှာလာတဲ့လူတိုင်းကို ရေနွေးကြမ်းလေးနဲ့ တွဲဖက်ညှော်ခံလေ့ရှိတဲ့ အစားအစာတစ်မျိုးလည်းဖြစ်ပါတယ်။

လိုအပ်တာတွေကတော့ ပဲကတ္တီပါပြုတ်ပြီးသား ၁၀ ကျပ်သား၊ မန်ကျည်းမှည့်အနှစ်အနည်းငယ်၊ ပျဉ်းတော်သိမ်ရွက်အနည်းငယ်၊ ငရုတ်သီးခွဲကြမ်းအနည်းငယ်၊ မဆလာနဲ့ ကြက်သွန်နီတို့ပဲဖြစ်ပါတယ်။

အရင်ဆုံး ကြက်သွန်ဖြူနဲ့ ပျဉ်းတော်သိမ်ရွက်ကို ဆီသတ်ပါမယ်။ ပြီးရင် ငရုတ်သီးခွဲကြမ်း၊ မဆလာ၊ ပဲကတ္တီပါပြုတ်တို့ကို အစဉ်လိုက်ထည့်ပြီး နောက်ဆုံးမှရေနဲ့ဖျော်ထားတဲ့မန်ကျည်းသီးအနှစ်ကိုထည့်လိုက်ပါ။ အချဉ်ကို လိုသလောက်ချိန်ဆထည့်ပြီးမှ အငန်အတွက် ဆားထည့်ပြီး အရသာတွေအားလုံး အနေတော်ဆိုရင် မီးဖိုပေါ်ကချလို့ရပါပြီ။

ဒါဆိုရင်အရသာပြည့်စုံတဲ့ပဲကတ္တီပါချဉ်စပ်မဆလာကိုရေနွေးကြမ်းလေးနဲ့ တွဲဖက်လို့ နေ့ခင်းနေ့လယ်အဆာပြေ ပြင်ဆင်သုံးဆောင်နိုင်မှာပါ။

7DAY NEWS JOURNAL
Vol.10, No.38 · DECEMBER 8, 2011

# ရာမဇာတ်တော်ကြီး ၂၂၂နှစ်ပြည့် စာတမ်းဖတ်ပွဲနှင့် ကပွဲပြုလုပ်မည်

ဝေယံ

ရန်ကုန်၊ဒီဇင်ဘာ ၃

ရာမဇာတ်တော်ကိုထိန်းသိမ်းကပြလာခဲ့ကြသည့် အသက် ၇၀မှ ၉၀ ကျော်အထိရှိသည့် ရာမဇာတ်အဖွဲ့များမှ ဆရာကြီးများကိုယ်တိုင်ပါဝင် ကပြမည့် မြန်မာ့ရာမဇာတ်တော်ကြီး ၂၂၂နှစ်ပြည့် ပွဲကိုယခုလလယ်ပိုင်းတွင် ပြုလုပ်သွားရန်ရှိကြောင်း သိရသည်။



သီရိရာမအဖွဲ့မှ လေးတော်တင်ခန်း ဇာတ်တိုက်နေစဉ်

ဓာတ်ပုံ-ဝေယံ


“ဦးတိုးတို့ ပြည်လည်ပြုစုရေးသားခဲ့တဲ့ ၂၂၂နှစ်ပြည့် မြန်မာ့နန်းတွင်းရာမဇာတ်တော်ကြီးကို မပျောက်ပျက်အောင် ဒီပွဲကိုစီစဉ်ခဲ့ရခြင်းဖြစ်ပါတယ်။ ၂၀၀၄ခုနှစ်အထိ ဆို၊က၊ရေး၊တီးပွဲတွေမှာ ဇာတ်တော်ကို ကပြခွင့်ရပေမယ့် နောက်ပိုင်းမှာ ကပြခွင့်မရတော့တဲ့အတွက် ရာမဇာတ်တော်ကြီးဟာပျောက်ကွယ်မယောင်ဖြစ်နေပါတယ်။ ဒါကြောင့် နိုင်ငံတော်အကြီးအကဲတွေ သတိပြုမိစေဖို့နဲ့ ရာမဇာတ်တော်ကြီးမပျောက်ပျက်ရေးအတွက်လုပ်တာပါ’ဟု သီရိရာမဇာတ်အဖွဲ့မှ ဦးသန်းအောင်ကဆိုသည်။


နန်းတွင်းရာမဇာတ်တော်ကြီးမှာ ကုန်းဘောင်ခေတ်မှစတင်ခဲ့ပြီး ယခုအချိန်အထိ လက်ဆင့်ကမ်းကပြလာသည့် ရာမအဖွဲ့များသည် ယခုအချိန်တွင် ဖျာပုံရာမ၊ အိုးဘိုရာမ၊ရေကျော်ရာမ၊သဟာဒါနရာမ၊သီရိရာမ ဆိုသည့်ရာမဇာတ်အဖွဲ့များသာကျန်ရှိပြီး ဖျာပုံရာမဇာတ်အဖွဲ့မှာနှစ်စဉ်ဇာတ်ခန်းအပြည့်အစုံဖြင့် ကိုးညတိုင်တိုင် ဖျာပုံမြို့တွင် ကပြနိုင်သော်လည်း ကျန်အဖွဲ့များမှာ ထိန်းသိမ်းသည့် အဆင့်သာရှိတော့သည်။ ရာမဇာတ်တော်ကြီးကို ၂၀၀၄ ခုနှစ်ထိ ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲများတွင် ဝင်ရောက်ကပြယှဉ်ပြိုင်ခွင့်ရခဲ့ပြီး တိုင်းနှင့်ပြည်နယ်အသီးသီးမှ ရာမဇာတ်တော်အဖွဲ့များ ပေါ်ပေါက်လာခဲ့သော်လည်း ယင်းနောက်မှစ၍ ကပြတင်ဆက်ခွင့်မရတော့ကြောင်း သိရ သည်။

ယခု( ၂၂၂နှစ်)ပြည့်အတွက် ရာမဇာတ်တော် စာတမ်းဖတ်ပွဲနှင့် ရာမဇာတ်တော် အခန်းပြည့် နှစ်ည ကပြမည့်အစီအစဉ်များပါဝင်ကာ ရေကျော်ရာမ၊ အိုးဘိုရာမ၊ သီရိရာမအဖွဲ့များမှ အသက် ၇၀ကျော် ရာမဇာတ်ဆရာကြီးများကိုယ်တိုင် ဝင်ရောက်ကပြသွားမည်ဖြစ်ကြောင်း သိရသည်။

“ဇာတ်တော်ကို အမျိုးသားကဇာတ်ရုံမှာကပြနိုင်ဖို့စီစဉ်ထားပါတယ်။ ပါမစ်တော့မရသေးဘူး၊ ဈေးနှုန်းကတော့သင့်တင့်တဲ့ဈေးနဲ့ကောက်ခံသွားပြီး ရရှိငွေကို ပုဂံမှာရှိတဲ့ ဘုရားတစ်ဆူပြုပြင်ဖို့အတွက် လှူဒါန်းသွားမှာပါ” ဟု ဦးသန်းအောင်က ပြောသည်။



## စာ -၉၊ ကျောက်မဲမြို့၌ဆေးပေါင်းချိုးခြင်း မှ

ရေဇလုံထဲမှာ ရေခွက်တစ်ခွက်နှင့် အပြင်ကနေ သွယ်တန်းယူထားသည့် ပိုက်ပျော့တစ်ချောင်း။ ပိုက်ပျော့ထိပ်တွင် သစ်သားအဆို့ကလေးတစ်ခု၊ ရေလိုခဲ့သော်သည်သစ်သားအဆို့ကလေးကို ဆွဲချွတ်လိုက်ရုံ။

ဆေးပေါင်းရုံ၏ အမြင့်က ငါးပေလောက်ပဲရှိပါသည်။ ဝါးခြမ်းပြားများဖြင့်ညှပ်ကွေးယူကာ တာလပတ်အထူကြီးဖြင့် ဝန်းရံကာမိုးထားပေရာ အက်စကီးမိုး အိမ်ကလေးများနှင့်ပင် တူနေပါသည်။ ဆေးပေါင်းချိုးမည့်သူက ဟထားသည့် တာလပတ်အစကို ဆွဲလှန်ကာ အထဲသို့ဝင်လိုက်ရပါသည်။ အထဲမှာ အဝတ်အစား ဝတ်ချင်ဝတ် မဝတ်ချင်နေ။

ဆေးပေါင်းရုံနှင့် လက်တစ်ကမ်းအကွာတွင်ကား ဆေးပေါင်းအိုးကြီးရှိပါသည်။ ရေတိုင်ကီကို တုံးလုံးအနေအထားဖြင့် အသုံးပြုထားသည့် ဆေးပေါင်းအိုးကြီး။ သည်အိုးကြီးထဲမှာဆေးမြစ်ပေါင်းစုံကို ထည့်ပေါင်းထားခြင်းဖြစ်ပါသည်။ သည်အိုးကို မီးတိုက်သောအခါ ဝါးမီးဖြင့်သာ တိုက်သည်ကို သတိထားမိသည်။ ထိုဆေးပေါင်းအိုးကြီးထဲမှ ထွက်လာသောအငွေ့များကို ပိုက်ဖြင့်သွယ်တန်းယူကာ ဆေးပေါင်းရုံများ၏အောက်ခြေမှနေ၍ ဆေးပေါင်းချိုးသူ၏အခန်းတွင်းသို့ သွင်းပေးလိုက်ခြင်းပင်ဖြစ်ပါသည်။

ဆေးပေါင်းရုံ၏ အတွင်းထဲမှာ ဘာကိုမှ သဲသဲကွဲကွဲမမြင်ရ။ ဆေးမြစ်ပေါင်းစုံ၏ အနံ့နှင့်အတူ မီးခိုးလုံးကြီးများ၏ကြားမှ ရေဇလုံကလည်း ဝိုးတိုးဝါးတား။ ရေခွက်ကလေးကလည်း ဝိုးတိုးဝါးတား။ ရေပိုက်ပျော့ကလေးကလည်း ဝိုးတိုးဝါးတား။ ထိုင်ခုံကလေးကလည်း ဝိုးတိုးဝါးတား။ အစာမစားဘဲ ဆေးပေါင်းချိုးလျှင် မူးဝေအော့အန်တတ်သည်ဆိုခြင်းမှာ ဟုတ်များ ဟုတ်နေလေရော့သလားမသိ။

ဆေးမြစ်ပေါင်းစုံကို ပေါင်းထားသည့် မီးခိုးလုံးကြီးများ၏အကြား၌ ငါးမိနစ်ခန့်ကြာသောအခါ တစ်ကိုယ်လုံး ချွေးစေးများ ပြန်လာပါတော့သည်။ နောက်တော့ အချိန်ကြာလာသည်နှင့် အမှုချွေးတွေနှင့် ရွှဲနစ်လာသည်။ အသက်ရှူတအားကျပ်လာလျှင် ဇလုံထဲကရေကို လောင်းလောင်းချိုးဖို့ (သို့မဟုတ်) ဟထားသည့် တာလပတ်စကိုလှပ်ကာ ခေါင်းကို အပြင်ခဏထုတ်ပြီး လေရှူဖို့ အပြင်ဘက်ကနေ သတိပေးသော်လည်း လုံးဝနေ၍မရလောက်အောင်ကား အသက်ရှူမကျပ်လှပါ။ သို့သော် ဆေးပေါင်းချိုးသူတို့၏ သင်ရိုးညွှန်းတမ်းအတိုင်း ရေကိုမကြာခဏ လောင်းလောင်း၍ ချိုးဖြစ်ပါသည်။ ချွေးတွေက ထွက်လာလိုက်၊ ရေကို ချိုးချလိုက်။ ကိုယ်နေနိုင်သလောက်နေ၊ နေချင်သလောက်နေ ဆေးပေါင်းတစ်ခါချိုး ကျပ် ၅၀၀။ ဆေးပေါင်းရုံ၏ အပြင်ဘက်သို့ လူထွက်လာပြီးလျှင် တစ်ကြိမ်အပြီး. . .။

ကျွန်တော်နှင့် ကာတွန်း အော်ပီကျယ်တို့၏ ဆေးပေါင်းရုံနှစ်ရုံမှာ ကပ်လျက်အနေအထားဖြစ်ရာ သူငယ်ချင်းနှစ်ယောက်သား စကားတပြောပြောနှင့် ဆေးပေါင်းချိုး၍နေကြရာ တစ်နေကုန်သော်မှ မူးဝေအော့အန်စရာအကြောင်းမရှိ။ သို့သော် ခရီးဆက်စရာရှိနေသဖြင့် ဆေးပေါင်းရုံအပြင်ဘက်သို့ ထွက်လိုက်ကြပါသည်။

"ဆရာတို့နှစ်ယောက်က ကိုညီပုလေးတို့ ကိုဆူးငှက်တို့စံချိန်ကို ချိုးလိုက်ပြီဗျ"

ကျောက်မဲစာပေမိတ်ဆွေတို့က တဝါးဝါး တဟားဟားရယ်မောရင်း ကျွန်တော်တို့ကိုသောပါသည်။ ကျွန်တော်နှင့် ကိုယ်အော်ပီကျယ်အတွဲ မတိုင်ခင်တစ်ညက ကျောက်မဲတွင် ဟောသွားသော စာရေးဆရာနှစ်ယောက်ကို ရည်ညွှန်းကာ ပြောလိုက်ခြင်းပင်ဖြစ်ပါသည်။

(သုံး)

ကမ္ဘောဇတောင်တန်းကြီးများပေါ်က ရှမ်းမြို့၊ရှမ်းရွာကလေးများမှာ ဆေးပေါင်းချိုးသည့် ရုံကလေးများ ရှိတတ်ကြပါသည်။ တချို့ကလည်း ကိုယ့်မိသားစုချိုးဖို့ လုပ်ထားကြခြင်းမျှသာ။ တချို့ကလည်း အခကြေးငွေယူ၍ ဆေးပေါင်းချိုးလာသူတို့အတွက် လုပ်ဆောင်ပေးထားခြင်းမျိုး။

တောရှောက်မြစ်၊ တောရှောက်ရွက်၊ ခြင်ဆေးရွက်၊ သံလျက်ရွက်၊ ပွေးကိုင်းရွက်၊ မိဿလင်၊ ချင်းစိမ်း၊ ငါးကြီးအံဖတ်ရွက်၊ သက်ရင်းကြီးရွက်အစိုအခြောက်၊ သက်ရင်းကြီးရိုး၊ ကင်ပွန်းသီး၊ ကျွဲနှာခေါင်းရွက်၊ မအူခေါက်၊ တောဆီးဖြူ၊ သံမနိုင်ကျောက်မနိုင်ပင် စသည်စသည်ဖြင့် ဆေးဘက်ဝင်သစ်ဥသစ်ဖုအရိုးအရွက်ပေါင်းစုံ ပါဝင်သောကြောင့်ဒေသခံများက ကျွန်တော့်ကိုရှင်းပြသည်။

"ဆေးပေါင်းချိုးကြတာက ဒီဇင်ဘာနဲ့ ဖေဖော်ဝါရီကြားမှာ အချိုးများကြတာပါပဲ။ မိုးတွင်းရာသီကတော့ ဆေးမြစ်ရှာတဲ့ရာသီဆိုပါတော့။ ရှမ်းဆေးဆရာကြီးတွေဆီကနေ ဆေးပေါင်းရုံကလေးတွေက ဝယ်ကြရတာ။ ဆေးမြစ်ပေါင်းစုံစပ်ပြီးသား သုံးတင်းဝင်တစ်အိတ်ဆိုရင် ခုနစ်သောင်းလောက်ပေးရပါတယ်"


ဆေးပေါင်းရုံကလေး၏ မလှမ်းမကမ်းဆီက ရိုးရာယုံကြည်မှုအရ တင်ထားပုံရသော အုန်းငှက်ပျောပွဲကလေးဆီကို ငေးကြည့်နေရင်းက ဒေသခံတို့၏ စကားကို ကျွန်တော် နားစွင့်နေမိသည်။

"ဟိုတုန်းက ဆေးပေါင်းရုံက ကိုယ့်တစ်ရုံတည်းဆိုတော့ တစ်နေကုန် ချိုးတဲ့လူမပြတ်ဘူး။ ဆေးမြစ်ကို ခဏခဏ လဲထည့်ပေးရတယ်။ အခု ဆေးပေါင်းရုံကလေးတွေတိုးလာတော့ တစ်နေ့ ဆယ်ယောက်ဝန်းကျင်ပါပဲ"

ဆေးပေါင်းရုံကလေး လုပ်ထားသည့် တောင်ပေါ်သူ အမျိုးသမီးကြီးက လုပ်ငန်းအခြေအနေကိုရှင်းပြပါသည်။ ဆိုင်နာမည်မရှိ။ ဆိုင်းဘုတ်မလို။ လက်ကမ်းကြော်ငြာမဝေငှ။ သူ့မိတ်နှင့်သူ ဖွင့်ထားသည့်ဆေးပေါင်းရုံကလေး။

ဆေးပေါင်းရုံကလေး၏ ဘေးမှာ စာပေခရီးသည်နှစ်ဦးဖြစ်သော ကာတွန်းကိုအော်ပီကျယ်နှင့်ကျွန်တော့်ကို ခေါ်ဆောင်သွားမည့် ကားကလေးက အဆင်သင့်စောင့်လို့နေပါပြီ။ မူဆယ်ဘက်သို့ ကျွန်တော်တို့ ခရီးဆက်ကြရပါဦးမည်။ ကျွန်တော်တို့၏ ကိုယ်ခန္ဓာမွေးညှင်းပေါက်မှန်သမျှဆီကနေ အပုပ်အသိုးအညှီအဟောက်အပိတ်ဆို့မှန်သမျှကို ဖယ်ရှားသန့်စင်ပေးခဲ့သည့် ကျောက်မဲမြို့က ဆေးပေါင်းရုံကလေးကို နှုတ်ဆက်အကြည့်ဖြင့်ကြည့်လိုက်မိတော့. .

ကမ္ဘောဇရဲ့ မောဝ်နေခြည်အောက်မှာ ဆေးပေါင်းအခိုးတွေက တလူလူထွက်လို့။ နှုတ်ဆက်ခဲ့ပါတယ် ကျောက်မဲရေ။ ။



## ရှင်လန်းအေးချမ်းမှု၏ လျှို့ဝှက်ချက် ...

အသိတစ်လုံး အမြတ်ဆုံး တစ်လုံးသိ အကျိုးရှိ၏

တစ်စုံတစ်ခုကို အလိုမကျဘူးဆိုရင် ပူလောင်ပင်ပန်းဆင်းရဲနေရတယ်။ တစ်စုံတစ်ယောက်ကို မကျေနပ်ဘူး၊ ကိုယ့်စကားနားမထောင်လို့၊ ကိုယ်ပြောတဲ့အတိုင်း မလုပ်လို့ စိတ်ကဒေါသဖြစ်ပြီဆိုရင် စိတ်အစဉ်မှာ ပူပါတယ်။ ဒေါသမီးဟာ သူရောကိုယ်ပါပူစေတတ်ပါတယ်။ သူ့ကိုလောင်သလို ကိုယ့်ကိုလည်း လောင်တာပါပဲ။ ဒါပေမဲ့ ကိုယ်ကသာ စိတ်ဆိုးနေတယ်။ ဒေါသဖြစ်နေတယ်။ ဟိုတစ်ဖက်က သိတောင်မသိဘူး။ ဘယ်လိုမှ မခံစားရဘူးဆိုရင်တော့ ဒီဒေါသမီးဟာ သူ့ကိုမလောင်ဘဲ ကိုယ့်ကိုသာ လောင်နေတတ်တယ်။ အပူမီးတွေနဲ့ တစ်နေ့တစ်နေ့ တစ်မျိုးပြီးတစ်မျိုး မရိုးအောင် လှည့်ပတ်လောင်ကျွမ်းခံနေကြရတာပါ။ လောဘနဲ့ လောင်တဲ့အခါလောင်၊ ဒေါသနဲ့ လောင်တဲ့အခါလောင်၊ မောဟနဲ့ လောင်၊ ကုက္ကုစ္စ၊ မစ္ဆရိယတရားတွေနဲ့ လောင်တဲ့အခါမှာလည်း လောင်တတ်တယ်။

အဲဒီလို ပူလောင်မှုတွေဟာ တရားအားထုတ်နေတဲ့အခါ ငြိမ်း အေးနေပါတယ်။ တရားအားထုတ်တယ်ဆိုတာလည်း ပူလောင်မှုတွေ ငြိမ်းအောင်ဖြစ်တယ်။ ရှုစရာ၊ မှတ်စရာဖြစ်တဲ့ ရုပ်နာမ်ဓမ္မသင်္ခါရတွေ ရှုမှတ်နေချိန်မှာ စိတ်အေးချမ်းတယ်။ အာရုံတွေ ဘယ်မှမရောက်ဘဲ တရားပေါ်မှာပဲထားတတ်ရင် စိတ်ကြည်လင်တယ်။ ရုပ်တရားနဲ့ နာမ်တရားကိုပဲ သတိကပ်ကာ ရှုမှတ်နေမယ် ဆိုရင် စိတ်တွေ လန်းရွှင်နေတယ်။ အားထုတ်နေချိန်မှာ အပူမီးနဲ့ တစ်ခဏတာဝေးသွားလို့ အေးချမ်းမှုကို ရကြတယ်။

ရည်ညွှန်း'ဓမ္မလမ်းပေါ်မှာ' ဓမ္မဒူတ ဒေါက်တာအရှင်ပညိဿရ

## ကချင်ပြည်နယ်ရှိ ကယ်ဆယ်ရေးစခန်းတွင် အကူအညီများ လိုအပ်နေဆဲ

**အိဖြူမွန်**

**ရန်ကုန်၊ ဒီဇင်ဘာ - ၂**

ကချင်ပြည်နယ် လက်နက်ကိုင်ကေအိုင်အိုအဖွဲ့နှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုမတိုင်မီ သုံးရက်ခန့်တွင် ဗန်းမော်ခရိုင်အတွင်းရှိ ကယ်ဆယ်ရေးစခန်းများသို့ နယ်မြေလုံခြုံမှု မရှိသောဒေသများမှ ရွှေ့ပြောင်းလာသူ ဒေသခံများ များပြားလာသောကြောင့် ကူညီထောက်ပံ့မှုများလိုအပ်လျက်ရှိကြောင်း ဗန်းမော်ခရိုင်အတွင်းရှိ ကယ်ဆယ်ရေးစခန်းများအား လေ့လာစာရင်းကောက်ယူခဲ့သူ ကချင်တိုင်းရင်းသူ ဒေါ်ခွန်ဂျာက ပြောသည်။

ဒေါ်ခွန်ဂျာက ပြီးခဲ့သည့် ဇွန်လမှ နိုဝင်ဘာ ၃၀ရက်အထိ ကောက်ယူခဲ့သော စာရင်းဇယားများအား ကိုးကား၍ပြောခဲ့ခြင်း ဖြစ်သည်။

နယ်မြေလုံခြုံမှုမရှိသော ဒေသများမှ ရွှေ့ပြောင်းလာသူ ဒေသခံများအား ဗန်းမော်ခရိုင်အတွင်း ကက်သလစ်အသင်းတော်၊ နှစ်ခြင်းအသင်းတော်၊ ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်းများတွင် စခန်းများဖွင့်လှစ်ကူညီထားကြသည်။ အချို့သော ကယ်ဆယ်ရေးစခန်းများမှာ အစိုးရမှ အသိအမှတ်မပြုရသေးသော စခန်းများ ပါဝင်သောကြောင့် လူသိနည်းကာ ကူညီထောက်ပံ့မှုများလိုအပ်နေဆဲဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်ကပြောသည်။

နိုဝင်ဘာ ၃၀ ရက်မတိုင်မီ ၂၇ ရက်ခန့်တွင် လက်နက်ကိုင်အဖွဲ့များ အခြေစိုက်ဒေသများမှ ဒေသခံများအား လက်နက်ကိုင်အဖွဲ့က ပြောင်းရွှေ့နေထိုင်ကြရန် သတိပေးခဲ့သောကြောင့် နယ်မြေဒေသခံများသည် ဗန်းမော်မြို့နှင့် နီးစပ်ရာ မြို့ရွာများ၌ ပြောင်းရွှေ့လာကြရာ နှစ်ရက်ခန့်တွင် လူဦးရေ ၁၀၀ ကျော် ကယ်ဆယ်ရေးစခန်းအားလုံးခန့်၌ တိုးလာကြောင်း အထက်ပါပုဂ္ဂိုလ်က ပြောသည်။

"WFP တို့၊ UNICEFတို့၊ အစိုးရက လှူထားတာက လွန်ခဲ့တဲ့လပိုင်းလောက်က လူအရေအတွက်နဲ့ လှူထားတာဆိုတော့ အခုတိုးတဲ့ အရေအတွက်နဲ့မကိုက်တော့ဘူး။ လူကလည်း မငြိမ်ဘူး။ အခု လက်ရှိအခက်အခဲက ရုတ်တရက် ရောက်လာတဲ့ လူဦးရေကို ကျွေးမွေးဖို့ မလုံလောက်တော့ဘူး။ တစ်ရက်မှတ်မှတ်ရရ စခန်းကို လူတစ်ဦးက ကြက်သုံးကောင်လာလှူတယ်။ စခန်းမှာက လူဦးရေ ၄၀၀ ကျော်ရှိနေလို့ ဘူးသီးနဲ့ရောပြီး ချက်ကျွေးရတယ်" ဟု ဇွန်လမှစတင်၍ ကယ်ဆယ်ရေးဆောင်ရွက်နေသူ(ကချင်)လဖားလူမျိုး တိုင်းရင်းသူတစ်ဦးကပြောသည်။

အေးချမ်းသော ဆောင်းရာသီကိုရောက်ရှိပြီဖြစ်၍ အမိုးအကာအခင်းများအပြင် နွေးထွေးသောအဝတ်အထည်များ၊ စောင်များ အရေးတကြီး လိုအပ်နေကြောင်းအဆိုပါ(ကချင်)လဖားလူမျိုး တိုင်းရင်းသူတစ်ဦးကပြောသည်။

တရုတ်နယ်စပ်နှင့်နီးသော ကျေးရွာများရှိ ကက်သလစ်အသင်းတော် ဘုရားကျောင်းများတွင် လာရောက်ခိုလှုံသူများရှိလာသည့်အပြင် မန်စီမြို့နယ်၌ နိုဝင်ဘာ ၂၇ ရက်မှ ၃၀ ရက်အတွင်း ကယ်ဆယ်ရေးစခန်းသုံးခု အရေးတကြီးဆောက်လုပ်ခဲ့ပြီး တစ်ခုချင်းစီတွင် လူဦးရေ၁၀၀၀ကျော်ရှိကြောင်း ၎င်းက ဆက်လက်ပြောသည်။ဗန်းမော်ခရိုင်အတွင်းကယ်ဆယ်ရေးစခန်း တည်ရှိသောမြို့များမှာ ဗန်းမော်၊ မိုးမောက်နှင့် ရွှေကူမြို့တို့ဖြစ်သည်။

## One More က စတုတ္ထအကြိမ်မြောက် အလှူအဖြစ် ကျပ်သိန်း၉၀ကျော်လှူဒါန်းခဲ့

**နေလင်းထွန်း**

**ရန်ကုန်၊ နိုဝင်ဘာ - ၃၀**

One More ၏ စတုတ္ထမြောက် အလှူအနေဖြင့် နိုဝင်ဘာလအတွက် အလှူငွေကျပ်သိန်းကိုးဆယ်ကျော်ရရှိခဲ့ပြီး ပရဟိတလုပ်ငန်းလေးနေရာသို့ ခွဲဝေလှူဒါန်းခဲ့ကြောင်းသိရသည်။

ယခုလတွင် စေတနာရှင် ၉,၆၈၃ ဦးမှ ကျပ်တစ်ထောင်စီ လှူဒါန်းမှုဖြင့် ကျပ် ၉,၆၈၃,၀၀၀ ရရှိခဲ့ပြီး အလှူငွေထည့်ဝင်သူများတွင် စင်ကာပူနိုင်ငံမှ ၅၈ ဦးနှင့် ဒူဘိုင်းမှ ၁၈ ဦးပါဝင်ခဲ့ကြောင်း သိရသည်။

အဆိုပါအလှူငွေများအား ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့ရှိ ချမ်းမြေ့ပရဟိတသီလရှင်ပညာရေး ကျောင်းအတွက် ကျပ်သိန်းနှစ်ဆယ်၊ မန္တလေးမြို့၊ ဂေါဝန်ဆိပ် အနီးရှိ ပေပင်ပရဟိတဂေဟာအတွက် ကျပ်သိန်းသုံးဆယ်၊ လှည်း ကူးမြို့နယ်၊ မရမ်းချောင်းကျေးရွာရှိ မေတ္တာပရဟိတကျွေးမွေးရေး ဂေဟာအတွက် ကျပ်သိန်းသုံးဆယ်နှင့် မရမ်းကုန်းမြို့နယ်ရှိ ခဝဲခြံမျက်မမြင်ကျောင်းအတွက် ၁,၆၈၃,၀၀၀ကျပ် ခွဲဝေလှူဒါန်းခဲ့ကြောင်း သိရသည်။

လူတစ်ဦး တစ်လ၊ ကျပ်တစ်ထောင်ထည့်ဝင်ထားသည့် One More အစီအစဉ်အား ဩဂုတ်လတွင် စေတနာရှင် ၉၀၅ဦး စုစည်း ပါဝင်မှုဖြင့် ပထမဆုံး စတင်ခဲ့ပြီး ယခုအခါ စေတနာရှင်အရေအတွက် ဆယ်ဆကျော်မြင့်တက်ခဲ့ပြီဖြစ်သည်။

7 DAY NEWS JOURNAL
Vol.10, No.38 · DECEMBER 8, 2011

# ဟိုတယ်ခရီး ၂၈နံချုပ်ကို PATA ဥက္ကဋ္ဌအဖြစ် ခန့်အပ်

**အောင်သူရ**

**ရန်ကုန်၊ နိုဝင်ဘာ-၃၀**

ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဇော်ဝင်းအား Pacific Asia Travel Association (Myanmar) ဥက္ကဋ္ဌအဖြစ် ခန့်လိုက်ကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးအောင်က ပြောကြားသည်။

အကျိုးအမြတ် အတွက် မဟုတ်ဘဲ ဒေသတွင်း ခရီးသွားလုပ်ငန်း တိုးတက်ရေးအတွက် ဆောင်ရွက်နေသော PATA သို့ ယခင်က မြန်မာနိုင်ငံ အစိုးရဘက်မှ ဝင်ရောက်ခဲ့ခြင်းမရှိဘဲ ယခုအခါ ပထမဆုံးဝင်ရောက်ခဲ့ခြင်းဖြစ်သည်။

"အဲဒီလိုဝင်လိုက်တာမြန်မာနိုင်ငံခရီးသွားလုပ်ငန်းအတွက် အရမ်းကောင်းသွားပါတယ်" ဟု Myanmar Pole Star ခရီးသွားကုမ္ပဏီမှ ဒါရိုက်တာ ဦးအောင်လင်းထင်ကဆိုသည်။

PATA မှာ အမေရိကန်နှင့် ဩစတြေးလျမှ ခရီးသွားကုမ္ပဏီများနှင့် ဆက်စပ်မှုများသဖြင့် ယခုကဲ့သို့ ဆက်သွယ်ခြင်းအားဖြင့် မြန်မာနိုင်ငံသို့ အမေရိကန်နှင့် ဩစတြေးလျခရီးသွားများ ပိုမိုဝင်ရောက်နိုင်ကြောင်း ခရီးသွားလုပ်ငန်းလုပ်ကိုင်သူများက ဆိုသည်။

ပုဂံဒေသတွင် ပြုလုပ်သော မဲခေါင်ဒေသ နိုင်ငံခရီးသွားများ အလုပ်ရုံဆွေးနွေးပွဲသို့ PATA မှ အမှုဆောင်အရာရှိချုပ် ကိုယ်တိုင် တက်ရောက်ခဲ့သည်။

PATA မှာ အာရှနိုင်ငံများ အတွင်း ခရီးသွားပြပွဲများအား နှစ်စဉ်နိုင်ငံအလိုက် အလှည့်ကျပြုလုပ်လေ့ရှိပြီး လာမည့်နှစ်တွင် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ပြုလုပ်မည်ဖြစ်သည်။

PHOTO NEWS



ဓာတ်ပုံ-အောင်သူရ

မူဆယ် ၁၀၅ မိုင်နယ်စပ်ကုန်သွယ်ရေးဇုန်အနီး ၁၀၅ မိုင် ရဲစခန်းရှေ့တွင် ဒီဇင်ဘာ၃ရက် ည ၇နာရီ ၂၀မိနစ်က ဗုံးတစ်လုံးပေါက်ကွဲမှုကြောင့် ရဲနှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း မူဆယ်ကုန်သွယ်ရေးဇုန်မှတာဝန်ရှိသူတစ်ဦးကပြောသည်။

## မျက်နှာဖုံး-တုရင်တောင်ခြေတွင် ဟိုတယ်ဇုန်တစ်ခု ပေါ်ထွက်ဖွယ်ရှိ မှ

"တိုင်းဒေသကြီးဝန်ကြီးချုပ်က ထောက်ခံပြီး တင်ရင် အစိုးရအဖွဲ့က ခွင့်ပြုမှာပါ"ဟု ဦးလှိုင်မြင့်ကပြောသည်။

အဆိုပါနေရာတွင် ဟိုတယ်ဆောက်လုပ်ခွင့်ရပါက ပြည်မှ ရင်းနှီးမြှုပ်နှံသူများကိုပါ ခွင့်ပြုသွားမည်ဖြစ်ပြီး အထပ်မြင့် အဆောက်အအုံများပါဝင်နိုင်ကြောင်း ဦးလှိုင်မြင့်ကပြောသည်။

ယခုနှစ်မိုးတွင်းကာလမှစ၍ ပုဂံဒေသတွင် ဟိုတယ်ဆောက်လုပ်ရန် မြေကွက်ဝယ်ယူမှုများလာသဖြင့် မြေဈေးများတက်လာခဲ့ရာ ပေ ၈၀ × ၆၀ မြေတစ်ကွက်လျှင် ကျပ်သိန်း ၄၀၀ မှ ၅၀၀ ထိ ဈေးမြင့်လာကြောင်း ပုဂံဒေသခံ ဟိုတယ်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ယခုဟိုတယ်ဇုန်အဖြစ်သတ်မှတ်ပေးမည့် တုရင်တောင်ခြေရှိ မြေကွက်များကို ဝယ်ယူထားသူများရှိနေပြီဖြစ်ကြောင်း ဒေသခံတချို့က ဆိုသည်။

သို့သော် အဆိုပါ နေရာသည် ကျွန်စစ်သားမင်း လက်ထက်က တုရင်တောင်ခြေမှ လာသော ရေများအား ရေဝေရေလဲပြုလုပ်နိုင်ရန် တည်ဆောက်ထားသော မြကန်အနီး၌ တည်ရှိနေသည်။

"တုရင်တောင်က စီးလာတဲ့ရေတွေက မြကန်ကတစ်ဆင့် ကျုံးထဲရောက်တဲ့အထိ သွားတယ်။ ရေဝေရေလဲလုပ်ဖို့ဆောက်ခဲ့ကြတာ အနီးမှာရှိတဲ့ စိုက်ခင်းတွေ ရေမလျှံအောင်လို့" ဟု ပုဂံဒေသခံတစ်ဦးကဆိုသည်။

"ဖွံ့ဖြိုးရေးလုပ်ရင်တော့ စနစ်တကျလုပ်ဖို့ကောင်းတယ်။ တုရင်တောင်ခြေမှာ ဆောက်မယ်ဆိုတော့ ဟိုတယ်တွေက ထွက်တဲ့ ရေဆိုးတွေကို ကန်ထဲ မရောက်အောင် မြောင်းတွေ၊ ဘာတွေနဲ့ စနစ်တကျစွန့်ဖို့ လုပ်ထားပြီးပြီလား။ သစ်ပင်ရှင်သန်ဖို့ခဲယဉ်းတဲ့ အဲဒီနေရာက သစ်ပင်တွေကို ခုတ်လှဲပြီးဆောက်ရင်တော့ ကန်ကြီးရဲ့ အနာဂတ်က ခက်ခဲမယ်" ဟု အပူပိုင်းစိမ်းလန်းစိုပြည်ရေးတွင် ပါဝင်ခဲ့သူ(အငြိမ်းစား) သစ်တောဝန်ထမ်းဦးအုန်းကပြောသည်။

သို့သော် အဆိုပါနေရာအား ယဉ်ကျေးမှုဝန်ကြီးဌာနက ဟိုတယ်ဆောက်လုပ်ရန် ခွင့်ပြုထားခြင်းမရှိကြောင်းလည်း သိရသည်။

"အခုသူတို့တောင်းတဲ့ နေရာရဲ့လမ်းတစ်ဖက်မှာရှိတဲ့တောင်ဘက်ရှာမှာ ဆောက်မယ်ဆို ခွင့်ပြုမယ်လို့ပြောတယ်"ဟု ပုဂံဒေသခံ ဟိုတယ်လုပ်ငန်းရှင် တစ်ဦးက ပြောသည်။

ယခုနှစ် ခရီးသွားရာသီတွင် ဧည့်သည်ဝင်ရောက်မှု မြင့်တက်လာသဖြင့် ပုဂံဒေသ၌ ဟိုတယ်အခန်းရရှိရန် အခက်အခဲများဖြစ်ပေါ်နေသည်။

ပုဂံတွင်ဒေသဟိုတယ်ပေါင်း ၄၇ လုံးနှင့် အခန်းပေါင်း ၄,၀၀၀ ကျော်သာရှိပြီး ယခုနှစ် ဇန်နဝါရီမှ အောက်တိုဘာလကုန်ထိ ခရီးသည် ၇၁,၃၅၃ ဦး ဝင်ရောက်ကြောင်း သက်ဆိုင်ရာက ထုတ်ပြန်သော စာရင်းများအရ သိရသည်။

## မျက်နှာဖုံး-မြဝတီချစ်ကြည်ရေးတံတားနှင့် ကုန်သွယ်ရေးဇုန်ပြန်ဖွင့် မှ

တံတားပိတ်ထားခြင်းကြောင့်နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများမှာလည်း ထိုအချိန်ကတည်းကပင် ရပ်နားထားခဲ့ရသည်။

မြန်မာထိုင်းနှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေးတွင် မြဝတီကုန်သွယ်ရေးလမ်းကြောင်းသည် အဓိက အရေးပါပြီး ရန်ကုန်သို့ အချိန်အနည်းဆုံး ရောက်ရှိနိုင်သည့် လမ်းကြောင်းဖြစ်ကြောင်း ဖြစ်သည်။

လက်ရှိအချိန်တွင် ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ တရားဝင်ကုန်ပစ္စည်းများ တင်သွင်းရာတွင် ကော့သောင်းဂိတ်ကိုသာ အဓိကအသုံးပြုနေရကြောင်း၊ ကုန်ကျစရိတ်သက်သာမှုများ ရှိခဲ့သော်လည်း အချိန်များစွာပေးရကြောင်း ကုန်သည်များကဆိုသည်။

မြဝတီနယ်စပ် ကုန်သွယ်ရေးကိုပြန်လည်ခွင့်ပြုပါက ထိုင်းသွင်းကုန်ပစ္စည်းများမှာ ဈေးကျနိုင်ကြောင်း သွင်းကုန်လုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

မြန်မာနိုင်ငံသို့ ယခုနှစ် အောက်တိုဘာ ပထမပတ်က လာရောက်ခဲ့သော ထိုင်းဝန်ကြီးချုပ် မစ္စယင်လပ်ရှင်နာဝပ်က သူ့ခရီးစဉ်အတွင်း ချစ်ကြည်ရေးတံတားကို ပြန်လည်ဖွင့်လှစ်ပေးရန် မြန်မာနိုင်ငံအစိုးရထံ မေတ္တာရပ်ခံခဲ့သည်။ တံတားကို မြန်မာနိုင်ငံဘက်မှ ပိတ်ထားခဲ့ခြင်းဖြစ်ပြီး ထိုင်းဝန်ကြီးချုပ်၏ မေတ္တာရပ်ခံမှုကို တုံ့ပြန်ရာတွင် မြန်မာအစိုးရက အဆိုပါတံတားအောက်ခြေပြင်ဆင်မှုလုပ်ငန်းများကို ဦးစွာဆောင်ရွက်မည်ဖြစ်ပြီး ပြင်ဆင်မှုပြုလုပ်ပြီးပါက တံတားပြန်လည်ဖွင့်လှစ်မည်ဟုပြန်လည်ဖြေကြားခဲ့သည်။

အဆိုပါတံတားကို ၁၉၉၇ ခုနှစ်တွင် သောင်းရင်းမြစ်ကိုဖြတ်ကျော်၍ မြဝတီနှင့် မဲဆောက်မြို့တို့အား ဆက်သွယ်ဖောက်လုပ်ထားခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံ၏ နယ်စပ်ကုန်သွယ်ရေးကိုတရုတ်၊ထိုင်း၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်တို့နှင့် လုပ်ကိုင်နေပြီး တရုတ်နိုင်ငံမှာ မြန်မာနိုင်ငံ၏ ကုန်သွယ်မှုအများဆုံးနိုင်ငံဖြစ်သည်။

၂၀၁၀ ဧပြီမှ နိုဝင်ဘာအထိ စီးပွားကူးသန်း၏ နယ်စပ်ကုန်သွယ်ရေးစာရင်းများအရ မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်ရေးသည် ကန်ဒေါ်လာသန်းပေါင်း ၁၀၅၄ ဒသမ ၃၃၅ ရှိပြီး မြန်မာ- ထိုင်း နယ်စပ်ကုန်သွယ်ရေးမှာ ကန်ဒေါ်လာ ၁၉၁ ဒသမ ၁၇၃ သန်းရှိသည်။ ထိုင်း-မြန်မာ နယ်စပ်ကုန်သွယ်ရေးတွင် မြဝတီ၊ ကော့သောင်းနှင့် တာချီလိတ်မြို့များတို့သည် များစွာအရေးပါသည်။

## စာ-၃၊ ပြဋ္ဌာန်းလိုက်သည့် ကိုယ်ပိုင်ကျောင်းမှတ်ပုံတင် ဥပဒေအရ နိုင်ငံသားများသာ ကျောင်းထောင်ခွင့်ရှိ မှ

ဒါပေမဲ့ လက်ရှိဖွင့်ထားတဲ့ တစ်ဘာသာသင်၊နှစ်ဘာသာသင်နဲ့ ဘာသာစုံသင်နေတဲ့ကျူရှင်တွေ ဒီဥပဒေမှာ ဘယ်လိုအကျုံးဝင်မလဲပေါ့။ ဘာပဲပြောပြော ကျူရှင်စနစ်ကိုတော့ အများကြီး သက်ရောက်မှုရှိလာမှာပါ"ဟု ပညာရေးတက္ကသိုလ်မှအငြိမ်းစား ဒုတိယပါမောက္ခချုပ်တစ်ဦးက သုံးသပ်သည်။

ကိုယ်ပိုင်ကျောင်းများတွင် ထပ်ဆောင်းသင်ခန်းစာများသင်ကြားခွင့်ရရှိမည်ဖြစ်ပြီး ကိုယ်ပိုင်ကျောင်းနှင့် စပ်လျဉ်း၍ မမှန်မကန်ကြော်ငြာခြင်းမပြုရဟု ဥပဒေ၌ ပြဋ္ဌာန်းထားသည်။


ကိုယ်ပိုင်ကျောင်းများတည်ထောင်ဖွင့်လှစ်ရာတွင် အခြေခံပညာမူလတန်းကျောင်း၊အလယ်တန်းကျောင်း(သို့မဟုတ်) အထက်တန်းကျောင်းအနေဖြင့် ခွဲခြားဖွင့်လှစ်ခွင့်ပြုမည်ဖြစ်ပြီး ကျောင်းအဆောက်အအုံသည် ကျောင်းအဖြစ်အသုံးပြုနိုင်သည့် အခြေအနေရှိရန်သတ်မှတ်ထားသော်လည်း ကျောင်းမြေနေရာအကျယ်အဝန်းနှင့် ပတ်သက်၍ ဖော်ပြထားခြင်းမရှိသည်ကို တွေ့ရသည်။


ပြည်တွင်းရှိ ပုဂ္ဂလိကပညာရေးကဏ္ဍတွင် ကိုယ်ပိုင်ကျောင်းဥပဒေထွက်ရှိလာခြင်းကြောင့် လာမည့်ပညာသင်နှစ်၌ ရန်ကုန်နှင့် မန္တလေးမြို့များသာမက နယ်မြို့များတွင်လည်း ကိုယ်ပိုင်ကျောင်းများ တည်ထောင်ဖွင့်လှစ်ရန်ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

## မျက်နှာဖုံး-ဗိုလ်ချုပ်အောင်ဆန်း နှစ် ၁၀၀ ပြည့် မှတ်တမ်း ု ပ်ရှင် ို က်ကူးမည် မှ

ဒေါ်အောင်ဆန်းစုကြည်က ရုပ်ရှင်ကိုမြန်မာပြည်လွတ်လပ်ရေးရသည့် အလံတင်အခမ်းအနားမြင်ကွင်းဖြင့် စတင်စေလိုကြောင်း ပြောကြားခဲ့သည်ဟု ဆွေးနွေးပွဲသို့ သွားရောက်ခဲ့သော ဒါရိုက်တာ ရီဇော်က ပြောကြားသည်။

ဒေါ်အောင်ဆန်းစုကြည်က ရုပ်ရှင်ဇာတ်ကားကို ၂၀၁၅ ဖေဖော်ဝါရီအမီ ရုံတင်ပြသနိုင်ပါက ကောင်းမည်ဟုပြောကြားခဲ့ပြီး ပြည်တွင်းနှင့် နိုင်ငံတကာကိုပါပြသရန် စိတ်ကူးရှိကြောင်း ပြောကြားခဲ့သည်။ ထိုဆွေးနွေးပွဲသို့ အနုပညာရှင်များထဲမှ နေတိုး၊ ပြေတီဦး၊ လူမင်း၊ ရဲတိုက်၊ ဒါရိုက်တာဝိုင်း၊ မောင်မျိုးမင်း(ရင်တွင်းဖြစ်)၊ ဇင်ဝိုင်း၊ ကျော်ကျော်ဗို၊လွင်မိုး၊ ထွန်းအိန္ဒြာဗို၊ အိန္ဒြာကျော်ဇင်၊ ဖွေးဖွေး၊ မိုးဟေကို စသည့် နာမည်ကျော်သရုပ်ဆောင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။





# Health

7 DAY NEWS JOURNAL

Vol.10, No.38 · DECEMBER 8, 2011




## ဘောလုံးကို ခေါင်းတိုက်ကစားခြင်းသည် ဦးနှောက်ကိုထိခိုက်စေနိုင်ဟုဆို




**ချီကာဂို၊ နိုဝင်ဘာ - ၂၉**

ဘောလုံးကစားရာတွင် ဘောလုံးကို ခေါင်းတိုက်ကစားတတ်သော ကစားသမားများသည် ဦးနှောက် ထိခိုက်ဒဏ်ရာရနိုင်ကြောင်း အမေရိကန် သုတေသီများကပြောကြားသည်။

အဲလ်ဘတ်အိုင်းစတိုင်း ဆေးကောလိပ်မှ ပညာရှင် ဒေါက်တာမိုက်ကယ်အယ်လ်လစ်ပတန်က “ဘောလုံးကို ခေါင်းနဲ့တိုက်ကစားတာဟာ ကစားပွဲတွေရဲ့ မရှိမဖြစ်အစိတ်အပိုင်းတစ်ရပ်ဖြစ်သလို ဘောလုံးလေ့ကျင့်ခန်း တော်တော်များများမှာလည်း ပါဝင်နေပါတယ်။ ဘောလုံးကို ခေါင်းနဲ့ တိုက်ခြင်းဟာ ဦးနှောက်ထဲက အာရုံကြောအမျှင်တွေကို စုတ်ပြဲစေနိုင်တဲ့အင်အားမျိုးတော့မရှိပါဘူး။ ဒါပေမဲ့ အကြိမ်ကြိမ်အထပ်ထပ်ခေါင်းတိုက်ရင်တော့ ဦးနှောက်ဆဲလ်တွေ အားနည်းလာနိုင်ပါတယ်”ဟုပြောသည်။

ဒေါက်တာလစ်ပတန်နှင့် အခြားပညာရှင်များသည် ပျမ်းမျှ အသက် ၃၀ ဒသမ ၈ နှစ်ရှိသော အပျော်တမ်းဘောလုံးသမား ၃၂ ဦးကို လေ့လာခဲ့ကြပြီး ၎င်းတို့၏ လေ့လာတွေ့ရှိမှုများကို မြောက်အမေရိကဓာတ်ရောင်ခြည်အသင်းကြီး၏ နှစ်စဉ်အစည်းအဝေးတွင် တင်ပြခဲ့ကြသည်။

—Ref: UPI



## ဂရုပြုရမည့် ရာသီအကူးအပြောင်းနှင့် တိရစ္ဆာန်များ၏ ရောဂါများ

**ဝတ်ရည်**

ယခုကဲ့သို့ ရာသီအကူးအပြောင်းအချိန်တွင် လူတို့၌ အများအားဖြင့် ဖျားနာမှုများကြုံတွေ့ကြလေ့ရှိသည်။ လူတို့ ဖျားနာသကဲ့သို့ပင် အိမ်မွေးတိရစ္ဆာန်လေးများတွင်လည်း ဖျားနာခြင်းများ ကြုံတွေ့ကြလေ့ရှိကြောင်းသိရသည်။

ထိုသို့ အိမ်မွေးတိရစ္ဆာန်များ ဖျားနာခြင်းတွင် အများအားဖြင့် ခွေး၊ ကြောင် စသည့် လူ့အချစ်တော်တိရစ္ဆာန်များအပြင် ကာကွယ်ဆေးမထိုးထားသည့် တိရစ္ဆာန်အားလုံးတို့တွင် ဖြစ်ပွားနိုင်ပြီး ထိုအိမ်မွေးတိရစ္ဆာန်များသည် လူတို့နှင့် နီးကပ်စွာရှိနေသည့်အတွက် အချို့ရောဂါများသည် လူသို့ပင် ကူးစက်စေနိုင်သည်။

ယခုအချိန်တွင် ခွေး၊ကြောင်တို့တွင် အဆုတ်ရောင်ရောဂါ၊ နမိုးနီးယားရောဂါများနှင့် ခွေးများတွင် ကျောက်ရောဂါ၊ သွေးဝမ်းရောဂါတို့ ဖြစ်ပွားလေ့ရှိပြီး အချို့ရောဂါများသည် တစ်ကောင်နှင့်တစ်ကောင်ကူးစက်၍ အသက်သေဆုံးသည်အထိ ဖြစ်ပွားနိုင်ကြောင်း ဆွေမွန်တိရစ္ဆာန်ကုဆေးခန်းမှ ဆရာဝန်တစ်ဦးကပြောကြားခဲ့သည်။

“ကာကွယ်ဆေးမထိုးထားတဲ့တိရစ္ဆာန်တွေမှာဖြစ်ပြီး ဆေးကုသမှုမရှိရင်ဖြစ်တဲ့အကောင်ရဲ့ ၈၀ ရာခိုင်နှုန်းလောက် သေနိုင်တယ်။ ကျန်တဲ့ ကိုယ်ခံအားကောင်းတဲ့ ၂၀ ရာခိုင်နှုန်းလောက်ပဲအသက်ရှင်တယ်”ဟု အဆိုပါဆရာဝန်ကပြောသည်။

အိမ်မွေးတိရစ္ဆာန်များတွင် အဆုတ်ရောင် အအေးမိရောဂါများမှာ မပြင်းထန်သောအခြေအနေတွင်ဖြစ်ပွားပြီး ထိုမှတစ်ဆင့် ကျောက်ရောဂါ ဆင့်ပွားဖြစ်နိုင်သည့် အလားအလာများပြားပြီး ထိုအခြေအနေတွင် ဆေးကုသမှု မရရှိပါက အသက်သေဆုံးခြင်းဖြစ်သည်။

ရိုးရိုးအဆုတ်ရောင်အအေးမိခြင်းတွင် နှာချေခြင်း၊ ချောင်းဆိုးခြင်း၊ မှိန်းခြင်း၊ အစာမစားခြင်း၊ အဖျားတက်ခြင်း၊ လက္ခဏာများပြသလေ့ရှိပြီး ကျောက်ဝင်သွားသည့်အချိန်တွင် မျက်ရည်များ၊ နှာရည်များကျဆင်းခြင်း၊ ခွေးများတွင် ခြေဖဝါးများ၌ ကျောက်ဝင်လာသည့်အတွက် မာလာခြင်း၊ အစာမစားတော့ခြင်း စသည့် လက္ခဏာများပြသလေ့ရှိကြောင်း သိရသည်။

“သွေးဝမ်းဖြစ်လာရင်တော့ အရင်ဆုံးအန်လာတယ်။ ပထမပိုင်း ဝမ်းက အညိုပုပ်ပုပ်တွေဖြစ်ပြီး နောက်ပိုင်းမှာ အရည်တွေပဲသွားတော့တယ်။ အစာစားလို့ မရတော့ဘူး။ လိုအပ်တဲ့ဓာတ်ဆားတွေ၊ ဆေးကုသမှုတွေမရရင်တော့ သေဆုံးသွားနိုင်တယ်”ဟု အဆိုပါဆရာဝန်က ဆက်လက်ပြောသည်။

ထိုကဲ့သို့ အိမ်မွေးတိရစ္ဆာန်များတွင် ဖြစ်ပွားလေ့ရှိသည့် အအေးမိခြင်း ဖြစ်ပေါ်စေသည့် ဗိုင်းရပ်စ်သည် ကိုင်တွယ်သည့်သူများအား ကူးစက်ကာရောဂါဖြစ်ပွားစေနိုင်ခြင်းဖြစ်သည်။ ယင်းဗိုင်းရပ်စ်များသည် တိရစ္ဆာန်မှ တစ်ဆင့် ကူးစက်သော်လည်းအသက်သေသည့်ခွေးရူးရောဂါကဲ့သို့ ပြင်းထန်မှုမရှိပေ။

“ဒီလိုအချိန်မှာ သူတို့ကို ရေချိုးမမှားအောင် အအေးမမိအောင် ဂရုစိုက်ရမယ်။ သူတို့တွေ နှာစေး၊ ချောင်းဆိုးဖြစ်နေတဲ့အခါမှာ လေထဲကတစ်ဆင့် ကူးနိုင်လို့ သတိထားသင့်တယ်။ ပြီးတော့ သူတို့ဆီကနေ အများဆုံးကူးတာက ယားနာတွေဖြစ်တဲ့အတွက် လက်ကို သေချာဆေးဖို့တော့ အရမ်းအရေးကြီးတယ်”ဟု ဆွေမွန်တိရစ္ဆာန်ကုဆေးခန်းမှ ဆရာဝန်ကပြောသည်။

**စာ(၁၄)သို့**

## ကင်ဆာရောဂါဖြစ်ဖူးသူများ ဒုတိယအကြိမ်ထပ်ဖြစ်ရန် အလားအလာပိုများ

**ကိုပင်ဟေဂင်၊ နိုဝင်ဘာ - ၂၈**

ကင်ဆာရောဂါဖြစ်ပွား၍ ကုသမှု ခံယူရှင်သန်ခဲ့သူများသည် ကင်ဆာမဖြစ်ပွားဖူးသူများထက် ယင်းအမျိုးအစားတူ ကင်ဆာဝေဒနာ ဒုတိယအကြိမ်ခံစားရရန် အလားအလာ နှစ်ဆပိုများကြောင်း ဒိန်းမတ်သုတေသီများက ပြောကြားသည်။

ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်တက္ကသိုလ်ဆေးရုံမှ ဒေါက်တာစတစ်ဘိုဂျီဆန်နှင့်အဖွဲ့က ဒုတိယအကြိမ် ကင်ဆာရောဂါဖြစ်ပွားခြင်းသည် ပထမအကြိမ် ကင်ဆာရောဂါနှင့်ဆက်စပ်မှုရှိမရှိကို ဒိန်းမတ်နိုင်ငံလူဦးရေ ၇ဒသမ ၅သန်း၏အချက်အလက်များအပေါ် မူတည်၍ လေ့လာခဲ့သည်။ ယင်းအချက်အလက်များမှာ ၁၉၈၀မှ ၂၀၀၇ ခုနှစ်အတွင်း ရယူထားသောအချက်အလက်များဖြစ်သည်။

ယင်းသို့လေ့လာရာတွင် ကင်ဆာရောဂါတွေ့ရှိခဲ့သူ ၈၄၃,၁၁၈ဦးပါဝင်ပြီး ၎င်းတို့ထဲမှ ၇၆၅,၂၅၅ဦးမှာကင်ဆာရောဂါတစ်မျိုး (သို့မဟုတ်) တစ်မျိုးထက်ပို၍ ခံစားခဲ့ရသူများဖြစ်သည်။ ၎င်းတို့၏ သုတေသနအရ ပထမတစ်ကြိမ် ကင်ဆာရောဂါတစ်မျိုး ခံစားရ၍ အသက်ရှင်ကျန်ခဲ့သူများသည်နောက်တစ်ကြိမ် ၎င်းရောဂါပင် ပြန်ဖြစ်ရန် ၂ ဒသမ ၂ ဆ အန္တရာယ်ပိုများကြောင်း တွေ့ရှိခဲ့သည်။ အခြားကင်ဆာရောဂါတစ်မျိုးဖြစ်နိုင်ခြေမှာ ၁ ဒသမ ၁ ဆရှိကြောင်း သုတေသီများကတွေ့ရှိခဲ့သည်။

—Ref: Reuters




7DAY NEWS JOURNAL
Vol.10, No.38 · DECEMBER 8, 2011

## စာ - ၁၃၊ဂရုပြုရမည့် ရာသီအကူးအပြောင်းနှင့် တိရစ္ဆာန်များ၏ရောဂါများ မှ

အိမ်မွေးတိရစ္ဆာန်များမှာ ချစ်ခင်သူများအတွက် အမှန်တကယ် အဖော်ကောင်းပင်ဖြစ်သည်။ သို့သော် မိမိ၏ ချစ်စရာ အကောင်လေးတွေထံမှ ရောဂါပိုးမွှားများကူးစက်၍ မိမိတွင် ကျန်းမာရေးဆိုင်ရာပြဿနာများ မဖြစ်စေရန်မှာလည်း ဂရုပြုသင့်သည့်အရာဖြစ်သည်။

အိမ်မွေးတိရစ္ဆာန်များအတွက် လိုအပ်သော ကျန်းမာရေးဆိုင်ရာပြုစုမှုများသည် ငွေကြေးတတ်နိုင်သူများသာ ပုံမှန်မပြတ် တိရစ္ဆာန်ဆေးကုဆရာဝန်နှင့်ပြသနိုင်သော်လည်း အိမ်မွေးတိရစ္ဆာန်များအား ပုံမှန်ဆရာဝန်နှင့်ပြသခြင်း၊ ထို အကောင်များအတွက် သီးသန့်ပြုလုပ်ထားသည့် အသုံးအဆောင်ပစ္စည်းများအသုံးပြု၍ သူတို့တွင် ရောဂါပိုးမွှားများ မရှိစေရန် ဂရုစိုက်ထားနိုင်သူဦးရေနည်းပါးသေးကြောင်း သိရသည်။

ကြောင်မှ ကျွတ်သော ကြောင်မွေးများသည် ကြာလာလျှင် လူတို့၌ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ ဖြစ်ပွားလာစေနိုင်ကြောင်း အဆိုပါဆရာဝန်ကပြောသည်။

ကြောင်များတွင် အမွေးများမသန့်ရှင်းခြင်း၊ ထိုအမွေးများတွင် ဗောက်များ၊ သန်းများရှိခြင်းများဖြစ်ပေါ်ပါက လူများအားအန္တရာယ်ဖြစ်စေခြင်းဖြစ်သည်။

"ဗောက်အမှုန်တွေက လေထဲကိုပြန့်နေတာ။ ကြာလာရင် အဲဒီအမှုန်တွေက အဆုတ်ထဲဝင်ပြီး အသက်ရှူကြပ်လာတယ်။ မွန်းလာတာမျိုးဖြစ်လာလေ့ရှိတယ်"ဟုအဆိုပါဆရာဝန်ကပြောသည်။

အိမ်မွေးတိရစ္ဆာန်များတွင် အမွေးများကျွတ်ခြင်း နည်းပါးစေရန် အမွေးကျွတ်ခြင်းနည်းပါးစေသည့် အားဆေးများ၊ ထိုးဆေးများ၊ အမွေးဖြီးပေးသည့် ဘီးများ၊ ထိုတိရစ္ဆာန်လေးများအတွက် သီးသန့်ထုတ်လုပ်ထားသည့် ရှန်ပူများမှာလည်း ဈေးကွက်အတွင်းများပြားစွာရှိနေပြီး ထိုအရာများအသုံးပြု၍ အမွေးကျွတ်ခြင်းနည်းပါးပြီး လူတို့ပါ အန္တရာယ်ကင်းစေရန် လုပ်ဆောင်နိုင်ကြောင်းသိရသည်။

"အစားအသောက်ကျွေးတဲ့ အခါမှာလည်း အငန်တွေ၊ အဆီတွေက အမွေးကျွတ်စေတဲ့အတွက် အဲလိုတွေ လျှော့ကျွေးသင့်တယ်။ လူတွေစားသလို ဆီပြန်ဟင်းတွေက အဆင်မပြေဘူး"ဟု အဆိုပါဆရာဝန်ကပြောသည်။


ကလေးငယ်များရှိသည့်အိမ်များတွင်ကြောင်များမွေးထားပါက ပုံမှန် သန်ချပေးခြင်းပါ လုပ်ဆောင်သင့်ကြောင်းသိရသည်။ သန်ရှိကြောင်သည် ဝမ်းသွားပြီးပါက စအိုတွင် သန်ကောင်ဥများ ကျန်နေနိုင်ပြီး ထိုအခါ ကလေးငယ်များ ထိတွေ့မိပါက ထိုသန်ဥများ ကလေးများထံသို့ ကူးစက်နိုင်ကြောင်းသိရသည်။

အိမ်မွေးတိရစ္ဆာန်များ မွေးမြူခြင်းသည် လူတို့၏ စိတ်ပိုင်းဆိုင်ရာ စိတ်ဖိအားများ လျှော့နည်းစေနိုင်သည်ဟု လေ့လာသူများကလည်း အကြံပေးပြောကြားထားသည်များရှိ၍ ထိုချစ်စဖွယ် အိမ်မွေးတိရစ္ဆာန်လေးများမှရောဂါပိုးများ မိမိထံ မကူးစက်ရန် ဂရုပြုသင့်ကြောင်း ကျွမ်းကျင်ဆရာဝန်များက အကြံပြုပြောကြားထားသည်။

# Stem Cell ကို အသက်ကြီးသူများလည်း သိမ်းဆည်းထားနိုင်

**ဝတ်ရည်**

**ရန်ကုန်၊ ဒီဇင်ဘာ-၁**



သွေးသိုလှောင်သိမ်းဆည်းထားပြီးနောက်ပိုင်း ဖြစ်ပွားလာနိုင်သည့် သွေးရောဂါများအား ကုသပေးနိုင်သည့် (Stem Cell) အား ကလေးများတွင်သာမက အသက်ကြီးသူများတွင်ပါ သိမ်းဆည်းထားနိုင်ကြောင်း သိရသည်။

ကလေးများ မွေးဖွားသည့် အချိန်တွင် အချင်းမှ ထုတ်ယူခြင်းဖြစ်ပြီး လူကြီးများတွင် သွေးလှူသည့်အခါသွေးထုတ်ယူသည့် ပုံစံဖြင့်ထုတ်ယူခြင်းဖြစ်ကြောင်း အဆိုပါနည်းပညာအား မြန်မာနိုင်ငံ၌ ဆောင်ရွက်ပေးနေသည့် M.Yကုမ္ပဏီမှ ဒေါက်တာအိခိုင်မွန်က ပြောကြားသည်။

"သွေးထုတ်သလိုမျိုးပဲယူပြီး သွေးထဲမှာပါလာတဲ့ Stem Cell ကို ယူတယ်။ ပြီးတော့ Stem Cell ထုတ်ပြီးသား ပိုတဲ့သွေးတွေကို အခြားတစ်ဖက်ကနေ ခန္ဓာကိုယ်ထဲပြန်ထည့်သွင်းပေးတယ်။ သွေးထုတ်ယူဖို့အတွက် G-CSF ထိုးဆေးကို လေးရက်၊ ငါးရက်လောက်တော့ကြိုထိုးရတယ်"ဟု အဆိုပါဆရာဝန်ကပြောသည်။

ထို Stem Cell သည် နှစ်ပေါင်း ၂၀ သိုလှောင်ထိန်းသိမ်းရန်အတွက် ငွေကျပ်သိန်း ၄၀ ကုန်ကျမည်ဖြစ်ပြီး တကယ်၍ နှစ် ၂၀ မပြည့်ခင် သိမ်းဆည်းခြင်းမပြုတော့ပါက ကျန်သည့်နှစ်အလိုက် ငွေပြန်လည်ပေးကြောင်း အဆိုပါနည်းအား ဝန်ဆောင်မှုပေးနေသည့် M.Y ကုမ္ပဏီလီမိတက်မှ သိရသည်။

တစ်ဦးသိမ်းဆည်းထားလျှင် မျိုးရိုးဗီဇတူညီသည့် အခြားသူတစ်ဦးလည်း အသုံးပြုနိုင်ပြီး သွေးနှင့်ပတ်သက်သည့်ရောဂါများအပြင် နှလုံးရောဂါ၊ အာရုံကြောရောဂါများပါကုသနိုင်သည်ဟု ခန့်မှန်းထားကြကြောင်း သိရသည်။

မွေးဖွားသည့် အချိန်တွင် Stem Cell ထုတ်ယူရန်အတွက် ၅မိနစ်မှ ၁၀မိနစ်အတွင်းသာကြာမြင့်ပြီး အသက်ကြီးသူများတွင် ၂နာရီမှ ၄နာရီအထိ ကြာမြင့်ကြောင်း သိရသည်။

သိမ်းဆည်းထားသော Stem Cell အား တစ်ဦးလျှင် တစ်ကြိမ်သာအသုံးပြုနိုင်မည်ဖြစ်ပြီး မြန်မာနိုင်ငံတွင် ရုပ်ရှင်သရုပ်ဆောင် ပြေတီဦးနှင့် အိန္ဒြာကျော်ဇင်တို့က မွေးဖွားလာသည့် ကလေးငယ်၏ Stem Cell အားအဆိုပါနည်းပညာဖြင့် သိမ်းဆည်းပြီးနောက်ပိုင်း လူစိတ်ဝင်စားမှု များပြားလာခဲ့သည်။

# ဆင်းရဲနွမ်းပါးသည့်နေရာများတွင် အခမဲ့ကျန်းမာရေးကုသမှုပေးနိုင်ရန် ဆရာဝန်အသင်းစီစဉ်

**ဝတ်ရည်**

**ရန်ကုန်၊ နိုဝင်ဘာ-၂၄**

ဆင်းရဲနွမ်းပါးသူများပြားသည့် နေရာများတွင် ကျန်းမာရေးဆိုင်ရာကုသမှုများ အခမဲ့ပြုလုပ်နိုင်ရန် မြန်မာနိုင်ငံဆရာဝန်အသင်းမှ စီစဉ်နေကြောင်း သတင်းရရှိသည်။


"ကျန်းမာရေးကုသစရိတ်တွေကြီးမြင့်လာတဲ့အတွက် ဆရာဝန်အသင်းအနေနဲ့လည်း တတ်နိုင်တာကိုလုပ်ဖို့စီစဉ်တာပါ။ ရှေ့ပြေးစီမံချက်ပဲ ရှိသေးတဲ့အတွက် လက်လှမ်းမီတဲ့ ရန်ကုန်ဆင်ခြေဖုံးနေရာတွေကို ရွေးချယ်ထားတာပါ။ အသေးစိတ်တော့မသိနိုင်သေးပါဘူး"ဟု မြန်မာနိုင်ငံဆရာဝန်အသင်းဥက္ကဋ္ဌဒေါက်တာကျော်မြင့်နိုင်က ပြောသည်။

ကျန်းမာရေးဆိုင်ရာ ကုသစရိတ်များကြီးမြင့်ခြင်းကြောင့် ငွေကြေးချို့တဲ့သူများအနေဖြင့် ဆေးဝါးကုသမှုအခက်အခဲများရှိနေခြင်းများကြောင့် အခုနောက်ပိုင်းတွင် အခမဲ့ကုသပေးသည့်အဖွဲ့အစည်းများ တဖြည်းဖြည်းများပြားလာသော်လည်း လုံလောက်သော ကျန်းမာရေးဝန်ဆောင်မှုများရရှိရန် လိုအပ်သေးကြောင်း သိရသည်။

ဆရာဝန်အသင်းမှပြုလုပ်မည့် အဆိုပါ စီမံကိန်းတွင် ငွေကြေးဆင်းရဲသူများအား အခမဲ့ကုသပေးမည်ဖြစ်ပြီး ငွေကြေးတတ်နိုင်သူများအား သက်သာသော ကုန်ကျမှုဖြင့် ကုသပေးမည်ဖြစ်သည်။ အလယ်အလတ်လူများတွက် ကျန်းမာရေးအာမခံပါထားရှိပေးနိုင်ရန် ဆောင်ရွက်မည်ဖြစ်ကြောင်း ဒေါက်တာကျော်မြင့်နိုင်ကပြောကြားသည်။

"ကျန်းမာရေးအာမခံကတော့ နားမလည်သေးတဲ့အတွက် အခုအချိန်မှာ နားလည်တဲ့အာမခံဆိုင်ရာကျွမ်းကျင်သူတွေနဲ့ တိုင်ပင်ပြီး ဘယ်လိုနည်းလမ်းတွေနဲ့ လုပ်ရမလဲဆိုတာ ဆွေးနွေးနေတယ်"ဟု အဆိုပါဆရာဝန်က ပြောသည်။





Regional

7 DAY NEWS JOURNAL

Vol.10, No.38 · DECEMBER 8, 2011

# ငါးနှစ်အတွင်းစက်မှုလက်မှုကဏ္ဍ ရှစ်ရာခိုင်နှုန်းခန့် တိုးတက်ရန်လို

**ထူးသန့်**

**နေပြည်တော်၊ နိုဝင်ဘာ- ၃၀**

အာဆီယံ လွတ်လပ်သော ကုန်သွယ်မှုဒေသ အစီအစဉ် စတင်အသက်ဝင်မည့် ၂၀၁၅ ခုနှစ်တွင် မြန်မာနိုင်ငံ၌ စက်မှုလက်မှုကဏ္ဍတွင် ရှစ်ရာခိုင်နှုန်းထပ်မံတိုးတက်လာရန်လိုအပ်ကြောင်း အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးတင်နိုင်သိန်းကပြောသည်။

"နိုင်ငံရဲ့ပြည်တွင်းထုတ်လုပ်မှုတန်ဖိုး GDP (ပြည်တွင်းအသားတင်ထုတ်လုပ်မှု)မှာစက်မှုလက်မှုကဏ္ဍပါဝင်မှုက ၂၆ ရာခိုင်နှုန်းကနေ ၃၄ ရာခိုင်နှုန်းအထိဖြစ်လာဖို့လိုပါတယ်" ဟု ယခင်အပတ်က ကျင်းပပြုလုပ်ခဲ့သော စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီညှိနှိုင်းအစည်းအဝေးတွင် ပြောကြားသည်။


ထိုကဲ့သို့တိုးတက်ရန်အတွက် တိုင်းဒေသကြီးများနှင့် ပြည်နယ်များအနေဖြင့် မိမိဒေသ၏ အားသာချက်အလိုက် ရင်းနှီးမြှုပ်နှံမှုများနှင့် သွင်းအားစုများရရှိအောင် ဆောင်ရွက်ရန် လိုအပ်ကြောင်း ဒေသအလိုက် ငါးနှစ်အတွင်း ရှစ်ရာခိုင်နှုန်း တိုးတက်ရမည်ဖြစ်ပြီး စိုက်ပျိုးရေး၊ စက်မှု၊ သတ္တုကြောက်မျက်စသည့် ကဏ္ဍများကိုလေ့လာသုံးသပ်ကာ ဆောင်ရွက်ရန်လိုကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောသည်။ ထို့အပြင် ဆန်စက်၊ ထွန်စက်၊ ဘိလပ်မြေစက်ရုံ၊ ဓာတ်မြေဩဇာစက်ရုံစသည့်စက်မှုလုပ်ငန်းများ လက်ရှိအရေးအတွက်နှင့် နောင်ငါးနှစ်တွင် ရှိမည့်အရေးအတွက် စသည်များကိုလည်း စီမံဆောင်ရွက်ထားရန် လိုကြောင်း ၎င်းကပင် ဆက်လက်ပြောကြားခဲ့သည်။

ရင်းနှီးမြှုပ်နှံမှုများအတွက် အချို့ကို ပြည်ထောင်စု အစိုးရထံသို့တင်ပြရန်မလိုအပ်ဘဲ ကိုယ်ကိုယ်တိုင် လုပ်ကိုင်နိုင်ရမည်ဖြစ်ကြောင်း ကလောဒေသတွင် ဂေါ်ဖီထုပ်အခြောက်ခံစက်ရုံ တည်ဆောက်ရင်းနှီးရန် ဖိတ်ခေါ်ထားကြောင်းလည်း သိရသည်။

ပြည်တွင်းထုတ်လုပ်မှုတန်ဖိုးတွင် စက်မှုလက်မှုကဏ္ဍမှ ပါဝင်မှုအချိုးအစားအရ ဒေသတွင်းနိုင်ငံများတွင် မြန်မာနိုင်ငံက ၂၆ ရာခိုင်နှုန်းဖြင့် အနိမ့်ဆုံးဖြစ်နေသည်။

စင်ကာပူနိုင်ငံက ၂၇. ၂ ရာခိုင်နှုန်း၊ အိန္ဒိယနိုင်ငံက ၂၈. ၆ ရာခိုင်နှုန်း၊ လာအိုနိုင်ငံက ၃၁. ၇ ရာခိုင်နှုန်း၊ ဗီယက်နမ်နိုင်ငံက ၄၁. ၁ရာခိုင်နှုန်း၊ ထိုင်းနိုင်ငံက ၄၅. ၆ရာခိုင်နှုန်း၊ အင်ဒိုနီးရှားနိုင်ငံက ၄၆. ၄ ရာခိုင်နှုန်းနှင့် တရုတ်နိုင်ငံက ၄၆. ၈ ရာခိုင်နှုန်းဖြင့် အသီးသီးပါဝင်နေကြောင်း သိရှိရသည်။

# တရုတ်၊ အိန္ဒိယ၊ ဗီယက်နမ်နှင့် ဖိလစ်ပိုင်နိုင်ငံတို့မှ မိဘလိုင်းများဖြင့် စပ်မျိုးစပါး မျိုးစေ့ထုတ်လုပ်မည်



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

**ထူးသန့်**

**နေပြည်တော်၊ ဒီဇင်ဘာ-၃**

ဆန်စပါးနည်းပညာတွင် ကမ္ဘာ့ရှေ့တန်းရောက်နေသောနိုင်ငံများဖြစ်ကြသည့် တရုတ်၊ အိန္ဒိယ၊ ဗီယက် နမ်နှင့် ဖိလစ်ပိုင်နိုင်ငံတို့မှ မိဘလိုင်းများရယူ၍ အထွက်တိုးစပ်မျိုးစပါးမျိုးစေ့များပြည်တွင်း၌ ထုတ်လုပ်သွားမည်ဖြစ်ကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"ဖိလစ်ပိုင်က မိဘလိုင်း (အ ဖို၊ အမ)ကတော့ ဒီလ ၁၅ ရက်ရောက်လာမှာပါ။ အိန္ဒိယက မိဘလိုင်းနဲ့လည်း ဘာစမာတီစပ်မျိုးစပါးမျိုးစေ့ထုတ်ဖို့ရှိပါတယ်။ ဗီယက်နမ်ကနေလည်းယူပြီး စပ်မျိုးစပါးမျိုးစေ့ ထုတ်ဦးမှာပါ။ တရုတ်နဲ့တော့ လုပ်နေပါတယ်"ဟု စပ်မျိုးစပါးမျိုးစေ့များ ထုတ်လုပ်ခြင်းနှင့် ပတ်သက်၍ ၎င်းက ရှင်းလင်းပြောကြားခဲ့သည်။

စာ(၁၈) သို့

# ကျိုက်ထီးရိုးတောင်တက်မော်တော်ယာဉ်အသင်း ကျပ်သိန်း ၈၀၀ ကျော်အကုန်အကျခံကာ အခမဲ့ ပို့ဆောင်

**မင်းနွေဦး**

**ကျိုက်ထို၊ ဒီဇင်ဘာ - ၂**

ကျိုက်ထီးရိုးတောင်တက် မော်တော်ယာဉ်အသင်း(ကင်ပွန်းစခန်း၊ ကျိုက်ထိုမြို့)မှ ယခုလ ၁ ရက်က ဘုရားဖူးလာ ပြည်သူများအား နံနက် ၆နာရီမှ ညနေ ၆နာရီ အချိန်အထိ အခမဲ့ပို့ဆောင်ပေးပြီး လက်ဆောင်ပစ္စည်း အပါအဝင် စုစုပေါင်း ကျပ်သိန်း ၈,၀၀၀ ကျော် အကုန်အကျခံကုသိုလ်ယူခဲ့ကြောင်း သိရသည်။



**ကျိုက်ထီးရိုးတောင်တက်ကားတစ်စီး**

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

ကျိုက်ထီးရိုး တောင်တက်မော်တော်ယာဉ်အသင်း(ကင်ပွန်းစခန်း၊ကျိုက်ထိုမြို့)ဖွင့်လှစ်သည့် ၁၀ နှစ်မြောက်အထိမ်းအမှတ်အဖြစ် ဒီဇင်ဘာ ၁ ရက်တွင် အခမဲ့ကုသိုလ်ယူ ပို့ဆောင်ပေးမည့်အကြောင်း နေ့စဉ်ထုတ် သတင်းစာများ၌ အသိပေးကြော်ငြာခဲ့ရာ ဘုရားဖူးများ အထူးများပြားခဲ့ပြီး အတက်ကား ၃၀၁ စီး၊ အဆင်းကား ၂၆၁စီး၊ စုစုပေါင်း ၅၆၂ စီး (ကုန်ကျငွေကျပ် ၇၈,၅၄၀,၀၀၀) အပြင် ဘုရားဖူးများအား ရေသန့်ဘူး(၁,၈၂၇,၁၅၀ ကျပ်)၊ မျက်နှာသုတ်ပဝါငယ်(၇၀၃,၀၀၀ ကျပ်)၊ ကျိုက်ထီးရိုးစေတီတော်ပုံပြက္ခဒိန် (၉၀၀,၀၀၀ ကျပ်) အပါအဝင် စုစုပေါင်း ၈၁,၉၇၀,၁၅၀ ကျပ် အကုန်အကျခံကုသိုလ်ယူခဲ့သည်။

"ဒီရက်တွေမှာ ပုံမှန် ကားအတက်အဆင်း တစ်နေ့ ပျမ်းမျှအစီး ၃၀-၃၅ စီးပဲရှိတယ်။ ခုလို ဘုရားဖူး အများကြီးလာတော့ ကျွန်တော်တို့ရည်ရွယ်ချက်ပြည့်မြောက်လို့ ဝမ်းသာရပါတယ်။ နောင်နှစ်တွေမှာလည်း နှစ်ပတ်လည်နေ့ဖြစ်တဲ့ ဒီဇင်ဘာ ၁ ရက်နေ့မှာ ခုလိုပဲ အခမဲ့ပို့ဆောင်ပေးဖို့ကြိုးစားမှာပါ"ဟု မော်တော်ယာဉ်အသင်းမှ တာဝန်ရှိသူတစ်ဦးကရှင်းပြသည်။

တောင်တက်မော်တော်ယာဉ်အသင်းကို ၂၀၀၁ ဒီဇင်ဘာ ၁ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ယာဉ်ပိုင်ရှင်များ၏ ဆန္ဒအရ ရန်ပုံငွေများစုဆောင်းကာ ဘုရားဖူးလာပြည်သူများ ကုသိုလ်ထပ်မံတိုးပွားစေရန် ရည်ရွယ်၍ ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးအား ရွှေသင်္ကန်းကပ်လှူခြင်း၊ မွန်ပြည်နယ် ဓမ္မဗိမာန်၊ မွန်ပြည်နယ် ကလေးဆေးရုံ လူနာဆောင်၊ ကျိုက်ထိုမြို့နယ်ဆေးရုံလူနာဆောင်၊ဓာတ်မှန်ခန်း၊ အခမဲ့လူနာတင်ယာဉ်၊ ကျိုက်ထိုမြို့နယ် ကင်ပွန်းချောင်းကျေးရွာ အ. လ. က ကျောင်းဆောင်၊ ကျိုက်ထိုမြို့နယ် ကော်ခြံ အ. မ. က ကျောင်းဆောင်များကို ဆောက်လုပ်လှူဒါန်းခဲ့ပြီး မြို့နယ်မီးဘေးကာကွယ်ရေးအတွက် မီးသတ်ယာဉ်တစ်စီး ထူထောင်ထားကာ မြို့နယ်အတွင်း ရေဘေးသင့်ပြည်သူများကိုလည်း လိုအပ်သည်များ ကူညီထောက်ပံ့ခဲ့သည်။

လက်ရှိပြေးဆွဲနေသောတောင်တက်ကားစီးရေမှာ ၁၄၃ စီးရှိကြောင်း သိရသည်။



7 DAY NEWS JOURNAL
Vol.10, No.38 · DECEMBER 8, 2011

# ပြည်ပပို့ကုန်များအခွန်လျှော့ထားသည့်အတွက်ကုန်သွယ်မှုတိုးတက်လာဟုဆို

**မောင်ကံ**

**မောင်တော၊ ဒီဇင်ဘာ- ၁**

ပြည်ပပို့ကုန်များ အခွန်လျှော့ထားသည့်အတွက် ကုန်သွယ်မှုလုပ်ငန်းများတိုးတက်လာကြောင်း မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"မောင်တောနယ်စပ်က တင်ပို့တဲ့ ပို့ကုန်အများစုက ရေထွက်ပစ္စည်းတွေဖြစ်တာရယ်၊ ရေချို ရေငန်ထွက်ရေထွက်ပစ္စည်းတွေကို ကုန်သွယ်ခွန်ခွင့်ပြုထားတာရယ်ကြောင့် အရင်ဘေးပေါက်ကထွက်နေတဲ့ ပစ္စည်းတွေတောင် ကုန်သွယ်မှုလမ်းကြောင်းပေါ် ကို ရောက်လာပါတယ်" ဟု ၎င်းကဆက်လက်ပြောကြားသည်။

မောင်တောနယ်စပ်ကုန်သွယ်ရေးလုပ်ငန်းတွင် ရိုးမအရှေ့ဒေသနှင့်လမ်းပန်းဆက်သွယ်ရေးခက်ခဲနေမှုကြောင့်ကုန်သွယ်မှုတန်ဖိုးမှာ အခြားနယ်စပ်စခန်းများလောက် တိုးတက်မှုမရှိသော်လည်း ဒေသတွင်းထွက်သည့်ပို့ကုန်များ တင်ပို့/တင်သွင်းရမှုမှာ ထိုက်သင့်သော ကုန်သွယ်မှုတန်ဖိုးရရှိနေကြောင်းသိရသည်။ ထို့နောက် ကုန်သွယ်လုပ်ငန်းခွန် များ လျှော့ချထားမှုကြောင့် ကုန် သွယ်သူများမှာ ပင်ရင်းကုန်ထုတ်လုပ်သူများကို ဈေးပိုပေးဝယ်ယူလာနိုင်သည့်အတွက် ကုန်သွယ်ခွန်များ လျှော့ထားခြင်းမှာ ကုန်သွယ်သူများကိုသာမက ထုတ်လုပ်သူများအတွက်ပါအကျိုးရှိကြောင်း ကုန်သွယ်သူများကပြောသည်

## ကောလင်း၊ ဝန်းသို၊ ပင်လည်ဘူးမြို့နယ်များ တွင် စပါးဈေးကျ

**စိုင်းလူမင်း**

**ကောလင်း၊ ဒီဇင်ဘာ-၁**


စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်း၊ ဝန်းသို၊ ပင်လည်ဘူးမြို့နယ်များတွင် နိုဝင်ဘာပထမပတ်မှစတင်၍ပါးများရိတ်သိမ်းကြပြီဖြစ်ရာစပါးဈေးမှာ ယခင်နှစ်ထက် ကျပ်တစ်သိန်းခန့်ဈေးနှုန်းကျဆင်း၍ ဒေသခံတောင်သူများစိုက်ပျိုးစရိတ်ပင်မရသောကြောင့် စိုက်ပျိုး စရိတ်ချေးငွေဆပ်ရန်အခက်အခဲ ရှိနေကြကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

"အစိုးရအနေနဲ့ဒီနှစ်မှာလယ်တစ်ဧကကို ကျပ်လေးသောင်းနှုန်းနဲ့ ထုတ်ချေးပေးတော့ ချေးငွေမရတာထက်စာရင် ရတဲ့အတွက်နည်းနည်းတော့အဆင်ပြေတယ်။ ဒါပေမဲ့ ချေးငွေကြောင့် လယ်သမားတွေရဲ့ ဘဝဖွံ့ဖြိုးတိုးတက်ဖို့ဆိုတာက မဖြစ်နိုင်ပါဘူး။ စပါးစိုက်ပျိုးစရိတ်က လယ်တစ်ဧကကိုကျပ်တစ်သိန်းကျော်ကုန်ကျတယ်။ မနှစ်က စပါးဈေးက မှော်ဘီတင်းတစ်ရာကို ၄၂၀,၀၀၀၊ အခုပေါက်ဈေးက ၃၀၀,၀၀၀၊ ချင်းသုံးစပါးမနှစ်က ၃၅၀,၀၀၀ ယခုပေါက်ဈေးက ၂၅၀,၀၀၀ ဆိုတော့ အစိုးရချေးငွေကို မနည်းဆပ်နိုင်အောင် ကြိုးစားနေရတယ်" ဟု ကောလင်းမြို့နယ်ခန်သာကျေးရွာမှ တောင်သူကြီး ဦးသန်းထွန်းက ပြောကြားသည်။

"စပါးဈေး မကောင်းလို့ ကြိတ်ခွဲပြီး တင်ပို့ရောင်းချမှသာ ပြေလည်တယ်ဆိုပေမယ့် စပေါ်တွဲယူထားတဲ့ ကုန်သည်၊ လှည်းခေါင်းတို့ကို အမြတ်အများကြီးပေးတင်ရတော့ အဆင်မပြေနိုင်ဘူး။ ကြိတ်ခွဲပြီး ဆန်တွေကို တင်ပို့မှုအချိန်ကြန့်ကြာတော့ဆန်သစ်ဆိုတာ အစိုဓာတ်ရှိတဲ့အတွက်ကြာကြာထားလို့မရတဲ့အတွက် ပျက်စီးဆုံးရှုံးမှုရှိတယ်"ဟု ယောမြေနီကျေးရွာမှ တောင်သူကိုနိုင်လင်းဦးက ပြောသည်။

"ကျွန်တော်တို့မြို့နယ်က လယ်တစ်ဧကထွက်နှုန်းက စပါးတင်း ၆၀ထွက်တာ၊ စိုက်ပျိုးစရိတ်က လယ်တစ်ဧကအတွက်မျိုးစပါးနှစ်တင်းကုန်တယ်။ တစ်တင်းကို ကျပ် ၄၀,၀၀၀၊ နှစ်တင်းဆိုတော့ ကျပ် ၈၀,၀၀၀၊ ပျိုးနုတ်ခ အစည်း ၂၀၀ ကို ကျပ် ၈,၀၀၀၊ ကောက်စိုက်ခတစ်ဧက ကျပ် ၂၀,၀၀၀၊ လယ်ထွန်ရှဉ်းခတစ်ရှဉ်းကို ကျပ် ၄,၀၀၀၊ ရှစ်ရှဉ်းနှုန်း ၃၂,၀၀၀၊ ဓာတ်မြေဩဇာ အိတ်တစ်ဝက် ကျပ် ၁၂,၀၀၀၊ စပါးရိတ်ခကျပ် ၂၀,၀၀၀၊ စပါးခြွေလှေ့စက်ငှားခ ကျပ် ၁၂,၀၀၀ ဆိုတော့ တစ်ဧကကုန်ကျငွေ တစ်သိန်းနှစ်သောင်းကျော်ကုန်ကျတယ်။ အစိုးရအနေနဲ့ လယ်သမားဘဝ မြင့်တင်စေဖို့ အဓိကလိုအပ်ချက်ဖြစ်တဲ့ စိုက်ပျိုးရေးသွင်းအားစု ပစ္စည်းတွေကို ဈေးနှုန်းသက်သာစွာနဲ့ တိုက်ရိုက်ရောင်းချပေးနိုင်ဖို့လိုတယ်"ဟု ကံလယ်ကြီးကျေးရွာမှ တောင်သူကိုမိုးဝင်းက သုံးသပ်ပြောသည်။

ကောလင်း၊ ဝန်းသို၊ ပင်လည်ဘူးမြို့နယ်များသည် ဆန်စက် စုစုပေါင်း ၁၀၀ ကျော်ရှိပြီးနေ့စဉ်ပျမ်းမျှ ဆန်အိတ်ထွက်နှုန်းသည် အိတ် ၁,၀၀၀ ကျော်၍ နေ့စဉ်မန္တလေး-မြစ်ကြီးနားသို့ စပေါ်တင်ကုန်တွဲရထားများဖြင့် ပို့ဆောင်နေသည်မှာ ဆန်အိတ် ၂,၀၀၀ ကျော်သာရှိသည့်အတွက် လိုအပ်သည့်ဆန်များ တင်ပို့နိုင်ရေးအတွက် မြန်မာ့မီးရထားမှ ရထားတွဲများ လိုအပ်သလို စီစဉ်ပေးနိုင်မည်ဆိုပါက ဤဒေသမှ ဆန်ဈေးများသည် အခြားမြို့များနှင့် တန်းတူရရှိမည်ဖြစ်သည်။




## မုံရွာဈေးကွက်တွင် ခရမ်းချဉ်ဈေး စံချိန်တင်မြင့်တက်



ဓာတ်ပုံ - မျိုးမင်းဦး

**မျိုးမင်းဦး**

**မုံရွာ၊ နိုဝင်ဘာ-၃၀**

ခရမ်းချဉ်သီးသည် ယခုနှစ် နိုဝင်ဘာလကုန်ရက်ပိုင်းတွင် နှစ်ပေါင်း(၂၀)ကျော်ကာလအတွင်း စံချိန်တင်ဈေးနှုန်းသို့ မြင့်တက်သွားကြောင်း မုံရွာမြို့ ဒေသခံ ခရမ်းချဉ်ပွဲစားများပြောပြချက်အရ သိရှိရသည်။

"ပုံမှန်နိုဝင်ဘာလဆိုလျှင် မုံရွာဒေသထွက်ခရမ်းချဉ်သီးတွေ ဈေးကွက်စဝင်တဲ့အချိန်ပါ။ ဒီနှစ်မိုးနှောင်းမှာ သည်းထန်စွာရွာတဲ့မိုးကြောင့်ခရမ်းချဉ်စိုက်ခင်းတွေအပျက်အစီးများသလို စိုက်ချိန်လည်းနောက်ကျသွားတဲ့အတွက် ဈေးကွက်မှာထိုးတက်သွားတာဖြစ်ပါတယ်။ နှစ်ပေါင်း(၂၀)ကျော်ကာလအတွင်းနိုဝင်ဘာလတစ်လတည်း အမြင့်ဆုံးဈေး ကျပ် ၁,၀၀၀ ဝန်းကျင်ပဲရှိခဲ့ရာက ဒီနှစ်ကျပ် ၁,၅၀၀ အထိ ကုန်စိမ်းပွဲရုံတွေက ရောင်းတယ်"ဟု မုံရွာမြို့ ဒေသခံကုန်စိမ်းပွဲရုံလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ယခုနှစ်အောက်တိုဘာလအတွင်း မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး မုံရွာမြို့နယ်အတွင်းမီးဖိုဆောင်သုံးဟင်းသီးဟင်းရွက်စိုက်ခင်းအချို့ ပျက်စီးဆုံးရှုံးမှုနှင့်ကြုံတွေ့ခဲ့ရသဖြင့် မီးဖိုဆောင်သီးနှံဈေးများ နှစ်ဆမှလေးဆခန့်အထိမြင့်တက်သွားကြောင်း သိရှိရသည်။



# စိုက်ပျိုးနိုင်သောမြေဧကဆယ်သန်းခန့်ကျန်ရှိနေသေးဟုဆို

**ထူးသန့်**

**နေပြည်တော်၊ ဒီဇင်ဘာ- ၁**

မြန်မာနိုင်ငံ၌ ပလပ်မြေ အပါအဝင် စိုက်ပျိုးနိုင်သော မြေလွတ်မြေလပ်၊ မြေရိုင်းဧက စုစုပေါင်း ၁၀ သန်းခန့် ကျန်ရှိနေသေးကြောင်း သတင်းရရှိသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီး၏ တရားဝင်ထုတ်ပြန်ထားသော ကိန်းဂဏန်းများအရ ပလပ်မြေ၊ မြေလွတ်၊ မြေရိုင်း၊ မြေလပ်စုစုပေါင်း ဧက ၁၄ သန်းခန့်ရှိကြောင်း၊ ယနေ့အချိန်ထိပုဂ္ဂလိက လုပ်ငန်းရှင်များထံသို့ လုပ်ကိုင်ခွင့်ပြုထားသောမြေလွတ်မြေလပ်၊ မြေရိုင်းဧက ၄ သန်းနီးပါးရှိပြီဖြစ်ကြောင်းလည်း အဆိုပါဌာနမှ ဒုတိယဝန်ကြီးဦးအုန်းသန်း၏ပြောကြားချက်အရ သိရသည်။

မြေလွတ်၊ မြေလပ်၊ မြေရိုင်းကဲ့သို့ စိုက်ပျိုးနိုင်သော မြေများကို ပုဂ္ဂလိကသို့ လုပ်ကိုင်ခွင့်ပြုပေးနေရာ ယနေ့အချိန်ထိ လုပ်ငန်းရှင် ၆,၃၈၇ ဦးကို ဧက ၃ ဒသမ ၈၉ သန်းချထားပေးသည်ဟုဆိုသည်။ စိုက်ပျိုးထားသည့်ဧကမှာ ဝဒသမ ၉၇ သန်းရှိသည့်အတွက် ၂၅ ရာခိုင်နှုန်းကျော် စိုက်ပျိုးပြီးဖြစ်ကြောင်း ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်တွင် နိုဝင်ဘာ ၂၉ ရက်က ကျင်းပပြုလုပ်ခဲ့သည့် အခမ်းအနားတစ်ရပ်၌ ၎င်းက ပြောကြားခဲ့သည်။



မိုးစပါးစိုက်ပျိုးချိန်က ကောက်စိုက်နေသော နေပြည်တော်မှ ကောက်စိုက်သမများ

ဓာတ်ပုံ-ထူးသန့်

မြန်မာနိုင်ငံ၌လယ်ယာစိုက်ပျိုးရေးအတွက် ဝင်ရောက်ရင်းနှီးမြှုပ်နှံရန် အိန္ဒိယနှင့် ဗီယက်နမ်နိုင်ငံတို့က ပိုပြီးစိတ်ဝင်စားနေပြီး အိန္ဒိယနိုင်ငံအနေဖြင့် ဆည်ရေသောက်စနစ် ဖော်ဆောင်ရန်အတွက် အမေရိကန်ဒေါ်လာသန်း ၂၀၀ ကို ထုတ်ချေးထားကြောင်း ဗီယက်နမ်နိုင်ငံကလည်း စပါးအပါအဝင်နှစ်ရှည်သီးနှံများ စိုက်ပျိုးရန် ဧက ၅,၀၀၀ အဆိုပြုထားကြောင်း သိရသည်။

"ဗီယက်နမ်က ဧက ၅,၀၀၀ အဆိုပြုထားတာ ခုထိမပြတ်သေးဘူး။ တစ်ဆက်စပ်တည်း မရှိတဲ့အတွက် အဲဒါက ခက်နေတယ်" ဟု တာဝန်ရှိသူတစ်ဦးက ယခင်အပတ်က ပြောကြားခဲ့သည်။ ၎င်းအပြင် တည်ရှိဆဲမြေစာရင်းမြေပုံများနှင့်လည်း မကိုက်ညီတော့သည့်အတွက် ဒေသခံများ၏ လုပ်ကိုင်နေမှုများနှင့် လွတ်၊ မလွတ်ကို ကွင်းဆင်းတိုင်းတာရန်လိုအပ်ကြောင်းယင်းကပင် ပြောကြားခဲ့သည်။

## မန္တလေးမြို့ခံအများစု တန်ဖိုးနည်း အိမ်ရာများ မျှော်လင့်

**စိုင်းသာအောင်**

**မန္တလေး၊ ဒီဇင်ဘာ - ၂**

မန္တလေးမြို့တွင် လူဦးရေထူထပ်လာပြီးဝန်ထမ်းများ၊ လူလတ်တန်းစားများ၊ သာမန်ပြည်သူများအတွက် နေထိုင်ရေးအခက်အခဲရှိနေသဖြင့် တာဝန်ရှိအဖွဲ့အစည်းများနှင့်ပုဂ္ဂလိကဆောက်လုပ်ရေးလုပ်ငန်းရှင်များအနေဖြင့် တန်ဖိုးနည်းအိမ်ရာများ ဆောက်လုပ်ပေးပါက နေထိုင်ရေးအတွက် အဆင်ပြေနိုင်ကြောင်း အငြိမ်းစားဝန်ထမ်းတစ်ဦးက ပြောသည်။

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲအုပ်တစ်ဦးက "ကျွန်တော့်အသက် ၆၀ ပြည့် ပင်စင်ယူတော့မယ်။ မိသားစုငါးဦးရှိတယ်။ မြေလည်း မဝယ်နိုင်ဘူး။ အိမ်လည်း မဆောက်နိုင်ဘူး။ ပင်စင်ယူရင် ဘယ်နေရမှန်းတောင် မသိပါဘူး" ဟု သူ၏ခံစားချက်ကို ပြောသည်။

လက်ရှိဝန်ကြီးဌာနတစ်ခုတွင် တာဝန်ထမ်းဆောင်နေသူတစ်ဦးက"ကျွန်တော်တို့ဌာနက ဝန်ထမ်းအိမ်ရာမပေးနိုင်ဘူး။ ကျွန်တော့်လခက ၇၀,၀၀၀ ပဲရတယ်။ အိမ်ငှားခက ခပ်ကျဉ်းကျဉ်းအိမ်လေးကို ၃၀,၀၀၀ နဲ့ငှားနေရပါတယ်။ မိသားစုလေးယောက်ရှိတယ်။ နိုင်ငံတော်က ဝန်ထမ်းတွေ နေရေးအဆင်ပြေဖို့ကို ကူညီဆောင်ရွက်ပေးစေချင်တယ်"ဟု ၎င်း၏အမြင်ကိုပြောသည်။

မန္တလေးမြို့တွင် အိမ်ဈေးမြင့်ပြီး အိမ်ငှားခများကြီးမြင့်သဖြင့် မြို့နေလူထု၏ ၃၀ ရာခိုင်နှုန်းခန့်မှာ နေထိုင်ရေးအခက်အခဲတွေ့လျက်ရှိကြောင်း အိမ်ခြံမြေဈေးကွက်ကျွမ်းကျင်အချို့က ပြောသည်။

## ရခိုင်ပြည်နယ်တွင် တစ်လအတွင်း မီးလောင်မှု ၁၃ ကြိမ်ဖြစ်ပွားခဲ့

**မာန်ယုကျော်**

**စစ်တွေ၊ ဒီဇင်ဘာ - ၂**

ရခိုင်ပြည်နယ်အတွင်း ယခုနှစ် နိုဝင်ဘာလအတွင်း မီးလောင်မှု ၁၃ ကြိမ်ဖြစ်ပွားခဲ့ရာ လူနေအိမ်များ၊ ဈေးဆိုင်ခန်းများနှင့် ဗီဒီယိုရုံများ ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

နိုဝင်ဘာ ၁ ရက်က ရမ်းဗြဲမြို့နယ်၊ ကျောက်နီမော်ကျေးရွာတွင် မီးလောင်ကျွမ်းမှုကြောင့် ငွေကျပ်တန်ဖိုး သိန်း ၁,၁၀၀ ကျော်၊ နိုဝင်ဘာ ၁၂ ရက်က မင်းပြားမြို့ မြို့မဈေးကြီးမီးလောင်မှုကြောင့် ဆုံးရှုံးမှုတန်ဖိုး ကျပ်သိန်း ၆,၀၀၀ ကျော်ခန့်ရှိခဲ့ကာ နိုဝင်ဘာ ၁၃ ရက်ကလည်း မီးလောင်ကျွမ်းမှုတစ်ခု ထပ်မံဖြစ်ပွားခဲ့ရာ ဆုံးရှုံးမှုတန်ဖိုး ကျပ် ၃,၀၀၀ ခန့်ရှိခဲ့သည်။

နိုဝင်ဘာ ၁၆ ရက်က ပေါက်တောမြို့နယ်၊ ပြွန်ခေါင်ကျေးရွာတွင် မီးလောင်မှုဖြစ် ပွားခဲ့ရာ ဆုံးရှုံးမှုတန်ဖိုး ကျပ် ၁၇ သိန်းဖိုးခန့်၊ နိုဝင်ဘာ ၁၇ ရက်က မြောက်ဦးမြို့၊ ကံလှရပ်ကွက်တွင် ဗီဒီယိုရုံလေးရုံနှင့် လူနေအိမ်ခြောက်လုံး မီးလောင်ခဲ့ရာ ဆုံးရှုံးမှုတန်ဖိုးငွေကျပ်သိန်း ၅၀ ကျော်၊ နိုဝင်ဘာ ၁၈ ရက်က မောင်တောမြို့နယ် တမန်းသားကျေးရွာတွင် မီးလောင်ကျွမ်းမှုဖြစ်ပွားရာ ဆုံးရှုံးမှုတန်ဖိုး ကျပ်သိန်း ၅၀ ကျော်ရှိကြောင်း သိရသည်။

နိုဝင်ဘာ ၁၉ ရက်က မြေပုံမြို့နယ်၊ ကမ်းထောင့်ကြီးရဲစခန်း အပိုင်၊ စိတ္တရကျေးရွာတွင် လူနေအိမ် ၁၄၅ လုံး မီးလောင်ကျွမ်းခဲ့ရာ ဆုံးရှုံးမှုတန်ဖိုး ငွေကျပ်သိန်း ၁၅၀ ခန့်၊ နိုဝင်ဘာ ၂၀ ရက်ကလည်း ကျောက်ဖြူမြို့တွင် တဲအိမ်ငယ်တစ်လုံး မီးလောင်ကျွမ်းခံရပြီး ဆုံးရှုံးမှုတန်ဖိုးငွေကျပ် ၁၀,၀၀၀ ကျပ်ခန့်ရှိကြောင်း သိရသည်။

ရသေ့တောင်မြို့နယ်တွင် နိုဝင်ဘာ ၁၈ ရက်က တဲအိမ်ငယ်တစ်လုံးမီးလောင်ကျွမ်း၍ ငွေကျပ် ၁၅,၀၀၀ ဖိုးခန့်ဆုံးရှုံးခဲ့သည်။ မောင်တောမြို့နယ် ဝက်ကျိန်းကျေးရွာတွင်လည်း နိုဝင်ဘာ ၂၃ ရက်က နေအိမ်တစ်လုံး၊ ဈေးဆိုင်ခန်းနှစ်ခန်းမီးလောင်၍ ငွေကျပ် ၃၀,၀၀၀ ဖိုးခန့် ဆုံးရှုံးခဲ့သည်။ နိုဝင်ဘာ ၂၃ ရက်ကစစ်တွေမြို့ ရူပမြောက်ရပ်ကွက်တွင် ပစ္စည်းသိုလှောင်ရုံမီးလောင်မှုဖြစ်ပွားခဲ့ရာ တန်ဖိုးငွေ ၁၀,၀၀၀ ခန့်ဆုံးရှုံးခဲ့သည်။ နိုဝင်ဘာ ၂၅ ရက်တွင် မာန်အောင်မြို့နယ်ကွမ်းသီးတောကျေးရွာ၌တန်ဖိုးငွေ ၃၀,၀၀၀ ကျော်တန်ဖိုးရှိ နေအိမ်တစ်လုံးမီးလောင်ကျွမ်းပြီး နိုဝင်ဘာ ၂၆ရက်တွင် မောင်တောမြို့နယ်တောင်ပြို(လက်ဝဲ)မြို့နယ်ခွဲ မဲဒီကျေးရွာ၌ နေအိမ်တစ်လုံးမီးလောင်မှုကြောင့် ငွေကျပ် ၁၅၀,၀၀၀ ဖိုးကျော်ဆုံးရှုံးခဲ့ကာ မီးကြွင်းမီးကျန်များမှ စတင်လောင်ကျွမ်းမှုအများဆုံးဖြစ်သည်ဟု သိရသည်။

## ပြည်ကြီးတံခွန်တွင် နွားဘေးမဲ့ပွဲ ကျင်းပမည်

**ညီညီဇော်**

**မန္တလေး၊ ဒီဇင်ဘာ-၁**

မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ်ရှိတံခွန်တိုင်နွားဘေးမဲ့ရုံတွင် သဒ္ဒါခိုင်မြဲ နွားဘေးမဲ့ပွဲ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

၎င်းပွဲကို ၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၈ ရက်(ပြာသိုလပြည့်)နေ့တွင် နံနက် ၈ နာရီမှ မွန်းလွဲ ၃ နာရီထိ ကျင်းပမည်ဖြစ်သည်။ နွားဘေးမဲ့ပွဲတော်တွင် ဟိန္ဒူရိုးရာယဉ်ကျေးမှုတေးဂီတအဖွဲ့များက တေးသီချင်းများဖြင့် ဖျော်ဖြေမည်ဖြစ်ပြီး အိန္ဒိယသက်သတ်လွတ်အစားအစာများလည်း နိဗ္ဗာန်ဈေးဖွင့်၍ ဈေးနှုန်းသက်သာစွာ ရောင်းချပေးမည်ဟု တံခွန်တိုင်နွားဘေးမဲ့ရုံမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"လူတွေက နွားဘေးမဲ့ပွဲဆိုရင် နွားတွေကို ဘေးမဲ့လွှတ်လိုက်တယ်လို့ ထင်ကြတယ်။ အမှန်က ကျွန်တော်တို့ဆီကို လာလှူတဲ့ နွားတွေကို ကျွန်တော်တို့က အစာကျွေးတယ်။ ထိန်းကျောင်းပေးတယ်။ ဘာမှလည်း မခိုင်းဘူး။ သူတို့သေသွားရင်လည်း ရုံရဲ့ဝင်းထဲမှာပဲ မြှုပ်နှံပေးပါတယ်။ တချို့တွေက နှစ်ဆန်းတစ်ရက်နေ့တို့၊ ကိုယ့်မွေးနေ့တို့မှာ သားသတ်ရုံရောက်လာတဲ့နွားတွေကို ဝယ်ပြီး ဒီဘေးမဲ့ရုံကို လာပို့ကြတာပေါ့။ တချို့ကျတော့လည်း အသက်ကြီးလာလို့ မခိုင်းတော့ဘဲ လာပို့တာလည်းရှိတယ်။ ခုပွဲကတော့ ကျွန်တော်တို့ရဲ့လုပ်ဆောင်ထားမှုလေး တွေပြချင်လို့ လုပ်တာပါ"ဟု အထက်ပါတာဝန်ရှိသူက ပြောကြားသည်။

တံခွန်တိုင်နွားဘေးမဲ့ရုံသည် နှစ်ပေါင်း ၁၀၀ ဝန်းကျင်ရှိပြီဖြစ်ပြီး ယခုလက်ရှိတွင် အိုမင်းခိုင်းနွား ၈၀ ကျော်ကို မွေးမြူစောင့်ရှောက်ထားကြောင်း တာဝန်ရှိသူက ပြောသည်။ မန္တလေးမြို့တွင် အဆိုပါပွဲတော်သို့ သွားလာမှုလွယ်ကူစေရန် ၂၇လမ်းနှင့် ၈၃ လမ်းထောင့်တွင် မော်တော်ယာဉ်များ အခမဲ့စီစဉ်ထားပြီး တိရစ္ဆာန်အစားအစာများနှင့် ဆေးဝါးများ လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

## ဗုဒ္ဓစာပေနှင့် ခေတ်သစ်စာပေသာမက အိုင်တီနည်းပညာပါ အခမဲ့သင်ကြားပေးမည့် ပညာရေးစင်တာ မုံရွာတွင် ဖွင့်မည်

**မျိုးမင်းဦး**

**မုံရွာ၊ နိုဝင်ဘာ - ၃၀**

မုံရွာမြို့၊ သလ္လာမြို့သစ်ရပ်ကွက်၊ အနော်ရထာလမ်းမကြီးပေါ်တွင် ဗုဒ္ဓစာပေနှင့် ခေတ်သစ်စာပေသာမက အိုင်တီနည်းပညာဘာသာရပ်များကိုပါ အခမဲ့သင်ကြားပေးမည့် မဇ္ဈိမရောင်ခြည်ပရဟိတ ပညာရေးစင်တာအား ဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပရဟိတ ပညာရေးစင်တာကို ဗုဒ္ဓစာပေနှင့် ခေတ်သစ်စာပေများတတ်မြောက်စေရန်။

ဗုဒ္ဓ၏ အဆုံးအမနှင့် အညီ ယဉ်ကျေးလိမ္မာသော မျိုးဆက်သစ်သားကောင်း၊ သမီးကောင်း ရတနာများ အနာဂတ်တွင်ပေါ်ထွန်းစေရန်

ဗုဒ္ဓ၏ တရားတော်များကို လက်တွေ့ကျင့်သုံးရှုမှတ်ပွားများခြင်းဖြင့် စစ်မှန်သောငြိမ်းချမ်းမှုကို ခံစားသိရှိနိုင်စေရန်

သိပ္ပံပညာထွန်းကားသော ကမ္ဘာတွင် ကွန်ပျူတာနည်းပညာများကို အသုံးပြုခြင်းဖြင့် ဗုဒ္ဓ၏ ဓမ္မများကို မျှဝေခံစားသိရှိစေရန်

ကမ္ဘာသူ ကမ္ဘာသားအချင်းချင်း အသိပညာ၊ အတတ်ပညာများဖလှယ်ပြီး စီးပွားရေး၊ လူမှုရေး၊ ပညာရေးပူးပေါင်းလုပ်ကိုင်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ပညာရေးစင်တာတွင်ဘုန်းတော်ကြီးသင်ပညာရေး၊ နွေရာသီဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်း၊ နွေရာသီကလေးတရားစခန်း၊ ကွန်ပျူတာသင်တန်း၊ ဘာသန္တရသင်တန်းတို့ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရှိရသည်။

မဇ္ဈိမရောင်ခြည် ပရဟိတ ပညာရေးစင်တာအတွင်း သဒ္ဓမ္မရောင်ခြည် ကျောင်းဆောင်အားအလျား ၆၀ ပေ၊ အနံ ၃၆ပေရှိ နှစ်ထပ်အာရ်စီကျောင်းဆောင်အဖြစ် တည်ဆောက်လျက်ရှိပြီး သင်တန်းတက်ရောက်လိုသူများနှင့် အနယ်နယ်အရပ်ရပ်မှ အလှူရှင်များအနေဖြင့် မဇ္ဈိမရောင်ခြည် ပရဟိတပညာရေးစင်တာတာဝန်ခံဆရာတော် အရှင်လက္ခိတ (သလ္လာဝတီ)၊ အုတ်ကန်တောရ စာသင်တိုက်၊ မုံရွာမြို့။ ဖုန်း- ၀၉-၄၇၀၅၈၇၂၂ သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။

7DAY NEWS JOURNAL
Vol.10, No.38 • DECEMBER 8, 2011



# ငါးနှစ်အတွင်း စက်မှုဇုန်များတွင် လူဦးရေသုံးသန်းကျော် အလုပ်အကိုင်ရရှိမည်

**ပြည်သိမ်း**

**ရန်ကုန်၊ ဇန်နဝါရီ-၁**

စက်မှုဇုန်များတွင် လာမည့်ငါးနှစ်အတွင်း လူဦးရေ ၃ ဒသမ ၈ သန်း အလုပ်အကိုင်ရရှိရန် စီမံကိန်းများရှိကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်(MIC)ဥက္ကဋ္ဌ ဦးစိုးသိန်းက နေပြည်တော်၌ သတင်းထောက်များနှင့် တွေ့ဆုံပွဲတွင် ပြောကြားခဲ့သည်။

ရန်ကုန်မြို့ သီလဝါစက်မှုဇုန်တွင် ကိုရီးယားနိုင်ငံမှ တည်ဆောက်ရန် စီစဉ်ထားသည့် စီမံကိန်းကဲ့သို့ ဂျပန်၊ အိန္ဒိယ၊ တရုတ်စသည့် နိုင်ငံများမှ စီမံကိန်းများလည်းရှိကြောင်း၊ ယင်းစီမံကိန်းများမှာလည်း ရန်ကုန်မြို့ပတ်ဝန်းကျင်စက်မှုဇုန်များတွင် အကောင်အထည်ဖော်မည်ဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်က ပြောသည်။

"စက်မှုလုပ်ငန်းတွေ၊ စက်မှုဇုန်တွေ တည်ထောင်ခွင့်ပြုရင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြစ်အောင် လုပ်ဖို့စီစဉ်ထားပါတယ်" ဟု ဦးစိုးသိန်းက ရှင်းပြသည်။

လက်ရှိ ရန်ကုန်တိုင်းဒေသကြီးရှိ စက်မှုဇုန်များတွင် အလုပ်သမားဦးရေသည် (၁၅၀,၀၀၀)နီးပါးခန့်ရှိပြီး လုပ်ငန်းများမှာလည်း လုပ်သားအခြေပြု အထည်ချုပ်လုပ်ငန်းများဖြစ်ကြောင်း စက်မှုဇုန်ဥက္ကဋ္ဌတစ်ဦးက ပြောသည်။

ထို့အပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း စက်မှုဇုန်အသစ်များ ထပ်မံဖော်ထုတ်ရန် စီစဉ်ထားကြောင်း၊ မွန်ပြည်နယ် ဘုရားသုံးဆူ၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် စက်မှုဇုန်များတည်ဆောက်ရန်ရှိပြီး လက်ရှိဘားအံ၊ ရခိုင်ရှိ စက်မှုဇုန်များကိုလည်း အကောင်အထည်ဖော်ပြီးဖြစ်ကြောင်းသိရသည်။

ရန်ကုန်မြို့၌ စက်မှုဇုန်အသစ်များထပ်မံ တည်ဆောက်ရန် မြေတစ်ကေဈေးနှုန်းမြင့်မားသည့်အတွက် မဖြစ်နိုင်တော့ကြောင်း ထို့ကြောင့် နယ်စပ်ဒေသများနှင့် အခြားသော ပြည်နယ်များတွင်သာဦးစားပေးဖော်ထုတ်အကောင်အထည်ဖော်ရန်သာ ရှိတော့ကြောင်းကိုလည်း ဝန်ကြီးကဆိုသည်။

တိုင်းပြည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် စက်မှုလုပ်ငန်းများသည် များစွာအရေးပါသည်။ မြန်မာနိုင်ငံသည် တံခါးဖွင့်စီးပွားရေးကို စတင်ပြီးနောက်တွင် တိုင်းပြည်စီးပွားရေး တိုးတက်ရန်အတွက် စက်မှုလုပ်ငန်းများ အကောင်အထည်ဖော်ရန် ကြိုးစားခဲ့သော်လည်း သဘာဝသယံဇာတများပေါ်တွင်သာ အာရုံစိုက်ခဲ့သဖြင့် စက်မှုဖွံ့ဖြိုးမှု အားနည်းခဲ့သည်။ ယင်းကာလက ဗီယက်နမ်နိုင်ငံသည် စက်မှုဖွံ့ဖြိုးရေး၊ အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးရန် ကြိုးစားခဲ့သည်။

ယင်းကြောင့် ဗီယက်နမ်နိုင်ငံသည် ယနေ့တွင် စီးပွားရေးအားကောင်းလာသည့် နိုင်ငံဖြစ်လာကြောင်း ဗဟုဖွံ့ဖြိုးရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဇော်ဦးက အာဆီယံစီးပွားရေး အသိုက်အဝန်း (AEC)နှင့် ပတ်သက်၍ သတင်းထောက်များအတွက် ကျင်းပသော ဟောပြောပွဲတွင် ဆိုခဲ့သည်။

"ကျွန်တော်တို့လူမျိုးတွေက အလုပ်အကိုင်မရှိလို့ ဝင်ငွေနည်းနိုင်ငံထဲပါနေတာ။ လူတွေက လူညံ့တွေမဟုတ်ဘူး"ဟု ဦးစိုးသိန်းကဆိုသည်။

စက်မှုလုပ်ငန်းများဖွံ့ဖြိုးရန်၊ လူအများအလုပ်အကိုင်ရရှိရန် တိုင်းပြည်စီးပွားရေးတိုးတက်ရန် ပြည်တွင်း၌အပြောင်းအလဲများပြုလုပ်နေသည်။ ယင်းကြောင့်ပြည်ပရင်းနှီးမြှုပ်နှံမှုများက နေ့စဉ်စုံစမ်းမေးမြန်းမှုများရှိနေကြောင်းလည်း သိရသည်။

"အမေရိကန် သံရုံးတာဝန်ခံကတစ်ဆင့်ပြည်တွင်းမှာအမေရိကန်အစိုးရက ရင်းနှီးမြှုပ် နှံဖို့ ပြောဆိုလာတာတွေ ရှိတယ်။ ဒီလိုပဲ နော်ဝေးတို့၊ ဆွီဒင်စတဲ့ အီးယူနိုင်ငံတွေကလည်း ရင်းနှီးမြှုပ်နှံဖို့ အကြောင်းကြားတာတွေရှိတယ်"ဟု ဦးစိုးသိန်းကဆိုသည်။

ပြည်တွင်း ရင်းနှီးမြှုပ်နှံမှုတွင် လက်ရှိအချိန်၌ ရေအားလျှပ်စစ်လုပ်ငန်း၊ ရေနံသဘာဝဓာတ်ငွေ့လုပ်ငန်း၊ သတ္တုတွင်းလုပ်ငန်းသည့် သဘာဝအရင်းအမြစ်ပေါ် အခြေတည်လုပ်ငန်းများတွင်သာ ရင်းနှီးမြှုပ်နှံမှုတန်ဖိုးအများဆုံးဖြစ်သည်။ စက်မှုလုပ်ငန်းထုတ်ကုန်လုပ်ငန်း စသည်တို့တွင် ရင်းနှီးမြှုပ်နှံမှုမှာနည်းပါးသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများခွင့်ပြုရေးမှ ဩဂုတ်လကုန်စာရင်းဇယားများအရ လျှပ်စစ်လုပ်ငန်းတွင် လုပ်ငန်းပေါင်း ၄ ခုနှင့် ရင်းနှီးငွေပမာဏ ကန်ဒေါ်လာ ၁၄,၅၂၉ ဒသမ ၇၄၂ သန်း၊ ရေနံနှင့် ဓာတ်ငွေ့တွင် လုပ်ငန်းပေါင်း ၁၀၄ ခုနှင့် ရင်းနှီးငွေပမာဏ ၁၃,၈၁၅ ဒသမ ၃၇၅ သန်းရှိကြောင်း သိရသည်။

# စင်ကာပူတွင် အိုင်တီဖြင့် ကျောင်းပြီးထားသူများ အလုပ်အကိုင်ရရှိရေး အခက်တွေ့နေ

**နေလင်းထွန်း**

**ရန်ကုန်၊ဒီဇင်ဘာ-၂**

စင်ကာပူနိုင်ငံတွင် အိုင်တီဘာသာရပ်များ သွားရောက်ပညာသင်ယူကြသော မြန်မာကျောင်းသားများသည် ကျောင်းပြီးဆုံးချိန်၌ အလုပ်အကိုင်ရရှိမှု အခက်အခဲနှင့်ကြုံတွေ့နေရကြောင်း သတင်းရရှိသည်။

စင်ကာပူပိုလီ (SP) ကျောင်းတွင် ဒီပလိုမာဘွဲ့ရရှိထားသော်လည်း အလုပ်အကိုင်များ လျှောက်ထားရာတွင် အဆင်မပြေခြင်းကြောင့် ပြည်တွင်းသို့ပြန်လာပြီးနောက် မလေးရှားနိုင်ငံတွင် ဒီဂရီဘွဲ့သင်တန်း ထပ်မံတက်ရောက်ရန်ပြင်ဆင်နေကြောင်း အသက် ၂၁နှစ်အရွယ်ကျောင်းသားတစ်ဦးကဆိုသည်။

"ကွန်ပျူတာအင်ဂျင်နီယာနဲ့ကျောင်းပြီးထားတယ်။အလုပ်သုံးလရှာတယ်။ မရလို့ပြန်လာတာ။ အလုပ်တစ်ရာလောက်တင်တာနှစ်ခုပဲ အင်တာဗျူးရတယ်။ အလုပ်တွေက PR နဲ့နိုင်ငံသားပဲ ဦးစားပေးတယ်။ အစတုန်းက အလုပ်လုပ်ဖို့ရည်ရွယ်ထားတာ၊အခုတော့ မလေးရှားက Curtin(တက္ကသိုလ်)သွားမယ်။ ကွန်ပျူတာကနေ Chemical Engineering ပြောင်းတက်မယ်။ဖြစ်နိုင်ရင်တော့ ကျောင်းပြီးရင် စင်ကာပူမှာ အလုပ်ပြန်လုပ်ချင်တယ်"ဟု ကိုသော်ဇင်ကိုကိုက ပြောသည်။

အလုပ်အကိုင်အခွင့်အလမ်းကောင်းရရှိရန်နှင့် အမြဲတမ်းနေထိုင်ခွင့်(PR)ရရှိနိုင်ရန် ရည်ရွယ်၍ မြန်မာကျောင်းသားများသည် ၎င်းနိုင်ငံရှိ ပိုလီကျောင်းငါးကျောင်းတွင် ဒီပလိုမာသင်တန်းများကို တက်ရောက်သင်ယူနေကြခြင်းဖြစ်သည်။ကျောင်းသားများ၏ စိတ်ဝင်စားမှုမြင့်တက်လာခြင်းနှင့်အတူ ကျောင်းဝင်ခွင့်ရရှိရန် ခက်ခဲလာပြီး ယခုအခါ ကျောင်းပြီးဆုံးချိန်၌ အလုပ်အကိုင်အခွင့်အလမ်းနှင့်အမြဲတမ်းနေထိုင်ခွင့် (PR) တို့အတွက် စိန်ခေါ်မှုများဖြစ်ပေါ်လာခဲ့ခြင်းဖြစ်သည်။

"ဒီပလိုမာနဲ့ ကျောင်းပြီးတဲ့အချိန်မှာပဲဖြစ်ဖြစ်၊ တခြားအလုပ်အကိုင်ကောင်းတွေရှာတဲ့အခါမှာ ကိုယ့်ရဲ့ပတ်ဝန်းကျင်အသိုင်းအဝိုင်းက အရေးကြီးပါတယ်။ လူအများစုက အသိမိတ်ဆွေအချင်းချင်းကနေတစ်ဆင့်အလုပ်ရကြတာပါ။ ပိုလီကျောင်းမှာ ဒီပလိုမာပြီးထားတဲ့သူ အများစုက အလုပ်ရကြပါတယ်။ ဒါပေမဲ့အိုင်တီနဲ့စာရင်းကိုင်ဘာသာရပ်တွေက အလုပ်အကိုင်ရရှိဖို့နည်းပါးပါတယ်။ ဘာလို့လဲဆိုတော့ စင်ကာပူလူမျိုးတွေက အိုင်တီတို့၊စာရင်းကိုင်ပညာတွေနဲ့ ရင်းနှီးတဲ့အတွက် အဲ့ဒီအလုပ်တွေကို နိုင်ငံခြားသားရဖို့ အခွင့်အလမ်းနည်းပါတယ်။ PR ရဖို့ကတော့ လူတိုင်းအတွက် ခက်ခဲနေပါတယ်။စင်ကာပူအလုပ်အကိုင်အခွင့်အလမ်းနဲ့ ပတ်သက်ပြီးလို့ကတော့ ဘယ်သူမှ အတိအကျမပြောနိုင်ပါဘူး။လုပ်ငန်းအတွေ့အကြုံ၊အဆက်အသွယ်နဲ့ကံတရားပေါ်မှာလည်းမူတည်နေပါတယ်" ဟုနီအမ်းပိုလီကျောင်းမှ ဒီပလိုမာဘွဲ့ရရှိထားပြီး အလုပ်လုပ်ကိုင်နေသူ ကိုထက်ဝင့်အောင်က ပြောသည်။

**Free Classified**

## ဝန်ထမ်းအလိုရှိသည်

**အခမဲ့ကြော်ငြာကဏ္ဍ**

ဆံပင်ညှပ်၊ လျှော်ကျွမ်းကျင် - မ (၅)ဦး။ ခေါင်းလျှော် အလုပ် -မ (၁၀)ဦး။ **ဖုန်း-၀၉ ၇၃၀၀ ၅၆၁၁**

-------------------------

Marketing Manager-M\F (1)Post, Marketing Executive-M\F(3)Posts, Marketing Assistant -M\F(3)Posts, **Bldg.16, Rm 004, Sabei St, Back of Yuzana Plaza, Mingalar Taung Nyunt Tsp.**

-------------------------

Apple Computer စာစီစာရိုက်ကျွမ်းကျင်သူ (သို့) IBM စာစီစာရိုက်ကျွမ်းကျင်သူ(၂)ဦး။

**ဖုန်း-၀၉-၇၃၀၅၂၄၃၃**

-------------------------

Manager (၂)ဦး၊ Marketing -မ(၂)ဦး၊ Office Staff -မ(၂)ဦး၊

**ဖုန်း-၅၄၂၁၁၁၊ ၄၀၀၈၀၅**

-------------------------

အလုပ်သင်ဝန်ထမ်း-မ (၅) ဦး၊ လျှော်၊ စက်ဆွဲကျွမ်းကျင် -မ(၇) ဦး၊ လက်သည်းပန်းချီကျွမ်းကျင်-မ(၃)ဦး၊ **ဖုန်း-၅၀၂၀၅၈**

-------------------------

HR Manager -ကျား၊မ(၁)ဦး၊ အရောင်း-ကျား၊မ(၅)ဦး၊ Marketing -ကျား၊မ(၅)ဦး၊

**ဖုန်း-၀၁ ၃၈၂၀၄၇၊ ၀၉-၅၁၃၁၉၇၂**

-------------------------

Office Staff -မ(၂)ဦး၊ myintmyatkaung7@gmail.com

-------------------------

ဘုရင့်နောင်ပွဲရုံတန်းတွင် ခန့်ရန် စာရေး-ကျား(၁)ဦး၊ ဃ/၂၃၊ အောင်သပြေလမ်း၊ မရမ်းကုန်း။

-------------------------

ယာဉ်မောင်းကျွမ်းကျင်(၁)ဦး၊ ရေသန့်လုပ်ငန်းတွင်မောင်းရန်။

**ဖုန်း- ၆၆၀၄၅၀**

-------------------------

ညှပ်၊ ကောက်၊ဖြောင့်ကျွမ်းကျင် -မ(၁)ဦး၊ လက်သည်း၊ ခြေသည်းဆေးပန်းချီ-မ(၁)ဦး၊ ခေါင်းလျှော်၊ စက်ဆွဲကျွမ်းကျင်-မ(၁)ဦး၊

**ဖုန်း- ၀၉ ၄၉၂၁၆၈၉၃**

-------------------------

သင်တန်းအသစ်များ လက်ခံနေပါပြီ။ SHINPO Japanese Language School, **Ph: 526030**

-------------------------

ဂျပန်ဘာသာသင်ဆရာမ(၂)ဦး၊ N2 or Level-2, B.A(Japanese) or Dip in Japanese,

**Ph: 01 -526030**

-------------------------

Air Con, ရေခဲသေတ္တာ၊ အဝတ်လျှော်စက် ပြုပြင်နိုင်သူများ လျှောက်ထားနိုင်သည်။

**ဖုန်း-၀၉ ၅၀၉ ၅၉၁၆**

-------------------------

Special Trip Travels & Tours Co.,Ltd, Male\ Female (5) Position, **Ph: 95 1 210 656**

-------------------------

တရုတ်စာအခြေခံမရှိသူများနှင့် နိုင်ငံခြားသွားမည့်သူများအတွက် တရုတ်စကားပြောသင်တန်းနှင့် မူလတန်းတရုတ်စာသင်တန်းများ No. 98, 49th Street(5th Fl) Pazundaung.

**Ph: 09 731 94365**

-------------------------

Photoshop, DTP, Excel, Word သင်ကြားပေးသည်။ No. 98, 49th Street(5th Fl) Pazundaung.

**Ph: 09-73194365**

-------------------------

Japanese Language Instructor -ကျား၊မ(၂)ဦး၊ Office Staff-မ(၁)ဦး၊ ဆောက်လုပ်ရေးလုပ်ငန်းအတွက်-ကျား(၃)ဦး၊ စားသောက်ကုန်လုပ်ငန်းအတွက်-ကျား(၂)ဦး၊ အလှကုန်လုပ်ငန်းအတွက်-ကျား (၁)ဦး။ **ဖုန်း-၃၈၂၅၂၉**

-------------------------

စိုက်ပျိုးရေးလုပ်ငန်းကိုစိတ်ဝင်စား၍ ကိုယ်တိုင်လုပ်နိုင်သူ မန်နေဂျာ (ကျား/မ-၁ ဦး)၊

**ဖုန်း-၆၆၇၀၇၉၊ ၆၅၁၅၂၈**

-------------------------

Blue Ocean Travels & Tours Co., Ltd, Executive Tour Operation-M\F (2)Post, Assistant Sales-M\F(2)Post,

**Ph: 95 1 370847, 0973133094**

-------------------------

မဂ္ဂဇင်း Layout Designer-(2) ဦး၊ marketing -(2)ဦး။

**ဖုန်း-၂၁၀၈၀၀**

-------------------------

Accountant (Audit)မ(၂)ဦး၊ သန့်ရှင်းရေးဝန်ထမ်း-မ(၂)ဦး။

**ဖုန်း-၅၅၆၃၁၆၊ ၅၅၆၀၀၁**

-------------------------

သန့်ရှင်းရေးကျွမ်းကျင်(ကျား)

**ဖုန်း-၀၉ ၅၀၀၆၆၁၇**

-------------------------

7 Store Computer, Sale, Service & Distribution Center အရောင်းဝန်ထမ်း - မ(၄)ဦး၊ အမှတ်-၁၆၅-၁၆၇၊ အနော်ရထာလမ်းနှင့် ၃၄ လမ်းထိပ်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

-------------------------

အကူဝန်ထမ်း (ကျား)၊ Photoshop ကျွမ်းကျင်ဝန်ထမ်း (ကျား၊မ)။ **ဖုန်း-၃၉၆၁၁၆၊ ၃၉၆၂၃၅**

-------------------------

အရောင်းမြှင့်တင်ရေးဝန်ထမ်း-ကျား/မ(၂၀)ဦး၊

**ဖုန်း-၅၀၀၃၃၁၊ ၅၀၀၃၃၀**

-------------------------

မူကြိုသင်တန်းဆင်း ဆရာမတစ်ဦး အလိုရှိသည်။

**ဖုန်း-၃၉၄၈၁၈**

-------------------------

**အမြန်အလိုရှိသည်**

Air Con၊ ရေခဲသေတ္တာ၊ အဝတ်လျှော်စက်ကျွမ်းကျင်
(For Kamayut Township)

**ဖုန်း-၀၉-၅၀၉၅၉၁၆**

-------------------------

**PHP Developers Wanted**

Must have solid knowledge in HTML, PHP, MySQL, Java Script, AJAX.
ezyofficial@gmail.com
**F-44, Building(B), First Floor, Pearl Condo, Bahan Tsp.**

-------------------------

**အလိုရှိသည်**

၁။ B Pham ဘွဲ့ရ - မ ၄ ဦး
၂။ Cashier၊ Receptionist - မ ၄ ဦး၊ ၃။ Instrument Nurse - ၃ ဦး၊ ၄။ ယာဉ်မောင်း - ၃ ဦး
အမှတ်(၂၀-A)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်။

-------------------------

**ဝန်ထမ်းအလိုရှိသည်**

၁။ Cashier - မ ၂ ဦး၊ ၂။ Head Waiter - ကျား ၁ ဦး၊ ၃။ ကျွမ်းကျင်အကြော်ဆရာ- ကျား ၁ ဦး၊ ၄။ အကင်ဆရာ - ကျား ၁ဦး၊ ၅။ ဓားကိုင် - ကျား ၁ ဦး၊ ၆။ Waiter - ကျား ၅ ဦး၊ ၇။ Waitress - မ ၃ ဦး၊ ၈။ စည်ဘားကိုင် - မ ၁ ဦး၊ ၉။ သန့်ရှင်းရေးဝန်ထမ်း - ကျား ၁ ဦး။

**ဖုန်း-၀၉-၅၀၉၃၈၇၀**

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ်ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။
အမှန်တကယ်ဝန်ထမ်းခေါ်ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။


ZECUF


microlife
Clinically Tested


SWEETY HOME
I can't sleep without you
15

# Education

7DAY NEWS JOURNAL

Vol.10, No.38 · DECEMBER 8, 2011

# အထက်တန်းတွင် ဝိဇ္ဇာဘာသာရွေးချယ်သူ နည်းသော်လည်း တက္ကသိုလ်တွင် ဝိဇ္ဇာအထူးပြု ယူသူပိုများ

**နေလင်းထွန်း**

**ရန်ကုန်၊ နိုဝင်ဘာ-၃၀**

အထက်တန်း ပညာသင်ယူနေကြသော ကျောင်းသားများတွင် ဝိဇ္ဇာဘာသာရပ်များရွေးချယ်သင်ယူသူ အလွန်နည်းပါးနေသော်လည်း တက္ကသိုလ်တက်ရောက်ချိန်တွင် သိပ္ပံဘာသာတွဲဖြင့် အောင်မြင်သူ အများစုမှာဝိဇ္ဇာဘာသာရပ်အထူးပြုဖြင့် ပြောင်းလဲသင်ယူလျက်ရှိကြောင်း အခြေခံပညာ ကဏ္ဍနှစ်ရှည်စီမံကိန်း အကောင်အထည်ဖော်မှုအစီရင်ခံစာအရ သိရသည်။

သိပ္ပံဘာသာရပ်နှစ်ခု(သို့မဟုတ်)သုံးခုပါဝင်သည့် ဘာသာတွဲများကို ရွေးချယ်သင်ယူသည့် အင်အားမှာ နဝမတန်းတွင် ၉၄ ဒသမ ၈၆ ရာခိုင်နှုန်း၊ ဒသမတန်းတွင် ၉၂ ဒသမ ၈၃ ရာခိုင်နှုန်းရှိပြီး ဝိဇ္ဇာဘာသာတွဲရွေးချယ်သင်ယူသည့် အင်အားမှာ နဝမတန်းတွင် ၅ ဒသမ ၁၄ ရာခိုင်နှုန်း၊ ဒသမတန်းတွင် ၇ ဒသမ ၁၆ ရာခိုင်နှုန်းရှိခဲ့ကြောင်း အထက်ပါအစီရင်ခံစာတွင် ဖော်ပြထားသည်။

"ကျောင်းသားတွေက ဝိဇ္ဇာဘာသာတွဲတွေ မယူတော့သလောက်ပဲ။ အန်တီတို့ကျောင်းမှာတော့ မရှိတော့ဘူး။ ဝိဇ္ဇာဘာသာရပ်တွေ သင်တဲ့ဆရာမတွေကတော့ ရုံးလုပ်ငန်းတွေ ဝိုင်းလုပ်၊ တခြားဘာသာရပ်တွေ ပြောင်းသင်ရတာပေါ့"ဟု နှစ်ပေါင်း ၂၀ ကျော် စာသင်ကြားခဲ့သည့် အထက်တန်းပြဆရာမတစ်ဦးက ပြောသည်။

၂၀၀၉-၂၀၁၀ ပညာသင်နှစ်၊ အထက်တန်းအဆင့် နဝမတန်းနှင့် ဒသမတန်း ကျောင်းသား၊ ကျောင်းသူများ၏ ဘာသာတွဲအလိုက် ရွေးချယ်သင်ယူမှုကို စိစစ်လေ့လာရာတွင် ဘာသာတွဲအမှတ်(၃)၊(၄)နှင့် (၆)တို့ကို ရွေးချယ်သင်ယူသူ မရှိကြောင်းနှင့် ဘာသာတွဲအမှတ် (၅)နှင့် (၈)တို့တွင် သင်ယူသူ အလွန်နည်းပါးကြောင်းသိရသည်။

အထက်တန်းအဆင့်ကျောင်းသားများအား ၂၀၀၁-၂၀၀၂ ပညာသင်နှစ်မှစတင်၍ ဘာသာတွဲရှစ်ခုမှ နှစ်သက်ရာ ဘာသာတွဲတစ်ခုအား ရွေးချယ်သင်ယူစေခဲ့ရာ ကျောင်းသားများက သိပ္ပံဘာသာရပ်များပါဝင်သည့်ဘာသာတွဲများကိုသာ ရွေးချယ်သင်ယူနေကြခြင်းဖြစ်သည်။

တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ပြီးနောက် တက္ကသိုလ်သင်တန်းများသို့ ဆက်လက်တက်ရောက်သင်ယူကြရာတွင်သိပ္ပံဘာသာတွဲဖြင့် အောင်မြင်သူအများစုမှာ ဝိဇ္ဇာဘာသာရပ်အထူးပြုအား ပြောင်းလဲသင်ယူလျက်ရှိသဖြင့် ဝိဇ္ဇာဘာသာရပ်သင်ယူသူ အင်အားတိုးတက်လာရေးအတွက် ကျောင်းအဆင့် ဆွေးနွေးညှိနှိုင်းပြရေးအဖွဲ့များက ဆွေးနွေးညှိနှိုင်းပြပေးရန် ၎င်းအစီရင်ခံစာတွင် တင်ပြထားသည်။

## ဒီဂရီဘွဲ့နှင့် ဘွဲ့လွန်ပညာသင်သူများ လျှောက်ထားနိုင်မည့် နေထိုင်ခွင့်လက်မှတ် လျှောက်ထားခွင့်ရပ်ဆိုင်း

**နေလင်းထွန်း**

**ရန်ကုန်၊ ဒီဇင်ဘာ - ၃**


စင်ကာပူနိုင်ငံတွင် နေထိုင်အလုပ် လုပ်ကိုင်ရှာဖွေရန်အတွက် ဒီဂရီဘွဲ့နှင့် ဘွဲ့လွန်ပညာသင်ကြားထားသူများ လျှောက်ထားနိုင်သော Employment Pass Eligibility Certificate (EPEC) လက်မှတ်လျှောက်ထားခွင့်အား ယခုလမှစတင်ရပ်ဆိုင်းလိုက်ကြောင်း စင်ကာပူအစိုးရမှ သတင်းထုတ်ပြန်ထားသည်။

စင်ကာပူအစိုးရ အသိအမှတ်ပြုထားသော တက္ကသိုလ်မှ ဒီဂရီဘွဲ့ရရှိထားသူများနှင့် အခြားသတ်မှတ်ထားသော အရည်အချင်းပြည့်မီသူများသည် ၎င်းနိုင်ငံတွင် ၂ နှစ်ကြာ နေထိုင်၍ အလုပ်ရှာဖွေနိုင်သည့် EPEC လက်မှတ်ကို လျှောက်ထားခဲ့ကြသည်။

ယခုအခါ EPEC လက်မှတ်အစား Long Term Visit Pass (LTVP)ကို ပြောင်းလဲလျှောက်ထားရမည်ဖြစ်ပြီး ၎င်းလက်မှတ်သည် သုံးလကြာသက်တမ်းရှိမည်ဖြစ်ကာ ထပ်မံသက်တမ်း တိုးခွင့်မရှိကြောင်းသိရသည်။

"ထူးခြားချက်အနေနဲ့ Institute of Higher Learning (IHL) ကျောင်းတွေက ကျောင်းပြီးထားတဲ့ကျောင်းသားတွေကတော့ LTVP ကို တစ်နှစ်အထိနေထိုင်ခွင့် ထုတ်ပေးမယ်လို့ သိရပါတယ်"ဟု စင်ကာပူပညာရေးကျွမ်းကျင်သူတစ်ဦးက ပြောသည်။

စင်ကာပူနိုင်ငံရှိ အစိုးရနှင့် ပုဂ္ဂလိကကျောင်းများတွင် သွားရောက်ပညာသင်ယူသော ကျောင်းသားများအနေဖြင့် ကျောင်းပြီးဆုံးချိန်တွင် ၎င်းနိုင်ငံ၌ နေထိုင်၍ အလုပ်အကိုင်ရှာဖွေနိုင်သောကာလ တိုတောင်းသွားမည်ဖြစ်ပြီး နေထိုင်အလုပ်လုပ်ကိုင်ခွင့် (Work Pass) ရရှိရန် ကြိုးပမ်းကြရမည်ဖြစ်သည်။



## အေးဂျင့်များနှင့် လေ့လာစူးစမ်းမှုအားနည်းသော ကျောင်းသားများ၏ပြဿနာ

**နေလင်းထွန်း**

"စင်ကာပူမှာ ကျောင်းသွားတက်တာ ဆရာနဲ့ကျောင်းသား နှစ်ယောက်တည်း စာသင်ရမယ်လို့ မျှော်လင့်မထားဘူး။ ညဘက်ကြီး သင်ရမယ်လို့လည်း သိမထားဘူး"ဟု လွန်ခဲ့သော ၂နှစ်က စင်ကာပူနိုင်ငံတွင် ဟိုတယ်ဝန်ဆောင်မှုသင်တန်း သွားရောက်သင်ယူခဲ့သော မြန်မာကျောင်းသားက ၎င်းအတွေ့အကြုံကိုပြောပြသည်။

စင်ကာပူနိုင်ငံသို့ ရောက်ရှိသွားပြီး ငါးလကြာမြင့်ချိန်ထိ သင်တန်းဖွင့်လှစ်နိုင်ခြင်းမရှိဘဲ သင်တန်းစတင်ချိန်တွင် ဆရာနှင့် တစ်ဦးချင်းသင်ကြားခဲ့ရကာ အုပ်စုဖွဲ့ဆောင်ရွက်ရမည့် သင်ခန်းစာများအတွက် အခက်အခဲရှိခဲ့ခြင်းကြောင့် ကျောင်းသားနေထိုင်ခွင့်ဖျက်သိမ်း၍ ပြန်လာခဲ့ကြောင်း ၎င်းကဆိုသည်။


ခြောက်လကြာ အချိန်ကာလတွင် ကျပ်သိန်းတစ်ရာခန့် ဆုံးရှုံးခဲ့သောကျောင်းသားက စင်ကာပူနိုင်ငံသို့ သွားရောက်ပညာသင်ယူရန် ဝန်ဆောင်မှုပေးခဲ့သော ပညာရေးအေးဂျင့်ထံမှ တိကျမှန်ကန်ပြည့်စုံသည့် သတင်းအချက်အလက်များ မရရှိခဲ့ကြောင်းပြောသည်။


"အဲဒီအေးဂျင့်ဆီကို သူငယ်ချင်းအသိနဲ့ ရောက်သွားတာပါ။ သူညွှန်တဲ့ကျောင်းကို ရွေးမိသွားတယ်။ သူတို့မရိုးသားဘူးလို့ ခံစားမိတယ်။ အဲ့ဒီအချိန်တုန်းကလည်း အိမ်ကနေ စင်ကာပူထွက်ချင်တဲ့ဆန္ဒတစ်ခုပဲရှိတယ်။ ရတဲ့နည်းနဲ့ ရတဲ့ဘာသာသွားသင်မယ်ပေါ့"ဟု အသက် ၂၁အရွယ်ကျောင်းသားကဆိုသည်။

ပြည်တွင်း၌ ပညာရေးလိုအပ်ချက် မြင့်တက်လာခဲ့ပြီးနောက် ယခုနှစ်ပိုင်းများတွင် ပြည်ပနိုင်ငံများသို့ သွားရောက်ပညာသင်ယူသော မြန်မာကျောင်းသားအရေအတွက် သိသိသာတိုးပွားလာခဲ့သည်။ နိုင်ငံရပ်ခြားပညာသင်ယူလိုသူ များပြားလာချိန်တွင် ပြည်ပပညာရေးဝန်ဆောင်မှုလုပ်ငန်းများ၏ဈေးကွက် ကျယ်ပြန့်လာခဲ့ပြီး ပညာရေးအေးဂျင့်လုပ်ငန်းဆောင်ရွက်သူဦးရေများပြားလာခဲ့သည်။

ပြည်ဝင်ခွင့် လွယ်ကူခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် ကာလတို ဒီပလိုမာသင်တန်းများ တက်ရောက်နိုင်ခြင်းတို့ကြောင့် စင်ကာပူနိုင်ငံသည် မြန်မာကျောင်းသားများ အဓိက သွားရောက်ရာ နိုင်ငံတစ်နိုင်ငံဖြစ်လာသလို စင်ကာပူပညာရေးဝန် ဆောင်မှုလုပ်ငန်းများလည်း နေရာအနှံ့အပြား ပေါ်ပေါက်လာသည်။

**စာ(၃၀)သို့**





7 DAY NEWS JOURNAL
Vol.10, No.38 · DECEMBER 8, 2011

# ပြည်ပ ပညာရေးအတွက် မြန်မာကျောင်းသားများ စိတ်ဝင်စားမှု အမြင့်ဆုံးနိုင်ငံမှာ ဩစတြေးလျဖြစ်နေ

**နေလင်းထွန်း**

**ရန်ကုန်၊ နိုဝင်ဘာ- ၂၈**

ပြည်ပတွင် ပညာသင်ကြားရန် မြန်မာကျောင်းသားများ စိတ်ဝင်တစားသွားရောက်လိုသောနိုင်ငံများတွင် ဩစတြေးလျနိုင်ငံက ထိပ်ဆုံးမှ ရပ်တည်နေကြောင်း နိုင်ငံတကာပညာရေးလေ့လာနေသူတစ်ဦးက ဆိုသည်။



မြန်မာကျောင်းသားများအား လေ့လာဆန်းစစ်မှုအရ ပညာသင်ယူရန် နိုင်ငံရွေးချယ်ရာတွင် ဩစတြေးလျနိုင်ငံအား ဦးစားပေးသွားရောက်လိုကြပြီး ၎င်းနိုင်ငံနောက်တွင် အမေရိကန်နှင့် ဗြိတိန်နိုင်ငံတို့သို့ သွားရောက်ရန် စိတ်ဝင်စားကြကြောင်း သိရသည်။

“ကျောင်းသားတွေ ပညာသွားသင်ဖို့ စိတ်ဝင်စားကြတာက ဩစတြေးလျနိုင်ငံဖြစ်ပါတယ်။ ပြီးတော့မှ အမေရိကနဲ့ ယူကေကို သွားလိုကြတယ်။ ဒါပေမဲ့ ပြည်ဝင်ခွင့် အခြေအနေကြောင့်ကျောင်းသားတိုင်း သွားရောက်နိုင်ဖို့ မလွယ်ကူပါဘူး။ မြန်မာကျောင်းသားတွေက ဩစတြေးလျနိုင်ငံမှာ ပညာသင်လိုကြပေမယ့် စင်ကာပူနိုင်ငံမှာပဲ အများစုရောက်ရှိနေကြပါတယ်” ဟု နိုင်ငံတကာပညာရေးလေ့လာနေသူတစ်ဦးက ပြောသည်။ ပြည်ပနိုင်ငံများသို့ မြန်မာကျောင်းသားများ သွားရောက်ပညာသင်ယူရာတွင် စင်ကာပူနိုင်ငံသို့ အများဆုံးသွားရောက်နေကြပြီး ၎င်းနောက်တွင် ဗြိတိန်နိုင်ငံက ရပ်တည်နေသည်။

မြန်မာကျောင်းသားအများစုသည် ပြည်ဝင်ခွင့်အခြေအနေတို့ပေါ် မူတည်၍ မိမိတို့သွားရောက်ပညာသင်ယူမည့်နိုင်ငံများကို ဆုံးဖြတ်ရွေးချယ်နေကြရကြောင်း သိရသည်။

# ကွန်ဖြူးရှပ်သင်တန်းကျောင်းဖွင့်လှစ်မည်

**နေလင်းထွန်း**

**ရန်ကုန်၊ ဒီဇင်ဘာ - ၂**

တရုတ်ယဉ်ကျေးမှုနှင့် ဘာသာစကားသင်ကြားနေသည့် ကွန်ဖြူးရှပ်သင်တန်းကျောင်းအား မြန်မာနိုင်ငံတွင် ဒီဇင်ဘာလ ဒုတိယပတ်၌ စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း ၎င်းသင်တန်းကျောင်းမှ သိရသည်။

FuXing Confucius Chinese Class အား လသာမြို့နယ်၊ စဉ့်အိုးတန်းအထက်လမ်းတွင် ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်း ၁၂ မျိုး သင်ကြားပို့ချသွားမည်ဖြစ်ကြောင်းသိရသည်။

သင်တန်းများအားလုံးအတွက် တရုတ်ပြည်မ တက္ကသိုလ်များမှ တရုတ်ဘာသာရပ် အဓိကဖြင့်ဘွဲ့ရထားသော ဆရာ၊ဆရာမများက သင်ကြားသွားမည်ဖြစ်ပြီး သင်တန်းကြေးမှာ တစ်လလျှင်ကျပ် ၅,၀၀၀ ဖြစ်ကြောင်း အဆိုပါသင်တန်းကျောင်းက နိုင်ငံပိုင်သတင်းစာများတွင် ကြော်ငြာထည့်သွင်းထားသည်။

တရုတ်နိုင်ငံသည် ၎င်းတို့၏ယဉ်ကျေးမှုနှင့် ဘာသာစကားများ ပျံ့နှံ့စေရန် နိုင်ငံတကာတွင် ကွန်ဖြူးရှပ်သင်တန်းကျောင်းများ တည်ထောင်ဖွင့်လှစ်လျက်ရှိရာ မြန်မာနိုင်ငံသို့ ပထမဆုံးအကြိမ်အဖြစ် လာရောက်ဖွင့်လှစ်ခြင်းဖြစ်သည်။

**ပညာရေးသတင်းတိုများ**

## အော်တိုကတ်ပညာဒါနသင်တန်းဖွင့်မည်

**ရန်ကုန်၊ ဒီဇင်ဘာ - ၁**

အိုင်တီပညာစိတ်ဝင်စားသူများအတွက် အော်တိုကတ်ပညာဒါနသင်တန်းကို ဒီဇင်ဘာလ ၁၀ရက်တွင် စတင်ဖွင့်လှစ်သွားမည်ဖြစ်ပြီး ရွှေဂုံတိုင်၊ Excel တာဝါ၊ အခန်း ၄၀၂သို့ ဆက်သွယ်လျှောက်ထားနိုင်ကြောင်းသိရသည်။ အော်တိုကတ်ပညာဒါနသင်တန်းအတွက် သင်တန်းသား ၁၅ဦးအား သင်တန်းကြေးနှင့် စာအုပ်စာတမ်းကြေးများ ကင်းလွတ်ခွင့်ပြုမည်ဖြစ်ပြီး စနေနှင့် တနင်္ဂနွေနေ့တို့တွင် ညနေ ၅နာရီမှ ၇နာရီအထိ ငါးပတ်ကြာသင်ကြားသွားမည်ဖြစ်ကြောင်း ယင်းသင်တန်းကျောင်းတည်ထောင်ထားသော ကိုဇော်လွင်ဦးက ပြောသည်။

## သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးဟောပြောပွဲ

**ရန်ကုန်၊ ဒီဇင်ဘာ - ၂**

"A Journey to Environmental Consciousness, Economy and Sustainable Development in Myanmar" အမည်ဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဒီဇင်ဘာလ ၁၆ ရက်၊ ညနေ ၅နာရီတွင် ဗြိတိသျှကောင်စီစာကြည့်တိုက်၌ ကျင်းပမည်ဖြစ်သည်။ ယင်းဟောပြောပွဲတွင် စင်ကာပူစီမံခန့်ခွဲမှုတက္ကသိုလ် (SIM)မှ အချိန်ပိုင်းနည်းပြဖြစ်သူ ဒေါက်တာသရင်းစိုးစိုးသိန်းက ရှင်းလင်းဆွေးနွေးမည်ဖြစ်ပြီး စိတ်ဝင်စားသူများ တက်ရောက်နိုင်ကြောင်းသိရသည်။

## အလုပ်အကိုင်အခွင့်အလမ်း ဆွေးနွေးပွဲကျင်းပမည်

**ရန်ကုန်၊ ဒီဇင်ဘာ - ၃**

STI Education မှ သင်တန်းများနှင့် အလုပ်အကိုင်အခွင့်အလမ်းများအကြောင်း ဆွေးနွေးပွဲအား ဒီဇင်ဘာလ ၁၁ ရက် ညနေ ၄ နာရီမှ ၆ နာရီအထိကျင်းပပြုလုပ်သွားမည်ဟုသိရသည်။ ကျောင်းသားများ စိတ်ဝင်စားသည့်ဘာသာရပ်များအပေါ် မူတည်၍ အလုပ်အကိုင်အခွင့်အလမ်းကောင်းရရှိနိုင်မှုတို့အကြောင်း ရှင်းလင်းပြောကြားမည်ဖြစ်ပြီး စိတ်ဝင်စားသူများ တက်ရောက်လေ့လာနိုင်ကြောင်းသိရသည်။








Technology

7 DAY NEWS JOURNAL

Vol.10, No.38 · DECEMBER 8, 2011

# ဖိုက်ဘာအင်တာနက်စနစ် ၂၀၁၂ ပထမနှစ်ဝက်အတွင်း သုံးနိုင်ရန် ဆောင်ရွက်နေဟုဆို

**ယုဇနကိုကို**

**ရန်ကုန်၊ နိုဝင်ဘာ-၂၈**

အိမ်အရောက် အင်တာနက်ဝန်ဆောင်မှုစနစ်ဖြစ်သည့် မြန်နှုန်းမြင့်ဖိုက်ဘာအင်တာနက်စနစ်ကို ရန်ကုန်မြို့တွင် ၂၀၁၂ ပထမနှစ်ဝက်အတွင်းဝန်ဆောင်မှုစတင်ပေးနိုင်ရန် ပုဂ္ဂလိကကုမ္ပဏီများ ပူးပေါင်းဆောင်ရွက်နေပြီဖြစ်ကြောင်း သတင်းရရှိသည်။

လတ်တလောတွင်မူ FttH (Fiber to the Home) ဟု ခေါ်သည့် အဆိုပါမြန်နှုန်းမြင့်အင်တာနက်ဝန်ဆောင်မှုကို ရန်ကုန်မြို့တွင်းရှိ အချို့သော အစိုးရဌာနကြီးများနှင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများတွင်သာ အနည်းငယ်စတင်သုံးစွဲနေသည်။

ရန်ကုန်တစ်မြို့လုံးအတိုင်းအတာဖြင့် ဖြန့်ကျက်သုံးစွဲနိုင်ရန်အတွက်မူ လာမည့်နှစ် နှစ်ဆန်းပိုင်းမှစတင်၍ ရောင်းချပေးနိုင်မည်ဖြစ်ကြောင်း ယင်းအင်တာနက်စနစ်ကိုရောင်းချပေးနေသည့် ရတနာပုံတယ်လီပို့ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရန်ကုန်မြို့တစ်မြို့လုံးတွင် FttH စနစ်ကိုသုံးစွဲနိုင်မည်ဆိုပါက လက်ရှိကြုံတွေ့နေကြရသည့်အင်တာနက်မြန်နှုန်းနှေးကွေးခြင်းပြဿနာကို လျော့နည်းသွားစေမည်ဖြစ်ကြောင်း သိရသည်။

ယင်းကဲ့သို့ မြန်နှုန်းမြင့်ဖိုက်ဘာအင်တာနက်လိုင်းကို အဓိကမြို့ကြီးများတွင် တစ်ဆင့်ချင်းချထားပေးရခြင်းမှာ ပြည်တွင်းအင်တာနက်အသုံးပြုသူပမာဏ ပိုမိုတိုးတက်လာစေရန်နှင့်ပြည်တွင်း၏အင်တာနက်ဆက်သွယ်မှုစနစ်များကောင်းမွန်လာစေရန်အတွက် အဓိကရည်ရွယ်ကြောင်းသိရသည်။

ယခုလက်ရှိ ရန်ကုန်မြို့တွင် လုပ်ငန်းသုံးအဖြစ်အများဆုံးအသုံးပြုနေကြသည့် အင်တာနက်လိုင်းများမှာ ADSL, Broadband နှင့် WiFi စနစ်တို့ဖြစ်ကြသည်။

သို့သော် အဆိုပါအင်တာနက်လိုင်းများ၏ ဝန်ဆောင်မှုများသည် စီးပွားရေးလုပ်ငန်းများကို ကောင်းမွန်စွာအထောက်အပံ့ပေး နိုင်ခြင်းမရှိသေးကြောင်း ရန်ကုန်မြို့အခြေစိုက် စီးပွားရေးလုပ်ငန်းရှင်အချို့ထံမှသိရသည်။

FttH စနစ်ကို ရန်ကုန်မြို့တွင် ယခုနှစ်ဆန်းပိုင်းကတည်းကတပ်ဆင်အသုံးပြုရန် ဆောင်ရွက်ခဲ့သော်လည်း ရန်ကုန်မြို့၏ မြေအောက်လမ်းကြောင်းအခက်အခဲအချို့ကြောင့် နှေင့်နှေးနေရခြင်းဖြစ်ကြောင်း ရတနာပုံတယ်လီပို့ကုမ္ပဏီလီမိတက်မှ သိရသည်။

အဆိုပါဝန်ဆောင်မှုကိုလတ်တလောတွင် မန္တလေးတိုင်း၊ ပြင်ဦးလွင်မြို့နှင့် မန္တလေးမြို့တို့၌ အသုံးပြုနေကြပြီး လက်ရှိအချိန်အထိဖိုက်ဘာဆက်ကြောင်း ကီလိုမီတာ တစ်သောင်းငါးထောင်နီးပါးတပ်ဆင်ပြီးဖြစ်သည်။

FttH အင်တာနက်ဝန်ဆောင်မှုကို ပုဂ္ဂလိကကုမ္ပဏီများဖြစ်ကြသည့် ရတနာပုံတယ်လီပို့ကုမ္ပဏီ၊ E-Lite Tech Manufacturing Co.,Ltd, Red Link Communications တို့က နယ်မြေဒေသများကို အပိုင်းလိုက်ခွဲကာ ရောင်းချပေးနေကြသည်။

# ကျပ်နှစ်သိန်းအောက် Tablet နှင့် Netbook နှစ်မျိုးဈေးကွက်ဝင်

**ယုဇနကိုကို**

**ရန်ကုန်၊ ဒီဇင်ဘာ-၁**

Lenovo နှင့် Prolink အမှတ်တံဆိပ် နည်းပညာပစ္စည်းများတွင် ကျပ်နှစ်သိန်းအောက် ဝယ်ယူရရှိနိုင်မည့် Tablet နှင့် Netbook နှစ်မျိုးပြည်တွင်းဈေးကွက် အတွင်းသို့ ဝင်ရောက်လာပြီဖြစ်သည်။

ကျပ် ၁၉၉,၀၀၀ဖြင့် ဝယ်ယူရရှိနိုင်မည့် Lenovo A1 Tablet နှင့် Prolink UW3 Netbook များက စင်ကာပူနိုင်ငံမှ တင်သွင်းလာခြင်းဖြစ် သည်။

Lenovo A1 Tablet မှာ Android 2.3 စနစ်သုံး အမျိုးအစားဖြစ်ပြီး ၄င်း၏မျက်နှာပြင်အကျယ်မှာ 7" ဖြစ်သည်။

TI3622 Processor ကိုအသုံးပြုထားသည့် အဆိုပါ Lenovo Tablet တွင် Memory 512MB နှင့် အချက်အလက်များ သိမ်းဆည်းနိုင်ရန် 1GB flash chip ပါဝင်ထားသည်။



Prolink UW3 Netbook သည် Intel Atom Dual Core N550 Processor, 1GB DDR3 Memory နှင့် 250 GB HDD တို့ ပါဝင်ထားသည်။

နိုင်ငံတကာသို့ သယ်ဆောင်သွားလိုသူများအတွက် အဆင်ပြေစေမည့် Windows 7 Stater လိုင်စင်ကို ထည့်သွင်းပေးထားသည်။

အာမခံသက်တမ်းတစ်နှစ်ရရှိမည့် အဆိုပါ Lenovo နှင့် Prolink နည်းပညာပစ္စည်းများကို ရန်ကုန်နှင့် မန္တလေးမြို့များရှိ KMD ကွန်ပျူတာအရောင်းဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ကြောင်းသိရသည်။

# အင်တာနက်ဆက်သွယ်ရေးဆိုင်ရာအစည်းအဝေး အိမ်ရှင်အဖြစ် မြန်မာ လက်ခံကျင်းပ

**ယုဇနကိုကို**

**ရန်ကုန်၊ နိုဝင်ဘာ-၂၉**

အာရှ-ဥရောပရေအောက် ကေဘယ်ဆက်သွယ်ရေးစနစ် စီမံခန့်ခွဲရေးကော်မတီ (SEA-ME-WE 3 Cable System Management Committee)မှ ဦးစီးကျင်းပသည့် အင်တာနက် ဆက်သွယ်ရေးဆိုင်ရာ နိုင်ငံတကာအစည်းအဝေးကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

ရန်ကုန်မြို့၊ ကမ္ဘာအေးဘုရားလမ်းပေါ်ရှိ ဆီဒိုးနားဟိုတယ်တွင် နိုဝင်ဘာ ၂၉ရက်မှ ဒီဇင်ဘာ ၂ရက်အထိ လေးရက်ဆက်တိုက်ကျင်းပခဲ့ခြင်းဖြစ်သည်။

အဆိုပါအစည်းအဝေးသို့ ထိုင်း၊ အိန္ဒိယ၊တရုတ်၊ ဂျပန်၊ ကိုရီးယားအစရှိသော အာရှဒေသတွင်းနိုင်ငံများနှင့် အနောက်ဥရောပနိုင်ငံများမှ သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီး၏ တာဝန်ရှိသူ ၄၄ ဦးတက်ရောက်ခဲ့ကြပြီး အဆိုပါ အင်တာနက်ဆက်သွယ်မှုစနစ်နှင့်ပတ်သက်သည့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုဆိုင်ရာများအကြောင်းကို အဓိကဆွေးနွေးခဲ့ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ပြည်ပဆက်သွယ်ရေးစခန်းမှ သတင်းရရှိသည်။

SE-ME-WE 3 ဆိုသည်မှာ အာရှ-ဥရောပတိုက်များရှိ နိုင်ငံများအချင်းချင်းသို့ အတ္တလန္တိတ်သမုဒ္ဒရာ၊ မြေထဲပင်လယ်၊ အိန္ဒိယသမုဒ္ဒရာနှင့် ပစိဖိတ်သမုဒ္ဒရာများကို ဖြတ်ကျော်ပြီး တည်ဆောက်ဆက်သွယ်ထားသော ရေအောက်ကေဘယ်အင်တာနက် ဆက်သွယ်မှုစနစ်တစ်ခု ဖြစ်သည်။

ထို့အပြင် ယင်းအစည်းအဝေးတွင် SE-ME-WE 3 ဆက်သွယ်ရေးစနစ်ပေါ်တွင် အသုံးပြုရသည့် အင်တာနက်စနစ်ကိုသုံးစွဲသော နိုင်ငံတိုင်း၏ အင်တာနက်ဆက်သွယ်မှုမြန်နှုန်းများ ပိုမိုတိုးတက်လာရေးနှင့် အင်တာနက်သုံးစွဲမှုနှုန်း နိမ့်ပါးနေသေးသည့် နိုင်ငံများအတွက်လိုအပ်သည့် အကြောင်းအရာများကို ထည့်သွင်းဆွေးနွေးခဲ့ကြသည်ဟုသိရသည်။

မြန်မာနိုင်ငံအနေဖြင့် ထိုဆွေးနွေးပွဲအပြီးတွင် ပြည်တွင်း၏ အင်တာနက်မြန်နှုန်းများ ပြောင်းလဲပြုပြင်ရန်နှင့်ပတ်သက်ပြီး ဆက်လက်ဆောင်ရွက်ပေးသွားမည်ဟုလည်းသိရသည်။



# ရေအောက်ကေဘယ်ဆက်သွယ်မှုတွင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ပါဝင်မည်

**ယုဇနကိုကို**

**ရန်ကုန်၊ နိုဝင်ဘာ-၂၉**

ရေအောက်ကေဘယ်စနစ်ဖြစ်သည့် SE-ME-WE 3 (South East Asia, Middle East, West Europe) အင်တာနက်ဆက်သွယ်မှုတွင် မြန်မာနိုင်ငံအပါအဝင်နိုင်ငံပေါင်း ၆၄ နိုင်ငံမှ ရင်းနှီးမြှုပ်နှံဆောင်ရွက်ခြင်းများပြုလုပ်သွားမည်ဖြစ်ကြောင်းသတင်းရရှိသည်။

အဆိုပါ ရေအောက်ကေဘယ်အင်တာနက်ဆက်သွယ်မှုစနစ်တည်ရှိသည့် ကေဘယ်လမ်းကြောင်းတစ်လျှောက်တွင် ပါဝင်သည့် အာရှ၊ဥရောပမှနိုင်ငံများအပြင် ယင်းဆက်သွယ်မှုလမ်းကြောင်းနှင့် နီးစပ်ချိတ်ဆက်နိုင်သည့် အခြားနိုင်ငံများကပါပါဝင်ရင်းနှီးမြှုပ်နှံမှုပြုလုပ်ထားသဖြင့် ၆၄ နိုင်ငံအထိရှိလာရခြင်းဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"ကေဘယ်လ်လမ်းကြောင်းတစ်လျှောက်မှာရှိတဲ့ တိုက်ရိုက်ချိတ်ဆက်နိုင်တဲ့ နိုင်ငံပေါင်းက သုံးဆယ့်လေးနိုင်ငံပါ။ တိုက်ရိုက်ချိတ်ဆက်နိုင်တဲ့ နိုင်ငံသုံးဆယ်ကျော်အပြင်ကို တခြားစိတ်ဝင်စားတဲ့ နိုင်ငံတွေကပါ ရင်းနှီးမြှုပ်နှံမှုအနေနဲ့ဝင်လာကြတော့ နိုင်ငံပေါင်းက ခြောက်ဆယ်ကျော်လာရတာပါ" ဟု အထက်ပါတာဝန်ရှိသူကဆက်လက်ပြောသည်။

ယင်းကဲ့သို့ SE-ME-WE 3 ရေအောက်ကေဘယ်အင်တာနက်ဆက်သွယ်မှုစနစ် တည်ဆောက်မှုအတွက် နိုင်ငံများစွာမှ ရင်းနှီးမြှုပ်နှံလာကြခြင်း၏ နောက်ဆက်တွဲတွင် သက်ဆိုင်ရာနိုင်ငံတိုင်း၏ သတင်းအချက်အလက်နှင့် ဆက်သွယ်မှုမြန်နှုန်းများမှာ ပိုမိုမြန်ဆန်လာစေမည်ဟုအထက်ပါလုပ်ငန်းမှ အခြားတာဝန်ရှိသူတစ်ဦးကဆို သည်။

မြန်မာနိုင်ငံတွင်မူ အဆိုပါ SE-ME-WE 3 ဆက်သွယ်မှုစနစ်သည် မကြာခဏဆိုသလို ပြတ်တောက်မှုများ ဖြစ်ပေါ်လေ့ရှိသည်။

ယင်းရေအောက်ကေဘယ်ဆက်သွယ်မှုစနစ်သည်မြန်မာနိုင်ငံတွင် နောက်ဆုံးအကြိမ် ပြတ်တောက်မှုမှာ ပြီးခဲ့သည့် အောက်တိုဘာ ၁၄ ရက်မှ ၂၀ ရက်အထိ ဆက်တိုက်ပြတ်တောက်မှုဖြစ်ပေါ်ခဲ့သည်။

ထို့အပြင် ပြည်တွင်း၏ အင်တာနက်ဆက်သွယ်မှုစနစ်များသည်လည်း ပြီးခဲ့သည့် ၂၀၁၀ ခုနှစ်ဆန်းပိုင်းကာလများမှစတင်ကာ ယခုအချိန်အထိ အိမ်နီးချင်းနိုင်ငံဖြစ်သည့် ထိုင်းနိုင်ငံ၏ ဆက်သွယ်မှုမြန်နှုန်းနှင့်ပင် မယှဉ်နိုင်သေးကြောင်း အင်တာနက်သုံးစွဲသူအသိုင်းအဝိုင်းမှ သိရသည်။

7 DAY NEWS JOURNAL
Vol.10, No.38 • DECEMBER 8, 2011









Photo - Reuters

# ဆမ်ဆောင်း၏ ဂလက်ဇီနုတ်စမတ်ဖုန်းသစ် တောင်ကိုရီးယားတွင် စတင်ဖြန့်ချိ

**ဆိုးလ်၊ နိုဝင်ဘာ - ၂၉**

ကမ္ဘာ့ဒုတိယအကြီးဆုံးမိုဘိုင်းဖုန်း ထုတ်လုပ်သည့်ကုမ္ပဏီ ဆမ်ဆောင်းသည် ကုမ္ပဏီ၏ နောက်ဆုံးထုတ်စမတ်ဖုန်းမော်ဒယ်သစ် ဂလက်ဇီနုတ်ကိုတောင်ကိုရီးယားနိုင်ငံတွင် စတင်ဖြန့်ချိလိုက်ကြောင်းသိရသည်။


ယင်းမော်ဒယ်သစ် စမတ်ဖုန်းကို စက်တင်ဘာလက ဘာလင်မြို့တွင်ပြုလုပ်ခဲ့သည့် အိုင်အက်ဖ်အေ ၂၀၁၁ ပြပွဲ၌ မိတ်ဆက်ပြသခဲ့ခြင်းဖြစ်သည်။ ယင်းဖုန်းသည် ဆမ်ဆောင်းမှ ထုတ်လုပ်သောဂလက်ဇီစမတ်ဖုန်းများတွင် နောက်ဆုံးပေါ်မျိုးဆက်ဖြစ်ပြီး သင်ပုန်းကွန်ပျူတာတစ်လုံး၏ စွမ်းဆောင်ရည်နှင့် ဖုန်းတစ်လုံး၏ စွမ်းဆောင်ရည်ကိုပေါင်းစည်းထားခြင်းဖြစ်သည်။

ဂလက်ဇီနုတ်သည် အထူ ၉ ဒသမ ၆၅ မီလီမီတာသာရှိပြီး အလေးချိန် ၁၈၂ ဂရမ်နှင့် အယ်လ်အီးဒီဖန်သားမျက်နှာပြင် ၅ ဒသမ ၃ လက်မ အကျယ်ရှိသည်။ ထိုမျက်နှာပြင်တွင် ပုံဆွဲရန်၊ ဆေးခြယ်ရန်အတွက် ဒစ်ဂျစ်တယ်ခဲတံတစ်ချောင်းလည်း ပူးတွဲပါဝင်သည်။

ဆမ်ဆောင်းသည် ယခုဖုန်းအပြင် ဂလက်ဇီနက်ဇပ်ဟုခေါ်သည့် ကမ္ဘာ့ပထမဆုံး Android OS ၏ နောက်ဆုံးထွက် အိုက်စကရင်ဆင်းဒဝစ်ချ် OS ကိုအသုံးပြုထားသည်။ ယင်းဖုန်းနှစ်မျိုးစလုံးတွင် အသုံးပြုသူ၏ မျက်နှာပုံသွင်ဖြင့် ဖုန်းကို အဖွင့်၊ အပိတ်လုပ်နိုင်သော Facial Recognition နည်းပညာပါဝင်သည်။

*—Ref: Xinhua*

# ကျူးကျော်စစ်ဗီဒီယိုဂိမ်းကို အီရန်ပိတ်ပင်



**တီဟီရန်၊ နိုဝင်ဘာ - ၂၉**

အမေရိကန်စစ်ဘက်နှင့်လေတပ်လေယာဉ်များက အီရန်နိုင်ငံ၊ တီဟီရန်မြို့အား တိုက်ခိုက်ခြင်းကိုပုံဖော်ထားသည့် ‘Battlefield 3 ’ ကွန်ပျူတာဂိမ်းကို အီရန်နိုင်ငံကပိတ်ပင်လိုက်ကြောင်း အီရန်အိုင်တီမဂ္ဂဇင်းတစ်ခုတွင်ဖော်ပြသည်။

တရားမဝင် ဗီဒီယိုဂိမ်းရောင်းချခြင်းအား ကွန်ပျူတာဆိုင်များအားလုံးတွင် ပိတ်ပင်လိုက်ကြောင်း အီရန်ရဲတပ်ဖွဲ့လုံခြုံရေးနှင့်ထောက်လှမ်းရေးဌာနမှ အရာရှိတစ်ဦးကပြောကြားခဲ့ကြောင်း အီရန်မဂ္ဂဇင်းတွင်ဖော်ပြသည်။

တီဟီရန်အခြေစိုက် အိုင်တီသမဂ္ဂကလည်း ဆိုင်များအားလုံး ယင်းပိတ်ပင်မှုအတိုင်း လိုက်နာကြရန် သတိပေးထားသည်။ ‘Battlefield 3’ ဗီဒီယိုဂိမ်းအား အမေရိကန်ဗီဒီယိုဂိမ်းကုမ္ပဏီ အီလက်ထရွန်နစ်အနုပညာ(EA)က ထုတ်လုပ်ပြီးစိတ်ကူးယဉ်အနာဂတ်ကာလတွင် အမေရိကန် မရိမ်းတပ်ဖွဲ့များကပါရီ၊နယူးယောက်နှင့်တီဟီရန်မြို့များတွင် စစ်ဆင်ရေးဆင်နွှဲပစ်ခတ်ပုံများကို ဖန်တီးထားသည်။

ယင်းဗီဒီယိုဂိမ်းအား တစ်ကိုယ်တော် စစ်ဆင်ရေးအဖြစ်ကစားနိုင်သလို အဖွဲ့ဝင် ၂၄ ဦးပါဝင်သည့် အွန်လိုင်းဂိမ်းအဖြစ်လည်းကစားနိုင်သည်။

*—Ref: AFP*

7DAY NEWS JOURNAL
Vol.10, No.38 • DECEMBER 8, 2011

# မီးရေစုံသား ရေမြေရာသီသဘာဝနဲ့ ထူးမခြားနားစိုက်ပျိုးရေး

ဒေါက်တာထွန်းဝင်း (စိုက်ပျိုးရေး)

ကျွန်တော်တို့ မြန်မာနိုင်ငံသည်အရှေ့တောင်အာရှနိုင်ငံများအားလုံးနဲ့ နှိုင်းယှဉ်ပါကစိုက်ပျိုးရေးလုပ်ငန်းများလုပ်ကိုင်ရန်သဘာဝက အကောင်းဆုံးလက်ဆောင်များပေးထားသည်။ မြေဆီထက်သန်တဲ့ သီးနှံစိုက်ပျိုးမြေဧရိယာအားဖြင့်လည်းကောင်း၊ သီးနှံစိုက်ပျိုးရန် မရှိမဖြစ် အဓိကလိုအပ်တဲ့ရေအရင်းအမြစ် သဘာဝ အနေအထားများအရလည်းကောင်း၊ သီးနှံစိုက်ပျိုးရေးမှာ အဓိကလိုအပ်တဲ့ လောင်စာဆီဖြစ်တဲ့ နေရောင်ခြည်ကိုလည်းကောင်း တစ်နှစ်ပတ်လုံး ရရှိနေ၍ဖြစ်ပါသည်။ သို့သော်လည်း ဒီသီးနှံတွေကို အသက်မွေးဝမ်းကျောင်းပြုပြီး နိုင်ငံတော်နဲ့ပြည်သူအများအတွက် စိုက်ပျိုးထုတ်လုပ်လျက်ရှိတဲ့ မြန်မာနိုင်ငံရဲ့ ၇၀ ရာခိုင်နှုန်း ကိုယ်စားပြုကျေးလက်နေ တောင်သူလယ်သမားများရဲ့ လူနေမှုဘဝဟာ ယနေ့ထိတိုင် မီးရေစုံသားနဲ့ ထူးမခြားနားဖြစ်နေဆဲ၊ ရုန်းကန်နေရဆဲပါ။ ဒီလိုနိုင်ငံရဲ့ တောင်သူလယ်သမားအများစုတွေဟာ နေထွက်မှသည် နေဝင်သည်ထိ နေ့စဉ် အချိန်နဲ့အမျှ ကြိုးစားလုပ်ကိုင်နေကြသော်လည်း လုပ်သလောက် အကျိုးအမြတ်မခံစားရဘဲ သူတို့အားလုံး အဓိကထားပြီး စိုက်ပျိုးထုတ်လုပ်နေတဲ့စပါးသီးနှံမှာ ယနေ့ထိတိုင် ဖောင်စီးရင်းရေငတ်၊ အရှုံးသမားဘဝကနေ လွတ်ထွက်အောင် မကြိုးစားနိုင်ကြတာ ဘာကြောင့်လဲလို့ မသုံးသပ်နိုင်ကြပါသလဲ။

လယ်သမားတွေသည် အခြေခံပညာမတတ်ကြလို့ သုံးသပ်ကြမလား၊ အရင်းအနှီးမရှိ လို့လို့ ပြောမလား၊ နည်းပညာ နားမလည်ကြသေးလို့ ဆိုလေမလား၊ လယ်ယာသုံး စက်ကိရိယာတွေ မသုံးနိုင်ကြသေးလို့ ဝေဖန်လေမလား၊မြန်မာတွေကမ္ဘာ့လူသားတွေထက် ထမင်းစားကြီးလွန်းလို့ဆိုပြီး လျှော့စားခိုင်းလေမလား။


ဒီမေးခွန်းများအတွက် မေ ၁၉-၂၁ ရက်များမှာ နေပြည်တော်မှာ ကျင်းပခဲ့တဲ့ နိုင်ငံတော်ရဲ့ ဆင်းရဲမွဲတေမှုပပျောက်ရေးညီလာခံရဲ့ အဓိကဆုံးဖြတ်မှုများကတော့ကျေးလက်နေပြည်သူများကို အရင်းအနှီးမတည်ပေးရေး၊ သမဝါယမ လယ်ယာစီးပွားရေး စနစ်တည်ထောင်ရေး၊ ကျေးလက်စီးပွားရေးဘဏ်များ ဖွင့်လှစ်ထောက်ပံ့ရေးစတဲ့ စီးပွားရေး အခြေခံအထောက်အပံ့ ပံ့ပိုးပေးမှုများကို လေ့လာတွေ့ရှိရတယ်။

စိုက်ပျိုးရေးကုန်ထုတ်လုပ်ငန်းများ ကြိုးစားအားထုတ်ရင် အားထုတ်သလောက် ထိုက်တန်တဲ့ အကျိုးအမြတ်ရအောင် ဘယ်လိုဘယ်ပုံကူညီပံ့ပိုးပေးမယ်ဆိုတဲ့ တောင်သူတွေအတွက်မက်လုံးကိုပေးမယ့် အကျိုးခံစားခွင့်များနဲ့ ပတ်သက်ပြီး ရေရှည်ခံအစီအမံကို မတွေ့ရှိရဘူး။ ထင်ရှားတဲ့ ဥပမာအားဖြင့် ယခု မိုးစပါးသီးနှံရိတ်သိမ်းအပြီးမှာ တောင်သူတွေလက်ရှိ ရောင်းရတဲ့ စပါးဈေးဟာ သူ့ရဲ့ တစ်မိုးတွင်းလုံးစိုက်ထုတ်ခဲ့တဲ့ လုပ်အားခမပါတစ်ကေကုန်ကျစရိတ် ကျေရုံဈေးဖြစ်တဲ့ စပါးတစ်တင်း ၃,၀၀၀ ကျပ်ရဖို့တောင် အခက်အခဲဖြစ်နေရခြင်းဟာ တစ်နှစ်မက နှစ်စဉ်နှစ်ဆက် ဖြစ်နေလေတော့ သူတို့တွေ ဆင်းရဲတွင်းက မတက်နိုင်တာ မထူးဆန်းပါဘူး။

စောစောပိုင်းက တင်ပြခဲ့တဲ့ တောင်သူတွေမှာ စိုက်ပျိုးရေးနည်းပညာပိုင်းများ အားနည်းလို့ ဆိုပြီး ဝေဖန်သူတွေ ယခုထိတိုင် ရှိကြပါတယ်။ ဒါနဲ့ပတ်သက်လို့ အတိတ်အတွေ့အကြုံပြောရရင် ၁၉၂၀ ခုနှစ်မှ ၁၉၆၂ ခုနှစ်တိုင် ကမ္ဘာမှာ မြန်မာနိုင်ငံဟာ ဆန်အတင်ပို့ဆုံး ပထမနေရာကနေ ရပ်တည်နိုင်ခဲ့စဉ်က ဘယ်သို့သော စိုက်ပျိုးရေးနည်းပညာတွေ ပညာပေးဖြန့်ဖြူးခံခဲ့ရလို့ ဒီအခြေအနေထိ အောင်မြင်ခဲ့တာလဲဆိုရင် ထိုစဉ်က တောင်သူအများစုသည် ပညာရေးအဆင့်အမြင့်ဆုံး ဘုန်းကြီးကျောင်းထွက်နဲ့ လက်ဗွေနှိပ်၊ ကြက်ခြေခတ် အများစုသာဖြစ်တယ်။ ထိုစဉ်ကာလ စိုက်ပျိုးရေး ပညာရှင်ဆိုတာ မြန်မာပြည်မှာ လက်ချိုးရေသလောက်သာ အဖြစ်ရှိခဲ့တာမို့ စိုက်ပျိုးရေး သုတေသန လုပ်ငန်းတွေနဲ့စိုက်ပျိုးရေးပညာသင်တန်းဆိုတာ မမွေးဖွားသေးဘူး။ ဒါကို သုံးသပ်ကြည့်ရင် တောင်သူတွေရဲ့ စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်း ကမ္ဘာကျော်အထိ တိုးတက်အောင်မြင်ဖို့ဆိုတာနည်းပညာသည်လည်းကောင်း၊ တောင်သူရဲ့ ပညာရေးအဆင့် အတန်းသည်လည်းကောင်း အဓိကနေရာမှာ မရှိတာသေချာပါတယ်။

၁၉၆၂ ကနေ နောက်ပိုင်း စိုက်ပျိုးရေးလုပ်ငန်းတစ်ခုလုံး ချုံးချုံးကျလို့ ၁၉၆၉ မှာ ဆန်မလုံလောက်ခဲ့တဲ့အထိ ဖြစ်ခဲ့တယ်။ အဲဒီအတွက်၁၉၇၈ ကစပြီးဒေသ စပါးမျိုးတွေ နေရာမှာ အပြည်ပြည်ဆိုင်ရာ ဆန်စပါး သုတေသနကထုတ်တဲ့ ရာကျော်စပါးမျိုးတွေကို အထူးအထွက်တိုး စီမံကိန်းပုံစံနဲ့ စတင်ဆောင်ရွက်ခဲ့တာ ၂၀၀၃ ခုနှစ်ထိပဲ။ ၁၉၇၈ ကနေ ၁၉၈၈ အထိ နိုင်ငံတော် အစိုးရက ပုလဲ၊ တီစူပါ၊ ပိုတက် ဓာတ်မြေဩဇာတွေကို အလကားနီးပါး အရှုံးခံပြီး အကြွေးစနစ်နဲ့ စိုက်ထုတ်ပြီး အထွက်တိုးအောင် အထွက်တိုးစခန်းတွေ၊ ကျေးရွာအုပ်စုတွေမှာ ဆောက်လုပ်ပြီး ပညာပေးဆောင်ရွက်ခဲ့တာ ရာကျော်ထွက်တဲ့စပါးတွေ တစ်ဧကတင်း ၆၀ ကနေ တင်း ၇၀ အထိပဲ ထွက်တယ်။

၁၉၈၈ နောက်ပိုင်းမှာ နိုင်ငံတော်က ဓာတ်မြေဩဇာအရှုံးခံ အကြွေးပေးစနစ်ရပ်ဆိုင်းလိုက်ပြီး ယခုတိုင်နောက်ထပ် ၁၃ နှစ်ထိ



ရောက်လာသော်လည်း တစ်ဧကတင်း ၆၀-၇၀ နှုန်းကို တင်းခံနေခြင်းဟာ နွေစပါးအထွက်က ခုသာခံသာဖြစ်လို့ တော်သေးတယ်ဆိုတာတွေ့ရတယ်။ ဒီတော့ တစ်ဧက တင်း ၁၀၀ ကျော် အထက် ထွက်နိုင်စွမ်းရှိတဲ့ အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသန ထုတ်မျိုးတွေကိုသုံးပြီး နည်းပညာပေးလုပ်ငန်းတွေကို စီမံကိန်းအသွင် နဲ့ ၁၉၇၈ ကတည်းက ပညာတွေ ပေးဆောင်ရွက်တာ ယနေ့တိုင် ၃၃ နှစ်ရှိလည်း တစ်ဧကတင်း ၆၀-၇၀မှာ တဝဲဝဲလည်ဖြစ်နေတာဘာကြောင့်လဲဆိုတာမသုံးသပ် သင့်သေးဘူးလား။ ၃၃ နှစ်တိုင် ပေးခဲ့တဲ့နည်းပညာတွေ အားနည်းခဲ့လို့ ဆိုတာအပေါ် အပြစ်မဖို့သင့်တော့ပါဘူး။ နည်းပညာကပေးခဲ့တဲ့ ပညာရှင်တွေ တောင်စပေးစဉ်ကတည်းက ပင်စင်ယူတဲ့အထိတိုင် ရောက်ခဲ့ကြပြီးဖြစ်လို့ နည်းပညာလိုအပ်ချက်ကြောင့် ပန်းတိုင်အတွက်မရနိုင်တာလို့ ဝေဖန်သူများအတွက် ဒီလောက်ရှင်းပြတာနဲ့ အဆင်ပြေပါလိမ့်မယ်။

တကယ်တော့ ပညာပေးသူလည်း ပင်စင်ယူအရွယ် အထိရောက်အောင်ပေးခဲ့ပြီး၊ ပညာယူသူသည်လည်း ဆင်းရဲတွင်းက မလွတ်သေး၊ သို့သော်လည်း ဒီအထွက်နှုန်းကိုပဲ မထွက်ထွက်အောင် တရည်ရွယ်တည်း ရည်ရွယ်ပြီး ပန်းတိုင်အထက်တိုးရေး မဟာစူပါစီမံကိန်းများကိုလည်း ဆက်လက်ဆောင်ရွက်နေဦးမယ်ဆိုရင်တော့ ဆင်းရဲတွင်းက လွတ်ကင်းအောင် နိုင်ငံတော်က ဦးစားပေးလုပ်ငန်းအဖြစ် ဆောင်ရွက်နေတဲ့ လယ်သမားဘဝ ဆင်းရဲတွင်းက တက်ဖို့မလွယ်ဘူးဆိုတာ အတွေ့အကြုံရှိသူတိုင်း ခံစားသိရှိနိုင်ပါတယ်။

၃၃ နှစ်တိုင် အတွေ့အကြုံများကပြောနေတဲ့ သီးနှံစုံအထွက်တိုးရေးပန်းတိုင်ဦးတည်ပြီး ဆောင်ရွက်နေတဲ့လယ်ယာစိုက်ပျိုးရေးရဲ့ ပန်းတိုင်လို့ပဲ ပြောပြော၊ ပေါ်လစီလို့ပဲဆိုဆို၊ ဦးတည်ချက်၊ ရည်မှန်းချက်လို့ပဲ ခေါ်ခေါ်၊ မဟာဗျူဟာလို့ပဲ သတ်မှတ် သတ်မှတ်၊ ဒီပမ်းအောင်ကြိုးစားနေတဲ့ ပန်းတိုင်ဆီ ရောက်ဖို့အတွက် အချိန်ကုန် ငွေကုန်၊ လူကုန်ခံပြီး ပညာပေးဆောင်ရွက်နေခြင်းတွေသည် လူလည်းပမ်း၊ အချိန်လည်း ကုန်၊ တိုင်းပြည်အတွက်လည်း အကျိုးမရှိတာ သေချာနေတယ်။ ဘယ်သို့သော နည်းဗျူဟာ၊ ပန်းတိုင်၊ ရည်မှန်းချက်များသုံးလို့ ကမ္ဘာကျော်သည့်တိုင် အောင်မြင်နေတဲ့ အိမ်နီးချင်းမိတ်ဆွေနိုင်ငံများရဲ့ စိုက်ပျိုးထုတ်လုပ်ရေးတွေ ဘယ်လိုဆိုတာ လေ့လာကြည့်ရအောင်။

**ထိုင်းနိုင်ငံ**

၁၈၆၀ပြည့်နှစ်မှာအမေရိကန်နိုင်ငံမှာ စီးပွားရေးပညာဘွဲ့ရပြီး ပြည်တော်ပြန်ရာမမင်းသား အမှတ်(၅)က ထိုင်းဘုရင်ပြည်သူ့လွှတ်တော်အစည်းအဝေးမှာ ဆန်စပါးကိုပြည်တွင်းသာမကပြည်ပပို့ကုန်အဖြစ် သတ်မှတ်ဆောင်ရွက်ဖို့ တင်ပြတယ်။ ဒီမှာမှူးမတ်၊ ဝန်ကြီးအားလုံးက ဒီလိုပြည်ပကို ဆန်တင်ပို့မယ်ဆိုရင် ပြည်သူများ၊ ပြည်သူ့ဝန်ထမ်းများနဲ့ လက်လုပ်လက်စား၊ မြေယာမဲ့ သူများအတွက် ဆန်မလုံလောက်မှု ပြဿနာဖြစ်ပြီး တိုင်းပြည်မငြိမ်မသက်ဖြစ်နိုင်တယ်လို့ စိုးရိမ်ပူပန်ကြလို့ ကန့်ကွက်ကြတယ်။

အဲဒီအထဲက ဆန်စပါးနဲ့ ပတ်သက်ပြီး နိုင်ငံခြားတင်ပို့ဖို့ဆိုတာနဲ့ ရှော့ခ်ရှိကြတာထင်တယ်။ ဒါပေမဲ့ မင်းသားက ဇွတ်အတင်းကြိုးစားပြီး တင်ပြလို့ ခွင့်ပြုချက်ရတာနဲ့ လက်တွေ့အကောင်အထည် ဖော်ဆောင်ရွက်ခဲ့တဲ့အခါ ပြည်ပက ပြည်တွင်းထက် ပိုမိုသော ဆန်ဈေးနှုန်းများရဲ့ စွဲဆောင်မှုကြောင့်လည်းကောင်း၊ ကမ္ဘာ့ဆန်ဈေးကွက်မှာ ဆန်ဝယ်လိုအား ကောင်းလာတာကြောင့်လည်းကောင်း၊ ထိုင်းတောင်သူများက စပါးကို ပိုမိုကြိုးစားပြီး ထုတ်လုပ်လာကြတယ်။ စပါးပိုထွက်လာတော့ ပြည်တွင်းဆန်ဈေးနှုန်းက အရင်က စိုးရိမ်သောကဖြစ်ခဲ့သလို အဆမတန် တက်ခြင်းမရှိတော့။ ဈေးကွက်စီးပွားရေး သဘောတရား ဆန်စပါးကို ပြည်တွင်းသာမက ပြည်ပကိုပါ ဒေသတစ်ခုနှင့်တစ်ခု စပါးကို မထွက်ထွက်အောင် အပြိုင်အဆိုင် ကြိုးပမ်းထုတ်လုပ်ကြလေတော့ စပါးအထွက်နှုန်းရော အရည်အသွေးပါ ပိုမိုတိုးတက်လာစေတယ်။ ပြည်တွင်း ပြည်ပ ဈေးနှုန်းတွေကလည်း ဈေးကွက်သဘာဝအရ မျှတအဆင်ပြေစေတာ ယခုထိပါပဲ။ ယခုဆိုရင် ထိုင်းလယ်သမားများသည်နှစ်စဉ် ဆန်တန်ချိန် ၁၀ သန်းပို့ပြီး ဒေါ်လာသန်း ၅,၀၀၀ ဝင်ငွေနဲ့ အဆင်ပြေလို့နေတယ်။

**ဗီယက်နမ်နိုင်ငံ**

၁၉၈၇ ခုနှစ်ကစပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို လွတ်လပ်စွာ ခွင့်ပြုခဲ့ပြီး ပုဂ္ဂလိကလုပ်ငန်းများကို အားပေးခဲ့တယ်။ ၁၉၈၈ ကစလို့ လယ်သမားများကို လွတ်လပ်စွာ ထုတ်လုပ်ခွင့်ပြုခြင်း၊ ထုတ်ကုန်များကို ဈေးကွက်ဈေးနှုန်းမှာ လွတ်လပ်စွာရောင်းချစေခြင်း၊ ခွင့်ပြုခဲ့တယ်။ ၁၉၈၉ ကစလို့ စိုက်ပျိုးရေးထုတ်ကုန်များကို ဈေးကွက်ဈေးနှုန်းထိန်းချုပ်ခြင်းကို ပယ်ဖျက်ခဲ့တယ်။ အဲဒီအချိန်ကစပြီး ဆန်တန်ချိန် ၁ ဒသမ ၄ သန်းထိ တင်ပို့ခဲ့တယ်။ ဘဏ်လုပ်ငန်းများကို ဝင်ရောက်လုပ်ကိုင်စေတယ်။ ပုဂ္ဂလိက ကုမ္ပဏီများကို နိုင်ငံတကာမှာ တိုက်ရိုက်ကုန်သွယ်ခွင့်ပြုလိုက်တယ်။ ဒီလိုဆန်စပါးလုပ်ငန်းကို တောင်သူလယ်သမားများနဲ့ ကုန်သယ်များကို လွတ်လပ်တဲ့ဈေးကွက်မှာ ယှဉ်ပြိုင်ပါဝင်စေတဲ့ ခွင့်ပြုချက်ပေးရုံမျှဖြင့် ယနေ့ဗီယက်နမ်နိုင်ငံသည် ၁၉၈၈ ခုနှစ် ၂၀၁၁ ဆိုတဲ့ ၁၅ နှစ်အတွင်းမှာ ကမ္ဘာမှာ ဒုတိယမြောက်ဆန်တင်ပို့မှု အများဆုံးနိုင်ငံအဖြစ် ထိုင်းနဲ့အပြိုင်တစ်နှစ်ကို ဆန်တန်ချိန် ၈ သန်းအထိ ဝင်ငွေအားဖြင့် ဒေါ်လာသန်းပေါင်း ၄,၀၀၀ ရှိနေတယ်။ မြန်မာပြည်ထက် စပါးအထွက်တိုးလုပ်ငန်းကို ၁၀ နှစ်လောက် နောက်ကျပြီးမှဝင်လာတဲ့ဗီယက်နမ်နိုင်ငံ စပါးအထွက်က တစ်ဧက တင်း ၁၂၀ ကနေ ၁၄၀ ထိ ရှိနေတယ်။ ကမ္ဘာ့ဈေးကွက်မက်လုံးကဗီယက်နမ်လယ်သမားတွေကို ဆွဲဆောင်လေတော့ ကျွန်တော်တို့ မြန်မာလယ်သမားတွေမထွက်ချင် ထွက်ချင်နေတဲ့ တစ်ဧက တင်း ၆၀-၇၀ ထွက်တဲ့ ညွှံမထစပါးတွေကို ဗီယက်နမ်လယ်သမားတွေက တင်း ၁၂၀-၁၄၀ ထွက် အောင် လုပ်နေနိုင်တာသည် နည်းပညာကြောင့်လား၊ သူတို့အကျိုး စီးပွားကို စေ့ဆော်ပေးနေတဲ့ ဈေးကွက်ကြောင့်လား၊ ဒီမှာ ဈေးကွက်မက်လုံးကြောင့် လယ်သမားကြိုးစားတာ ထင်ရှားနေပြီး ဈေးကွက်နဲ့ လယ်သမားအကျိုးစီးပွားကို မရည်ရွယ်ဘဲ မျက်စိမှိတ်ပြီး တစ်ထွက်တည်း ထွက်ဖို့သာ ဦးတည်ကြိုးစားနေတဲ့ မြန်မာပြည် စိုက်ပျိုးရေးအတွက် ထိုင်းနဲ့ ဗီယက်နမ်သည် အတုယူသင့်တဲ့ သင်ခန်းစာကောင်းများပါပဲ။

အချုပ်အားဖြင့် မြန်မာပြည်၏ တဝဲဝဲလည်လျက်ရှိသော ၇၀ ရာခိုင်နှုန်းသော လုပ်သားပြည်သူတောင်သူအများစု၏ အဓိကအသက်မွေးဝမ်းကျောင်းဖြစ်သည့် သီးနှံစိုက်ပျိုးထုတ်လုပ်ရေးစီးပွားရေးလုပ်ငန်း ယခုထက်ပိုမိုတိုးတက်စေရေးအတွက် အထွက်နှုန်းပန်းတိုင်ရှေးရှု၍ တွန်းအားပေးဆောင်ရွက်ခြင်းများသည် နှစ်ပေါင်း ၃၃ နှစ်တိုင် ရှိခဲ့ပြီဖြစ်ပါတယ်။

သို့ရာတွင် သီးနှံအလိုက်ရည်မှန်းထားတဲ့ပန်းတိုင်အထွက်နှုန်းများရဖို့ကတော့ မှန်းချက်နဲ့ နှမ်းထွက်မကိုက်ဆဲ အနေအထားရှိနေဆဲပါ။ ထင်သာ မြင်သာရှိအောင် ပြောရရင် အထွက်နှုန်းဆိုတဲ့ တံလျှပ်ကို ရေထင်၊ ရွှေသမင်အလိုက် မှားနေဆဲလို့ပြောပါရစေ။ တကယ်တော့ ဒီအထွက်နှုန်းဆိုတာကို ဥပမာတင်စားပြောရရင် သကာရည်နဲ့ တင်စားပါရစေ။ တောင်သူတွေရဲ့ သီးနှံစိုက်ပျိုးမှုတိုင်းအတွက် ဘဝအိပ်မက်မျှော်လင့်ချက်ပန်းတိုင်သည် အကျိုးအမြတ်တစ်ခုသာ ဖြစ်ပါတယ်။ ဒီအကျိုးအမြတ်ကို ကြံအထွက်နှုန်းနဲ့ တင်စားပါရစေ။ ကြံအထွက်နှုန်းကောင်းမှသာ သကာရည်အထွက်နှုန်းကောင်းမှာပါ။ ကျွန်တော်တို့သည် သကာရည်နှင့်တူသော သီးနှံစုံပန်းတိုင်အထွက်နှုန်းဆိုတဲ့ တံလျှပ်ကို ရေထင်ပြီး ရွှေသမင်အလိုက်မှားနေခဲ့တာ နှစ်ပေါင်း ၃၃ နှစ်တိုင်ရှိခဲ့ပြီဆိုတာ သတိရှိစေချင်ပါတယ်။ ကြံအထွက်နှုန်းနဲ့တူတဲ့ တောင်သူတွေရဲ့ဘဝအိပ်မက် သီးနှံအကျိုးအမြတ်ရဖို့ ရှေ့ရှုသော စိုက်ပျိုးရေး ပေါ်လစီ၊ ရည်မှန်းချက်၊ ဦးတည်ချက်၊ မဟာဗျူဟာ၊ စီမံကိန်းများ အဖြစ် ပြောင်းလဲလုပ်ကိုင်နိုင်မှသာလျှင် သကာရည်ခေါ်တဲ့ အထွက်နှုန်းတွေလည်း တိုးလာမှာ အသေအချာဖြစ်ပါတယ်။

၁၈၆၀ပြည့်နှစ်တွင်ဆန်စပါးသီးနှံ၏ အကျိုးအမြတ်ရရှိရေးအတွက် ကမ္ဘာ့ဈေးကွက်သို့ စတင်ဝင်ရောက်ခဲ့သော ထိုင်းနိုင်ငံနှင့် ၁၉၈၇ တွင် စတင်ဝင်ရောက်ခဲ့သော ဗီယက်နမ်တို့ရဲ့ ယနေ့တိုင် ကမ္ဘာ့ဆန်ထုတ်လုပ်မှု အမြင့်ဆုံးနိုင်ငံများအဖြစ် ရပ်တည်နေနိုင်ခြင်း ဥပမာများ၊ နမူနာယူပြီး လက်ရှိ ထူးမခြားနား ဇာတ်လမ်းဖြစ်နေသော ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုကို ပြောင်းလဲပြုပြင်ဆောင်ရွက်ရန် လိုအပ်နေပြီဖြစ်ပါတယ်။

မည်သို့မည်ပုံ
ပြောင်းလဲပါမည်လဲ။

စာ(၃၂) သို့

7 DAY NEWS JOURNAL
Vol.10, No.38 · DECEMBER 8, 2011

# သမိုင်းဝင်အာဇာနည်များကို စံနမူနာတင်ကြဖို့

ကိုသိုး(သဲကုန်း)

၂၈-၁၁-၂၀၁၁ နေ့ မနက်နေထန်းတစ်ဖျားလောက်က ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့သို့တမင်တစ်ဆင့်ကြိုးစားလျက် ကျွန်တော်ရောက်ရှိသွားသည်။ သာယာဝတီမြို့အဝင်လေးတွင်ရှိသည့်'ဆရာစံမြို့သစ်'သို့ကျွန်တော် စီးလာသည့်ကားရောက်သွားသည့်အခါ သည်နေရာသည် ကျွန်တော်လာခဲ့သည့် ဦးတည်ချက်နေရာဖြစ်ကြောင်း ကျွန်တော် အလိုလို သဘောပေါက်လိုက်သည်။ အဘယ့်ကြောင့်ဆိုသော် ရန်ကုန်-ပြည် လမ်းမကြီးပေါ်၌ပင် လူတွေ ပြည့်နှက်နေသောကြောင့်ဖြစ်၏။

လမ်းမ၏ ယာဘက်သို့မျက်စိကစားလိုက်သောအခါ ဆယ်ပေကျော်ကျော်အမြင့်လောက်တွင် တိုင်ထူလွှင့်တင်ထားသည့် ဗီနိုင်းဆိုင်းဘုတ်ကြီးကိုမြင်သည်။ 'နယ်ချဲ့တော်လှန်ရေးလယ်သမားသူပုန်ခေါင်းဆောင်ကြီး ဂဠုန်ဆရာစံ ကွယ်လွန်ခြင်းနှစ်၈၀ ပြည့်အခမ်းအနား' . . တဲ့။

အခမ်းအနားကျင်းပရာ သီရိမင်္ဂလာ ဘုန်းတော်ကြီးကျောင်းဝင်းထဲမှာလည်း လူတွေအပြည့်၊ ကျပ်ညပ်လို့နေသည်။ အသေအချာ ဘယ်ညာတန်းစီပြီး စနစ်တကျရပ်ထားသည့် မော်တော်ဆိုင်ကယ်တွေကပင် မနည်းမနော။ ရွာတွေဘက်မှလည်းတက်ရောက်လာကြပုံရသည်။

ကျောင်းဦးမုခ်ဝ နတ်လမ်းအစမှသည် အခမ်းအနားကျင်းပမည့်မဏ္ဍပ်နားအထိ ဂဠုန်ဆရာစံနှင့် ဂဠုန်တပ်သားကြီးများ၏ သမိုင်းဝင်ဓာတ်ပုံတွေကို အစီအရီချိတ်ဆွဲပြသထားသည်။ တုတ်ကောက်ကိုထောက်လျက်သားရပ်နေသည့် ဆရာစံ၏ခေါင်းပေါင်းနှင့်ပုံက သူ့ကျွန်မခံ မြန်မာ့စိတ်ဓာတ်မာန်ကို ပြဆိုနေသကဲ့သို့ ဗြိတိသျှတို့က ခေါင်းဖြတ်သတ်ကာ လူမြင်ကွင်းတွင် အစီအရီချခင်းပြထားသည့် ဂဠုန်တပ်သားကြီးများ၏ ခေါင်းပြတ်များ ဓာတ်ပုံကလည်း ထိတ်လန့်စရာမဟုတ်ဘဲ မြန်မာ့သတ္တိကို ပြနေသကဲ့သို့ရှိသည်။ ထိုသမိုင်းဝင်ဓာတ်ပုံများကိုကြည့်နေစဉ် အသံချဲ့စက်မှ ငြိမ့်ငြိမ့်ညောင်းညောင်းထွက်ပေါ်နေသည့် ဆရာစံနှင့် ဂဠုန်တပ်သားကြီးများကို ဂုဏ်ပြုဖွဲ့ဆိုထားသောတေးထပ်ကမူ လယ်သမားသူပုန်ကြီးများ၏ စွန့်လွှတ်စွန့်စားရဲစွမ်းသတ္တိကို ကွက်ကွက်ကွင်းကွင်းမြင်သာနိုင်အောင်အထိရသမြောက်စွာပို့ပေးနေသည်။

သေနတ်ကိုင်ထားသည့် ဗြိတိသျှနယ်ချဲ့တပ်ကို ဓားနှင့်တက်ခုတ်ရဲသည်ဆိုသည့်သတ္တိမှာ မိုက်ရူးရဲလုပ်ခြင်းမဟုတ်။ ထီးကျိုးစည်ပေါက် ကျွန်သပေါက်ဖြစ်ခဲ့ရသည့် အမိနိုင်ငံတော်နှင့်တစ်မျိုးသားလုံးကို ကျွန်သပေါက်ဘဝမှ လွတ်မြောက်စေလိုသည့်စိတ်၊ မတရားမှုကို သိသည့်စိတ်၊ အမှန်တရားကို မြင်တတ်သည့်စိတ်တို့မှ မွေးဖွားလာခဲ့သော သံမဏိစိတ်ဓာတ်ဖြစ်လေသည်။ ဓာတ်ပုံများကိုကြည့်ရင်း သီချင်းသံဆီသို့နားစွင့်ထားမိသည့် ကျွန်တော့် ဦးနှောက်ထဲသို့ မှတ်မှတ်သားသားရှိထားခဲ့ဖူးသည့်စာတစ်ပိုဒ်က ပဲ့တင်ထပ်၍ဝင်လာသည်။

"အကြင်သူသည် အမှန်တရားကိုသိ၏။ ထိုအမှန်တရားအတွက် အသက်ကိုပင် ပဓာနမထားဆောင်ရွက်သူလည်းဖြစ်၏။ ထို့ကြောင့် အာဇာနည်မည်၏" ထိုကဲ့သို့သော သတ်မှတ်စံပြုထားချက်ရှိသည့် အာဇာနည်မျိုး၏ အာဇာနည်စိတ်ဓာတ်ဆိုသည်မှာ သာမန်လူတိုင်းအဖို့ မွေးမြူနိုင်ရန်လွယ်ကူလှသည်မဟုတ်။ ထို့ကြောင့် အာဇာနည်ဆိုသည်မှာ ထူးခြား ရှားပါးစံပြုထိုက်သည့် ပုဂ္ဂိုလ်များသာဖြစ်လေ၏။ ထို့ကြောင့် ၎င်းတို့၏ စိတ်ဓာတ်နှင့် စေတနာကိုကျွန်ုပ်တို့မမေ့အပ်ဟုထင်သည်။


သို့သော် အခမ်းအနားမှူးက အခမ်းအနားအဖွင့်မှာတွင်ပင် မြန်မာ့လွတ်လပ်ရေးအတွက် အသက်ပေးခဲ့ကြသည့် အဘဆရာစံနှင့်ဂဠုန်တပ်သားကြီးများ ကျဆုံးကွယ်လွန်ခဲ့ကြပြီးသည့် ယခုနှစ်ပေါင်း ၈၀ အကြာတွင်မှ ဂုဏ်ပြုအမှတ်တရပွဲ ပြုလုပ်နိုင်ခဲ့ကြခြင်းအတွက် စိတ်မကောင်းစွာစကားဆိုလာသံကြားရသည်။


တကယ်တော့ နောင်လာနောက်သားမျိုးဆက်များအတွက် အသက်ကိုပင်စွန့်လွှတ်ခဲ့ကြသည့် ထိုထိုသော အာဇာနည်ကြီးများကို ကျွန်ုပ်တို့အားလုံးက မမေ့စကောင်းသည့်အပြင် စံပြုအတုယူထိုက်သော ပုဂ္ဂိုလ်များအဖြစ် မိမိတို့နှလုံးအိမ်ထဲတွင် စွဲမြဲထားသင့်ကြလေသည်။

ထို့ကြောင့် ထိုနေ့က သာယာဝတီမြို့တွင်ကျင်းပခဲ့သောနှစ် ၈၀ တိုင် ပျက်ကွက်ခဲ့သည့် ဂုဏ်ပြုအမှတ်တရပွဲကို ဘယ်သူတွေကများ ဦးဆောင်ကျင်းပတာပါလိမ့်ဟု ကျွန်တော် စိတ်ဝင်စားလာသည်။ မေးမိတော့ ကျွန်တော်အံ့သြရတော့သည်။

အကြောင်းမှာ ထိုနေ့က သာယာဝတီမြို့တွင်ပါတီစွဲပုဂ္ဂိုလ်စွဲ၊ အရောင်အသွေးစွဲ မရှိဘဲ အားလုံး စည်းလုံးညီညွတ်ခဲ့ကြသောကြောင့် ဖြစ်လေ၏။

တောင်သူလယ်သမားသူပုန်ခေါင်းဆောင်ကြီးဆရာစံ ကျဆုံးကွယ်လွန်ခြင်း အနှစ် ၈၀ မြောက်ဂုဏ်ပြုအမှတ်တရပွဲကိုဦးဆောင်ကျင်းပသူတွေထဲတွင် သာမန်ပြည်သူ့ဝန်ထမ်းတွေလည်း ပါဝင်ကြလျက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်လည်းပါသည်။ ဒီမိုကရက်တစ်ပါတီ(မြန်မာပြည်)လည်းပါသည်။ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီလည်းပါသည်။ သာယာဝတီမြို့ လူငယ်သွေးအလှူရှင်အသင်းလည်းပါသည်။ သာယာဝတီမြို့ စေတနာပရဟိတလူငယ်အဖွဲ့လည်းပါသည်။ အခမ်းအနားသို့ တက်ရောက်လာကြသည့်ပရိသတ်ထဲမှာကလည်းပဲခူးတိုင်းဒေသကြီး အနောက်ခြမ်းမြို့နယ်တွေမှ ပါသေးသည်။ ရန်ကုန်မှလည်း မှန်လုံကားကြီးနှစ်စီးအပြည့်၊





ဂုဏ်ပြုထိုက်သူကို ဂုဏ်ပြုခြင်း၊ စံပြုထိုက်သူကို စံပြုခြင်းဟူသောအကြောင်းတရား၌ ယခုကဲ့သို့ စိတ်သဘောထားထပ်တူရှိကြသည်မှာ မင်္ဂလာတစ်ပါးဟုမြင်သည်။

သည်ကိစ္စတွင် အားတက်သရော ပါဝင်ဆောင်ရွက်ခဲ့ကြသူအများစုမှာ လူငယ်တွေဖြစ်နေသဖြင့် ကျွန်တော့်စိတ်ထဲ ပို၍ပင် မင်္ဂလာဟုသတ်မှတ်မိသည်။

အကြောင်းမှာ လူငယ်တွေစိတ်ထဲ အများအတွက်၊ တိုင်းပြည်အတွက် ကိုယ်ကျိုးစွန့်အနစ်နာခံခဲ့ကြသူတွေအပေါ် ကြည်ညိုလေးစားတန်ဖိုးထား အတုယူလိုသည့်စိတ်ဓာတ် ကိန်းအောင်းစေချင်သောကြောင့်ဖြစ်၏။

နိုင်ငံတိုင်းတွင် ထိုကဲ့သို့သော တိုင်းပြည်အတွက် စွန့်လွှတ်စွန့်စား ကိုယ်ကျိုးစွန့် အနစ်နာခံ အသက်ပေးဆောင်ရွက်ခဲ့ကြသည့် ပုဂ္ဂိုလ်များကို နောင်လာနောက်သားတို့က မမေ့မလျော့ကြစေရန်နှင့် ထိုပုဂ္ဂိုလ်များကို အတုယူလျက် တိုင်းကျိုးပြည်ကျိုးဆောင်ရွက်လိုစိတ် ပေါ်ပေါက်စေရန် တခမ်းတနားဖြင့် ဗိမာန်ကြီးတွေ ရုပ်တုကြီးတွေ တည်ဆောက်ထုလုပ်ကြသည်။ ငွေစက္ကူများပေါ်တွင် ဂုဏ်ပြုရိုက်နှိပ်ထုတ်ဝေကြသည်။ ထိုကဲ့သို့ ဆောင်ရွက်ခြင်းကို ပုဂ္ဂိုလ်ကိုးကွယ်ခြင်းဟု ကျွန်တော်မမြင်။ လေးစားအတုယူထိုက်သူတွေကို နောက်သားမြေးငယ်တို့ စံနမူနာထားစေလိုသောကြောင့် တမင်တဆင် အထူးပြုဆောင်ရွက်ကြခြင်းဖြစ်သည်ဟုသာမြင်သည်။

ကျွန်တော်တို့ နိုင်ငံတွင်လည်း ထိုကဲ့သို့သော အာဇာနည်ပုဂ္ဂိုလ်များကို ဂုဏ်ပြုလျက် ရုပ်တုတွေ ထုလုပ်ခဲ့ကြတာရှိသည်။ သာယာဝတီမြို့တွင် ဆရာစံပန်းခြံနှင့် ဆရာစံရုပ်တုရှိသည်။ မကွေးတိုင်းယင်းချောင်းတံတားကြီးထိပ်တွင် ၁၃၀၀ ပြည့် ရေနံမြေသပိတ်ခေါင်းဆောင် သခင်ဘိုးလှကြီး၏ ရင်အုပ်ကျယ်ကျယ် မေးရိုးကားကား ခံ့ခံ့ညားညား ရုပ်တုကြီးရှိသည်။ ရန်ကုန်မြို့တွင် အမျိုးသားခေါင်းဆောင်ကြီး၊ လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းပန်းခြံရှိသည်။ နောင်လာနောက်သားတို့ကို သွန်သင်ဆုံးမနေဟန် ကြေးသွန်းရုပ်တုကြီးလည်းရှိသည်။

အလားတူပင် မြန်မာနိုင်ငံသုံး ငွေစက္ကူတွေပေါ်၌လည်း လယ်သမားသူပုန်ခေါင်းဆောင်ဆရာစံ၏ပုံ၊ ရေနံမြေသပိတ်ခေါင်းဆောင် သခင်ဘိုးလှကြီး၏ပုံ၊ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ပုံတွေဖြင့်လမ်းစဉ်ပါတီ ခေတ်ဦးပိုင်းလောက်က ရိုက်နှိပ်ထုတ်ဝေကာ ဂုဏ်ပြုခဲ့ကြဖူးသည်။ လမ်းစဉ်ပါတီခေတ်နှောင်းပိုင်းရောက်သည့်အခါတွင်တော့ ဘာကြောင့်မှန်းမသိဘဲ ဂုဏ်ပြုအပ်သော ထိုပုဂ္ဂိုလ်များ၏ ပုံကိုဖြုတ်လျက် စည်းနှင့်ဝါးကိုင်ထားသော လောကနတ်ရုပ်ကို ပြောင်းလဲကာ ရိုက်နှိပ်ထုတ်ဝေသည်။ လောကနတ်ရုပ်ဆိုသည်မှာ ငြိမ်းချမ်းရေးသဘော ဆောင်သဖြင့် ထိုအတိတ်ကိုပင် ယူလားမသိ။ နိုင်ငံ့ဂုဏ်ဆောင်ပုဂ္ဂိုလ်ကြီးများ၏ ပုံတွေကတော့ ပျောက်ကွယ်သွားကြလေတော့၏။

သည့်နောက်တော့ အတုယူစံပြုထိုက်သည့် ပုဂ္ဂိုလ်များ၏ အခန်းကဏ္ဍတဖြည်းဖြည်းမှေးမှိန်ပျောက်ကွယ်စပြုလာခဲ့သည်။ ဆရာစံနှင့် သခင်ဘိုးလှကြီးတို့ဝေးလို့ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကိုပင် အရေးတယူပြောပြလေ့မရှိသော မိဘများ၏သားသမီးတွေဆို ဘာမှန်းမသိတော့။ အာဇာနည်နေ့ကို မသိ၊ အာဇာနည်စိတ်ဓာတ်ကို မသိ၊ အဆိုတော် Rဇာနည်ကိုသာ သိတော့သည်ဆိုသောအခါ အဆိုတော် Rဇာနည်ကို မသိစေလို၍မဟုတ်မူလည်း ကျွန်တော်တို့ တွေ့ရင်နာကြရသည်တော့အမှန်။

အာဇာနည်နေ့ကို မသိလျှင် အာဇာနည်အကြောင်း မသိနိုင်။ အာဇာနည်အကြောင်း မသိလျှင် တိုင်းကျိုးပြည်ကျိုး အများအကျိုးနှင့် အမှန်တရားအတွက် ကိုယ်ကျိုးစွန့်အနစ်နာခံ အသက်ကိုပင် ပဓာနမထား ဆောင်ရွက်ခြင်းများအကြောင်းကိုလည်း မသိနိုင်တော့။ ထိုသို့ဆောင်ရွက်ခဲ့ကြသူများ၏တန်ဖိုးကိုလည်း သိနိုင်ကြတော့မည် မဟုတ်တော့။

ထိုသို့သောကာလမျိုး တာရှည်လာခဲ့မည်ဆိုလျှင် တိုင်းပြည်၏ အနာဂတ်သည် အပေါင်းလက္ခဏာဖြစ်မလာနိုင်တော့။ ကိုယ်ကျိုးစွန့်သူတွေ၏ စံနမူနာတို့ပါးလျားပျောက်ကွယ်သွားတော့ပြီဆိုလျှင် ကိုယ်ကျိုးရှာသူများ၏ လက်မည်းပုံရိပ်များကသာ ရှေ့သို့တိုးထွက်လာကြမည်မှာ သေချာလေတော့၏။

ဟိုတစ်လောက ကာတွန်းတစ်ပုဒ်ဖတ်ရသည်။ ကာတွန်းပုံကငါးကြော်ပန်းကန်ရှေ့တွင် ထိုင်နေသည့်လူတစ်ယောက်။ အဲ့သည့်လူကပြောသည်။ "တို့က အမြီးကျက် အမြီးစား၊ ခေါင်းကျက်ခေါင်းစား လုပ်တတ်တဲ့ကောင်မျိုးမဟုတ်ဘူးကွ၊ အလယ်ပိုင်းပဲ စားတယ်"တဲ့။

အဲ့သည်လို ငါ့ဖို့သမားတွေ အများစုသာ နိုင်ငံထဲမှာ ခေါင်းထောင်ထလာမည်ဆိုလျှင် တိုင်းပြည်ကိုပင် ငါ့အတွက် ရောင်းစားဖို့ဝန်လေးတော့မည်မဟုတ်တော့၊ ထို့ကြောင့်ပင် တိုင်းပြည်အတွက် ကိုယ်ကျိုးစွန့် အနစ်နာခံသွားခဲ့ကြသူပုဂ္ဂိုလ်ကြီးတွေ၏ ဂုဏ်ကျေးဇူးတွေကို မမေ့လျော့အောင်ကြိုးစားကြဖို့လိုသည်ဟုထင်သည်။ စံနမူနာအဖြစ် နှောင်းလူက ယူနိုင်ပါမှ တိုင်းပြည်အနာဂတ်စိတ်ချရမည်။

အခုတစ်လော အမျိုးသားခေါင်းဆောင်ကြီးဗိုလ်ချုပ်အောင်ဆန်း၏ အတ္ထုပ္ပတ္တိတွေ၊ သမိုင်းတွေ၊ မှိုလိုပေါက်အောင် ထွက်လာသဖြင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို ကျေးဇူးတင်ရသည်။ ဘတ်စ်ကားပေါ်မှာ၊ မီးရထားပေါ်မှာ တစ်အုပ်လေးငါးရာဖြင့် အော်ရောင်းနေသည့်ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိစာအုပ်ကလေးတွေပင် အုပ်ရေခြောက်သောင်းကျော် ခုနစ်သောင်းထုတ်ဝေရသည်ကြားရတော့ တိုင်းကျိုးပြည်ကျိုးသယ်ပိုးသွားခဲ့ကြသည့်ခေါင်းဆောင်ကြီးတွေကို မမေ့ကြသေးပါလားဟု ဝမ်းမြောက်ဝမ်းသာဖြစ်ရသည်။

လွန်ခဲ့သည့် သုံးလေးနှစ်က ပြည်မြို့သို့ ကျွန်တော် ရောက်သွားသည့်အခါ ပြည်မြို့၏ မြို့လယ်ခေါင်မှဗိုလ်ချုပ်အောင်ဆန်း စစ်ဝတ်စုံနှင့် မြင်းစီးလာပုံ ကြေးသွန်းရုပ်တုကြီးက ခံ့ညားလွန်းသဖြင့်ငေးမော့ကြည့်ရသည်။အလေးပြုရသည်။

ထိုစဉ် အနားတွင် ဖြတ်မောင်းလာသည့်လိုင်းကားပေါ်မှ ယဉ်နောက်လိုက်၏အော်သံကြားလိုက်ရသည်။ "မြင်းစီးရုပ်ပါတယ် ဟေ့ တစ်ယောက်ဆင်းမယ်"တဲ့။ သည်အသံက ကျွန်တော့်နားထဲ ဓားထမ်းဝင်သည်။

ဒါသည် 'မြင်းစီးရုပ်' မဟုတ်ပါ။ လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကို ဂုဏ်ပြုထားသည့်'ဗိုလ်ချုပ်အောင်ဆန်း ကြေးရုပ်'ဖြစ်ပါသည်။ အဘယ့်ကြောင့် အဓိကဖြစ်သော ဗိုလ်ချုပ်အောင်ဆန်းပျောက်လျက် မြင်းစီးရုပ်ဟု ဖြစ်သွားရပါသနည်း။

တစ်ဆက်တည်း ကြုံသဖြင့် ပြောချင်သေးသည်။ ကျွန်တော်တို့သဲကုန်းမြို့ကလေး၏ မြို့လယ်ကောင်တွင်မြို့ကလေးနှင့်စာလျှင် အလွန်ခံ့ညားခဲ့ဖူးသော စာကြည့်တိုက်ကြီးရှိခဲ့ဖူးသည်။ လွတ်လပ်ရေးကြိုးပမ်းစဉ်ကာလကတည်းက အာရှလူငယ်အစည်းအရုံးဝင်များကကမကထပြုလျက်ဆောက်လုပ်ခဲ့သော သစ်သားအဆောက်အအုံကြီးဖြစ်သည်။ ထိုစာကြည့်တိုက်ကြီးကို တည်ဆောက်ပြီးစကတည်းကပင် လွတ်လပ်ရေးခေါင်းဆောင်ကြီးဗိုလ်ချုပ်အောင်ဆန်းကို ဂုဏ်ပြုလျက် 'ဗိုလ်ချုပ်အောင်ဆန်းစာကြည့်တိုက်'ဟု အမည်ပေးခဲ့သည်။ ကြာခဲ့ပြီ။ ကျွန်တော်တို့ မမွေးမီကတည်းက ထိုအမည်ပေးခဲ့ကြခြင်းဖြစ်သည်။ နှစ်ပေါင်း ခုနစ်ဆယ်ကျော်ခဲ့ပြီ။

စာ(၃၁) သို့

7DAY NEWS JOURNAL

# Current Affairs

Vol.10, No.38 · DECEMBER 8, 2011

## မူဆယ် ၁၀၅ မိုင်ကုန်သွယ်ဇုန်မှ ယခုနှစ်ကုန်သွယ်မှုကန်ဒေါ်လာ ၂ ဘီလီယံကျော်နိုင်

**အောင်သူရ**

**မူဆယ်၊ ဒီဇင်ဘာ-၄**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ် ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်မှ ယခုဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၂ ဘီလီယံကျော်ထိ ကုန်သွယ်မှုရရှိနိုင်ကြောင်း နယ်စပ်ကုန်သွယ်ရေးဦးစီးဌာနမှအဆင့်မြင့်အရာရှိကြီးတစ်ဦးက ပြောသည်။

၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်က မူဆယ် ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံထိသာ ကုန်သွယ်နိုင်ခဲ့သော်လည်း ယခုနှစ်တွင် ဧပြီလမှ အောက်တိုဘာလကုန်ထိ အမေရိကန်ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံကျော်ထိ ကုန်သွယ်ပြီးဖြစ်သည်။

"ဒီနှစ်မှာ အဓိကတက်လာရတဲ့ အကြောင်းကတော့ ပို့ကုန်ကို ၂ ရာခိုင်နှုန်းထိ လျှော့ချပေးလို့ပါ" ဟု နယ်စပ်ကုန်သွယ်ရေးမှ အဆင့်မြင့်အရာကြီးတစ်ဦးက ပြောသည်။

ယခုနှစ် ဘဏ္ဍာရေးနှစ်စမှ အောက်တိုဘာလကုန်ထိ ပို့ကုန်လုပ်ငန်းမှ အမေရိကန်ဒေါ်လာ ၈၃၇ သန်းကျော်ရရှိထားကြောင်းလည်း သိရသည်။

"ဒီနှစ်လယ်ယာထွက်ကုန်ပစ္စည်းတွေ အရောင်းအဝယ်ကောင်းပါတယ်။ အဓိကကောင်းတာက ပြောင်းပေါ့။ ဒီနှစ်တန်ချိန် ၆ သိန်းကျော် တင်ပို့ပြီးပြီ။ မနှစ်က တစ်နှစ်လုံး ၄ သိန်းလောက်ပဲ တင်ပို့နိုင်တယ်" ဟု ပဲ၊ ပြောင်း၊ နှမ်း ကုန်စည်ဒိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ် ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်သည် မြန်မာတစ်နိုင်ငံလုံး ပို့ကုန်သွင်းကုန် ၇၀ ရာခိုင်နှုန်းကျော်အား လုပ်ကိုင်နေသော နယ်စပ်ဂိတ်တစ်ခုဖြစ်ကြောင်း ရှမ်းပြည်နယ်အစိုးရဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်နယ်ဝန်ကြီး ဦးခွန်သိန်းမောင်က ပြောသည်။

## လမ်းခင်းကျောက်များ ကျူကုတ်၊ ပန်ဆိုင်းမှ တရုတ်သို့တင်ပို့

**အောင်သူရ**

**မူဆယ်၊ ဒီဇင်ဘာ-၃**



ကျောက်သည်ကားတစ်စီးအား တွေ့ရစဉ်

ဓာတ်ပုံ-အောင်သူရ

မူဆယ်မြို့အနီး ကျူကုတ်၊ပန်ဆိုင်းနယ်မြေမှ လမ်းခင်းကျောက်များအား တရုတ်နိုင်ငံကျင်စန်းကျော့မြို့သို့ တစ်ရက်လျှင် တန်ချိန်၃၀ တင်ကားစီးရေ၁၀၀ မှ ၁၅၀ ကြား သွားရောက်နေကြောင်း ကျင်စန်းကျော့စခန်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"အောက်တိုဘာ ၁၄ ရက်က မှပြန်သွားခွင့်ပြုတာ။ အရင်ကတော့ ပိတ်ထားပါတယ်" ဟု ကျင်စန်းကျော့စခန်း(မြန်မာဘက်)မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ကျင်စန်းကျော့မှ မူဆယ်မြို့သို့လာသောကားလမ်းတစ်လျှောက်ရှိ ဂဝံကျောက်တောင်များအား စက်ယန္တရားကြီးများနှင့်ဖြိုကာ ထုတ်လုပ်နေခြင်းဖြစ်သည်။ အဆိုပါဂဝံကျောက်များအား ယခင်က တစ်တန်လျှင် ၆ ဒေါ်လာခန့်ဈေးရှိကြောင်း စုံစမ်းသိရသည်။

အဆိုပါ ကျောက်ထုတ်လုပ်ရောင်းချခြင်းကို မြန်မာရွှေမြေ၊ အောင်ချမ်းသာ၊ ပြည့်စုံ၊ ရွှေရှမ်းကြီးနှင့် ခါဆန်ကုမ္ပဏီတို့က ထုတ်လုပ်ရောင်းချနေခြင်းဖြစ်ကြောင်း ကျင်စန်းကျော့စခန်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

## ရန်ကုန်၊ မန္တလေးနှင့် မူဆယ်ရှိ ကုန်စည်ဒိုင်တို့တွင် ကုန်စည်ဈေးနှုန်း အလိုအလျောက် ဖြေကြားစက်များ တပ်ဆင်မည်

**အောင်သူရ**

**မူဆယ်၊ ဒီဇင်ဘာ-၄**

ရန်ကုန်၊မန္တလေးနှင့်မူဆယ်မြို့များရှိ ကုန်စည်ဒိုင်များမှ နေ့စဉ်ဈေးနှုန်းများ သိရှိရန် အလိုအလျောက်ဖြေကြားစက်များ မကြာမီတပ်ဆင်သွားမည်ဟုမြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ထူးက ပြောသည်။

"အဆိုပါစနစ် အသုံးပြုနိုင်ရန်အတွက် အဆိုပါကုန်စည်ဒိုင်သုံးခုတွင် ဖုန်းများတပ်ဆင်ထားပြီးဖြစ်ကာ အလိုအလျောက်ဖြေကြားစက် တင်ဆင်ရန်သာ ကျန်ရှိတော့သည်။

ရန်ကုန်ကုန်စည်ဒိုင်တွင် အလိုအလျောက်ဖြေကြားစက်အတွက် တပ်ဆင်ထားသော ဖုန်းနံပါတ်မှာ ၀၁-၅၂၈၀၉၇၊မန္တလေးကုန်စည်ဒိုင်အတွက်၀၂-၂၄၅၅၀ တို့ဖြစ်ပြီး မူဆယ်ကုန် စည်ဒိုင်ဖုန်းနံပါတ်မှာ ၀၈၂- ၅၅၃၀၀ တို့ဖြစ်သည်။

ထိုမြို့ကြီး သုံးမြို့တွင် တပ်ဆင်အသုံးပြုရာ၌ အဆင်ပြေပါက တခြားမြို့များရှိကုန်စည်ဒိုင်များတွင်ပါ ဆက်လက်တပ်ဆင်သွားမည်ဖြစ်သည်။

လက်ရှိ မူဆယ်မြို့တွင် တပ်ဆင်ထားသောဖုန်းအားမွန်းတည့် ၁၂ နာရီနောက်ပိုင်း ဖုန်းဆက်ပါက ဈေးနှုန်းနှင့်ငွေဈေးတို့ကိုပါ ဖြေကြားပေးမည်ဟု မူဆယ်မြို့ ပဲ၊ ပြောင်း၊ နှမ်းနှင့်လယ်ယာထွက်ကုန် ကုန်စည်ဒိုင်ဥက္ကဋ္ဌက ပြောသည်။ ယခုလက်ရှိတွင် ကုန်စည်ဒိုင်တချို့မှ နေ့စဉ်ဈေးနှုန်းများအား အက်ဖ်အမ်ရေဒီယိုများမှ နေ့စဉ်ထုတ်ပြန်ပေးရကြောင်း သတင်းရရှိသည်။

## ခရီးသည်တင်ယာဉ်တစ်စီး မဆင်မခြင်မောင်းနှင်မှုကြောင့် လမ်းဖြတ်ကူးသည့် မြေးအဘွား နှစ်ဦးသေဆုံး

**အေးမြတ်သူ**

**ရန်ကုန်၊ ဒီဇင်ဘာ-၅**

မရမ်းကုန်းမြို့နယ်ဝေဇယန္တာလမ်းမပေါ်တွင် မထသ (၄၃)ယာဉ်(ရိုးရိုး)သည် မဆင်မခြင်မောင်းနှင်ကျော်တက်မှုကြောင့် လမ်းဖြတ်ကူးသည့် မြေးအဘွား နှစ်ဦးသေဆုံးသွားကြောင်း ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံးမှ သတင်းရရှိသည်။

အဆိုပါယာဉ်တိုက်မှုမှာ ယခုလ ၄ ရက် နံနက် ၁၁နာရီအချိန်တွင် မရမ်းကုန်းမြို့နယ် ဝေဇယန္တာလမ်းအတိုင်း မြောက်မှ တောင်သို့ မောင်းနှင်လာသော (၄၃)ခရီးသည်တင် ယာဉ်လိုင်းသည် ဥက္ကလာဂေါက်ကွင်းနားတွင် လမ်းဖြတ်ကူးသည့် အသက်(၇၈)နှစ်အရွယ် အဘွားနှင့်(၈)နှစ်အရွယ်မြေးဖြစ်သူတို့အားတစ်ဖက်ယာဉ်ကြောမှ ဝင်ရောက်တိုက်မိသဖြင့် ယာဉ်တိုက်ခံရသူ နှစ်ဦးစလုံးဒဏ်ရာရရှိကာ အခင်းဖြစ်ပွားရာနေရာတွင် သေဆုံးသွားခဲ့သည်။ ယာဉ်မောင်းမှာ အခင်းဖြစ်ပွားနေရာတွင် ယာဉ်ကိုထားကာ ထွက်ပြေးတိမ်းရှောင်နေသဖြင့် လိုက်လံရှာဖွေစုံစမ်းနေဆဲဖြစ်ကြောင်း အဆိုပါရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"သူ့လမ်းကြောက ကားကြပ်နေတာကို မစောင့်ဘဲ အခြားလမ်းကနေ ပတ်မောင်းပြီး အတင်းမောင်းတာကြောင့် ဘာမှမဆိုင်တဲ့သူတွေ သေသွားရတာ။ ပြီးတော့ တာဝန်မယူချင်ဘူး" ဟု အဆိုပါ ယာဉ်တိုက်မှုကို ကြုံတွေ့ခဲ့သော တက္ကစီဒရိုင်ဘာတစ်ဦးက ပြောသည်။ ယာဉ်တိုက်မှုကြောင့် သေဆုံးသူအဘွားအိုမှာ ဦးခေါင်းနောက်စေ့စုတ်ပြဲပြီး ခါးရိုးစုတ်ပြဲ၍ သေဆုံးပြီး ကလေးငယ်သည် ဦးခေါင်းကြေမွ၍ဝမ်းဗိုက်ပေါက်ကာ သေဆုံးသွားခဲ့ကြောင်း သိရသည်။ တရားခံယာဉ်မောင်းအား (ပ)၅၉၅၁/၁၁ ပုဒ်မ ၃၀၄(က)/၂၀၂ဖြင့် အမှုဖွင့်၍ လိုက်လံရှာဖွေစုံစမ်းလျက်ရှိကြောင်း သိရသည်။

## ပဲလောကအရှုပ်အရှင်းများကြောင့် ပဲကုမ္ပဏီများ စာရင်းကောက်ယူစောင့်ကြည့်သွားမည်

**ဇာဇာနီ၊ သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဒီဇင်ဘာ-၃**

ပဲလောကအတွင်း ဖြစ်ပေါ်ခဲ့သော ငွေအရှုတ်အရှင်းပြဿနာများကြောင့် ပဲကုမ္ပဏီများ၏ ကုမ္ပဏီစာရင်းကောက်ယူ၍ စောင့်ကြည့်သွားတော့မည်ဖြစ်ကြောင်း ယနေ့ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ပဲ၊ နှမ်းအသင်းဥက္ကဋ္ဌ ဦးထွန်းလွင်က ပြောကြားသည်။

"ပဲလောကမှာ ခုတစ်ကြိမ်နဲ့ဆို နှစ်ကြိမ်ပေါ့။ ၂၀၀၈ ဝန်းကျင်တုန်းကလောက်တော့ ငွေအမောင့်မများဘူး။ ခုဖြစ်တာက ယုံကြည်မှုကို ကာလရှည်စွာတည်ဆောက်ပြီး လုပ်ခဲ့တဲ့ပြဿနာပေါ့။ ကုန်သည်တွေအနေနဲ့လည်း ဒီလောက်မှာက ယုံကြည်မှုနဲ့ လည်ပတ်နေရတာဆိုတော့ နောက်ပိုင်း ဒါမျိုး မဖြစ်အောင် မရှေ့မပြောင်းနိုင်တဲ့ ပစ္စည်းစာရင်းကောက်ယူပြီး ကုမ္ပဏီအနေအထားကိုစောင့်ကြည့်သွားမယ်။ အဲဒီစာရင်းတွေ အခုလုပ်နေပါတယ်"ဟု ဦးထွန်းလွင်ကပြောသည်။

မကြာသေးမီက ဦးဇော်ငယ် (စိန်နန်းထိုက်ကုမ္ပဏီလီမိတက်)အား လာရောက်တိုင်ကြားသော ကုန်သည် ၅၉ဦးထံမှ တန်ဖိုးငွေကျပ် ၄၁၂၉၈သိန်းအား ၎င်းနှင့် နှစ်ရှည်လများ ယုံကြည်၍ ရောင်းဝယ်ခဲ့ကြသော ကုန်သည်အချို့ပေါ်တွင် ယုံကြည်မှုကို အလွဲသုံးစားပြုလုပ်၍ ၎င်းပိုင်ဆိုင်သော ၅/၆၊ ရွှေဇလပ်လမ်း၊ ၄ ရပ်ကွက်၊ ရွှေပုန်းညက်ရိပ်မွန်၊ ကမာရွတ်မြို့နယ်ရှိတိုက်ခန်းကိုနိုဝင်ဘာ ၁၈ ရက်တွင်ရောင်းချကာပြီးခဲ့သည့် နိုဝင်ဘာ ၁၄ရက် ညနေ ၅ နာရီခွဲတွင် မိသားစုနှင့်အတူ Air Asia လေကြောင်းလိုင်းဖြင့် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့သို့ ထွက်ပြေးသွားပြီဖြစ်ကြောင်း သိရှိရသည်။

ဦးဇော်ငယ်ကိုဘုရင့်နောင်ကုန်စည်ဒိုင် အသင်းဝင်အဖြစ်မှ ယာယီရပ်ဆိုင်းလိုက်ပြီဖြစ်ကြောင်း ဘုရင့်နောင်ကုန်စည်ဒိုင်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

အဆိုပါကြေညာချက်ကို ဒီဇင်ဘာ ၁ရက် ရက်စွဲဖြင့်လည်း ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ကြေညာချက်ထုတ်ထားကြောင်း သိရသည်။

ယင်းကြေညာချက်တွင် ဦးဇော်ငယ်အနေဖြင့် ငွေကြေးကိစ္စများမပြေလည်မချင်း ကုန်စည်ဒိုင်အတွင်းဝင်ခွင့်မရှိကြောင်းနှင့် အရောင်းအဝယ်မပြုလုပ်ရန်ပါ ထည့်သွင်းကြေညာထားသည်ဟု အထက်ပါပုဂ္ဂိုလ်ကပြောသည်။

"သူ့ငွေတွေ မရှင်းနိုင်မချင်း အသင်းဝင်အဖြစ်က ယာယီရပ်ဆိုင်းထားတာကြောင့် ကုန်စည်ဒိုင်မှာ အရောင်းအဝယ်မလုပ်နိုင်သလို နိုင်ငံခြားအရောင်းအဝယ်ပါ မှတ်ပုံတင်ခွင့်မချပေးဘဲ နိုင်ငံခြားအရောင်းအဝယ်ပါပိတ်ထားတယ်"ဟု ကုန်စည်ဒိုင်တာဝန်ရှိသူကပြောသည်။

ယင်းပဲလိမ်လည်သူကို ကုန်စည်ဒိုင်အနေဖြင့် ၂၀၀၈ ခုနှစ်က လိမ်လည်ခဲ့သူများကဲ့သို့ရာသက်ပန်အသင်းဝင်ရပ်ဆိုင်းခြင်းရှိ၊ မရှိကိုပေးရာတွင် "သူ့ကို အချိန်ကာလတစ်ခုအထိ စောင့်ကြည့်ပြီးမှ ဒါကဆုံးဖြတ်မှာ။ ဘာလို့လဲဆိုတော့ သူက နိုင်ငံခြားထွက်သွားတယ်လို့သိရပေမယ့် ငွေတွေ ရှင်းမပေးတော့တာ မသေချာသေးလို့ဒီကြေညာချက်မထုတ်သေးတာပါ"ဟုအထက်ပါပုဂ္ဂိုလ်ကပြောသည်။

7DAY NEWS JOURNAL
Vol.10, No.38 · DECEMBER 8, 2011

# ❝ ဘယ်သူပဲလုပ်လုပ် ကျွန်တော့်အနေနဲ့ကတော့ ငြိမ်းချမ်းရေးရချင်တာပဲရှိတယ်

## ငြိမ်းချမ်းရေးအကျိုးဆောင်သူတစ်ဦးနှင့် တွေ့ဆုံခြင်း

**အားမာန်**

ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ငါးဖွဲ့သည် နိုဝင်ဘာ၁၉ရက်တွင် မြန်မာ၊ ထိုင်းနယ်စပ်တစ်နေရာ၌ သီးခြားစီတွေ့ဆုံဆွေးနွေးခဲ့သည်။ ထိုတွေ့ဆုံဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ၏ ပထမဆုံးသမ္မတစစ်ရွှေသိုက်၏ သားဦးဟန်ညောင်ဝေနှင့် ရန်ကုန်အခြေစိုက် Myanmar Egress အဖွဲ့ကကြားကအကျိုးဆောင်ပေးခဲ့ခြင်းဖြစ်ပြီး ထိုတွေ့ဆုံဆွေးနွေးမှုများတွင် ထိုအဖွဲ့တည်ထောင်သူများကိုယ်တိုင် ပါဝင်ကူညီခဲ့သည်။ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းနှင့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ အပြန်အလှန်ယုံကြည်မှုရရန် ထိုတွေ့ဆုံမှုမှာ ကေအင်န်ယူအတွက် ဒုတိယအကြိမ်ဖြစ်ပြီး ပထမအကြိမ်မှာ အောက်တိုဘာလကဖြစ်သည်။ ကျန်အဖွဲ့များအတွက်မူ ပထမအကြိမ်ဖြစ်သည်ဟုသိရပါသည်။

လက်နက်ကိုင် ပဋိပက္ခများမှာ အပြန်အလှန်သံသယမှစတင်ပြီး ထို့နောက် ပဋိပက္ခ၊ ထိုမှတစ်ဆင့် တိုင်းပြည်ဆင်းရဲမွဲတေမှုကိုဖြစ်စေသည်။ သူ၏ ဆန့်ကျင်ဘက် ငြိမ်းချမ်းရေးရယူရန် ကနဦးအပြန်အလှန်ယုံကြည်မှု၊ ထိုမှတစ်ဆင့် ငြိမ်းချမ်းရေး၊ ထိုမှတစ်ဆင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုဆီသို့ သွားနိုင်မည်ဖြစ်ကြောင်း Myanmar Egress တည်ထောင်သူတစ်ဦးကပြောသည်။ စာဖတ်သူများအတွက် ထိုအဖွဲ့တည်ထောင်သူများထဲမှ တစ်ဦးဖြစ်သော ဦးလှမောင်ရွှေနှင့်တွေ့ဆုံမေးမြန်းထားသည်များမှကောက်နုတ်ဖော်ပြလိုက်ပါသည်။

**ငြိမ်းချမ်းရေးအကျိုးဆောင်လုပ်ဖို့ ပထမဦးဆုံး ဦးတို့ စိတ်ကူးကို ဘယ်လိုရခဲ့သလဲ။**

ကြားထဲမှာ အကျိုးဆောင်တဲ့ ဦးဟန်ညောင်ဝေ၊ ဒီဘက်က Myanmar Egress အဖွဲ့သားတွေ။ ဘာကြောင့် ဒီလိုရလဲဆိုတော့ ခုနက ကျွန်တော်ရှင်းပြသလို ငြိမ်းချမ်းရေးမြန်မြန်ရစေ



တောင်ကြီးဟိုတယ်တွင် ဒီဇင်ဘာ ၂ရက်က အစိုးရအဖွဲ့မှ တာဝန်ရှိသူများနှင့် ရှမ်းပြည်နယ်တပ်မတော် တာဝန်ရှိသူများ သဘောတူလက်မှတ်ရေးထိုးအပြီးတွေ့ရစဉ်။ ငြိမ်းချမ်းရေးအကျိုးဆောင်ပုဂ္ဂိုလ်အချို့လည်း တက်ရောက်ခဲ့သည်။

ချင်တယ်။ မြန်မြန်ရမှ Development (ဖွံ့ဖြိုးတိုးတက်ရေး)ဘက်ကိုသွားလို့ရမယ်။ ဒါမှ ဒီနိုင်ငံရဲ့ သာယာဝပြောမှုကိုရှေးရှုနိုင်မယ်။ အခုရှိတဲ့အခြေအနေက ဒီမိုကရေစီနိုင်ငံမဟုတ်သေးဘူး။ ကျွန်တော်တို့က ဒီမိုကရေစီနိုင်ငံဖြစ်အောင်လို့ သွားမယ့်ခြေလှမ်းတွေစတုန်းပဲရှိသေးတယ်။ အဲတော့ တခြားနိုင်ငံတွေမှာ ဒီလိုကိစ္စတွေမှာလည်း ယူတန်း (U Turn နောက်ပြန်သွားတာ)တွေ့ရတယ်၊ ဖတ်ဖူးတယ်ပေါ့။ ဒီမိုကရေစီနိုင်ငံတစ်ခု ကူးပြောင်းဖို့မှာ Transition နှေးခြင်း၊မြန်ခြင်းကအချက်သုံးချက်ပေါ် မူတည်လို့ပြောတယ်။ အဲဒီနိုင်ငံမှာInstitution(အဖွဲ့အစည်း) တွေ အားကောင်းလား။ ပြီးရင် လူတစ်ဦးချင်းရဲ့ Capacity (စွမ်းရည်/လုပ်နိုင်စွမ်း)က နိမ့်လား၊မြင့်လား။ ပြီးတော့ အဲဒီနိုင်ငံမှာ ရှိတဲ့လူတွေရဲ့ တစ်ဦးချင်းစီဝင်ငွေက နိမ့်လား၊ မြင့်လားပေါ့။ ဒီသုံးချက်နဲ့ တိုင်းတာတယ်လို့ ပြောပါတယ်။ ကျွန်တော်တို့နိုင်ငံမှာက အဲဒီသုံးချက်က နိမ့်နေတယ်။ အဲလို နိမ့်နေတဲ့အတွက် ကျွန်တော်တို့နိုင်ငံက သုံးချက်လုံးကို မတင်နိုင်ဘူးဆိုရင် ကျွန်တော်တို့ရဲ့ခရီးက ကြာဦးမှာပဲ။ ဒီထဲမှာ အခန့်မသင့်ရင် ယူတန်းပြန်ဖြစ်သွားနိုင်တယ်။ ဒီလိုဆိုရင် ကျွန်တော်တို့က လုပ်နိုင်တာ Capacity တင်တဲ့ကိစ္စကိုလုပ်နိုင်တယ်။ ကျန်တဲ့နှစ်ခုထဲက ဒီစစ်ပွဲတွေရှိနေတယ်ဆိုရင် ခုနပြောတဲ့ ကျွန်တော်တို့ အမျိုးသားဝင်ငွေက စစ်စရိတ်ကို ပိုသုံးနေရမယ်။ တစ်ဦးချင်းဝင်ငွေက Development ကို မသွားနိုင်ဘဲ အခြားမလိုအပ်တာတွေသုံးနေရရင် တစ်ဦးချင်းဝင်ငွေ တိုးဖို့ကလည်းခက်ဦးမှာပဲ။ အခုဆိုရင် ကျွန်တော်တို့ ပညာရေးဘတ်ဂျက်တွေနည်းနေတယ်။ ဒီ Education နိမ့်နေရင် လူတစ်ဦးချင်းစီရဲ့ Capacity ကလည်း နိမ့်နေမှာပဲ။ ဒါဆိုရင်တော့ ကျွန်တော်တို့သွားတာကြာမှာကြောက်တယ်။ ခုန စိတ်ကူးဆိုတာက ဒီဟာမျိုးကို အားလုံးဝိုင်းလုပ်စေချင်တာ။ ကျွန်တော်တို့မှာ နိုင်ငံကောင်းစေချင်တဲ့ပြင်းပြတဲ့ဆန္ဒရှိတာတော့ ကျွန်တော်တို့ကိုယ် ကျွန်တော်တို့ ယုံကြည်ပါတယ်။

စာ(၂၉)သို့






7 DAY NEWS JOURNAL
Vol.10, No.38 · DECEMBER 8, 2011

■စာ(၂၈)မှ

တွေ့ဆုံခဲ့တဲ့ တိုင်းရင်းသားခေါင်းဆောင်တချို့ကလည်း ဒီလိုဟာမျိုးမှာ သူတို့အနေနဲ့ကလည်း မြန်မြန်ငြိမ်းချမ်းရေးရပြီး မြန်မြန် Develop ဖြစ်စေ ချင်တဲ့အရာကို သူတို့အနေနဲ့သဘောတူနေတဲ့အခါမှာကျွန်တော်တို့အနေနဲ့ ပိုအားရှိတာပေါ့ဗျာ။ အခုဟာက ယုံကြည်မှုစပြီး တည်ဆောက်ပြီးမှ အကြိုဆွေးနွေးပွဲဖြစ်တာ။ ဒါပေမဲ့ ဒီအကြိုဆွေးနွေးပွဲတွေကလည်း အကြောင်းကြောင်းကြောင့် အချိန်မရွေး ပျက်သွားနိုင်တာပဲ။ ဒါပေမဲ့ အကြိမ်ကြိမ်တွေ့ရင်းတွေ့ရင်းနဲ့ ယုံကြည်မှုတွေ တိုးသထက်တိုးလာရင်တော့ ဒီ ဟာက ပျက်တဲ့ဘက်ထက် ပိုပြီးတော့ ဖြစ်ထွန်းသွားတဲ့ဘက်ကို ကျွန်တော်တို့က မျှော်လင့်ပါတယ်။

**ငြိမ်းချမ်းရေးအတွက် (ကြားကနေ) အကျိုးဆောင်ပေးတာဆိုတော့ လက်နက်ကိုင်အဖွဲ့တွေကို ဘယ်လိုမိတ်ဆက်လဲ။**

ဦးအောင်မင်းကတော့ပြည်ထောင်စုဝန်ကြီး။ သမ္မတရဲ့ကိုယ်စားလှယ်ပါ။ ဦးဟန်ညောင်ဝေကတော့ ပထမဦးဆုံးသမ္မတရဲ့သား ဖြစ်တယ်။ ရှမ်း Leader ဖြစ်တယ်။ ပြီးတော့ သူ့အနေနဲ့လည်းနှစ်ပေါင်းများစွာ ဆက်ဆံခဲ့တယ်ပေါ့။ ဒါကြောင့်မို့သူ့ကိုကြားထဲမှာဝိုင်းကူညီဖို့ မေတ္တာရပ်ခံခဲ့တာပါ။ ကျွန်တော်တို့ကတော့ တိုက်ရိုက်ဘာမှမပါဘူး။ ကျွန်တော်တို့က Official လည်းမဟုတ်ဘူး။ ကျွန်တော်တို့က ဒီလိုယုံကြည်မှုတည်ဆောက်ပြီး အပစ်အခတ်ရပ်စဲ၊ ဆွေးနွေးပွဲတွေ ဆက်လုပ်ပြီး ငြိမ်းချမ်းရေးရစေနိုင်လို့ နိုင်ငံသားတာဝန်ထမ်းဆောင်ကြတာပါ။ ငြိမ်းချမ်းရေး အကျိုးဆောင်လို့ပြောရင်လည်း ရမှာပါ။ ဘယ်လိုနာမည်တပ်တပ်ပေါ့။ ကျွန်တော်တို့အနေနဲ့ဝိုင်းပြီးတော့ လုပ်ဖို့ပါပဲ။

**အကြိုဆွေးနွေးပွဲနှစ်ကြိမ်ပြီးသွားတဲ့နောက်မှာဦးအနေနဲ့တွေ့ဆုံဆွေးနွေးမှုတွေကို ကျေနပ်အားရလား။**

စတွေ့တွေ့ချင်းတော့ နှစ်ဖက်စလုံးမှာ ဒါအလုပ်သဘောပြောရင်ပေါ့။ တော်တော်လေးရိုးသားတယ်လို့ ကျွန်တော်ထင်မိပါတယ်။(မှတ်ချက်-ဒီဇင်ဘာ၂ရက်နေ့တွင် ရှမ်းပြည်နယ်တပ်မတော် RCSS/SSA အဖွဲ့မှာ အစိုးရတာဝန်ရှိသူများနှင့် အပစ်အခတ်ရပ်စဲရေးသဘောတူလက်မှတ်ကို တောင်ကြီးမြို့ရှိ တောင်ကြီးဟိုတယ်အစည်းအဝေးခန်းမတွင် ရေးထိုးခဲ့ကြသည်။ အစိုးရဘက်မှ နိုဝင်ဘာ၁၉၊ ၂၀တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ငါးဖွဲ့နှင့် ငြိမ်းချမ်းရေးအတွက် ဦးဆောင်ဆွေးနွေးခဲ့သော ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းနှင့် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီး ဦးခင်မောင်စိုး၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ် အပါအဝင် ငြိမ်းချမ်း ရေးအကျိုးဆောင်များ၊ ပြည်နယ် အဆင့်တာဝန်ရှိသူများ၊ တပ်မတော်ကိုယ်စားလှယ်များ တက်ရောက်သည်။ ရှမ်းပြည်တပ်မတော်၏ ကိုယ်စားလှယ်အဖွဲ့တွင် ဗိုလ်မှူးချုပ်စိုင်းလုက ခေါင်းဆောင်ပြီး အဖွဲ့ဝင်ခြောက်ဦး ပါဝင်သည်။)

**လက်နက်ကိုင်တွေနဲ့ ငြိမ်းချမ်းရေးရဖို့ နောက်ထပ် ချဉ်းကပ်နည်းလမ်းတစ်ခုရှာတာ ဘာကြောင့်လို့ထင်ပါသလဲ။**

ကျွန်တော့်အမြင် ပြောရရင်တော့ ငြိမ်းချမ်းရေးရဖို့ ဘယ်သူပဲလုပ်လုပ် ငြိမ်းချမ်းရေးရစေချင်ပါတယ်။ ဒါပေမဲ့ မပြင်ရဘူးလားလို့မေးရင်လည်း တချို့ကိစ္စတွေပြင်တာ တိုင်းပြည်ကောင်းဖို့ဆိုရင်တော့ပြဿနာမရှိဘူးလေ။ သူတို့ ဆွေးနွေးနေတာ ကြည့်ရတာ ပိုကောင်းတဲ့ဘက်ကိုရောက်သွားနိုင်ပါတယ်။

**ငြိမ်းချမ်းရေးရဖို့ဆိုရင် အနီးကပ်စောင့်ကြည့်ပြီး မြင်ရတဲ့အနေအထားအရ ဘယ်လိုမြင်ရလဲ။**

ဒါပေမဲ့ အခုဟာကတော့ ပထမဆင့်ပဲရှိပါသေးတယ်။ပထမအဆင့်ဆိုတာကနားလည်မှုတည်ဆောက်တယ်။ စားပွဲဝိုင်းကို သူတို့ အနေနဲ့ခေါ်မယ်။ ပြီးလို့ရှိရင်တော့ သူတို့ စားပွဲဝိုင်းကိုရောက်ရင် အပစ်အခတ်ရပ်စဲမယ်။ ပြီးမှ နောက်တစ်ဆင့်၊ နောက်တစ်ဆင့် တက်ဖို့ကိစ္စတွေပေါ့။ အခုအနေအထားက တချို့အဖွဲ့တွေကတော့သေချာပေါက်ရမှာပါ။

**စားပွဲဝိုင်းဆိုတော့ ပြည်တွင်းမှာလား။ အပြင်မှာပဲလား။ စားပွဲဝိုင်းအဆင့်ရောက်ရင် ဘယ်မှာလုပ်ဖြစ်မလဲ။**

အဲဒါကတော့ နှစ်ဖက် ယုံကြည်မှုပေါ် မူတည်တာပေါ့။ တချို့ကတော့ပြည်တွင်းဖြစ်မှာပဲ။ ယေဘုယျအားဖြင့်တော့ ပြည်တွင်းဖြစ်မယ်လို့ထင်တယ်။

**အခုလည်း ငါးဖွဲ့လောက်နဲ့စတွေ့ပြီးပြီဆိုတော့ ဘယ်အဖွဲ့တွေကျန်ဦးမလဲ။ အစိုးရနဲ့ ငြိမ်းချမ်းရေးမရသေးတဲ့ အတိုက်အခံထဲက။**

အဖွဲ့သေးတွေ ကျန်သေးတယ်။ တချို့အဖွဲ့တွေဆိုရင်လက်မှတ်ထိုးပြီးပြီ။ အပစ်အခတ်ရပ်စဲထားတယ်။ ထာဝရငြိမ်းချမ်းရေးကို ဆက်သွားဖို့လိုသေးတယ်။ ထာဝရငြိမ်းချမ်းရေးကို သွားဖို့ဆိုတာ အဆင့်တွေက အများကြီးကျန်သေးတယ်။ ထာဝရငြိမ်းချမ်းရေးသွားဖို့တော့ အချိန်ယူရမယ်။ အပစ်အခတ်ရပ်စဲရေးဖြစ်ဖို့လောက်က မြန်နိုင်တယ်။ အပစ်အခတ်ရပ်စဲရေး မြန်မြန်ဖြစ်ရင် သေနတ်သံတိတ်မယ်ဗျာ။ ဖြစ်နိုင်လို့ရှိရင် ၂၀၁၂ နှစ်ဆန်းက စပြီး သေနတ်သံတိတ်စေချင်ပါတယ်။ ထာဝရငြိမ်းချမ်းရေးနဲ့တိုင်းပြည် Developmentက ကျွန်တော့်အနေနဲ့ မြစ်ဆုံထက် ပိုအရေးကြီးတယ်လို့ယူဆပါတယ်။

**ဒေါ်အောင်ဆန်းစုကြည်က ပြည်တွင်းငြိမ်းချမ်းရေးရဖို့ ကူညီဖို့ အသင့်ပါလို့ပြောတယ်။ ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင်ပါလာဖို့ အစိုးရက ဆောင်ရွက်ပေးဖို့ ဖြစ်နိုင်ခြေရှိတယ်လို့ထင်ပါသလား။**

ဒါက အားလုံးဝိုင်းပါကြရမှာ။ ငြိမ်းချမ်းရေးလိုချင်သူ၊ တိုင်းပြည် Development မြန်မြန်လိုချင်သူအားလုံး ဝိုင်းပါကြရမှာပါ။ ဝန်ကြီးဦးအောင်မင်း ရှင်းပြတာကတစ်ဖွဲ့ချင်းအပစ်အခတ်ရပ်စဲ၊ ပြီးရင် စားပွဲဝိုင်းမှာ ညှိနှိုင်း၊ အဖွဲ့များလာရင်ပေါင်းပြီး ဆွေးနွေးဖို့ ရည်မှန်းချက်ရှိတယ်ပြောပါတယ်။

အဲဒီ အချိန်ရောက်ခဲ့ရင်တော့ဒေါ်အောင်ဆန်းစုကြည်၊အပါအဝင်တိုင်းရင်းသားခေါင်းဆောင်တွေ၊ နိုင်ငံရေးပါတီတွေ၊ လူထုလူတန်းစားခေါင်းဆောင်တွေ၊ အသင်းအဖွဲ့တွေ။ အားလုံး ဝိုင်းပြီးတော့ လွှတ်တော်မှာ လက်မှတ်ထိုးမယ်ဆိုတဲ့ ရည်မှန်းချက်ရှိတယ်ပေါ့။ အဲဒါက အားလုံးဝိုင်းလုပ်ရင်ဖြစ်နိုင်ရင်ပေါ့။ ၂၀၁၂မှာ သေနတ်သံတွေစဲပြီးတော့လူတွေပြောပြောနေတဲ့ All Inclusive လိုဟာမျိုးကို အားလုံးတွေ့ဖို့ဟာမျိုး ဖြစ်လာနိုင်မယ် ထင်တယ်ပေါ့။ သမ္မတကြီးအနေနဲ့လည်း ပြည်သူလူထုတင်မြှောက်ထားတဲ့ သမ္မတကြီးဖြစ်တဲ့အတွက် သမ္မတကြီး၊ လွှတ်တော်၊ ဒေါ်အောင်ဆန်းစုကြည်၊ Civil Society Organization တွေ၊ လူထုအဖွဲ့အစည်းတွေ၊ပြီးတော့ ဘာသာရေးခေါင်းဆောင်တွေ၊ Ethnic Leader (တိုင်းရင်းသား၊ လူမျိုးစုခေါင်းဆောင်တွေ)အားလုံးက ဆုံပြီးတော့ ပြန်လည်ညှိနှိုင်းတာမျိုးဖြစ်နိုင်မယ်လို့ကျွန်တော်ကတော့ ယုံကြည်ပါတယ်။

**Myanmar Egress နဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့သတိထားမိသလောက်က ပညာရေးနဲ့ပတ်သက်ပြီးတော့ Capacity Building နဲ့ ပတ်သက်ပြီး လုပ်တယ်။ နောက်နာဂစ်လည်းပြီးတော့လူမှုရေးလုပ်ငန်းတွေမှာ ပါဝင်လုပ်လာတယ်။**

စာ(၃၀)သို့



7DAY NEWS JOURNAL
Vol.10, No.38 · DECEMBER 8, 2011

## စာ – ၂၉၊ ငြိမ်းချမ်းရေးအကျိုးဆောင်သူတစ်ဦးနှင့် တွေ့ဆုံခြင်း မှ

**တဖြည်းဖြည်းနဲ့ ချဲ့ထွင်ပြီး အခု ဒီလိုငြိမ်းချမ်းရေး အကျိုးဆောင်လို ဟာမျိုးမှာ ပါလာတာ ဘာကြောင့်ပါလဲ။**

ကျွန်တော်တို့ စဖွဲ့တုန်းက နိုင်ငံတည်ဆောက်ရေးStateBuilding မှာနိုင်ငံသားတာဝန်ကိုတစ်ထောင့်တစ်နေရာကထမ်းဆောင်ဖို့ Capacity Development Center တစ်ခုအနေနဲ့ ဖွဲ့ခဲ့တယ်။ ကျွန်တော်တို့ ရည်မှန်းချက်က ဒီ Capacity Development Center နဲ့ Think Tank အဖွဲ့တစ်ခုအဲဒီနှစ်ခုကနေပြီးတော့ ကျွန်တော်တို့တိုင်းပြည်တည်ဆောက်ရေးမှာဝိုင်းဆောင်ရွက်ချင်တဲ့ဆန္ဒနဲ့ဖွဲ့ခဲ့တာပေါ့ဗျာ။ ထိုက်သင့်သလောက်လည်း ကျွန်တော်တို့အနေနဲ့ ခရီးရောက်ခဲ့တယ်လို့ပြောနိုင်ပါတယ်။ ကျွန်တော်တို့ ၂၀၀၅ မှာ Myanmar Egress စတည်ထောင်ဖို့ဆုံးဖြတ်ခဲ့တာပေါ့။ မတူတဲ့နယ်ပယ်တွေကလာတဲ့မိတ်ဆွေတွေအနေနဲ့ တူညီတဲ့ ရည်ရွယ်ချက်ကိုလုပ်ဖို့ပါ။ ၂၀၀၆ မှာစတင်တည်ထောင်ခဲ့ပါတယ်။အခက်အခဲတွေအများကြီးကနေဆောင်ရွက်ခဲ့ရပြီးဘာမှလွယ်လွယ်ကူကူမဖြစ်ခဲ့ပါဘူး။ ဒီထဲမှာလည်း ကျွန်တော်တို့အပေါ်မှာ အားပေးတဲ့သူရော၊ နားလည်ပေးဖို့ခက်တဲ့သူတွေရော အားလုံးကိုကျွန်တော်တို့ဘက်က ပြန်ရှင်းပြဖို့ခက်ခဲတဲ့အနေအထားတွေလည်းဖြစ်ခဲ့တာပေါ့။ ၂၀၀၈ အခြေခံဥပဒေပြီးသွားတဲ့ အခါကျတော့ အခြေခံဥပဒေနဲ့ပတ်သက်ပြီးတော့Egress ဘက်ကရပ်တည်ချက်တစ်ခုရယ် ဒါနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ရဲ့ သင်တန်းတိုတွေကြောင့်လည်း ကျွန်တော်တို့ကိုပိုပြီးသိလာတယ်။ ပုံမှန်သင်တဲ့ သင်တန်းတွေကနေပြီးတော့ အခုချိန်မှာ ထောင်နဲ့ချီတဲ့ လူငယ်တွေကိုသင်တန်းတွေပေးနိုင်ခဲ့တယ်။ သောင်းနဲ့ချီတဲ့လူငယ်တွေကိုလည်း Short Course တွေမှာလည်း ထိုက်သင့်တဲ့ဟာတွေ ကျွန်တော်တို့ပေးနိုင်တယ်။ ဒါပေမဲ့ ဒါကလည်း မလုံလောက်သေးပါဘူး။ အများကြီး ဆက်လုပ်ဖို့တော့ကျန်သေးတယ်။ အခုလက်ရှိ ပြောင်းလဲလာတဲ့ခေတ်မှာတော့ Civil Society တွေရဲ့ Space က နဂိုထက်စာရင် ကြီးလာတယ်။ မီဒီယာမှာလည်း အသင့်အတင့် ရေးလို့ရလာတာတွေ့ပါတယ်။ အဲဒီအချိန်မှာတော့ ကျွန်တော်တို့ကို နဂိုထက်ပိုပြီးတော့ နားလည်လာဖို့တော့ မျှော်လင့်မိပါတယ်။ ဒါပေမဲ့တချို့ကိစ္စရပ်တွေကိုကျတော့ ကျွန်တော်တို့ဘက်ကကိုယ်ကစောနေသလိုမျိုးလည်းဖြစ်တာမျိုးဖြစ်ကောင်းဖြစ်ပါလိမ့်မယ်။ ဘယ်လိုပဲဖြစ်ဖြစ် အခုချိန်ကတော့ us, them (ငါတို့၊ သူတို့) ကို မစဉ်းစားနဲ့။ အကုန်လုံးကဝိုင်းပြီးတော့ လုပ်ရမယ့်အချိန်ဖြစ်နေပါပြီ။

**ဒီကိစ္စနဲ့ပတ်သက်ပြီး တချို့လူတွေကလည်း ချီးကျူးတာတွေ ရှိသလိုတချို့လူတွေကလည်းEgress နဲ့ဒီကိစ္စဘာဆိုင်လို့လဲဆိုပြီးဝေဖန်တာတွေရှိတယ်။ ဒီအပေါ်မှာဘာများပြောချင်ပါသလဲ။**

ကျွန်တော်ပြောနိုင်တာက ခင်ဗျားပဲလုပ်လုပ်၊ သမ္မတကြီးဦးသိန်းစိန်ပဲ လုပ်လုပ်၊ ဘယ်သူပဲလုပ်လုပ် ကျွန်တော့်အနေနဲ့ကတော့ ငြိမ်းချမ်းရေးရချင်တာပဲရှိတယ်။ ကြိုက်တဲ့သူလုပ်။ အခုက အဲလိုပုံစံမဟုတ်သလိုမျိုးဖြစ်နေတယ်လို့ခံစားရတယ်။ ကျွန်တော်တို့အနေနဲ့ကိုယ့်စေတနာကိုကိုယ်ယုံကြည်ပါတယ်။ ကျွန်တော်တို့ကိုနားလည်ဖို့ကိစ္စဆိုတာကလည်း အချိန်တစ်ခုတော့ စောင့်ရမယ်။ ကျွန်တော်တို့က နိုင်ငံသားတစ်ယောက်အနေနဲ့နိုင်ငံ့တာဝန်တွေကိုထမ်းဆောင်တာပါ။အကြောင်းတိုက်ဆိုင်တဲ့အခါကျတော့လည်း ဝင်ကူညီခွင့်ရတာပေါ့။အကြောင်းမတိုက်ဆိုင်တဲ့ အခါကျတော့လည်း ကျွန်တော်တို့လည်း ဒါမျိုးဝင်ပြီးတော့ ကူညီခွင့်ရမှာမဟုတ်ပါဘူး။ Egress က ဘာလို့ဝင်လုပ်တာလဲမေးတယ်။ ငြိမ်းချမ်းရေးအတွက်ဘယ်သူဝင်လုပ်ရမယ်လို့ သတ်မှတ်ထားတာမှမရှိတာ။ မြန်မြန်ငြိမ်းချမ်းရေးရလေ ကောင်းလေပဲ။

**ထပ်မံပြီးတော့ ဘာများဖြည့်စွက်ပြောချင်ပါသလဲ။**

၂၀၁၅ ဇန်နဝါရီမှာ AFC, AFTA ကို ၂၀၁၄ အာဆီယံဥက္ကဋ္ဌလုပ်မယ့်ကျွန်တော်တို့နိုင်ငံကဦးဆောင်ရမယ်။ ဒီအတွက် ၂၀၁၂၊ ၂၀၁၃၊ ၂၀၁၄ သုံးနှစ်ပဲပြင်ဆင်ချိန်ရှိတယ်။ကျွန်တော်ကတော့ ၂၀၁၂ မကုန်ခင် United State နဲ့ EU Sanction Liftလုပ်နိုင်ဖို့သေနတ်သံတွေစဲဖို့လိုပါတယ်။ ငြိမ်းချမ်းရေးရ၊ ယုံကြည်ချက်ကြောင့် အကျဉ်းကျသူတွေလွတ်မြောက်၊ ဆန်ရှင်တွေရုပ်သိမ်း၊ အမျိုးသားစည်းလုံးညီညွတ်မှုဒီထက်ပိုရှိလာပြီး development ကို မြန်မြန်သွားတာမြင်ချင်ပါပြီ။ ဒါဟာ အိပ်မက်ဆိုရင်လည်း ကျွန်တော်တစ်ဦးတည်းမက်တဲ့ အိပ်မက်တော့ မဟုတ်တာ သေချာပါတယ်။ သမ္မတ၊ အစိုးရသစ်၊ လွှတ်တော်၊ နိုင်ငံရေးပါတီတွေ၊ တိုင်းရင်းသားတွေ အကုန်လုံးက ငြိမ်းချမ်းရေးကိုရချင်တဲ့ဆန္ဒက ဒီတစ်ခေါက်မှာ တကယ်ကို ပြင်းပြတဲ့အတွက်ကြောင့် အားလုံးမျှော်လင့်တဲ့ ငြိမ်းချမ်းရေးက မဝေးတော့ဘူးလို့ကျွန်တော်ထင်ပါတယ်။

***အခုလို ဖြေကြားပေးတာ ကျေးဇူးတင်ပါတယ်။***

## စာ-၂၁၊ အေးဂျင့်များနှင့် လေ့လာစူးစမ်းမှုအားနည်းသော ကျောင်းသားများ၏ပြ နာ မှ

ပြည်တွင်းရှိပညာရေးဝန်ဆောင်မှုလုပ်ငန်းများသည်ပြည်ပကျောင်းများ၏ ကိုယ်စားလှယ် အဖြစ် ရပ်တည်နေကြခြင်းဖြစ်ပြီး ကျောင်းသားစေလွှတ်နိုင်မှုပေါ် မူတည်၍ အကျိုးအမြတ်ရရှိခြင်းဖြစ်သည်။ ထို့ကြောင့် အချို့သောပညာရေးဝန်ဆောင်မှုလုပ်ငန်းများသည် မိမိအကျိုးအမြတ်ကိုဦးတည်၍ ကျောင်းသားစုဆောင်းခြင်းများရှိနေပြီး ပညာရေးလုပ်ငန်းအား စီးပွားရေးဈေးကွက်သဖွယ် လုပ်ဆောင်လျက်ရှိကြကြောင်း ပညာရေးလေ့လာသူများကဆိုသည်။

"ဒီမှာတော့ ကျောင်းသားကို သူတို့သွားစေချင်တဲ့ကျောင်းကိုပဲဦးစားပေးရွေးချယ်စေပါတယ်။ ကိုယ်နဲ့ ချိတ်ဆက်ထားတဲ့ကျောင်းကသူတို့နဲ့ကိုက်ညီမယ့်ဘာသာရပ်နဲ့ သင့်လျော်တဲ့ကျောင်းကို လမ်းညွှန်ပေးပါတယ်။ အခုနောက်ပိုင်း ကျောင်းသားတွေကလည်း အေးဂျင့်တစ်ခုတည်းမှာစုံစမ်းမေးမြန်းပြီး ကျောင်းရွေးချယ်တာမျိုးထက် အေးဂျင့်တွေဆီမှာသတင်းအချက်အလက်စုဆောင်းတဲ့ပုံစံလည်းဖြစ်လာပါတယ်"ဟုပြည်ပပညာရေးဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်နေသူတစ်ဦးကဆိုသည်။

ပြည်ပ ပညာရေးဈေးကွက် ကျယ်ပြန့်လာမှုနှင့်အတူ ကျောင်းသားများရင်ဆိုင်လာရသော အခြေအနေမှာ နိုင်ငံခြားတက္ကသိုလ်၊ ကောလိပ်များ၏ ကျောင်းဝင်ခွင့်နှင့် ဘာသာရပ်ဆိုင်ရာ သတင်းအချက်အလက်များ၊ သက်ဆိုင်ရာ နိုင်ငံအလိုက် ကျောင်းဝင်ခွင့်နှင့် နေထိုင်အလုပ်လုပ်ကိုင်ခွင့်ဆိုင်ရာ သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီသိရှိနိုင်ရန် လိုအပ်ချက်ရှိနေခြင်းဖြစ်သည်။

ထို့ပြင် ပညာရေးအေးဂျင့် အချို့သည် ကျောင်းသားရရှိလိုမှုအတွက် လေယာဉ်လက်မှတ်၊ ကွန်ပျူတာလက်ပ်တော့၊ ပညာသင်လျှော့ပေါ့ကြေးများ ပေးခြင်းဖြင့် ဈေးကွက်မြှင့်တင်ခြင်းများပြုလုပ်နေကြပြီး ကျောင်းသားများအား ပြည်ပ ပညာသင်သွားရောက်ရန် ဆွဲဆောင်မှုများရှိနေသည်။

"လက်ဆောင်တွေပေးတာ၊ ပညာသင်ကြေးတွေ ပေးတာက အဲ့ဒီကျောင်းမှာပဲ အမှန်တကယ်သွားရောက်ပညာသင်ယူလိုတဲ့ ကျောင်းသားတွေအတွက်အဆင်ပြေပါတယ်။ ဒါပေမဲ့လက်ဆောင်ရလို့ပညာသင်ကြေးရလို့ အဲ့ဒီကျောင်းကိုသွားတက်မယ့်ကျောင်းသွားတွေအတွက် အန္တရာယ်ရှိပါတယ်။ ပညာရေးဆိုတာ တခြားစီးပွားရေးလုပ်ငန်းတွေလို ဈေးကွက်မြှင့်တင်လို့ မကောင်းပါဘူး။ ပြည်ပပညာသင်သွားရောက်ဖို့ဆိုတာကလည်း အချိန်ယူပြင်ဆင်ဆောင်ရွက်သင့်ပါတယ်။ အလျင်မြန်ဆုံးဖြတ်တာက လွဲချော်မှုဖြစ် ရင် ကျောင်းသားတွေအနေနဲ့ အချိန်ရော၊ငွေကြေးပါဆုံးရှုံးမှာပါ။တချို့အေးဂျင့်တွေက ပညာသင်ဆုတွေဆိုတာကို ကြော်ငြာတွေသာလုပ်နေတယ်၊ ဘယ်သူတွေရတယ်ဆိုတာ မတွေ့တာမျိုးလည်း ရှိနေပါတယ်"ဟု နိုင်ငံတကာပညာရေးလေ့လာနေသူတစ်ဦးက ပြောသည်။

ဗြိတိန်နိုင်ငံသည် ကျောင်းသားပြည်ဝင်ခွင့်မူဝါဒ အပြောင်းအလဲဖြစ်ပြီးစတွင် ပြည်ဝင်ခွင့်အဆင်ပြေခဲ့ခြင်းကြောင့် မြန်မာကျောင်းသားအများအပြား ရောက်ရှိသွားသော နိုင်ငံဖြစ်ပြီး ဗြိတိန်ပညာရေးအေးဂျင့်အချို့သည်လည်း ကျောင်းသားဈေး ကွက်ကောင်းတစ်ခုကို ရရှိသွားခဲ့သည်။ ၎င်းအခြေအနေတွင် အေးဂျင့်တို့၏ နည်းလမ်းအမျိုးမျိုး ဗြိတိန်ရောက်ရှိနေသော မြန်မာကျောင်းသားအချို့သည် အခက်အခဲများရင်ဆိုင်နေရပြီဖြစ်ပြီး အများစုရင်ဆိုင်နေရသောပြဿနာများမှာ ပညာရေးအေးဂျင့်မှ သတင်းအချက်အလက်အကြံပြုရာတွင် အားနည်းချက်များရှိနေခြင်းဖြစ်ကြောင်း ကျောင်းသားမိဘအချို့ထံမှသိရသည်။

"သမီးက ဒီမှာ ဟောက်ဆာဂျင်ဆင်းပြီးတော့ ဗြိတိန်မှာ Health and Social Care ၂နှစ် ဒီပလိုမာ သင်တန်းသွားတက်တာပါ။ ဟိုဘက်မှာ ဆွေမျိုးအသိ မိတ်ဆွေမရှိတော့ အေးဂျင့်စကားကိုပဲ အားလုံးယုံကြည်ပြီး ပို့လိုက်တာပါ။ အေးဂျင့်ပြောတဲ့စကားတွေက မပြည့်စုံဘူးဖြစ်နေတယ်။ ၂၀၁၀ ကိုးလပိုင်းက သမီးထွက်သွားတာပါ။ အခု သမီးက ကျောင်းဆက်မတက်တော့ဘူး။Overstay ပုံစံဖြစ်နေတယ်။ ပြန်ခေါ်တော့လည်း ခက်ခက်ခဲခဲထွက်ခဲ့ရတာ ပြန်မလာဘူးပြောနေတယ်။ ဒီက အေးဂျင့်ပြောတာတွေ အလိမ်တွေပဲ မယုံတော့နဲ့လို့ သမီးကပြောတယ်"ဟု ဗြိတိန်ရှိကောလိပ်တစ်ခုတွင် သွားရောက်ပညာသင်ယူနေသော ကျောင်းသူတစ်ဦး၏ မိခင်ကပြောသည်။

ဗြိတိန်နိုင်ငံသို့ ရောက်ရှိနေသောကျောင်းသားအချို့ အခက်အခဲကြုံနေသကဲ့သို့ ပြည်တွင်း၌ ပြည်ဝင်ခွင့်လျှောက်ထားပြီး အပယ်ခံရ၍ ငွေကြေးဆုံးရှုံးခဲ့ သော ကျောင်းသားများလည်းရှိ နေသည်။

မြန်မာကျောင်းသားများသည် ပြည်ပနိုင်ငံများနှင့် နိုင်ငံတကာကျောင်းများ၏ သတင်းအချက်အလက်များကို အင်တာနက် ဝက်ဘ်ဆိုက်များ၊ သတင်းမီဒီယာများ၊ သက်ဆိုင်ရာကျောင်းများမှတိုက်ရိုက်လာရောက်ရှင်း လင်းသည့် ဟောပြောပွဲများ၊ သူငယ်ချင်းမိတ်ဆွေများနှင့် ပညာရေးဝန်ဆောင်မှုလုပ်ငန်းများမှတစ်ဆင့် လေ့လာစုဆောင်းလျက်ရှိကြသည်။


နိုင်ငံတကာမှ တက္ကသိုလ်၊ ကောလိပ်ကျောင်းများသည် ပြည်တွင်းရှိ ဟိုတယ်နှင့် ပညာ ရေးဝန်ဆောင်မှုလုပ်ငန်းတို့တွင် ပညာရေးဟောပြောပွဲများလာရောက်ပြုလုပ်ကြသော်လည်း သက်ဆိုင်ရာကျောင်းများ၏ ကျောင်းဝင်ခွင့်နှင့် ဘာသာရပ်ဆိုင်ရာ အချက်အလက်များကိုသာ ရှင်းလင်းဟောပြောလေ့ရှိကြသည်။

"ဟိုမှာ ဖြစ်နေတာကတခြား၊ ဒီမှာ ဈေးကွက်လာရှာတဲ့ အချိန်မှာ ပြောတာကတခြား ဖြစ်နေတာမျိုးလည်းရှိတယ်"ဟု ပြည်ပ တက္ကသိုလ်၊ ကောလိပ်အချို့ပြည်တွင်း၌ဟောပြောပွဲလာရောက်ဆောင်ရွက်မှုနှင့်ပတ်သက်၍ ပညာရေးအေးဂျင့်လုပ်ကိုင်နေသော အမျိုးသမီးတစ်ဦးက သုံးသပ်သည်။

မြန်မာကျောင်းသားများအနေဖြင့်နိုင်ငံတကာတက္ကသိုလ်၊ကောလိပ်များ၌ သွားရောက်ပညာသင်ယူရာတွင်လည်းကောင်း၊ပြည်တွင်းရှိပညာရေးအေးဂျင့်များထံမှ ဝန်ဆောင်မှုရယူရာတွင်လည်းကောင်း အခက်အခဲကြုံတွေ့မှုနှင့် လှည့်စားခံရမှုများရှိပါက တိုင်ကြားဖြေရှင်းရန် ခက်ခဲမှုများရှိနေပြီး ဆုံးရှုံးနစ်နာနေကြ ခြင်းဖြစ်သည်။

"ပညာရေးဝန်ဆောင်မှုလုပ်ငန်းတွေ မှန်မှန်ကန်ကန် ဆောင်ရွက်နေကြတာလည်းရှိပါတယ်။ပြည်ပပညာသင်သွားမယ့် ကျောင်းသားတွေအနေနဲ့ အေးဂျင့်ပြောတာ အကုန်လုံးကို ယုံကြည်တာထက် ကိုယ်တိုင်လေ့လာစူးစမ်းတာမျိုးဖြစ်သင့်ပါတယ်"ဟု နိုင်ငံတကာပညာရေးကျွမ်းကျင်သူတစ်ဦးက အကြံပြုပြောကြားသည်။

TRADEMARK CAUTION
Eveready Battery Company, Inc. a Company incorporated in the State of Delaware, USA at 533 Maryville University Drive, St. Louis, Missouri 63141 USA is the Owner and Sole Proprietor of the following Trademarks:



Reg: 4/ 11472 /2011



Reg: 4/11473/2011
In respect of : Batteries
Fraudulent imitation or unauthorized use of the said Trademarks shall be dealt with according to law.
U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)

7 DAY NEWS JOURNAL
Vol.10, No.38 • DECEMBER 8, 2011



CHICKEN SOUP

# ညီအစ်မတော်ဂိုဏ်း

အိန်ဂျယ်လင်း



မိန်းကလေးကျောင်းသူသစ်အုပ်စုထဲမှာ အတူရပ်နေရင်းနဲ့ ကျွန်မကအားလုံးနဲ့မတူကွဲထွက်နေတယ်ဆိုတာကို သိလိုက်ရတယ်။ မျက်နှာမှာတင်းတိပ်တွေနဲ့၊ ဆံပင်နီကြောင်ကြောင်ဖရိုဖရဲ၊ပြီးတော့ မျက်မှန်ကြီးကလည်းပါလိုက်သေး။ ကျန်တဲ့မိန်းကလေးတွေအားလုံးက ဖြောင့်စင်းနေအောင်စက်ဆွဲထားလို့နူးညံ့ချောမွတ်နေတဲ့ ဆံပင်ရွှေရောင် ဒါမှမဟုတ် အညိုရောင်တွေနဲ့လေ။ အသားအရေတွေကလည်းပြစ်မျိုးမှည့်မထင်နဲ့ ခန္ဓာကိုယ်ကလေးတွေကလည်း ချပ်ချပ်ရပ်ရပ် အလှသွေးကြွယ်နေကြတယ်။ ကျွန်မတို့ဆီက ကောလိပ်ကျောင်းတွေမှာ ကျောင်းသားကျောင်းသူသစ်တွေဟာ သဟာယအသင်းလိုပုံစံမျိုး အဖွဲ့ကလေးတွေဖွဲ့ထားလေ့ရှိတယ်။ အသစ်ဝင်လာတဲ့ကျောင်းသား၊ ကျောင်းသူသစ်တွေက အဲဒီအဖွဲ့တွေထဲကို ဝင်ချင်ရင် အခုကျွန်မတို့လိုပဲ စာရင်းပေးပြီး အဖွဲ့ဝင်အဖြစ်ရွေးချယ်ခံကြရတယ်။ အဖွဲ့တွေက အများကြီးရှိပြီး အဲဒီထဲကမှ ကိုယ့်ကိုဘယ်အဖွဲ့ကရွေးမလဲဆိုတာအစမှာ ဘယ်သူမှမသိကြရသေးဘူး။ တကယ်လို့ ကိုယ်ကမဝင်ချင်ဘူးဆိုလည်းရပါတယ်။

ကျွန်မတို့ အခုတန်းစီနေကြတဲ့မိန်းကလေးတွေအားလုံးက အဲဒီသဟာယအသင်းတစ်သင်းသင်းရဲ့အဖွဲ့ဝင်သစ်တွေပေါ့။ တကယ်တော့ရာသီဥတုကနွေဦးပေါက်ကိုကူးနေပြီဆိုပေမယ့် ကျွန်မတို့နေတဲ့နယူးယောက်မှာက ဆောင်းတွင်းကြီးပဲရှိသေးတယ်လေ။ ဒါကြောင့်မို့လူတိုင်းကဆောင်းရာသီအဝတ်အစားတွေကိုပဲ ဝတ်ထားကြတယ်။ ကျွန်မလည်းပဲ အနီရောင်စကိတ်စီးဂျာကင်ကြီးနဲ့ရောမနှင်းစီးဘွတ်ဖိနပ်ကြီးကို စီးထားတယ်။ ကျန်တဲ့ကောင်မကလေးတွေကတော့ ဆောင်းရာသီဝတ်စုံဆိုပေမယ့် လှတပတစတိုင်ကျကျဝတ်စားထားကြတာကို တွေ့ရတယ်။ လယ်သာဒေါက်မြင့်ဘွတ်ဖိနပ်တွေ၊ အော်ဒါအပ်ထားတဲ့သိုးမွေးကုတ်အင်္ကျီလှလှကလေးတွေ၊ သိုးမွေးနဲ့ အနားကွပ်ထားတဲ့ဝေ့စ်ကုတ်လှလှကလေးတွေ စသဖြင့် တစ်ယောက် တစ်မျိုးစီ မရိုးရအောင်ဆင်မြန်းထားကြတယ်။ ကျွန်မပုံက အခုပဲ တောင်စတက်လို့ရတဲ့ ပုံမျိုးဖြစ်နေပြီး သူတို့ပုံကတော့ ညနေခင်း ညှော်ခံပွဲကို သွားဖို့အသင့်ဖြစ်နေကြတဲ့ပုံမျိုးပါ။

ကျွန်မတို့အထက်တန်းကျောင်းသူဘဝက လူမျိုးစုံ၊ လူတန်းစားစုံတဲ့ကျောင်းမှာတက်ခဲ့ရတော့ တစ်ယောက်နဲ့တစ်ယောက်မတူကွဲပြားတာတွေကိုကျွန်မကောင်းကောင်းလက်ခံနားလည်ပေးနိုင်တယ်။ ဒါပေမဲ့ အခုလို ကျွန်မတစ်ယောက်ထဲက ကျန်တဲ့လူတွေနဲ့ကွဲပြီး အပြင်လူလိုဖြစ်နေရတဲ့ ခံစားမှုမျိုးကိုတော့ ကျွန်မလုံးဝမခံစားနိုင်ဘူးလေ။ ကျန်တဲ့မိန်းကလေးတွေက တစ်ယောက်နဲ့ တစ်ယောက်စကားစမြည်ပြောရင်း အုပ်စုကလေးတွေဖြစ်သွားကြတယ်။ ကျွန်မလည်း အများနည်းတူလိုက်စကားပြောပြီး မိတ်ဆွေဖွဲ့ဖို့ ကြိုးစားတာပဲ။ ဒါပေမဲ့ မအောင်မြင်ခဲ့ဖူးလေ။ ကျွန်မနဲ့ရပ်ပြီး စကားလက်ဆုံကျမယ့် လူတစ်ယောက်မှမရှိခဲ့ဘူး။

ဒီနေရာ ဒီအသိုင်းအဝိုင်းဟာ ငါ့အတွက်ဟုတ်ပုံမရဘူးလို့ တွေးမိပေမယ့် လူကိုယ်တိုင်က ဒီအထဲကိုရောက်နေပြီလေ။ ဒီတော့ ကြိုးစားတော့ကြည့်ရမှာပဲလို့တော့ စိတ်ထဲမှာတွေးထားတယ်။

ကျွန်မတို့ ကျောင်းသူသစ်အဖွဲ့ဟာ စဖွဲ့ပြီးပြီးချင်းရက်အနည်းငယ်အတွင်းမှာ မိန်းကလေးကျောင်းဆောင်တွေကိုလှည့်လည်ပြီး အလားတူအဖွဲ့တွေကို သွားရောက်တွေ့ဆုံကြရဖို့ရှိပါတယ်။ ဒီလို တွေ့ဆုံရင်းနဲ့မှ အဖွဲ့ဝင်အဖြစ်ရွေးချယ်မှာဖြစ်တယ်။

ဒီလိုသွားရောက်လည်ပတ်တဲ့အစပိုင်းရက်တွေမှာပဲ ကျွန်မဟာ သူတို့အားလုံးနဲ့ပါ သဟဇာတဖြစ်ခြင်းမရှိဘူးဆိုတာကို သွားတွေ့ရပါတယ်။ အဲဒီအဆောင်သူမမတွေက အလွန်ယဉ်ကျေးပျူငှာကြပေမယ့် ကျွန်မနဲ့သူတို့ကြားမှာ ဘုံတူညီချက်တစ်ခုတလေမှရှိမနေဘူးဆိုတာ ကျွန်မခံစားလိုက်ရတယ်။

ကျွန်မကို ပင်လယ်ကမ်းခြေနားက မြို့ငယ်ကလေးတစ်မြို့မှာ မွေးခဲ့တယ်။ ပြီးတော့ အလွန်လွတ်လပ်တက်ကြွပြီး အိမ်အပြင်ဘက်မှာပျော်တဲ့ ကလေးတစ်ယောက်အဖြစ်ကြီးပြင်းခဲ့ရတယ်။ ကျွန်မတို့မြို့က ကလေးတွေအားလုံးလည်းကျွန်မလိုပဲလေ။ ကျွန်မတို့က ကမ်းခြေမှာရွက်ဖျင်တဲနဲ့ဆော့မယ်။ ငါးမျှားမယ်၊ ဘော်လီဘောပုတ်မယ်။ ကျွန်မက သံလုံးပစ်တို့၊ လှံတံပစ်တို့လိုကစားနည်းတွေမှာလည်း ဝင်ပါလိုက်သေးတယ်။ မနက်မနက်ဆိုရင် ကျွန်မတို့သူငယ်ချင်းတွေအားလုံးမှန်ရှေ့အလှပြင်တာ ဘယ်သူမှ ဆယ့်ငါးမိနစ်ထက်မပိုကြဘူး။ ကျွန်မတို့သူငယ်ချင်းတွေအားလုံးက အိမ်အပြင်ကမ္ဘာထဲကြီးထဲကို ပြေးထွက်ကစားဖို့ပဲ စိတ်စောနေခဲ့ကြတာကိုး။

ကျွန်မတို့အဆောင်တွေလှည့်လည်တဲ့ ခရီးစဉ်ပထမပိုင်းမှာ အဆောင်သူအစ်မကြီးတွေကကျွန်မတို့ကို အင်တာဗျူးတာပေါ့။ ဘာကြောင့် မိန်းကလေးသဟာယအဖွဲ့ထဲကို ဝင်တာလဲ၊ ကျွန်မတို့ဘာစိတ်ဝင်စားလဲ၊ မိသားစုတွေကရောစသဖြင့် သာမန်စကားစမြည်ပြောသလိုမျိုးပါပဲ။ ကျွန်မကတော့ သူတို့မေးတဲ့မေးခွန်းတွေအားလုံးကို အမှန်အတိုင်း အတိအကျဖြေဖို့ ကြိုးစားပါတယ်။ ကျွန်မကိုယ်ကျွန်မ ငါ သိပ်များရိုးသားလွန်းနေသလားလို့တောင် ထင်မိတယ်။ ဘာဖြစ်လို့ မိန်းကလေးသဟာယအဖွဲ့ထဲကိုဝင်ရတာလဲလို့မေးတော့ ကျွန်မအထက်တန်းကျောင်းတုန်းက အချစ်ဆုံးသူငယ်ချင်းက သူနဲ့အတူဒီအဖွဲ့ထဲကို ဝင်ပါလားလို့ပြောလို့ ကျွန်မကဝင်လိုက်တာလေ။ အနည်းဆုံးတော့ အတွေ့အကြုံသစ်တော့ရမှာပဲလို့ ဖြေလိုက်တယ်လေ။ ဒီလိုဖြေလို့ အမှတ်တွေအများကြီးရလိမ့်မယ်လို့တော့ မထင်ပါဘူး။ အင်တာဗျူးတိုင်းလိုလိုမှာ ကျွန်မအလွန်ညံ့ဖျင်းစွာပဲဖြေခဲ့မိတယ်။

ဒါပေမဲ့ ကျွန်မ ဘယ်လိုလူစားလဲဆိုတာကိုတော့ သူတို့သိအောင် ရှင်းရှင်းလင်းလင်းပြနိုင်ခဲ့တယ်။ ဒီအတွက်တော့ ကျွန်မကျေနပ်ပါတယ်။ သူတို့ကျွန်မကိုရွေးလည်း ကျွန်မရဲ့ တကယ့်အစစ်အမှန်ကိုရွေးတာပဲ။ ပယ်တယ်ဆိုလည်း ကျွန်မရဲ့ အစစ်အမှန်ကို ပယ်တာပဲပေါ့။ နောက်ရက်တွေမှာလည်း တခြားအဖွဲ့တွေဆီသွားပြီး အင်တာဗျူးခံရတယ်။ အဲဒီနေ့တွေမှာတော့ ကျွန်မပုံစံနဲ့ခပ်ဆင်ဆင်တူတဲ့ မိန်းကလေးအဖွဲ့နှစ်ဖွဲ့ကိုစပြီးတွေ့တယ်။ သူတို့က ကိန်းကြီးခန်းကြီးလုံးဝမရှိဘူး။ ကျွန်မလိုပဲ မြေကြီးဆန်တယ်ပေါ့။ သူတို့နှစ်ဖွဲ့စလုံးက ကျွန်မကိုစိတ်ဝင်စားကြောင်းပြကြတယ်။ ဒါပေမဲ့ ဘယ်အဖွဲ့ကမှ ကျွန်မကိုသူတို့ဆီမှာအဖွဲ့ဝင်ဖို့တော့ မကမ်းလှမ်းသေးပါဘူး။ အဲဒီလိုနဲ့ ကျွန်မလည်းအကြံတစ်ခုရပြီး သူတို့မကမ်းလှမ်းရင်လည်း ကိုယ်ကစပြီးကမ်းလှမ်းမယ်လို့ ဆုံးဖြတ်ပြီး အယ်လ်ဖာလို့နာမည်ပေးထားတဲ့အဖွဲ့ကို ရွေးလိုက်တယ်။ သူတို့က ကျွန်မစရိုက်နဲ့ပိုပြီးနီးစပ်မယ်ထင်လို့ပါ။ တိုက်ဆိုင်စွာပဲ သူတို့ကလည်း ကျွန်မကို အဖွဲ့ဝင်အဖြစ်လက်ခံဖို့ရွေးချယ်လိုက်တယ်လို့ သိရတယ်။ နောက်ဆုံးတော့ တစ်နေရာရာမှာ ကျွန်မနဲ့ကွက်တိကျတဲ့လူတွေကို တွေ့သွားတော့တယ်လေ။

တကယ်တမ်းမှာလည်း ကျွန်မတို့အဖွဲ့ထဲမှာ စိတ်ဝင်စားစရာပျော်စရာတွေအများကြီးတွေ့ရတယ်။ စိတ်ဝင်စားစရာကောင်းတဲ့ ညီအစ်မသစ်တွေအများကြီးရလိုက်သလိုမျိုးပဲပေါ့။ အဖွဲ့ဝင်သစ်ဖြစ်လာတဲ့ ကျွန်မတို့ကို သူတို့က အဖွဲ့ဝင်သစ်တွေသိထားရမယ့် လက်ချာတွေပေးတာပေါ့။ ဒါပေမဲ့ ဒီလက်ချာတွေက ညီအစ်မချင်းအိပ်ရာဝင်ချိန်မှာအတွေ့အကြုံဖလှယ်ရသလိုမျိုးစိတ်လှုပ်ရှားစရာကောင်းတယ်။ မကြာခဏဆိုသလို ကျွန်မတို့အဖွဲ့ဝင်တွေအားလုံးစုပြီး ညစာစားကြတယ်။ ဒီလိုညစာစားကြရတဲ့အချိန်ဟာကျောင်းကညစာစားခန်းမှာကြောင်တောင်တောင်ငေါင်စီစီနဲ့ စားရတာမျိုးနဲ့လုံးဝမတူပဲ အမျိုးတွေဆုံတဲ့အလှူထမင်းဝိုင်းကြီးနဲ့တူလှတယ်။ ပြီးတော့ ကျောင်းအားချိန်တွေမှာ ရပ်ထဲရွာထဲဆင်းပြီး လူမှုရေးလုပ်ငန်းတွေ သူတို့နဲ့အတူလုပ်ပေးရတာလည်း ကျွန်မကပျော်တယ်။

တစ်ခါတလေမှာ သူစိမ်းပြင်ပြင်လိုခံစားရမှုမျိုးတွေ ကျွန်မစိတ်ထဲမှာကျန်နေသေးတယ်။ ဒါပေမဲ့ စိတ်လှုပ်ရှားမှုက ဒါတွေကိုဖုံးကွယ်ပေးထားတယ်လေ။ ဒီလိုနဲ့ ကျွန်မလည်း အဲဒီကျောင်းသူသဟာယအဖွဲ့မှာတင်းပြည့်ကျပ်ပြည့်အဖွဲ့ဝင်တစ်ယောက် ဖြစ်လာခဲ့တယ်။

အဖွဲ့ဝင်ဖြစ်ပြီး သိပ်မကြာခင်မှာပဲ အဖွဲ့ရဲ့ပုံမှန်တာဝန်ဝတ္တရားတွေကို ဝန်ထုပ်ဝန်ပိုးတွေအဖြစ်မြင်စပြုလာခဲ့တယ်။ အပတ်စဉ်တနင်္ဂနွေနေ့တိုင်းလုပ်တဲ့ အစည်းအဝေးတွေက ကျောင်းက အိမ်စာလုပ်ချိန်တွေကို ပွန်းပဲ့စေတယ်လို့ ကျွန်မမြင်လာပြန်တယ်။ အစည်းအဝေးပြီးရင် အဆောင်ကသူငယ်ချင်းတွေနဲ့ အပြင်မှာ ညစာထွက်စားဖို့ အပြေးအလွှားပြန်ရတယ်။ အခမ်းအနားတွေမှာကိုယ့်ရဲ့ စီနီယာအစ်မတစ်ယောက်ယောက်ကို အဖွဲ့ထုံးစံအတိုင်း အဝတ်အစားပြင်ဆင်ပေးရတဲ့အလုပ်ကိုလည်း မုန်းစရာလို့ ကျွန်မထင်လာတယ်။ နောက်ပြီးကိုယ်လုံးလုံးမသိတဲ့ အဖွဲ့ဝင်တွေနေတဲ့ အဆောင်ရှေ့ရောက်ရင် ဝင်ပြီး နှုတ်ဆက်ရတာကိုလည်း အင်မတန်ကြောင်တဲ့အလုပ်လို့ ကျွန်မထင်လာတယ်။

အခုလို ခံစားရတာနဲ့တစ်ချိန်တည်းမှာပဲ ကျောင်းမှာ ကျွန်မရဲ့ကိုယ်ပိုင်သူငယ်ချင်းအဝန်းအဝိုင်းကစတင်ကြီးထွားလာခဲ့တယ်။ တကယ့်သူငယ်ချင်းတွေကို ပိုပြီးခင်တွယ်လာလေလေ ညီအစ်မတော်ထားရတဲ့ အဖွဲ့အတွက် အချိန်ပေးရတာကို နှမြောစရာလို့ ထင်လေလေဖြစ်လာတယ်။ သူတို့နဲ့အတူရုပ်ရှင်ထွက်ကြည့်ရတာ၊ ညဘက်အဆောင်မှာ စိတ်ကူးတည့်ရာ ဂိမ်းတွေလျှောက်ကစားရတာတွေကို ကျွန်မက သဘာဝကျကျပိုပြီးပျော်ရွှင်မိတယ်။ အင်း . . . ငါတော့သဟာယအဖွဲ့ထဲကပြန်ထွက်မှဖြစ်တော့မယ်လို့ စိတ်ကူးမိတဲ့အချိန်က ကျွန်မအဖွဲ့ဝင်ဖြစ်ပြီး တစ်နှစ်လောက်ကြာတဲ့ အချိန်ပဲလေ။

အဲဒီအချိန်မှာ ကျွန်မမှာ အရင်းနှီးဆုံးသူငယ်ချင်းအုပ်စုတစ်စု ရှိနေပါပြီ။ ဒီအုပ်စုက သဘာဝအတိုင်းအလိုလိုစုဖွဲ့မိလာတာဖြစ်ပြီး ကျွန်မတို့ကြားထဲမှာ ဝင်ခွင့်တွေ အင်တာဗျူးတွေမလိုခဲ့ဘူးလေ။ ။

*Ref: 'Rushing' by Kristiana Glavin*

## စာ – ၂၆၊ သမိုင်းဝင်အာဇာနည်များကို စံနမူတင်ကြဖို့ မှ

ထိုသို့သော သမိုင်းဝင်သည့် စာကြည့်တိုက်ကြီးကို လွန်ခဲ့သည့် လေးငါးနှစ်လောက်က သမိုင်းမသိသူ သမိုင်းတန်ဖိုးနားမလည်သူအချို့က ‘မြို့မစာကြည့်တိုက်’ ဟု အမည်ပြောင်းပစ်ခဲ့ကြသည်။ စိတ်ထဲတွင် ဘယ်လိုမှ မကြည်လင်နိုင်ခဲ့။

ဖြစ်ချင်တော့ ပြီးခဲ့သည့်နွေကစာကြည့်တိုက်ကြီးမီးသင့်လောင်ကျွမ်းသွားခဲ့သည်။ ဝိုင်းဝန်းငြိမ်းသတ်ကြသော်လည်း မနိုင်လိုက်တော့။ မြို့ကိုမီးကူးမသွားသည်ကိုပင် ကျေးဇူးတင်လိုက်ရသေး၏။

မြို့မစာကြည့်တိုက်ဟု အမည်ပြောင်းပစ်ခြင်းခံထားရသည့် သမိုင်းဝင် ဗိုလ်ချုပ်အောင်ဆန်းစာကြည့်တိုက်ကြီးကိုမူ ကျွန်တော်တို့မြို့သား လူငယ်တွေ ဆုံးရှုံးလိုက်ကြရသည်။ သို့သော် ယခုအခါ မျိုးဆက်သစ်လူငယ်တွေက စာကြည့်တိုက်ကြီးကို ခံ့ခံ့ညားညားကြီးဖြစ်အောင် ပြန်လည်တည်ဆောက်ကြမည်။ အမည်ကိုလည်း လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကို ဂုဏ်ပြုသောအားဖြင့် မှည့်ခေါ်ထားခဲ့သည့် ‘ဗိုလ်ချုပ်အောင်ဆန်း စာကြည့်တိုက်’ဟုပင် သမိုင်းဝင်နာမည်ကို ပြန်ပေးကြမည်တဲ့။

ကျွန်တော့်စိတ်ကူးထဲတွင်တော့ စာကြည့်တိုက်အဆောက်အအုံနဖူးစည်းထိပ်တွင် ဗိုလ်ချုပ်အောင်ဆန်း၏ ကြေးသွန်းရုပ်တုတစ်ခုကို ကျောက်ထက်အက္ခရာကမ္ပည်းရေးထိုး၍တင်လိုက်ချင်သည်။

ထိုသို့ဆောင်ရွက်ခြင်းသည် ပုဂ္ဂိုလ်ကိုးကွယ်ခြင်း မဟုတ်ဟု ကျွန်တော်က ခံယူသည်။ နိုင်ငံ့အကျိုးစီးပွား၊ အမျိုးသားရေးအကျိုးစီးပွားတို့၌ ကိုယ်ကျိုးစွန့်အနစ်နာခံ အသက်ကိုရင်းကာ ဆောင်ရွက်ခဲ့ကြသူများကို ထိုသို့အမှတ်တရဂုဏ်ပြုခြင်းဖြင့် နောင်လာနောင်သားများက စံနမူနာထား အတုယူနိုင်ကြကာ တိုင်းပြည်အတွက် သားကောင်းသမီးကောင်းရတနာများ ပိုမိုပေါ်ထွန်းလာကြလိမ့်မည် ဟု ကျွန်တော်က ခိုင်မာစွာယုံကြည်နေသည်။

ထို့ကြောင့် ၂၈-၁၁-၂၀၁၁ နေ့က မြန်မာ့လွတ်လပ်ရေးသမိုင်းဝင်လယ်သမားသူပုန်ခေါင်းဆောင်ကြီးဆရာစံ ကျဆုံးခြင်း နှစ် ၈၀ ပြည့်အထိမ်းအမှတ်အခမ်းအနားကို အရောင်အသွေး ပါတီဝါဒမကွဲပြားဘဲ ပူးပေါင်းဆောင်ရွက်ကာ ကျင်းပနိုင်ခဲ့ကြသော သာယာဝတီမြို့မှ လူငယ်များကိုလည်း ဤဆောင်းပါးဖြင့် ဂုဏ်ပြုလျက်။

7 DAY NEWS JOURNAL
Vol.10, No.38 · DECEMBER 8, 2011



# ကြွယ်ဝမှုနှင့် လူမျိုးလူတန်းစား

မင်းတုန်း မောင်စိမ်းလွင်

အမေရိကန်သန်းကြွယ်သူဌေးကြီး အင်ဒရူးကာနယ်ဂျီကို အတော်များများ သိကြမည်ဟု ထင်ပါသည်။ သူသည် သူ၏ချမ်းသာသမျှ သုံးပုံပုံနှစ်ပုံကို လောကအကျိုးအတွက် လှူဒါန်းသွားခဲ့သည်။စာရေးဆရာနပိုလီယံဟီးလ်က အမေရိကန်သန်းကြွယ်သူဌေးကြီးအင်ဒရူးကာနယ်ဂျီအား သင်ရဲ့ ကြွယ်ဝမှုများနှင့် သင့်အတွက် အလုပ်လုပ်ပေးကြသူများရဲ့စီးပွားရေးအခြေအနေဟာ တစ်ခုနှင့်တစ်ခုလွန်စွာ ကွာခြားမှုရှိနေတာဟာ ဘာ့ကြောင့်ပါလဲ” ဟု မေးခဲ့သည်။

၎င်းအဖြေကို ကာနယ်ဂျီက “ကျွန်ုပ်သည် ကြီးမားသောတာဝန်များထမ်းဆောင်ရန်နှင့် ကျယ်ကျယ်ပြန့်ပြန့် အကျိုးပြုလုပ်ငန်းများ လုပ်ဆောင်ရန်ကိုလိုလိုလားလား စိတ်ထားရှိခဲ့ခြင်းကြောင့်”ဟု ဖြေခဲ့သည်။ သူတစ်ပါးအား အကျိုးရှိသော နေရာများတွင် ပေးကမ်းထောက်ပံ့လိုစိတ်ရှိသောကြောင့် ပေးကမ်းထောက်ပံ့နိုင်အောင် ကြီးပွားချမ်းသာလာသည်ဟု ဆိုလိုပေသည်။

“ငွေကြေးချမ်းသာသူများသည် ငွေကြေးပြည့်စုံရုံနှင့် မပြီးပါ။ ၎င်းငွေကို အကျိုးရှိသော နေရာများတွင် အသုံးချတတ်ရန်လည်း လိုအပ်လှပေသည်။ အများအားဖြင့် ငွေရရှိရန် ကိုယ်တိုင်ကြံဆောင်လုပ်ကိုင်သူမှသာ ငွေကို လောကအတွက် ဘယ်လိုအကျိုးရှိအောင် အသုံးချသင့်တယ်ဆိုတဲ့ အသိပညာရှိတတ်ရပါမယ်” ဟုလည်း ပြောခဲ့ဖူးသည်။

ဆရာတော်မေတ္တာရှင်(ရွှေပြည်သာ)၏ ‘မေတ္တာဖြင့် စီးပွားရှာခြင်း’စာအုပ်တွင်ယနေ့ဗုဒ္ဓဘာသာအများစုပြုသောဒါနကို သေချာစစ်ကြည့်လျှင် ပါရမီထိုက်သော ဒါနအလွန်နည်းပါးသည်ကို တွေ့ရသည်ဟုဆိုသည်။ သာဓကအနေဖြင့် မြို့နယ်တစ်ခုရှိ စာသင်တိုက်မှ တရားပွဲဖြင့် ဖော်ပြသွားသည်။ ထိုစာသင်တိုက်အတွင်းရှိ ကိုးတောင်ပြည့်စေတီကို ဉာဏ်တော်မြှင့်ရန်အတွက် လှူဒါန်းမှုတို့မှာကျပ်သိန်းလေးဆယ်နီးပါးရနေ၏။ ၎င်းကျောင်းတိုက်သည်တည်ထောင်ခါစဖြစ်သဖြင့် အလွန်ဆင်းရဲ၏။ ကျောင်းသားကိုရင်များသည်လေးထောင့်မြေကျင်းပေါ်တွင်သစ်သားတန်းများ တန်းကာ ဖြစ်သလိုရိုက်ပြီး ရိုင်ဖျာများကာပေးထားသောနေရာတွင် အနံ့ဆိုးများ ရှူရှိုက်ရင်း ကုဋီတက်နေရ၏။ အမှန်တကယ် လိုအပ်သော ရေလောင်းကုဋီအတွက် လှူမည့်သူ တစ်ယောက်မျှမရှိ၊ မလိုအပ်သေးသော နေရာတွင် ဝိုင်းလှူနေကြပုံကို ထောက်ပြခဲ့သည်။ ထိုဗုဒ္ဓဘာသာဝင်တို့သည် ဗမာလူမျိုး အများဆုံးဖြစ်ကြသည်။

ကျွန်တော် လွန်ခဲ့သော ၂ နှစ်ခန့်က မန္တလေးမြို့တည်နှစ် ၁၅၀ အကြိုအဖြစ် လူရွှင်တော်ကိုမေတ္တာတို့ဦးဆောင်ကပြသော အငြိမ့်ကို ကြည့်လိုက်ရသည်။ ဟာသခန်းတစ်ခန်းတွင် ယခုလူရွှင်တော်ငယ်များပြက်လုံးများကဲ့သို့ ခါးအောက်ပိုင်းများ မပါပေ။ ဘေးဒုက္ခရောက်နေသူများအတွက် ရန်ပုံငွေပွဲတွင် လာရောက်လှူဒါန်းကြသူများမှာ တိုင်းရင်းသားများဖြစ်ကြ၏။ အစီအစဉ်ကြေညာနေသူက တစ်ဦးချင်းခေါ်၍ အလှူငွေများကို ကြေညာပေး၏။ တိုင်းရင်းသားလူမျိုးများကိုလည်း ကြေညာပေး၏။ မွန်၊ ရှမ်းစသဖြင့် တိုင်းရင်းသားများပြီးသွားသော “အခုတစ်ခါ လှူဒါန်းဖို့ ကြွလာတာကတော့ ဗမာတိုင်းရင်းသားဖြစ်ပါတယ်ခင်ဗျား”ဟု ကြေညာလိုက်သည်။ ထိုအချိန်တွင် ကျက်သရေခေါင်းပေါင်းတထောင်ထောင်နှင့်ပိုက်ဆံအိတ်ကြီးဟုထင်ရသော အိတ်အကြီးကြီးအားထမ်းကာထွက်လာတော့၏။

“လူကြီးမင်း . . . ဘယ်လောက်များလှူမှာပါလိမ့်ခင်ဗျာ” ဟု မေးသောအခါ ထိုဗမာအမျိုးသားကြီးမှ “ရေသန့်ဘူးလာကောက်တာကွ” ဟု မျက်နှာအမူအရာ၊ လေယူလေသိမ်းနှင့်ပြောချလိုက်သောအခါ ကျွန်တော်သည် မျက်ရည်ထွက်မတတ်ပင် ရယ်မိလေသည်။ယနေ့ခေတ်ကိုမီးမောင်းထိုးပြနိုင်သဖြင့် ကိုမေတ္တာတို့အား ကျေးဇူးတင်မိသည်။

၂၀၁၁ စက်တင်ဘာ ၁၅ ရက်ထုတ် သော ၇ ရက် သတင်းဂျာနယ်တွင် ဆရာတင့်ခိုင်၏ လိပ်ပြာနိုးထမှုနဲ့ လူတန်းစားစိတ်ကိုဖတ်လိုက်ရသောအခါ အထက်ပါ အကြောင်းအရာများသည် စီရရီပေါ်လာတော့သည်။ ဆင်းရဲချမ်းသာကွာဟမှုကို လျှော့နည်းသွားစေရန်အတွက် နိုင်ငံတော်မှ ဆောင်ရွက်နေပေပြီ။ ထိုကိစ္စသည် ဆရာပြောသကဲ့သို့ လွယ်ကူသောကိစ္စမဟုတ်ပေ။ မလွယ်ကူသောကိစ္စတွင် ကျွန်တော်တို့ တတ်နိုင်သောနေရာမှ အုတ်တစ်ချပ်၊ သဲတစ်ပွင့်ကဲ့သို့ အားရှိသမျှ ခွန်အားစိုက် ထုတ်ကြရပေမည်။ ချမ်းသာကြွယ်ဝနေကြသောသူများသည် အများအကျိုးရှိမည့်နေရာ၊ ဌာနများသို့ လှူဒါန်းကြမှသာ မိမိတို့ ကြွယ်ဝမှုသည် တန်ဖိုးရှိပေမည်။ လူတန်းစားထဲတွင် ဆင်းရဲချမ်းသာ၊ လူလတ်တန်းစားဟူ၍ အမျိုးမျိုးရှိ၏။

ငွေကြေးချမ်းသာသူတိုင်းသည် လှူဒါန်းမှုမပြုကြပါ။ သဒ္ဓါတရားထက်သန်မှသာ လှူဒါန်းမှုပြုကြသည်။ သဒ္ဓါတရားထက်သန်သူတို့အဖို့မှာ လှူဒါန်းစရာ ပစ္စည်းများသည် အမြဲပိုနေတတ်သည်။ ပိုနေသော ပစ္စည်းများကိုလည်း လိုနေသောနေရာများတွင် လှူတတ်ဖို့ လိုပေသည်။

အချုပ်ဆိုရသော် အလှူအတန်းတွင် ရက်ရောနေသူများသည် နာမည်ကြီးရန်အတွက် မျက်နှာသာပေးရန်အတွက် မလှူကြဘဲ အမှန်တကယ် လိုအပ်သော နေရာများတွင် လှူဒါန်းကြလျှင် လွန်စွာအကျိုးများပေမည်။ သို့သော် လှူဒါန်းလိုသော လိပ်ပြာနိုးထမှုနှင့် လူမျိုး၊ လူတန်းစားစိတ်တို့တွင် ကျွန်တော်တို့ ဗမာလူမျိုးများသည် ခြေတစ်လှမ်းနောက်ကျနေသည်ဟု ထင်မိပါသည်။ ။

JOKE

## သင်နှင့် အထက်လူကြီး(၂)

- မင်းက လူမှုရေးစည်းကမ်းတစ်ခုချိုးဖောက်ရင် မင်းကရိုင်းတာ။ အထက်လူကြီးကချိုးဖောက်ရင် သူ့ရဲ့စိတ်ရင်းကို ပြသတာလို့မှတ်။
- မင်းက အထက်လူကြီးကို စိတ်ကျေနပ်အောင်လုပ်ပေးရင် ဖားတယ်လို့ အပြောခံရတယ်။
  မင်း . . . လူကြီးက သူ့အထက်လူကြီးကို အဲဒီလိုလုပ်ပေးရင် ပူးပေါင်းဆောင်ရွက်တာ။
- မင်းရုံးအပြင်ရောက်နေရင် အလုပ်မလုပ်ဘဲလျှောက်သွားတာ။ အထက်လူကြီးအပြင်ထွက်နေရင် အလုပ်ရှိလို့သွားနေတာ။
- မင်းဖျားလို့ ခွင့်တစ်ရက်ယူရင် မင်းအမြဲတမ်း ဖျားနေတာပဲလို့ အပြောခံရတယ်။
  အထက်လူကြီးခွင့်ယူရင် သူတော်တော်ဖျားနေလို့ဖြစ်မယ်။
- မင်းမဖျားဘဲခွင့်ယူရင် တခြားမှာ အလုပ်ရှာနေတာ။
  အထက်လူကြီးခွင့်ယူရင် အလုပ်လုပ်တာ အရမ်းများသွားလို့။

## နိုင်ငံရေးစနစ်ဆိုတာ

ဆိုရှယ်လစ်ဝါဒ - မင်းမှာ နွားနှစ်ကောင်ရှိတယ်။ တစ်ကောင်ကို အစိုးရကယူပြီး မင်းရဲ့ အိမ်နီးချင်းကိုပေးလိုက်တယ်။

ကွန်မြူနစ်ဝါဒ - မင်းမှာ နွားနှစ်ကောင်ရှိတယ်။ နှစ်ကောင်စလုံးကို အစိုးရက သိမ်းယူလိုက်ပြီး မင်းကို နွားနို့ဝေပေးတယ်။

ဖက်ဆစ်ဝါဒ - မင်းမှာ နွားနှစ်ကောင်ရှိတယ်။ နှစ်ကောင်စလုံးကို အစိုးရက သိမ်းယူပြီး မင်းကို နွားနို့ရောင်းစားတယ်။အဲဒါတောင်အလုံအလောက်မရဘူး။

အရင်းရှင်ဝါဒ - မင်းမှာ နွားမနှစ်ကောင်ရှိတယ်။တစ်ကောင်ကို ရောင်းပြီး နွားထီးတစ်ကောင်ပြန်ဝယ်တယ်။ မျိုးစပ်ပြီး နွားအုပ်တွေ အများကြီးဖြစ်လာအောင်လုပ်တယ်။ မျိုးစပ်နည်းကို အိမ်ဘေးက လူသိသွားမှာစိုးလို့ မှတ်ပုံတင်ထားတယ်။

## စာ(၂၅) မီးရေစုံသား ရေမြေရာသီသဘာဝနဲ့ ထူးမခြားနား စိုက်ပျိုးရေး မှ

တစ်ဧကကို တင်း ၆၀-၇၀ ထွက်နေဆဲ လက်ရှိစပါးအထွက်တိုး တင်း ၁၀၀ မှ ၁၅၀ အထိ ထွက်အောင်လုပ်ရမယ်။ ဒါပေမဲ့ ထွက်တဲ့စပါးက ပြင်ပကမ္ဘာဈေးကွက်မှာ ရောင်းတန်းဝင်တဲ့အရည်အသွေးပြည့်စုံရမယ်။ လယ်သမားအတွက် အထွက်နှုန်းတိုးရေးနဲ့ ကုန်သည်အတွက် ရောင်းပန်းလှဈေးကွက်ရဖို့ တစ်ခုတည်းသော လုပ်ဆောင်ရန်အဓိကအချက်က တောင်သူတိုင်းကိုယ်ပိုင်မျိုးစေ့ထုတ်နိုင်ဖို့ပါပဲ။

ဒုတိယအရေးကြီးဆုံးအချက်က လက်စွဲပြည်တွင်း ဆန်စပါးဈေးကပြည်ပဈေးထက်မြင့်လေတော့ တစ်ဧကကုန်ကျစရိတ် သက်သာစေမယ့်နည်းပညာသုံးမှသာလျှင် လက်ရှိဘေးကျပ်နံကျပ် အခက်အခဲက ထွက်နိုင်မယ်။ ဒီတော့ထွက်ပေါက်ကတော့ ပထမ၊ ကိုယ်တိုင်မျိုးစေ့ချန်၍ရသောမျိုးစေ့ထုတ်ဖို့လိုပါတယ်။ ဒုတိယ ကုန်ကျစရိတ်သက်သာသောစိုက်ပျိုးနည်းပညာကို သုံးရပါမယ်။

တတိယအရေးကြီးဆုံးအချက်ကတော့ ကမ္ဘာ့ဈေးနဲ့ ယှဉ်ပြိုင်ပြီးစိုက်ပျိုးထုတ်လုပ်ဖို့အသုံးပြုမယ့်စပါးမျိုးကတော့ ကမ္ဘာ့ဈေးကွက်အရောင်းအဝယ်လောကမှာရော လက်ရှိပြည်တွင်း စားသုံးမှုအတွက်ပါ အသုံးပြုနေတဲ့ ဧည့်မထ၊ ပေါ်ဆန်းဘေးကြားရင်၊ ဇီဟာမျိုးတွေပဲဖြစ်မှ အဆင်ပြေမယ်။ ဒီစပါးမျိုးတွေကို ပယ်ပြီး အခြားကမ္ဘာ့ဈေးကွက်မှာယောင်လို့တောင်မကြားဘူး။ မရှိသေးဘူးတဲ့ စပါးမျိုးတွေကိုသာပြောင်းလဲအသုံးပြုမယ်ဆိုရင်တော့ မီးရေစုံသား မြန်မာပြည်မှာ ထူးမခြားနားစိုက်ပျိုးရေး ဆက်လက်ရှိနေဦးမယ်ဆိုတာပါပဲ။

**အယ်ဒီတာချုပ်-** သောင်းစုငြိမ်း။ **အမှုဆောင်အယ်ဒီတာများ-** အားမာန်၊ ငြိမ်းငြိမ်းနိုင်။ **စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်းအယ်ဒီတာ -** စောစည်သူမိုး။ **သတင်းအယ်ဒီတာများ-** အေးမြကျော်၊ နေလင်းအောင်၊ သီဟ၊ မေဝင်းမွန်။ **အကြီးတန်းသတင်းထောက်-** မြတ်စုမွန်၊ ဇာဇာနီ၊ ယုဇနကိုကို။ **နိုင်ငံတကာသတင်းဘာသာပြန်-** ရဲမင်း၊ ကျော်မျိုးဦး။ **စာပြင်အယ်ဒီတာ-** လုထွဋ်ဦး။ **သတင်းထောက်များ-** သဇင်ထွေး၊ ဝေယံမြတ်ဦး၊ ကျော်သီဟ၊ အိဖြူလွင်၊ အိဖြူမွန်၊ ဝတ်ရည်အောင်၊ သိမ့်သိမ့်စိုး၊ ဥက္ကာကိုကို၊ အောင်သူရ၊ နေလင်းထွန်း၊ ဗိုလ်ဗိုလ်ဝင်း၊ ပြည်သိမ်း၊ သန်းဌေး၊ အေးသူစံ။ **နေပြည်တော်သတင်းထောက်-** ထူးသန့်။ **မန္တလေးသတင်းထောက်များ-** စိုင်းသာအောင်၊ မင်းဒင်၊ ညီညီဇော်။ **နယ်သတင်းထောက်များ-** မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွန့်(ရေနံချောင်း)၊ မောင်ကံ ။ **စာမျက်နှာဖွဲ့စည်းမှု-** ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက်။ **ကွန်ပျူတာစာစီ-** စန်းစန်း၊ နွယ်မွန်ဖြိုး၊ မေဇင်သိန်းဇော်၊ ဘုန်းမြင့်ဟန်။ **သရုပ်ဖော်-** စိုးသော်တာ။ **ဓာတ်ပုံသတင်းထောက်-** အောင်အောင်၊ ဂျေမောင်မောင်(အမရပူရ)။ **ပြင်ပဆက်သွယ်ရေး-** သက်ပိုင်ဌေး။ **လိုဂိုဒီဇိုင်း-** ကျောက်ဆည်။ **ဘဏ္ဍာရေး-** ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး။ **ကြော်ငြာတာဝန်ခံ-** မိုးပပ၊ လင်းလင်းဦး။ **ထုတ်ဝေသူ-** ဦးမျိုးလှိုင်အောင်။ **ပုံနှိပ်စက်-** သုဝဏ္ဏသီဂီပုံနှိပ်တိုက်။ **ဖလင်-** Sunn Colour Separation. **စောင်ရေ-** ၁,၀၀၀။ **ရောင်းဈေး-** ၄၅၀ကျပ်။

7Day News ဂျာနယ်တိုက် - လပြည့်ဝန်းပလာဇာ(၁၀ ထပ်)၊ အမှတ် ၃၇၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်။ ဖုန်း- ၀၉ ၇၃၂၂၄၅၄၁ ၊ ၂၄၃ ၅၄၂၊ ၃၇၆၄၅၉၊ ၀၉ ၅၁၇၃၂၅၅
Fax : 243 542, E-mail : editor@7daynewsjournal.com

7DAY NEWS JOURNAL
# Business
Vol.10, No.38 · DECEMBER 8, 2011

# စက်မှုဝန်ကြီးဌာနက တင်သွင်းသည့် ချယ်ရီဝက်ဂွန် အစီး ၁,၀၀၀ ကို တစ်စီး ကျပ်သိန်း ၁၀၀ ခန့်ဖြင့် ရောင်းမည်

ပြည်သိမ်း

**ရန်ကုန်၊ ဒီဇင်ဘာ-၁**

ကားဟောင်းလဲလှယ်ရေးကို အထောက်အကူပြုမည့် စက်မှုဝန်ကြီးဌာနမှ တင်သွင်းသည့် ချယ်ရီဝက်ဂွန်ကားအစီး ၁,၀၀၀ မှာ ယခုလဆန်းပိုင်းတွင် ရောက်ရှိမည်ဟု အဆိုပါဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက နေပြည်တော်၌ သတင်းထောက်များနှင့် တွေ့ဆုံရာတွင် ပြောကြားခဲ့သည်။

လက်ရှိ တင်သွင်းလာသည့် ကားများသည် ပြည်တွင်းထုတ် မြန်မာမီနီ ဆလွန်းကားမျိုးဖြစ်ပြီး ရောင်းဈေးမှာ တစ်စီးလျှင် ကန်ဒေါ်လာ ၆,၀၀၀ နှင့် ကညနအခွန်နှင့် Custom Duty မှာ ဝယ်သူက ပေးဆောင်ရမည်ဖြစ်သည်။ Custom Duty သည် ကားတန်ဖိုး၏ ၆၅ ရာခိုင်နှုန်းနှင့် ကညနအခွန်မှာ ပြည်တွင်းအခွန်ဖြစ်သည့်အတွက် ကားတစ်စီး၏တန်ဖိုးမှာ တစ်စီးလျှင် ကျပ်သိန်း ၁၀၀ ဝန်းကျင် ကုန်ကျမည်ဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်ကဆိုသည်။

"ကားအစီးလိုက် သွင်းလို့ ကားတန်ဖိုးအတိုင်းဂျူတီဆောင်ရတာ။ မြန်မာမီနီက သံပြားကိုသွင်းတော့ သံပြားအခွန်ပဲဆောင်ရလို့ ၅၅ သိန်းနဲ့ ရောင်းနိုင်တယ်" ဟု ဝန်ကြီးဦးစိုးသိန်းက ရှင်းပြသည်။



ချယ်ရီကားများကို ထုတ်ဈေးကျပ်သိန်း၅၀ကျော်ဖြင့်ဝယ်ယူရရှိနိုင်ရေး စောင့်စားနေသူများစွာရှိသည်။

ဓာတ်ပုံ - ဧရာဇော်အောင်(အေရေပွဲ)

အဆိုပါ ချယ်ရီဝက်ဂွန်ကားများကို ကားလဲလှယ်သူများကိုသာ ဦးစားပေးရောင်းချမှာဖြစ်ပြီး အငြိမ်းစားဝန်ထမ်းများကို ပိုမိုဦးစားပေးမည်ဖြစ်ကြောင်းလည်း သိရသည်။

"မြန်မာမီနီက ဈေးကွက်မှာတော့ ဈေးကကျပ်သိန်း ၁၃၀၊ ၁၂၀ ဝန်းကျင်ရှိတယ်"ဟု ဟံသာဝတီပွဲစားတန်းမှ ကားဝယ်ရောင်းတစ်ဦးကဆိုသည်။

လက်ရှိကားဟောင်းလဲလှယ်ရာတွင် ယခုလ ၂၅ ရက်ထိ ကားအစီးရေ ၁၇,၀၇၈ စီးကို ကညနမှ လဲလှယ်ခွင့်ပြုထားပြီး ယင်းတို့ထဲတွင် လူစီးက ၁၄,၇၆၀၊ ကုန်တင်ကား ၁,၃၂၈ စီးနှင့် ဘတ်စ်ကား ၉၉၀ စီးပါဝင်သည်။ တင်သွင်းခွင့်ပြုထားသည့်ကား အစီးရေ ၁၀,၈၁၈ စီးရှိပြီဖြစ်ကြောင်း သိရသည်။

## ပြည်တွင်းငွေလဲနှုန်း

| | | |
|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၇၉၀ | ကျပ် |
| ၁ အက်ဖ်အီးစီ | ၇၉၀ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၆၁၅ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၂၅ | ကျပ် |
| ၁ ယွမ် (တရုတ်) | ၁၁၅ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁၀၄၅ | ကျပ် |
| ၁ ယူနစ် (ပို့ကုန်ရငွေ) | ၈၀၅ | ကျပ် |

၂၀၁၁ ဒီဇင်ဘာ ၂ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။
မှတ်ချက်။ ။ပို့ကုန်ရငွေဈေးနှုန်းသည် ဒီဇင်ဘာ ၃ ရက်ဈေးဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၄၀၉ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၄၆၈ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၇၇. ၉၈ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၃၅၉၆ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၅၁. ၁၀ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၈၄၉ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၁၂၈. ၀၀ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၁၂၈ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၀. ၈၀ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၉,၀၁၅. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၁,၀၀၀. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၃. ၂၅ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၀. ၉၇၈၅ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၁. ၂၈၃၄ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၁. ၀၁၉၂ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၃၀. ၉၄၄၂ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃. ၆၇၁၂ | ဒါရမ် | (UAE) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁၇၅၁. ၃၀၀ |
| ရေနံစိမ်း | စည် | ၁၀၉. ၉၄၀ |
| ငွေ | ၁ အောင်စ | ၃၂. ၆၈၆ |
| ကြေးနီ | ပေါင် | ၃၅၈. ၄၅၀ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၃. ၅၈၄ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။
၂၀၁၁ ဒီဇင်ဘာ ၃ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။

# ရွှေဈေးလှုပ်ရှားမှုနည်း၍ စီးပွားရေးသမားများ စိတ်ဝင်စားမှု လျော့ကျ

သိမ့်သိမ့်စိုး

**ရန်ကုန်၊ နိုဝင်ဘာ-၃၀**

ပြည်တွင်းရွှေဈေးကွက်တွင် စီးပွားရေးလုပ်ငန်းရှင်များ စိတ်ဝင်စားမှုနည်းနေသည့် ကာလတစ်ခုဖြစ်နေကြောင်း ရွှေလုပ်ငန်းရှင်များက ပြောသည်။

"ဒီရက်ပိုင်းတွေမှာ ရွှေဈေးလည်း အေးတယ်။ အရောင်းအဝယ်ဘက်မှာလည်း အေးသွားတယ်။ လုပ်ငန်းရှင်တွေက ရွှေဘက်ကို သိပ်စိတ်မဝင်စားတဲ့ အချိန်လည်း ဖြစ်နေတယ်" ဟု ရွှေဆိုင်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

စီးပွားရေး လုပ်ငန်းရှင်များ ရွှေဘက်တွင် စိတ်ဝင်စားမှုနည်းနေခြင်းမှာ ရွှေဈေးကွက်တွင် ဈေးနှုန်းအတက်အကျ ပြောင်းလဲမှုနည်းနေခြင်းကြောင့်လည်း အဓိကအကြောင်းရင်းဖြစ်နိုင်ကြောင်း ရွှေလုပ်ငန်းရှင်များကပြောသည်။

ထို့ပြင် ယခုရက်ပိုင်းတွင် ပြည်ပမှ တင်သွင်းလာသောကားများ ရောက်ရှိလာခြင်းကလည်း ရွှေလုပ်ငန်းဘက်သို့ လုပ်ငန်းရှင်များ စိတ်ဝင်စားမှု နည်းစေနိုင်သည့် အချက်ဖြစ်နိုင်ကြောင်း ရွှေလုပ်ငန်းရှင်တစ်ဦးက ခန့်မှန်းပြောကြားသည်။

ရွှေဈေးကွက်သည် ပုံမှန်အားဖြင့် လကုန်ရက်များတွင် အရောင်းအဝယ်ရော ဈေးနှုန်းပါ တက်လေ့ရှိသော်လည်း ယခုလကုန်ပိုင်းတွင်ဈေးနှုန်းနှင့်အရောင်းအဝယ်ပါ အေးနေခဲ့ကြောင်း သိရသည်။

ကမ္ဘာ့ရွှေဈေးနှုန်းသည်ပြီးခဲ့သည့် တစ်ပတ်တွင်း၌ တစ်အောင်စလျှင် ၁,၆၉၀ ဒေါ်လာထိ ကျဆင်းသွားရာမှ ယခုတစ်ပတ်တွင် ၁,၇၂၅ ဒေါ်လာထိအတက်ရှိခဲ့သည်။ ကမ္ဘာ့ရွှေဈေးသည် တစ်အောင်စပေါ်တွင် ၃၅ ဒေါ်လာထိ အတက်အကျပြောင်းလဲမှုရှိခဲ့သည်။

စာ(၃၄)သို့









7DAY NEWS JOURNAL
Vol.10, No.38 · DECEMBER 8, 2011

# တွက်ခြေကိုက်သီးနှံအဖြစ် မက္ကဒေးမီးယား စိုက်ပျိုးမှု တွင်ကျယ်လာဟုဆို

မေဝင်းမွန်

ရန်ကုန်၊ နိုဝင်ဘာ – ၃၀

ပြည်တွင်းစားသုံးမှုဈေးကွက်တွင် စားသုံးသူလက်ခံစပြုလာသည့် နှစ်ရှည်သီးနှံမက္ကဒေးမီးယားကို ခိုင်လုံသော ဈေးကွက်ဝင်သီးနှံအဖြစ် လက်ခံလာကြသဖြင့် စိုက်ပျိုးမှုအနေအထားတိုးတက်လာကြောင်း လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း ကျောက်မဲခရိုင်မန်နေဂျာ ဦးသိန်းလွင်က ပြောကြားသည်။

“မက္ကဒေးမီးယားပင်တွေစပြီးစိုက်တုန်းက အမယ်သစ်သီးနှံဆိုတော့ စီးပွားရေးတွက်ခြေကိုက်မကိုက်တွက်ဆနေကြတော့ စိုက်တဲ့သူနည်းပါတယ်။ အခုနောက်ပိုင်းမှာတော့ စီးပွားဖြစ်တဲ့၊ ခိုင်လုံတဲ့သီးနှံတစ်ခု ဖြစ်လာတဲ့အတွက်စိုက်သူတွေလက်ခံလာတယ်။ ပုဂ္ဂလိကလုပ်ငန်းရှင်အချို့ဆိုရင် လာမယ့်နှစ်မှာကေ ၂,၀၀၀လောက်တိုးချဲ့စိုက်ကြမှာပါ”ဟု အထက်ပါပုဂ္ဂိုလ်က ပြောကြားသည်။

လက်ရှိတွင်သဘာဝအရသာဖြင့် မက္ကဒေးမီးယားအစေ့လှော်ကို ပြည်တွင်းဈေးကွက်တွင် ဖြန့်ချိလျက်ရှိရာ ဈေးကွက်ချဲ့ထွင်နိုင်ရေးအတွက် အဆင့်မြင့်ထုတ်ပိုးမှု၊ အရသာများ ဖြည့်စွက်ထုတ်လုပ်သွားရန်ပုဂ္ဂလိကလုပ်ငန်းရှင်အချို့ စီစဉ်လျက်ရှိကြောင်း မြန်မာ့မက္ကဒေးမီးယားအစုအဖွဲ့(နောင်ချို)မှ အဖွဲ့ဝင်တစ်ဦး၏ ပြောကြားချက်အရသိရသည်။

“မက္ကဒေးမီးယားအစေ့လှော်ကိုဈေးကွက်မှာ သိတဲ့လူများလာတဲ့အနေအထားရှိပါတယ်။လက်ရှိဈေးကွက်မှာ သဘာဝအတိုင်းအစေ့လှော်ပဲရောင်းချပါတယ်။နောက်ပိုင်းမှာ အစေ့လှော်ထုတ်လုပ်ရောင်းချတဲ့အခါ အရသာထည့်ပြီးထုတ်လုပ်သွားဖို့စီစဉ်ထားပါတယ်။ ပြည်တွင်းဈေးကွက်က ရန်ကုန်၊ မန္တလေး၊ ပြင်ဦးလွင်၊ နောင်ချိုမှာ ဖြန့်ချိထားပါတယ်” ဟု နောင်ချိုမြို့မှ မက္ကဒေးမီးယားစိုက်ပျိုးရေးလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

မက္ကဒေးမီးယားပင်သည် စိုက်ပျိုးပြီးငါးနှစ်အကြာတွင်ရောင်းတန်းဝင်အသီးများစတင်ရရှိပြီး နှစ်ပေါင်း ၆၀ ကျော်အထိစီးပွားရေးတွက်ခြေကိုက်သည့်အပင်တစ်မျိုးဖြစ်သည်။ မြန်မာနိုင်ငံတွင် ဩစတြေးလျတိုက်၊ ကွင်းစလန်းပြည်နယ်မှ မက္ကဒေးမီးယားမျိုးကိုစိုက်ပျိုးပြီး ဈေးကွက်ဝင် အခွံချောမျိုးနှင့် အသီးချွန်မျိုးတို့ကို အဓိကစိုက်ပျိုးသည်ဟု သိရသည်။

မက္ကဒေးမီးယားပင်ကို ပန်းတောင်း–တောင်ကုတ်လမ်းရိုးညောင်ဂျိုးဒေသ၊ ကချင်ပြည်နယ်မြစ်ကြီးနား၊ ပြင်ဦးလွင်၊ ရခိုင်ပြည်နယ်နှင့်ရှမ်းပြည်နယ်မြောက်ပိုင်းတွင် အများဆုံးစိုက်ပျိုးကြသည်။ မြန်မာနိုင်ငံတွင် မက္ကဒေးမီးယားပင်များကို ၂၀၀၃–၂၀၀၄ ခုနှစ်မှ အမယ်သစ်သီးနှံအဖြစ်စတင်စိုက်ပျိုးခဲ့ပြီး မက္ကဒေးမီးယားကုန်ကြမ်းများကို ထိုင်းနှင့်တရုတ်နိုင်ငံဈေးကွက်သို့ ၂၀၀၉ခုနှစ်ကတင်ပို့ရောင်းချနိုင်ခဲ့သည်။ ပြည်တွင်း စားသောက်ကုန်အဖြစ်ရောင်းချခြင်းကို ပြီးခဲ့သည့်နှစ်ကစတင်ခဲ့ပြီး လက်ရှိဈေးကွက်တွင် ၃၆ ဂရမ်ပါအစေ့လှော်တစ်ထုတ်လျှင် ရောင်းဈေး ၁,၀၀၀ ကျပ်ရှိသည်ဟုသိရသည်။

“မက္ကဒေးမီးယားအပင်က နှစ်ရှည်ပင်ဖြစ်တဲ့အတွက် စိုက်ပျိုးထားတုန်းမှာလက်ဖက်၊ ပြောင်း၊ မြေပဲ၊ ပဲပုပ်စတဲ့ကြားသီးနှံတွေလည်း စိုက်သွားလို့ရတော့ လုပ်ငန်းရှင်တွေအတွက် အဆင်ပြေတာပေါ့။ ရှမ်းပြည်နယ်မြောက်ပိုင်းမှာဆို နောင်ချိုမှာ စိုက်ပျိုးကေအများဆုံးပါပဲ။ ကျောက်မဲဘက်မှာတော့ မက္ကဒေးမီးယားလို့မသိကြဘူး။သော့သီးလို့အရပ်ခေါ်ကြတယ်။ အစေ့လှော်အရွယ်တော် အလုံး ၄၀ ပါတဲ့ တစ်ထုပ်ဆိုသုံးထောင်ကျပ်လောက် ဈေးရှိတယ်”ဟု ကျောက်မဲခရိုင် မန်နေဂျာကဆက်လက်ပြောသည်။

မက္ကဒေးမီးယားအစေ့သည် ကိုလက်စထရောမပါရှိခြင်း၊ နှလုံးသွေးကြောဆိုင်ရာရောဂါများကာကွယ်နိုင်ခြင်း၊ အသည်းအဆီဖုံးရောဂါကို ကာကွယ်နိုင်ခြင်း၊ အသားအရေလှပစိုပြည်စေခြင်း စသည့် ကျန်းမာရေးဆိုင်ရာကောင်းကျိုးများကြောင့် ကမ္ဘာ့ဈေးကွက်ဝင် စားသောက်ကုန်တစ်ခုအဖြစ် နေရာရခြင်းဖြစ်သည် ဟုသိရသည်။ မက္ကဒေးမီးယားစိုက်ပျိုးလိုသူများကိုလည်း လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းမှ ပျိုးပင်များ၊ မျိုးစေ့များ၊ နည်းပညာများ စသည်တို့ကို ဖြန့်ဝေပေးလျက်ရှိသည်ဟု သိရသည်။


**စာ(၃၃) – ရွှေဈေးလှုပ်ရှားမှုနည်း စီးပွားရေးသမားများ စိတ်ဝင်စားမှု လျော့ကျ မှ**

သို့သော် ပြည်တွင်းရွှေဈေးမှာ အခေါက်ရွှေ တစ်ကျပ်သားလျှင် ၇၂၆,၀၀၀ ကျပ်ဖြင့်အမြင့်ဆုံးဈေးဖြစ်ခဲ့ပြီး နိုဝင်ဘာ ၃၀ ရက်တွင် ၇၂၂,၀၀၀ ကျပ်ရှိခဲ့သည်။ ထို့ကြောင့် ပြည်တွင်းရွှေဈေးမှာ တစ်ကျပ်သားလျှင် ကျပ် ၄,၀၀၀ ဝန်းကျင်သာ ပြောင်းလဲမှုရှိခဲ့သည်။

7 DAY NEWS JOURNAL
Vol.10, No.38 • DECEMBER 8, 2011

# 7DAY BOOK REVIEW

## THE REAL LIVES REAL STORIES




The Real Lives, Real Stories (တကယ့်ဘဝ၊ တကယ့်ဇာတ်လမ်း)ဟူ၍ စိတ်ဝင်စားဖွယ် မြန်မာလူနေမှုပုံစံများကို စုစည်းကာ ပဉ္စမအကြိမ်မြောက်ထွက်ရှိလာသည့်စာအုပ်ဖြစ်သည်။ စာအုပ်တွင်အဖြစ်အပျက်မှန် ဘဝများကို မှန်ကူကွက်သဖွယ် ရောယှက်ဖွဲ့စည်းထားပြီး သာမန် ဖြစ်ရိုးဖြစ်စဉ်ဘဝများသာမက အနိမ့်မှ အမြင့်သို့၊ အမြင့်မှ အနိမ့်သို့ ပြောင်းလဲသွားသောသက်ရှိ လူပုဂ္ဂိုလ်တို့၏ အကြောင်းများအပြင် စီးပွားရေး၊ ပညာရေး၊ အနုပညာရေးရာနယ်ပယ်များမှ ထင်ရှားသူအချို့သာမက မထင်မရှား အညတရဘဝခရီးသည်များအကြောင်း ပါ စုံစေ့အောင် ရေးသားထားသည်ဖြစ်၍ ဆေးရောင်စုံ လူမှုဘဝမြင်ကွင်းကျယ်အဖြစ်ရှုမြင်ရမည်ဖြစ်ပါသည်။

စိန်၊ ရွှေ၊ ငွေ ရတနာလောကတွင် ထင်ရှားသည့်လုပ်ငန်းရှင်များဖြစ်ကြသော ရွှေနန်းတော်၊ စိန်နန်းတော်ပိုင်ရှင် ဒေါက်တာအောင်ကျော်ဝင်းနှင့် ဇနီး ဒေါက်တာသက်သက်ခိုင်တို့၏ ဘဝဖြတ်သန်းမှု အတွေ့အကြုံနှင့် ဆေးပညာသင်ကြားခြင်း၊ ဆေးပညာသင်ကြားပြီးသော်လည်း ဆရာဝန်အဖြစ် အသက်မမွေးဖြစ်ဘဲ ရတနာလောက၌ နာမည်တစ်လုံးရလာအောင် ကိုယ်ပိုင်စီးပွားရေး ထူထောင်ခြင်းနှင့် အောင်မြင်သောစီးပွားရေးလုပ်ငန်းရှင်ဘဝ မိသားစုကဏ္ဍကိုဖတ်ရှုရပါမည်။ သားသမီးပြုစုပျိုးထောင်ခြင်းနှင့် ပတ်သက်၍ ဒေါက်တာ သက်သက်ခိုင်က "သမီးကို အင်တာနေရှင်နယ်စကူးလ်မှာထားတော့ ကျောင်းမှာ ဗမာစာမသင်ရဘူး။ ဗမာစာသင်ခိုင်းတာဟာ ဘုရားစာဖတ်ဖို့ဆိုရင် ကလေးဆိုတော့ ဘဝင်ကျမှာမဟုတ်ဘူး။ ဒါကြောင့် မြန်မာပြည်မှာနေရင် ဗမာစာက အရေးကြီးတယ်။ ဗမာလူမျိုးဟာ ဗမာစာတတ်ရမယ်။ ဒီမှာအလုပ်လုပ်ရင် စာချုပ်စာတမ်းတွေဖတ်ရမယ်။ ရုံးစာတွေလည်း အားလုံး ဗမာလိုရေးတာဆိုပြီး သမီးကိုရှင်းပြရတယ်။ ဗမာစာကို အိမ်မှာခေါ်သင်ပေးတယ်"ဟု ရှင်းလင်းပြောကြားထားသည်ကိုဖတ်ရှုရပါမည်။

စာအုပ်တွင်တကယ့်ဘဝအစစ်အမှန်ဆောင်းပါး ၂၂ ပုဒ်ပါဝင်ပြီး အထူးခြားဆုံးဆောင်းပါးမှာ သရဝဏ်အောင်၏ 'ကံကိုပဲ ရိုးမယ်ဖွဲ့လေမှာလား'ဖြစ်သည်။ ယင်းဆောင်းပါးတွင် ငယ်ရွယ်စဉ်က အမှားတစ်ခုလုပ်မိရာက နားလည်မှုမပေးနိုင်သောမိသားစုကြောင့် လမ်းပေါ်ရောက်၍ ဘဝပျက်ခဲ့ရသည့် အမျိုးသမီးတစ်ဦးအကြောင်း ကရုဏာသက်စွာဖတ်ရှုရမည်ဖြစ်သည်။ ထိုဆောင်းပါးတွင် မသိနိုးအရွယ် ပညာရှာစဉ်ရည်းစားထားမိရာမှ မိသားစု၏ကြမ်းတမ်းသောဆုံးမမှုကြောင့် ယောကျ်ားနောက် လိုက်ပြေးမိပြီး ထိုမှ ယောကျ်ားမျိုးစုံနှင့် ကြုံတွေ့ခဲ့ရကာ ဘဝအထွေထွေကပြရရှာသော အမျိုးသမီး၏ ပြောကြားချက်များ ရင်နင့်ဖွယ်ဖတ်ရှုရပါမည်။ ထိုသို့ပင် ထူးခြားသည့်ဘဝအဖြစ် နွားသတ်သမားတစ်ဦး၏ လုပ်ငန်းခွင် အတွေ့အကြုံကို ရဲမွန်ထော၏ 'နွားပြီးတော့နွား' ဆောင်းပါး၌ ဖတ်ရှုရမည်။ ဘဝတိုးတက်ရာတိုးတက်ကြောင်းရှာဖွေသူတစ်ဦး၏ပြည်တွင်းပြည်ပအတွေ့အကြုံကို မိုးကောင်းကင်၏ 'အလင်းရောင်ကိုရှာဖွေသူလူတစ်ယောက်'၌ ဖတ်ရှုရပါမည်ဖြစ်ပြီး မျက်လှည့်ပညာရှင် မစ္စတာတော့၏ ဘဝကောက်ကြောင်းကို 'သိက္ခာရှိရှိလှည့်စားခြင်း'၌ ဖတ်ရှုရပါမည်။ သရဝဏ်(ပြည်)၏ 'မန္တလေးသို့ သွားရာလမ်း'၌ ပဲခူးမှ မန္တလေးမြို့သို့ ခေတ်ဟောင်း ရေနွေးငွေ့ရထားကြီးစီးကာ လိုက်ပါလေ့လာခဲ့ကြသူ နိုင်ငံခြားခရီးသည်များအကြောင်း သိရှိရမည်ဖြစ်သလို မောင်ဖုန်းပြည့်(ရန်ကုန်တက္ကသိုလ်)၏ 'စာရာမေတိသွားတောလား'၌ စာရာမေတိတောင်သို့ တက်ရောက်ခဲ့သော အတွေ့အကြုံများအကြောင်း ဖတ်ရှုရပါမည်။

ယခုစာအုပ်တွင် လက်တွေ့ဘဝထဲမှ အဖြစ်အပျက်များ၊ သက်ရှိပုဂ္ဂိုလ်များ၏ ဖြတ်သန်းမှုများကို အကြောင်းအရာ မထပ်အောင် ပုံစံတစ်မျိုးစီ ထည့်သွင်းဖော်ပြထားပြီး The bookhouse စာအုပ်တိုက်မှ တန်ဖိုး ၄,၀၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

## Knowledge ဗဟုသုတ

### မှောင်မှောင်မည်းမည်းစားသောက်ဆိုင်မှာ စားကြည့်ကြမလား

ပိန်းပိတ်အောင်မှောင်နေသည့်ကမ္ဘာ့ပထမဆုံးစားသောက်ဆိုင် The Blindekuh ကိုဇူးရစ်ချ်မှမျက်မမြင်ခရစ်ယာန်ဘုန်းတော်ကြီးဂျော့ချ်စပီးလ် မန်းက ၁၉၉၉ ခုနှစ်ကဖွင့်လှစ်ခဲ့သည်။ အဆိုပါစားသောက်ဆိုင်မှာ မျက်စိမမြင်သည့်စားပွဲထိုးများက ဝန်ဆောင်မှုပေးသည့် ကမ္ဘာ့အမှောင်ဆုံးစားသောက်ဆိုင်တစ်ခုဖြစ်သည်။ ဘုန်းတော်ကြီးစပီးလ်မန်းကဇူးရစ်ချ်အပြင် ဒုတိယမြောက်ဆိုင်အဖြစ် ဆွစ်ဇာလန်နိုင်ငံ၊ ဘာဆဲလ်တွင်ဖွင့်လှစ်ထားကာ ဆိုင်နှစ်ဆိုင်စလုံးကိုရောက်သွားသည်နှင့် ရိုးသားမှု၊ ရင်းနှီးဖော်ရွေမှုတို့ကို ခံစားရမည်ဖြစ်ကာ နေ့လယ်စာနှင့်ညစာကောင်းကောင်းကို သုံးဆောင်နိုင်မည်ဖြစ်သည်။ စားသုံးသူများသည်လည်း မျက်စိမမြင်သည့် ခံစားမှုရရှိကာ မှောင်မဲသောပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေဖြစ်စေရန် မျက်စိများဖုံးအုပ်ကာ သုံးဆောင်ကြရမည်ဟုဆိုသည်။

The Blindekuh ကဲ့သို့မှောင်မှောင်မည်းမည်းစားသောက်ဆိုင်များမှာ ကမ္ဘာ့နေရာအနှံ့တွင်ဖွင့်လှစ်ထားမှုများရှိပြီး ဂျာမနီနိုင်ငံ ဘာလင်မြို့၊ တရုတ်နိုင်ငံ ဘေဂျင်းမြို့၊ အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ်၊ ဆန်ဖရန်စစ္စကိုနှင့် ဆန်ဒီရေးဂိုး၊ နယူးယောက်မြို့၊ ပါရာဂွေး၊ ပါရီ၊ လန်ဒန်၊ မော်စကိုနှင့် ဝါဆောမြို့၊ မွန်ထရီရယ်၊ မဲလ်ဘုန်း၊ အစ္စရေးနိုင်ငံ၊ တယ်လ်အဗစ်တို့တွင်မြင်တွေ့ရမည်ဖြစ်သည်။

*—Source:spotcoolstuff*

## ဒီဇင်ဘာ ၇ ရက်မှ ၁၃ ရက်အထိ

### ARIES — မိဿရာသီဖွား (မတ်၂၁-ဧပြီ၂၀)

အလွန်စန်းကောင်းမည်။ အလိုရှိရာ ပြည့်စုံမည်။စိတ်ချမ်းမြေ့မှုနှင့် ကောင်းခြင်းအဖြာဖြာကျရောက်နေမည်။ ဆောင်ရွက်ထားသည့် ကိစ္စများမှ ကောင်းသောအကျိုးအမြတ်များရရှိမည်။ မိမိကိစ္စမဟုတ်ဘဲ အလုပ်ပို၊ ကိစ္စပိုများ ကြုံမည်။ မိတ်ဆွေအကြီးအကဲများထံမှ ကောင်းသောအထောက်အကူများရရှိမည်။ ခရီးကိစ္စ၊ လူမျိုးကွဲနှင့် ဆက်ဆံရသောကိစ္စများ အဆင်ပြေမည်။

### TAURUS — ပြိဿရာသီဖွား (ဧပြီ၂၁-မေ၂၁)

အကြံသစ်များရှေ့တိုးဆောင်ရွက်သင့်သည်။ အခက်အခဲများဖြေရှင်းအဆင်ပြေမည်။ ရည်မှန်းချက်သစ်များ လက်တွေ့အကောင်အထည်ဖော်သင့်သည်။ ငွေကြေးအကုန်အကျများမည်။ စုဆောင်းထားသောငွေများပင် လျှင် ကုန်မည်။ တစ်ပါးသူထံမှ ငွေကြေးယူ၍ ရင်းနှီးမြှုပ်နှံခြင်းများ မပြုသင့်။ အိမ်တွင် အပျော်အပါးလောင်းကစားပြုသောသူများကြောင့် ငွေကုန်ရမည်။

### GEMINI — မေထုန်ရာသီဖွား (မေ ၂၂-ဇွန် ၂၁)

အလိုရှိရာပြည့်စုံ၍ တိုးတက်မှုအဆင့်ဆင့်ကို ဖန်တီးနိုင်မည်။ သို့သော် အတိုက်အခံများ ကြုံပြီးမှ လိုရာပြည့်စုံမည်။ ငွေကုန်များခြင်းရှိလင့်ကစား ကုန်ကျစရိတ်ကို ကာမိအောင်ငွေဝင်မည်။ စနစ်တကျစိတ်ကူးပြီး ဆောင်ရွက်လိုက်သည်များမှ ကောင်းသောအကျိုးဆက်ရရှိမည်။ အိမ်တွင်းရေး၊ လူမှုရေးတွင် အနည်းငယ် စိတ်အနှောင့်အယှက်ရှိမည်။

### CANCER — ကရကဋ်ရာသီဖွား (ဇွန် ၂၂-ဇူလိုင် ၂၂)

အတိုက်အခံများ၊ ဘဝစိန်ခေါ်မှုများပြည့်နှက်နေသည်။ အပြိုင်အဆိုင်ကြားမှ ဘဝတိုးတက်မှုရှာဖွေရမည်။ ဦးတည်လိုက်တိုင်းတစ်စုံတစ်ရာ အနှောင့်အယှက်များဖြစ်ပေါ်မည်။ ခက်ခဲသောပြဿနာများအား ဖြေရှင်းနိုင်ခြင်းရှိမည်။ မိမိအပေါ် ဒုက္ခပေးသောသူများကွယ်ပျောက်၍ အနှောင့်အယှက်အလုံးစုံအား ဖယ်ရှားနိုင်ခြင်းရှိမည်။

### LEO — သိဟ်ရာသီဖွား (ဇူလိုင်၂၃-ဩဂုတ်၂၃)

အပျောက်အရှ အကုန်အကျများမည်။ စိတ်ပင်ပန်းစရာများရှိမည်။ ကိုယ်ရေးကိုယ်တာကိစ္စအလုံးစုံ ဦးစားပေးခွင့်မရှိ။ သူတစ်ပါးအတွက် အနစ်နာခံပေးဆပ်နေရမည်။ မိမိဆောင်ရွက်၍ ရရှိလာသည့် ကောင်းကျိုးအသီးအပွင့်များကို တစ်ပါးသူအားပေးရကိန်းရှိသည်။ ကျန်းမာရေးအညံ့ရှိမည်။ အသည်းအသန် ချူချာသောသူများအိမ်တွင်ပေါ်မည်။

### VIRGO — ကန်ရာသီဖွား (ဩဂုတ်၂၄-စက်တင်ဘာ၂၂)

ရည်မှန်းချက်အောင်မြင်မည်။ လမ်းသစ်ထွင်ပြီး ဆောင်ရွက်သည်များမှ ကောင်းသော အကျိုးဆက်ရရှိမည်။ အလိုလောဘနည်းသောကြောင့် ကောင်းသောအကျိုးဆက်ရရှိမည်။ လုပ်ငန်း၊ ပညာတွဲဖက်ဆောင်ရွက်၍ တက်လမ်းများပေါ်ပေါက်မည်။ နေအိမ်နေရာပြုပြင်ခြင်း၊ ပြောင်းလဲခြင်းများ ပြုရမည်။ ထူးခြားသည့် ငွေဝင်လမ်းကြောင်းများ ပေါ်ပေါက်မည်။

### LIBRA — တူရာသီဖွား (စက်တင်ဘာ၂၃-အောက်တိုဘာ၂၃)

ပြဿနာကာလဖြစ်သည်။ ဒုက္ခပေးသောသူများ ဝန်းရံနေသည်။ မိမိအမှားကိုစောင့်၍ ချောက်တွန်းသောသူများရှိမည်။ လူပေါင်းမှား၊ ဆုံးဖြတ်ချက်မှားမည်။ သူတစ်ပါးနှင့် ဆန့်ကျင်ဘက်ရှုထောင့်မှ အတွေးအခေါ် လုပ်ကိုင်လိုမည်။ ပစ္စည်းပျောက်တတ်သည်။ အလိမ်ခံရတတ်သည်။ ပိုင်ဆိုင်မှုပစ္စည်းများအတွက် အငြင်းပွားရကိန်းကြုံမည်။

### SCORPIO — ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄-နိုဝင်ဘာ၂၂)

သူတစ်ပါးကြောင့်မိမိတွင် ပြဿနာအခက်အခဲများကြုံမည်။ စိတ်ရှုပ်ထွေးရမည်။ မိသားစု အိမ်တွင်းရေး ကိစ္စအဝဝတွင် အညံ့အဆိုးများရှိမည်။ သူတစ်ပါးအပေါ် ယုံစားလွန်းခြင်း၊ အားကိုးလွန်းခြင်း မပြုသင့်။ အမေ၊ အဘွား၊ အဒေါ် အစရှိသည့်အကြီးအကဲအမျိုးသမီးများ၏ ကျန်းမာရေးအတွက် စိတ်ပူပင်ရတတ်သည်။ညာခြေ၊ ညာလက်တွင် မတော်တဆထိရှတတ်သည်။

### SAGITTARUS — ဓနုရာသီဖွား (နိုဝင်ဘာ၂၃-ဒီဇင်ဘာ၂၁)

ရည်မှန်းချက်အောင်မြင်မည်။ အရာရာအဆင်ပြေမည်။ ခက်ခဲသော အညံ့အဆိုးများကင်းလွတ်သွားမည်။ စိတ်မြန်လွန်းခြင်း၊ တစ်ဇွတ်ထိုးလုပ်ခြင်းများလျှော့ပါ။ ငွေရလိုမှုကိုဦးစားမပေးဘဲ လုပ်ဆောင်နေသည့် ကိစ္စကို စနစ်တကျ ပီပီပြင်ပြင်ဖြစ်အောင်ဆောင်ရွက်ပါ။ ကြန့်ကြာနေသည့် ရပိုင်ခွင့်များလက်ဝယ်ပြန်လည်ရရှိမည်။ မတော်တဆထိခိုက်မှုများဖြစ်တတ်သည်။

### CAPRICORN — မကာရရာသီဖွား (ဒီဇင်ဘာ၂၂-ဇန်နဝါရီ၂၀)

စနစ်တကျလုပ်ကိုင်၍ အောင်မြင်မှု အကျိုးပေးမှုများဖြစ်ထွန်းမည်။ အလိုရှိရာ ပြည့်စုံ၍ ဘဝတိုးတက်မည်။ ကောင်းသော အမည်ကျော်ကြားခြင်းဖြစ်ထွန်းမည်။ ရင်းနှီးသူများနှင့် မကြာခဏစကားများရမည်။ ငွေဝင်ကိန်းကောင်းသည်။ လမ်းသစ်ထွင်၍ ဆောင်ရွက်ခြင်းများမှ အကျိုးကောင်းစွာ ရှရိမည်။ ကြန့်ကြာနေသည်များ လက်ဝယ်ပြန်လည်ရရှိမည်။

### AQUARIUS — ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁-ဖေဖော်ဝါရီ၁၈)

ရန်များမည်။ စိတ်အနှောင့်အယှက်များဖြစ်ပေါ်မည်။ မိမိအပေါ် အနှောင့်အယှက်ပေးသောသူများနှင့် တွေ့မည်။ ဆောင်ရွက်သည့်ကိစ္စတိုင်းအပေါ် အဆိုးမြင်သောသူများနှင့် တွေ့မည်။ စာရွက်စာတမ်း၊ ငွေကြေးကိစ္စအတွက် စိတ်ပင်ပန်း၊ လူပင်ပန်းဖြစ်မည်။ လုပ်ငန်းဟောင်းရပ်၍ လုပ်ငန်းသစ်စတင်နိုင်မည်။ အခွင့်အရေးသစ်များပေါ်ပေါက်မည်။

### PISCES — မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉-မတ်၂၀)

အထင်လွဲမှားမှုများဖြေရှင်းရမည်။ မလုပ်သည့်ကိစ္စများလုပ်သယောင် အထင်လွဲခံရမည်။ စေတနာအပေါ် တန်ဖိုးမထားတတ်သောသူများနှင့် တွေ့မည်။ အလုပ်သစ်၊ ရည်ရွယ်ချက်သစ်များမှ ထင်ရှားသည့်အောင်မြင်မှုများရရှိမည်။ အပြောင်းအလဲနှင့် တိုးတက်မှုများ တွဲဖက်ပေါ်ပေါက်မည်။ အတိတ်ကာလမှ ဖြစ်ခဲ့သော ပြဿနာဟောင်းအချို့ ပြန်လည်ဖြေရှင်းရမည်။

7DAY NEWS JOURNAL
Vol.10, No.38 • DECEMBER 8, 2011

**အက်ကိုစစ်စခန်း၊ အီရတ်နိုင်ငံ**
အက်ကိုစစ်စခန်း၏ ဖုန်ထူသော မော်တော်ယာဉ်ရပ်နားရာကွင်းမှာ ပြောင်းသလင်းခါနေသည်။ စခန်းမှ ပုဂ္ဂလိက ချက်ပြုတ်တည်ခင်းရေးကန်ထရိုက်များ အိမ်ပြန်သွားသည်မှာလည်း ကြာပြီဖြစ်သည်။ ၂၀၁၁ ခုနှစ် စက်တင်ဘာ ၁၁ ရက် တိုက်ခိုက်မှုကို ပုံဖော်ထားသည့် ပန်းချီကားချပ်ကြီးကိုအုပ်၍ ဆေးအသစ်ပြန်သုတ်ထားပြီဖြစ်သည်။


Photo - AP

# အီရတ်မှ ထွက်ခွာခြင်း

**ကြည်နေဝင်းမင်း**

အီရတ်နိုင်ငံတွင် နောက်ဆုံးကျန်ရှိသော အမေရိကန်စစ်စခန်း ခုနစ်ခုအနက် စခန်းတစ်ခုဖြစ်သော အက်ကိုစခန်းအား အီရတ်တပ်ဖွဲ့ဝင်များထံသို့ အလျင်အမြန်ထိုးအပ်နေသည်။ ကျန်ရှိသော အမေရိကန်စစ်သားများမှာ အိမ်ပြန်ဖို့ ၎င်းတို့၏ပစ္စည်းများကို ထုပ်ပိုးထားပြီး ၎င်းတို့၏ နောက်ဆုံးတာဝန်ဖြစ်သော အီရတ်နိုင်ငံတောင်ပိုင်းမှ ကူဝိတ်နိုင်ငံသို့ဖြတ်ကျော်ဝင်ရောက်နေသည့် အမေရိကန်တပ်များအား အကာအကွယ်ပေးရေးကိုထမ်းရွက်နေသည်။

ဆက်ဒမ်ဟူစိန်ကို ဖြုတ်ချခဲ့သည့် ကျူးကျော်မှုကိုးနှစ်ကြာမြင့်ပြီးချိန်တွင် အီရတ်နိုင်ငံ၌ အမေရိကန်စစ်ဆင်ရေးအား အလျင်အမြန်အဆုံးသတ်နေရာ အီရတ်နိုင်ငံတွင် အမေရိကန်တပ်ဖွဲ့ဝင် ၁၃,၀၀၀ သာ ကျန်ရှိတော့သည်။ ၂၀၁၁ ခုနှစ်ကုန်ပိုင်းအထိ အမေရိကန်တပ်များ နေ့စဉ် ရာနှင့်ချီ၍ အီရတ်နိုင်ငံမှ ထွက်ခွာမည်ဖြစ်သည်။

မူလစီစဉ်ထားသည့်အတိုင်း အမေရိကန်တပ်ဖွဲ့များ အီရတ်မှ ထွက်ခွာမည်ဟု သမ္မတအိုဘားမားက ပြီးခဲ့သည့်လအတွင်း ပြောကြားခဲ့ပြီးနောက်ပိုင်း အရပ်ဘက်ကုန်တင်ယာဉ်များနှင့် စစ်ဘက်သုံးယာဉ်များ အုပ်စုလိုက် ကူဝိတ်နိုင်ငံသို့ထွက်ခွာသွားကြသည်။ ယင်းမှာအီရတ်မြေပေါ်တွင်အမေရိကန်တပ်ဖွဲ့များ အကြီးအကျယ်တပ်စွဲထားခြင်းကို အဆုံးသတ်ခြင်းပင်ဖြစ်သည်။

"အချိန်ကျပြီ။ သမ္မတကရော လူတိုင်းလူတိုင်းကပါ (အိမ်ပြန်ဖို့) အချိန်တန်ပြီလို့ပြောနေကြပြီ။ ကျွန်တော်တို့တတ်နိုင်သလောက် လုပ်ခဲ့ပြီးပြီ"ဟု အမေရိကန်ကြည်းတပ်မှ ဆာဂျင် ဖရက်ဖော့ဒ်က ပြောသည်။ အက်ကိုစစ်စခန်းမှာ ဘဂ္ဂဒက်မြို့၏ တောင်ဘက် ၉၅ မိုင်အကွာတွင်တည်ရှိပါသည်။ "ကျွန်တော်တို့ အိမ်ပြန်ပြီး သူတို့အတွက် သူတို့တာဝန်ယူဖို့အချိန်တန်ပါပြီ"ဟု အမေရိကန်ဆာဂျင်ကဆက်ပြောသည်။

အက်ကိုစခန်းတွင် ကျန်ရှိနေသေးသော တပ်ဖွဲ့ဝင်များမှာ အီရတ်နိုင်ငံရှိအခြားစစ်စခန်းများကဲ့သို့ပင် မိမိတို့၏ လုံခြုံရေးအတွက် ကင်းလှည့်နေကြဆဲဖြစ်ပြီး စခန်းမှ ထွက်ခွာရန် ထုပ်ပိုးသိမ်းဆည်းပြီး မော်တော်ယာဉ်များမှ အစ လေအေးပေးစက်များအဆုံး ပစ္စည်းပစ္စယများကို အီရတ်တပ်ဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်နေစဉ်မှာပင် တပ်ဖွဲ့ဝင်များ ထွက်ခွာရာနေရာ နိုင်ငံတောင်ပိုင်း အဝေးပြေးလမ်းမကြီးကိုလည်း လုံခြုံရေးယူထားရသည်။

အက်ကိုစခန်းတွင် အဖြူရောင် ဘက်စုံသုံးယာဉ်ငယ်များ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးယာဉ် များ၊ ဂျစ်ကားများ စသည့် အမေရိကန်၏ ပစ္စည်းစာရင်းကို အီရတ်အရာရှိများက စစ်ဆေးနိုင်ရန် အတန်းလိုက်ရပ်နားထားသည်။ အမေရိကန်တပ်ဖွဲ့များသည် ပြန်လည်သယ်ဆောင်သွားရန် တွက်ခြေမကိုက်သောပစ္စည်းများကို ချန်ထားခဲ့ကြသည်။ ဥပမာ-ဗုံးခွဲမှုဒဏ်ခံနိုင်သော နံရံများ။ ယင်းနှင့်မနီးမဝေးတွင် ညို့ဝါရောင်လူတင်သံချပ်ကာယာဉ်များက အမှတ် ၁ အဝေးပြေးလမ်းမကြီးအား လုံခြုံရေးယူရန် အင်ဂျင်များကိုအဆင်သင့်နှိုးထားကြသည်။

၂၀၀၆-၀၇ ခုနှစ်တွင် လူမျိုးရေးနှင့် ဘာသာရေးဂိုဏ်းကွဲများအကြား ပဋိပက္ခများ ပြင်းထန်ခဲ့ပြီးနောက်ပိုင်း အီရတ်နိုင်ငံတွင် အကြမ်းဖက်မှုများ လျော့ပါးလာပြီဖြစ်သည်။ ထိုအချိန်တုန်းကတော့ အသေခံဗုံးခွဲသူများကြောင့် နေ့စဉ် လူပေါင်းရာချီ သေဆုံးခဲ့ပြီး ဆွန်နီနှင့် ရှီးယိုက်များအကြား တိုက်ခိုက်မှုများကြောင့် ဘဂ္ဂဒက်နှင့်အခြား အီရတ်မြို့ကြီးများ ဖျက်ဆီးခံခဲ့ရသည်။

အီရတ်နိုင်ငံတွင် ဗုံးခွဲမှုများနှင့်တိုက်ခိုက်မှုများ နေ့စဉ်လိုလိုဖြစ်ပေါ်နေပါသေးသည်။ အီရတ်တပ်ဖွဲ့ဝင်များသည် ဆွန်နီအစ္စလာမ်မစ်သူပုန်ထခြင်းကိုနှိမ်နင်းနေရသလို အီရန်နိုင်ငံမှ ကျောထောက်နောက်ခံပေးထားသည့် ရှီးယိုက် လက်နက်ကိုင်များကိုလည်း ကိုင်တွယ်နေရသည်။ အီရတ်စစ်ပွဲအရှိန်အမြင့်ဆုံးအချိန်ကဆိုလျှင် နေ့စဉ်နေ့တိုင်း တိုက်ခိုက်မှု အကြိမ်တစ်ရာကျော်ဖြစ်ပေါ်ခဲ့သည်။ ရှစ်နှစ်ခွဲကာလအတွင်း အမေရိကန်တပ်ဖွဲ့ဝင် ၄,၀၀၀ နီးပါးသေဆုံးခဲ့ပြီး အီရတ်နိုင်ငံသား ၆၀,၀၀၀ ကျော်သေဆုံးခဲ့သည်။ ၂၀၀၆ ခုနှစ် တစ်နှစ်တည်းမှာပင်အီရတ်လူမျိုး၁၇,၈၀၀ သေဆုံးခဲ့ကြောင်း အစိုးရစာရင်းအင်း အချက်အလက်များက ဖော်ပြနေသည်။

အမေရိကန်တပ်ဖွဲ့များအပေါ် တိုက်ခိုက်မှုများမှာလည်း လျော့ပါးလာသည်။ သို့သော် အမေရိကန်တပ်ဖွဲ့များ ဆုတ်ခွာချိန် နောက်ဆုံးရက်များတွင် သူပုန်ထသူများက ၎င်းတို့၏ တိုက်ခိုက်မှုများကို မြှင့်တင်သွားနိုင်ကြောင်း တာဝန်ရှိသူများက သတိပေးထားသည်။ အက်ကိုစခန်းရှိ အမေရိကန်တပ်ဖွဲ့များအပေါ် သီတင်းတစ်ပတ်လျှင် တိုက်ခိုက်မှု နှစ်ကြိမ်ခန့်ရှိပါသေးသည်။ အများအားဖြင့် လမ်းဘေးချသွားသည့် ဗုံးများ ပေါက်ကွဲမှုဖြစ်သည်။

သို့သော် အက်ကိုစခန်းမှ ကင်းလှည့်ယာဉ်များ နေ့စဉ်ပင်ထွက်ခွာပြီး အဝေးပြေးလမ်းမကြီးနှင့်အနီးအနားကွင်းပြင်များတွင် ဆုတ်ခွာနေသော အမေရိကန်တပ်ဖွဲ့များအား ပစ်မှတ်ထား၍ ဖောက်ခွဲရေးပစ္စည်းများ ချထားနိုင်သည့် မသင်္ကာဖွယ်ရာအမှိုက်ပုံ၊ တိရစ္ဆာန်အသေကောင်စသည်တို့ကို ရှင်းလင်းဖယ်ရှားနေသည်။ "သူတို့တွေက ကျွန်တော်တို့ကို မဖျက်ဆီးနိုင်ဘူးဆိုတာ ကျွန်တော်တို့သိပါတယ်။ ဒါပေမဲ့ သူတို့ကြောင့် အမေရိကန်တွေထွက်ခွာသွားရတယ်ဆိုတာမျိုး သူတို့က လိုချင်နေကြတယ်"ဟု သူပုန်များ၊ လက်နက်ကိုင်များကိုရည်ညွှန်း၍ အမေရိကန်ကြည်းတပ်ထောက်လှမ်းရေးအရာရှိ ဗိုလ်ကြီးမာ့ခ်ဘန်းစ်ကပြောသည်။

အီရတ်မှ အမေရိကန်တပ်ဖွဲ့ဝင်များ အပြီးသတ် ထွက်ခွာရေးသမ္မတအိုဘားမား၏ ကြေညာချက်မထွက်ပေါ်မီ လပေါင်းများစွာက အမေရိကန်အရာရှိများသည် အီရတ်အစိုးရနှင့် ဆွေးနွေးပွဲများပြုလုပ်ခဲ့ပြီး အမေရိကန်တိုက်ခိုက်ရေးတပ်ဖွဲ့များ ထွက်ခွာသွားပြီးပါက အီရတ်လက်နက်ကိုင်တပ်ဖွဲ့များအား လေ့ကျင့်ပေးရန် အမေရိကန်တပ်ဖွဲ့ဝင်အချို့ ချန်ထားခဲ့ရန် ဆွေးနွေးခဲ့ပါသည်။ သို့သော် ညီညွတ်ရေးအတွက် အဖွဲ့အစည်း၊ လူမျိုးပေါင်းစုံပါဝင်နေသော အီရတ်အစိုးရ ခေါင်းဆောင်ပိုင်းနှင့် သဘောတူညီမှုမရခဲ့။ လောလောဆယ်တွင် အရပ်သားလေ့ကျင့်ရေးအရာရှိများသာ အီရတ်တွင် ဆက်လက်နေထိုင်ပြီး အီရတ်က အသစ်ဝယ်ယူထားသော အမေရိကန်လက်နက်များ၊ အက်ဖ်-၁၆ တိုက်လေယာဉ်များနှင့် အာဘရမ်တင့်ကားအသုံးပြုပုံများကို လေ့ကျင့်သင်ကြားပေးမည်ဖြစ်သည်။ အမေရိကန်စစ်ဘက်နှင့် ဆက်စပ်နေသူ ၂၀၀ ခန့်သာ အီရတ်ရှိအမေရိကန်သံရုံးနှင့်တွဲပေးထားမည်ဖြစ်သည်။

ယခု နောက်ဆုံးအခြေအနေတွင်မူ အမေရိကန်ဒုတိယသမ္မတဂျိုးဘစ်ဒန် အီရတ်နိုင်ငံသို့ ရောက်ရှိပြီး အီရတ်မှ အမေရိကန်တပ်ဖွဲ့များ အပြီးသတ် ရုပ်သိမ်းခြင်းအထိမ်းအမှတ်နှင့်အမေရိကန်-အီရတ်ဆက်ဆံရေး စာမျက်နှာသစ်ဖွင့်လှစ်ရေးအတွက် အီရတ်ဝန်ကြီးချုပ် နူရီကာမယ်လ်အယ်လ်မာလီကီနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် အီရတ်တပ်ဖွဲ့များအား လေ့ကျင့်သင်တန်းပေးရေးအတွက် အမေရိကန်တပ်ဖွဲ့များ၏ အခန်းကဏ္ဍတစ်ရပ်ရှိနေသေးကြောင်း အီရတ်ဝန်ကြီးချုပ်က ပြောပါသည်။ တွဲထားသောလက်များ မည်မျှခိုင်မြဲမည်နည်းဆိုသည်မှာမူ. . . . .။


Photo - Getty Images


Photo - Getty Images


Photo - AP

—*Ref: Reuters*

# ဆွစ်ဇာလန်နှင်းလျှောစီးအပန်းဖြေစခန်းတွင် ဆီးနှင်းများကျရန် စောင့်ဆိုင်းနေရဆဲ

**ဂျီနီဗာ၊ နိုဝင်ဘာ - ၃၀**

နိုဝင်ဘာလကုန်၍ ဒီဇင်ဘာလအတွင်းဝင်ရောက်လာခဲ့ပြီဖြစ်သော်လည်း ဆွစ်ဇာလန်နိုင်ငံ နှင်းလျှောစီးအပန်းဖြေစခန်းများတွင် ဆီးနှင်းများကျဆင်းခြင်းမရှိသေးကြောင်း သိရသည်။

"ဒီမှာ နှင်းကျဖို့တောင် တော်တော်ခက်နေပါတယ်။ နှင်းကျလာရင်တောင် စက်ကိရိယာအသုံးပြုပြီး နှင်းတွေဖန်တီးဖို့အတွက် ရာသီဥတုကလုံလုံလောက်လောက်အေးရဲ့လားဆိုတာလည်း စောင့်ကြည့်ရပါဦးမယ်"ဟု Crans Montana အပန်းဖြေစခန်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောသည်။

ယင်းနှင်းလျှောစီးအပန်းဖြေစခန်းတွင် ပြီးခဲ့သည့်နှစ်က ညအိပ်အပန်းဖြေနေထိုင်သွားသူ တစ်သန်းခန့်ရှိခဲ့သော်လည်း ယခုနှစ်တွင် ဆွစ်ဇာလန်နိုင်ငံနှင့် အဲပ်စ်တောင်တန်းတစ်ခုလုံး၌ ဆီးနှင်းရှားပါးခြင်းနှင့်ကြုံတွေ့နေရသည်။

"နှင်းတော့မကျသေးပါဘူး။ ဒါပေမဲ့ ကျွန်တော်တို့ အရှုံးမပေးသေးပါဘူး"ဟု အပန်းဖြေစခန်းမှ ပြောခွင့်ရပုဂ္ဂိုလ်က ပြောသည်။

ဆွစ်ဇာလန်နိုင်ငံ၏ နာမည်ကျော် ဒါးဗို့စ်အပန်းဖြေစခန်းတွင်လည်း ယင်းသို့ ဆီးနှင်းမကျသည့် ဖြစ်ရပ်နှင့်ကြုံတွေ့နေရပြီး ၎င်း၏ နှင်းလျှောစီးကွင်း ၅၀ အနက် စက်များအသုံးပြု၍ ဆီးနှင်းထုတ်လုပ်မှုဖြင့် ပြေးလမ်းခုနစ်ခုသာ ဖွင့်လှစ်ထားနိုင်ကြောင်းသိရသည်။

နှင်းမုန်တိုင်းများဖြစ်ပေါ်ရန် အခြေအနေမပေးသည့် ခြောက်သွေ့သောလေထုအနေအထားကြောင့် ဆီးနှင်းကျရန် ခက်ခဲခြင်းဖြစ်ကြောင်း ဆွစ်ဇာလန်မိုးလေဝသတာဝန်ရှိသူများကပြောသည်။ —*Ref: AFP*









# Commodity Watch

7DAY NEWS JOURNAL
Vol.10, No.38 · DECEMBER 8, 2011

## Computer

| CPU | Kyats |
|---|---|
| Intel P4 Dual Core 3.2 (E 6700) (775) Processor | 60,225 |
| Intel P4 DualCore 3.0 (E5700) (775) Processor | 53,625 |
| Intel P4 Core i3 3.1 GHz (1155,2100) Processor | 95,700 |
| Intel P4 Core i5 3.1 GHz (1155,2400) Processor | 152,625 |
| Intel P4 Core i7 3.4 Ghz (1155,2600) Processor | 240,075 |
| **Motherboard** | |
| MSI G4 1M-P28 (775) | 50,325 |
| MSI PH51A-P35 (B3) | 84,150 |
| ASUS P5G41T-MLX (775) | 51,150 |
| ASUS P8H61-MLX Plus (1155) | 71,775 |
| ASUS P8H67MLE (1155) | 94,050 |
| Gigabyte P67A-UD3 (B3) (1155) | 144,375 |
| Gigabyte G41MT-S2 (775) | 51,150 |
| Gigabyte H55M- S2V (1156) | 82,500 |
| **PC Memory** | |
| 1 GB DDR (400) Kingston | 39,600 |
| 1 GB DDR2 (800) Kingston | 14,850 |
| 2 GB DDR2 (800) Kingston | 22,275 |
| 4 GB DDR3 (1333) Kingston | 22,275 |
| **Harddisk** | |
| 500 GB Seagate SATA | 39,600 |
| 1.5 TB Seagate SATA | 66,000 |
| 2 TB Seagate SATA | 80,850 |
| **PCI Express Card** | |
| MSI EAH 5450 1GB DDR3 PCI Express Card | 43,725 |
| MSI N430GT 1GB PCI Express Card | 68,475 |
| MSI N430GT 2GB PCI Express Card | 72,600 |
| ASUS ENGTX520 1GB PCI Express Card | 54,450 |
| ASUS ENGT 430 1GB DDR3 PCI Express Card | 67,650 |
| ASUS EHA 5750 Formula 1GB DDR5 PCI Express Card | 117,975 |
| Gigabyte Geforce 210 TC 1GI 1GB PCI Express Card | 41,250 |
| Gigabyte Geforce 220TC 1GB PCI Express Card | 57,750 |
| **Memory Stick** | |
| Memory Stick Apacer 4 GB | 7,500 |
| Memory Stick Sony 8 GB | 13,000 |
| Memory Stick Sony 16 GB | 23,500 |
| Memory Stick Verbatim 16 GB | 16,000 |
| **UPS** | |
| Power Tree (650 VA) UPS | 36,000 |
| Power Tree (1250 VA) UPS | 61,000 |
| Power Pro (650 VA) UPS | 33,000 |
| Power Pro (1200 VA) UPS | 62,000 |
| Star (650 VA) UPS LED | 30,525 |
| Star (650 VA) UPS LCD Display | 32,174 |
| East (650 VA) UPS LED | 34,650 |
| East (650 VA) UPS LCD Display | 42,900 |
| East (1200 VA) UPS | 63,525 |
| **DVD Writer** | |
| HP DVD Writer (SATA) | 22,500 |
| ASUS DVD Writer (SATA) | 23,925 |
| Liteon DVD Writer (SATA) | 25,575 |
| **အိတ်ဆောင်တိပ်ငှကအဘိတန်** | 160,000 |

Technoland ဆိုင်မှ ဒီဇင်ဘာ(၂) ရက်က ကောက်ယူထားသောဈေးနှုန်းဖြစ်သည်။

## Note Book

| | |
|---|---|
| **Acer** | |
| Intel Core i7 2.70Ghz 4GB DDR3, 750GB HDD,14.0″ | 966,000 |
| Intel Atom 1.66 Ghz 1GB DDR3, 320GB HDD,10.1″ | 229,425 |
| **Asus** | |
| Intel Atom 1.66 Ghz 1GB DDR2, 160GB HDD,10.2″ | 225,000 |
| **Apple** | |
| Intel Core i5 2.3 Ghz 4GB DDR3, 320GB HDD,13.3″ | 1,086,000 |
| **Hp** | |
| Intel Core i3 2.10 Ghz 4GB DDR3,500GB HDD,15.6″ | 515,000 |
| **Sony** | |
| Intel Core i5 2.30 Ghz 4GB DDR3,500GB HDD,14.0″ | 1,038,000 |
| **MSI** | |
| Intel Core i3 2.4 Ghz 2GB DDR3, 500GB HDD,14.0″ | 478,000 |

## အီလက်ထရွန်နစ်ပစ္စည်းဈေးနှုန်းများ

| TV | | |
|---|---|---|
| **အမျိုးအစား** | **မော်ဒယ်** | **ဈေးနှုန်း(ကျပ်)** |
| SamSung(LCD) | 22-350 | 195,000 |
| LG(LCD) | 22LH15R | 195,000 |
| Sony (LCD) | 22BH300 | 250,000 |
| Toshiba | LZE 21-28 | 120,000 |
| Daewoo | DTU2131NZF | 145,000 |
| | DTU2132NZF | 145,000 |
| **DVD** | | |
| EVD (coeco) | 8082 | 26,000 |
| EVD(sukura) | DVK75 | 30,000 |
| LG | DV276 | 35,000 |
| Toshiba | DV380 | 30,000 |
| Daewoo | 1400S | 49,000 |
| HQ | HDMI999 | 59,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RA20F17 | 185,000 |
| Sanyo | SR811 | 499,000 |
| Hitachi | 19AGV7 | 280,000 |
| Panasonic | NR.BT222 | 285,000 |
| **Washing** | | |
| Daewoo | DW900C | 179,000 |
| | DW172C | 199,000 |
| Daewoo | DWF200KR | 320,000 |

မှတ်ချက်– အထက်ပါဈေးနှုန်းများမှာ ဒီဇင်ဘာ(၃)ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့်OK မြန်မာဆိုင်တို့မှကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ(ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၄,၈၀၀ |
| ဘိလပ်မြေ(ယိုးဒယား INSee) | တစ်အိတ် | ၄,၇၀၀ |
| ဘိလပ်မြေ(မြင်းခေါင်းတံဆိပ်) | တစ်အိတ် | ၄,၀၀၀ |
| ဘိလပ်မြေ(ကျောက်ဆူးတံဆိပ်) | တစ်အိတ် | ၄,၅၀၀ |
| အုတ်(ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၉၈ |
| အုတ်(ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၈၅ |
| အုတ်(၈ ပေါက်အုတ်) | တစ်လုံး | ၉၈ |
| အုတ်(၁၀ ပေါက်အုတ်) | တစ်လုံး | ၁၃၅ |
| သဲ(အကြမ်း) | တစ်ကျင်း | ၁၀,၀၀၀ |
| သဲ(အနု) | တစ်ကျင်း | ၁၀,၀၀၀ |
| ကျောက် | တစ်ကျင်း | ၄၀,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၇၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၈၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.34mm) | ၁ ပေ | ၉၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၁,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.42mm) | ၁ ပေ | ၁,၁၆၀ |
| Posco ကြယ်စိမ်း(6/7/8 ပေ) | ၁ ပေနှုန်း | ၅၁၀ |
| Posco ကြယ်စိမ်း(9/10 ပေ) | ၁ ပေနှုန်း | ၅၁၅ |
| Posco ကြယ်စိမ်း(11/12 ပေ) | ၁ ပေနှုန်း | ၅၂၀ |
| ရိုးရိုးသွပ်မိုးပြား(ဆင်နီ 6/7/8/9/10/11/12) | ၁ ပေ | ၅၃၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင် 6/7/8) | ၁ ပေနှုန်း | ၃၃၀ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၀၀၀ |

အထက်ပါဈေးနှုန်းများမှာ ဒီဇင်ဘာ(၃)ရက်တွင် ကောက်ယူထားသောဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားဖိုဆောင်သုံးသီးနှံဈေးနှုန်းများ

| အမည် | အရေအတွက် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ခရမ်းချဉ်သီး(အင်းသီး) | ၁ သေတ္တာ | ၁၇,၀၀၀ |
| ပန်းဂေါ်ဖီ | ၁ ထုပ် | ၅၀၀-၆၀၀ |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၄၀၀-၅၀၀ |
| မုန်လာဥနီ | ၁ ပိဿာ | ၁,၀၀၀-၁,၂၀၀ |
| ဘိုစားပဲသီး | ၁ ပိဿာ | ၁,၄၀၀-၁,၆၀၀ |
| ခရမ်းသီး | ၁ လုံး | ၄၀-၈၀ |
| ရွှေပဲသီး | ၁ ပိဿာ | ၂,၀၀၀-၂,၅၀၀ |
| မုန်ညင်းဖြူထုပ် | ၁ ပိဿာ | ၁,၀၀၀ |
| ငရုတ်သီး(ပီနံ) | ၁ ပိဿာ | ၂,၈၀၀-၃,၅၀၀ |
| ငရုတ်ရှည် | ၁ ပိဿာ | ၃,၅၀၀ |
| ငရုတ်ပွ | ၁ ပိဿာ | ၂,၅၀၀ |

ဈေးနှုန်းများမှာ သီရိမင်္ဂလာဈေးမှ ဒီဇင်ဘာ(၃)ရက်က ကောက်ယူထားသော လက်ကား ဈေးနှုန်းများဖြစ်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁,၀၀၀-၁,၈၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၄၀၀ |
| ဆန်(ဧယာ) | တစ်ပြည် | ၆၀၀-၁,၀၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၃၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၁,၇၅၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၄,၀၀၀ |
| ဆား(အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၆၀၀-၈၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၂,၅၀၀ |
| သကြား | တစ်ပိဿာ | ၁,၃၀၀-၁,၅၀၀ |
| မန်ကျည်းမှည့်(အစေ့လွတ်) | တစ်ပိဿာ | ၃,၅၀၀ |
| အာလူး | တစ်ပိဿာ | ၉၀၀-၁,၀၀၀ |
| နို့ဆီ | တစ်ဘူး | ၅၅၀-၆၅၀ |
| နို့စိမ်း | တစ်ဘူး | ၅၇၀-၆၀၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၉၀-၁၁၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၄၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၀၀၀ |
| ကြက်သား(ဇမာ) | တစ်ပိဿာ | ၆,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၅,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန် ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးရံ့ | ၁ ပိဿာ | ၂,၀၀၀-၃,၅၀၀ |
| ငါးခူ | ၁ ပိဿာ | ၁,၀၀၀-၃,၀၀၀ |
| ငါးကျည်း | ၁ ပိဿာ | ၁,၀၀၀-၃,၅၀၀ |
| ငါးပြေမ | ၁ ပိဿာ | ၁,၅၀၀-၃,၅၀၀ |
| ငါးပနော် | ၁ ပိဿာ | ၁,၂၀၀-၁,၅၀၀ |
| ငါးရှဉ့် | ၁ ပိဿာ | ၁,၆၀၀-၂,၂၀၀ |
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၀၀၀-၁,၅၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၀၀၀-၃,၀၀၀ |
| ငါးခေါင်းပွ | ၁ ပိဿာ | ၁,၀၀၀-၁,၈၀၀ |
| ငါးသလောက် | ၁ ပိဿာ | ၂,၅၀၀-၂၄,၀၀၀ |
| ငါးတန် | ၁ ပိဿာ | ၁,၃၀၀-၁,၈၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၁,၄၀၀-၂,၇၀၀ |
| ကကတစ် | ၁ ပိဿာ | ၂,၀၀၀-၄,၀၀၀ |
| ကသဘောင်း | ၁ ပိဿာ | ၂,၀၀၀-၅,၀၀၀ |
| ငါးဘတ်၊ ငါးကြောင်း | ၁ ပိဿာ | ၁,၈၀၀-၇,၅၀၀ |
| ငါးပုဏ္ဏား | ၁ ပိဿာ | ၂,၀၀၀-၃,၅၀၀ |
| ပုစွန်ကြော့ | ၁ ပိဿာ | ၁,၂၀၀-၁,၈၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၂,၈၀၀-၄,၅၀၀ |
| ပုစွန်(ဆတ်သေး) | ၁ ပိဿာ | ၇,၀၀၀-၁၀,၀၀၀ |
| ပုစွန်(ဆတ်ကြီး) | ၁ ပိဿာ | ၇,၀၀၀-၁၀,၀၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | ၁ ပိဿာ | ၁၅,၀၀၀-၂၆,၀၀၀ |
| ငါးမျိုးစုံ | ၁ ပိဿာ | ၁,၀၀၀-၂,၀၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၈၀၀-၁,၂၀၀ |

ဒီဇင်ဘာ (၂)ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။

## ကားမျိုးစုံဈေးနှုန်းများ

| ယာဉ်အမျိုးအစား | မော်ဒယ် | အက္ခရာ | ဈေးနှုန်း(ကျပ်သိန်း) |
|---|---|---|---|
| စူပါဆလွန်း | ၈၆/၈၇ | လ/သ/အ | ၁၀၀ |
| စူဇူကီး ဝက်ဂွန် R+ | - | ၁၈ | ၁၆၅ |
| ဟိုင်းလပ်ဆပ်ဖ် | ၉၉ | ၆၈ | ၅၅၀ |
| တိုယိုတာဗင် (CE96) | ၉၀ | ၈က/၉က | ၁၈၀ |
| တိုယိုတာဆလွန်း | ၈၈ | ၃က | ၁၄၀ |
| မတ်တူး | ၉၉ | ၆၈ | ၃၂၀ |
| ရွှေငါး(2.5g) | ၂၀၀၂ | ၆၈ | ၄၂၀ |
| ပါဂျဲရို | ၉၇ | ၄၈ | ၄၅၀၀ |


ဒီဇင်ဘာ(၃)ရက်က ရန်ကုန်မြို့ရှိ ကားပွဲစားတန်းများတွင်ဖြစ်ပေါ်နေသော မော်တော်ယာဉ်ခေါ်ဈေးနှုန်းများဖြစ်ပါသည်။ယခုရက်ပိုင်းဈေးနှုန်းများ အပြောင်းအလဲရှိနိုင်သည်။

## ပုဂ္ဂလိက စက်သုံးဆီဆိုင်များမှ ဈေးနှုန်းများ

| | Nov (27) | Nov (28) | Nov (29) | Nov (30) | Dec (1) | Dec (2) | Dec (3) |
|---|---|---|---|---|---|---|---|
| ဓာတ်ဆီ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ |
| ဒီဇယ် | ၃,၄၀၀ | ၃,၄၀၀ | ၃,၄အ၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ |
| Octane ဒီဇယ် | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ |
| Premier ဒီဇယ် | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ |

7 DAY NEWS JOURNAL
Vol.10, No.38 · DECEMBER 8, 2011

# Puzzle&Classified




## Free Classified

## အခမဲ့ ကြော်ငြာကဏ္ဍ

**ခရုအိမ်**

အဆင့်မြင့်ခန်းဆီးလိုက်ကာနှင့် ကူရှင်အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်း။ တိုက်-A, G-5, Pearl Condo, ကမ္ဘာအေးဘုရားလမ်းနှင့် ဆရာစံလမ်းထောင့်။

PH:09-73037776, 09-73204374

**ဝန်ဆောင်မှု**

(အိမ်သုံး/စက်ရုံသုံး)လျှပ်စစ်ပစ္စည်းအမျိုးမျိုး ပြုပြင်တပ်ဆင်ခြင်း၊ အလှဆင်ခြင်း၊ ဖုန်းနှင့် လျှပ်စစ်ဘီလ်အမြန်ပေးသွင်းခြင်းများကို ဆောင်ရွက်ပေးပါသည်။

ဖုန်း- ၀၉-၇၃၁၃၈၈၆၀

**ဝန်ဆောင်မှု**

အောက်ဆီဂျင်၊ အက်စက်တလင်း၊ နိုက်ထရိုဂျင်။ ကိုသူရဦး B.Sc(Chem:)

ဖုန်း- ၀၉-၅၁၁၂၇၈၂

**Dynasty**

Computer Designing & Training Center. သင်တန်းကြေး ၂ ခါခွဲသွင်းနိုင်ပါသည်။

ဖုန်း- ၀၉-၄၃၁၅၄၆၁၃၊ ၂၉၈၄၄၁

**အိမ်လိုက်သင်သည်**

လုပ်ငန်းခွင်သုံး အခြေခံဂျပန်စကားရေး၊ဖတ်၊ပြော။ ဖုန်း-၀၁-၃၈၁၃၇၅

**မြေကွက်ရောင်းမည်**

မြောက်ဒဂုံ၊(၁၄) ရပ်ကွက်၊ ပေ (၄၀× ၆၀)၊ ကျပ်(၆၅)သိန်း။

ဖုန်း- ၀၉-၅၀၃၈၇၁၁၊ ၂၀၀၂၀၁

**အိမ်အရောက်သင်ကြားပေးသည်**

Adobe Photoshop, Illustrator, PageMaker. မြို့တွင်းတစ်ဝိုက်။

ဖုန်း- ၀၉-၇၃၂၁၃၂၈၀

**အိမ်အရောက်သင်သည်**

ကွန်ပျူတာ Basic Course

ဖုန်း- ၀၉-၇၃၁၅၀၄၀၆

**မြေကွက်များ ရောင်းရန်ရှိသည်**

သီလဝါ၊ ကျောက်တန်း (ပွဲစားမလို)

ဖုန်း- ၀၉-၇၃၀၇၀၂၆၂

**မင်္ဂလာဇျူဟာအသင်း**

(၁၁၆)ကြိမ်မြောက် သွေးလှူဒါန်းပွဲကို၃၁. ၁၂. ၁၁ သို့ပြောင်းလဲကျင်းပမည်။ (၃၀. ၁၂. ၁၁) နေ့ကြိုတင်စာရင်းပေးသွင်းပါရန်။ ရက်စွဲပြောင်းလဲခြင်း။ ဖုန်း- ၀၁-၃၇၀၉၅၈

**ကားရောင်းမည်**

Taxi ခာတ်ဆီ၊ Corona 1.5 ဗ/၇. ၊

ဖုန်း- ၀၉-၅၀၆၇၉၁၆

**Super Paing Group (SPG)**

မှ ဆေး+ပတ်တီး+ လက်ခအပြီး တစ်ပေပတ်လည် ၂၅၀ ကျပ်၊ သာသနိကအဆောက်အအုံ များအတွက် ၂၀၀ ကျပ်။ ဖုန်း- ၃၈၉၁၇၃

**တိုက်ခန်းရောင်းမည်**

အမှတ်(၉၂)၊ အနော်ရထာလမ်း (၅လွှာ)၊ လွစ္စလမ်းထောင့်၊ ၃၅၀ သိန်း

ဖုန်း- ၀၉-၅၅၂၃၄၅၆

**သင်ကြားပေးသည်**

Study Guide/ Teach: ဒုတိယတန်းမှအဋ္ဌမတန်းထိအိမ်အရောက်သင်ကြားပေးသည်။

ဖုန်း- ၀၉-၅၁၃၀၈၁၈

**ရောင်းမည်**

၃၆ လမ်းအထက်၊ ၁၅ ပေ ၂ခန်းတွဲ၊ ပါကေး၊ ဖုန်း၊ AC, 2MBR-520 ls. 1BM Laptop, P4-2GHz, Ram 1 GB, Golf-Set-Honma L-B-280 Japan. PH: 09-8570600

**English For Children**

KG မှစ၍ Primary (5)အထိ ကလေးငယ်များအား အင်္ဂလိပ်စာ သီးသန့်အခြေခံကောင်းစေရန် အထူးဂရုစိုက်သင်ကြားပေးသည်။

ဖုန်း-၀၉-၈၆၁၁၀၅၂(အလုံမြို့နယ်)

**တက္ကသိုလ်ဝင်တန်း သုံးလပြတ်**

အောင်မှတ်လိုနေသူများမှသည် ဂုဏ်ထူးမှတ်လွန်လိုသူများအထိ လိုအပ်ချက်အလိုက် သင်ကြားလေ့ကျင့်ပေးသည်။ အင်္ဂလိပ်၊ ဘိုင်အိုသီးသန့်။ ဖုန်း- ၀၉-၇၃၁၀၇၂၆၇

**Horoscoper**

သင်ဘဝကံကြမ္မာအဆိုးအညံ့များဖြစ်နေချိန်တွေကို လှပကောင်းမွန်အောင် ပြောင်းလဲဖို့အတွက်။

ဖုန်း- ၀၉-၄၃၀ ၃၂၁၀၉

**မယ်ဆိုင် (Thai Products)**

အလှအပ၊ ဆံပင်နှင့် Spa ဆိုင်ရာပစ္စည်းအမျိုးမျိုးကို လက်လီလက်ကားရောင်းချပေးနေပါသည်။

ဖုန်း- ၀၉-၅၄၀၈၉၃၉

**English/Korean Language**

Native Teachers (4 Skills)

PH: 09-43105314

**ရောင်းမည်**

Infinity SK4 အမျိုးအစား Vinyl ဆေးရည်များရောင်းရန်ရှိသည်။

ဖုန်း- ၀၉-၅၀၅၅၆၁၆

**သင်တန်း**

Korea Language 4 Skills, Level I, II, Korea EPS-KLT မေးခွန်းနှစ်ထောင်သင်တန်းများ။

ဖုန်း- ၀၉-၅၀၆၄၉၆၆

**ဂျပန်ဘာသာသင်တန်း**

ဂျပန်ဘာသာ Basic မှ Advanced အထိ တစ်ဦးချင်း(သို့)တန်းခွဲသင်တန်းများ။ ဖုန်း- ၀၉-၇၃၁၇၈၁၄၇

**ရောင်း/ငှားရမ်းမည်**

မိတ္ထီလာမြို့၊ ရန်ကုန်-မန္တလေးကားလမ်းမကြီးဘေးဈေးကြီး၏ မြောက်ဘက်(နာရီစင်ကြီးအရှေ့ဘက်)မြေကွက်များ အသေးစိတ်စုံစမ်းရန်။

ဖုန်း- ၀၆၄-၂၆၀၉၃

**Web Java**

(Servlet And JSP Technologies) ဘာသာရပ်ကိုနားလည်တတ်မြောက်သည်အထိ Project များနှင့် သင်ကြားပေးသည်။

ဖုန်း- ၀၉-၇၃၁၇၂၈၄၄

**ကွန်ပျူတာ အိမ်အရောက်သင်**

i-office Course, Graphic Design, Photoshop Advance

ဖုန်း- ၀၉-၇၃၁၆၇၅၆၄

**Good Choice**

လုပ်ငန်းခွင်ဝင်(ကွန်ပျူတာပညာဒါန)သင်တန်းကျောင်း။ အသေးစိတ်စုံစမ်းရန်။ ဖုန်း-၀၉-၄၉၃၂၁၃၀၅

**အိမ်လိုက်သင်သည်**

၃၊ ၄၊ ၅၊ ၆၊၇၊ ၈ ဘာသာစုံ အိမ်လိုက်သင်သည်။

ဖုန်း- ၀၉-၇၃၀၉၅၃၀၅

**M.Sc, B.Ed ဘွဲ့ရဆရာမ**

၁၀ တန်းအောင်ဖို့ဆိုရင် ရက် ၁၀၀ ပဲအချိန်ပေးပါ။

ဖုန်း- ၀၉-၇၃၀၃၄၈၃၈

**အမြန်အလိုရှိသည်**

Air Con ရေခဲသေတ္တာ၊ အဝတ်လျှော်စက်ကျွမ်းကျင်။

ဖုန်း- ၀၉-၅၀၉၅၉၁၆

**သင်ကြားပေးမည်**

ဗန်ဒို၊ ထိုက်ချီ၊ ကွန်ဖူး ပညာရပ်များကို အိမ်တိုင်ရာရောက် သင်ကြားပေးသည်။ ဆရာနိုင်လင်း

ဖုန်း- ၀၉-၄၃၀၉၉၀၀၁

**ပညာဒါန**

Grade 1, 2, 3 ကလေးများကို ဘာသာစုံ(ပညာဒါန(သင်ကြားပေးမည်။ တစ်တန်းကို ၅ ဦးသာ။ နေရာ-ကျောက်တံတား

ဖုန်း- ၀၁- ၃၈၈၃၀၈

**ဝန်ဆောင်မှု**

ဥပဒေအကြံပေး၊ စာချုပ်စာတမ်းနှင့် ကုန်အမှတ်တံဆိပ်အေးဂျင့်။

ဖုန်း- ၀၉-၅၀၁၀၈၃၀

**Teacher Lily (B.Ed Eng)**

Grammar and Essay Letter အထူးသင်သည်။

ဖုန်း- ၀၉-၅၄ ၁၈ ၂၇၉

**ပုဂံသွေးလှူရှင်များအသင်း**

နေ့စဉ်အရေးပေါ် သွေးလှူဒါန်းနိုင်ရန်အတွက်သွေးလှူရှင်များအောက်ပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ဖုန်း-၀၉-၇၃၁၂၃၅၂၀(ဦးခင်မောင်ထင်)

**Miss English**

English Speaking & Grammar အခြေခံမှစ၍ သင်ပေးသည်။

ဖုန်း- ၀၉-၄၉၃၃၆၀၄၈

**High Language Centre**

ဟိန္ဒီ(အရေး၊ အဖတ်၊ အပြော) သင်ကြားပေးသည်။

ဖုန်း- ၀၉-၇၃၀၁၁၇၃၇

**အမြန်ရောင်းမည်**

Wi-max လိုင်းနှင့် ကွန်ပျူတာပစ္စည်းအစုံ ညှိနှိုင်းဈေးဖြင့် ဝယ်လိုပါက ဆက်သွယ်နိုင်သည်။

ဖုန်း- ၀၉-၄၃၀ ၂၃၆၉၈

**Professional Study Guide**

Teaching & Guide

မူကြိုမှ ၁၀ တန်းအထိ

ဖုန်း- ၀၉-၇၃၀ ၂၉၂၈၉

**သင်ကြားသည်**

Math, Eng, Grammar ကိုအထူးသင်သည်။ တတိယတန်းမှ အဋ္ဌမတန်းထိသင်ကြားသည်။

ဖုန်း- ၀၁-၅၂၂၃၉၄ (C/o)

**နိုင်ငံခြားသွား/အင်တာဗျူး**

English- 4 Skills

ဆရာကျော်မင်းအောင်၊ဆရာဌေး

ဖုန်း-၀၉-၄၃၁ ၂၀၀၉၂

**IT Training**

Computer Basic, Internet and Email, Graphic Design, Video Editing, Autocad 2D,3D,A+ HARDWARE, Net Working, Web Design. PH: 295679

**တိုက်ခန်းရောင်းမည်**

တတိယထပ်၊ အရှေ့အောင်မြေသာစည်အိမ်ရာ၊ ၃၀× ၃၅ ပေ၊


ဖုန်း- ၀၉-၅၁၂၆၅၀၇

**ရောင်းမည်**

လမ်းမတော်မြို့နယ်၊ ၂၅×၅၀ ပေ၊ 2F,Lift(တိုက်သစ်)Hall (ပြင်ပြီး)

ဖုန်း- ၀၉-၄၃၀၃၈၅၀၃၇

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.10, No.38 · DECEMBER 8, 2011



# ကြိုဆိုပါသည် . . . မျှော်လင့်ချက်လည်းရှိသည်

သစ္စာရိုးရှင်း

(က)

ယခုလ(နိုဝင်ဘာ) ၁၅ ရက်နေ့မှစတင်၍ မီးရထားလက်မှတ်များ တိုးမြှင့်ကောက်ခံခြင်းကိုရိုးသားစွာကြိုဆိုပါသည်။ မြန်မာနိုင်ငံသားတစ်ယောက်အနေနှင့် ဝန်ကြီးဌာနဆိုင်ရာ ရသုံးငွေစာရင်းများကို ရှင်းလင်းစွာနားမလည်နိုင်သော်ငြားလည်း လစဉ် နှစ်စဉ် အစိုးရက အရှုံးခံပြေးဆွဲနေရသည်ဆိုသဖြင့် (လက်ရှိအစိုးရအပေါ်) ကိုယ်ချင်းစာ ကရုဏာသက်မိပါသည်။

နိုင်ငံတော်၏ ရထားပို့ဆောင်ရေးကဏ္ဍ အဆင့်အတန်း မြင့်မားလာရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနတွင်သာမက ရထားစီးပြည်သူများတွင်ပါ တာဝန်ရှိကြောင်း နားလည်ထားပါသည်။ ရထားပို့ဆောင်ရေးဝန်ကြီးဌာနက ယခုကဲ့သို့ တိုးမြှင့်ကောက်ခံ၍ ရရှိလာသောဘဏ္ဍာငွေများဖြင့် အဝေးပြေးရထားတွဲအသီးသီးပေါ်မှ ယိုယွင်းနေသောထိုင်ခုံများ၊ ညစ်ပတ်နံစော်နေပြီး လူပါ ယိမ်းထိုးသွားရလောက်အောင် ရထားရမ်းခါစဉ် ဒုက္ခရောက်သွားနိုင်သောကြောင့် ဆောင့်ကြောင့်ထိုင်အိမ်သာပုံစံများကို ပြင်ဆင်လဲလှယ်ပေးခြင်း(အထက်တန်းတွဲအနည်းငယ်တွင် စိတ်ချရသော ဘိုထိုင်အိမ်သာပါရှိပါသည်။)၊ အဓိကအားဖြင့် ရထားတွဲနှင့် မကာမိအောင်ပြည့်ညပ်လျက် နာရီပေါင်းများစွာ မတ်တတ်စီးနင်းလိုက်ပါနေရသော ထိုင်ခုံမဲ့ ခရီးဝေးရထားခရီးသည်များ၏ဒုက္ခများ လျော့နည်းပျောက်ကွယ်သွားစေရန် စီစဉ်ဖြေရှင်းပေးခြင်း (without ခေါ် ခုံမဲ့လက်မှတ်ခသည်လည်း ထိုင်ခုံပါလက်မှတ်ခနှင့်တန်းတူပင်ဖြစ်ပါသည်။)စသည်တို့ကိုဖြစ်နိုင်သမျှ လျင်မြန်စွာဖြည့်ဆည်းပေးစေကာမူ ရထားစီးပြည်သူများဘက်မှ လမ်းပေါ်ထွက် ဆေးရိုးလှမ်းဆိုသလိုယဉ်ကျေးသောနိုင်ငံကြီးသားမပီသသည့် အပြုအမူများမပြောင်းလဲပါကလည်း ရထားစီးခရီးသွားပြည်သူများ စိတ်ချမ်းသာမှုရနိုင်ဦးမည်မဟုတ်ပေ။

ဝန်ကြီးဌာနတစ်ခုအနေဖြင့် လုံလောက်သောအခွန်ဘဏ္ဍာရရှိမှသာ သက်ဆိုင်ရာကဏ္ဍကို အဆင့်အတန်းတိုးမြှင့်ပေးနိုင်မည်ဖြစ်သဖြင့် ယခုကဲ့သို့ လက်မှတ်ခတိုးမြှင့်ဝယ်ယူရခြင်းကို ကျေနပ်စွာကြိုဆိုပါသည်။ အလားတူပင် ဖော်ပြပါအချက်များအပါအဝင် ယိုသူမရှက်မြင်သူရှက်ဆိုသလို ရထားစီးတိုင်းတွေ့ကြုံခံစားရလေ့ရှိသော ချို့ယွင်းချက်များကိုလည်း ဖြစ်နိုင်သမျှမြန်ဆန်ထိရောက်စွာဖြည့်ဆည်းပေးစေလိုသောမျှော်လင့်ချက်လည်းဖြစ်တည်လာခဲ့ပါသည်။

(ခ)

အဝေးပြေးရထားဖြင့် ခရီးသွားခြင်းဖြင့် ကားထက် စရိတ်သက်သာသည့်အပြင် မြို့စွန်ရွာဖျား လယ်ပြင်ရှုခင်းနှင့် တောင်တန်း ပုံရိပ်များကို ကားစီးခရီးထက် ပိုမိုတွေ့မြင် ခံစားနိုင်ပါသည်။

ထိုထိုကောင်းကျိုးများနှင့်အတူ စနစ်ပြောင်း ခေတ်ပြောင်း ယခုလိုအချိန်မျိုးတွင် ပြုပြင်ရမည့် လိုအပ်ချက်များကလည်း မတွေ့ချင်မြင်ရက်သားဆိုသလိုပင်၊ ရိုးသားစွာ ဝန်ခံရသော်ယခင်ယခင်ကတည်းက တွေ့နေမြင်နေခဲ့ရသော်လည်း ယနေ့အချိန်လောက်လက်တွေ့ကျကျ ပြုပြင်ပြောင်းလဲမှုများမရှိခဲ့သောကြောင့် အကျိုးထူးမည်မထင်၍ မရေးသားခဲ့ခြင်းဖြစ်ပါသည်။ ယနေ့အချိန်တွင် အစိုးရအဖွဲ့နှင့်တကွ ဝန်ကြီးဌာနအသီးသီးတို့ပြည်သူ အလေးထားပြုပြင်ပြောင်းလဲရေးများ မျက်မြင်ကိုယ်တွေ့လုပ်ဆောင်နေကြပြီဖြစ်၍ မြန်မာနိုင်ငံသားတစ်ယောက်အနေဖြင့် လက်လှမ်းတစ်မီညဏ်မီသမျှ စတုတ္ထမဏ္ဍိုင်မှတစ်ဆင့် ရေးသားအကြံပြုခြင်းဖြစ်ပါသည်။

(ဂ)

ထုံးစံအတိုင်း လူသွားစင်္ကြံတစ်လျှောက် ထိုင်ခုံမဲ့ခရီးသည်များ အပြည့်အသိပ် တင်ဆောင်လာသော အမှတ် ၁၂ အစုန် အမြန်ရထားဖြင့် (၁၆-၁၁-၂၀၁၁) က ကျွန်တော်လိုက်ပါလာခဲ့သည်။ ခရီးဝေးရထား တစ်ခါမျှမစီးဖူးသူ တစ်ယောက်အဖို့ လမ်းလျှောက်ရန်ပင် မဖြစ်နိုင်လောက်ပါဘူးဟု တွေးထင်လောက်စရာ ငုတ်တုတ်မတ်တတ်ခရီးသည်အပြည့်အညပ်ကြား ဈေးတောင်းခေါင်းရွက်လက်ဆွဲဈေးသည်များကမရရအောင် တိုးဝှေ့ဈေးရောင်းနေကြသည်။ ဝမ်းရေးပေကိုးဟုနားလည်ပေးဖြစ်ပါသည်။ သူတို့၏ ဈေးခြင်းများ ခြေထောက်များဖြင့် တွန်းတိုက်ထိခိုက်ခံရသူ ခုံမဲ့ခရီးသည်များထံမှ မကျေနပ်သံများ၊ ခွန်းကြီးခွန်းငယ်အပြန်အလှန်ပြောဆိုသံများ ဟိုမှ ဒီမှထွက်ပေါ်နေကြသည်။ သတိပေးတားမြစ်သူမရှိ၊ သတိပေးဆိုင်းဘုတ်မရှိ၊ စိတ်ရှိတိုင်း (မကြာခဏ) လွတ်လပ်စွာ သောက်သုံးနေကြရာမှထွက်ပေါ်လာသောဆေးလိပ်ငွေ့များ၊ ပြည့်ကျပ်နေသောလူခိုးလူငွေ့များနှင့် အိုက်စပ်လှောင်ပိတ်နေသော ရထားတွဲထဲတွင်ဤမျှတိုးဝှေ့ခွကျော်ရောင်းချနေကြရသောကြောင့် တွန်းတိုက်ခံရ၊ ခေါင်းပေါ်က ကျော်ခွဖြတ်ကျော်ခံနေရသော ထိုင်ခုံမဲ့ခရီးသည်များနှင့် တစ်ယောက်မဟုတ်တစ်ယောက် စကားများကြသည်မှာ အထူးအဆန်းတော့မဟုတ်ပေ။ ထိုင်ခုံနှစ်ခုံသာဝယ်ယူရရှိသော သူငယ်ချင်းခြောက်ယောက်အဖွဲ့ ကျွန်တော်နှင့် မျက်နှာချင်းဆိုင် နှစ်ခုံတွဲတွင် အလှည့်နှင့်ထိုင်ရင်း လိုက်ပါလာကြသည်။ သူတို့အဖွဲ့ နေပြည်တော်ဘူတာတွင် ဆင်းသွားကြသောအခါ ထိုင်ခုံအတွဲပေါ်သို့ စောစောပိုင်းက နေရာမရှိဖြစ်နေခဲ့သောလူရွယ်နှစ်ယောက် ဝင်ရောက်နေရာယူကြပါသည်။ ညနေ ၆ နာရီလောက်တွင် အရက်မျိုးစုံလိုက်လံရောင်းချသော ဈေးသည်များလည်း ပိုမိုများပြားလာပါသည်။ ကျွန်တော်နှင့်ကပ်လျက်ထိုင်ခုံမှ အဒေါ်ကြီးသည် ထိုလူရွယ်တစ်ယောက် အရက်ဝယ်နေသည့်အချိန်မှစ၍ စိုးရွံ့ဟန်အတိုင်းသားနှင့်ရထားပြတင်းပေါက်ဘက်သို့ တိုးကပ်ကာ မျက်နှာလွှဲထားပါတော့သည်။ ပြွန်တန်ဆာဘူတာရောက်ရန် မိနစ် ၂၀ မျှအလိုတွင် ပိန်ပိန်ပါးပါး လက်မှတ်စစ်အရာရှိ စင်္ကြံအတိုင်း ကျော်ခွတိုးဝှေ့လာနေသည်။ အရက်သောက်အပြီး တစ်ယောက်တည်း စကားပြောလိုက်၊ စီးကရက်ဖွာလိုက်၊ ဈေးသည်များနှင့် ရန်ဖြစ်လိုက်လုပ်နေသော ထိုလူရွယ်ကို သူ့အဖော်က တိတ်တိတ်နေရန်သတိပေးလိုက်သည်။ ထိုလူရွယ်သည် အရက်ရှိန်ဖြင့် ရုတ်တရက် ထရပ်ပြီး လက်မှတ်စစ်အရာရှိကို စင်္ကြံပေါ်ထွက်၍ အင်္ကျီလှမ်းဆွဲကာ အင်္ကျီရင်ဘတ်ကိုဆုပ်ကိုင်ထားပြီး ဗလုံးဗထွေးပြောဆိုကာ ဆောင့်တွန်းလိုက်ပါတော့သည်။

(ဃ)

ထိုဖြစ်ရပ်တွင် လတ်တလောအကြောင်းတရားသည် ထိုလူရွယ်မူးယစ်ပြီးသွေးကြွနေသောကြောင့်ဖြစ်သော်လည်း ထိုသို့ဖြစ်လာစေသည့် အဓိကကျသော အကြောင်းတရားသည် ကာလရှည်ကြာ အခြေတကျဖြစ်နေခဲ့သောရထားပေါ်တွင် အရက်မျိုးစုံလှည့်လည်ရောင်းချခြင်းကို တမင်ဖြစ်စေ၊ မသိကျိုးကျွံဖြစ်စေ ခွင့်ပြုထားခြင်းပင်ဖြစ်သည်။ ကိုယ်တိုင်ကာယကံမြောက် မူးယစ်စော်ကားခံလိုက်ရသော ထိုလက်မှတ်စစ်အရာရှိထိုအချက်ကိုသတိပြုမိပြီး ရထားပေါ် အရက်လှည့်လည်ရောင်းချသူများကို တားမြစ်ဖို့ အတွေးဝင်၊မဝင်တော့ ကျွန်တော်မသိနိုင်။ အနီးကပ်မြင်ရသူ ကျွန်တော့်ရင်ထဲမှာတော့ ရထားစားသောက်ခန်းပြင်ပ ပြည့်ညပ်နေသော ရထားတွဲထိုင်ခုံပေါ်တွင် ပေါ်ပေါ်ထင်ထင် သောက်စားမူးယစ်ရမ်းကားနေသောဖြစ်ရပ်ကို စိတ်မကောင်းခြင်းကြီးစွာဖြစ်ရသည်။

ကျွန်တော်လိုက်ပါလာသောတွဲ အမှတ်(၁)ပေါ်တွင် အခြားထိုင်ခုံအချို့၌လည်း အရက်သောက်နေသူအချို့ရှိပါသေးသည်။ ဆေးလိပ်မီးခိုးငွေ့များမှာလည်း မွှန်ထူနေပါသည်။ ဆေးလိပ်နံ့မခံနိုင်ကြသော အဘွားအိုများ၊ မိန်းမသားများနှင့် ကလေးငယ်များမှာ ရထားပေါ်တွင် ရှောင်ပြေးစရာနေရာမရှိဘဲဆေးလိပ်ငွေ့ပါသောလေကိုသာ ရှူရှိုက်နေရပါသည်။ ဤအချက်သည် ယဉ်ကျေးမှုရေချိန်နိမ့်ကျလွန်းသော ခရီးသည်အချို့ကြောင့် ဖြစ်ရခြင်းဖြစ်ပါသည်။ သို့သော် . . . ရထားပို့ဆောင်ရေးဘက်မှလည်းထိရောက်သောစည်းကမ်းချက်များ ထုတ်ပြန်အရေးယူခြင်း၊ ရှင်းလင်းမြင်သာသော သတိပေးစာတန်းများ ချိတ်ဆွဲခြင်းမျိုးပြုလုပ်ပေးသင့်ပါသည်။

(င)

အပြုသဘောဆောင် ရေးသားထောက်ပြရသည့် ပုံနှိပ်ဖော်ပြပေးရဲသည့် စေတနာများနှင့် လုပ်ပိုင်ခွင့်ရှိသူတို့ဘက်မှလည်း ဖြစ်နိုင်သည့်နည်းလမ်းများကြံဆ၍ထိရောက်မြန်ဆန်စွာ ပြုပြင်ဖြည့်ဆည်းပေးသည့်စေတနာများ အများအပြား ပေါ်ထွက်လာစေရန် ဆန္ဒပြုရင်း ဤဆောင်းပါးကို ရေးသားပါသည်။ ။

TRADEMARK CAUTION

PERSON'S

Environment

7 DAY NEWS JOURNAL

Vol.10, No.38 • DECEMBER 8, 2011

# ဆေးဖက်ဝင် သစ်ခွမျိုးစိတ်သုံးခု မျိုးသုဉ်းလု

**အိဖြူမွန်**

**ရန်ကုန်၊ နိုဝင်ဘာ- ၂၉**

ဆေးဖက်ဝင်သော ဒန်ရိုဗီယမ် *(Dendrobium)* မျိုးစုဝင် သစ်ခွမျိုးစိတ် သုံးခုသည် ချင်းပြည်နယ်တွင် မျိုးသုဉ်းလုနီးဖြစ်နေရကြောင်း သစ်ခွပညာရှင် ဒေါက်တာစောလွင်ကပြောသည်။

ယင်းမျိုးစိတ်သုံးခုမှာ မြန်မာအမည်ပုလဲ၊ မျိုးစိတ်အမည် *(Dendrobium Incurvum)*၊ မြန်မာအမည် ရိုးရှိမျိုးစိတ်အမည် *(Dendrobium Cucullatum)*၊ မြန်မာအမည် နီလုံးမျိုးစိတ်အမည် *(Dendrobium Laterale)* တို့ဖြစ်သည်။



ဓာတ်ပုံ - အင်တာနက်

ယင်းသစ်ခွမျိုးစိတ် သုံးခုသည် ဆေးဖက်ဝင်သောကြောင့် ဈေးကွက်တွင် ရောင်းရသော သစ်ခွဖြစ်ကြောင်း၊ ထို့ကြောင့် ယင်းသစ်ခွများကို တရားမဝင် ရောင်းချခြင်းနှင့် တောင်ယာခုတ်ရာတွင် သစ်ကပ်သစ်ခွများပေါက်ရာ သစ်ပင်များ ခုတ်လှဲမှုတို့ကြောင့် တဖြည်းဖြည်း မျိုးသုဉ်းလာခြင်းဖြစ်ကြောင်း ဒေါက်တာစောလွင်ကပြောသည်။

တစ်နှစ်လျှင် တစ်ကြိမ်သာ ပွင့်သော မြန်မာမျိုးရင်းသစ်ခွဖြစ်သည့် မြန်မာအမည်နီလုံးသစ်ခွသည်မြန်မာနိုင်ငံတစ်နိုင်ငံတည်းတွင်သာ ပေါက်ရောက်ကြောင်း ဂျပန်နိုင်ငံ Makino Botanical ဥယျာဉ်မှ ပညာရှင်များနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောဝန်ကြီးဌာနတို့ ပူးပေါင်း၍ နတ်မတောင်တွင် သစ်ခွများ သုတေသနပြုခြင်း စာအုပ်ကို ကိုးကားကာ သစ်ခွပညာရှင်တစ်ဦးဖြစ်သော ဒေါက်တာပန်းခက်ခက်က ပြောသည်။

"ချင်းပြည်နယ်မှာ အဲဒီသစ်ခွတွေမတွေ့ရသလောက်ရှားကုန်ပြီ။ အဲဒီသစ်ခွတွေက ဒီအတိုင်း စိုက်လို့မရဘူး။ သေချာဓာတ်ခွဲခန်းထဲမှာ စိုက်ရတာ။ ချင်းပြည်နယ်ကပေးထားတဲ့ မျိုးစေ့ကို သုတေသနဓာတ်ခွဲခန်းထဲမှာ ဒီနှစ်ဆန်းတုန်းက စိုက်ထားတယ်။ မျိုးသုဉ်းတဲ့အန္တရာယ်က ကာကွယ်ဖို့အတွက်ပေါ့။ အပင်ကြီးလာရင်တော့ ချင်းပြည်နယ်ကိုပဲ ပြန်ပို့မယ်။ သူတို့ရဲ့ နေရင်းက သူတို့ရှင်သန်ဖို့ အကောင်းဆုံးနေရာပဲ"ဟု ဒေါက်တာပန်းခက်ခက်က ပြောသည်။

*Dendrobium Cucullatum* သည် မြန်မာ၊ မလေးရှား၊ နီပေါ၊ အိန္ဒိယ၊ လာအို၊ ထိုင်း၊ ဗီယက်နမ်၊ တရုတ်၊ ဘူတန်နိုင်ငံတို့တွင်ပေါက်ရောက်သည်။ *Dendrobium Cucullatum* သည် ထိုင်း၊ မြန်မာ၊ မလေးရှားတို့တွင် ပေါက်ရောက်ပြီး *Dendrobium Laterale* သည် မြန်မာတစ်နိုင်ငံတည်းတွင်သာ ပေါက်ရောက်ကြောင်း သိရသည်။

# ဘေးမဲ့တောသုံးခုတွင် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးနှင့် သုတေသနပြုခြင်း ဆောင်ရွက်ရန် ဆွေးနွေး

**အိဖြူမွန်**

**ရန်ကုန်၊ ဒီဇင်ဘာ - ၂**

ဘေးမဲ့တောသုံးခုတွင် ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းရေးနှင့် သုတေသနပြုခြင်းများ ဆောင်ရွက်ရန်ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနနှင့် UNDP တို့ ဆွေးနွေးမှုပြုလုပ်ခဲ့ကြောင်း UNDP မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

အဆိုပါ ဘေးမဲ့တောသုံးခုမှာ ရောဝတီတိုင်းဒေသကြီး မိန်းမလှကျွန်း၊စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်ကြီးကန် ဘေးမဲ့တောနှင့် တနင်္သာရီတိုင်းဒေသကြီးရှိ လန်ပိအဏ္ဏဝါကျွန်း ဘေးမဲ့တောတို့ဖြစ်သည်။

"ဝန်ကြီးက ဒီနေရာသုံးခုမှာ ဇီဝမျိုးစုံမျိုးကွဲနဲ့ပတ်သက်ပြီး လုပ်ချင်တာကိုပြောပြတယ်။ ဘယ်တော့လုပ်မယ်။ဘယ်လောက်လုပ်မယ်ဆိုတာ အတိအကျ အဖြေတော့မရသေးဘူး" ဟု အထက်ပါပုဂ္ဂိုလ်ကပြောသည်။

ယင်းဘေးမဲ့တော သုံးခုအပြင် ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ်မှ ပြုလုပ်နေသော အပူပိုင်းဒေသဇုန်အတွင်းရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ၊ အင်းလေးကန် ဘေးမဲ့တောတွင် နော်ဝေးနိုင်ငံမှ လှူဒါန်းသောကန်ဒေါ်လာနှစ်သိန်းဖြင့် ထိန်းသိမ်းရေးလုပ်ဆောင်မည့် အခြေအနေနှင့် ဒေသအစုအဖွဲ့ပိုင်သစ်တောတည်ထောင်မှုများအကြောင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

အင်းလေးကန်ဘေးမဲ့တောတွင် နော်ဝေးနိုင်ငံမှ လှူဒါန်းသော လှူဒါန်းငွေများစုပေါင်း၍ ထိန်းသိမ်းရေးလုပ်ဆောင်ရမည့် အပိုင်းများမှ ယူနက်စကို၏ နည်းပညာနှင့် ကျွမ်းကျင်ပညာရှင် အကူအညီဖြင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေး လုပ်ဆောင်မည်ဖြစ်သည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းနှင့် ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ် (UNDP) ဒေသတွင်း အာရှပစိဖိတ်စင်တာမှ ဒုတိယအဖွဲ့ခေါင်းဆောင် မစ္စတာ Joseph D' Gruze တို့သည် နိုဝင်ဘာ ၃၀ ရက်တွင် တွေ့ဆုံခဲ့ကြသည်။

# အစာရှားပါးမှုကြောင့် မေယုတောင်တန်းရှိ တောဆင်ရိုင်းများ မကြာခဏသေဆုံးနေ

**မောင်ကံ**

**မောင်တော၊ ဒီဇင်ဘာ- ၁**

အစာရှားပါးမှုကြောင့် မေယုတောင်တန်းရှိ တောဆင်ရိုင်းများ သေဆုံးမှု မကြာခဏ ဖြစ်ပေါ်နေကြောင်း သတင်းရရှိသည်။

ယခုနှစ်အတွင်းမေယုတောင်တန်းမှ တောဆင်ရိုင်းသုံးကောင် သေဆုံးမှု ဖြစ်ပေါ်ခဲ့ပြီး ၂၀၁၁ ဇူလိုင်လ ၃ ရက်က မောင်တောမြို့နယ်တောင်ပိုင်း မြင်းလွှတ်ကျေးရွာအနီး မျောချောင်းတွင် အသက် ၁၅ နှစ်ခန့်ရှိ ဆင်ထီးတစ်ကောင် သေဆုံးခဲ့ကြောင်း သိရသည်။

ထို့နောက် နိုဝင်ဘာ ၁၂ ရက်တွင် ကျောက်ပန္နူကျေးရွာအနီး၌ အသက် ၂၅ နှစ်ခန့်ရှိ ဆင်ထီးတစ်ကောင် သေဆုံးခဲ့ပြီး နိုဝင်ဘာ ၂၃ ရက်တွင် ကျီးကန်းပြင်ကျေးရွာ အနီး၌ အသက် ၂၃ နှစ်ခန့်အရွယ်ရှိ ဆင်ထီး တစ်ကောင်သေဆုံးမှုခဲ့ကြောင်း မြို့နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဦးစီးဌာနမှ သိရသည်။

"အဓိကတော့ တောတွင်းမှာ ဆင်စာတွေဖြစ်တဲ့ ဝါးပင်၊ ထမင်းဆိုင်းပင်တွေ ရှားလာတဲ့အတွက် အစာအာဟာရ ပြတ်ပြီး သန်ကောင်ရောဂါကြောင့် သေတာဖြစ်ပါတယ်"ဟုအထက်ပါဌာနမှ တာဝန်ရှိသူက ပြောသည်။ မေယုတောင်တန်းတွင် လွန်ခဲ့သည့်နှစ်က ဆင်၏ အဓိကအစာဖြစ်သည့် ဝါးပင်ပြုန်းတီးမှုဖြစ်ပေါ်ခဲ့သည့်အတွက် ဆင်စာရှားပါးမှုကြုံတွေ့နေရကြောင်း သိရသည်။

**Environment Cartoon**



# အာရှသစ်ခွညီလာခံတွင် မြန်မာ့နေရင်းသစ်ခွ စာတမ်းဖတ်ကြားမည်

**အိဖြူမွန်**

**ရန်ကုန်၊ ဒီဇင်ဘာ- ၂၈**

အာရှတိုက်အတွင်းရှိသစ်ခွများထိန်းသိမ်းရေးညီလာခံတွင် မြန်မာ့နေရင်းသစ်ခွများ စီးပွားဖြစ်စိုက်ပျိုးရေးနှင့် ထိန်းသိမ်းခြင်းစာတမ်းကို ဖတ်ကြားမည်ဖြစ်ကြောင်း စာတမ်းဖတ်ကြားမည့် သစ်ခွပညာရှင် ဒေါက်တာစောလွင်ကပြောသည်။

ယင်းညီလာခံကို ကိုရီးယားနိုင်ငံမှ National Arboreal က ဦးစီးကျင်းပပြုလုပ်မည်ဖြစ်သည်။ ယခင်က ညီလာခံတွင် မြန်မာနိုင်ငံအနေဖြင့် သစ်ခွပြခန်းအဖြစ်သာ ဝင်ရောက်ပြသခဲ့ရာမှ ယခုနှစ်တွင် စာတမ်းဖတ်ခွင့်ပါရရှိမည်ဖြစ်သည်။

"အအေးပိုင်း၊ အပူပိုင်း၊ အအေးသမပိုင်းမှာ ပေါက်တဲ့ပွင့်တဲ့ နေရင်းသစ်ခွတွေ အများကြီးရှိတယ်။ မျိုးစပ်မယ့် နည်းပညာနဲ့ ပစ္စည်းအစုံအလင်ရှိရင် စီးပွားဖြစ် စိုက်ပျိုးနိုင်တယ်။ တိုင်းနိုင်ငံမှာ သစ်ခွတင်ပို့မှုကနေနိုင်ငံခြားငွေရတယ်။ ထိုင်းနိုင်ငံထက်စာရင် မြန်မာနိုင်ငံက ပိုအလားအလာကောင်းတယ်"ဟု ဒေါက်တာစောလွင်ကပြောသည်။ ယင်းညီလာခံကို ခုနစ်ကြိမ်မြောက် ကျင်းပခြင်းဖြစ်ပြီး ဂျပန်၊ တရုတ်၊ အိန္ဒိယ၊ ကိုရီးယား၊ မြန်မာ၊ ထိုင်း၊ မလေးရှားနိုင်ငံတို့မှ သစ်ခွပညာရှင်များ တက်ရောက်ကြမည်ဖြစ်သည်။



Tourism
7 DAY NEWS JOURNAL
Vol.10, No.38 · DECEMBER 8, 2011

# နှစ်စမှ အောက်တိုဘာလအထိ ရန်ကုန်၊ မန္တလေးဝင်ပေါက်မှ နိုင်ငံခြားသားခရီးသည် သုံးသိန်းကျော်ဝင်ရောက်

**အောင်သူရ**

**ရန်ကုန်၊ နိုဝင်ဘာ-၃၀**

ရန်ကုန်နှင့်မန္တလေးဝင်ပေါက်များမှ ယခုနှစ်ဇန်နဝါရီမှ အောက်တိုဘာလကုန်ထိ လေယာဉ်ဖြင့်ဝင်ရောက်ခဲ့သော နိုင်ငံခြားသားခရီးသည် သုံးသိန်းကျော်ရှိပြီဖြစ်ကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။



**ယခုရက်ပိုင်းအတွင်း နိုင်ငံခြားဧည့်သည်ဝင်ရောက်မှု မြင့်တက်လာခြင်းကြောင့် ဟိုတယ်အခန်းများရရှိရန် အခက်အခဲပင်ဖြစ်ရသည်**

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

ယခုနှစ် ဧည့်သည် ဝင်ရောက်မှုမှာ ယမန်နှစ်ကထက် ၂၀ ရာခိုင်နှုန်းတက်လာခဲ့ကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးအောင်က ပုဂံမြို့ဟောင်းတွင် ပြုလုပ်သော ခရီးသွားပြပွဲ၌ ပြောကြားခဲ့သည်။

သက်ဆိုင်ရာက ပြုစုထားသော စာရင်းများအရ ၂၀၁၁ခုနှစ် ဇန်နဝါရီမှ အောက်တိုဘာလကုန်ထိ ရန်ကုန်နှင့် မန္တလေးဝင်ပေါက်များမှလေယာဉ်ဖြင့် ဝင်ရောက်ခဲ့သူ ခရီးသည် သုံးသိန်းကျော်ရှိပြီးယမန် နှစ်ကမူတစ်နှစ်လုံးတွင် ၃၁၀,၆၈၈ ဦးသာ ဝင်ရောက်ခဲ့ကြောင်း သိရသည်။

“ဒီနှစ် ဝင်လာတဲ့အထဲမှာ အမေရိကန်နဲ့ အင်္ဂလန်က FIT ဧည့်သည်တွေများတယ်။ ပြင်သစ်တွေလည်း တော်တော်ဝင်ပါတယ်” ဟု မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူတစ်ဦးကဆိုသည်။

ထို့အပြင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ခွင့်ပြုချက်ဖြင့် နိုင်ငံခြားသားခရီးသွားများ ဝင်ရောက်ရာတွင်လွယ်ကူချောမွေ့စေရန်ဆက်စပ်ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပြည်နယ်ဆိုင်ရာကိုယ်စားလှယ်များ ပါဝင်သော ကော်မတီအားဖွဲ့စည်းထားကြောင်း သတင်းရရှိသည်။

အဆိုပါ ကော်မတီတွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးတင့်ဆန်းက ဥက္ကဋ္ဌ၊ ဒု-ဝန်ကြီးဦးဌေးအောင်က ဒု-ဥက္ကဋ္ဌအဖြစ် ပါဝင်ကြသည်။

အဆိုပါကော်မတီမှ ယခုအခါနိုင်ငံခြားသားများ ဝင်ရောက်မှုလွယ်ကူစေရန်အတွက် E-Visa စနစ်အားကျင့်သုံးရန်စီစဉ်ဆောင်ရွက်နေကြောင်း ဒု-ဥက္ကဋ္ဌ ဦးဌေးအောင်ကပြောသည်။

ထို့အပြင် အိန္ဒိယ-မြန်မာနယ်စပ်ဖြစ်သောတမူးမြို့မှမြန်မာနိုင်ငံ မုံရွာနှင့် မန္တလေးမြို့များထိ ဧည့်သည်များဝင်ရောက်နိုင်ရန်နှင့် အချို့သော ကန့်သတ်နယ်မြေများ လျှော့ပေးရန် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်နေကြောင်းလည်း သတင်းရရှိသည်။

အဆိုပါကော်မတီ၏ စတုတ္ထမြောက်အစည်းအဝေးကို ပုဂံ ဒေသရှိ ရောဟိုတယ်တွင် နိုဝင်ဘာလ ၂၈ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

## အပြည်ပြည်ဆိုင်ရာမြန်မာ့လေကြောင်း ခရီးစဉ်များ တိုးချဲ့ပျံသန်းမည်

**အောင်သူရ**

**ရန်ကုန်၊ နိုဝင်ဘာ-၃၀**

အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်း MAI က မကြာမီခရီးစဉ်များတိုးချဲ့ပျံသန်းတော့မည်ဖြစ်ကြောင်း အဆိုပါလေကြောင်းလိုင်း ဈေးကွက်မန်နေဂျာ ဒေါ်အေးမရသာက ပြောသည်။

ယခင်က ရန်ကုန်-စင်ကာပူ ခရီးစဉ်ကို တစ်ပတ်လျှင် ၁၂ ကြိမ်သာ ပျံသန်းခဲ့သော်လည်း ဒီဇင်ဘာလဆန်းမှစ၍ ကြာသပတေးနှင့် တနင်္ဂနွေနေ့တို့တွင် နှစ်ကြိမ်တိုးကာ ၁၄ ကြိမ်ထိ တိုးချဲ့ပျံသန်းမည်ဖြစ်သည်။

ထို့အပြင် ဗုဒ္ဓဂယာသို့တစ်ပတ်လျှင် နှစ်ရက်ပျံသန်းနေရာမှ ဇန်နဝါရီလဆန်းမှစ၍ သောကြာနေ့တစ်နေ့ထပ်တိုးပျံသန်းမည်ဖြစ်ပြီး ကွမ်မင်းသို့လည်း အင်္ဂါနေ့တစ်ရက်ထပ်တိုးပျံသန်းမည်ဟု ဒေါ်အေးမရသာက ပြောသည်။

MAI လေကြောင်းလိုင်းအား ပုဂ္ဂလိကသို့ လွှဲပြောင်းလုပ်ကိုင်ခွင့်ပြုပြီးနောက် လေယာဉ်သစ်များ ထပ်မံတိုးချဲ့ကာ မကြာသေးမီကပင် ခရီးသည် ၂၂၀ ဦး စီးနိုင်သော Air Bus လေယာဉ်တစ်စင်း ထပ်မံဝယ်ယူခဲ့သည်။

## မလေးရှားနိုင်ငံသို့ မြန်မာခရီးသည် သွားရောက်မှုမြင့်တက်

**နေလင်းထွန်း**

**ရန်ကုန်၊ ဒီဇင်ဘာ-၁**

မြန်မာနိုင်ငံမှ မလေးရှားနိုင်ငံသို့ အလည်အပတ်ခရီး သွားရောက်မှုသည် ၂၀၁၀ ပြည့်နှစ်အတွင်း ၂၁ ရာခိုင်နှုန်း မြင့်တက်သွားခဲ့ကြောင်း တိုးရစ်ဇင်မလေးရှား၏ တာဝန်ရှိသူများက ပြောသည်။

မလေးရှားနိုင်ငံသို့ မြန်မာခရီးသွားများအနေဖြင့် ၂၀၀၈ ခုနှစ်တွင် ၄၃,၁၃၁ ဦး၊ ၂၀၀၉ ခုနှစ်တွင် ၆၀,၃၃၈ ဦး၊ ၂၀၁၀ ပြည့်နှစ် တွင် ၇၂,၇၉၂ ဦးသို့ ရောက်ခဲ့ခြင်းကြောင့် ၂၀၀၉ ခုနှစ်နှင့် နှိုင်းယှဉ်လျှင် ၂၀၁၀ အတွင်း ခရီးသွား ၂၁ ရာခိုင်နှုန်းခန့် မြင့်တက်လာခဲ့ကြောင်း Mini Malaysia Showcase တွင် အထက်ပါပုဂ္ဂိုလ်များက ပြောကြားခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံသည် ခရီးသွားလုပ်ငန်းအတွက် အလားအလာကောင်းမွန်သောနိုင်ငံတစ်နိုင်ငံဖြစ်ခြင်းကြောင့် မလေးရှားခရီးသွားလုပ်ငန်း ၁၂ ခုမှ တာဝန်ရှိသူများက မြန်မာနိုင်ငံရှိခရီးသွား လုပ်ငန်းလုပ်ကိုင်သူများနှင့် စီးပွားရေးလုပ်ငန်းများပူးပေါင်းဆောင်ရွက်ရန်အတွက် ခရီးသွားလုပ်ငန်းဆိုင်ရာ ပြပွဲလာရောက်ပြုလုပ်ခြင်းဖြစ်ကြောင်း တိုးရစ်ဇင်မလေးရှား အကြီးအကဲတစ်ဦးကဆိုသည်။

မလေးရှားနိုင်ငံသို့ ၂၀၁၀ ပြည့်နှစ်အတွင်း ကမ္ဘာလှည့်ခရီးသည် ၂၄ ဒသမ ၆ သန်းအလည်အပတ်ရောက်ရှိခဲ့ပြီး ခရီးသွားလုပ်ငန်းမှ အခွန်ငွေအမေရိကန်ဒေါ်လာ ၁၈ ဒသမ ၈ ဘီလီယံရရှိခဲ့ကြောင်း၊ ၎င်းနိုင်ငံသို့ အလည်အပတ်လာရောက်သူအများစုသည် အိမ်နီးချင်းနိုင်ငံများမှဖြစ်ကြောင်း သိရသည်။




7DAY NEWS JOURNAL
Vol.10, No.38 · DECEMBER 8, 2011

# Cartoon






















7 DAY NEWS JOURNAL
Vol.10, No.38 · DECEMBER 8, 2011

# လမ်းပေါ်ဆန္ဒပြမှုများ ပိတ်ပင်မည့် ဥပဒေကြမ်းကို မလေးရှားပြည်သူများ ကန့်ကွက်

**ကွာလာလမ်ပူ၊ နိုဝင်ဘာ - ၂၉**

မလေးရှားပြည်သူရာပေါင်းများစွာသည် နိုင်ငံ၏ လွှတ်တော်က လမ်းပေါ်ဆန္ဒပြကန့်ကွက်မှုများကို ပိတ်ပင်မည့် ဥပဒေတစ်ရပ်အပေါ် မကျေနပ်သောကြောင့် မလေးရှားလွှတ်တော်ရှေ့သို့ ချီတက်ကာ ဆန္ဒပြခဲ့ကြသည်။

'လွတ်လပ်သောစုရုံးမှု' ဟူသော ကြွေးကြော်သံကို ကြွေးကြော်ကာ ရှေ့နေများ၊ အတိုက်အခံပါတီများမှအမတ်များ၊ တက်ကြွလှုပ်ရှားသူများသည် မြို့တော်ကွာလာလမ်ပူတွင် လွှတ်တော်ရှေ့သို့ ချီတက်ကာ နိုဝင်ဘာ ၃၀ တွင်ပြဋ္ဌာန်းဖွယ်ရှိသည့် အစိုးရ၏ 'လွတ်လပ်သောစုရုံးခြင်း' ဥပဒေကြမ်းကို ကန့်ကွက်ခဲ့ကြခြင်းဖြစ်သည်။

ဥပဒေကြမ်းကို ဝန်ကြီးချုပ်နာဂျစ်ရာဇက်က တင်သွင်းခဲ့ခြင်းဖြစ်ပြီး ယင်းတွင် လူထုစုရုံးမှု၊ လွတ်လပ်စွာပြောဆိုမှုတို့အပေါ် ပိုမိုတင်းကျပ်ထားသည့်ဥပဒေများပါဝင်နေသည်။ဝန်ကြီးချုပ်ရာဇက်သည် လာမည့်နှစ်တွင် ရွေးကောက်ပွဲများကျင်းပရန်ပြင်ဆင်ထားရာ အတိုက်အခံများက အခြေခံဥပဒေနှင့် မညီညွတ်ကြောင်း ဝေဖန်နေကြသည်။

ဥပဒေကြမ်းတွင် လူထုစုဝေးခြင်းများအတွက် ရဲတပ်ဖွဲ့ခွင့်ပြုချက်ရယူရခြင်းအပါအဝင် လမ်းပေါ်ချီတက်မှုများကိုပိတ်ပင်သောကန့်သတ်ချက်အသစ်များ ပါဝင်နေသည်။ သို့သော် ဥပဒေကြမ်းတွင် အားကစားကွင်းကဲ့သို့သောနေရာများ၌ ကြိုတင်ခွင့်ပြုချက်မလိုဘဲ စုဝေးခွင့်ပေးထားပြီး အခြားနေရာ၌ဆိုလျှင်မူ ရဲတပ်ဖွဲ့၏ခွင့်ပြုအတည်ပြုချက်ကို အရင်ရယူရန်ပါဝင်သည်။

ဝန်ကြီးချုပ်ရာဇက်က ဥပဒေကြမ်းသည်ပြည်သူတို့၏ငြိမ်းချမ်းစွာစုရုံးခွင့်ကို အာမခံပေးထားသည်ဟုဆိုသည်။ ပြီးခဲ့သည့် ဇူလိုင်လက ရွေးကောက်ပွဲပြုပြင်ရေးဆိုင်ရာ ချီတက်ဆန္ဒပြပွဲတွင် ဦးဆောင်ပါဝင်ခဲ့ပြီး ရဲတပ်ဖွဲ့၏ ဖြိုခွင်းခံရသည့် တက်ကြွလှုပ်ရှားသူဝမ်ချင်ဟွတ်ကမူ "သူတို့ဥပဒေမပြောင်းရင် လာမယ့်ရွေးကောက်ပွဲတွေမှာ အစိုးရကို မဲဆန္ဒရှင်တွေက ပစ်ပယ်တာခံရပါလိမ့်မယ်"ဟု ပြောကြားသည်။

မလေးရှားနိုင်ငံ၏ လက်ရှိအာဏာရဘာရီဆန်ညွန့်ပေါင်းအဖွဲ့သည်တင်းကျပ်သောဥပဒေများအသုံးပြု၍ ဆယ်စုနှစ်ငါးခုကြာအောင် အာဏာကိုထိန်းသိမ်းထား၍ အတိုက်အခံများက ဝေဖန်ခဲ့သည်။ ယခုအခါ ယင်းအဖွဲ့ကို ဝန်ကြီးချုပ်ရာဇက်က ဦးဆောင်နေခြင်းဖြစ်သည်။

*—Ref: AFP*

# ဖိလစ်ပိုင်နိုင်ငံတွင် တောက်တဲ့အရှင် ကောင်ရေ ၂,၀၀၀ ခန့် မှောင်ခိုပို့မှု ဖမ်းဆီးရမိ

**မနီလာ၊ နိုဝင်ဘာ - ၃၀**

ဖိလစ်ပိုင်အာဏာပိုင်များသည် အာရှတိုက်ရှိနိုင်ငံအချို့တွင် ဆေးဖက်ဝင်သည်ဆိုကာ တန်ဖိုးထားဝယ်ယူလေ့ရှိသည့်တောက်တဲ့အရှင်ကောင်ရေ ၂,၀၀၀ ခန့်ကို မှောင်ခိုတင်ပို့မှုတစ်ခုမှ ဖမ်းဆီးရမိခဲ့ကြောင်းသိရသည်။

ဖိလစ်ပိုင်အာဏာပိုင်များသည် ယင်းတောက်တဲ့များကို နိုင်ငံတောင်ပိုင်း ဆိပ်ကမ်းမြို့ဂျင်နရယ်ဆန်းတို့စ်တွင် ကုမ္ပဏီတစ်ခုမှတင်ပို့သော သေတ္တာများအတွင်း စစ်ဆေးရှာဖွေဖမ်းဆီးမိခဲ့ခြင်းဖြစ်သည်။ တောက်တဲ့များကို တင်ပို့မည့်ကုမ္ပဏီအကြီးအကဲက ၎င်းတို့ကို အော်ဂဲနစ်လယ်ယာစိုက်ပျိုး ရေးစီမံကိန်းတစ်ခုအတွက် အသုံးပြုရန်ဟုဆိုသော်လည်း ရဲတပ်ဖွဲ့ကၡင်းတို့သည်တောရိုင်းတိရစ္ဆာန် စောင့်ရှောက်ရေးဥပဒေကို ချိုးဖောက်သည်ဟုဆိုကာ ဖမ်းဆီးခဲ့သည်။

ရဲအရာရှိ ဘတ်ဖာရိုက ကုမ္ပဏီပိုင်ရှင်အပါအဝင် လူပေါင်း ၁၄ ဦးကိုဖမ်းဆီးခဲ့ကြောင်းပြောသည်။ ဖိလစ်ပိုင်နိုင်ငံတွင် တောက်တဲ့မျိုးစိတ် ၂၆ မျိုးတွေ့ရှိရပြီး ယင်းမှ ရှစ်မျိုးကိုနိုင်ငံအနှံ့တွင် အများအပြားတွေ့ရကြောင်းသိရသည်။ ဖိလစ်ပိုင်နိုင်ငံ ဥပဒေအရတွင်တောက်တဲ့များ ဖမ်းဆီးရောင်းဝယ်ခြင်း၊ တင်ပို့ခြင်းအတွက်ဒဏ်ငွေနှင့် ထောင်ဒဏ် လေးနှစ်အထိ ချမှတ်နိုင်သည်ဟု သိရသည်။

*—Ref: AFP*

# အရှေ့တောင်အာရှစီးပွားရေး ၂၀၁၆ အထိ တိုးတက်မှု နှေးကွေးနိုင်

**ဂျကာတာ၊ နိုဝင်ဘာ - ၂၉**

အရှေ့တောင်အာရှဒေသ အဓိက နိုင်ငံခြောက်နိုင်ငံ၏ စီးပွားရေးသည် လာမည့် ၂၀၁၆ ခုနှစ်အထိ တိုးတက်မှုနှေးကွေးနေဦးမည်ဖြစ်ကြောင်း စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနိုင်ငံများအဖွဲ့ (OECD)ကပြောကြားသည်။


ယင်းအဖွဲ့၏ ခန့်မှန်းချက်တွင် အာဆီယံဒေသ အဓိက စီးပွားရေးနိုင်ငံများဖြစ်သော အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနှင့်ဗီယက်နမ်တို့သည် ၂၀၁၁ ၌စီးပွားရေးဖွံ့ဖြိုးမှု ၅ ရာခိုင်နှုန်းရှိမည်ဖြစ်ကာ ၂၀၁၂ မှ ၂၀၁၆ ကာလအတွင်း တိုးတက်မှု ၅ ဒသမ ၆ ရာခိုင်နှုန်းရှိမည်ဟုဆိုသည်။


ယခု ခန့်မှန်းချက်မှာ ကမ္ဘာ့ စီးပွားရေးဦးဆောင်ဒေသများဖြစ်သော ဥရောပနှင့် အမေရိကန်တို့တွင် ကြွေးမြီပြဿနာများကြောင့် စီးပွားရေးကျဆင်းမှုအန္တရာယ်ကြုံတွေ့နိုင်ကြောင်း OECD မှ သတိပေးပြီးနောက် ပေါ် ထွက်လာခြင်းဖြစ်သည်။ အဖွဲ့က ယူရိုဇုန်ဒေသတွင်လာမည့်နှစ်အထိစီးပွားရေးနှေးကွေးနေပြီး တိုးတက်မှုနှုန်းမှာ ယခုနှစ် ၁ ဒသမ ၆ ရာခိုင်နှုန်းမှ လာမည့်နှစ်၌ ၀ ဒသမ ၂ ရာခိုင်နှုန်းသာရှိမည်ဟု ခန့်မှန်းထားသည်။

ထို့ကြောင့် OECD မှ ဖွံ့ဖြိုးရေးဌာန ဒါရိုက်တာမာရီယိုပက်ဇီနီက "စီးပွားရေးတိုးတက်မှုပုံစံသစ်တစ်မျိုးကို အရှေ့တောင်အာရှမှာ လိုအပ်နေပါတယ်။ ကမ္ဘာ့စီးပွားရေး မသေချာ မရေရာဖြစ်နေမှုဟာ တိုးတက်မှုကိုပြန်ဖန်တီးဖို့အခွင့်အရေးပါ"ဟု ပြောသည်။

အာဆီယံဒေသတွင် စုစုပေါင်းလူဦးရေသန်း ၆၀၀ ကျော်ရှိပြီး ယခုနှစ်တွင် စုစုပေါင်းပြည်တွင်းထုတ်ကုန်ပမာဏ (GDP) ဒေါ်လာ ၁ ဒသမ ၈ ထရီလီယံတန်ဖိုးရှိခဲ့သည်ဟုသိရသည်။

*—Ref: AFP*



7 DAY NEWS JOURNAL
Vol.10, No.38 • DECEMBER 8, 2011

## အစာအဆိပ်သင့်မှုကြောင့် ထိုင်းဝန်ကြီးချုပ် ဆေး ုံတက်ကုသ

**ဘန်ကောက်၊ နိုဝင်ဘာ – ၂၉**

ထိုင်းဝန်ကြီးချုပ်ယင်လပ်ခ်ရှင်နာဝါထရာသည် အစာအဆိပ်သင့်မှုကြောင့် ဆေးရုံတက်ကုသခဲ့ရကြောင်း ထိုင်းအစိုးရက ကြေညာခဲ့သည်။

အစိုးရပြောခွင့်ရပုဂ္ဂိုလ်၏ ကြေညာချက်တွင် "ဝန်ကြီးချုပ်ဟာ ပရာရမ်-၉ ဆေးရုံကိုတက်ခဲ့ပါတယ်။ သူမဟာ အစာအဆိပ်သင့်မှုကြောင့် ဝမ်းရောဂါခံစားခဲ့ရလို့ပါ"ဟု ဖော်ပြထားသည်။

ယင်လပ်ခ်သည် ဆေးရုံတက်နေစဉ် သူမ၏လက်ထောက်အား သူမကိုယ်စား ဝန်ကြီးအဖွဲ့အစည်းအဝေးထိုင်ရန်စီစဉ်ခဲ့သည်။ အသက် ၄၄ နှစ်အရွယ် ဝန်ကြီးချုပ်ယင်လပ်ခ်သည်ယခင်ဝန်ကြီးချုပ်ဟောင်း သက်ဆင်၏ ညီမငယ်တစ်ဦးဖြစ်ကာ ၂၀၁၁ ဩဂုတ်လတွင် အာဏာရရှိခဲ့သည်။

—*Ref: AFP*

## စင်ကာပူတွင် အလုပ်အကိုင်ရရှိမှု မြင့်တက်

**စင်ကာပူ၊ နိုဝင်ဘာ – ၃၀**

စင်ကာပူအလုပ်အကိုင်ဈေးကွက်သည် ၂၀၁၁ ခုနှစ်တွင် အခြေအနေကောင်းခဲ့ပြီး နိုင်ငံတွင်းနေထိုင်သူ အသက် ၂၅ နှစ်မှ ၆၄ နှစ်အရွယ် လူပေါင်း ၇၈ ရာခိုင်နှုန်း အလုပ်အကိုင်ရရှိနေကြောင်း စင်ကာပူ လူ့စွမ်းအားဝန်ကြီးဌာနကပြောသည်။

ယခုနှုန်းမှာ ၂၀၁၀ ပြည့်နှစ်တွင် ရရှိခဲ့သည့် အလုပ်အကိုင်ရရှိမှုနှုန်း ၇၇ ဒသမ ၁ ရာခိုင်နှုန်းကို ကျော်လွန်ခဲ့ခြင်းဖြစ်သည်။ ဒေသခံများ၏ အလုပ်လက်မဲ့နှုန်းမှာ ၂၀၁၁ ဇွန်လတွင် ၃ ဒသမ ၉ ရာခိုင်နှုန်းရှိခဲ့ရာ ၂၀၁၀ တွင် ၄ ဒသမ ၁ ရာခိုင်နှုန်း၊ ၂၀၀၉ တွင် ၅ ဒသမ ၉ ရာခိုင်နှုန်း အသီးသီးရှိခဲ့ခြင်းတို့ထက် ပိုမိုလျော့ကျခဲ့သည်။

စင်ကာပူနိုင်ငံတွင် အသက် ၂၅ နှစ်မှ ၆၄ နှစ်အရွယ်အတွင်း အလုပ်လုပ်သူဦးရေမှာလည်း ၂၀၁၁ တွင် စံချိန်တင်အဖြစ် ၆၁ ဒသမ ၂ ရာခိုင်နှုန်းရှိခဲ့သည်။ စင်ကာပူလူ့စွမ်းအားဝန်ကြီးဌာန၏ စာရင်းအရ ၂၀၁၁ ဇွန်လတွင် စင်ကာပူရှိလုပ်သားအင်အားစုစုပေါင်းမှ ၂ ဒသမ ၀၈ သန်းမှာ ဒေသခံလုပ်သားများဖြစ်ကြောင်း သိရသည်။

—Ref: Asiaone



## Leader's Profile

## အီတလီဝန်ကြီးချုပ် မာရီယိုမွန်တီ

ရဲမင်း

မာရီယိုမွန်တီသည် အီတလီ စီးပွားရေးပညာရှင်တတ်သိပညာရှင်နှင့် လူအများ ရိုသေလေးစားသည့် ပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။ လက်ရှိတွင် မွန်တီသည် အီတလီဝန်ကြီးချုပ်အဖြစ် တာဝန်ယူထားသလို စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးအဖြစ်လည်း တာဝန်ထမ်းဆောင်လျက်ရှိသည်။ ၁၉၉၅ မှ ၂၀၀၄ ခုနှစ်အထိ ဥရောပကော်မရှင်နာတစ်ဦးအဖြစ် တာဝန်ယူခဲ့သူမွန်တီသည် ဘာကော့နီတက္ကသိုလ်ပါမောက္ခချုပ်နှင့်ဥက္ကဋ္ဌလည်းဖြစ်သည်။ ၂၀၁၁ နိုဝင်ဘာ ၉ ရက်တွင် မွန်တီအား ရာသက်ပန်အထက်လွှတ်တော်အမတ်အဖြစ် အီတလီအထက်လွှတ်တော်ကခန့်အပ်ခဲ့ပြီး နောက်သုံးရက်အကြာတွင် အီတလီသမ္မတ ဂျီယာဂျီယိုနာပိုလီတာနိုကငြင်းအားဖိတ်ခေါ်၍ ရာထူးမှနုတ်ထွက်သွားသည့်အီတလီဝန်ကြီးချုပ် ဘာလူစကိုနီအားအစားထိုးဝင်ရောက်၍ အီတလီအစိုးရကိုဦးဆောင်ရန် တာဝန်ပေးအပ်ခဲ့သည်။

မာရီယိုမွန်တီအား ဗာရီဆီဒေသတွင် ၁၉၄၃ ခုနှစ်မတ်လ ၁၉ ရက်တွင် မွေးဖွားခဲ့သည်။ မာရီယိုသည်မီလန်မြို့ရှိဘာကော့နီတက္ကသိုလ်မှစီးပွားရေးပညာနှင့်စီမံခန့်ခွဲရေးဘာသာရပ်အထူးပြုဖြင့် ဘွဲ့ရရှိခဲ့သည်။ ယေးလ်တက္ကသိုလ်သို့ ဆက်လက်တက်ရောက်၍ နိုဗယ်ဆုရ စီးပွားရေးပညာရှင် ဂျိမ်းစ်တော်ဘင်၏ လက်အောက်တွင် ပညာသင်ကြားရင်း စီးပွားရေးပညာမဟာဘွဲ့ရရှိခဲ့သည်။

မာရီယိုသည် ၁၉၇၀ မှ ၁၉၈၅ ခုနှစ်တူရင်တက္ကသိုလ်တွင် စီးပွားရေးဆိုင်ရာ ပညာရပ်များသင်ကြားပို့ချခဲ့သည်။ ယင်းနောက် မာရီယိုသည် ဘာကော့နီတက္ကသိုလ်တွင် ပြောင်းရွှေ့သင်ကြားခဲ့ပြီး ၁၉၈၉ မှ ၂၀၀၁ ခုနှစ်အထိ ဘာကော့နီတက္ကသိုလ် ပါမောက္ခချုပ်တာဝန်ကိုထမ်းဆောင်ခဲ့သည်။ ၁၉၉၄ ခုနှစ်မှစ၍ ယင်းတက္ကသိုလ်၏ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည်။

၁၉၈၂ မှ ၁၉၈၅ ခုနှစ်အထိ ဥရောပငွေကြေးနှင့် ဘဏ္ဍာရေးဖိုရမ်၏ ဥက္ကဋ္ဌအဖြစ်လည်း လုပ်ကိုင်ခဲ့သူ မာရီယိုမွန်တီသည် ဥရောပညာဏ်ကြီးရှင်အဖွဲ့အများအပြားတွင်လည်းပါဝင်ခဲ့ပြီး ဂိုးလ်မင်းဆက်ချ်နှင့် ကိုကာကိုလာစသည့် အမေရိကန်ကုမ္ပဏီကြီးများအတွက် နိုင်ငံတကာအကြံပေးအဖြစ်လည်း တာဝန်ယူခဲ့သည်။

၁၉၉၄ ခုနှစ်တွင် မွန်တီသည် ဥရောပကော်မရှင်တွင် ခန့်အပ်တာဝန်ပေးခြင်းခံရပြီးဥရောပ၏ ဒေသတွင်းဈေးကွက်၊ ဘဏ္ဍာရေးလုပ်ငန်းများပေါင်းစည်းရေး အကောက်ခွန်နှင့်အခွန်စည်းကြပ်ခြင်းများကို တာဝန်ယူဆောင်ရွက်ခဲ့ရာ 'Super Mario'ဟု အမည်တွင်ခဲ့သည်။ ၁၉၉၉ ခုနှစ်တွင် ဥရောပကော်မရှင်တွင် ထပ်မံခန့်အပ်ခံရပြီး စီးပွားရေးလုပ်ငန်းများယှဉ်ပြိုင်မှုမူဝါဒနှင့်ပတ်သက်၍ တာဝန်ယူခဲ့သည်။ ၎င်း၏လက်ထက်တွင် မိုက်ကရိုဆော့ဖ်ကုမ္ပဏီ၏ ဈေးကွက်တစ်ဦးတည်း ချုပ်ကိုင်မှုအပေါ် တရားစွဲဆိုခဲ့သည်။ ၂၀၀၇ ခုနှစ် ဥရောပကော်မရှင်တာဝန်များ ပြီးဆုံးချိန်တွင် မာရီယိုမွန်တီသည် ဥရောပညာဏ်ကြီးရှင်အဖွဲ့များတွင် တစ်ဖန် ပါဝင်လှုပ်ရှားပြီး ပြင်သစ်နိုင်ငံ၌ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြံဉာဏ်ပေးရန်သမ္မတဆာကိုဇီဖွဲ့စည်းခဲ့သည့် ဉာဏ်ကြီးရှင်အဖွဲ့(Commission Attali) တွင် ပါဝင်ခဲ့သည်။

၂၀၁၁နိုဝင်ဘာ၁၂ရက်တွင် အီတလီဝန်ကြီးချုပ် ဘာလူစကိုနီ နုတ်ထွက်သွားခဲ့ရပြီး နောက် နိုဝင်ဘာ ၁၆ ရက်၌ အီတလီနိုင်ငံ၏ ဝန်ကြီးချုပ်တာဝန်ကိုစတင်ထမ်းဆောင်ခဲ့သူ မာရီယိုမွန်တီသည် အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး သားသမီးနှစ်ဦးရှိသည်။

—*Ref: Wikipedia*

### နောက်ကျောဖုံး – ုရှားအောက်လွှတ်တော် ရွေးကောက်ပွဲတွင် ဝန်ကြီးချုပ်ပူတင်၏ပါတီ ထောက်ခံမှုလျော့ကျ မှ



မဲအရေအတွက် ၉၄ ရာခိုင်နှုန်းကျော် ရေတွက်ပြီးချိန်တွင် အာဏာရယူနိုက်တက်ရုရှားပါတီမှာ ထောက်ခံမှု၏ ထက်ဝက်ထက်လျော့နည်းသော ၄၉ ဒသမ ၆၉ ရာခိုင်နှုန်းသာရရှိခဲ့သည်။ ယင်းမှာ လွန်ခဲ့သော လေးနှစ်အတွင်း အောက်လွှတ်တော်တွင် ယူနိုက်တက်ရုရှားပါတီရရှိခဲ့သည့် သုံးပုံနှစ်ပုံ အသာစီးရမှုမှ လျော့ကျလာခြင်းဖြစ်သည်။

ရွေးကောက်ပွဲတွင် ကွန်မြူနစ်ပါတီက ထောက်ခံမှု ၁၉ ဒသမ ၁၅ ရာခိုင်နှုန်းရရှိခဲ့ပြီး အလယ်အလက်သဘောထား A Just Russia ပါတီက ၁၃ ဒသမ ၁၇ ရာခိုင်နှုန်းရရှိခဲ့သည်။ အမျိုးသားရေးဝါဒီများ၏ လစ်ဘရယ်ဒီမိုကရက်များက ၁၁ ဒသမ ၆၆ ရာခိုင်နှုန်း ထောက်ခံမှုရရှိခဲ့ကြောင်း ကနဦးမဲရေတွက်မှုများ အရဖော်ပြနေသည်။ ရွေးကောက်ပွဲတွင် မဲပေးခွင့်ရှိသူ ၆၀ ရာခိုင်နှုန်း လာရောက်မဲပေးခဲ့ကြောင်း သိရသည်။

—*Ref: Ria Novosti*



### နောက်ကျောဖုံး – အီတလီ ခြိုးခြံချွေတာရေး အစီအစဉ် ဝန်ကြီးချုပ်သစ်တင်ပြ မှ




ယခု ခြိုးခြံချွေတာရေး အစီအစဉ်ကို "အီတလီအား ကယ်တင်ပါ" (Save Italay )ဟု ဝန်ကြီးချုပ်မွန်တီက ကင်ပွန်းတပ်ထားပြီး အိမ်ခြံမြေအခွန် အသစ်ကောက်ခြင်း၊ တန်ဖိုးမြင့်ပစ္စည်းများအပေါ် အခွန်တိုးကောက်ခြင်း အစီအစဉ်များပါဝင်သလို အခွန်ရှောင်တိမ်းခြင်းကိုလည်း နှိမ်နင်းကာ ပင်စင်ယူချိန် အသက်တိုးမြှင့်ခြင်းများ ပါဝင်သည်။ ယင်းအစီအစဉ်များမှ ယူရို ၁၀ ဘီလီယံရှာဖွေနိုင်မည်ဟု မွန်တီက ရည်မှန်းထားသည်။

အီတလီနိုင်ငံသည် ယူရိုဇုန် ၁၇ နိုင်ငံတွင် တတိယအကြီးဆုံး စီးပွားရေးနိုင်ငံဖြစ်ပြီး ယခုနှစ်လယ်ပိုင်းမှစ၍ ငွေကြေးအကျပ်အတည်းကြုံတွေ့နေရ၍ ငွေချေးငှားရန် အတိုးနှုန်းမြင့်တက်မှုနှင့်လည်းကြုံနေရသည်။ ယခု အစီအစဉ်မှာ ဝန်ကြီးချုပ်၏ အရေးပေါ် ကြေညာချက်ဖြစ်၍ ချက်ချင်းလက်ငင်း အသက်ဝင်လာမည်ဖြစ်သည်။ သို့သော် နောက်ပိုင်းတွင် ယင်းအစီအစဉ်ဆက်လက်အတည်ဖြစ်စေရန် ပါလီမန်က နှစ်လအတွင်း အတည်ပြုပေးရမည်ဖြစ်သည်။

—*Ref: Reuters*

7DAY NEWS JOURNAL
Vol.10, No.38 · DECEMBER 8, 2011

# " ဥရောပဟာ အကျပ်အတည်းတွေကနေ အမြဲပိုပြီးအားကောင်းခဲ့တာ

## ဥရောပကော်မရှင်ဥက္ကဋ္ဌဟောင်း ရိုမာနိုပရိုဒီနှင့် ဥရောပဘဏ္ဍာရေးအကျပ်အတည်းအကြောင်း တွေ့ဆုံမေးမြန်းခြင်း

ကျော်မျိုး



Photo - AFP

ဥရောပ ဘဏ္ဍာရေးအကျပ်အတည်းဟာ မပြီးသေးတဲ့ ပန်းချီကားတစ်ချပ်လို ခပ်ဝါးဝါးဖြစ်နေဆဲပါ။ ဂရိ၊ အီတလီတို့လို နိုင်ငံတွေရဲ့ ဘဏ္ဍာရေးအကျပ်အတည်းတွေနဲ့အတူ ယူရိုငွေကြေးတစ်ရပ်လုံးပါ ယိုင်နဲ့လာချိန်မှာ ဥရောပဟာ ဘဏ္ဍာရေးအကျပ်အတည်းကနေ ဘယ်လိုလွတ်မြောက်အောင် ရုန်းထွက်မလဲလို့ အဖြေရှာတဲ့အခါ ဥရောပရဲ့ အကြီးမားဆုံး စီးပွားရေးပိုင်ရှင် ဂျာမနီနဲ့ ပြင်သစ်လို နိုင်ငံတွေရဲ့ အကူအညီက အရေးအကြီးဆုံးပဲလို့မြင်လာနေကြပါတယ်။ ဒီအချိန်မှာ ယခင် အီတလီဝန်ကြီးချုပ်ဟောင်းဖြစ်ပြီး ဥရောပကော်မရှင်ရဲ့ဥက္ကဋ္ဌဟောင်းတစ်ဦးလည်းဖြစ်သူ ရိုမာနိုပရိုဒီကတော့ ဂျာမနီဟာ အကျပ်အတည်းအတွက် နောက်ဆုံးမှာ လုံးဝရပ်တည်ပေးရမှာဖြစ်ပြီး ဥရောပကြွေးမြီပြဿနာကိုဖြေရှင်းဖို့ ၎င်းရဲ့သတ္တိကိုလည်းပြသရမှာဖြစ်တယ်လို့ဆိုပါတယ်။ ယခု ဖော်ပြလိုက်တာက ဝန်ကြီးချုပ်ဟောင်း ပရိုဒီနဲ့ ဂျာမန်စပိုင်းဂဲလ်မီဒီယာတို့ရဲ့အမေးအဖြေများမှကောက်နုတ်ချက်များပဲဖြစ်ပါတယ်။

**(လက်ရှိ)ဥရောပကော်ရှင်ဥက္ကဋ္ဌ ဟိုဆေးမန်နူရယ်လ်ဘာရိုဆိုလိုပဲ လူကြီးမင်းဟာလည်း ယူရိုငွေချေးစာချုပ်တွေထုတ်ဝေပြီး အကျပ်အတည်းထဲကနေဥရောပကိုလွတ်မြောက်အောင် လုပ်ရေးကိစ္စကို ထောက်ခံနေပါသလား။**

ဒီအကျပ်အတည်းမှာဥရောပဗဟိုဘဏ်က သင့်လျော်တဲ့အခန်းကဏ္ဍကနေပါဝင်ဖို့ လိုအပ်နေပါတယ်။ ပြီးတော့ ယူရိုငွေချေးစာချုပ်တွေကို ထုတ်ဝေဖို့လည်းပဲလိုနေပါတယ်။ ကျွန်တော့်လုပ်ဖော်ကိုင်ဖက်(ဘာရိုဆို)နဲ့အတူ ကျွန်တော်လည်း ဒီစာချုပ်တွေကိုနိုင်ငံတော်အရန်ရွှေတွေ၊ အခြားရန်ပုံငွေတွေနဲ့ အာမခံပေးထားဖို့အဆိုပြုခဲ့ပါတယ်။

**ဒါဆို အဲဒီပြဋ္ဌာန်းဆောင်ရွက်မှုတွေက ဘာအကျိုးသက်ရောက်မှုများရှိမလဲ။**

အချက်တစ်ချက်ပဲ စဉ်းစားကြည့်ပါ။ ဒေါ်လာကို ဘယ်သူကမှ မတိုက်ခိုက်တာ ဘာကြောင့်လဲလို့။ အမေရိကန်ပြည်ထောင်စုရဲ့ဘတ်ဂျက်ကိုလည်းကြည့်လိုက်စမ်းပါ။ ဒေါ်လာဟာ ယူရိုထက်အခြေအနေ အများကြီးပိုဆိုးနေတာပဲ။ ကယ်လီဖိုးနီးယား(တစ်ပြည်နယ်တည်း)ရဲ့ ကြွေးမြီအခြေအနေက ဂရိထက်တောင် အများကြီးပိုဆိုးရွားနေတာပါ။ ဒါပေမဲ့ ဒေါ်လာကို ကာကွယ်ထားကြတယ်။ ဖက်ဒရယ်ဘဏ်ကလည်း (ကာကွယ်ရာမှာ) ပါတာပေါ့။ အဲဒါကဒေါ်လာကိုကြီးမားသန်စွမ်းတဲ့ခွေးတစ်ကောင်ဖြစ်အောင် လုပ်ပေးတယ်။ ဒီတော့ ခွေးကြီးတစ်ကောင်ကိုတော့ ဘယ်သူမှမကိုက်ရဲကြတော့ဘူး။

**ဒါဆို ယူရို (ငွေကြေး) ဟာလည်း ခွေးကြီးတစ်ကောင်ဖြစ်လာနိုင်တဲ့ သဘောပေါ့။**

နိုင်ငံရေးဆန္ဒရှိမယ်ဆိုရင်ပေါ့လေ။ ကြည့်လိုက်ပါ။ ဂျာမနီဟာ လက်ရှိမှာ တကယ်ပဲ စွမ်းအားရှိတဲ့နေရာမှာရှိနေပါတယ်။ ဂျာမနီဟာ တရုတ်လက်သစ်ပဲ။ (ဂျာမနီကို ကမ္ဘာ့စီးပွားရေးအင်အားကြီးအဖြစ် ရပ်တည်လာနေသောတရုတ်နှင့် နှိုင်းခြင်းဖြစ်သည်)

**သချာပါတယ်။ ဒါဟာ ချဲ့ကားပြောဆိုတာပါပဲ။**

မကြာမီက လုပ်ခဲ့တဲ့ ဂျာမန် ပြင်သစ် ထိပ်သီးဆွေးနွေးပွဲကို ကြည့်ပါ။ အခုတော့ အဲဒါဟာ ဂျာမန်-ဂျာမန်ထိပ်သီးဆွေးနွေးပွဲပဲဖြစ်သွားပြီ။ အဲဒါကို ခင်ဗျားအကျယ်ကြီးမပြောနိုင်ဘူး။ ဒါပေမဲ့ အဲဒါအမှန်ပဲ။ အဆုံးမှာတော့ ဂျာမန်အဓိပတိမာကယ်လ်က ဥပဒေစည်းမျဉ်းတွေကို ထုတ်ပြန်ဖို့လိုက်နာခဲ့ရပါတယ်။

**ဒါဆို ယူရိုငွေချေးစာချုပ်တွေအပေါ် ဂျာမန်တွေရဲ့ သဘောထားဟာ ယူရိုအကျပ်အတည်းကိုဖြေရှင်းဖို့ ပြောင်းကိုပြောင်းလဲရမယ်လို့ လူကြီးမင်းက သွေးဆောင်နေတာပါလား။**

ဥရောပအတွက် ဂျာမနီဟာ ဆုံးဖြတ်ချက်ချရပါမယ်။ ဒါမှမဟုတ်ရင် ပွဲပြီးသွားမယ်။ ဒါပေမဲ့ ဂျာမနီမှာ ဥရောပကို လက်လွှတ်(အဆုံးခံ)ဖို့ ဆန္ဒရှိတဲ့လူတွေရှိနေတယ်လို့တော့ ကျွန်တော်မထင်ပါဘူး။

**အကျပ်အတည်းကိုလွတ်မြောက်နိုင်တယ်ဆိုတဲ့အယူအဆနဲ့ပတ်သက်လို့ လူကြီးမင်းဟာ သိပ်ပြီးအကောင်းမြင်နေတယ်နော်။ ဒီအကောင်းမြင်မှုက ဘယ်နေရာကနေလာပါသလဲ။**

ကျိုးကြောင်းကျန ဆင်ခြင်မှုကိုယ်နှိုက်က လက်ခံသွားပါလိမ့်မယ်။ ဂျာမနီဟာ ကမ္ဘာပေါ်မှာ သူ့ရဲ့အံ့ဖွယ်ကောင်းတဲ့စီးပွားရေးအခြေအနေကို အရှုံးပေးလက်လွှတ်နိုင်စွမ်းမရှိပါဘူး။

**အကျပ်အတည်းကို ဖြေရှင်းဖို့ ဂျာမန်တွေကချည်း ပေးဆပ်ရမှာစိုးရွံ့နေတာကိုနားလည်နိုင်စရာရှိပါတယ်။ အခုဆိုရင် အဓိပတိအင်ဂျလာမာကယ်လ်ဟာ လုံးဝကို အထီးကျန်အပယ်ခံဖြစ်မယ့်ပုံပေါ်နေပြီးပြည်တွင်းကသူ့ရဲ့မဟာမိတ်အားလုံးကလည်း သူမအပေါ် ကြီးမားတဲ့ဖိအားပေးဖို့ အားထုတ်နေကြတာပါ။ အဲဒါကရော အကျိုးသက်ရောက်မှုရှိနိုင်မလား။**

ဒါဟာ နိုင်ငံရေးက အလုပ်လုပ်နေပုံနည်းလမ်းပါပဲ။ ဒါပေမဲ့ ကျိုးကြောင်းဆင်ခြင်နည်းကျပဲလုပ်ကြပါစို့။ ဂျာမနီဟာ ယူရို(ငွေကြေးနဲ့)အတူနေတာ ကောင်းသလား။ ဒါမှမဟုတ် မရှိဘဲနေတာကောင်းသလား။

**ယူရိုနဲ့အတူနေတာပေါ့။**

ဟုတ်တာပေါ့။ ဂျာမန်မတ်ငွေပြန်လာတာဟာ သူ့ကို တစ်ခါတန်ဖိုးမြင့်အောင်ပြုလုပ်နေရတာဆီ ဦးတည်သွားပြီး ပြည်ပပို့ကုန်တွေလည်းပြိုလဲသွားလိမ့်မယ်။ တကယ်လို့ ယူရိုငွေဟာ တစ်စစီခွဲခြားခံရမယ်ဆိုရင် မီးတောင်ပေါက်သလိုဖြစ်သွားမယ်။ ကျောက်တုံးတွေ ဘယ်မှာကျမလဲဆိုတာ ဘယ်သူမှ သိတော့မှာမဟုတ်ဘူး။

**(ဂျာမန်တွေအတွက်) တစ်ဖက်မှာကလည်း ကြီးကြီးမားမား အတိုင်းအတာနဲ့ငွေကြေးဖောင်းပွမှုအလားအလာရှိနေတယ်ဆိုတော့. . .**

ကျွန်တော်သိပါတယ်။ အဲဒါ ဂျာမနီမှာ နိုင်ငံရေးအရ ကိုယ့်ကိုယ်ကိုယ် သတ်သေတာပဲဖြစ်သွားမှာပေါ့။ ဒါပေမဲ့ အဲဒါက တိုင်းပြည်ကိုဦးဆောင်ဖို့ ခွန်အားကိုမပြနိုင်တဲ့ နိုင်ငံရေးအရ ကိုယ့်ကိုယ်ကိုယ် သတ်သေမှုလည်းပဲဖြစ်ပါတယ်။ ဒီအကျပ်အတည်းမှာ ချမှတ်ပြဋ္ဌာန်းနိုင်တဲ့ဥပဒေတွေဆောင်ရွက်မှုတွေရှိပါသေးတယ်။

**ဒီအကျပ်အတည်းရဲ့ ရလဒ်အနေနဲ့ ဥရောပဟာ ဘယ်လိုပြောင်းလဲသွားဖို့ရှိပါသလဲ။**

ဥရောပဟာ အကျပ်အတည်းတွေကနေ အမြဲပိုပြီးအားကောင်းခဲ့တာဖြစ်တယ်။ ဒါပေမဲ့ နောက်လာမယ့် ဥရောပဟာ အသွင်ကွဲပြားသွားလိမ့်မယ်။ (အရင်ကထက်) ပိုပြီး ပူးပေါင်းဆောင်ရွက်လာကြတဲ့ နိုင်ငံတချို့ရှိလာမယ်။ ပြီးတော့ သူတို့အတွက် ခြွင်းချက်တွေပိုထားပြီး တစ်လှမ်းချင်းသွားမယ့် နိုင်ငံတွေလည်းရှိလာမယ်။ သူတို့က ဥရောပကို ဟင်းလျာတန်ဖိုးမျိုးစုံပါတဲ့စာရင်းတစ်ခုလိုမျိုး သဘောထားပြီး နှစ်သက်ရာတစ်စုံတစ်ခုကို ရှာကြလိမ့်မယ်။ ဥရောပရဲ့ ဗဟိုချက်ဟာ ဆုံးဖြတ်ချက်တွေကို ပို၍ပို၍ အတူတကွချမှတ်လာကြမယ်။ အဲ့ဒီအချိန်မှာ တခြားနိုင်ငံတွေက အစုန်ဘက်ကိုပိုပြီးရောက်သွားကြမယ်။

**တစ်နည်းပြောရင် မြန်နှုန်းနှစ်မျိုးနဲ့သွားနေတဲ့ ဥရောပ (Two-speed Europe)လား။**

မြန်နှုန်းနှစ်မျိုးဆိုတာထက် တောင်ပိုနိုင်ပါတယ်။ ဥရောပရဲ့ အနာဂတ်အတွက်ကတော့ ကျွန်တော်တို့ဟာ လက်ညှိုးတွေကိုကန့်လန့်ဖြတ်ပုံစံထားရပါမယ်။ (မူရင်းမှာ We have to keep our fingers crossed ဖြစ်၍ ကံဆိုးမှုများမှ လွန်မြောက်ကံကောင်းစေရန် လက်ညှိုးတစ်ချောင်းပေါ်တွင် အခြားလက်ညှိုးတစ်ချောင်းကန့်လန့်ဖြတ်တင်ခြင်းကို ရည်ညွှန်းသည်) ရီနေးဆွန်းခေတ်ကာလတုန်းက အီတလီအတွက်ဖြစ်ခဲ့တဲ့ ကံကြမ္မာမျိုးနဲ့ တစ်ပုံစံတည်း မဟုတ်ပါစေနဲ့လို့မျှော်လင့်ရပါတယ်။

**ဆိုလိုတာက ဥရောပဟာ တကွဲစီဖြစ်သွားပြီး ကမ္ဘာမှာ နောက်ထပ်ယှဉ်ပြိုင်နိုင်စွမ်း မရှိတော့တာကို ပြောတာလား။**

(အီတလီရဲ့)ဗင်းနစ်၊ ဖလောရင့်စ်၊ မီလန်၊ ဂျီနိုအာ စတဲ့မြို့တော်တွေဟာ တစ်ခါက စစ်ရေး၊ သိပ္ပံပညာ၊ အနုပညာရပ်တွေမှာ လွှမ်းမိုးခဲ့ပြီး ကမ္ဘာကြီးအတွက် ပထမဆုံး ဂလိုဘယ်လိုက်ဇေးရှင်းလမ်းကိုဖော်ပေးခဲ့တယ်။ ဒီနောက်တော့ သူတို့ဟာ အချင်းချင်းကွဲပြားနေတဲ့အတွက်ကြောင့်ပဲ ပြင်သစ်နဲ့ စပိန်လို အခြားအင်အားကြီးနိုင်ငံတွေကို သူတို့ကို ကျော်တက်သွားဖို့ခွင့်ပြုခဲ့ရတယ်။ ယနေ့ခေတ်မှာတော့ ဂလိုဘယ်လိုက်ဇေးရှင်းကိုမောင်းနှင်နေတာ ဥရောပနဲ့ အမေရိကတင် မကပါဘူး။ တရုတ်နဲ့ အခြားသော အာရှအင်အားကြီးနိုင်ငံတွေလည်းပါဝင်နေပါတယ်။

**ဒါဆို ဥရောပသမဂ္ဂကြီးဟာ နောက်မှာ ကျန်ရစ်ခဲ့နိုင်တာကို လူကြီးမင်းက တွေးကြောက်နေမိတာလား။**

ဟုတ်ပါတယ်။ အဲဒါကို အချက်ပြနေတာတွေရှိနေတယ်။ ဥရောပသမဂ္ဂ(အီးယူ)ဟာ စုစုပေါင်းပြည်တွင်းထုတ်ကုန်(ဂျီဒီပီ)အရ နံပါတ်တစ်ဖြစ်ကောင်းဖြစ်မယ်။ ပို့ကုန်ကဏ္ဍအရာမှာနဲ့စက်မှုဇုန်ထုတ်ကဏ္ဍအရာမှာရောပေါ့။ ဒါပေမဲ့အရှေ့အလယ်ပိုင်းမှာတော့ လူတွေက ဒါကိုမေးနေကြတယ်။ ခင်ဗျားတို့နယ်ပယ်အများကြီးမှာ အတော်ဆုံးဖြစ်ရဲ့သားနဲ့ ဘာကြောင့် ဘာဩဇာအာဏာမှမရှိရတာလဲတဲ့။ ဘာစွမ်းပကားမှမရှိရတာလဲတဲ့။ အဲဒါဟာ မယုံနိုင်စရာအခြေအနေတစ်ရပ်ပါပဲ။

*—Ref: "Germany must make a decision or the game is over". Spiegel:29th Nov.*

# Entertainment

7DAY NEWS JOURNAL

Vol.10, No.38 • DECEMBER 8, 2011


## ဖက်ရှင်ဒီဇိုင်းသစ်နဲ့ ပရိသတ်တွေကိုအံ့သြစေခဲ့တဲ့ အွန်စော

**ဆိုးလ်၊ ဒီဇင်ဘာ - ၃**


ကိုရီးယားမင်းသမီး ဆောင်ဟေးကျို(အွန်စော)သည် ယခုလထုတ် ကိုရီးယားဘာသာဖြင့် ထုတ်ဝေသည့် Vogue မဂ္ဂဇင်းမျက်နှာဖုံးတွင် ပရိသတ်များ ထင်မှတ်မထားဖူးသည့် ဖက်ရှင်ဖြင့် ပွဲထွက်လာခဲ့ရာ အွန်စောချစ်သူပရိသတ်များ အံ့သြခဲ့ရသည်။

ကိုရီးယား၏ နာမည်ကြီး ဖက်ရှင်မဂ္ဂဇင်း Vogue တွင် ယခင်က ပင်ကိုသဘာဝအလှအပဖြင့်သာ နာမည်ကျော်ကြားသည့် မင်းသမီးဆောင်သည့် သူမ၏ အသွင်အပြင်ပုံစံကို တစ်မူထူးခြားစွာပြောင်းလဲထားရာ ပရိသတ်များပင် မမှတ်မိအောင်ဖြစ်ခဲ့ရသည်။ ပါရီတွင် ရိုက်ကူးထားသည့် ယင်းဓာတ်ပုံများသည် အွန်စောပရိသတ်များအတွက် အသစ်အဆန်းဖြစ်စေခဲ့ပြီး ဓာတ်ပုံများထဲတွင် ဆောင်ဟေးကျိုသည် အနက်ရောင်ဘောင်းဘီပါး၊ မီးခိုးရောင်မျက်လုံးခြယ်သမှုပုံစံသစ်ဖြင့် လိင်ဆွဲဆောင်မှုအသားပေးသောပုံစံဖြင့် ရိုက်ကူးထားသည်။ ထို့ကြောင့် ယခုအခါ အွန်လိုင်းပရိသတ်များအကြားတွင်လည်း ဆောင်၏ ဖက်ရှင်မှာ ပြောစမှတ်ပြုစရာသတင်းတစ်ပုဒ်ဖြစ်ခဲ့သည်။

ဆောင်ဟေးကျိုသည် မကြာသေးမီကပင် တရုတ်ရုပ်ရှင်ကား The Grandmasters တွင် နာမည်ကြီး တရုတ်မင်းသမီးကျန်းကျိယီနှင့် တွဲဖက်ပါဝင်ခဲ့သည်။


—Ref: Permalink





## o Ü ၊၊၊0 i .ajv ၊၊၊vv ခရစ္စမတ်အကြောင်း

ယုဇနကိုကို



**နှစ်တစ်နှစ်ရဲ့ နောက်ဆုံးလ ဖြစ်တဲ့ အေးအေးချမ်းချမ်းဒီဇင်ဘာလကိုရောက်လာပါပြီ။ လူတိုင်းလိုလို နှစ်သက်ကြတဲ့ ဒီလထဲမှာ ခရစ္စမတ်ပွဲတော်ရှိပါတယ်။**

ဒါကြောင့် ဆောင်းရာသီ ကာလမှာ တခြားသောလတွေထက် ပိုပြီးပေါ်ပေါ်လွင်လွင်ရှိတဲ့ ဒီဇင်ဘာရဲ့ အဓိကခရစ္စမတ်ပွဲတော်နဲ့ ပတ်သက်တာတွေကို ဒီတစ်ပတ်ရဲ့ C Talk ကဏ္ဍမှာ တေးသံရှင် သံသာဝင်းက ပြောပြထားပါတယ်။

ခရစ္စမတ်ဖြစ်ပေါ်လာပုံ အကျဉ်းချုပ်ကို သူမကဒီလိုပြောပြပါတယ်။

"ခရစ္စမတ်ဆိုတာ အစ်မတို့ခရစ်ယာန်ဘာသာဝင်တွေအတွက်အဓိကပါ။ Chrisပေါ့။ Chris ဆိုတာက ခရစ်တော် မွေးဖွားတဲ့နေ့ပေါ့။ အဲ့ဒီနေ့ကို ခရစ္စမတ်ဆိုပြီးသတ်မှတ်ခဲ့တာပါ။

ခရစ်တော်မွေးဖွားတယ်ဆိုတာက အစ်မတို့အတွက် ကယ်တင်ရှင်က ကမ္ဘာလောကကို လူသားအနေနဲ့ ကြွလာပြီး လူတွေကို လာကယ်တင်ဖို့အတွက် ဒီဇင်ဘာ ၂၅ ရက်နေ့မှာမွေးဖွား လာတာပါ။


အဲ့ဒီကနေ အစပြုပြီး ခရစ္စမတ်ဆိုတဲ့ ပွဲတော်ဖြစ်လာတာပါ။ လူသားတွေကိုကယ်တင်ဖို့ မြေပြင်ကိုရောက်လာတယ်လို့ခရစ်ယာန်ဘာသာဝင်တွေက ယုံကြည်လက်ခံထားတာနဲ့ ပတ်သက်ပြီးတော့ "လူသားတွေကို ကယ်တင်ဖို့ရောက်လာတဲ့သူရဲ့ မွေးနေ့မှာ လူသားတွေက အရှမ်းကိုသူ့ရဲ့ ဂုဏ်ကျေးဇူးတွေကို ချီးမွမ်းတာပေါ့။ ဝမ်းမြောက်ဝမ်းသာနဲ့ကြိုဆိုကြတယ်။ ဒါကြောင့်မို့တခြားပွဲတော်တွေထက် ပိုပြီးဝမ်းမြောက်ရပါတယ်။ ဘုရားသခင်ရဲ့ကျေးဇူးကိုချီးမွမ်းခွင့်ရတဲ့အတွက်ပါ။

တစ်နှစ်တစ်ခါ ခရစ္စမတ်ပွဲတော်တွေမှာ တေးသံရှင်သံသာဝင်း မဖြစ်မနေလုပ်ဖြစ်တဲ့ အမှတ်တရတွေကတော့-"နှစ်တိုင်းခရစ္စမတ်မှာ ဘုရားသခင်ကို ဂုဏ်ပြုတဲ့ သီချင်းတွေ၊ ဘုရားသီချင်းတွေ ဆိုတယ်။ အဲ့ဒါလေးက ခရစ္စမတ်ရဲ့ အရသာပေါ့။

စာ(၄၉)သို့



ဓာတ်ပုံ - Thanthar win's Facebook



## မာရဇနှင့် မက်တယ်ဇုန်အဖွဲ့ အိန္ဒိယနိုင်ငံ ရော့ခ်ဂီတပွဲတွင် ဖျော်ဖြေခွင့်ရ

သတင်း - စာ(၄၈)သို့

## ဖက်ရှင်အော်စကာဆုရလိုက်တဲ့ ဗစ်တိုးရီးယားဘက်ခမ်း

**လန်ဒန်၊ နိုဝင်ဘာ - ၂၉**

ယခင်စပိုက်ဂဲလ်အဖွဲ့ဝင်ဟောင်း ဗစ်တိုးရီးယားဘက်ခမ်းသည် ကမ္ဘာ့ဖက်ရှင်လောက၏ အဓိကဆုတစ်ခုဖြစ်သော ဗြိတိသျှဖက်ရှင်ဆုများမှ အကောင်းဆုံးဒီဇိုင်နာအမှတ်တံဆိပ်ဆုကိုရခဲ့ကြောင်း သိရသည်။

နာမည်ကျော်ဘောလုံးသမား ဒေးဗစ်ဘက်ခမ်း၏ ဇနီးဖြစ်သည့် ဗစ်တိုးရီးယားဘက်ခမ်းသည် 'ဖက်ရှင်အော်စကာဆု'ဟု တင်စားခံရသည့် ယင်းဆုကို နာမည်ကြီး အမှတ်တံဆိပ်များဖြစ်သည့် စတယ်လာမက္ကာတနေး၊ တွမ်ဖော့ဒ်နှင့် ဘာဘယ်ရီတို့ကိုဖြတ်ကျော်ကာ ရခဲ့ခြင်းဖြစ်သည်။

ယခုနှစ်အတွက် တစ်နှစ်တာ အကောင်းဆုံး ဒီဇိုင်နာဆုကို တော်ဝင်မင်းသားဝီလီယံ၏ ကြင်ယာတော်ကိတ်မစ်ဒယ်တန်၏ မင်္ဂလာပွဲဝတ်စုံဒီဇိုင်းထုတ်လုပ်ပေးခဲ့သည့် ဒီဇိုင်နာ ဆရာဘာတွန်က ရရှိသွားသည်။

လန်ဒန်မြို့ရှိဆဗွိုင်းဟိုတယ်



တွင်ကျင်းပခဲ့သော ယင်းဆုပေးပွဲသို့ ဗြိတိသျှစူပါမော်ဒယ် ကိတ်မော့စ်၊ အော်စကာဆုရ သရုပ်ဆောင်ကောလင်းဖာ့သ်နှင့်ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်း ကတော် ဆမန်သာကင်မရွန်း တို့လည်းတက်ရောက်ခဲ့ကြသည်။

—Ref: AFP

7 DAY NEWS JOURNAL
Vol.10, No.38 · DECEMBER 8, 2011

## ဟယ်ရီပေါ်တာမင်းသား ရဒ်ကလစ် ဗြိတိန်အချမ်းသာဆုံးလူငယ်သ ုပ်ဆောင်ဖြစ်လာ

**လန်ဒန်၊**
**နိုဝင်ဘာ - ၃၀**

ဟယ်ရီပေါ်တာဇာတ်လမ်းတွဲများ၏ အဓိကသရုပ်ဆောင် လူငယ်မင်းသား ဒင်နီယယ်ရဒ်ကလစ်သည် အသက် ၃၀ အောက် အရွယ်တန်းဗြိတိသျှသရုပ်ဆောင်များအနက် အချမ်းသာဆုံးဖြစ်နေကြောင်း Heat အနုပညာမဂ္ဂဇင်း တစ်ခု၌ဖော်ပြသည်။

ရဒ်ကလစ်(၂၁ နှစ်)သည် ဟယ်ရီပေါ်တာဇာတ်ကား နှစ်ကားတည်းနှင့်ပင် ဝင်ငွေပေါင် ၂၅သန်းရခဲ့သည်။ ယခုနှစ်စာရင်းတွင် ၎င်းမှာ ခန့်မှန်းခြေကြွယ်ဝမှု ပေါင်၄၅ဒသမ၇သန်းဖြင့် ဒုတိယနေရာမှ မင်းသမီး ကိုင်ရာနိုက်တလေထက် ပေါင် ၁၅သန်းကျော် ကြွယ်ဝခဲ့သည်။ တတိယနေရာတွင် အမ်မာဝပ်ဆင် (၂၀နှစ်)က ပေါင် ၂၀ ဒသမ ၆သန်းဖြင့် ရပ်တည်ခဲ့သည်။



Heat မဂ္ဂဇင်း၏ ယခုစာရင်းမှာ ရုပ်ရှင်သရုပ်ဆောင်များကိုသာ ထည့်သွင်းတွက်ချက်ထားခြင်းဖြစ်သည်။ ဆန်းဒေးတိုင်းမ်သတင်းစာ၏ ဗြိတိန်မှ အသက် ၃၀ အောက် အချမ်းသာဆုံးလူငယ်စာရင်းတွင်မူ ကွယ်လွန်သူ မြေပိုင်ရှင်သူဌေးကြီး တင်မ်လန်ဒန်၏သား အာသာလန်ဒန်က ပိုင်ဆိုင်မှု ပေါင်သန်း ၂၀၀ ခန့်ဖြင့် ဦးဆောင်နေသည်။

—Ref: Telegraph

## မာရဇနှင့် မက်တယ်ဇုန်အဖွဲ့ အိန္ဒိယနိုင်ငံရော့ခ်ဂီတပွဲတွင် ဖျော်ဖြေခွင့်ရ



**သားငယ်**

**ရန်ကုန်၊ ဒီဇင်ဘာ - ၃**

အိန္ဒိယနိုင်ငံတွင် ကျင်းပပြုလုပ်သည့် တောင်အာရှရော့ခ်ဂီတပွဲတော်၌ မြန်မာနိုင်ငံ ကိုယ်စားပြုအနေဖြင့် အဆိုတော်မာရဇ္ဇနှင့် ၎င်း၏တွဲဖက်တီးဝိုင်း Metal Zoneတို့အား ဖျော်ဖြေရန်ဖိတ်ထားကြောင်း သတင်းရရှိသည်။

ဒီဇင်ဘာ ၂ ရက်မှ ၅ ရက်အထိ နယူးဒေလီနှင့် စီလုံမြို့တို့တွင်ဖျော်ဖြေခွင့်ရမည့် မာရဇ္ဇနှင့် Metal Zone အဖွဲ့သည်နိုဝင်ဘာ၃၀ရက်ကမြန်မာနိုင်ငံမှစတင်ထွက်ခွာပြီး ဒီဇင်ဘာ၇ ရက်တွင်မြန်မာနိုင်ငံသို့ပြန်လည်ရောက်ရှိမည်ဖြစ်ကြောင်း မာရဇ္ဇ၏ သမီးဖြစ်သူ လုလုကပြောသည်။

အဆိုပါပွဲတော်သည် နိုင်ငံအများအပြားမှ ရော့ခ်ဂီတအဖွဲ့များအား ရွေးချယ်ဖိတ်ကြားခြင်းဖြစ်ရာ မြန်မာနိုင်ငံအတွက် ဖိတ်ကြားရာတွင် ယခုနောက်ပိုင်း ကိုယ်ပိုင်သံစဉ်ရော့ခ်သီချင်းများသီဆိုလျက်ရှိသည့် မာရဇ္ဇနှင့်အဖွဲ့အား ရွေးချယ်ဖိတ်ခေါ်ခြင်းဖြစ်ကြောင်းသိရသည်။

“အဲဒီပွဲကို ပြီးခဲ့တဲ့တစ်နှစ်က ကိုညီထွဋ်ကသွားခဲ့ပြီးတော့ ဒီနှစ်မှာ သူတို့ထပ်ရွေးတော့ ကိုညီထွဋ်က ကျွန်တော်တို့ကိုခေါ်ဖို့ Organizer တွေကိုအကြံပေးတယ်။ ကျွန်တော်တွက်ထားတဲ့ ၁၂လက်မ ၁ ပေကို သူတို့ဘက်က နားထောင်ပြီးမှ ကျွန်တော်တို့ကို ခေါ်တာပါ”ဟု ယခုသွားရောက်ရသည့်ပွဲနှင့်ပတ်သက်၍ မာရဇ္ဇက မြန်မာနိုင်ငံမှမထွက်ခွာမီပြောကြားသည်။ ပြီးခဲ့သည့်နှစ်အတွင်းက ယင်းသို့ ဖိတ်ခေါ်ခြင်းခံခဲ့ရသော်လည်း လေယာဉ်လက်မှတ်အခက်အခဲကြောင့် ခရီးစဉ်ပျက်ပြယ်ခဲ့ရကြောင်းသိရသည်။ ယခုပွဲတွင် မာရဇ္ဇနှင့် Metal Zone အဖွဲ့အနေဖြင့် ၎င်းတို့ထွက်ရှိထားသည့် ဇာတ်ပေါင်းနှင့် ၁၂လက်မ ၁ပေစီးရီးမှ ကိုယ်ပိုင်သံစဉ်သီချင်းများကို ရွေးချယ်ဖျော်ဖြေမည်ဖြစ်ကြောင်းသိရသည်။








7DAY NEWS JOURNAL
Vol.10, No.38 · DECEMBER 8, 2011



# သီးနှစ်သီးနှင့် ရွှေ့ထွက်မင်းသမီးပြန်လာ

**ယုဇနကိုကို၊ဝေယံ**

**ရန်ကုန်၊**
**ဒီဇင်ဘာ-၁**

ထိုင်းနိုင်ငံ၊ ချင်းမိုင်တွင် နေထိုင်ခဲ့ကြသည့် သီးလေးသီးအဖွဲ့ဝင်များဖြစ်ကြသော ကြယ်သီး၊ ပန်းသီးနှင့် ရွှေ့ထွက်မင်းသမီးမြစံပယ်ငုံတို့သည် ယခုလ ၁ ရက် ညဖနာရီဝန်းကျင်တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာသည်။




သီးလေးသီးအဖွဲ့ဝင်များဖြစ်သော စိန်သီး၊ ဇီးသီးနှင့် ဂေါ်ဇီလာ၊ ခေါင်းဆောင်မင်းသမီး ချောစုမျိုးတို့သည် မကြာသေးမီက မြန်မာနိုင်ငံသို့ ဦးစွာပြန်လည်ရောက်ရှိလာပြီး ကျန်သီးနှစ်သီးနှင့်မြစံပယ်ငုံတို့အနေဖြင့် ယခုအချိန်ကျမှ ရောက်ရှိလာခြင်းနှင့် ပတ်သက်ပြီးပန်းသီးက "ကျွန်တော်တို့အဖွဲ့ကွဲတာမဟုတ်ပါဘူး။ ဒီလိုပဲ အဆင်မပြေမှုလေးတွေ အနည်းငယ်လောက်ရှိခဲ့ကြလို့ပါ။ ဒါပေမဲ့ အခုလို ကိုယ့်နိုင်ငံကို ပြန်ရောက်လာပြီး ကိုယ့်အဖွဲ့ဝင်ညီအစ်ကိုတွေနဲ့ပြန်ပြီးစုစုစည်းစည်း နေနိုင်တော့မှာမို့ အရမ်းကိုဝမ်းသာနေပါတယ်။ အနုပညာအလုပ်တွေကိုဆက်ပြီးလုပ်သွားမှာပါ" ဟု ပြည်တွင်းမီဒီယာများကို ပြောကြားသည်။

ယခုလ ၁ ရက်က မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာသော သီးနှစ်သီးနှင့်အတူ ၎င်း၏မိသားစုများပါ အတူတကွ ပါရှိလာကြသည်။

၎င်းတို့ကို ဇာဂနာ၊ ကင်းကောင်၊ အရိုင်း၊ ငှက်ပျောကြော်၊ ဂေါ်ဇီလာ၊ ချောစုမျိုးနှင့် အခြားသော မိတ်ဆွေများက ထိုနေ့ညတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ သွားရောက်ကြိုဆိုခဲ့ကြသည်။

## စာ - ၄၇၊ သံသာဝင်းပြောတဲ့ ခရစ္စမတ် မှ

ကိုယ်က ခရစ်ယာန်ဆိုတော့ ၁၂လရာသီပွဲတွေမှာ ခရစ္စမတ်ကို တခြားပွဲတွေထက် အပျော်ဆုံးပေါ့နော်။ ထူးခြားမှုကတော့ အရင်တုန်းက ခရစ္စမတ်နဲ့ အခုခရစ္စမတ်က ကွာခြားမှုတွေရှိလာပြီ။ ကိုယ်က အသက်အရွယ်ရလာလို့လည်း ပါတာပေါ့နော်။ ငယ်ငယ်တုန်းကဆို ခရစ္စမတ်ကို ထဲထဲဝင်ဝင်နားမလည်ဘူး။ ဆန်တာကလော့စ်က လာမယ်။ လက်ဆောင်တွေပေးမယ်ပေါ့။

နောက်ပိုင်းကျတော့ ခရစ္စမတ်ဆိုတာဘာလဲဆိုတာ သေချာသိလာတယ်။ အရင်က ခံစားချက်ခြင်းမတူတော့ဘူး။ အရင်ကသူများဆီက လက်ဆောင်ယူတာထက် ကိုယ်ကပေးတဲ့သူဖြစ်သွားပြီ။ ငယ်ငယ်တုန်းကဆို ခရစ္စမတ်သစ်ပင်အောက်သွားပြီး ကိုယ့်နာမည်နဲ့ လက်ဆောင်ထုပ်တွေကိုရှာကြတာ။

ကြီးလာတော့ နှစ်တိုင်းလိုလို Family Gathering လုပ်တယ်။ ဘယ်တော့မှမိသားစုတွေမစုစည်းဖြစ်ရင်တောင် ဒီနေ့ကို စုစုစည်းစည်းဖြစ်အောင်ကြိုးစားတယ်။

ဒီဇင်ဘာ ၂၅မတိုင်ခင် ၂၄ ရက်ညကတည်းက ဘုရားကျောင်းထဲမှာ မိသားစု စုစုစည်းစည်းဖြစ်အောင်လုပ်ပါတယ်။

ဒါလေးတွေကတော့ ဖြတ်သန်းလာခဲ့တဲ့ ခရစ္စမတ်အမှတ်တရတွေပါ။

ဒီနှစ် ခရစ္စမတ်မှာ ဘာလုပ်ဖို့ရှိတာလဲဆိုတော့. . . . "ဒီနှစ်မှာတော့ အစ်မတို့မှာ မောင်နှမလေးယောက် ရှိတယ်။ နှစ်ယောက်က ဟိုးနိုင်ငံခြားမှာ။ ဒီကို ပြန်မလာဖြစ်ကြတာ နှစ်ကဆယ်လောက်ရှိပြီ။ ဒါပေမဲ့ ဒီနှစ်တော့ အမေရိကားက အစ်ကိုကြီးရယ် ညီမလေးရယ်က ဒီခရစ္စမတ်မှာ ပြန်လာဖို့ရှိနေလို့ မဆုံစည်းဖြစ်တဲ့ မိသားစု ဆုံစည်းဖြစ်ကြပါမယ်။ မိသားစု ခြောက်ယောက် ပြန်ဆုံမယ့်နှစ်မို့လို့ပွဲတွေဘာတွေတောင် လက်မခံတော့ပါဘူး။

မြန်မာနိုင်ငံက ခရစ္စမတ်ပွဲတော်ကျင်းပပုံနဲ့ပတ်သက်ပြီး သူမပြောပြလာတာက. . . . "အခုနောက်ပိုင်း အစ်မတို့နိုင်ငံလည်း သူများနိုင်ငံတန်းတူလို ခရစ်ယာန်ဘာသာဝင်တွေမဟုတ်တဲ့သူတွေတောင် ဒီပွဲတော်လေးကို ထဲထဲဝင်ဝင်လုပ်လာကြပြီ။ ဒီ ၂နှစ် ၃နှစ်လောက်မှာ နေရာတိုင်းလိုလိုမှာ ခရစ္စမတ်နဲ့ ပတ်သက်ပြီး Celebrate လုပ်လာကြတယ်။ ခရစ္စမတ်အပြင်အဆင်တွေလည်း တော်တော်ကြီးကို အဆင့်မြင့်မြင့် လုပ်လာကြတာတွေ့ရတယ်။ ဒါက ခရစ်ယာန်ဖြစ်ခြင်း မဖြစ်ခြင်းထက် ဒီပွဲတော်ကို အတူတူပါဝင်လာကြတော့ ဒီပွဲတော်ကို အတူတူပါဝင်လာကြတာတွေ့ရတော့ ဝမ်းသာပါတယ်။

ခရစ္စမတ်ကို အသုံးချပြီး မလိုလားအပ်တဲ့ ကိစ္စတွေမဖြစ်ပေါ်အောင်လို့လည်း သူမကပြောပြထားတာက. . . . . "ခရစ္စမတ်ဆိုရင် တော်တော်များများက ပျော်ပွဲရွှင်ပွဲအနေနဲ့ ပျော်ကြတယ်။ မပျော်ရဘူးမဟုတ်ဘူး။ ပျော်ကြပါပေါ့။ ဒါပေမဲ့ အစ်မတို့လည်း ဝမ်းသာတဲ့ သတင်းကောင်းကို လိုက်ဖြန့်ဝေမယ်။ ခရစ်တော်မွေးဖွားလာတဲ့နေ့ဖြစ်လို့ အပျော်တစ်ခုတည်းမဟုတ်ဘဲ ဘုရားသခင်ကိုလည်း ကောင်းချီးပေးကြပါ။

ပွဲတော်အနေနဲ့ ပျော်စရာလို့ သတ်မှတ်ထားကြတာများတယ်။ ပြီးတော့ ခရစ္စမတ်ညမှာ မူးလို့၊ ရန်ဖြစ်ကြလို့ အပျော်လွန်ကြလို့ဆိုပြီး နောက်ဆက်တွဲသတင်းဆိုးတွေကြားရလေ့ရှိတယ်။ ဒါကြောင့် ခရစ္စမတ်ရဲ့ အနှစ်သာရလေးကို သိထားစေချင်ပါတယ်။

အပျော်တွေမလွန်ကြပါစေနဲ့၊ ပြီးတော့ ဒီခရစ္စမတ်မှာ အားလုံးပဲ ပျော်ရွှင်ကြပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်။



**အေးသူစံ**

■လွှမ်းပိုင်နှင့် Bobby Soxer တို့၏ 'ဒုံးပျံ' စီးရီးကို ဒီဇင်ဘာလ ၁၁ ရက်တွင် CMP တေးထုတ်လုပ်ရေးမှ စတင်ဖြန့်ချိတော့မည်ဖြစ်သည်။ ယင်းစီးရီးတွင် သီချင်း ၁၇ပုဒ်ပါဝင်ပြီး လွှမ်းပိုင်က ရှစ်ပုဒ်နှင့် Bobby Soxer က ခုနစ်ပုဒ်၊ နှစ်ယောက်တွဲစုံတွဲသီချင်းနှစ်ပုဒ်တို့ ထည့်သွင်းထားသည်။ ရဲလေး၊ လွှမ်းပိုင်၊ စိုးဖြိုး၊ အိမ့်ချစ်နှင့် Bobby Soxer တို့ရေးသားသောသီချင်းများပါဝင်ပြီး ရဲလေး၊ အိမ့်ချစ်နှင့် နီနီခင်ဇော်တို့က Featuring သီဆိုပေးထားကြသည်။ လွှမ်းပိုင်နှင့် Bobby Soxer တို့ နှစ်ဦးလုံး သည် ရက်ပ်သီချင်းများအမြန်ရွတ်ဆိုခြင်းကြောင့် လူငယ်ပရိသတ်အများစု သတိပြုအားပေးခြင်းခံရသူများလည်းဖြစ်သည်။

■Sky Five Entertainment က ဒုတိယအကြိမ် နှစ်သစ်ကူးအကြို ကုန်စည်ပြပွဲနှင့် သီချင်းဆိုပြိုင်ပွဲကို ဒီဇင်ဘာလ ၂၉ ရက်နေ့မှ ၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၂ ရက်အထိ ဓမ္မစေတီလမ်းရှိ ပြည်သူ့ဥယျာဉ်အတွင်းရှိ ဟက်ပီးဇုန်ခေတ်မီအားကစားကွင်းတွင် ပြုလုပ်မည်ဖြစ်သည်။ ကုန်စည်ပြပွဲတွင် စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများကို ပြသရောင်းချသွားမည်ဖြစ်ပြီး သီချင်းဆိုပြိုင်ပွဲတွင် အသက် ၁၅နှစ်နှင့်အထက် ဝါသနာရှင်များ ယှဉ်ပြိုင်နိုင်ပြီး အခြားသီချင်းဆိုပြိုင်ပွဲများတွင် ဆုရရှိဖူးသူများ ဝင်ရောက်ယှဉ်ပြိုင်ခွင့်မရှိကြောင်း သိရသည်။ သီချင်းဆိုပြိုင်ပွဲအတွက် စုံစမ်းလိုပါက ဖုန်းနံပါတ် ၀၉-၇၃၁၆၃၀၇၀ သို့ ဆက်သွယ်နိုင်သည်။

■အကြည်တော်၏ ဝတ္ထုဖြစ်သော **အိုင်အိုဒင်းကိုကိုကြီး**ကိုအခြေခံကာ ပြန်လည်ရိုက်ကူးထားသော 'အိုင်အိုဒင်းကိုကိုကြီးနှင့် ဝိတိုရိယဘုရင်မ' ဒီဗီဒီဇာတ်ကားကို ဒီဇင်ဘာလ ၄ ရက်တွင် အထူးပွဲပြသခဲ့သည်။ ယင်းဇာတ်ကားတွင် လူမင်း၊ ဟိန်း၊ စိုင်းသီဟ၊ ညီညီမင်းထက်၊ ဟိန်းထက်၊ သီရိရှင်းသန့်၊ သဒ္ဒါထက်၊ ချမ်းမီမီကို၊ ခြူးသက်နွယ်တို့ပါဝင်သရုပ်ဆောင်ထားသည်။

## TOP 10 MOVIES IN AMERICA

**ယခုတစ်ပတ်အတွင်း အမေရိကန်တွင်ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ကားများ**

| စဉ် | ဇာတ်ကားအမည် | ဖြန့်ချိသည့်ကုမ္ပဏီ | စုစုပေါင်းဝင်ငွေ (ကန်ဒေါ်လာ) | ပြသသည့် ရက်သတ္တပတ်ပေါင်း |
|---|---|---|---|---|
| ၁။ | The Twilight Saga: Breaking Dawn-Part 1 | Summit Entertainment | ၂၂၁,၃၀၃,၁၆၂ | ၂ |
| ၂။ | The Muppets | Walt Disney Pic. | ၄၁,၅၁၆,၆၉၁ | ၁ |
| ၃။ | Happy Feet Two | Warner Bros. Pic. | ၄၃,၇၅၅,၃၅၇ | ၂ |
| ၄။ | Arthur Christmas | Sony Pic. | ၁၆,၃၀၁,၁၃၁ | ၁ |
| ၅။ | Hugo | Paramount Pic. | ၁၅,၄၀၂,၀၄၂ | ၁ |
| ၆။ | Jack and Jill | Sony Pictures | ၅၇,၁၂၀,၁၁၂ | ၃ |
| ၇။ | Immortals | Relativity Media | ၆၈,၇၀၆,၉၈၁ | ၃ |
| ၈။ | Puss in Boots | N\A | ၁၃၅,၄၃၀,၀၉၂ | ၅ |
| ၉။ | The Descendants | Fox Searchlight Pic. | ၁၀,၈၈၆,၉၅၂ | ၂ |
| ၁၀။ | Tower Heist | N\A | ၆၅,၁၉၈,၇၈၀ | ၄ |

## Movie Review

### New Year's Eve




အချစ်၊ နားလည်မှု၊ ကိုယ်ချင်းစာခြင်း၊ ခွင့်လွှတ်ခြင်း၊ အသစ်စတင်ခြင်း စသော လူတစ်ဦးနှင့်တစ်ဦးကြားတွင် အပြန်အလှန်ဆက်နွယ် ပတ်သက်နေသော အကြောင်းအရာများကို ဖွင့်ဆိုဖော်ကျူးထားပြီး နှစ်သစ်အကြိုကာလကိုပေါ်လွင်အောင်ပုံဖော်ထားသည့် Valentine's Day ဇာတ်ကားကဲ့သို့ အချစ်နှင့် ဟာသ ပေါင်းစပ်ထားသည့်ဇာတ်ကားဖြစ်သည်။

Rebert De Niro၊ Michelle Pfeiffer၊ Jessica Biel၊ Jon Bon Jovi၊ Zac Efron၊ Katherine Heigl၊ Seth Meyers၊ Halle Berry စသော သရုပ်ဆောင်အများအပြားပါဝင်ထားသည့်ဇာတ်ကားအား ဒါရိုက်တာ Garry Marshall က ရိုက်ကူးထားပြီး Warner Bros. က ဒီဇင်ဘာ ၉ ရက်တွင် ဖြန့်ချိမည်ဖြစ်သည်။

# Sports

7 DAY NEWS JOURNAL

Vol.10, No.38 · DECEMBER 8, 2011


## ၂၀၁၂ မြန်မာလိဂ်ပြိုင်ပွဲတွင် ၁၄ သင်း ဝင်ရောက်ယှဉ်ပြိုင်မည်

**ဖိုလ်ဖိုလ်ဝင်း**

**ရန်ကုန်၊ ဒီဇင်ဘာ-၁**

၂၀၁၂ မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲတွင် ချင်းယူနိုက်တက်အသင်းနှင့် မောရဝတီအသင်းအပါအဝင် စုစုပေါင်းပြိုင်ပွဲဝင် အသင်း ၁၄ သင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

ပြိုင်ပွဲဝင် အသင်းရှစ်သင်းဖြင့် ၂၀၀၉ ခုနှစ်၌ စတင်ခဲ့သော မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲသည် ၂၀၁၁ ပြိုင်ပွဲတွင် အသင်း ၁၂ သင်း ရှိခဲ့ပြီး နှစ်စဉ်အသင်းအရေအတွက် တိုးတက်လာခြင်းဖြစ်သည်။

လာမည့် ၂၀၁၂ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲတွင်မူ ချင်းပြည်နယ်ကိုယ်စားပြု ချင်းယူနိုက်အသင်းနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကိုယ်စားပြု မောရဝတီအသင်း ထပ်မံပါဝင်လာမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ပြိုင်ပွဲကျင်းပရေးကော်မတီသည် ၂၀၁၂ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲကို လာမည့် ၂၀၁၂ ခုနှစ် ဇန်နဝါရီလဆန်းပိုင်းတွင် စတင်ကျင်းပရန် လျာထားကြောင်းသိရပြီး ပြိုင်ပွဲ ပွဲစဉ်ရေးဆွဲမှုများကို ပြုလုပ်နေပြီဖြစ်ကြောင်းသိရသည်။

၂၀၀၉ ခုနှစ်မှစတင်၍ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲအား အဓိကစပွန်ဆာအဖြစ် ပံ့ပိုးကူညီပေးခဲ့သည့် ဂရင်းရှိုင်ရွယ်အနေဖြင့် လာမည့် ၂၀၁၂ ဘောလုံးရာသီတွင် ဆက်လက်စပွန်ဆာပေးမည် မဟုတ်တော့သည့်အတွက် အခြားစပွန်ဆာများအား ထပ်မံရှာဖွေညှိနှိုင်းလျက်ရှိကြောင်း ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူကပြောသည်။





## မြန်မာလိဂ် အစောပိုင်းပွဲစဉ်များ သုဝဏ္ဏကွင်းတွင် ကျင်းပနိုင်မည်မဟုတ်

**ဖိုလ်ဖိုလ်ဝင်း**

**ရန်ကုန်၊ ဒီဇင်ဘာ-၁**

၂၀၁၂ မြန်မာနေရှင်နယ်လိဂ် ဘောလုံးပြိုင်ပွဲ၏ အစောပိုင်းပွဲစဉ်များအား သုဝဏ္ဏဘောလုံးကွင်းတွင်လက်ခံကျင်းပနိုင်မည်မဟုတ်ကြောင်း သတင်းရရှိသည်။

သုဝဏ္ဏဘောလုံးကွင်း၏ အကြီးစားပြင်ဆင်မှုများနှင့် ကွင်းမြက်ခင်းပြင် ပြုပြင်မှုများမှာ လာမည့်နှစ် ဖေဖော်ဝါရီလကုန်ခန့်မှ ပြီးဆုံးနိုင်ဖွယ်ရှိသောကြောင့် ဇန်နဝါရီလဆန်းပိုင်းတွင် စတင်ကျင်းပမည့်မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ၏ ရှေ့နှစ်လအတွင်းပွဲစဉ်များကို လက်ခံကျင်းပနိုင်မည်မဟုတ်ကြောင်းဘောလုံးအဖွဲ့ချုပ် တာဝန်ရှိသူတစ်ဦးကပြောသည်။

ထို့ကြောင့် ရန်ကုန်မြို့တွင် ကျင်းပမည့်ပွဲစဉ်များအား အောင်ဆန်းကွင်းနှင့် ပဒုမ္မာကွင်း၌ လက်ခံကျင်းပသွားမည်ဖြစ်ပြီး သုဝဏ္ဏကွင်းပြင်ဆင်မှုများပြီးဆုံးသွားပါကပြန်လည်လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း အဆိုပါတာဝန်ရှိသူကပြောသည်။

ပြီးခဲ့သည့် စက်တင်ဘာလအတွင်းက အာဆီယံယူ-၁၉ ချန်ပီယံရှစ်ပြိုင်ပွဲအား သုဝဏ္ဏဘောလုံးကွင်းတွင် လက်ခံကျင်းပစဉ် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကွင်းမျက်နှာပြင်မှာ ဆိုးရွားစွာပျက်စီးခဲ့ရသည်။ ထို့အပြင် အာဆီယံယူ-၁၉ ပြိုင်ပွဲဝင်အသင်းနည်းပြအချို့ကလည်း ကွင်းအပေါ် ပြစ်တင်ဝေဖန်မှုများ ပြုလုပ်ခဲ့သည်။

ထို့ကြောင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် အောက်တိုဘာ ၅ ရက်မှစတင်၍ အဆိုပါကွင်းမြက်ခင်းပြင်အား အဆင့်မြင့်ပြုပြင်မှုများ ပြုလုပ်ခဲ့ပြီး ယခုအချိန်တွင် ကွင်း၏ အောက်ခြေပြုပြင်မှုများပြီးဆုံး၍ မြက်စတင်စိုက်ပျိုးမှုမှာ စောင့်ကြည့်အနေအထားရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။ ၂၀၁၂ မြန်မာနေရှင်နယ်လိဂ် ပထမအကျော့ပွဲစဉ်များအား ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ နေပြည်တော်၊ မုံရွာမြို့များတွင် ကျင်းပမည်ဖြစ်ပြီး ဒုတိယအကျော့ပွဲစဉ်များတွင် အိမ်ကွင်းလက်ခံကျင်းပပေးမည့်ကွင်းများ တိုးလာဖွယ်ရှိကြောင်း သတင်းရရှိသည်။




7 DAY NEWS JOURNAL
Vol.10, No.38 · DECEMBER 8, 2011

# မလေးရှားတပ်မတော်ဘောလုံးအသင်း မြန်မာလိဂ်အသင်းသုံးသင်းနှင့် ခြေစမ်းပွဲကစားမည်

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ ဒီဇင်ဘာ - ၃**

မလေးရှားတပ်မတော်ဘောလုံးအသင်း(Malaysia Armed Forces FA)သည် ယခုလအတွင်း မြန်မာနိုင်ငံသို့လာရောက်၍ မြန်မာနေရှင်နယ်လိဂ်အသင်းသုံးသင်းနှင့် ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါအသင်းသည် ဒီဇင်ဘာ ၁၅ ရက်တွင် နေပြည်တော်အသင်း၊ ဒီဇင်ဘာ ၁၈ ရက်တွင် ဧရာဝတီယူနိုက်တက်အသင်း၊ ဒီဇင်ဘာ ၂၁ ရက်တွင် ရန်ကုန်ယူနိုက်တက်အသင်းတို့နှင့် ခြေစမ်းပွဲသုံးပွဲယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ယင်းခြေစမ်းပွဲအစီအစဉ်အားမြန်မာနေရှင်နယ်လိဂ်အသင်းများက စီစဉ်ခြင်းဖြစ်ပြီးမြန် မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ခြေစမ်းပွဲများယှဉ်ပြိုင်ကစားမည့်ကွင်းနေရာအား ထုတ်ပြန်ကြေညာခြင်းမရှိသေးသော်လည်း သုဝဏ္ဏကွင်းတွင်ပြင်ဆင်မှုများပြုလုပ်နေ၍ အောင်ဆန်းကွင်းနှင့် ရန်ကုန်မြက်ခင်းတုကွင်း (လှိုင်)၌ ကျင်းပဖွယ်ရှိကြောင်း သိရသည်။

မလေးရှားတပ်မတော်ဘောလုံးအသင်းသည်ပြီးခဲ့သည့် ၂၀၁၁ မလေးရှားပရီးမီးယားလိဂ်ပြိုင်ပွဲတွင် အဆင့်-၇ နေရာ၌ ရပ်တည်ခဲ့သောအသင်းဖြစ်ပြီး မလေး ရှားလက်ရွေးစင်အသင်း နည်းပြ ဟောင်းဖြစ်သူ ဆာသီယာနသန်က တာဝန်ယူကိုင်တွယ်နေကြောင်း သိရသည်။

# ကြက်တောင်ရိုက်ပြိုင်ပွဲနှစ်ရပ်ကို တစ်ဆက်တည်း ကျင်းပသွားမည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဒီဇင်ဘာ-၁**

(၄၃)ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ်ကြက်တောင်ပြိုင်ပွဲနှင့် (၁၂)ကြိမ်မြောက် ဂရိတ်ဝေါ အမျိုးသားတံ ခွန် စို က် ကြက်တောင် ပြိုင်ပွဲကို တစ်ဆက်တည်း ကျင်းပသွားမည်ဖြစ် ကြောင်း သတင်းရရှိသည်။

ပြိုင်ပွဲနှစ်ရပ်လုံးကို လမ်းမတော်မြို့နယ်၊ အမျိုးသားကြက်တောင် အားကစားခန်းမတွင် ကျင်းပသွားမည်ဖြစ်ပြီး ပထမပြိုင်ပွဲအား ဒီဇင်ဘာ ၁၀ရက်မှ ၁၄ရက်အထိလည်းကောင်း၊ဒုတိယပြိုင်ပွဲ အား ဒီဇင်ဘာ ၁၅ ရက်မှ ၁၉ ရက် အထိလည်းကောင်း ကျင်းပမည်ဖြစ်သည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်ပြိုင်ပွဲတွင် အမျိုးသားအသင်းလိုက်နှင့် အမျိုးသမီးအသင်းလိုက်ပြိုင်ပွဲ အမျိုးအစားနှစ်မျိုးပါဝင်မည်ဖြစ်ပြီး ပြိုင်ပွဲဝင်အသင်းတစ်သင်းစီ၌ အသက် ၁၈ နှစ်နှင့်အောက် ကစားသမားသုံးဦးပါဝင်ရမည်ဖြစ်ကာ လက်ရွေးစင်ကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ခွင့်မပြုကြောင်း သိရသည်။

ဂရိတ်ဝေါအမျိုးသားတံခွန်စိုက်ပြိုင်ပွဲတွင်မူ သက်တမ်းအလိုက်ပြိုင်ပွဲများ၊ သာမန်တန်း၊ သက်ကြီးတန်းနှင့် အကြီးတန်းတံခွန်စိုက်ပြိုင်ပွဲများပါဝင်မည်ဖြစ်ကြောင်းသိရသည်။ အဆိုပါပြိုင်ပွဲတွင် ဆုကြေးငွေများ ထိုက်တန်စွာချီးမြှင့်ပေးသွားမည်ဖြစ်ပြီး ၎င်းပြိုင်ပွဲကျင်းပသည့် စရိတ်နှင့် ဆုကြေးငွေများကိုဂရိတ်ဝေါဆေးဝါးထုတ်လုပ်ရေးနှင့် ဆောက်လုပ်ရေးလုပ်ငန်းမှကမကထပြုဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲများနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက အဖွဲ့ချုပ်ရုံး ဖုန်း- ၀၁-၂၂၁၄၉၆ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။

# ဥ ဘယူနိုက်တက်အသင်း ဟံသာဝတီယူနိုက်တက်အဖြစ် အမည်ပြောင်းမည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ နိုဝင်ဘာ-၃၀**



ဓာတ်ပုံ - အောင်အောင်

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲဝင် ဥဿာယူနိုက်တက်အသင်းသည် လာမည့်၂၀၁၂ပြိုင်ပွဲတွင် ဟံသာဝတီယူနိုက်တက် အမည်ဖြင့် ပြောင်းလဲယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အသင်းအမည် ပြောင်းလဲရခြင်းမှာ အခြားအကြောင်းအရာမရှိဘဲ၊ ပဲခူးတိုင်းဒေသကြီးတစ်ခုလုံး ကိုယ်စားပြုအမည်ဖြစ်စေချင်၍ဖြစ်ကြောင်း အသင်းအမည်ပြောင်းလဲရခြင်းအကြောင်းရင်းကို ၎င်းအသင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"ဥဿာဆိုတဲ့အမည်က ပဲခူးမြို့တစ်ခုတည်းကို ကိုယ်စားပြုတဲ့အမည်ဖြစ်လို့ ပဲခူးတိုင်းဒေသကြီးတစ်ခုလုံးကို ကိုယ်စားပြုတဲ့ ဟံသာဝတီဆိုတဲ့ အမည်ကို ပြောင်းလဲရခြင်းဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီးက ပရိသတ်တွေ အားလုံးကလည်း ဒီအမည်ကို သဘောတူလက်ခံတဲ့အတွက် ပြောင်းလဲရခြင်းဖြစ်ပါတယ်"ဟု အဆိုပါတာဝန်ရှိသူကပြောသည်။

အသင်းအမည် ပြောင်းလဲလိုက်သော်လည်း အသင်းလိုဂိုဒီဇိုင်းမှာယခင်အတိုင်းထားရှိမည်ဖြစ်ပြီး အရောင်အပြောင်းအလဲအနည်းငယ်ရှိမည်ဖြစ်ကြောင်း ၎င်းက ဆက်ပြောသည်။ ၂၀၀၉ ခုနှစ်က ဘောလုံးကလပ်အသင်းရှစ်သင်းဖြင့် စတင်ခဲ့သောမြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲတွင် ဥဿာယူနိုက်တက်အသင်းသည် ပဲခူးတိုင်းဒေသကြီး ကိုယ်စားပြုအသင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ပြီး အသင်းပိုင်ရှင်မှာ IBTC ကုမ္ပဏီဥက္ကဋ္ဌ ဦးအောင်မိုးကျော်ဖြစ်သည်။



# ယူရို ၂၀၁၂ ပြိုင်ပွဲအုပ်စုပွဲစဉ်များထွက်ပေါ်

**လန်ဒန်၊ ဒီဇင်ဘာ - ၃**

လာမည့်နှစ်တွင် ပိုလန်နှင့် ယူကရိန်းနိုင်ငံ၌ ပူးတွဲကျင်းပမည့် ယူရို ၂၀၁၂ ပြိုင်ပွဲအတွက် အုပ်စုအဆင့်များ ရွေးချယ်ခြင်းပြုလုပ်ခဲ့ရာ နာမည်ကြီးအင်္ဂလန်အသင်းသည် အိမ်ရှင် ယူကရိန်း၊ ဆွီဒင်၊ ပြင်သစ်တို့နှင့် အုပ်စု(D)တွင် ကျရောက်လျက်ရှိသည်။

အင်္ဂလန်ကဲ့သို့ပင် အုပ်စု(B) အတွက် အသင်းများရွေးချယ်ပြီးနောက် ဂျာမနီနည်းပြ ဂျိုအာချင်လိုက "ဒီအုပ်စုဟာ အားလုံးမှာ အခက်ခဲဆုံးပါပဲ။ သိပ်ကြိုးစားရမှာဖြစ်ပေမယ့် ဒီလိုမျိုး ခက်ခဲတဲ့ အုပ်စုနဲ့ စတင်ကစားရတာ ကျွန်တော်တို့အတွက်ကောင်းမှာပါ" ဟု ပြောသည်။

ကမ္ဘာ့ချန်ပီယံ စပိန်မှာ အီတလီ၊ ခရိုအေးရှား၊ အိုင်ယာလန်တို့နှင့် အုပ်စု(C)တွင် ရင်ဆိုင်ရမည်ဖြစ်ရာ ကွာတားဖိုင်နယ်တက်ရန် အခြေအနေကောင်းနေသည်။ ပိုလန်နှင့်ယူကရိန်း၌ ပူးတွဲကျင်းပမည့် ယူရို ၂၀၁၂ ပြိုင်ပွဲသည် အသင်း ၁၆ သင်းဖြင့် ကျင်းပသည့် နောက်ဆုံး ဥရောပဖလားပြိုင်ပွဲလည်းဖြစ်မည်ဖြစ်သည်။

ထို့နောက် ၂၀၁၆ ခုနှစ်တွင် ပြင်သစ်၌ကျင်းပမည့် ယူရို ၂၀၁၆ ပြိုင်ပွဲတွင်မူ ပြိုင်ပွဲဝင် နိုင်ငံအသင်း ၂၄ သင်းအထိ တိုးချဲ့မည်ဖြစ်သည်။ ယူရို ၂၀၁၂ အသင်းများ၏ အုပ်စုစာရင်းမှာ အောက်ပါအတိုင်းဖြစ်သည်။

အုပ်စု(A) - ပိုလန်၊ ရုရှား၊ ဂရိ၊ ချက်။
အုပ်စု(B) - နယ်သာလန်၊ ဂျာမနီ၊ ပေါ်တူဂီ၊ ဒိန်းမတ်။
အုပ်စု(C) - စပိန်၊ အီတလီ၊ ခရိုအေးရှား၊ အိုင်ယာလန်။
အုပ်စု(D) - ယူကရိန်း၊ အင်္ဂလန်၊ ဆွီဒင်၊ ပြင်သစ်။

—Ref: Eurosports/Reuters

# ၂၀၁၁ မသန်စွမ်းအိုလံပစ် ဂုဏ်ထူးဆောင်ဘွဲ့ လူပုဂ္ဂိုလ်သုံးဦးအား ချီးမြှင့်မည်

**ဘော့ချ်၊ ဒီဇင်ဘာ - ၃**

နိုင်ငံတကာမသန်စွမ်းအိုလံပစ်ကော်မတီ(IPC)သည် မသန်စွမ်းအိုလံပစ်အားကစားနှင့်သက်ဆိုင်သောသူများအတွက် ချီးမြှင့်သော မသန်စွမ်းအိုလံပစ်ဂုဏ်ထူးဆောင်ဘွဲ့ကို ယခု ၂၀၁၁ ခုနှစ်အတွက် လူပုဂ္ဂိုလ်သုံးဦးအား ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

IPC ၏ ဖော်ပြချက်အရ ယင်းပုဂ္ဂိုလ်သုံးဦးမှာ မသန်စွမ်းအိုလံပစ်ကော်မတီအဖွဲ့ဝင်များဖြစ်ပြီး ခုနစ်ကြိမ်မြောက် မသန်စွမ်းအိုလံပစ်ချန်ပီယံဆုမတ်သီးယတ်စ်ဘာ့ဂ်၊ အီတလီ အမျိုးသား မသန်စွမ်းအိုလံပစ်ကော်မတီဥက္ကဋ္ဌ လုကာပန်ကယ်လီနှင့် နိုင်ငံတကာတင်းနစ်အဖွဲ့ချုပ် အဖွဲ့ဝင်တစ်ဦးဖြစ်ပြီး မသန်စွမ်းအိုလံပစ်ချန်ပီယံဆုလေးဆုရ ကွယ်လွန်သူအားကစားသမား ရန်ဒီစနိုးတို့ဖြစ်သည်။

ယခု ဆုချီးမြှင့်ခံရမည့်လူအားလုံးမှာ မသန်စွမ်းအိုလံပစ်အားကစားလောကနှင့်ကော်မတီအတွက် ထူးချွန်စွာဆောင်ရွက်ခဲ့သောသူများဖြစ်သည်။ မသန်စွမ်းအိုလံပစ်ရေကူးပြိုင်ပွဲ၌ ရွှေတံဆိပ်ရှစ်ခုရရှိဖူးသည့် လုကာပန်ကယ်လီသည် ၂၀၀၃ ခုနှစ်တွင် အီတာလျံ မသန်စွမ်းအိုလံပစ်ကော်မတီကိုဖွဲ့စည်းရာတွင် ဦးဆောင်ခဲ့သည်။

၂၀၀၉ နိုဝင်ဘာလတွင် ကွယ်လွန်ခဲ့သည့် ရန်ဒီစနိုးမှာ နိုင်ငံတကာတင်းနစ်အဖွဲ့ချုပ်၏ ဂုဏ်ထူးဆောင်အဖွဲ့ဝင်တစ်ဦးဖြစ်ပြီး ယူအက်စ်အိုးပင်း ဘီးချဲတင်းနစ်ပြိုင်ပွဲများတွင် ချန်ပီယံဆု ၁၀ ကြိမ် ရခဲ့သူဖြစ်သည်။

—Ref: Eurosport

# ၂၀၁၂ လော်ရီးယပ်စ် တစ်နှစ်တာအကောင်းဆုံး အားကစားသမားဆု ဆန်ခါတင်စာရင်းတွင် ကင်ညာအပြေးသမားနှစ်ဦးပါဝင်

**နိုင်ရိုဘီ၊ ဒီဇင်ဘာ - ၃**

လက်ရှိ ကမ္ဘာ့မာရသွန်စံချိန်ရှင် ကင်ညာအပြေးသမား ပက်ထရစ်မာကာအူနှင့် ၂၀၁၁ ကမ္ဘာ့ချန်ပီယံရှစ်ပြေးခုန်ပစ်ပွဲ၏ မီတာ ၁၀,၀၀၀ နှင့် ၅,၀၀၀ နှစ်ထပ်ကွမ်းချန်ပီယံ ဗီဗီယန်ချာရူယော့တ်တို့သည် နာမည်ကျော် လောရီးယပ်စ် အားကစားဖောင်ဒေးရှင်းမှ ချီးမြှင့်မည့် ၂၀၁၂ လော်ရီးယပ်စ်တစ်နှစ်တာ အားကစားသမားဆုများရရန် ရေပန်းစားနေကြသည်။

လော်ရီးယပ်စ်ဖောင်ဒေးရှင်း၏ အဆိုအရ မာကာအူနှင့် ချာရူယော့တ်တို့အပါအဝင် ဆုအတွက် တစ်နှစ်တာ အကောင်းဆုံးအမျိုးသား အားကစားသမားဆုနှင့် အမျိုးသမီး အားကစားသမားဆုများကို လာမည့် ဖေဖော်ဝါရီ၆ ရက်တွင်လန်ဒန်မြို့၌ရွေးချယ်ဆုချီးမြှင့်သွားမည်ဟုသိရသည်။

နိုင်ငံတကာ ပြေးခုန်ပစ်အဖွဲ့ချုပ်(IAAF)သည် မကြာသေးမီက တစ်နှစ်တာ အကောင်းဆုံး အမျိုးသားနှင့် အမျိုးသမီးပြေးခုန်ပစ်ကစားသမားဆုများ ပေးအပ်ခဲ့ရာ ဂျမေကာမှ မီတာ ၁၀၀ ကမ္ဘာ့စံချိန်ရှင် အူစိန်ဘော့နှင့် ဩစတြေးလျမှ မီတာ ၁၀၀ တန်း ကျော်ပြေးချန်ပီယံ ဆယ်လီပီယာဆင်တို့က ရရှိခဲ့သည်။

ပြီးခဲ့သည့်နှစ်က လော်ရီးယပ်စ် တစ်နှစ်တာ အကောင်းဆုံးအမျိုးသားအားကစားသမားဆုကို စပိန်တင်းနစ်သမား ရာဖေးလ်နာဒယ်နှင့် အမျိုးသမီးအားကစားသမားဆုကို အမေရိကန် နှင်းလျှောစီးမယ် လင်းဆေးဗွန်တို့က ရရှိခဲ့ကြသည်။

—Ref: AP/Xinhua

7DAY NEWS JOURNAL
Vol.10, No.38 • DECEMBER 8, 2011

# ချယ်လ်ဆီး-မန်စီးတီး ထိပ်တိုက်တွေ့မယ့် ပရီးမီးယားလိဂ်ပွဲစဉ်(၁၅)ပွဲကြိုခန့်မှန်းချက်



**ကိုအေးမြတ်**

ဒီတစ်ပတ် ပရီးမီးယားလိဂ်ပွဲစဉ် (၁၅)ကတော့ ဇယားထိပ်ဆုံးက မန်စီးတီးအတွက် နံပါတ်တစ်နေရာကို အစမ်းသပ်ခံရမယ့် ချယ်လ်ဆီးနဲ့ အဝေးကွင်းမှာ ယှဉ်ပြိုင်ရမယ့်ပွဲစဉ် ပါဝင်နေပါတယ်။ ဒီအချိန်မှာ မန်ယူ၊ အာဆင်နယ်၊ လီဗာပူးတို့ကတော့ အိမ်ကွင်းပွဲတွေကစားရမှာမို့ အနိုင်သုံးမှတ်စီ ရသွားဖို့ အခွင့်အရေးများနေတယ်။ အဝေးကွင်းမှာ ထပ်မံ အခြေအနေကောင်းနိုင်တဲ့ အသင်းတွေကတော့ စတုတ်နဲ့ကစားမယ့် စပါး၊ နော့ဝစ်ချ်နဲ့ကစားမယ့် နယူးကာဆယ်တို့ ဖြစ်လာဖွယ်ရှိပါတယ်။

**<u>ဒီဇင်ဘာ(၁၀)၊ စနေ။</u>**

**ည ၉:၃၀ နာရီ**

**အာဆင်နယ်-အဲဗာတန်**

**ယမန်နှစ်ရလဒ် ၂-၁**

ယမန်နှစ်က နှစ်ကျော့စလုံး အာဆင်နယ်နိုင်ခဲ့တာဖြစ်ပြီး ဒီနှစ်မှာလည်း အိမ်ကွင်းရှုံးပွဲတစ်ပွဲသာ ရှိသေးတဲ့ အာဆင်နယ်တို့ အခြေအနေကောင်းနိုင်တယ်။ အဲဗာတန်တို့ အဝေးကွင်းခြေစွမ်းအကောင်းဆုံးမရှိသေးတာကြောင့် အိမ်ရှင် အာဆင်နယ်ကပဲ နှစ်ဂိုးလောက် ရသွားနိုင်တယ်။

**ဘော်လ်တန်-အက်စတွန်ဗီလာ**

**ယမန်နှစ်ရလဒ် ၃-၂**

ဘော်လ်တန်ဟာ ဒီနှစ်ပိုင်းအတွင်း ဗီလာနဲ့ သုံးကြိမ်တွေ့ထားရာမှာ တစ်ပွဲသရေကျပြီး နှစ်ပွဲနိုင်ထားပါတယ်။ ဒါပေမဲ့ ဒီရာသီမှာ ဘော်လ်တန်တို့ အိမ်ကွင်းရှုံးပွဲ အများဆုံးအသင်းတစ်သင်းဖြစ် နေတာကြောင့် ညှော့သည်ဗီလာဘက်က နေကြည့်သင့်ပါတယ်။ ဗီလာ သရေပွဲများတတ်တဲ့ထုံးစံရှိတာမို့ ဂိုးနည်းဖို့ပဲ ရှိတယ်လို့မြင်ပါတယ်။

**လီဗာပူး-ကျူပီအာ**

**ယမန်နှစ်ရလဒ် - မရှိ**

အိမ်ကွင်းမာကျောတဲ့ လီဗာပူးတို့ လိဂ်အပြင် ဖလားပွဲမှာလည်း အခြေအနေကောင်းနေတယ်။ လက်ရှိအချိန်ထိ ကျူပီအာက အဝေးကွင်းလေးပွဲရှုံးထားတဲ့ အသင်းပါ။ လူးကပ်စ်မပါဝင်နိုင်ပေမယ့် လီဗာပူး အားပျော့ဖို့မရှိဘဲ အနိမ့်ဆုံး တစ်ဂိုးအသာလောက်နဲ့ အနိုင်ရသွားနိုင်ပါတယ်။

**မန်ယူ-ဝုလ်**

**ယမန်နှစ်ရလဒ် ၂-၁**

ယမန်နှစ်က မန်ယူတို့ နှစ်ကျော့စလုံး အနိုင်ရခဲ့တယ်။ ဒီရာသီမှာလည်း အိမ်ကွင်းရလဒ် အကောင်းဆုံးအသင်းတွေထဲပါနေတဲ့ မန်ယူကို ဝုလ်တို့ နိုင်ဖို့မလွယ်ပါဘူး။ မန်ယူ ဂိုးနည်းနည်းနဲ့ နိုင်မယ့်ပွဲပါ။ ဝုလ်အများဆုံးပြန်သွင်းနိုင်ရင် တစ်ဂိုးပါပဲ။

**နော့ဝစ်ချ်-နယူးကာဆယ်**

**ယမန်နှစ်ရလဒ် - မရှိ**

အိမ်ရှင်နော့ဝစ်ချ်တို့ ခက်ခဲမယ့်ပွဲပါ။ နယူးကာဆယ် ပုံမှန်ခြေစွမ်းရရှိနေပြီး အဝေးကွင်းရှုံးပွဲ တစ်ပွဲသာရှိသေးတဲ့ ထိပ်သီးအသင်းစာရင်းဝင်နေပါတယ်။ နော့ဝစ်ချ်တို့ တန်ပြန်တိုက်စစ်သာ အားပြုဖွယ်ရှိပြီး နယူးကာဆယ် အဝေးကွင်းမှာ အနိမ့်ဆုံးသရေနဲ့ ကပ်နိုင်ခြေသာ ရှိနေတဲ့ပွဲဖြစ်ပါတယ်။

**ဆွမ်းဆီး-ဖူလ်ဟမ်**

**ယမန်နှစ်ရလဒ် - မရှိ**

ဒီနှစ်သင်း နောက်ဆုံးတွေ့ဖူးထားတာ ၂၀၀၉ ဖေဖော်ဝါရီ အက်ဖ်အေဖလားပွဲက ဖြစ်ပြီး ဖူလ်ဟမ်က အိမ်ကွင်းမှာ အနိုင်ရခဲ့တယ်။ နှစ်သင်းစလုံး ဇယားမှာ ရပ်တည်မှုသိပ်မကွာသေးပေမယ့် အိမ်ကွင်းရှုံးပွဲနည်းတဲ့ ဆွမ်းဆီးကိုပဲ ဦးစားပေးရွေးသင့်တယ်။ ဆွမ်းဆီး သရေ(သို့မဟုတ်)ကပ်အနိုင်ဖြစ်မယ်။

**ဝက်စ်ဘရွန်း-ဝီဂန်**

**ယမန်နှစ်ရလဒ် ၂-၂**

ရင်ဆိုင်တွေ့တိုင်း ခြေစွမ်းမကွာတဲ့ နှစ်သင်းဖြစ်ပါတယ်။ အဝေးကွင်းရှုံးပွဲများနေတဲ့ ဝီဂန်ကို ဝက်စ်ဘရွန်းတို့ ဖိကစားနိုင်တယ်။ ဝက်စ်ဘရွန်းအတွက် အိမ်ကွင်းသုံးမှတ်ရဖို့ နီးစပ်တဲ့ပွဲပါ။ နှစ်ဂိုးလောက် ရနိုင်တယ်။

**<u>ဒီဇင်ဘာ(၁၁)၊ တနင်္ဂနွေ။</u>**

**ည ၈:၃၀ နာရီ**

**ဆန်းဒါးလန်း-ဘလက်ဘန်း**

**ယမန်နှစ်ရလဒ် ၃-၀**

ဆန်းဒါးလန်းတို့ အိမ်ကွင်းမှာ အနိုင်သုံးမှတ်ရဖို့ အခြေအနေများပါတယ်။ ဘလက်ဘန်းဟာ ဒီရာသီ အဝေးကွင်းနိုင်ပွဲလုံးဝမရသေးတဲ့ အသင်းသုံးသင်းစာရင်းထဲ ပါနေဆဲပါပဲ။ ဆန်းဒါးလန်းကို နှစ်ဂိုးအသာနဲ့ ရွေးချယ်ချင်တယ်။

**ည ၁၀:၃၀ နာရီ**

**စတုတ်စီးတီး-စပါး**

**ယမန်နှစ်ရလဒ် ၁-၂**

စတုတ်ဟာ အိမ်ကွင်းဆိုပေမယ့် ဇယားထိပ်က ဝါရင့်စပါးကို နိုင်ဖို့ခက်မှာပါ။ စပါးရဲ့ ဒီရာသီအဝေးကွင်းမှတ်တမ်းဟာ အကောင်းဆုံးဖြစ်နေပြီး ငါးပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးထားပါတယ်။ စတုတ်တို့ အများဆုံး သရေပဲ မျှော်မှန်းနိုင်ပါတယ်။ စပါးကို ဂိုးအများနဲ့ ရပ်တည်ကြည့်ပါ။

**<u>ဒီဇင်ဘာ(၁၃)၊ အင်္ဂါ။</u>**

**နံနက် ၂:၃၀ နာရီ**

**ချယ်လ်ဆီး-မန်စီးတီး**

**ယမန်နှစ်ရလဒ် ၂-၀**

ချယ်လ်ဆီးတို့ အိမ်ကွင်း စတန်းဖို့ဒ်ဘရစ်ချ်မှာ အခက်အခဲတွေ့နိုင်ပါတယ်။ မန်စီးတီးဟာ ဒီရာသီအဝေးကွင်းရှုံးပွဲမရှိသေးဘဲ ဇယားကို ဦးဆောင်နေတဲ့အသင်းဖြစ်နေတယ်။ ဒါ့အပြင် ချယ်လ်ဆီးဟာ လီဗာပူးကို အိမ်ကွင်းမှာ လိဂ်ပွဲရော ကာလင်းဖလားပါ နှစ်ပွဲစလုံး ရှုံးထားတယ်။ မန်စီးတီးရဲ့ ဒီဇီကို၊ နာဆရီ၊ ဆေးလ်ဗား အလယ်တန်းကို ရာမီရက်ဇ်၊ မာတာ၊ လမ်းပတ်တို့ရဲ့ ချယ်လ်ဆီး အလယ်တန်းက တန်ပြန်တိုက်စစ်ကစားရဖို့ရှိတယ်။ ညှော့သည် မန်စီးတီးကို တစ်ဂိုးအသာလောက်နဲ့ ရွေးချင်ပါတယ်။



7 DAY NEWS JOURNAL
Vol.10, No.38 · DECEMBER 8, 2011



# နိုင်ငံတကာ ရာဇဝတ်မှုတရားရုံးက အိုင်ဗရီကို့စ်သမ္မတဟောင်းအား ထိန်းသိမ်း



**သည်ဟော့ဂ်၊ ဒီဇင်ဘာ - ၁**
အိုင်ဗရီကို့စ်သမ္မတဟောင်းလောရင့်ဂါဘိုသည် လူသားမျိုးနွယ်အပေါ် ပြစ်မှုကျူးလွန်မှုစွဲချက်များအတွက် တရားရင်ဆိုင်ရန် နယ်သာလန်နိုင်ငံ သည်ဟော့ဂ် နိုင်ငံတကာရာဇဝတ်မှုတရားရုံး ထိန်းသိမ်းရေးစင်တာသို့ ရောက်ရှိလာကြောင်းသိရသည်။

နိုင်ငံတကာရာဇဝတ်မှုဆိုင်ရာတရားရုံး(ICC)ထိန်းသိမ်းရေးစင်တာတွင် မစ္စတာဂါဘို (၆၆ နှစ်) အား ထိန်းသိမ်းခြင်းမှာ နိုင်ငံခေါင်းဆောင်ဟောင်းတစ်ဦးအား ICC ထိန်းသိမ်းရေးစခန်းတွင် ပထမဆုံး ထားရှိခြင်းဖြစ်ကြောင်း ကြေညာချက်တစ်ရပ် ထုတ်ပြန်ဖော်ပြသည်။

နိုင်ငံတကာတရားရုံးမှ ဥပဒေအရာရှိများသည် အောက်တိုဘာလမှစ၍ အိုင်ဗရီကို့စ်ရွေးကောက်ပွဲအလွန် အကြမ်းဖက်မှုများအပေါ် စတင်စုံစမ်းစစ်ဆေးခဲ့သည်။ အိုင်ဗရီကို့စ်နိုင်ငံတွင် ၂၀၁၀ နိုဝင်ဘာ ၂၈ ရက်က ရွေးကောက်ပွဲကျင်းပခဲ့ပြီးနောက် သမ္မတဟောင်း ဂါဘိုက ရွေးကောက်ပွဲတွင် အနိုင်ရရှိသူ အလက်ဆန်အိုတာရာအား အသိအမှတ်ပြုရန် ငြင်းဆန်ခဲ့ပြီး အာဏာစွန့်လွှတ်ရန်လည်းငြင်းဆန်ခဲ့သည်။ ယင်းနောက် လေးလကြာမြင့်သောအကြမ်းဖက်သွေးထွက်သံယိုမှုများဖြစ်ပေါ်ခဲ့ရာ လူပေါင်း ၃,၀၀၀ သေဆုံးခဲ့ရသည်။

အိုင်ဗရီကို့စ်နိုင်ငံ၏ အဆိုးရွားဆုံး အကြမ်းဖက်မှုဖြစ်ပေါ်ခဲ့သည်မှာ တစ်နှစ်ရှိပြီဖြစ်ကြောင်း သာမန်နိုင်ငံသားများ အကြီးအကျယ်ဒုက္ခခံစားခဲ့ရသည့်ပြစ်မှုများကိုနှစ်ဖက်စလုံးက ကျူးလွန်ခဲ့သည်ဟု စွပ်စွဲမှုများရှိကြောင်း ICC ဦးဆောင်ဥပဒေအရာရှိ လူးဝစ်မိုရီနိုအိုကမ်ပိုက နိုဝင်ဘာ ၂၉ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

မစ္စတာဂါဘိုမှာ လူသတ်မှု၊ မုဒိမ်းမှုနှင့် အခြားလိင်မှုဆိုင်ရာ အကြမ်းဖက်မှုများ၊ ညှဉ်းပန်းနှိပ်စက်မှုနှင့် အခြား လူမဆန်သောလုပ်ရပ်များ ကျူးလွန်ခဲ့သည်ဟု စွပ်စွဲခံထားရသည်။ *—Ref: UPI*

# မြောက်ကိုရီးယားသို့ ဦးတည် တောင်ကိုရီးယားစစ်ရေးလေ့ကျင့်

**ဆိုးလ်၊ နိုဝင်ဘာ - ၂၉**
တောင်ကိုရီးယားစစ်သင်္ဘောများသည် မြောက်ကိုရီးယားသို့ ဦးတည်၍ အင်အားပြသည့်အနေဖြင့် လက်နက်များ ပစ်ခတ်သည့် စစ်ရေးလေ့ကျင့်မှုတစ်ရပ်ကိုပြုလုပ်ခဲ့ကြောင်း တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီးဌာနကပြောကြားသည်။

ထိုစစ်ရေးလေ့ကျင့်မှုကို ပင်လယ်ဝါအတွင်း ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ယင်းမှာမြောက်ကိုရီးယားစစ်သင်္ဘောများနှင့် ရေငုပ်သင်္ဘောများ၏ ကျူးကျော်မှုကိုကာကွယ်ရန် အဆင်သင့်ရှိကြောင်း အင်အားပြခဲ့ခြင်းဖြစ်သည်။ စစ်ရေးလေ့ကျင့်မှုတွင် ဖျက်သင်္ဘောများ၊ တိုက်ရေယာဉ်များ၊ ကင်းလှည့်ရေယာဉ်များအပြင် ရဟတ်ယာဉ်များ၊ ရေငုပ်သင်္ဘောနှိမ်နင်းရေးလေယာဉ်ပျံများ ပါဝင်ခဲ့သည်။

တောင်ကိုရီးယားတပ်ဖွဲ့များသည် ပြီးခဲ့သည့်အပတ်ကကြည်း၊ ရေ၊ လေပူးပေါင်းပါဝင်သော စစ်ရေးလေ့ကျင့်မှုတစ်ရပ်ကို အငြင်းပွားရာ ပင်လယ်ဝါနယ်စပ်နေရာတွင်ပြုလုပ်ခဲ့သည်။ ယင်းမှာ ပြီးခဲ့သည့်နှစ် နိုဝင်ဘာလ ၂၃ ရက်က တောင်ကိုရီးယား ပိုင်ကျွန်း တိုက်ခိုက်ခံရမှုနှစ်ပတ်လည်အဖြစ်ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ယင်းလေ့ကျင့်မှုများကြောင့် မြောက်ကိုရီးယားဘက်မှလည်း ၎င်းတို့ကိုကျူးကျော်ပါက တောင်ကိုရီးယားနန်းတော်ကို တိုက်ခိုက်မည်ဖြစ်ကြောင်း တုံ့ပြန် ခြိမ်းခြောက်ခဲ့သည်။ ပြီးခဲ့သည့်နှစ်က မြောက်ကိုရီးယား၏ တိုက်ခိုက်မှုကြောင့် တောင်ကိုရီးယား ရေတပ်သားနှစ်ဦးနှင့် အရပ်သားနှစ်ဦး သေဆုံးခဲ့ပြီးအဆောက်အအုံအချို့ ပျက်စီးခဲ့ရသည်။

တိုက်ခိုက်မှုများပြီးနောက် တင်းမာမှုများ လျော့နည်းခဲ့သော်လည်း မြောက်ဘက်မှ တိုက်ခိုက်မှုအသစ်ပေါ်လာပါက လေတပ်အင်အားသုံး၍ ပြင်းထန်စွာတိုက်ခိုက်သွားမည်ဟုတောင်ကိုရီးယားအစိုးရက ကြုံးဝါးခဲ့သည်။

*—Ref: AFP*

# ပါကစတန် အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို လေးစားရမည်ဟု တ ုတ်ပြောကြား

**ဘေဂျင်း၊ နိုဝင်ဘာ - ၂၉**
အာဖဂန်နစ္စတန်နှင့်နယ်စပ်စခန်းအားနေတိုးတပ်ဖွဲ့၏လေကြောင်းမှတိုက်ခိုက်မှုကြောင့် ပါကစ္စတန်စစ်သား ၂၄ ဦး သေဆုံးခဲ့ခြင်းနှင့် ပတ်သက်၍ ပါကစ္စတန်နိုင်ငံ၏ လွတ်လပ်ရေး အချုပ်အခြာအာဏာနှင့်နယ်မြေပိုင်ဆိုင်မှုကိုလေးစားသင့်ကြောင်း တရုတ်အစိုးရက ပြောကြားသည်။

နေ့စဉ် သတင်းထုတ်ပြန်ချက်တစ်ရပ်တွင် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ မစ္စတာဟောင်လိုင်းက ယင်းသို့ မှတ်ချက်ပေးပြောကြားခြင်းဖြစ်ကြောင်း ဆင်ဟွာသတင်းဌာနကဖော်ပြသည်။

တရုတ်နိုင်ငံအနေဖြင့် ယင်းအဖြစ်အပျက်ကြောင့် ထိတ်လန့်တုန်လှုပ်မိကြောင်းနှင့် သေဆုံးခဲ့သူများအတွက် ဝမ်းနည်းကြေကွဲရပါကြောင်းမစ္စတာဟောင်လိုင်းက ပြောကြားပြီး ယင်းတိုက်ခိုက်မှုအား တိကျစွာ စုံစမ်းစစ်ဆေးမှုပြုရန်လည်း တရုတ်ပြောခွင့်ရပုဂ္ဂိုလ်ကပြောကြားသည်။

အာဖဂန်နစ္စတန်နှင့် ပါကစ္စတန်နယ်စပ်ရှိမိုမန်းလူမျိုးစုဒေသတွင် နယ်စပ်စခန်းနှစ်ခုအား နေတိုးဂျက်တိုက်လေယာဉ်များနှင့်ရဟတ်ယာဉ်များက တိုက်ခိုက်ခဲ့ရာ ပါကစ္စတန်တပ်ဖွဲ့ဝင် ၂၄ ဦး သေဆုံးပြီး ၁၃ ဦး ဒဏ်ရာရရှိခဲ့သည်။

ယင်းအဖြစ်အပျက်အတွက် ပါကစ္စတန်က အမေရိကန်နိုင်ငံအား ပြင်းပြင်းထန်ထန်ကန့်ကွက်ခဲ့ပြီး နောက်ဆက်တွဲအခြေအနေလည်း ဆိုးရွားလာနိုင်ကြောင်း သတိပေးပြောကြားခဲ့သည်။

*—Ref: IANS*



7DAY NEWS JOURNAL
Vol.10, No.38 · DECEMBER 8, 2011

## ဆီးရီးယားထံ လက်နက်ရောင်းချခြင်းကို တူရကီ တားမြစ်သွားမည်

**အန်ကာရာ၊ ဒီဇင်ဘာ – ၁**

ဆီးရီးယားနိုင်ငံသို့ပြည်ပလက်နက်များ မဝင်ရောက်ရေးနှင့် နှစ်ဖက်ကုန်သွယ်ရေးအား ထိန်းချုပ်သည့် ပိတ်ဆို့တားဆီးမှုများကို တူရကီနိုင်ငံက နိုဝင်ဘာ ၃၀ ရက်တွင်ကြေညာခဲ့သည်။

တူရကီနိုင်ငံက ဆီးရီးယားသို့စစ်ဘက်ထောက်ပံ့ရေးပစ္စည်းများ ရောင်းချတော့မည်မဟုတ်ကြောင်းနှင့် ယင်းကဲ့သို့ ထောက်ပံ့ရေးပစ္စည်းများကို အခြားနိုင်ငံတစ်နိုင်ငံက တူရကီမှတစ်ဆင့် ဆီးရီးယားနိုင်ငံသို့ တင်ပို့ခြင်းကိုလည်း ခွင့်ပြုတော့မည်မဟုတ်ကြောင်း တူရကီနိုင်ငံခြားရေးဝန်ကြီး အာမက်ဒါဗူတိုဂလူကပြောကြားသည်။

ခြုံငုံ၍ ပြစ်ဒဏ်ပေးခြင်း၊ မြို့များကိုစီးနင်းသိမ်းပိုက်ထားခြင်း၊ ဘာသာရေးအဆောက်အအုံများကို ဗုံးခွဲခြင်း၊ ငြိမ်းချမ်းစွာ ဆန္ဒပြသူများအပေါ် အင်အားအလွန်အကျွံသုံးစွဲခြင်း၊ မိမိပြည်သူများဘက်သို့ လက်နက်များပြန်လှည့်ထားပြီး နေ့စဉ် လူပေါင်းများစွာသတ်ဖြတ်နေခြင်း စသည့်အချက်များမှာ ဥပဒေအရ အကျုံးဝင်မှုဆိုသည်ကို ဆီးရီးယားအစိုးရက နားလည်သဘောပေါက်မှုလျော့နည်းပုံကိုပြသနေကြောင်း တူရကီနိုင်ငံခြားရေးဝန်ကြီးကပြောကြားသည်။

တူရကီ၏ ပိတ်ဆို့တားဆီးမှုများတွင် ဘဏ္ဍာရေးကိစ္စရပ်များလည်း ပါဝင်ကြောင်း စီအင်န်အင်န်က သတင်းပေးပို့ထားပြီး ဆီးရီးယားနိုင်ငံ၏ ပိုင်ဆိုင်မှုများကို တူရကီက ဆိုင်းငံ့ထားကာ ဆီးရီးယားဗဟိုဘဏ်နှင့်လည်း ဆက်ဆံမှုမလုပ်တော့ကြောင်း သိရသည်။

*—Ref: UPI*




Photo - AFP

## ပင်စင်လစာ ဖြတ်တောက်မှုကြောင့် ဗြိတိန်တွင် လူနှစ်သန်းခန့် ဆန္ဒပြ

**လန်ဒန်၊ ဒီဇင်ဘာ – ၁**

ဗြိတိန်နိုင်ငံတွင် အစိုးရက စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ခန့်မှန်းချက်များကို လျှော့ချ၍ အသုံးစရိတ်များဖြတ်တောက်ပြီး ပင်စင်လစာများကိုလည်း အပြောင်းအလဲပြုလုပ်ခဲ့ရာ အစိုးရဝန်ထမ်းနှစ်သန်းခန့်အထိ ပါဝင်သော ဆန္ဒပြမှုများဖြစ်ပေါ်ခဲ့သည်။

ဆယ်စုနှစ်များစွာအတွင်း အကြီးမားဆုံး အလုပ်ခွင်မှထွက်၍ ဆန္ဒပြမှုဟု သမဂ္ဂများကပြောကြားသည့် ကန့်ကွက်မှုကြောင့်စာသင်ကျောင်းထောင်ပေါင်းများစွာ ပိတ်ထားရပြီး ဆေးရုံများမှာလည်း ဝန်ထမ်းအနည်းငယ်ဖြင့်သာလည်ပတ်နေရကာ ဒေသခံအာဏာပိုင်အဖွဲ့များလျော့နည်းသွားသည်။

သို့သော် ကမ္ဘာပေါ်တွင် လူအရှုပ်ဆုံး လန်ဒန် ဟီသရိုးလေဆိပ်၌ လူဝင်မှုကြီးကြပ်ရေးအရာရှိများ အလုပ်လာဆင်းခဲ့ကြ၍ ကြာရှည်သောစောင့်စားရမှုအနှောင့်အယှက်များရှိလာလိမ့်မည်ဟူသော စိုးရိမ်မှုများ ပြေပျောက်ခဲ့သည်။

ယခု သပိတ်မှောက်ဆန္ဒပြခြင်းမှာ ဝန်ကြီးချုပ်ဒေးဗစ်ကင်မရွန်းအစိုးရအတွက် အကြီးမားဆုံး သောစမ်းသပ်မှုဖြစ်လာသည်။ အစိုးရကဝန်ထမ်းများ၏ပင်စင်ကို တိုး၍ဖြတ်တောက်ရန်နှင့် ပင်စင်ယူနိုင်သည့် အသက်ကိုလည်း တိုးမြှင့်ခဲ့ရာ အလုပ်သမားသမဂ္ဂများအား ဒေါသထွက်စေခဲ့သည်။

အစိုးရအလုပ်အကိုင် သုံးသိန်းလျှော့ချ၍ ပင်စင်အတွက် ပို၍ ဖြတ်တောက်မည့်သူများထဲတွင် ကျောင်းဆရာများ၊ သူနာပြုများနှင့် စစ်သားများလည်းပါဝင်ကြောင်း ဘဏ္ဍာရေးဝန်ကြီးဂျော့ချ်အော့စ်ဘွန်းကပြောကြားခဲ့ရာ လူအများ၏ ဒေါသထွက်မှုပိုမိုဆိုးရွားလာခဲ့သည်။ အစိုးရဝန်ထမ်းများအား ၂ နှစ်အတွင်း ၁ ရာခိုင်နှုန်းသာ လခတိုးပေးမည်ဟု ဘဏ္ဍာရေးဝန်ကြီးက ကြေညာခဲ့သည်။

*—Ref: AFP*

## ဂရိဘဏ္ဍာရေးအကျပ်အတည်းထောက်ပံ့ငွေ ယူရိုရှစ်ဘီလီယံ ချေးရန် ယူရိုဇုန်အတည်ပြု



**ဘရပ်ဆဲလ်၊ နိုဝင်ဘာ – ၃၀**


ဂရိနိုင်ငံ၏ စီးပွားရေး ဆက်လက်ရှင်သန်နိုင်ရန် ယူရိုရှစ်ဘီလီယံ အရစ်ကျချေးငွေကို ဂရိနိုင်ငံအား ထပ်မံပေးအပ်ရန် ယူရိုဇုန် ၁၇ နိုင်ငံမှ ဘဏ္ဍာရေးဝန်ကြီးများက သဘောတူညီလိုက်ကြောင်းသိရသည်။

ကြွေးမြီပျက်ကွက်မှုကို ရှောင်လွှဲနိုင်ရန် ခရစ္စမတ်မတိုင်မီ လက်ခံရရှိရန် လိုအပ်ကြောင်း စောစောပိုင်းတွင် ဂရိနိုင်ငံက ပြောကြားခဲ့သည်။ “ချေးငွေကို ဒီဇင်ဘာလလယ်လောက်မှာ ရရှိပါလိမ့်မယ်”ဟု ယူရိုဇုန်အဖွဲ့ ခေါင်းဆောင် လူဇင်ဘာ့ဂ်ဝန်ကြီးချုပ် ဂျင်ကလော့ဒ်ဂျန်ကာက သတင်းထောက်များအားပြောကြားသည်။

ယခု အရစ်ကျချေးငွေမှာ ၂၀၁၀ ပြည့်နှစ်တွင် ယူရိုဇုန်နှင့် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (IMF)တို့က ဂရိစီးပွားရေးအား ကယ်ဆယ်ရေးအတွက်သဘောတူညီထားသည့် ယူရိုငွေ ၁၁၀ ဘီလီယံချေးငွေ၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။

အောက်တိုဘာလကုန်ပိုင်းကလည်း ဥရောပခေါင်းဆောင်များသည် ပုဂ္ဂလိကဘဏ်များ၊ အာမခံကုမ္ပဏီများနှင့် တွေ့ဆုံဆွေးနွေး၍ ဂရိနိုင်ငံ၏ ကြွေးမြီ ၅၀ ရာခိုင်နှုန်းအား လျှော်ပစ်ရန် သဘောတူညီခဲ့ကြသည်။ ဂရိနိုင်ငံ၏ ကြွေးမြီမှာ ယူရို ၁၆၀ ဘီလီယံရှိပြီး ယင်းမှာ ဂရိနိုင်ငံ ဂျီဒီပီ၏ ၁၆၀ ရာခိုင်နှုန်းအထိရှိသည်။ ထို့အတွက် ဂရိနိုင်ငံသည် ရှေ့လာမည့်နှစ်များတွင်ခြိုးခြံချွေတာရေးအစီအစဉ်အများအပြားအကောင်အထည်ဖော်ရမည်ဖြစ်သည်။

*—Ref: Ria Novostic*









# အီရန်နိုင်ငံရှိ သံရုံးဝန်ထမ်းများအား ဗြိတိန်အစိုးရ ပြန်လည်ခေါ်ယူ

**တီဟီရန်၊ နိုဝင်ဘာ - ၃၀**

အီရန်နိုင်ငံရှိ ဗြိတိသျှသံရုံးဝန်ထမ်းများအားလုံးကို ဗြိတိန်နိုင်ငံက ဖယ်ရှားရုပ်သိမ်းလိုက်ကြောင်း အနောက်တိုင်း သံတမန်များက ရိုက်တာသတင်းဌာနအား ပြောကြားသည်။ ယင်းမတိုင်မီ တစ်ရက်တွင် ကန့်ကွက်ဆန္ဒပြသူများက ဗြိတိန်သံရုံးနှင့် နေအိမ်ခြံဝင်းအား ချိုးဖျက်ဝင်ရောက်၍ ဖျက်ဆီးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ယင်းသို့အဓမ္မဝင်ရောက်ရန် ကြိုးပမ်းမှုကြောင့် အဆောက်အအုံနှစ်ခုလုံး အကြီးအကျယ်ပျက်စီးသွားပြီး ရုံးသုံးပစ္စည်း၊ သံရုံးဝန်ထမ်းများ၏ ပစ္စည်းများ လုယူခံရခြင်းနှင့် ပျက်စီးခြင်းများရှိခဲ့ကြောင်း သံရုံးဝန်ထမ်းများနှင့်တွေ့ဆုံခဲ့သူ သတင်းရင်းမြစ်များက ပြောကြားသည်။

ယင်းတိုက်ခိုက်မှုများအတွက် အလွန်အမင်း ဒေါသဖြစ်ရကြောင်းနှင့် ပြင်းထန်လေးနက်သော အကျိုးဆက်များရှိလာမည်ဖြစ်ကြောင်း ဗြိတိန်နိုင်ငံက သတိပေးပြောကြားသည်။

ယင်းအဖြစ်အပျက်များဖြစ်ပွားပြီးနောက် ဝန်ထမ်းများ၏ လတ်တလောလုံခြုံရေးအခြေအနေကြောင့် အချို့သံရုံးဝန်ထမ်းများ တီဟီရန်မြို့မှ ထွက်ခွာနေပြီဖြစ်ကြောင်း ဗြိတိန်နိုင်ငံခြားရေးဝန်ကြီးဌာနက ကြေညာချက်ထုတ်ပြန်ခဲ့သည်။ တရားဝင်ကြေညာချက်တွင် ဝန်ထမ်းအချို့ဟု ပြောကြားသော်လည်း အမှန်တကယ်တွင်ဗြိတိသျှဝန်ထမ်းအားလုံးထွက်ခွာသွားခြင်းဖြစ်ကြောင်း သံတမန် သတင်းရင်းမြစ်နှစ်ခုက ပြောကြားသည်။

ချူကိစ္စနှင့် ပတ်သက်၍ ဗြိတိန်နိုင်ငံက ပိတ်ဆို့တားဆီးမှုအသစ်များ ချမှတ်ခြင်းအပေါ် ကန့်ကွက်ဆန္ဒပြမှုများဖြစ်ပွားခဲ့ပြီးနောက် သံတမန်ရုံးခြံဝင်းအတွင်းကျူးကျော်ဝင်ရောက်ခံရခြင်းဖြစ်သည်။ တီဟီရန်မြို့လယ်ရှိ သံရုံးအဆောက်အအုံရှေ့တွင် ဆန္ဒပြချိန်၌လည်း ကန့်ကွက်ဆန္ဒပြသူများက ပြတင်းပေါက်များအား ချိုးဖျက်ခြင်း၊ ကားတစ်စီးအား မီးရှို့ခြင်းများ ရှိခဲ့ကြောင်း သိရသည်။


Photo - AFP

တီဟီရန်မြို့မြောက်ပိုင်းရှိ သံရုံးဝန်ထမ်းများ နေထိုင်ရာခြံဝင်းရှေ့ ကန့်ကွက်ဆန္ဒပြမှုများတွင် ဆန္ဒပြသူ ၁၀၀ နှင့် ၃၀၀ ကြားရှိကြောင်းနှင့် မြို့လယ်ခြံဝင်းဆန္ဒပြမှုတွင် လူပေါင်း ၅၀ ခန့်ရှိကြောင်း အီရန်မီဒီယာများက ပြောကြားသည်။

ယင်းအဖြစ်အပျက်များ ဖြစ်ပွားပြီးနောက်တိုက်ခိုက်မှုများအတွက် နောင်တဖြစ်ရကြောင်းနှင့် သံတမန်များ၏ လုံခြုံရေးကို အာမခံကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနကပြောကြားသည်။ သို့သော် ယင်းတိုက်ခိုက်မှုများအပေါ် ကုလသမဂ္ဂကရှုတ်ချပြောဆိုခဲ့ခြင်းအတွက်မူ အီရန်ပါလီမန်ဥက္ကဋ္ဌအလီလာရီဂျာနီက ဝေဖန်ပြောကြားခဲ့သည်။

ငြိမ်းချမ်းရေးထိန်းသိမ်းနိုင်ရန် ရဲတပ်ဖွဲ့က လုပ်နိုင်သမျှအားလုံးလုပ်ဆောင်နေချိန်မှာပင် ကျောင်းသားများ (ဆန္ဒပြသူများ)၏ လုပ်ရပ်များကို ရှုတ်ချရန် အလျင်စလို လုပ်ဆောင်ခဲ့ခြင်းမှာ အမေရိကန်နှင့် ဗြိတိန်နိုင်ငံတို့၏ အတိတ်မှပြစ်မှုများကိုဖုံးကွယ်ရန်ဖြစ်ကြောင်း နိုင်ငံတော်ရေဒီယိုမှ တိုက်ရိုက်ထုတ်လွှင့်သည့်ပါလီမန်သို့ပြောကြားသည့် မိန့်ခွန်းတွင် မစ္စတာလာရီဂျာနီကပြောကြားသည်။

*—Ref: Reuters*



7 DAY NEWS JOURNAL
# International
Vol.10, No.38 · DECEMBER 8, 2011

## မောင်းသူမဲ့ အမေရိကန်ထောက်လှမ်းရေးလေယာဉ်အား ပစ်ချလိုက်ကြောင်း အီရန်ပြောကြား



**ဝါရှင်တန်၊ ဒီဇင်ဘာ-၁၀**
ယခင်ရက်သတ္တပတ်က အာဖဂန်နစ္စတန် အနောက်ပိုင်းတွင်ပျောက်ဆုံးသွားသော မောင်းသူမဲ့ အမေရိကန် လျှို့ဝှက်ထောက်လှမ်းရေး လေယာဉ်တစ်စင်းသည် အီရန်နိုင်ငံအတွင်း ပျက်ကျသွားပုံရကြောင်း ဝါရှင်တန်ပို့စ်သတင်းတွင် ဖော်ပြသည်။


ဤသို့ဆိုလျှင် ယင်းမှာ အမေရိကန် လျှို့ဝှက်ထောက်လှမ်းရေးလေယာဉ်တစ်စင်း ရန်သူလက်တွင်း ကျရောက်သွားသည့် ပထမဆုံး အဖြစ်အပျက်ဖြစ်ဖွယ်ရှိကြောင်း သတင်းတွင် ဆက်လက်ဖော်ပြသည်။

အီရန်သတင်းအေဂျင်စီများကမူ ယင်းလေယာဉ်အား အီရန်ကာကွယ်ရေးတပ်ဖွဲ့များက ပစ်ချလိုက်ခြင်းဖြစ်ကြောင်းပြောကြားပြီး လေယာဉ်မှာ ရေဒါရှောင်ကွင်းနိုင်သည့် RQ-170 စတဲ့လ်သ် အမျိုးအစားလေယာဉ်ဖြစ်ကြောင်း ထုတ်ပြန်ပြောကြားသည်။ ယင်းလေယာဉ်မှာ Predator နှင့် Reaper ကဲ့သို့ နည်းပညာနိမ့်သော မောင်းသူမဲ့ လေယာဉ်များကို ရှာဖွေတွေ့ရှိနိုင်သည့် ရန်သူ့လေကြောင်း ရန်ကာကွယ်ရေးစနစ်များကိုထိုးဖောက်ဝင်ရောက်နိုင်ရန်ပုံဖော်ထားသည့် နည်းပညာအဆင့်မြင့် လေယာဉ်ဖြစ်သည်။

RQ-170 ထောက်လှမ်းရေး မောင်းသူမဲ့လေယာဉ်သည် ပါကစ္စတန်နိုင်ငံတွင် အိုစမာဘင်လာဒင် ပုန်းအောင်နေခဲ့သော နေရာအား ထောက်လှမ်းရာ၌ အသုံးပြုခဲ့သည့် လေယာဉ်အမျိုးအစားဖြစ်သည်ဟု ဆိုသည်။

အမေရိကန် အရာရှိများက ပါကစ္စတန်နယ်စပ်တွင် မောင်းသူမဲ့ လေယာဉ်တစ်စင်းဆုံးရှုံးသွားကြောင်း အသိအမှတ်ပြု ပြောကြားသော်လည်း လေယာဉ်အမျိုးအစားကိုမူ မပြောကြားခဲ့ပေ။ အီရန်အစိုးရကလည်း ပျက်ကျသွားသည့် လေယာဉ်ဓာတ်ပုံများကို ထုတ်ပြန်ခြင်းမရှိကြောင်းသိရသည်။

*—Ref: Washinton Post*



Photo - AFP

## ရုရှားအောက်လွှတ်တော် ရွေးကောက်ပွဲတွင် ဝန်ကြီးချုပ်ပူတင်၏ပါတီ ထောက်ခံမှုလျော့ကျ

**မော်စကို၊ ဒီဇင်ဘာ-၅**
ဒီဇင်ဘာ ၄ ရက်က ရုရှားနိုင်ငံတွင် ကျင်းပခဲ့သော အောက်လွှတ်တော် ရွေးကောက်ပွဲများ၌ ဝန်ကြီးချုပ် ဗလာဒီမာပူတင်၏ပါတီသည်ထောက်ခံမှုသိသိသာသာ လျော့ကျမှုနှင့်ကြုံတွေ့ခဲ့ကြောင်း ရုရှားသတင်းဌာန Ria Novosti က ဖော်ပြသည်။ ကနဦး ထွက်ပေါ်လာသည့် ရလဒ်များအရ ထောက်ခံမဲထက်ဝက်နီးပါးသာ ရရှိခဲ့ရာ နှစ်ပေါင်းများစွာ အပြတ်အသတ် အသာစီးရမှုများမှ များစွာ လျော့နည်းခဲ့ခြင်းဖြစ်သည်။

စာ(၄၅)သို့

## အီတလီ ခြိုးခြံချွေတာရေး အစီအစဉ် ဝန်ကြီးချုပ်သစ်တင်ပြ


Photo - AFP

**ရောမ၊ ဒီဇင်ဘာ-၅**
ဥရောပငွေကြေး ယူရိုသုံးစွဲသော ယူရိုဇုန်အား ခြိမ်းခြောက်နေသည့် ကြွေးမြီ အကျပ်အတည်းအား ရပ်တန့်စေရန်နှင့် အစိုးရကြွေးမြီပြဿနာပြေလည်မှုရှိလာစေရန် ရည်မှန်းထားသည့် ယူရိုဘီလီယံ ၃၀ ခြိုးခြံချွေတာရေး အစီအစဉ်အား အီတလီဝန်ကြီးချုပ် မာရီယိုမွန်တီက ပါတီမန်သို့ ဒီဇင်ဘာ ၅ ရက်တွင် တင်ပြမည်ဖြစ်ကြောင်း သိရသည်။

အီတလီဝန်ကြီးချုပ်သည် ဒီဇင်ဘာ ၄ ရက်တွင် ၎င်း၏ ဝန်ကြီးအဖွဲ့နှင့် အစည်းအဝေးပြုလုပ်ခဲ့ပြီး အခွန်များတိုးမြှင့်ခြင်း၊ ပင်စင်လစာများပြုပြင်ပြောင်းလဲခြင်းနှင့် စီးပွားရေးတိုးတက်ရန် မက်လုံးပေးရေးတို့ကို ဝန်ကြီးအဖွဲ့က သဘောတူညီခဲ့သည်။

စာ(၄၅)သို့

## ဥရောပကြွေးမြီအကျပ်အတည်း ပြေလည်နိုင်မည့်အစီအစဉ် မာကယ်လ်နှင့်ဆာကိုဇီ ဆွေးနွေး

**ဘရပ်ဆဲလ်၊ ဒီဇင်ဘာ-၅**
ရေရှည်တွင် ဥရောပသုံးငွေကြေး ယူရိုတည်ငြိမ်ရေးအတွက် ရည်မှန်းထားပြီး ငွေကြေးအကျပ်အတည်းအား ပြေလည်စေနိုင်မည်ဟု မျှော်လင့်ထားသော ဥရောပဘဏ္ဍာရေးပေါင်းစည်းမှု အစီအစဉ်တစ်ရပ်အား ဖော်ထုတ်ရန် ဂျာမနီအဓိပတိ အန်ဂျလာမာကယ်လ်နှင့် ပြင်သစ်သမ္မတဆာကိုဇီတို့ ပါရီမြို့တွင် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

ခေါင်းဆောင်နှစ်ဦးကြား သဘောတူညီမှုရရှိပါက ယင်းအစီအစဉ်အား ယခု သီတင်းပတ်ကုန်တွင် ဘရပ်ဆဲလ်မြို့၌ ကျင်းပမည့် ဥရောပခေါင်းဆောင်များ ထိပ်သီးအစည်းအဝေးတွင် တင်ပြမည်ဖြစ်သည်။


Photo - Reuters

လက်ရှိ ကျင့်သုံးနေသည့် နိုင်ငံသုံးငွေကြေးပေါင်းစည်းမှုအစီအစဉ်ကို ဗဟိုမှ ပိုမိုထိန်းချုပ်မှုပါဝင်မည့် ဘဏ္ဍာရေးပေါင်းစည်းမှုအဖြစ် ပြောင်းလဲကျင့်သုံးနိုင်ပါက ဥရောပကြွေးမြီအကျပ်အတည်းအတွက် အဖြေဖြစ်နိုင်ဖွယ်ရာရှိသည်ဟုခေါင်းဆောင်များကမျှော်လင့်ထားကြသည်။

ဥရောပ အကျပ်အတည်းအတွက် အဖြေရှာရာတွင် မစ္စမာကယ်လ်နှင့် မစ္စတာဆာကိုဇီကြား ကွဲလွဲမှုများရှိနေပြီး ဥရောပနိုင်ငံများအနေဖြင့် ဘဏ္ဍာရေးအခွင့်အာဏာများကို စွန့်လွှတ်ပြီး ယင်းဘဏ္ဍာရေးကိစ္စများကို အမိန့်အခိုင်းသည့် ဗဟိုဘဏ်ကဲ့သို့ အဖွဲ့အစည်းက ကိုင်တွယ်ဆောင်ရွက်သွားရန် မစ္စမာကယ်လ်က အလိုရှိသည်။

မစ္စတာ ဆာကိုဇီအနေဖြင့်မူ နိုင်ငံများအပေါ်တွင် ဘဏ္ဍာရေးအရ ဤမျှတင်းကျပ်ခြင်းကို အလိုမရှိပေ။ သို့သော် ခေါင်းဆောင်နှစ်ဦး ညှိနှိုင်းဆွေးနွေးမှုမှနေ၍ သဘောတူညီမှုရရှိရန် နီးစပ်လာကြောင်း သိရသည်။

*—Ref: UPI*



7DAY NEWS JOURNAL

ကန်နိုင်ငံခြားရေးဝန်ကြီး၏သမိုင်းဝင်ခရီး

အထူးအချပ်ပို

Vol.10, No.38 · DECEMBER 8, 2011

# ဟီလာရီ၊ မြန်မာပြည်နှင့် သမိုင်းဝင် ထို ၃ ရက်



နေပြည်တော်ရှိ သမ္မတအိမ်တော်တွင် နိုင်ငံတော်သမ္မတဦးသိန်းစိန်က အမေရိကန်နိုင်ငံခြားဝန်ကြီး ဟီလာရီကလင်တန်အား လက်ခံတွေ့ဆုံစဉ်

ဓာတ်ပုံ - အေအက်ဖ်ပီ

**အေးမြကျော်**

တစ်ရာကျော်ခန့်ရှိသော ဗီဒီယို၊ ဓာတ်ပုံကင်မရာများကို သခင်လက်ညွှန်ရာအတိုင်းလိုက်လံနမ်းရှုပ်ပြီးချိန်မှာတော့ လျှာကိုထုတ်ကာ တဟဲဟဲနှင့် မောဟိုက်နေတော့သည်။ လွန်ခဲ့သောမိနစ်အနည်းငယ်ကလည်း နေပြည်တော်လေဆိပ်ရှိ မြက်ခင်းနေရာအချို့၊ အပင်များစွာနှင့်နေရာတော်တော်များများကို လိုက်လံနမ်းရှုပ်ခဲ့ရသေးသည်။ ယင်းမှာ ထိုခွေး၏တာဝန်ဖြစ်သည်။ အညိုရောင်အမွေးများကို ပိုင်ဆိုင်ထားသည့် ထိုခွေးမှာသခင်ဖြစ်သူ ထောင်ထောင်မောင်းမောင်း အာဖရိကန်အမေရိကန်အမျိုးသား၏စေခိုင်းချက်အတိုင်း ပေါက်ကွဲနိုင်မည့်မိုင်းများရှိမရှိ၊လက်နက်ကိရိယာများ သယ်ဆောင်လာခြင်းရှိမရှိကို လေဆိပ်ကွင်းပြင်အတွင်းရောက်ရှိလာသော ပြည်တွင်းပြည်ပသတင်းထောက်များ၏ကင်မရာများ၊ အိတ်များအား စစ်ဆေးနမ်းရှုပ်ခိုင်းနေခြင်းဖြစ်သည်။

မြေပြင်တွင်ချထားသောရာနှင့်ချီသည့် ကင်မရာများ၏ခြေလှမ်း ၁၀ လှမ်းခန့်အကွာတွင်မူ သတင်းထောက်ပေါင်းတစ်ရာကျော်မှာ နိုဝင်ဘာ ၃၀ ရက်၏ကျနေကိုကျောပေးကာ မတ်တတ်ရပ်လျက်ရှိကြသည်။

မကြာမီမိနစ်ပိုင်းတွင်မြန်မာနိုင်ငံသို့ ရာစုနှစ်ဝက်အတွင်း ပထမဆုံးအကြိမ် ရောက်ရှိလာတော့မည့် ကမ္ဘာ့စူပါပါဝါအမေရိကန်နိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးဟီလာရီကလင်တန်၏ လုံခြုံရေးအတွက် ကြိုတင်ဆောင်ရွက်မှုများထဲမှ တစ်ခုပင်ဖြစ်သည်။

၁၅မိနစ်ကျော်ကြာမြင့်ပြီးချိန်တွင်တော့ တောင်ကိုရီးယားနိုင်ငံ ပူဆန်မြို့မှခရီးဆက်လာသော ဝန်ကြီးဟီလာရီကလင်တန်စီးနင်းလိုက်ပါသည့် အမေရိကန်အလံတံဆိပ်ပါလေယာဉ်အမှတ်၈၀၀၀၂ မှာနေပြည်တော်လေဆိပ်သို့ ဆင်းသက်ရောက်ရှိလာလေသည်။

လေယာဉ်စက်သတ်အပြီး မိနစ် ၂၀ကျော်ကြာတွင်တော့ ပန်းဆီရောင်အင်္ကျီနှင့်ဘောင်းဘီအနက်ဝတ်ဆင်ထားပြီး ရွှေအိုရောင်ဆံပင်ကို စည်းနှောင်ထားခြင်းမရှိသော ဟီလာရီသည် လေယာဉ်ပေါ်မှ ဆင်းသက်လာခဲ့သည်။ သူမနှင့်အတူ အမေရိကန်သမ္မတအိုဘားမား၏ကိုယ်တိုင်ရေးစာ ၂စောင်နှင့် အရှေ့နှင့်အနောက်နိုင်ငံနှစ်နိုင်ငံအတွက် မျှော်လင့်ချက်များကိုသယ်ဆောင်လာခဲ့သည်။

နိုဝင်ဘာ၃၀ရက်နေ့ညနေ၄နာရီ၂၀မိနစ်တွင် နေပြည်တော်သို့ခြေချရောက်ရှိလာသော သူမသည်ဆယ်စုနှစ် ၂ခုနီးပါးအေးစက်နေသော အမေရိကန်-မြန်မာနှစ်နိုင်ငံဆက်ဆံရေးကို ပြန်လည်အသက်ဝင်ရန်ဆောင်ရွက်မည့်သူအဖြစ် မြန်မာ့မြေပေါ်သို့ ရောက်ရှိလာခြင်းပင်ဖြစ်သည်။ ဒီဇင်ဘာ ၁ ရက်နံနက်တွင်တော့ သမ္မတသက်တမ်း ၈ လကျော်ရှိပြီဖြစ်သော မြန်မာနိုင်ငံသမ္မတဦးသိန်းစိန်နှင့်အစိုးရအဖွဲ့ဝင်ဝန်ကြီးများကိုတွေ့ရန် သူမစီးနင်းလာသောယာဉ်တန်းသည်လွှတ်တော်အဆောက်အအုံများနှင့်မနီးမဝေးရှိ သမ္မတအိမ်တော်သို့ ၁၀ နာရီအတိတွင် ရောက်ရှိလာသည်။ သမ္မတအိမ်တော်၊ ဧည့်ခန်းမဆောင်၏ထိပ်တည့်တည့်တွင် ရွှေအဆင်းနှင့်အတိပြီးသော ရွှေပလ္လင်ကြီးကနေရာယူထားပြီးရွှေရောင်မီးဆိုင်း၊ရွှေရောင်ခန်းဆီးစသောအပြင်အဆင်များကြောင့် နိုင်ငံတော်သမ္မတအိမ်တော်၏ဧည့်ခန်းမဆောင်မှာ ရွှေရောင်ပိုဝင်းနေတော့သည်။

**အချပ်ပို(B)သို့**


# ဟီလာရီ ခရီးစဉ်မှသည် ..

**အိဖြူလွင်**

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး၏ သမိုင်းဝင်ခရီးစဉ်က သုံးရက်ကြာသာဖြစ်သည်။ သို့သော် ထိုသုံးရက်ခရီးက မြန်မာ့ပြည်တွင်းရေးတွင်သာမဟုတ်။ အမေရိကန်၏ အာရှအတွင်း ခေါင်းဆောင်နိုင်ရေးပြန်လည်မြှင့်တင်မှုအတွက် အရေးပါသော ခရီးစဉ်တစ်ရပ်အဖြစ်ကမ္ဘာ့မီဒီယာများအတွင်း ရေးသားသုံးသပ်ပြောဆိုဆွေးနွေးမှုများ ထွက်ပေါ်လာသည်။

ဟီလာရီခရီးစဉ်အပေါ် ပြည်တွင်းနိုင်ငံရေး၊ စီးပွားရေးအင်အားစုများကလည်း ထင်မြင်သုံးသပ်ချက်မျိုးစုံ မျှော်လင့်ချက်မျိုးစုံပေးကြရာ 7Day News က တပ်မတော်ဗိုလ်ချုပ်ကြီးဟောင်းတစ်ဦးလည်းဖြစ်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင်တစ်ဦးလည်းဖြစ်သည့် ဦးတင်ဦး၊ ကချင်တိုင်းရင်းသားခေါင်းဆောင်တစ်ဦးဖြစ်သော ဒေါက်တာတူးဂျာနှင့် စီးပွားရေးလုပ်ငန်းရှင်လည်းဖြစ်၊ အိုင်တီပညာရှင်တစ်ဦးလည်းဖြစ်သော ဦးရဲမြတ်သူတို့၏ မတူညီသော သုံးသပ်မှုအမြင်အမျိုးမျိုးကို စုစည်းတင်ပြလိုက်ပါသည်။


**အချပ်ပို(B)သို့**



**ဦးတင်ဦး**
ဒုဥက္ကဌ
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်



**ဒေါက်တာတူးဂျာ**
ကချင်တိုင်းရင်းသား
ခေါင်းဆောင်
(အမျိုးသားညီလာခံကိုယ်စားလှယ်)



**ဦးရဲမြတ်သူ**
နာယက
မန္တလေးတိုင်းဒေသကြီး
ကွန်ပျူတာလုပ်ငန်းရှင်များအသင်း

# ဟီလာရီ ခရီးစဉ်မှသည်...

## ဦးတင်ဦး၊ ဒုတိယဥက္ကဋ္ဌ


**(အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်)**

**ဟီလာရီကလင်တန်လာရောက်ပြီးနောက် မြန်မာနိုင်ငံမှာ သိသာထင်ရှားတဲ့ အပြောင်းအလဲ ဖြစ်လာနိုင်ပါသလား။**

အင်မတန်ပဲ နိုင်ငံရေးအရထူးခြားတဲ့သဘောပါ။ သူ့ရဲ့ သတင်းစာရှင်းလင်းပွဲတွေမှာပြောတဲ့အချက်တွေ၊ အဖွဲ့ချုပ်နဲ့ ပြောတဲ့အချက်တွေ၊ ဒေါ်အောင်ဆန်းစုကြည်နဲ့ပြောတဲ့အချက်တွေပေါ်မှာထောက်ရင် အမေရိကန်နဲ့ ဒီနိုင်ငံနဲ့က ရှေ့ကိုပိုမိုပြီးတိုးတက်အဆင်ပြေနိုင်လာမယ့်အကြောင်းတွေ ပွင့်လင်းလာတယ်ဆိုတာထင်ရှားတယ်။မြန်မာနိုင်ငံဘက်ကနေ ဒေါ်အောင်ဆန်းစုကြည်လုပ်နေတဲ့ ရှေ့သွားမယ့် ဒီမိုကရေစီလမ်းကြောင်းမှာသူသည်ဒီမှာလာပြီး ဒီမိုကရေစီအကျိုးဆောင်ရွက်နေသောအဖွဲ့ဝင်တစ်ယောက်အနေနဲ့ပါမှတ်ယူပါဟုသူပြောသွားတဲ့စကားတွေရှိတယ်။ ဒီလိုနိုင်ငံ့ခေါင်းဆောင်က ပြောတယ်ဆိုတော့ဟိုဘက်ကသူကြားခဲ့တာတွေရော၊သမ္မတကြီးနဲ့ဒီမှာရှိတဲ့အဖွဲ့အစည်းတွေနဲ့ လေ့လာရမှာတွေရော၊ သူ ဆောင်ရွက်နေတဲ့ အတွေ့အကြုံတွေ အရရော၊ မြန်မာနိုင်ငံရဲ့ ရှေ့သွားရမယ့် ဒီမိုကရေစီခရီးဟာ ပြန်ပြီးနောက်ဆုတ်နိုင်စရာမရှိဘဲနဲ့ထပ်ပြီးတိုးတက်ပြီးတော့ ကောင်းမွန်သွားစရာပဲရှိတော့တယ်ဆိုတဲ့ပုံပေါ်လာတယ်။

**ကာလအပိုင်းအခြားအားဖြင့် ဘယ်လောက်ကြာနိုင်မယ်လို့ထင်ပါသလဲ။**

သူကတော့ မြန်နိုင်သမျှမြန်အောင် လုပ်ဖို့ပြောတယ်။ တို့တွေလည်း ကာလတစ်ခုကို သတ်မှတ်ပြီး လုပ်ကြရမှာပါ။



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

**နိုင်ငံရေး အကျဉ်းသားတွေလွှတ်ပေးရေးနဲ့ ပတ်သက်ပြီး ဘယ်လိုများဖြစ်လာနိုင်မယ်ထင်ပါသလဲ။**

နိုင်ငံရေးအကျဉ်းသားမရှိဘူးဆိုတာ မဟုတ်ပါဘူး။ ရှိပါတယ်။ ဒါနဲ့ ပတ်သက်ပြီး ဆက်လုပ်ဖို့ပြောပါတယ်။

**နယ်စပ်ဒေသက တိုင်းရင်းသားအရေးကိစ္စနဲ့ ပတ်သက်ပြီး ဘယ်လိုများ ထူးခြားလာနိုင်တယ်ထင်ပါသလဲ။**

သူပြောသွားတာကတော့ အားလုံးရပ်ကြဖို့၊ လျှော့ကြဖို့ပြောချင်တယ်။ ဒီမှာအေးချမ်းသွားတာနဲ့အမျှ သူတို့ဘက်က ဖွံ့ဖြိုးတိုးတက်အောင် လုပ်ပေးဖို့တွေရှိတယ်ဆိုပြီး ပြောတယ်။ အမြန်ဆုံးဆွေးနွေးပြီး အဖြေရှာနိုင်ဖို့ပြောတယ်။ ဒေါ်အောင်ဆန်းစုကြည်ပါဝင်ဆွေးနွေးဖို့ဆိုတာတွေလည်း လုပ်ရမှာပါ။ အခုရွေးကောက်ပွဲဝင်ဖို့ကလည်း ဒီကိစ္စတွေ အလုပ်အတွက်ပါပါတယ်။ တိုးတက်လာတဲ့အလားအလာမြင်တာနဲ့အမျှ အမေရိကန်က မြန်မာနိုင်ငံနဲ့ ပတ်သက်ပြီး ဖွံ့ဖြိုးတိုးတက်အောင် လုပ်ကိုင်ပေးနိုင်ပါတယ်။ အစီအစဉ်ရှိပြီးသားပါ။ ဒီဘက်ကဆောင်ရွက်စရာရှိတာတွေကိုပဲ အောင်မြင်အောင်ဆောင်ရွက်ဖို့ တိုက်တွန်းတယ်။

**ကြားဖြတ်ရွေးကောက်ပွဲမှာ တရားမျှတမှုရှိမရှိအတွက်ဘယ်လောက်ထိသက်ရောက်မှုရှိနိုင်တယ်လို့ မြင်ပါသလဲ။**

သူကတော့ တရားမျှတမှုရှိအောင်လုပ်ဖို့တိုက်တွန်းတယ်။

**အမေရိကန်နိုင်ငံခြားရေးဝန်ကြီးက မြန်မာနိုင်ငံကို တရားဝင်အလည်အပတ် လာရောက်တဲ့အတွက် အစိုးရကိုတရားဝင်အသိအမှတ်ပြုတဲ့အပေါ်မှာ တခြားအရေးကိစ္စတွေ လျော့သွားတာမျိုးဖြစ်နိုင်သလား။**

လုံးဝမဖြစ်ပါဘူး။ အကျဉ်းသားလွှတ်ပေးတဲ့အပေါ်မှာလျှော့သွားတာမျိုးလည်းမဖြစ်နိုင်ပါဘူး။ တိုင်းရင်းသားတွေကိစ္စနဲ့ ပတ်သက်ပြီးတော့လည်း သူပိုပြီးတော့ အလေးအနက်ရှိလာမယ်လို့ ထင်တယ်။ ဟီလာရီကလည်း အလေးအနက်ရှိတဲ့ပုံစံနဲ့ပြောသွားတယ်။

**ဟီလာရီကလင်တန်က ကြားဖြတ်ရွေးကောက်ပွဲမှာ ဒေါ်အောင်ဆန်းစုကြည်ဝင်ပြိုင်ဖို့ အသိအမှတ်ပြုတိုက်တွန်းတဲ့ပုံစံမျိုးပြောတဲ့အတွက် လက်ရှိနိုင်ငံရေးမှာ အထဲက အင်အားစုတွေကပဲ ဆက်ကြိုးစားဖို့အခြေအနေ ဖြစ်လာနိုင်မလား။**

ဖြစ်နိုင်ပါတယ်။ တချို့က ပြောကြတယ်။ ဒေါ်အောင်ဆန်းစုကြည်မဝင်ပါနဲ့လို့ပြောကြတယ်။ ဒါပေမဲ့ သူ့မှာစည်းရုံးရေးအားကောင်းတယ်။ အတွေ့လည်းမရှိပါဘူး။ ဒေါ်စုက ပါလီမန်နိုင်ငံရေးလုပ်နိုင်သလို ပါတီနိုင်ငံရေးလည်း လုပ်နိုင်တဲ့အတွက် ဒီဘက်မှာလည်း ဆက်လုပ်နိုင်ပါတယ်။

**အစိုးရအနေနဲ့ တရုတ်နဲ့ အမေရိကန်ကြားမှာ ဘယ်လိုချိန်ညှိမယ်လို့ အဘအနေနဲ့မြင်ရလဲ။**

သူတို့က ဒီအတိုင်းပဲ ဆက်ဆံကြမှာပဲ။ အခုလည်း ဟီလာရီလာနေတဲ့အချိန်မှာကာကွယ်ရေးဦးစီးချုပ် တရုတ်ကို သွားနေတာရှိတယ်။ တခြားအရာရှိတွေသွားနေတာရှိတယ်။ အဲဒီတော့ ဒီချစ်ကြည်ရေးကတော့ မပြတ်ရှိနေတာပဲ။ သူတို့တိုင်းပြည်အတွက် အကျိုးစီးပွားရှိသလို ဒီဘက်တိုင်းပြည်ရဲ့အကျိုးစီးပွားလည်း လျော့လို့မဖြစ်ဘူး။ မျှမျှတတ ချင့်ချင့်ချိန်ချိန်တော့ လုပ်ကြရမှာ။ လိုချင်တာတွေချည်းပဲ အတင်းစွတ်ပြောနေလို့တော့မရဘူး။ အရင်တုန်းကလုပ်ထားတဲ့ကိစ္စတွေက လွှတ်တော်တွေ ဘာတွေ မရှိဘဲနဲ့ လူတစ်စုနဲ့လုပ်ခဲ့တာ။ အခုက လွှတ်တော်ပေါ်နေပြီဆိုတော့ အားလုံးက ပြောဆိုနေကြပြီ။ဇွတ်လုပ်လို့တော့ မရတော့ဘူး။ သူတို့ အပြန်ပြန် အလှန်လှန်နားလည်မှုတော့ရှိကြ ရမှာပဲ။

**မြန်မာနဲ့တရုတ်ဆက်ဆံမှုကိုသက်ရောက်မှုရှိနိုင်သလား။**

မနေ့က တရုတ်က ကြေညာချက်ထုတ်ထားတာရှိပါတယ်။ သူတို့ဘက်ကလည်း ဝမ်းသာတယ်ဆိုတဲ့သဘောမျိုးပြောထားတယ်။ အိမ်နီးချင်းကောင်းအနေနဲ့ ချစ်ကြည်ရေး ဆက်ရှိနေရမှာပါ။

**စီးပွားရေးနဲ့ ပတ်သက်ပြီးတော့ရော ဘာတွေများ ပြောင်းလဲလာနိုင်မယ်ထင်ပါသလဲ။**

စီးပွားရေးနဲ့ပတ်သက်တဲ့ အကန့်အသတ် အတားအဆီးတွေကဒီဘက်က အပြောင်းအလဲတွေပိုပြီးတိုးတက်လာတာနဲ့အမျှ နိုင်ငံအတွက် ပိုပြီးတော့ အကောင်းဘက်ကို ဖွံ့ဖြိုးတိုးတက်အောင် လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးအားဖြင့် ထပ်ပြီးကောင်းလာစရာရှိတယ်လို့ ဟီလာရီက ပြောသွားတဲ့အထဲမှာလည်းပါတယ်။ ဒီအစိုးရနဲ့ပတ်သက်ပြီး သူတို့မှာ လုပ်ကိုင်ပေးစရာ၊ ဆောင်ရွက်ပေးစရာတွေကျန်သေးတယ်။ ပြေလည်အောင်လုပ်ကိုင် ပေးနိုင်ဖို့အတွက်ကျန်တယ်။ ဒါတွေကိုဆက်လုပ်ဖို့တိုက်တွန်းတယ်။ လုပ်စရာတွေတိုးတက်လာတာနဲ့အမျှ သူတို့ဘက်က အစိုးရနဲ့ဆောင်ရွက်ပေးမယ့်ကိစ္စတွေမှာ ဆက်လက်ဆောင်ရွက်မယ်ဆိုတဲ့ ပုံစံပြောသွားတယ်။ သူက တည်တည်ငြိမ်ငြိမ်နဲ့ ကတိကဝတ်သဘောမျိုးပြောတာတွေ၊ တိတိကျကျတွေ ပြောတဲ့အတွက် တိုးတက်လာမယ်ဆိုတဲ့အလားအလာရှိတယ်လို့ မျှော်လင့်တယ်။

## ဒေါက်တာတူးဂျာ

**(ကချင်တိုင်းရင်းသားခေါင်းဆောင်)**

**ဟီလာရီရဲ့ ခရီးစဉ်က မြန်မာနိုင်ငံရဲ့ ပြည်တွင်းရေး အခြေအနေပေါ်မှာ ဘယ်လိုများ သက်ရောက်မှုရှိနိုင်ပါသလဲ။**

ဒါဟာတိုးတက်မှုရှိတယ်လို့ ထင်တယ်။ တိုင်းရင်းသားအရေးကိုလည်း သူအလေးထားတဲ့သဘောလို့ ကြားသိရတယ်။ ဒါကြောင့်အစိုးရအနေနဲ့လည်း အရင်ကထက်ပိုပြီး စဉ်းစားပေးမယ်လို့ထင်တယ်။

**တိုင်းရင်းသားဒေသက ကိစ္စတွေ၊ အထူးသဖြင့် ကချင်လို ဒေသက မငြိမ်သက်မှုကိစ္စတွေမှာရော ဘယ်လောက်ထိတိုးတက်မှုရှိမယ်လို့ထင်လဲ။**

အခုအဓိကကျတာကကချင်ဒေသပေါ့။ ဒီတော်တော်လေးဖြစ်ပျက်နေတဲ့နေရာ။ အခုလည်းပဲ မိတ်ဆွေနိုင်ငံတွေက လူကြီးတွေက လာလည်ပြီးတော့ ဒီပြဿနာတွေကို အမြန်ဖြေရှင်းဖို့ အကြံဉာဏ်ပေးသွားတယ်။ ဒါကြောင့် အစိုးရက အလေးထားပြီး ကချင်ဒေသမှာ ဖြစ်ပျက်နေတဲ့ ပဋိပက္ခတွေအမြန်ဆုံး ပြေလည်လာမယ်လို့ထင်တယ်။

**အချိန်ကာလကိုရော ခန့်မှန်းနိုင်ပါသလား။**

ဒါကကြာကြာတော့ ဖြစ်မယ်မထင်ဘူး။ မနေ့အမြန်တော့ ဖြေရှင်းပေးကြမယ်လို့ထင်တယ်။ ကြာကြာဆွဲထားလို့ကောင်းတာမျိုးလည်းမဟုတ်ဘူး။

**ကြားဖြတ်ရွေးကောက်ပွဲမတိုင်ခင် ငြိမ်းချမ်းရေးကိစ္စအကောင်အထည်ဖော်လာနိုင်မယ်ထင်ပါသလား။**

အဲဒါကတော့ ပြောရနည်းနည်းခက်လိမ့်မယ်။ ဘာကြောင့်လဲဆိုရင်ကြားဖြတ်ရွေးကောက်ပွဲ

**တစ်ဖက်သို့**



# အချပ်ပိုမျက်နှာဖုံး - ဟီလာရီ၊ မြန်မာပြည်နှင့် သမိုင်းဝင် ထို၃ရက် မှ

သမ္မတဦးသိန်းစိန်ကခန်းမဆောင်အတွင်းဝင်ရောက်လာသောကန်နိုင်ငံခြားရေးဝန်ကြီးကို ကြိုဆိုနှုတ်ဆက်ကာအဆွေတော်တို့ကို ကြိုဆိုကြောင်း အစချီပြီး ၎င်းတို့နှစ်ဦးသည်တစ်နာရီကျော်ကြာတွေ့ဆုံခဲ့ကြသည်။နေ့လယ်စာအတူစားသုံးချိန်တွင်လည်း ဆက်လက်ဆွေးနွေးဖြစ်ခဲ့ကြသည်ဟု ဟီလာရီကလင်တန်၏ ပြောရေးဆိုခွင့်ရှိသူက သတင်းထုတ်ပြန်သည်။ ကမ္ဘာ့ဩဇာလွှမ်းမိုးမှုအရှိဆုံးအမျိုးသမီးများစာရင်းတွင် အမြဲတမ်းပါဝင်လေ့ရှိသူဝန်ကြီးဟီလာရီကသမ္မတနှင့်တွေ့ဆုံစဉ်နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများကို ကြိုဆိုကြောင်းပြောကြားကာ ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေသူများကိုအမြန်ဆုံးလွှတ်ပေးရေး၊တိုင်းရင်းသားလူမျိုးစုများအကြားဖြစ်ပွားနေသောလက်နက်ကိုင်တိုက်ပွဲများအဆုံးသတ်ကာ ငြိမ်းချမ်းရေးရရှိရန်၊ မကြာသောကာလတွင်ကျင်းပသွားတော့မည့် ဒေါ်အောင်ဆန်းစုကြည်နှင့် သူမ၏ပါတီတို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ကြားဖြတ်ရွေးကောက်ပွဲကို လွတ်လပ်ပြီး တရားမျှတသောရွေးကောက်ပွဲအဖြစ် ကျင်းပသွားရန်နှင့် မြောက်ကိုရီးယားနှင့် ဆိုင်သော ဆက်ဆံရေးကိစ္စများကို အလေးပေး ဆွေးနွေးသွားခဲ့သည်။သမ္မတကလည်းမြန်မာနိုင်ငံအနေနှင့်ကုလသမဂ္ဂ၏ဆုံးဖြတ်ချက်ဖြစ်သည့် အမှတ်၁၇၁၈နှင့် ၁၇၈၄တို့အပေါ် လေးစားလိုက်နာလျက်ရှိကြောင်းပြောကြားခဲ့သဖြင့် ယင်းမှာမြောက်ကိုရီးယားမှထုတ်လုပ်သော စစ်လက်နက်ကိရိယာများ ဝယ်ယူခြင်းမရှိကြောင်းပြောကြားလိုက်ခြင်းနှင့် အဓိပ္ပာယ်တူညီလေသည်။

လက်ရှိ မြန်မာနိုင်ငံ၏ ဒီမိုကရေစီဖော်ဆောင်မှုမှာ လမ်းကြောင်းမှန်ပေါ် ရောက်နေပြီး ပြည်တွင်းပြည်ပထောက်ခံမှုများကြောင့် မိမိတို့အနေဖြင့် နောက်ကြောင်းပြန်လှည့်ရန်မရှိကြောင်း သမ္မတ ဦးသိန်းစိန်က ပြောသည်။ ဝန်ကြီးကလင်တန်အနေနှင့် နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်သွားရန် မြန်မာကိုယ်စားလှယ်အဖွဲ့ကို လာမည့်နှစ်အစောပိုင်းတွင်အမေရိကန်နိုင်ငံသို့လာရောက်ရန်ဖိတ်ခေါ်ခဲ့သည်။မြန်မာနိုင်ငံ၏ ဘဏ္ဍာစနစ်ကောင်းမွန်အောင်ကူညီမည်ဟု ကတိစကားဆိုခဲ့ပြီး လူမှုရေးလုပ်ငန်းများတွင် ကူညီထောက်ပံ့မည်ဟုသူမက ပြောကြားခဲ့သည်။

ဝန်ကြီးဟီလာရီကလင်တန်က ထိုတွေ့ဆုံဆွေးနွေးမှုကို ထိရောက်လေးနက်ပြီးပွင့်လင်းသောဆွေးနွေးမှုဟုမှတ်ချက်ပြုခဲ့သည်။ ထို့နောက်ဝန်ကြီးကလင်တန်သည် ပြည်ထောင်စုလွှတ်တော်နာယက၊ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌတို့နှစ်ဦးကိုလည်းခမ်းနားလှသည့် လွှတ်တော်ဧည့်ခန်းမဆောင်များတွင်သွားရောက်တွေ့ဆုံဆွေးနွေးခဲ့သည်။

ဒီဇင်ဘာ ၁ ရက် နေ့လည်၃နာရီဝန်းကျင်တွင် နေပြည်တော်ဟိုတယ်ဇုန်ရှိ သင်္ဂဟဟိုတယ်၏ အခန်းငယ်တစ်ခုတွင် ကင်မရာကိုယ်စီနှင့်မှတ်စုစာအုပ်ကိုယ်စီကိုင်ဆောင်ထားသော သတင်းသမားများရောက်ရှိနေရာယူထားကြလေပြီ။ ဟောလိဝုဒ်ရုပ်ရှင်ပြကွက်များထဲကအတိုင်းလုံခြုံရေးတာဝန်ယူထားသည့် အနောက်တိုင်းဝတ်စုံများကိုယ်စီဝတ်ဆင်ထားသူများကအခန်းငယ်အတွင်းရှိလူများကိုမျက်စိဒေါက်ထောက်ကြည့်ရှုကာ မကြာခဏဆိုသလိုရင်ဘတ်တွင် တပ်ဆင်ထားသောမိုက်ကရိုဖုန်းအသေးစားများဖြင့် အချင်းချင်းပြောဆိုနေကြသည်။

၃နာရီနှင့် မိနစ်၂၀အချိန်တွင်တော့ မိုးပြာရောင်ဝတ်စုံကိုလည်ဆွဲအပြာရောင်နှင့် လိုက်ဖက်စွာ ဝတ်ဆင်ထားသော်ဝန်ကြီး ဟီလာရီကလင်တန်သည် သတင်းစာရှင်းလင်းပွဲပြုလုပ်မည့် အခန်းငယ်အတွင်းတက်ကြွသောခြေလှမ်းများနှင့်လှမ်းဝင်လာသည်။

“မင်္ဂလာပါ။ ကျွန်မပြောသလိုဟုတ်ရဲ့လား။ ရှင်တို့ဘယ်လိုပြောလဲ”ဟုနှုတ်ခွန်းဆက်စကားဆိုလာသော သူမ၏အမေးကို အခန်းတွင်းရှိ မြန်မာသတင်းသမားများက “မင်္ဂလာပါ”ဟုပြန်အော်လိုက်သည်။သူမက “မင်္ဂလာပါ”ဟုပီပီသသဖြင့်ထပ်မံနှုတ်ဆက်ပြီးချိန်တွင်တော့ ယင်းနေ့နံနက်က တွေ့ဆုံဆွေးနွေးခဲ့သမျှကို သတင်းထောက်များအား ပြောကြားတော့သည်။

ပြောကြားသမျှတွင် ဦးသိန်းစိန်အစိုးရ၏လက်ရှိပြုပြင်ပြောင်းလဲရေးများကို ကြိုဆိုကြောင်း အပါအဝင် အကျဉ်းသားအရေး၊ နိုင်ငံအရေး၊

**တစ်ဖက်သို့**

ကတော့ လအနည်းငယ်အတွင်းမှာဖြစ်လာနိုင်တဲ့အတွက်။ ဒီပြဿနာကတော့ပြောရနည်းနည်းခက်တယ်။ သူ့ထက်လည်းနောက်ကျရင်နောက်ကျနိုင်တယ်။

**ဟီလာရီရဲ့ခရီးစဉ်မှာ စေ့စပ်ဆွေးနွေးမှုအတွက် အစိုးရကို ဘယ်လောက်ထိတွန်းအား ဖြစ်လာနိုင်မယ်လို့ထင်သလဲ။**

ဖြစ်လာမှာပါ။ ကောင်းတဲ့ဘက်ကို ပြောင်းလဲပေးဖို့ အထင်အရှားကြီးဖြစ်လာမှာပါ။

**ဟီလာရီက ပြောသွားပါတယ်။ ငြိမ်းချမ်းရေး ရပြီဆိုရင်ဒေသဖွံ့ဖြိုးရေးတွေ လုပ်ပေးမယ်ဆိုတဲ့အတွက် ဒီဒေသမှာ လုံးဝငြိမ်းချမ်းရေး ဖြစ်လာနိုင်မယ်လို့ ယုံကြည်ပါသလား။**

ဒါကတော့ မျှော်လင့်ချက်ထားပါတယ်။ ငြိမ်းချမ်းရေးတို့ ဒေသဖွံ့ဖြိုးရေးတို့လုပ်ကြရမှာပါ။

**အခု အမေရိကန်က ဝင်လာတဲ့ အနေအထားက တရုတ်နိုင်ငံကို တွန်းအားပေးတာမျိုးဖြစ် လား။**

တရုတ်အစိုးရရဲ့ ထုတ်ပြန်ချက်က အကောင်းဘက်ကလို့ကြားသိရတဲ့အတွက် ဒါက ပြဿနာတော့ရှိမယ်မထင်ဘူး။ နိုင်ငံကြီးအချင်းချင်း ဒီလိုပဲရှိကြမှာပဲ။ ကျွန်တော်တို့နိုင်ငံအနေနဲ့လည်း တရုတ်က အိမ်နီးချင်းနိုင်ငံဖြစ်တဲ့အတွက် အိမ်နီးချင်းနဲ့ ဆက်ဆံရမှာပဲ။ ဒါကိုတော့ နားလည်မှု ရှိကြမယ်လို့ထင်တယ်။ ပြဿနာတော့မပေါ်နိုင်ဘူးထင်ပါတယ်။

**ဟီလာရီကလင်တန်က ဒေါ်အောင်ဆန်းစုကြည်ကိုကြားဖြတ်ရွေးကောက်ပွဲဝင်ဖို့ တိုက်တွန်းတဲ့အနေအထားပြောသွားတဲ့အတွက် ပြည်တွင်းနိုင်ငံရေးမှာ ဘယ်လိုအနေအထားမျိုးဖြစ်လာနိုင်မလဲ။**

နိုင်ငံရေးအခင်းအကျင်းကတော့ ဒေါ်စုကိုယ်တိုင် ပါဝင်လာရင်ပိုကောင်းတာပေါ့။ ဥပဒေဘောင်အတွင်းမှာ ဝိုင်းဝန်းလုပ်ဆောင်ကြရင် ပိုကောင်းတာပေါ့။ ဥပဒေပြင်ပကနေ ပြောဆိုရာက ဥပဒေဘောင်အတွင်းက ပြောဆိုတာပိုကောင်းတယ်လို့ထင်တယ်။ အန်ကယ်တို့အနေနဲ့တော့ အပြုသဘောဆောင်တယ်လို့ မြင်ပါတယ်။

**အပြောင်းအလဲ အချို့ဖြစ်လာတာနဲ့ပတ်သက်ပြီးတော့ရော ဘာများပြောချင်ပါသေးလဲ။**

ဒီလိုပြောင်းလဲလာတာတော့ အင်မတန်အားရစရာကောင်းပါတယ်။ ထင်ထားတာထက်ပိုပြီးတော့ မြန်ဆန်တယ်။ ဒီလောက်မြန်ဆန်ကြီးဖြစ်လာမယ်လို့တောင်မထင်ဘူး။ အခုမြန်ဆန်တယ်လို့ပဲထင်တယ်။ တစ်ခုရှိတာကတော့ ပြည်တွင်းငြိမ်းချမ်းရေးပေ့ါ။ ပြည်တွင်းငြိမ်းချမ်းရေးနှောင့်နှေးနေမှာကိုတော့ စိုးရိမ်တယ်။ တခြားပြဿနာတွေကတော်တော်လေး ဖြေရှင်းလို့ရလာပြီ။ အကျဉ်းသားတွေကိစ္စမှာလည်း လွှတ်သင့်လွှတ်ထိုက်တဲ့အကျဉ်းသားတွေ လွှတ်ပေးဖို့၊ ပြည်တွင်း ငြိမ်းချမ်းရေးကိုအမြန်ဆောင်ရွက်နိုင်ဖို့။ ဒီကိစ္စနှစ်ခုကိုမြန်နိုင်သမျှမြန်အောင်ဆောင်ရွက်နိုင်ရင် ပိုပြီးကောင်းမယ်လို့ထင်တယ်။

## ဦးရဲမြတ်သူ

**နာယက**

**(မန္တလေးတိုင်းဒေသကြီး ကွန်ပျူတာလုပ်ငန်းရှင်များအသင်း)**

**ဟီလာရီရဲ့ခရီးစဉ်က ပြည်တွင်းရေးအခြေအနေပေါ်ကို ဘယ်လောက်ထိ သက်ရောက်မှုရှိနိုင်သလဲ။**

ရှိတာပေ့ါ။ ကျွန်တော်တို့က နည်းပညာနဲ့ အိုင်စီတီပိုင်းကကြည့်တာ။ အဓိက နည်းပညာနဲ့ပတ်သက်တဲ့Facebook, Google, Microsoft စတာတွေက အမေရိကန့်မကင်းဘူးလေ။ နောက်တစ်ခုအွန်လိုင်း Banking လုပ်မယ်ဆိုရင်တကယ့်Net-working နဲ့ပတ်သက်တဲ့ နည်းပညာ၊ လုံခြုံရေးနဲ့ပတ်သက်တဲ့ နည်းပညာကတော့ သူတို့မပါရင် မရဘူး။ ဒါကြောင့် ဒီ Technology နဲ့ပတ်သက်တာတွေက လျော့သွားလို့ရှိရင် ကျွန်တော်တို့ နိုင်ငံအတွက်အများကြီးအကျိုးရှိတာပေ့ါ။

**ဒါဆို ခရီးစဉ်ပြီးတဲ့နောက် ဘယ်လို ပြောင်းလဲမှုတွေ မြင်သွားနိုင်မယ်ထင်လဲ။**

ဒါက ကျွန်တော်တို့နိုင်ငံက ထုတ်ကုန်တွေ ခုချိန်ရောင်းချင်တယ်ဆိုရင်တောင် နယ်စပ်တိုင်းပြည်တွေကိုရောင်းရင် ရောင်း၊ မရောင်းရင်စင်ကာပူကိုပို့ရတာ။ သူတို့နိုင်ငံနဲ့ ဆက်သွယ်နိုင်တဲ့ အခွင့်အရေးမှ ကျွန်တော်တို့မှာမရှိတာ။ အခုဒါတွေကို ကျော်လွှားနိုင်ပြီဆိုရင်၊ Made in Myanmar ကို လက်ခံနိုင်တယ်ဆိုရင် ကျွန်တော်တို့ရဲ့ ဖြန့်ချိကုန်သွယ်မှုတွေ အကုန်လုံးက စင်ကာပူကနေဖြတ်ပြီး နိုင်ငံတကာဖြတ်နေရတဲ့အနေအထားကနေနိုင်ငံတကာနဲ့တိုက်ရိုက်ဆက်သွယ်နိုင်တဲ့ အခွင့်အရေးရသွားတာပေ့ါ။

**ဟီလာရီခရီးပြီးနောက် ပိတ်ဆို့မှုတွေချက်ချင်းမပယ်ဖျက်နိုင်ရင်**



**တောင် လှုပ်ရလာနိုင်မယ့် အခြေအနေရှိနိုင်လား။**

တကယ်တမ်းတော့ စီးပွားရေးပိတ်ဆို့မှုဆိုတာ လုပ်ဖို့ ခက်သလိုပြန်ဖြေဖို့လည်း ခက်တယ်။ အမေရိကန် သမ္မတဆိုတာက တခြားနိုင်ငံတွေလို အာဏာရှိတယ်ဆိုပြီး လုပ်ချင်တိုင်းလုပ်လို့မရဘူး။ Check and Balance တွေ အများကြီးရှိတာဆိုတော့ လုပ်တုန်းကလည်း ခက်ခက်ခဲခဲလုပ်ခဲ့ရသလို ပြန်ဖြေဖို့လည်းရှိမှာပဲ။ တစ်ချိန်တည်းမှာပဲ ဒါတွေအားလုံးလုပ်ရမလား၊ မလုပ်ရဘူးလားဆိုတာတွေ၊ ဆွေးနွေးတာတွေ၊ အပြန်အလှန်ပြောတာတွေ၊ အားလုံး သဘောတူပြီး ပိတ်ဖို့လိုအပ်တာနဲ့ ဖြုတ်ဖို့လိုအပ်တာတွေလည်း ရှိမှာပဲ။ မူလရည်ရွယ်တာကတော့ အားလုံး ပိတ်ဆို့ဖို့ရည်ရွယ်ပေမယ့် အခုအနေအထားမှာ မထိရောက်တာမျိုးဖြစ်နေရင် ဒါကို ထပ်ပယ်ဖျက်ပစ်မလားဆိုတာကို စဉ်းစားမယ်လို့ထင်တယ်။

**အခုအမေရိကန်နဲ့ခြေလှမ်းတွေကတရုတ်နိုင်ငံနဲ့စီးပွားအရေးဆိုင်ရာ ကူးလူးဆက်ဆံမှုကိုရော ထိခိုက်မှုရှိနိုင်သလား။**

အဲလိုကတော့ပြောလို့မရပါဘူး။ အမေရိကန်ပစ္စည်းတွေအားလုံးက တရုတ်ကပဲ ဝင်ကြတာ။ တရုတ်ကို အမေရိကန်အားလုံးပေးထားတာ။ ယိုးဒယားနဲ့ စင်ကာပူမှာဝယ်လို့မရတဲ့ပစ္စည်းတွေတောင်တရုတ်မှာရှိတယ်။ ဆိုလိုတာက အမေရိကန်က တရုတ်မရှိဘဲနဲ့ မပြေလည်နိုင်ဘူး။ ကျွန်တော်တို့ကသာ ရန်သူလိုသဘောထားပြီးဟိုဘက်ပါမလား၊ ဒီဘက်ပါမလား ဇာတ်တွေရှုပ်နေတာ။ ဘာဖြစ်လို့လဲဆိုရင် အမေရိကန်မှာက သူတို့ရဲ့ပစ္စည်းတွေကို တရုတ်ကသာထုတ်မပေးရင်တစ်ကမ္ဘာလုံးကို ဘယ်လိုမှ မဖြန့်နိုင်ဘူး။ သူ့ရဲ့ထုတ်လုပ်မှုကုန်ကျစရိတ်က ကြီးတဲ့အတွက် ဒီလိုပဲ တရုတ်ကလည်း ကမ္ဘာက လက်ခံတဲ့ပစ္စည်းအားလုံးကို တရုတ်ကိုယ်တိုင်ထုတ်ရင် ဘယ်သူမှ မဝယ်ဘူး။ အမေရိကန်ဒီဇိုင်းနဲ့ အမေရိကန်တံဆိပ်တွေနဲ့မှဝယ်တဲ့အတွက် သူတို့နှစ်ယောက်က ကုန်သွယ်ဖက်တွေပဲ။ တရုတ်ကလည်း အမေရိကန် မရှိလို့မရဘူး။ အမေရိကန်ကလည်း တရုတ်မရှိလို့မရဘူး။ သူတို့အချင်းချင်း မတည့်ပေမယ့် ဒါက စစ်အေးတိုက်ပွဲခေတ်တုန်းကလို ရုရှားနဲ့ အမေရိကန် အနေအထားမျိုး တရုတ်နဲ့ အမေရိကန်မှာ မရှိဘူး။ အရင်တုန်းကဖြစ်ခဲ့တဲ့ ရုရှားဘက်ပါရင် အမေရိကန်နဲ့ အဆင်မပြေဘူးဆိုတဲ့ အမြင်မျိုးက ဒီခေတ်ကာလမှာမြင်လို့မရတော့ဘူး။

**စီးပွားရေးလုပ်ငန်းရှင် တစ်ယောက်အနေနဲ့ ဟီလာရီကလင်တန်ရဲ့ခရီးစဉ်ကအကောင်းဘက်ကိုပြောင်းလဲလာနိုင်မယ်ထင်လား။**

အကောင်းဘက်ကိုပြောင်းလဲလာသလားဆိုတာ တကယ်တမ်း ငါးနှစ်လောက်ကိုသာ ပြန်ကြည့်လိုက်။ အဲဒီအချိန်တုန်းက ဘယ်လိုမှ ထုတ်လို့မရတဲ့စာအုပ်တွေ၊ ဗိုလ်ချုပ်ပုံနဲ့ စာအုပ်တွေ၊ ၁၉၅၀ ဝန်းကျင်က စာအုပ်တွေ၊ ပွင့်ပွင့်လင်းလင်းရောင်းနေတယ်။ ပြောင်းတယ်မပြောင်းဘူးဆိုတာက ဘယ်ပေတံနဲ့တိုင်းသလဲဆိုတာပဲမူတည်တယ်။ ဘာမှပိုက်ဆံမရှိတဲ့ လူတစ်ယောက်က အိမ်ပိုင်ဖြစ်သွားပြီး ကားလေးရှိသွားပြီဆိုရင် သူဟာ ပြောင်းလဲသွားပြီလို့ပြောလို့ရတယ်။ လန်ခရူဆာမစီးနိုင်တဲ့အတွက် သူဟာ သူဌေးမဟုတ်ဘူးလို့ပြောတဲ့သူကလည်း ပြောမှာပဲ။ သူ သူဌေးဟုတ်တယ်မဟုတ်ဘူးက လန်ခရူဆာစီးတာမစီးတာနဲ့မဆိုင်ဘူး။ သူ မနေ့ကရှိတဲ့ပိုက်ဆံနဲ့ ဒီနေ့ရှိတဲ့ပိုက်ဆံ ပိုရင်သူဌေးဖြစ်တာပဲ။ အဲလိုပြောခဲ့တယ်ဆိုရင် ကျွန်တော်တို့က ပြီးခဲ့သော ၃၊ ၄၊ ၅ နှစ်ကို ပြန်ကြည့်ရင် ကျွန်တော်တို့နိုင်ငံမှာရှိတဲ့ ပြည်တွင်းအလုပ်အကိုင်တွေကြည့်ရင် ပိုဆိုးတာတွေရှိသလို ပိုကောင်းတာတွေလည်းရှိမှာပဲ။

**ဟီလာရီကလင်ရဲ့ခရီးစဉ်က နိုင်ငံရေးနဲ့ စီးပွားရေးမှာ ဘယ်ဘက်ကို အလေးသာတဲ့ပြောင်းလဲမှုတွေဖြစ်လာနိုင်မယ်လို့ထင်သလဲ။**

အဲဒီနှစ်ခုကတော့ ဆက်စပ်နေတယ်။ ပြောင်းလဲမှုတွေအားလုံးက နိုင်ငံရေးပေါ်လစီပေါ်မှာမူတည်တယ်။ ပြောင်းလဲတယ်ဆိုတဲ့နေရာမှာလည်းအောက်ခြေကလူတွေကိုသွားမေးရင်တော့ ဘာမှမပြောင်းလဲသေးတဲ့အတွက် မပြောင်းလဲဘူးလို့ပြောမှာပဲ။ ဒါ ပေမဲ့ အပေါ်ပိုင်းက တဖြည်းဖြည်းပြောင်းလဲလာရင် အောက်ကလည်း လိုက်ပြောင်းလာမှာပဲ။ အခုကာလကိုကူးပြောင်းရေးကာလလို့ ပြောနိုင်တယ်။ ၁၉၉၀ လောက်ကနေကြည့်ရင်တောင် အမေရိကနဲ့ အရှေ့အလယ်ပိုင်းနိုင်ငံတွေမှာ အာဏာရှင်စနစ်ကနေ ဒီမိုကရေစီစနစ်ကိုကူးပြောင်းတယ်။ အဲဒီမှာနိုင်ငံရေးကနေစပြီး တခြားလုပ်လို့ရတာတွေ ပြောင်းလဲလာတာတွေရှိတယ်။ လုပ်လို့မရဘူးဆိုပြီးတော့မလုပ်ဘဲနေတဲ့သူတွေ ကျန်ခဲ့တယ်။ အရဲစွန့်ပြီးတက်လာတဲ့သူတွေ ရသွားတယ်။ အကုန်လုံးဖြည်းဖြည်းချင်းပဲစကြတာပဲ။ ပြီးပြည့်စုံတဲ့ လူနေမှုဘဝကိုတော့ ဘယ်တော့မှ တစ်ခါတည်းနဲ့မရနိုင်ဘူး။ အဲဒါတွေကိုကြည့်ခြင်းအားဖြင့် ဒီကူးပြောင်းရေးဆိုတဲ့ လမ်းပေါ်မှာရှိနေရင် မရောက်သေးတာတော့၊ မရောက်သေးတာဆိုပေမယ့် တဖြည်းဖြည်းနဲ့တော့ ဒီပြောင်းလဲမှု အဆင့်လမ်းကြောင်းပေါ်မှာလမ်းကြောင်းလွဲမသွားသေးဘူးလို့ ပြောလို့ရတယ်။

**ဦးရဲမြတ်သူအနေနဲ့ တိုးတက်ပြောင်းလဲမှုဖြစ်နေပြီလို့ ပြောတာပါလား။**

တိုးတက်မှုလမ်းကြောင်း ပေါ်မှာရှိတယ်လို့ပြောနိုင်ပါတယ်။

တိုင်းရင်းသားအရေးကိစ္စများကို ဖြည်းဖြည်းမှန်မှန်နှင့်ပြောကြားသွားခဲ့သည်။ မြန်မာနိုင်ငံမှ စီးပွားရေးသမားအများစု မျှော်လင့်နေကြသော စီးပွားရေးပိတ်ဆို့မှုများ ဖယ်ရှားပေးရေးကိုမူ အမေရိကန်အနေနှင့် အဆင်သင့် မဖြစ်သေးဘဲ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးခြေလှမ်းများနှင့်အညီ လိုက်လံစဉ်းစားဆောင်ရွက်သွားမည်ဟုသူမကပြတ်သားစွာပြောကြားခဲ့သည်။ နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ရန် မြန်မာနိုင်ငံတွင် အမေရိကန်သံအမတ်ကြီးအဆင့် ခန့်အပ်နိုင်ရေး စဉ်းစားသွားမည်ဟုလည်း သူမက ပြောသည်။

ယင်းနေ့မှာပင် သူမနှင့်၄၃ယောက်သောအဖွဲ့သည် စီးနင်းလာသောလေယာဉ်ဖြင့်ပင်ရန်ကုန်မြို့သို့ထွက်ခွာခဲ့ပြီးမြန်မာ့အထင်ကရ ရွှေတိဂုံစေတီတော်သို့သွားရောက်ဖူးမြော်ကြသည်။

ထိုည(ဒီဇင်ဘာ၁ရက်)မှာပင် ဟီလာရီကလင်တန်သည် သူမနှစ်ရှည်လများကိုယ်တိုင်တွေ့ဆုံနှုတ်ဆက်လိုသော မြန်မာဒီမိုကရေစီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်နှင့် နှစ်ဦးသားတွေ့ဆုံကာ သံရုံးယာယီယာဝန်ခံနေအိမ်တွင် သီးသန့်ညစာစားခဲ့ကြသည်။

ဒီဇင်ဘာ ၂ရက်နေ့တွင်တော့ လန်ဒန်မြို့ရှိဒေါင်းနင်းလမ်းနေအိမ်ကဲ့သို့ ကမ္ဘာကျော်လိပ်စာတစ်ခုဖြစ်သော ဒြိအမှတ်၅၄၊ တက္ကသိုလ်ရိပ်သာလမ်းတွင် သူမတို့နှစ်ဦး ထပ်မံတွေ့ဆုံခဲ့ကြသည်။ ပထမဆုံးဆုံတွေ့ဖူးခြင်းဖြစ်သော်လည်း ငယ်ပေါင်းကြီးဖော်များသဖွယ် ဖက်လဲတကင်းပွေ့ဖက်ကြကာ ဟီလာရီကလင်တန်က ဒေါ်အောင်ဆန်းစုကြည်၏ပါးပြင်နှစ်ဖက်ကိုမြတ်နိုးချစ်ခင်စွာနမ်းရှိုက်ခဲ့သည်။

ထို့နောက်တွင်တော့ အိမ်ဧည့်ခန်းမတွင် ဒေါ်အောင်ဆန်းစုကြည်တည်ခင်းသောမုန့်လိပ်ပြာ၊ မုန့်ကွဲသဲ စသည့်မြန်မာ့ရိုးရာမုန့်များနှင့် ရေနွေးကြမ်းတို့ကိုစားသောက်ကာ နိုင်ငံရေးအကျဉ်းသားများကိစ္စ၊ တိုင်းရင်းသားအရေးများ၊ ဒီမိုကရေစီဖော်ဆောင်ရေး၊မကြာတော့မည့်ကာလတွင်ကျင်းပတော့မည့် ကာလတွင်ကျင်းပမည့်ကြားဖြတ်ရွေးကောက်ပွဲများနှင့် မြန်မာနိုင်ငံ၏ အနာဂတ်အရေးတို့ကိုဆွေးနွေးခဲ့သည်။

သူမတို့နှစ်ဦးတွေ့ဆုံဆွေးနွေးခြင်းကပြည်သူများကို မျှော်လင့်ချက်ရောင်ခြည် ပိုမိုရှင်သန်လာစေခဲ့သည်။ ခရီးစဉ်အပြီး ဟီလာရီကလင်တန် အပြောအရ ယုံကြည်ချက်ကြောင့် အကျဉ်းကျနေသူများအမြန်ဆုံးလွှတ်ပေးရေးကိုကတိစကားဆိုခဲ့သည့်အတွက် မိသားစုဝင်များ၏မျှော်လင့်ခြင်းများလည်းတစ်ဖန်နိုးထလာသည်။

ဒေါ်အောင်ဆန်းစုကြည်သည် အခြားသောနိုင်ငံတကာမှ အစိုးရအရာရှိများ၊အထက်တန်းတာဝန်ရှိသူများနှင့် တွေ့ဆုံလျှင်ပုံမှန်တစ်နာရီဝန်းကျင်ကြာမြင့်သော်လည်း ယခုအကြိမ်တွင်မူနှစ်နာရီကျော်ကြာမြင့်ကာရင်းနှီးနွေးထွေးမှုကို ပိုမိုတွေ့မြင်ရသည်ဟု နိုင်ငံရေးသုံးသပ်သူများကပြောဆိုနေကြသည်။

"အမေရိကန်အနေနဲ့မြန်မာနိုင်ငံရဲ့မိတ်ဆွေဖြစ်လိုပါတယ်။ မြန်မာနိုင်ငံရဲ့အနာဂတ်ဒီမိုကရေစီဖော်ဆောင်ရေးမှာ လက်တွဲအလုပ်လုပ်လိုပါတယ်"ဟု ဟီလာရီကလင်တန်က မြန်မာ- အမေရိကန် နှစ်နိုင်ငံဆက်ဆံရေးအတွက် အရေးပါသောစကားတစ်ရပ်ကို ဒေါ်အောင်ဆန်းစုကြည်နှင့်တွေ့ဆုံအပြီး သတင်းစာရှင်းလင်းပွဲတွင်ပြောကြားလိုက်သည်။

ဒီဇင်ဘာ ၂ရက် ညနေပိုင်းတွင်တော့ ကန်ဝန်ကြီးဟီလာရီကလင်တန်စီးနင်းလာသော လေယာဉ်သည် ရန်ကုန်မြို့ နိုင်ငံတကာလေဆိပ်မှထွက်ခွာသွားသည်နှင့်သူမ၏သမိုင်းဝင်ထို၃ရက်တာခရီးမှာ ပြီးဆုံးသွားခဲ့သော်လည်း နှစ် ၂၀ကျော်ကြာအေးစက်ခဲ့သော မြန်မာ-အမေရိကန်နှစ်နိုင်ငံဆက်ဆံရေးမှာ ယခုမှပြန်လည်သက်ဝင်လှုပ်ရှားလာလေတော့သည်။

လွန်ခဲ့သောနှစ်ပေါင်း၅၆နှစ် ၁၉၅၅ခုနှစ်ကလာရောက်ခဲ့သည့် အမေရိကန် နိုင်ငံခြားရေး ဝန်ကြီးဂျွန်ဖော်စတာ၏ ခရီးစဉ်သည် ယနေ့တိုင် သမိုင်းမှတ်တမ်းတွင် ကျန်ရစ်သကဲ့သို့ ယခုဟီလာရီကလင်တန်၏ခရီးမှာလည်းမြန်မာ့သမိုင်းမှတ်တမ်းတွင် ကမ္ပည်းတင်ကျန်ရစ်တော့မည်ဖြစ်သည်။ သူမ၏သမိုင်းဝင်၃ရက်တာခရီးစဉ်ကိုမြန်မာပြည်သူလူထုအပါအဝင်၊နိုင်ငံတကာအသိုင်းအဝိုင်းကပါအောင်မြင်သောခရီးစဉ်တစ်ခု အဖြစ် မှတ်ချက်ပြုနေကြပြီး မကြာမီ မြန်မာနိုင်ငံတွင် ထူးခြားသောပြောင်းလဲမှုများ၊ဒီမိုကရေစီအရေးဖော်ဆောင်မှုများမြင်တွေ့ရလိမ့်မည်ဟု အများက မျှော်မှန်းနေကြသည်။

# မြောက်ကိုရီးယားနှင့် စစ်ရေးအရ ပြတ်တောက်ခြင်းကို အမေရိကန်ကြိုဆို

**အေးမြကျော်**

**နေပြည်တော် - ဒီဇင်ဘာ ၁**

မြန်မာနိုင်ငံအနေဖြင့်မြောက်ကိုရီးယားနိုင်ငံနှင့်စစ်ရေးအရ ပြတ်တောက်ရန် ဆုံးဖြတ်ချက်ကိုအမေရိကန်နိုင်ငံအနေနှင့် ကြိုဆိုကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီ ကလင်တန်က နေပြည်တော်တွင် ဒီဇင်ဘာ၁ရက်၌ ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင်ပြောကြားလိုက်သည်။

မြန်မာနိုင်ငံသမ္မတဦးသိန်းစိန်နှင့်အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်တို့ ဒီဇင်ဘာ၁ ရက်က နေပြည်တော်ရှိသမ္မတအိမ်တော်တွင်တွေ့ဆုံဆွေးနွေးစဉ် သမ္မတက ကုလသမဂ္ဂက ချမှတ်ထားသောဆုံးဖြတ်ချက်ဖြစ်သည့် အမှတ်၁၇၁၈နှင့်၁၇၈၄တို့အပေါ် လေးစားလိုက်နာလျက်ရှိကြောင်း ပြောကြားခဲ့သည်။

ကုလသမဂ္ဂကချမှတ်ထားသော ဆုံးဖြတ်ချက်အမှတ် ၁၇၁၈နှင့်၁၇၈၄ဆိုသည်မှာ မြောက်ကိုရီးယားနိုင်ငံမှ ထုတ်လုပ်သောစစ်လက်နက်ပစ္စည်းများကို ကမ္ဘာ့နိုင်ငံများကဝယ်ယူသုံးစွဲခြင်းမပြုရဟူသည့် ဆုံးဖြတ်ချက်ဖြစ်သည်။

ယင်းနေ့မှာပင်လက်ရှိပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်နေသော ဦးသူရရွှေမန်းက ယခင် တပ်မတော်အစိုးရလက်ထက်တွင် စစ်ဘက်ထိပ်တန်းအရာရှိကြီးအဖြစ် တာဝန်ယူခဲ့စဉ်က မြောက်ကိုရီးယားနိုင်ငံသို့သွားရောက်ကာ တပ်မတော်နှစ်ရပ်အကြားပူပေါင်းဆောင်ရွက်မှုများပြုလုပ်ရန် မြောက်ကိုရီး ယားတပ်မတော်ဦးစီးချုပ်နှင့် နားလည်မှုစာချွန်လွှာရေးထိုးခဲ့သည်ကို သတင်းထောက်များနှင့်တွေ့ဆုံစဉ်ပြောကြားခဲ့သည်ဟု ထိုရှင်းလင်းပွဲသို့ တက်ရောက်သောသတင်းထောက်များက ပြောကြားသည်။

ဦးသူရရွှေမန်းက အများထင်မြင်သလိုမြောက်ကိုရီး ယားနိုင်ငံနှင့် ချုကလီးယားကိစ္စနှင့်ပတ်သက်ကာ လက်မှတ်ရေးထိုးခဲ့ခြင်းမဟုတ်ကြောင်းကိုလည်းပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးသည်ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်လည်း ဒီဇင်ဘာ ၁ရက်နေ့က တွေ့ဆုံဆွေးနွေးခဲ့ရာ သူရဦးရွှေမန်းက မိမိကို မြောက်ကိုရီးယားအရေးကိစ္စနှင့်ပတ်သက်ပြီးတစ်စုံတစ်ရာမေးမြန်းမည်ဟု ကြိုတင်ခန့်မှန်းခဲ့သော်လည်း ဝန်ကြီးဟီလာရီအနေနှင့် မေးမြန်းခဲ့ခြင်းမရှိကြောင်းသိရသည်။

အမေရိကန် နိုင်ငံခြားရေးဝန်ကြီးတစ်ဦးအနေနှင့် မြန်မာနိုင်ငံသို့ နှစ်ပေါင်း၅၀ကျော်အတွင်း ပထမဆုံးလာရောက်သည့်ခရီးစဉ်အဖြစ်ဝန်ကြီးဟီလာရီကလင်တန်သည် မြန်မာနိုင်ငံသို့နိုဝင်ဘာ၃၀ရက်ကရောက်ရှိလာပြီး၃ရက်တာအတွင်း နေပြည်တော်တွင်သမ္မတဦးသိန်းစိန်၊ ပြည်ထောင်စုလွှတ် တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌတို့နှင့်တွေ့ဆုံ ခဲ့ပြီး ရန်ကုန်မြို့တွင်ဒေါ်အောင်ဆန်းစုကြည် အပါအဝင်တိုင်းရင်းသားခေါင်းဆောင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် မြန်မာနိုင်ငံ၏လက်ရှိဖြစ် ပေါ်နေသောအပြောင်းအလဲများ၊ အကျဉ်းသားလွှတ်ပေးရေးကိစ္စများ၊ တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများ စသည့်နိုင်ငံအတွက်အရေးကြီးသောကများကိုတွေ့ဆုံဆွေးနွေးခဲ့သည်။



# သမ္မတဦးသိန်းစိန်နှင့် ဒေါ်အောင်ဆန်းစုကြည်ထံသို့ ဝန်ကြီးဟီလာရီမှ တစ်ဆင့် အိုဘားမားစာပေးပို့

**အေးမြကျော်**

**ရန်ကုန်၊ ဒီဇင်ဘာ-၂**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီးတို့အား ဝန်ကြီး ဟီလာရီနှင့်အတူ တွေ့ရစဉ်** ဓာတ်ပုံ-အေအက်ဖ်ပီ

မြန်မာနိုင်ငံသို့ သမိုင်းဝင် ခရီးစဉ်အဖြစ် ၃ ရက်တာလာရောက်ခဲ့သော အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်နှင့်အတူ သမ္မတအိုဘားမားက မြန်မာနိုင်ငံသမ္မတ ဦးသိန်းစိန်နှင့် ဒေါ်အောင်ဆန်းစုကြည်ထံသို့ ကိုယ်တိုင်ရေးစာများ ပေးပို့ခဲ့ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

သမ္မတအိုဘားမားက သမ္မတဦးသိန်းစိန်သို့ ပေးသောစာတွင် လွန်ခဲ့သော နှစ်ပတ်ခန့်က အင်ဒိုနီးရှားနိုင်ငံ၊ ဘာလီကျွန်းတွင်တွေ့ဆုံခွင့်ရသည့် အတွက် ဝမ်းသာကျေနပ်ကြောင်း အစပြုပြောကြားပြီး မြန်မာနိုင်ငံအတွင်း ပြုပြင်ပြောင်းလဲရေးသို့ဦးတည်သောခြေလှမ်းများစွာအတွက်အားတက်မိကြောင်း စာ၏ပထမပိုဒ်တွင် ရေးသားထားသည်။ မြန်မာနိုင်ငံတွင်ရောက်ရှိနေသော အမေရိကန်နိုင်ငံခြားရေးဝန်ကြီးအနေနှင့် သမ္မတဦးသိန်းစိန်၏ပြုပြင်ပြောင်းလဲရေးအမြင်များကို ဆွေးနွေးရန်နှင့် အမေရိကန်ပြည်ထောင်စုအနေနှင့်မြန်မာနိုင်ငံ၏ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကြိုးပမ်းအားထုတ်မှုများကို မည်သို့ကူညီပေးနိုင်မည်ကို နည်းလမ်းရှာဖွေရန်၊ နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်ရန်တို့အတွက် ဝန်ကြီးကလင်တန်ကိုသွားရောက်ခိုင်းခဲ့ခြင်းဖြစ်သည်ဟုလည်း ထိုစာတွင် ရေးသားထားသည်။ လုပ်စရာအလုပ်များစွာ ရှိသေးပြီး ယခင်က ပြောကြားခဲ့သလိုပင် အဆွေတော်တို့၏ ကြိုးပမ်းအားထုတ်မှုများက ပြောင်းလဲမှုများ ဆက်လက်ဆောင်ရွက်သွားစေရန် အမေရိကန်ပြည်ထောင်စုအနေနှင့် စစ်မှန်သော လက်တွဲဖော်အဖြစ် အဆင်သင့်ရှိကြောင်းလည်း သမ္မတအိုဘားမားက စာတွင်ရေးသားထားသည်။ ထို့အပြင် ဝန်ကြီး ဟီလာရီကလင်တန်၏ သမိုင်းဝင်ခရီးစဉ်အတွက် ကြိုတင်ပြင်ဆင်ကာ ကူညီပေးခဲ့သည့်အတွက်ကျေးဇူးတင်ကြောင်းပြောကြားကာ ဝန်ကြီးကလင်တန်နှင့် သမ္မတဦးသိန်းစိန်ကို တွေ့ဆုံဆွေးနွေးမှုမှ လက်ဆုပ်လက်ကိုင်ပြနိုင်သော တွေ့ဆုံဆွေးနွေးမှုရလဒ်များကို ကြားရလိမ့်မည်ဟု မျှော်လင့်ကြောင်းနှင့် နှစ်နိုင်ငံဆက်ဆံရေးလမ်းကြောင်းအသစ်အဖြစ် ကျွန်ုပ်တို့ကို တင်ပေးလိမ့်မည်ဟု မျှော်လင့်မိကြောင်း ပြောကြားကာ စာကိုအဆုံးသတ်ထားသည်။

ဒေါ်အောင်ဆန်းစုကြည်ထံသို့ပေးပို့သော စာတွင် မကြာမီက တွေ့ဆုံစကားပြောခွင့်(ဖုန်းဖြင့်)ရခဲ့သည့်အတွက် လွန်စွာဝမ်းမြောက်ဝမ်းသာဖြစ်ရကြောင်း အစပြုကာ ပြောကြားခဲ့သည့် စာတွင် သမ္မတအိုဘားမားသည် ဒေါ်အောင်ဆန်းစုကြည်၏ သတ္တိရှိမှုနှင့် ဒီမိုကရေစီအရေးအတွက် မမိုတ်မသုန်ကြိုးစားရုန်းကန်ခဲ့ရမှုကို ကာလရှည်ကြာစွာကတည်းကပင် လေးစားအားကျခဲ့ရကြောင်း ပြောကြားခဲ့သည်။ မြန်မာနိုင်ငံအစိုးရ၏ လက်ရှိပြုပြင်ပြောင်းလဲရေးနှင့် ဒီမိုကရေစီအရေးဆောင်ရွက်နေသည့်ခြေလှမ်းများအတွက် ဝမ်းသာမိကြောင်းနှင့်အမေရိကန်နိုင်ငံခြားရေးဝန်ကြီးခရီးစဉ်မှာ အမေရိကန်နိုင်ငံအနေနှင့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများကိုမည်သို့အားပေးကူညီမှုများပြုလုပ်ပေးနိုင်မည်ကို လေ့လာရန်နှင့် လူ့အခွင့်အရေးကိစ္စများနှင့် မြန်မာပြည်သူများကို မည်သို့ ကူညီပေးနိုင်မည်ကို နည်းလမ်းရှာဖွေရန်လာရောက်ခြင်းဖြစ်ကြောင်း ပြောကြားပြီး ဝန်ကြီး၏ ခရီးစဉ်ကို ကြိုဆိုခဲ့သည့်အတွက် ကျေးဇူးတင်ကြောင်း ရေးသားထားသည်။

သမ္မတအိုဘားမားက ဒေါ်အောင်ဆန်းစုကြည်နှင့် ထပ်မံစကားပြောခွင့်ရလိုပြီး ဒေါ်အောင်ဆန်းစုကြည်အနေနှင့် ဒီမိုကရေစီ၏ တန်ဖိုးကို ကျွန်ုပ်တို့အပါအဝင် တစ်ကမ္ဘာလုံးကို သိစေခဲ့တဲ့အတွက် ကျေးဇူးအထူးတင်ရှိကြောင်းစာတွင် ရေးသားထားသည်။ စာ၏ အဆုံးသတ်တွင် သမ္မတအိုဘားမားက ကျွန်ုပ်တို့သည် သင်နှင့်အတူ ယခုရော၊ အမြဲတမ်းအတွက်ပါရပ်တည်ပေးသွားမည်ဟု ရေးသားထားသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဟီလာရီ ကလင်တန်သည် ဒီဇင်ဘာ ၁ ရက်ကသမ္မတဦးသိန်းစိန်နှင့် နေပြည်တော်၌ တွေ့ဆုံခဲ့ပြီး ဒီဇင်ဘာ ၂ ရက်ဒေါ်အောင်ဆန်းစုကြည်နှင့် ရန်ကုန်မြို့ရှိ သူမ၏ နေအိမ်၌ တွေ့ဆုံခဲ့သည်။

# အစိုးရနှင့်သာမက ဒေါ်အောင်ဆန်းစုကြည်နှင့်ပါ လက်တွဲအ

**အိဖြူလွင်**

**ရန်ကုန်၊ ဒီဇင်ဘာ- ၂**

ဒေါ်အောင်ဆန်းစုကြည်နှင့် ဒုတိယနေ့ တွေ့ဆုံမှုအပြီး အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်က ဒေါ်အောင်ဆန်းစုကြည်အား ခိုင်မာပြီး အလွန်ရှင်းလင်းပြတ်သားသော ခေါင်းဆောင်မှုအတွက် ကျေးဇူးတင်ကြောင်းပြောကြားပြီး အမေရိကန်ပြည်ထောင်စုသည် မြန်မာနိုင်ငံတွင်း အခြေအနေများ တိုးတက်ကောင်းမွန်ရေးအတွက် အစိုးရနှင့်ရော ဒေါ်အောင်ဆန်းစုကြည်ကဲ့သို့ ဒီမိုကရေစီအရေးလှုပ်ရှားသူများနှင့်ပါ ပူးတွဲအလုပ်လုပ်လိုကြောင်းပြောကြားလိုက်သည်။

ယနေ့နံနက်ပိုင်းက အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်၊ ဒေါ်အောင်ဆန်းစုကြည်နှင့်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ ဒေါ်အောင်ဆန်းစုကြည်နေအိမ်တွင် နှစ်နာရီနီးပါးကြာတွေ့ဆုံမှုအပြီး နှစ်ဦးစလုံးက ခရီးစဉ်နှင့်ပတ်သက်၍ မီဒီယာများသို့ ၇ မိနစ်ကြာ ထုတ်ပြန်ပြောဆိုမှုတစ်ရပ်ပြုလုပ်ရာ၌ အထက်ပါတိုင်းပြောကြားခဲ့ခြင်းဖြစ်သည်။

“ကျွန်မတို့အတူတကွ ရှေ့ဆက်တိုးတက်နိုင်မယ်ဆိုရင် ဒီမိုကရေစီစနစ်ဆီသွားမယ့် လမ်းကနေ နောက်ပြန်ဆုတ်စရာ အကြောင်းမရှိတော့ပါဘူးလို့ ယုံကြည်ပါတယ်။ ဒါပေမဲ့ ခုထက်ထိ အဲဒီလမ်းပေါ် ကျွန်မတို့မရောက်သေးပါဘူး”ဟု ဒေါ်အောင်ဆန်းစုကြည်ကပြောကြားသည်။

ဒေါ်အောင်ဆန်းစုကြည်က ဆက်လက်ပြီး မြန်မာအစိုးရနှင့် အမေရိကန်ထိတွေ့ဆက်ဆံမှုကို အလွန်တန်ဖိုးထားကြောင်း ပြောကြားခဲ့သည်။ နိုင်ငံရေးအကျဉ်းသားများအားလုံးလွတ်မြောက်ရေးနှင့် တိုင်းရင်းသားလူမျိုးစုပြဿနာများရပ်တန့်ရေးကိုလည်း တောင်းဆိုခဲ့သည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး၏ ခရီးစဉ်နှင့် ပတ်သက်ပြီး ဒေါ်အောင်ဆန်းစုကြည်ကပြောကြားရာတွင် နိုင်ငံခြားရေးဝန်ကြီး၏ ခရီးစဉ်သည် သမိုင်းဝင်ခရီးစဉ်တစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့် အမေရိကန်နိုင်ငံကိုကျေးဇူးတင်ရှိပါကြောင်း လက်ရှိကန်အစိုးရ၏

7DAY NEWS
Vol.10, No.38 · DECEMBER 8, 2011
ကန်နိုင်ငံခြားရေးဝန်ကြီး၏သမိုင်းဝင်ခရီး အထူးအချပ်ပို

# တိုင်းရင်းသားအဖွဲ့ခေါင်းဆောင်များနှင့် ဟီလာရီကလင်တန် သီးသန့်တွေ့ဆုံဆွေးနွေး

**အေးမြကျော်**

**ရန်ကုန်၊ ဒီဇင်ဘာ – ၃**

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်သည် တိုင်းရင်းသားအရေးကိစ္စများကို ဆွေးနွေးရန် တိုင်းရင်းသားနိုင်ငံရေးပါတီများ၊ လူမှုအဖွဲ့အစည်းများမှ ခေါင်းဆောင်များနှင့် ဒီဇင်ဘာ ၃ ရက်က ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းပေါ်ရှိ ဗိသုနိုးပြခန်းတွင် သီးသန့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း ကိုယ်တိုင်တွေ့ဆုံခဲ့သော တိုင်းရင်းသားခေါင်းဆောင်များက ပြောကြားသည်။

နာဂ၊ လီဆူး၊ ပဖို့ဝ်စသည့်တိုင်းရင်းသားလူမျိုးများ၏ ပုံတူရေးဆွဲထားသော ပန်းချီကားများချိတ်ဆွဲထားသည့် ဗိသုနိုးပန်းချီပြခန်းတွင် ဝန်ကြီးဟီလာရီကလင်တန်သည် တိုင်းရင်းသားခေါင်းဆောင် ၁၂ ဦးနှင့် တစ်နာရီနှင့် ၁၀ မိနစ်ကြာအောင် တိုင်းရင်းသား အရေးကိစ္စများကို တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ထိုသို့တွေ့ဆုံရာတွင် တိုင်းရင်းသားခေါင်းဆောင်များက မိမိတို့ပြည်နယ်၊ ဒေသများ၌ ဖြစ်ပွားနေသော အခြေအနေများနှင့် ကိစ္စရပ်များကို တစ်ဦးလျှင် ပျှမ်းမျှ ငါးမိနစ်ဆီဝန်ကြီးကလင်တန်ကို ပြောကြားခဲ့ကြပြီး ဝန်ကြီးက မြန်မာနိုင်ငံတွင်းလက်ရှိကြုံတွေ့နေရသော တိုင်းရင်းသားအရေးကိစ္စများ၊ ပဋိပက္ခများကို အမေရိကန်အစိုးရအနေနှင့် တတ်နိုင်သမျှ ကူညီပေးသွားမည်ဟု ကတိပြုပြောကြားခဲ့ပြီး ငြိမ်းချမ်းရေးရရှိစေရန်လည်းကူညီပေးသွားမည်ဟု ပြောကြားခဲ့ကြောင်း တွေ့ဆုံဆွေးနွေးပွဲတွင် တက်ရောက်ခဲ့သော ကရင်ပြည်သူ့ပါတီမှ ဒေါက်တာ စောဆိုင်မွန်သာက ပြောကြားသည်။

"အဓိက ဆွေးနွေးတာကတော့ တိုင်းရင်းသားအရေးတွေ ဆွေးနွေးတယ်။ နိုင်ငံရေး၊ တိုင်းရင်းသား အရေးတွေကို တစ်ယောက်ချင်းစီမေးတယ်" ဟု ဒေါက်တာ စောဆိုင်မွန်သာက ပြောကြားသည်။

ဟီလာရီကလင်တန်နှင့် တွေ့ဆုံဆွေးနွေးခဲ့ကြသူ နိုင်ငံရေးပါတီများများမှာ ရခိုင်အမျိုးသားများပါတီ(RNDP)မှ ဦးလှစော၊ ကရင်ပြည်သူ့ပါတီမှ ဒေါက်တာ စောဆိုင်မွန်သာ၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ SNDP မှ စပ်ယွန်းပိုင်လ၊ ချင်းတိုးတက်ရေးပါတီဥက္ကဋ္ဌ နိုထမ်ကပ်၊ မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီမှ နိုင်ခင်မောင်၊ ရှမ်းအမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် SNLD မှ ဦးစိုင်းစောအောင်နှင့် ကချင်နှစ်ခြင်းခရစ်ယာန်အသင်းတော်မှ ဒေါက်တာဆမ်ဖွန်၊ မေတ္တာဖောင်ဒေးရှင်းမှ ဒေါ်ဆိုင်းရော်၊ ကချင်ဖွံ့ဖြိုးရေးကွန်ရက်မှ တာဝန်ရှိသူတစ်ဦးတို့ အပါအဝင် စုစုပေါင်း ၁၂ဦးဖြစ်သည်။

"စစ်ပြေးလာတဲ့ ဒုက္ခသည်တွေမှာက လေးနဲ့ အမျိုးသမီးတွေများပြီး ဒုက္ခသည်တွေကို ဘုရားကျောင်းကနေ စောင့်ရှောက်ထားတယ်ဆိုတဲ့အကြောင်း၊ ကျန်းမာရေး၊ ပညာရေး စိုးရိမ်ရတဲ့ အကြောင်းရယ်၊ လိုင်ဇာလို နယ်စပ်နေရာမျိုးမှာ ဒုက္ခသည် ပိုများပြီး အဲဒီနေရာတွေမှာ ထိရောက်အောင်မကူညီနိုင်တဲ့အကြောင်းတွေ သူ့ကို ပြောခဲ့တယ်" ဟု ဘာသာ



ဓာတ်ပုံ – US State Department

**တိုင်းရင်းသားအဖွဲ့ခေါင်းဆောင်များနှင့် ကန်နိုင်ငံခြားရေးဝန်ကြီးဟီလာရီ အမှတ်တရ**

ရေးအသင်းအဖွဲ့ဖြစ်သော ကချင်နှစ်ခြင်းခရစ်ယာန်အသင်းတော်မှ အထွေထွေအတွင်းရေးမှူးဒေါက်တာဆမ်ဖွန်ကပြောကြားခဲ့သည်။

တွေ့ဆုံဆွေးနွေးမှုနှင့်ပတ်သက်ကာ အားရကျေနပ်မှုရှိ မရှိကို ဒေါက်တာစောဆိုင်မွန်သာကို မေးမြန်းရာ "အားရတဲ့ အချက်ကတော့ ရင်ကြားစေ့ရေးကိုတက်ကြွစွာကူညီမယ်ပြောတယ်။ အထူးသဖြင့် Capacity Building ပေါ့။ လူငယ်တွေကို အရည်အသွေးမြှင့်တင်ရေးတွေမှာ ကူညီအားပေးမယ်လို့ ပြောသွားတယ်။ အဲဒါကို အားရတယ်"ဟု ပြောကြားခဲ့သည်။

ဒေါက်တာဆမ်ဖွန်ကလည်း "အများကြီး ကျေနပ်အားရမှုရှိပါတယ်။ ကမ္ဘာ့ခေါင်းဆောင်တစ်ယောက်က တိုင်းရင်းသားအရေးကိစ္စကို စိတ်ဝင်စားစွာနဲ့ ဒီလိုသီးသန့်တွေ့ဆုံပြီး ရင်ထဲမှာရှိတဲ့ ပြောချင်တဲ့အကြောင်းအရာတွေကို ပြောခွင့်ပေးတာက ဒါဟာ ဒီမိုကရေစီပါပဲဆိုတာကိုနားလည်ရပါတယ်"ဟုပြောကြားခဲ့သည်။


အမေရိကန်နိုင်ငံခြားရေးဝန်ကြီးသည် ဒီဇင်ဘာ ၁ရက်နေ့က သမ္မတဦးသိန်းစိန်နှင့် တွေ့ဆုံရာတွင်လည်း တိုင်းရင်းသားကိစ္စများကို အလေးပေးပြောကြားခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်နှင့်တွေ့ဆုံရာ၌ တိုင်းရင်းသားကိစ္စများကို တတ်နိုင်သလောက်ကူညီပေးသွားမည်ဖြစ်ကြောင်းပြောကြားခဲ့သည်။

တိုင်းရင်းသား နိုင်ငံရေးခေါင်းဆောင်များအနေဖြင့်လည်း ကမ္ဘာ့အင်အားကြီးနိုင်ငံဖြစ်သော အမေရိကန်နိုင်ငံမှ ပါဝင်ကာ တိုင်းရင်းသားအရေးနှင့်လက်နက်ကိုင်ပဋိပက္ခများကို ဝင်ရောက်ကူညီပေးမည်ဆိုသည်ကို အားတက်ကာ ဝမ်းမြောက်ဝမ်းသာဖြစ်ရကြောင်း တညီတညွတ်တည်း ပြောကြားသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ပြန်သွားပြီးနောက် တိုင်းရင်းသားအရေးကိစ္စများနှင့်ပတ်သက်သည့်ကိစ္စများတွင် ထူးခြားသောပြောင်းလဲမှုများဖြစ်ပေါ်လာရေးကို မျှော်လင့်မိကြောင်းလည်း တိုင်းရင်းသားခေါင်းဆောင် တစ်ဦးက ယခုလို ပြောကြားသည်။

"ဟီလာရီကလင်တန်က လက်ရှိအစိုးရကို ဒီမိုကရေစီအရေးကိုသွားဖို့ တိုက်တွန်းခဲ့တယ်ဆိုတော့၊ တိုင်းရင်းသားအရေးကိုလည်း ပြောခဲ့တယ်ဆိုတော့ ထူးခြားမှုတော့ရှိလာမယ်လို့ မျှော်လင့်မိတယ်"ဟုဒေါက်တာစောဆိုင်မွန်သာက ပြောကြားခဲ့သည်။

## ဟီလာရီနှင့်နိုင်ငံရေး လူမှုရေးနယ်ပယ်မှ လူပုဂ္ဂိုလ် ၁၀ ဦး တွေ့ဆုံ



ဓာတ်ပုံ – US State Department

**ရန်ကုန်၊ ဒီဇင်ဘာ – ၃**

အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်နှင့် ပြည်တွင်းမှ လူမှုရေးနှင့် နိုင်ငံရေး လှုပ်ရှားသူများအနက် လူသိများသော လူပုဂ္ဂိုလ်ဆယ်ဦးနှင့် ယခုလ ၂ရက်က မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံးတွင် နေ့လယ် ၁၂နာရီမိနစ် ၃၀မှ မွန်းလွဲ ၂နာရီဝန်းကျင်အထိ တစ်နာရီခွဲကြာတွေ့ဆုံခဲ့သည်။

တွေ့ဆုံမှုတွင် ပါဝင်သူအချို့မှာ နာရေးကူညီမှုအသင်းမှ ဒေါ်ရွှေဇီးကွက်၊ စာရေးဆရာမောင်ဝံသ၊ အဆိုတော် ဇေယျာသော်၊ အနုပညာရှင်ဇာဂနာ၊ HIV/AIDS ဝေဒနာရှင်များကို ကူညီဆောင်ရွက်ပေးနေသည့် မဖြူဖြူသင်း၊ ကျောင်းသားခေါင်းဆောင်တစ်ဦးဖြစ်သော ကိုမျိုးရန်နောင်သိန်း၊ Myanmar Egress အထွေထွေအတွင်းရေးမှူး ဒေါက်တာနေဝင်းမောင်စသူတို့ဖြစ်ကြသည်။

ယင်းတွေ့ဆုံမှုတွင် ပါဝင်ခဲ့သည့် ဒေါ်ရွှေဇီးကွက်က

"တစ်ယောက်ကို သုံးမိနစ်စာ ပြောခွင့်ရတဲ့အခါ ကျွန်မတို့အသင်းနဲ့ပတ်သက်ပြီး ပြောခဲ့ပါတယ်။ ကျွန်မအနေနဲ့ ဟီလာရီကို လူမှုရေးလုပ်ငန်းတွေလုပ်တဲ့ အခါမှာ လွတ်လွတ်လပ်လပ်နဲ့ ဥပဒေကြောင်းအရ လွတ်လပ်စွာလုပ်ကိုင်ခွင့်ရှိတဲ့ လှုပ်ရှားမှုမျိုးကိုလိုချင်တာဖြစ်တယ်လို့ ပြောဖြစ်ခဲ့ပါတယ်။

ဟီလာရီဘက်ကတော့ ဒီလို မျိုး ဥပဒေကြောင်းအရမှန်မှန်ကန်ကန်လုပ်ဆောင်ရမယ်ဆိုတဲ့ကိစ္စက အမှန်တကယ်ဖြစ်သင့်တဲ့ကိစ္စတစ်ခုပါလို့ ပြောဆိုသွားပါတယ်"ဟု သူမပြောကြားချက်ထဲမှ တစ်ခုကို ထုတ်နုတ်ပြောပါသည်။

# ပုပ်လုပ်လိုကြောင်း ဟီလာရီပြောကြား

စေ့စပ်ဆွေးနွေးမှုတစ်ရပ် ဖြစ်ကြောင်း၊ ပြည်တွင်းတွင် တရားဥပဒေစိုးမိုးရေးသည် အရေးကြီးကြောင်း စသည်ဖြင့် ပြောကြားခဲ့သည်။

ဟီလာရီက ပြောကြားရာတွင် မြန်မာနိုင်ငံတွင် လက်ရှိဖြစ်ပွားနေသော တိုင်းရင်းသားဒေသပဋိပက္ခများ အဆုံးသတ်ပြီး နိုင်ငံရေးအကျဉ်းသား အားလုံး လွှတ်ပေးရေး၊ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဟု ယုံကြည်ရသော အခြေအနေများရှိလာပါက ယခုထက်ပို၍ အမေရိကန်သည်မြန်မာနိုင်ငံနှင့် အလုပ်လုပ်နိုင်မည်ဖြစ်သည်ဟုပြောကြား ခဲ့သည်။

ထို့ပြင် ဟီလာရီကလင်တန်က အနာဂတ်တွင် မြန်မာနိုင်ငံသားတိုင်းသည် မှန်ကန်သော နေရာတွင် ရပ်တည်နိုင်မည်ဟု မျှော်လင့်ကြောင်းလည်း ပြောကြားခဲ့သည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်ဖြစ်သော ဦးဝင်းတင်က ဟီလာရီနှင့်တွေ့ဆုံဆွေးနွေးမှုနှင့် ပတ်သက်ပြီး "ဟီလာရီရဲ့ တုံ့ပြန်မှုတွေကို အားရကျေနပ်ပါတယ်။ သူပြောတဲ့ စကားတွေက ကတိကဝတ် သဘောဆောင်တယ်။ ဥပမာ-နိုင်ငံရေးအကျဉ်းသားတွေ လွှတ်ပေးရေးတို့၊ တိုင်းရင်းသားကိစ္စတွေ ဖြေရှင်းရေးတို့မှာ ကတိကဝတ်ပြုတဲ့သဘောမျိုး အလေးအနက်ပြောဆိုသွားတာတွေကို အားရကျေနပ်ပါတယ်"ဟု တွေ့ဆုံမှုအပြီးသတင်းထောက်များ၏ မေးမြန်းမှုကိုဖြေကြားသည်။



**တွေ့ဆုံမှုအပြီး မီဒီယာများနှင့် စကားပြောနေသည့် ကန်နိုင်ငံခြားရေးဝန်ကြီးဟီလာရီနှင့် ဒေါ်အောင်ဆန်းစုကြည်**

ကန်နိုင်ငံခြားရေးဝန်ကြီး၏သမိုင်းဝင်ခရီး အထူးအချပ်ပို
7DAY NEWS
Vol.10, No.38 • DECEMBER 8, 2011

# မြန်မာ-အမေရိကန် ဆက်ဆံရေးသမိုင်းစဉ် (၁၈၅၆-၂၀၁၁)

မြန်မာ-အမေရိကန်ဆက်ဆံရေးသည် မင်းတုန်းမင်းလက်ထက်မှစတင်၍ ယနေ့ကာလအထိ နှစ်ပေါင်း ၁၅၀ ကျော်ခဲ့ပြီဖြစ်သည်။ ထို့ကြောင့် မကြာသေးမီကလာရောက်ခဲ့သောကန်နိုင်ငံခြားရေးဝန်ကြီးဟီလာရီကလင်တန်၏ ခရီးစဉ်အပြီးထိ 'မင်းတုန်းမင်းမှသည် ဟီလာရီကလင်တန်အထိ မြန်မာ-အမေရိကန်ဆက်ဆံရေးသမိုင်းစဉ်' ကို ပြန်လည်တင်ပြလိုက်ရပါသည်။

**၁၈၅၆**

မြန်မာဘုရင်မင်းတုန်းမင်းက ကန်သမ္မတဂျိမ်းစ်ဘူချနန်ထံ အမေရိကန်နှင့် နီးကပ်သော ဆက်ဆံရေးထူထောင်ရန်စိတ်ဝင်စားကြောင်း ရည်ညွှန်း၍ သဝဏ်လွှာပို့။

**၁၈၅၇**

ကန်သမ္မတ ဘူချနန်က မင်းတုန်းမင်းသို့ သဝဏ်လွှာပြန်ကြား။ ၎င်းကလည်း နှစ်နိုင်ငံအကြား ငြိမ်းချမ်းရေးနှင့် ချစ်ကြည်ရေးလိုချင်ကြောင်း။ မြန်မာ၏ အချုပ်အခြာအာဏာကို ထိပါးရန်ဆန္ဒမရှိဟုအာမခံ။ ကန်သမ္မတက မင်းတုန်းမင်းထံ စာအုပ်များနှင့် ရေနွေးငွေ့မီးရထားစက်ခေါင်း မိုဒယ်တစ်ခုကိုလည်း လက်ဆောင်ပေးအပ်။

**၁၉၄၈**

မြန်မာ့လွတ်လပ်ရေးကို အမေရိကန်ကအသိအမှတ်ပြု။ ရန်ကုန်တွင် သံရုံးတည်ထောင်။ မြန်မာပြည်ဆိုင်ရာ ပထမဆုံး အမေရိကန် သံအမတ်ကြီးကို အောက်တိုဘာလတွင် ခန့်အပ်။

**၁၉၄၈-၅၃**

အမေရိကန်က မြန်မာသို့ စီးပွားရေးအကူအညီပေး။ နိုင်ငံတွင်း (ကျူးကျော်ဝင်နေသော) တရုတ်ဖြူကူမင်တန်တပ်များကို လျှို့ဝှက်စွာ အကူအညီပေး။ ၁၉၅၃-၅၄ တွင်ကူမင်တန်သို့အကူအညီရပ်ဆိုင်း။ ကူမင်တန်တပ်အများစု တိုင်ပေသို့ပြန်သွား။

**၁၉၅၀**

ဇွန်လတွင် မြောက်ကိုရီးယားမှ တောင်ကိုရီးယားသို့ ကျူးကျော်မှုကို မြန်မာရှုတ်ချ။ ဇူလိုင်လတွင် ကုလသမဂ္ဂ၏အရေးယူမှုကို မြန်မာ ထောက်ခံမဲပေး။ ထိုဇွန်လ၌ပင် ဗြိတိသျှဓနသဟာယအဖွဲ့က မြန်မာသို့ ပေါင်ခြောက်သန်းငွေချေးရန်သဘောတူ။ သို့သော် မြန်မာက ချေးငွေကို အမေရိကန်သို့ ပြန်လွှဲပေးကာ စက်တင်ဘာလတွင် Technical Cooperation Administration (TCA) ထံမှ အကူအညီကိုရယူ။

**၁၉၅၃**

အမေရိကန်ဒုသမ္မတ ရစ်ချတ်နစ်ဆင် မြန်မာနိုင်ငံသို့နှစ်ရက်ကြာ ခရီးလာရောက်လည်ပတ်။ ရန်ကုန်တွင်အမေရိကန်ဆန့်ကျင်ရေးဆန္ဒပြပွဲများရင်ဆိုင်ရ။ နယူးယောက်တိုင်းမ်သတင်းစာ၏အဆိုအရ ထိုစဉ်က ပဲခူးတွင် နစ်ဆင်သည် "မြန်မာပြည်သည် ယန်းကီးစစ်ဘီလူးများအတွက် နေရာမဟုတ်" ဟူသော ဆိုင်းဘုတ်များကိုင်ဆောင်ထားသည့် ဆန္ဒပြသူများကို ကြုံခဲ့ရ။

**၁၉၅၅**

ဖေဖော်ဝါရီတွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ဖော်စတာ ဒါးလတ်စ် ရန်ကုန်သို့ လာရောက်လည်ပတ်။ ဝန်ကြီးချုပ်ဦးနု၊ အခြား အစိုးရထိပ်တန်းအရာရှိများနှင့် တွေ့ဆုံ။

ဇွန်လတွင် ဦးနုဝါရှင်တန်သို့ တရားဝင်ခရီးထွက်ခွာ။ အမေရိကန် ကွန်ဂရက်လွှတ်တော်တွင် မိန့်ခွန်းပြော။ နှစ်နိုင်ငံပူးတွဲ ထုတ်ပြန်ချက် အရ-

အမေရိကန်သမ္မတ ဒွိုက်အိုက်ဆင်ဟောင်းဝါးနှင့် မြန်မာဝန်ကြီးချုပ်တို့သည် ရန်ကုန်တွင်ကျင်းပသော ဆဋ္ဌသံဂါယနာ အစည်းအဝေးကြီးက ဥပမာပြုတင်ပြသော ဘာသာရေး၏ ကောင်းမြတ်သောဩဇာကို အသိအမှတ်ပြုကြောင်း။ တရုတ်နိုင်ငံတွင် ထောင်ဒဏ်ကျခံနေရသော အမေရိကန်လေယာဉ်မှူးများ၏အရေးကို သုံးသပ်ခဲ့ကြောင်းဆို။ နှစ်နိုင်ငံစလုံး၏ ပြည်ပပို့ကုန်တင်ပို့နိုင်သော ပိုလျှံဆန်စပါးများကြောင့် ဖြစ်ပေါ်ခဲ့သောရှုပ်ထွေးသည့် စီးပွားရေးပြဿနာများ ဆွေးနွေးခဲ့ကြောင်းဆို။

**၁၉၅၆-၆၄**

၁၉၅၆ တွင် မြန်မာသို့ အမေရိကန်၏ အကူအညီပြန်လည်စတင်။ အဓိကအားဖြင့်စားသောက်ကုန်အကူအညီဖြစ်။ နောက်ပိုင်းတွင် ဗိုလ်ချုပ်ကြီး နေဝင်းက ပယ်ဖျက်ခဲ့။ ဗိုလ်ချုပ်ကြီးနေဝင်း အာဏာသိမ်းသည့် ၁၉၆၂ အထိ အမေရိကန်တွင် လေ့ကျင့်ပညာသင်ကြားဖူးသော တပ်မတော် အရာရှိ ၁,၀၀၀ နီးပါးအထိရှိခဲ့။

**၁၉၅၇**

မြန်မာသမ္မတဦးဝင်းမောင် ဆေးကုသမှုခံယူရန် အမေရိကန်သို့ ပုဂ္ဂိုလ်ရေးအရခရီးထွက်။ သမ္မတအိုက်ဆင်ဟောင်းဝါးနှင့် ဒီဇင်ဘာ ၂၃ တွင်တွေ့ဆုံ။



ဝန်ကြီးချုပ် ဦးနုနှင့် ကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ဖော်စတာ

**၁၉၆၆**

စက်တင်ဘာတွင် ဗိုလ်ချုပ်ကြီးနေဝင်း အမေရိကန်သို့ ခရီးထွက်။ သမ္မတ လင်ဒန်ဘီ၊ ဂျွန်ဆင်နှင့် တွေ့ဆုံ။

တရားဝင်ထုတ်ပြန်ချက်အရ အမေရိကန်သမ္မတက မြန်မာ၏ ဘက်မလိုက်မှုဝါဒကိုနားလည်သဘောပေါက်ကြောင်းဖော်ပြ။ နိုင်ငံတကာ နားလည်မှုနှင့် ငြိမ်းချမ်းရေးအကျိုးအတွက် ပြည်သူနှစ်ရပ်လုံး၏ အပြန်အလှန်အကျိုးစီးပွားအတွက် မိတ်ဆွေဆက်ဆံရေးခိုင်မြဲအောင် ကြိုးပမ်းရန် ခေါင်းဆောင်နှစ်ဦးစလုံး အတည်ပြု။

**၁၉၇၄**

အမေရိကန်နှင့် မြန်မာအစိုးရနှစ်ရပ်စလုံးက မူးယစ်ဆေးဝါး ထုတ်လုပ်မှုနှင့် ကူးသန်းရောင်းဝယ်မှုတိုက်ဖျက်ရေးသဘောတူညီချက်လက်မှတ်ရေးထိုး။ အမေရိကန်က ယင်းအတွက် ရန်ကုန်သို့ Bell 205 ရဟတ်ယာဉ်များ ပေးပို့ရန်သဘောတူ။

**၁၉၈၂**

အမေရိကန် နိုင်ငံခြားရေးဌာနအာရှနှင့် ပစိဖိတ်ရေးရာ လက်ထောက်ဝန်ကြီး ရန်ကုန်သို့လာရောက်။ မြန်မာ့မူးယစ်ဆေးတိုက်ဖျက်ရေးအစီအစဉ်တွင် ဆက်လက်ထောက်ပံ့မှုပေးရန် အာမခံပြောကြား။

**၁၉၈၈**

နိုင်ငံအဝန်းဒီမိုကရေစီရေးလှုပ်ရှားမှုများကြောင့် စက်တင်ဘာတွင် အမေရိကန်ကွန်ဂရတ် အမတ် စတီဗင် ဂျေ ဆိုလာဇ်(အောက်လွှတ်တော် အာရှနှင့် ပစိဖိတ်ရေးရာကော်မတီဥက္ကဋ္ဌ) ရန်ကုန်သို့လာရောက်။ မြန်မာ သမ္မတသစ် ဒေါက်တာမောင်မောင်နှင့် တွေ့ဆုံ။ ဒေါ်အောင်ဆန်းစုကြည် အပါအဝင် အတိုက်အခံခေါင်းဆောင်များနှင့် တွေ့ဆုံ။

**၁၉၈၈**

နိုဝင်ဘာတွင် အမေရိကန်လွှတ်တော်အမတ် ဒါနာရိုဂျာဘတ်ချာ ထိုင်း-မြန်မာနယ်စပ်အနီး သေဘောဘိုးစခန်းသို့ သွားရောက်။ ကျောင်းသားလှုပ်ရှားမှုများကို စစ်တပ်က ဖြိုခွင်းမှုကြောင့် ထွက်ပြေးလာသောသူများကို နိုင်ငံရေး၊ စိတ်ဓာတ်ရေးအရ ထောက်ခံကြောင်း ကတိပေး။

**၁၉၉၀**

မြန်မာသို့ စစ်ရေးနှင့်စီးပွားရေး အကူအညီများ ကန်ဖြတ်တောက်။ အောင်ဆန်းစုကြည်၏ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က နှစ်သုံးဆယ်အတွင်း ပထမဆုံးဒီမိုကရေစီရွေးကောက်ပွဲတွင် အနိုင်ရခဲ့သော်လည်း စစ်တပ်ကရလဒ်များကို အသိအမှတ်မပြု၍ သံတမန်ဆက်ဆံရေးအဆင့်ကိုလည်း လျှော့ချ။

**၁၉၉၄**

ဖေဖော်ဝါရီတွင် အမေရိကန်ကွန်ဂရက်အမှတ် ဘေလ်ရစ်ချတ်ဆင် ရန်ကုန်ရှိဒေါ်စုနေအိမ်သို့ သွားတွေ့ခွင့်ရ။ ရစ်ချတ်ဆင်က သမ္မတဘီလ်ကလင်တန်မှ ပါးလိုက်သော သဝဏ်လွှာကိုဒေါ်စုအားပေးအပ်။ ထိုစဉ်က စစ်ထောက်လှမ်းရေးအကြီးအကဲ ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်လည်း တွေ့ဆုံ။ ဘန်ကောက်သတင်းစာရှင်းလင်းပွဲတွင် ရစ်ချတ်ဆင်က မြန်မာ၏အနာဂတ်ကို ဒေါ်အောင်ဆန်းစုကြည်နှင့် ဗိုလ်ချုပ်ခင်ညွန့်တို့ နှစ်ဦးက ဆုံးဖြတ်မည်ဖြစ်ကြောင်း ပြောဆို။

**၁၉၉၅**

စက်တင်ဘာတွင် ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ်ကြီး မက်ဒယ်လင်းအောဘရိုက် မြန်မာပြည်သို့လာရောက်။ ၎င်း၏ အစိုးရသည် လူထုထောက်ခံမှု ကျယ်ပြန့်စွာရနေကြောင်း ပြောကြားသည့် ဗိုလ်ချုပ်ခင်ညွန့်နှင့်တွေ့ဆုံ။ နောက်တစ်နေ့တွင် ဒေါ်အောင်ဆန်းစုကြည်နှင့် မက်ဒယ်လင်းအောဘရိုက်တွေ့ဆုံခဲ့။

**၁၉၉၇**

မြန်မာအား အာဆီယံအဖွဲ့ဝင်အဖြစ်သတ်မှတ်ခြင်းကို အမေရိကန်က ပြင်းထန်စွာဆန့်ကျင်ကန့်ကွက်။

- ကလင်တန်က အမေရိကန်နိုင်ငံသားများနှင့် အဖွဲ့အစည်းများ မြန်မာပြည်တွင် ရင်းနှီးမြှုပ်နှံမှုအသစ်များ ပြုလုပ်မှုကို ပိတ်ပင်။ အမေရိကန်က ငွေကြေးခဝါချမှုများ ပျောက်ကွယ်အောင် သင့်လျော်သည့် ဥပဒေများပြဋ္ဌာန်းနိုင်ခြင်းမရှိ၍ တန်ပြန်အရေးယူမှုများလုပ်။ အချို့သော မြန်မာစစ်အရာရှိများနှင့် မိသားစုဝင်များအား ဗီဇာထုတ်ပေးခြင်းကို ကန့်သတ်။

**၂၀၀၃**

ဇူလိုင်တွင် မြန်မာပြည်အထက်ပိုင်း ဒီပဲယင်း၌ မေ ၃၀ က ဖြစ်ပေါ်ခဲ့သော အင်န်အယ်လ်ဒီယာဉ်တန်းအား တိုက်ခိုက်မှုကြောင့် သမ္မတဂျော့ချ်ဒဗလျူဘုရှ်က မြန်မာအပေါ် ပိတ်ဆို့မှုအသစ်များ စတင်ပြုလုပ်။ 'မြန်မာ့လွတ်လပ်ရေးနှင့် ဒီမိုကရေစီရေးအက်ဥပဒေနှင့်အမိန့် ၁၃၃၁၀' အရမြန်မာမှတင်သွင်းသောကုန်ပစ္စည်းများ၊မြန်မာသို့တင်ပို့သောဘဏ္ဍာရေးဝန်ဆောင်မှုများကိုပိတ်ပင်။ စစ်အစိုးရနှင့်မြန်မာ နိုင်ငံရပ်ခြားဘဏ္ဍာရေးအဖွဲ့အစည်းသုံးခုနှင့် မြန်မာစစ်အစိုးရအဖွဲ့ပိုင် ပိုင်ဆိုင်မှုများကို ထိန်းချုပ်။ ထိုပိတ်ဆို့မှုများအရ ကန်အစိုးရသည် နိုင်ငံတကာ ဘဏ္ဍာရေးအဖွဲ့အစည်းများက မြန်မာသို့ပေးအပ်သော မည်သည့်ဘဏ္ဍာရေးအထောက်အပံ့ကိုမဆို သက်တမ်းတိုးခြင်းအား ဆန့်ကျင်မဲပေးရမည်ဟု ပြဋ္ဌာန်းထား။

**၂၀၀၅**

သမ္မတဘုရှ်၏ နိုင်ငံခြားရေးဝန်ကြီးနေရာလျာထားခံရသူ ကွန်ဒိုလီဇာရိုက်စ်က မြန်မာအား ကမ္ဘာ့အာဏာရှင်နိုင်ငံခြောက်နိုင်ငံတွင် တစ်နိုင်ငံအပါအဝင်ဟုဆို။

**၂၀၀၇**

အစိုးရ၏ လောင်စာဆီခွဲတမ်းထောက်ပံ့မှု ရုတ်တရက်ပယ်ဖျက်ခြင်းကြောင့် ရန်ကုန်တွင် ဆန္ဒပြမှုများဖြစ်ပွားကာ ရက်စက်စွာနှိမ်နင်း၍

သမ္မတဘုရှ်က ညွှန်ကြားချက်ဥပဒေ Executive Order 13348 ကို ထုတ်ပြန်ကာ လူ့အခွင့်အရေးချိုးဖောက်မှုများ၊ ခြစားမှုများအတွက်တာဝန်ရှိသော ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ၊ ယင်းအဖွဲ့အစည်းများအား ဘဏ္ဍာရေးအရထောက်ပံ့နေသူများအား ပစ်မှတ်ထား၍ ၎င်းတို့ပိုင်ဆိုင်မှုများကို ထိန်းချုပ်ခြင်းကိုပါ ထည့်သွင်းပြဋ္ဌာန်း။

### ၂၀၀၈

ဘုရှ်က မြန်မာကျောက်စိမ်းအက်ဥပဒေကို လက်မှတ်ရေးထိုးပြဋ္ဌာန်း။ မြန်မာ့ကျောက်စိမ်းနှင့် ကျောက်မျက်ရတနာများ တင်သွင်းမှုကို ပိတ်ပင်။ မြန်မာကုမ္ပဏီ ၁၀ ခုကို စီးပွားရေးပိတ်ဆို့မှုစာရင်းထဲ ထပ်မံထည့်သွင်း။

### ၂၀၀၈

အမေရိကန်လေယာဉ်တင်သင်္ဘောအက်ဆက်က ရဟတ်ယာဉ်များ၊ ရေနှင့် အစားအစာများတင်ဆောင်ကာ မြန်မာ့ကမ်းရိုးတန်းပြင်ပတွင် မေလအတွင်း သုံးပတ်ကျော်ကြာအောင် စောင့်ဆိုင်း။ နာဂစ်မုန်တိုင်းကြောင့် ဧရာဝတီတိုင်းအတွင်း ဒုက္ခသည်များကို ကူညီရန်မြန်မာစစ်အာဏာပိုင်များ၏ ခွင့်ပြုချက်ကို စောင့်ဆိုင်း။

မြန်မာအစိုးရက ငြင်းပယ်၍ ယင်းအစားဒေါ်လာ ၁ ဒသမ ၂ သန်းတန်ဖိုးရှိ အမေရိကန်ကယ်ဆယ်ရေးပစ္စည်းများကို ကန်စစ်လေယာဉ်များဖြင့် ရန်ကုန်သို့တင်ပို့ခွင့်ရ။

### ၂၀၀၉

ဩဂုတ်တွင် အမေရိကန်အထက်လွှတ်တော်အမတ် ဂျင်မ်ဝက်ဘ်နှင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေတွေ့ဆုံ။ မြန်မာအစိုးရ၏အဆင့်အမြင့်ဆုံးအာဏာပိုင်နှင့်အမေရိကန်ကိုယ်စားလှယ် တွေ့ဆုံမှုဖြစ်။

ဂျင်မ်ဝက်ဘ်က တရုတ်၏ဩဇာလွှမ်းမိုးမှုကိုထောက်ပြရင်း အမေရိကန်၏ထိတွေ့ဆက်ဆံမှုကိုအားကောင်းအောင်လုပ်ရန်ပြောဆို။ နေအိမ်အကျယ်ချုပ်နှင့်ရှိနေဆဲ ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံခွင့်ရ။

### ၂၀၀၉

စက်တင်ဘာတွင် အိုဘားမားအစိုးရက မြန်မာစစ်ခေါင်းဆောင်များနှင့် တိုက်ရိုက်ထိတွေ့ ဆက်ဆံမည်ဟု ကြေညာ။ သို့သော် လက်ရှိပိတ်ပင်မှုများ ဆက်လက်ထားရှိမည်ဟုဆို။

### ၂၀၀၉

အိုဘားမားနှင့် မြန်မာဝန်ကြီးချုပ်ဦးသိန်းစိန် နိုဝင်ဘာတွင် စင်ကာပူ၌ အမေရိကန်-အာဆီယံဆွေးနွေးပွဲ၌ လက်ဆွဲနှုတ်ဆက်။

အိုဘားမားက မြန်မာသည် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံးကိုလွှတ်၍ ဒီမိုကရေစီပြောင်းလဲရေးလုပ်ဆောင်ပါက ပိုကောင်းသော ဆက်ဆံရေးပြုလုပ်မည်ဟု ကမ်းလှမ်း။ အမေရိကန်လက်ထောက်နိုင်ငံခြားရေးဝန်ကြီး ကာ့တ်ကမ်းဘဲလ် ၁၄ နှစ်တာအတွင်း အဆင့်မြင့်ဆုံး ကန်သံတမန်အဖြစ် မြန်မာသို့ရောက်ရှိ။

### ၂၀၁၀

အိုဘားမားက အနှစ် ၂၀ အတွင်း ပထမဆုံးရွေးကောက်ပွဲကို လွတ်လပ်မှု၊ တရားမျှတမှုများ မရှိဟုပြစ်တင်ရှုတ်ချ။ ရွေးကောက်ပွဲများကြောင့် ယခင်စစ်အရာရှိဟောင်းများဦးဆောင်သော အရပ်သားအစိုးရအာဏာရခဲ့။

### ၂၀၁၁

ဇွန်လတွင် အိုဘားမားက ဒဲရက်မစ်ချယ်အား မြန်မာပြည်ဆိုင်ရာ အထူးကိုယ်စားလှယ်အဖြစ် ခန့်အပ်။

- စက်တင်ဘာ ၂၉ တွင် မြန်မာနိုင်ငံခြားရေးဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် ကန်အရာရှိများ ဝါရှင်တန်ရှိ ကန်နိုင်ငံခြားရေးဝန်ကြီးဌာန၌ တွေ့ဆုံ။ နောက်တစ်နေ့တွင် မြန်မာသမ္မတဦးသိန်းစိန်က တရုတ်ကျောထောက်နောက်ခံဖြင့် တည်ဆောက်သော မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းကိုရပ်ဆိုင်းကြောင်း ကြေညာ။ အမေရိကန်က ထူးခြားသော အပြုသဘောခြေလှမ်းအဖြစ်ကြိုဆို။

### ၂၀၁၁

နိုဝင်ဘာတွင် မြန်မာပြည်ဆိုင်ရာ ကိုယ်စားလှယ် ဒဲရက်မစ်ချယ်က နှစ်လအတွင်း မြန်မာခရီးစဉ် သုံးကြိမ်မြောက်ကိုပြုလုပ်။ ကန်က မြန်မာတွင် အပြုသဘောပြောင်းလဲမှုများရှိလာမည်ဟု ကြေညာ။

-နိုဝင်ဘာ ၁၈။ မြန်မာတွင် ‘တိုးတက်မှု အရိပ်အယောင်များ’မြင်ရကြောင်းပြောပြီးနောက် အိုဘားမားက နိုင်ငံခြားရေးဝန်ကြီး ကလင်တန်အား မြန်မာသို့သွားရောက်ရန်စေလွှတ်။ မစ္စစ်ကလင်တန်သည် ၁၉၅၅ တွင် ဂျွန်ဖော်စတာဒါးလတ်စ်လာရောက်ပြီး နောက်မြန်မာသို့ ပထမဆုံးရောက်လာခဲ့သော နိုင်ငံခြားရေးဝန်ကြီးဖြစ်လာ။

*Ref: Burma-US Relations: From Mindon to Clinton-Irrawaddy Nov 29. by Ba Kanng.*

## အချပ်ပို(H) - အရှေ့နှင့်အနောက် ကြယ်နှစ်ပွင့် တွေ့ဆုံချိန် မှ

သူမတို့နှစ်ဦး၏ နှစ်နာရီနီးပါးကြာ တွေ့ဆုံဆွေးနွေးမှုတွင် နိုင်ငံရေးအကျဉ်းသားများကိစ္စ၊ ဥပဒေစိုးမိုးရေး၊ တိုင်းရင်းသားလက်နက်ကိုင်အရေး၊ လူ့အခွင့်အရေး၊ လွတ်လပ်တရားမျှတသော ရွေးကောက်ပွဲများ ဖြစ်မြောက်ရေး၊ ဒီမိုကအရေစီအတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးစသည်တို့ကိုဆွေးနွေးခဲ့သည်။

“ကျွန်မတို့ အတူပူးပေါင်းလုပ်မယ်ဆိုရင် ယုံကြည်ပါတယ်။ ကျွန်မတို့ဆိုတာ၊ အစိုးရရယ်၊ အတိုက်အခံရယ်၊ ဒီမိုကရေစီတန်ဖိုးတွေအလေးထားတဲ့ အမေရိကန်ကနဲ့ ကမ္ဘာက မိတ်ဆွေတွေအားလုံး လက်တွဲဆောင်ရွက်ရင် ဒီမိုကရေစီ ဖော်ဆောင်ရေးဟာ နောက်ကြောင်းပြန်လှည့်စရာမရှိဘဲ တန်းတန်းမတ်မတ် အကောင်အထည်ဖော်နိုင်မယ်လို့ ကျွန်မယုံကြည်ပါတယ်။ အခု ကျွန်မတို့ဒီမိုကရေစီလမ်းကြောင်းပေါ် မရောက်သေးဘူး။ ဒါပေမဲ့ အပြန်အလှန် နားလည်မှုရှိရှိ၊ ကူညီရိုင်းပင်း လက်တွဲလုပ်ကိုင်တာနဲ့ ချက်ချင်းအဲဒါကိုရမယ်လို့ မျှော်လင့်တယ်” ဟု ဒေါ်အောင်ဆန်းစုကြည်က ဟီလာရီနှင့် တွေ့ဆုံအပြီး သတင်းထောက်များအား ပြောကြားသည်။

ဟီလာရီကလင်တန်ကလည်း “အမေရိကန်က မြန်မာနိုင်ငံရဲ့ မိတ်ဆွေဖြစ်ချင်ပါတယ်။ မြန်မာနိုင်ငံရဲ့ အနာဂတ် ဒီမိုကရေစီဖော်ဆောင်ရေးမှာ လက်တွဲပြီး အလုပ်လုပ်ချင်ပါတယ်။ ယုံကြည်ချက်ကြောင့် အကျဉ်းကျနေသူတွေကိုလွှတ်ပေးတာ၊ ခက်ခဲပေမယ့် မဖြစ်မနေ အကောင်အထည်ဖော်ရမယ့်နှစ်ကာလရှည်ကြာဖြစ်ပွားခဲ့တဲ့ တိုင်းရင်းသားပဋိပက္ခတွေကို အဆုံးသတ်တာ၊ တရားမျှတပြီး လွတ်လပ်တဲ့ ယုံကြည်စိတ်ချလောက်တဲ့ ရွေးကောက်ပွဲကျင်းပပေးတာ စတဲ့စစ်မှန်တဲ့ ဒီမိုကရေစီဖော်ဆောင်ရာမှာ အတူလက်တွဲဆောင်ရွက်သွားမှာဖြစ်ပါတယ်”ဟု ပြောသည်။ မြန်မာနိုင်ငံ၏ ဒီမိုကရေစီဖော်ဆောင်ရေးတွင် လိုအပ်သော အကူအညီများလည်း ပေးသွားမည်ဟု သူမကဆက်လက်ပြောသည်။

ဒီဇင်ဘာ ၂ ရက်က ဒေါ်အောင်ဆန်းစုကြည်နေအိမ်တွင် နံနက် ၉ နာရီမှ ၁၁ နာရီခန့်အထိ နှစ်နာရီနီးပါး တွေ့ဆုံဆွေးနွေးမှုတွင် ဒေါ်စုက ဟီလာရီကို မြန်မာ့ရိုးရာ အစားအစာများဖြင့် ဧည့်ခံသည်။ ဟီလာရီက ဒေါ်အောင်ဆန်းစုကြည်၏ ခွေးဖြစ်သော တိုင်ချီဒိုအတွက် ရေသောက်ခွက်လက်ဆောင်ပေးသည်။ဒေါ်အောင်ဆန်းစုကလည်း ဟီလာရီအတွက် လက်ဆောင်ပြန်ပေးသည်။ ဟီလာရီက နွေးထွေးပျူငှာစွာဧည့်ခံမှုနှင့် ဒေါ်အောင်ဆန်းစုကြည်၏ မြန်မာပြည်သူများအတွက် ရှင်းလင်းပြတ်သားသောခေါင်းဆောင်မှုကို အထူးကျေးဇူးတင်ကြောင်း သူမတို့နှစ်ဦးတွေ့ဆုံအပြီးပြုလုပ်



*အမေရိကန်သံရုံးယာယီတာဝန်ခံနေအိမ်အဝင်ဝ၌ ဒေါ်အောင်ဆန်းစုကြည်ကို ခရီးဦးကြိုပြုနေသော ကန်နိုင်ငံခြားရေးဝန်ကြီးဟီလာရီ*

သောသတင်းစာရှင်းလင်းပွဲတွင် ပြောသည်။

ဟီလာရီက ဒေါ်အောင်ဆန်းစုကြည်နှင့် ပတ်သက်၍လည်း သူမမှာ မြန်မာပြည်သူများအတွက် အမြဲရပ်တည်ပေးပြီး ခက်ခဲခဲ့သော နှစ်များစွာတွင် ပြည်သူများကို သတ္တိနှင့် ခွန်အားပေးခဲ့သူ



*နွေးနွေးထွေးထွေးပွေ့ဖက်နှုတ်ဆက်နေသည့် ကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီနှင့် ဒေါ်အောင်ဆန်းစုကြည်*

ဟု အသိအမှတ်ပြု ပြောသွားသည်။

“မြန်မာနိုင်ငံကို ကမ္ဘာမှာ သူ့ရဲ့ မှန်ကန်တဲ့ နေရာကို ပြန်ရယူတာမြင်ချင်ပါတယ်။ ဒီနိုင်ငံမှာရှိတဲ့ ကလေးငယ်တိုင်း တန်းတူပညာသင်ခွင့်၊ ကျန်းမာရေး စောင့်ရှောက်ခံယူခွင့်၊ လူတိုင်းမိသားစုကိုထောက်ပံ့နိုင်တဲ့ အလုပ်အကိုင်တွေရတာမြင်ချင်ပါတယ်။ မြို့တွေပါ တစ်တိုင်းပြည်လုံး အညီအမျှဖွံ့ဖြိုးတာမြင်ချင်ပါတယ်” ဟု ဟီလာရီကလင်တန်ကမြန်မာနိုင်ငံနှင့်ပတ်သက်၍ အမေရိကန်၏ဆန္ဒကို ဖော်ထုတ်ခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်က လတ်တလောမြန်မာနိုင်ငံတွင် အလိုအပ်ဆုံး အချက်နှစ်ချက်ဟု ပြောကြားခဲ့သော “တရားဥပဒေစိုးမိုးရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေး”တို့နှင့်ပတ်သက်၍လည်း ဟီလာရီကဒီမိုကရေစီဖော်ဆောင်ရေးတွင် တရားဥပဒေစိုးမိုးရေးမှာ မရှိမဖြစ်လိုအပ်ချက်ဟု မှတ်ချက်ပြု၏။

သူမတို့နှစ်ဦးတွေ့ဆုံဆွေးနွေးမှုအပြီးတွင် ဒေါ်အောင်ဆန်းစုကြည်ကတရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက အမေရိကန်-မြန်မာ ဆက်ဆံရေးစာမျက်နှာသစ်ဖွင့်လှစ်ခြင်းကို ကြိုဆိုကြောင်း ထုတ်ပြန်ချက်ကြောင့် အလွန်ဝမ်းမြောက်ကြောင်းထုတ်ဖော်ပြောကြားသည်။ အိမ်နီးချင်းတရုတ်နိုင်ငံနှင့် ရင်းနှီး၊ ကောင်းမွန်သော ဆက်ဆံရေးထိန်းသိမ်းရန်လိုအပ်ကြောင်း သူမက ဆက်လက်ပြောသည်။ တရုတ်နှင့်သာမက တစ်ကမ္ဘာလုံးနှင့်လည်း အလားတူဖြစ်ကြောင်းပြောကြားခဲ့သည်။

နှစ်ရက်အတွင်း နှစ်ကြိမ်တွေ့ဆုံမှုအပြီးနှုတ်ဆက်ခွဲခွာချိန်တွင်တော့ သူမတို့နှစ်ဦးချစ်ကြည်ရင်းနှီးစွာ ပွေ့ဖက်၍ မျက်နှာချင်းအပ်ကာ သိမ်သိမ်မွေ့မွေ့နမ်း၍ နှုတ်ဆက်သည်။ အသက် ၆၅ နှစ်အရွယ် ဟီလာရီ၏ ဒေါ်အောင်ဆန်းစုကြည်ကိုကြည့်သော မျက်ဝန်းတို့၌ လေးစားမှု၊ ချစ်ခင်မှုတို့ကို အတိုင်းသားတွေ့ရသည်။ ၆၇ နှစ်အရွယ် ဒေါ်အောင်ဆန်းစုကြည်၏ အကြည့်တွင်လည်း အလားတူ။ သူမတို့နှစ်ဦးစလုံးတွင် ချစ်ခင်မှု၊ လေးစားမှု၊ တက်ကြွမှု၊ ရင်းနှီးမှုတို့ကို နှုတ်ဆက်ချိန် အခိုက်အတန့်၌ အထင်အရှား မြင်တွေ့ရသည်။

သူမတို့ နှစ်ဦးတွေ့ဆုံမှုမြင်ကွင်းဓာတ်ပုံများကိုမြန်မာပြည်သူအများစုက စိတ်ကြည်နူးစရာမြင်ကွင်းဟု ၎င်းတို့၏ ဖေ့စ်ဘွတ်ခ်စာမျက်နှာများတွင် ဖွင့်ဟကြသည်။

“နှစ်ကာလအကြာကြီး နေအိမ်အကျယ်ချုပ်နဲ့ နေခဲ့ရတယ်။ ပြီးတော့ ဒီမိုကရေစီဖော်ဆောင်တဲ့လမ်းကြောင်းအသစ်မှာ သူမရဲ့ ပါတီကိုပြန်လည်ဦးဆောင်လာပြီး လာမယ့်ရွေးကောက်ပွဲမှာ ဝင်ပြိုင်မယ့် ဒေါ်အောင်ဆန်းစုကြည် ကို ဒီလိုအချိန်မှာ တွေ့ရတာ မယုံကြည်နိုင်လောက်တဲ့ စိတ်ခံစားမှုနဲ့ ဝမ်းမြောက်မှုကို ကျွန်မရရှိပါတယ်။ သူမနဲ့အတူ ရှိခဲ့တဲ့အချိန်တွေကတော့ ကျွန်မအတွက်ကြည်နူးခဲ့ရသလိုကြီးကျယ်တဲ့ ဂုဏ်ပြုမှုတစ်ခုပါပဲ”

အမေရိကန်အစိုးရ၏ စမတ်ပါဝါဖြစ်သူ ဟီလာရီကလင်တန်က ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံရမှုခံစားချက်ကို ဘီဘီစီသတင်းထောက်အားဖွင့်ဟသောစကားဖြစ်၏။ ။

ကန်နိုင်ငံခြားရေးဝန်ကြီး၏ သမိုင်းဝင်ခရီး အထူးအချပ်ပို

7DAY NEWS
Vol.10, No.38 · DECEMBER 8, 2011

# အရှေ့နှင့်အနောက် ကြယ်နှစ်ပွင့် ဆုံတွေ့ချိန်

**အားမာန်**



*ဒေါ်အောင်ဆန်းစုကြည်နှင့် ကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီတို့ ဒုတိယအကြိမ်ထပ်မံတွေ့ဆုံရာ ဒေါ်အောင်ဆန်းစုကြည်နေအိမ်ဝ မြင်ကွင်း*

ဓာတ်ပုံ - AFP

သူမတို့နှစ်ဦးဆုံရန် စက္ကန့်ပိုင်းသာလိုတော့သည်။ ဒီဇင်ဘာ ၁ ရက် ညဦးပိုင်း ၇ နာရီ ၄၀ မိနစ်စွန်းစွန်း။ ဒီဇင်ဘာဆောင်းတွင်းညကို လကွေးကွေးလေးက ခပ်ဖျော့ဖျော့အလင်းရောင်များပတ်ဖျန်းထား၏။ ပြည်လမ်းအမှတ် (၈၄/၈၆) ရှိ အမေရိကန်သံရုံးယာယီတာဝန်ခံအိမ်ရှေ့သို့ ညဦး ၇ နာရီ ၄၅ မိနစ်အချိန်တွင် ကားနှစ်စီးရောက်ရှိလာသည်။

ဒုတိယကားပေါ်မှ မြန်မာဝတ်စုံကို သပ်ရပ်စွာဝတ်ဆင်ထားသော အမျိုးသမီးတစ်ဦးဆင်း၍ အိမ်ထဲဝင်လာသည်။ အနောက်တိုင်းအမျိုးသမီးဝတ်စုံကို ချပ်ချပ်ရပ်ရပ်ဝတ်ဆင်ထားသော အမျိုးသမီးက အပြုံးပန်းများဖြင့် ဆီးကြိုနှုတ်ဆက်သည်။ သူမတို့နှစ်ဦးဆုံလိုက်ချိန် နှစ်ယောက်စလုံး၏ မျက်နှာ၌ အပြုံးပန်းများ ဝေသွားသလို၊ အသင့်စောင့်နေသော ဓာတ်ပုံသတင်းထောက်များ၏ ကင်မရာများအရောင်တဖျပ်ဖျပ်လက်သွားသည်။

ငြိမ်းချမ်းရေးနိုဗယ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည်နှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်တို့ ပထမဆုံးစတင်တွေ့ဆုံမှု၏ အခိုက်အတန့်ဖြစ်သည်။ ကမ္ဘာကျော် တိုင်းမ်မဂ္ဂဇင်းကနှစ်စဉ်ရွေးချယ်သော ကမ္ဘာတွင် ဩဇာအလွှမ်းမိုးနိုင်ဆုံးပုဂ္ဂိုလ် ၁၀၀ တွင် မကြာခဏပါဝင်လေ့ရှိသော သူမတို့နှစ်ဦးစတင်တွေ့ဆုံမှုက နွေးထွေးမှုရှိသည်။ ထိုအိမ်သို့ လွန်ခဲ့သော ဆယ်မိနစ်ခန့်က အထူးယာဉ်တန်းဖြင့် ကြိုရောက်နေသော ဟီလာရီက ဒေါ်အောင်ဆန်းစုကြည် အနားရောက်လာသည်နှင့် လေးစားချစ်ခင်မှုကိုပြသော အမူအရာအပြည့်ဖြင့် သတင်းထောက်များဘက်သို့လှည့်ကာ ဒေါ်စုကိုညွှန်ပြသည်။

စက္ကန့်အတော်ကြာ ရင်းနှီးစွာ လက်ဆွဲနှုတ်ဆက်ပြီးနောက် သီးသန့်ညစာစားပွဲသို့ သူမတို့နှစ်ဦးဖြည်းညင်းစွာ ထွက်ခွာသွားသည်။


"အလွန်ကို နွေးနွေးထွေးထွေးရှိပါတယ်။နှစ်များစွာတိုက်ရိုက်တစ်မျိုး၊ တစ်ဆင့်ခံတစ်မျိုး (မှတ်ချက်။ဟီလာရီကလင်တန်မှာဒေါ်အောင်ဆန်းစုကြည်ကို ယခင်က မတွေ့ဖူးသော်လည်း တယ်လီဖုန်းဖြင့် တိုက်ရိုက်စကားပြောဖူးသည်)ကျွန်မထောက်ခံအားပေးခဲ့တဲ့သူဖြစ်တာကြောင့်လည်း ဖြစ်ကောင်းဖြစ်မယ်။ ဒါဟာကျွန်မတို့နှစ်ဦးပထမဆုံးတွေ့ဖူးတာဖြစ်ပေမယ့် အရမ်းရင်းနှီးတဲ့ သူငယ်ချင်းတစ်ယောက်ကို နှစ်တွေအကြာကြီးခွဲပြီးမှ ပြန်တွေ့လိုက်ရသလိုပါပဲ"ဟုမြန်မာနိုင်ငံသို့သမိုင်းဝင်ခရီးနှင်လာသူဟီလာရီကလင်တန်က ဒေါ်အောင်ဆန်းစုကြည်နှင့် ပထမဆုံးတွေ့ဆုံရခြင်း၏ ခံစားချက်ကိုဖွင့်ဟသည်။ ဒီဇင်ဘာ ၂ ရက်တွင် ဘီဘီစီသတင်းထောက် ကင်မ်ဂတ်တတ်စ် (Kim Ghattas)နှင့် သီးသန့်အင်တာဗျူးတွင် မေးမြန်းမှုကို ဟီလာရီက ပြန်လည်ဖြေကြားခဲ့ခြင်းဖြစ်သည်။

သို့သော်ဟီလာရီက အမေရိကန်အစိုးရအနေဖြင့် ဒေါ်အောင်ဆန်းစုကြည်အပေါ် ပုဂ္ဂိုလ်ရေးခင်မင်၊ ထောက်ခံမှုတစ်ခုတည်းကြောင့် ကန်-မြန်မာ ဆက်ဆံရေးစာမျက်နှာသစ် ဖွင့်လှစ်ရန်ကြိုးစားခြင်းဖြစ်ပါသလားဟု သတင်းထောက်၏ အမေးကို မဟုတ်ကြောင်းဖြေခဲ့သည်။

ဟီလာရီကလင်တန်၏ ခရီးစဉ်မှာ အမေရိကန်ပြည်ထောင်စု၏ နိုင်ငံခြားရေးဝန်ကြီးအဆင့်ရှိ ပုဂ္ဂိုလ်အနေဖြင့် ၅၆ နှစ်အတွင်း ပထမဆုံးအကြိမ် မြန်မာနိုင်ငံသို့ လာရောက်ခြင်းဖြစ်၏။ သူမအရင်နောက်ဆုံးလာခဲ့သူမှာ ၁၉၅၅ ခုနှစ်ကဂျွန်ဖော်စတာ၏ ခရီးစဉ်ပင်ဖြစ်သည်။

အမေရိကန်သမ္မတကတော် ဟောင်း(ဟီလာရီသည်၄၂ယောက်မြောက် အမေရိကန်သမ္မတ ဘီလ်ကလင်တန်၏ ဇနီးဖြစ်သည်) ဖြစ်သလို လက်ရှိစူပါပါဝါနိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီးလည်းဖြစ်သူ ဟီလာရီကလင်တန်နှင့် မြန်မာနိုင်ငံ၏ အမျိုးသားခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်း၏ သမီးဖြစ်သလို ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်တို့ တွေ့ဆုံမှုက ပထမဆုံးအကြိမ်ဖြစ်သော်လည်း များစွာလေးနက်ခဲ့သည်။ ဤအချက်ကို ဒေါ်အောင်ဆန်းစုကြည်နေအိမ်၌ ဒီဇင်ဘာ ၂ ရက်တွင် ထပ်မံတွေ့ဆုံအပြီး ပြုလုပ်ခဲ့သော သတင်းစာရှင်းလင်းပွဲမှ ပြောစကားများက သက်သေပြနေ၏။ **အချပ်ပို(G)သို့**

**အချပ်ပို(G)သို့**



ဓာတ်ပုံ - AFP

## ခရီးစဉ်အပြီး ဟီလာရီနှင့် ပူပူနွေးနွေး အမေးအဖြေများ

**နိုင်ငံတကာဘာသာပြန်အဖွဲ့**

မကြာသေးမီရက်ပိုင်းအတွင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မစ္စစ်ဟီလာရီကလင်တန် မြန်မာနိုင်ငံကို လာရောက်ခဲ့ပြီး နိုင်ငံတော်သမ္မတဦးသိန်းစိန်၊ ငြိမ်းချမ်းရေးနိုဗယ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည်တို့နဲ့ တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။ ဒါဟာ နှစ်ပေါင်း ၅၀ ကျော်အတွင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးတစ်ယောက်ရဲ့ မြန်မာနိုင်ငံသို့ ပထမဆုံးခရီးစဉ်ဖြစ်ပါတယ်။ မစ္စစ်ကလင်တန်မြန်မာနိုင်ငံသို့လာရောက်တာဟာ အမေရိကန်နိုင်ငံရဲ့ ပစိဖိတ်ရေးရာ ပေါ်လစီအပြောင်းအလဲကြောင့်လို့ ဆိုနိုင်ပေမယ့် မြန်မာနိုင်ငံမှာ မကြာသေးမီလပိုင်းအတွင်း ဖြစ်ပေါ်ခဲ့တဲ့ ပြောင်းလဲတိုးတက်မှုတွေကို အသိအမှတ်ပြုခြင်းတစ်စိတ်တစ်ပိုင်းလည်းဖြစ်ပါတယ်။

မြန်မာနိုင်ငံက ခေါင်းဆောင်တွေနဲ့တွေ့ဆုံဆွေးနွေးမှုတွေအကြောင်း၊ သူမခရီးစဉ်အကြောင်းကို ခရီးစဉ်ပြီးပြီးချင်းမှာပဲ နိုင်ငံခြား သတင်းဌာနကြီးတချို့က သူမနဲ့သီးသန့်တွေ့ဆုံမေးမြန်းခွင့်တွေရခဲ့ပါတယ်။ အမေရိကန် NBC သတင်းဌာန၊ CBS သတင်းဌာနနဲ့ CNN သတင်းဌာနတို့ဟီလာရီနဲ့ တွေ့ဆုံမေးမြန်း ထားတဲ့အထဲမှအချို့ကို 7Day News က ရွေးချယ်ကောက်နုတ်ဘာသာပြန်ဆို တင်ဆက်လိုက်ရပါတယ်။

**အချပ်ပို(G)သို့**

7DAY NEWS
Vol.10, No.38 · DECEMBER 8, 2011



# အချပ်ပို(H) - ခရီးစဉ်အပြီး ဟီလာရီနှင့် ပူပူနွေးနွေး အမေးအဖြေများ မှ

**NBC ရုပ်သံလိုင်း**

**ဒေါ်အောင်ဆန်းစုကြည်နဲ့တွေ့ဆုံဆွေးနွေးရာမှာဘာတွေကများအထူးခြားဆုံးဖြစ်ပေါ်တိုးတက်မှုလို့ဝန်ကြီးထင်ပါသလဲ။**

ဆွေးနွေးမှုဟာ အနှစ်သာရအရရော၊ အသွင်သဏ္ဌာန်အရပါ အရေးပါတယ်လို့ ကျွန်မထင်ပါတယ်။ သေချာတာကတော့ ကျွန်မသူနဲ့ (ဒေါ်အောင်ဆန်းစုကြည်)တွေ့ဆုံရတာကို အလွန်ပဲအားရကျေနပ်ပါတယ်။ အချိန်တွေအကြာကြီး မတွေ့ခဲ့ရတဲ့ သူငယ်ချင်းတစ်ယောက်ကိုပြန်တွေ့ရသလို ကျွန်မခံစားရပါတယ်။ ဒါပေမဲ့ ဒါဟာကျွန်မအတွက် ပုဂ္ဂိုလ်ရေးအရအရေးကြီးသလို အနှစ်သာရအားဖြင့်လည်း အရေးကြီးပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကုန်ခဲ့တဲ့ လတွေမှာ ကျွန်မတို့ဟာ သူနဲ့ အနီးကပ်အလုပ်လုပ်ခဲ့ပြီး နိုင်ငံတွင်းမှာ ဖြစ်ပျက်နေတာတွေနဲ့ ပတ်သက်လို့ သူမရဲ့ ထင်မြင်ပုံတွေကို ကျွန်မတို့ နားလည်နိုင်ဖို့၊ ကျွန်မတို့ရဲ့ ပေါ်လစီဟာ အဲဒါနဲ့ကိုက်ညီဖို့၊ လွန်ခဲ့တဲ့ ၂ နှစ်ကျော်ကာလအတွင်းကျွန်မတို့နဲ့ အမြဲတမ်းထိတွေ့ဆက်ဆံခဲ့တဲ့ ပြည်တွင်းက တခြားလူအများအပြားနဲ့အတူ နားလည်နိုင်ဖို့ သေချာအောင်လုပ်ခဲ့ပါတယ်။ ဒါကြောင့် ပြုပြင်ပြောင်းလဲရေးသမားတွေအတွက် အမေရိကန်ရဲ့ ထောက်ခံမှုကို အလိုရှိတယ်။ ကျွန်မတို့ရဲ့ထိတွေ့ဆက်ဆံရေးကြိုးပမ်းမှုကို ဒေါ်အောင်ဆန်းစုကြည်က အပြည့်အဝထောက်ခံမှုပေးခဲ့တာဟာ ကျေနပ်အားရစရာကောင်းပါတယ်။ ဒါဟာ အရေးကြီးတဲ့ သတင်းစကားပါးတာပဲလို့ သူမက ထင်ပါတယ်။ ဆိုတော့ ဒါဟာကျွန်မတို့ရဲ့ သီးသန့်တွေ့ဆုံဆွေးနွေးမှုတွေနဲ့ နောက်ပိုင်း ဒေါ်အောင်ဆန်းစုကြည်လူသိရှင်ကြားပြောဆိုမှုတွေထဲက အရေးပါတဲ့ ကောက်ချက်ပဲ ဖြစ်ပါတယ်။

**ဒီနိုင်ငံမှာဒေါ်အောင်ဆန်းစုကြည်ဟာ ပြည်သူတွေအတွက် ဘယ်လောက်အရေးပါသလဲ။ နောက်ဒီမှာပြုပြင်ပြောင်းလဲရေးတွေလုပ်ဖို့အမေရိကန်ရဲ့ကြိုးပမ်းမှုအတွက်ရော ဘယ်လိုအရေးပါပါသလဲ။**

သူ့ကိုဒီမှာ အရမ်းကို ချစ်ခင်လေးစားကြတယ်လို့ ကျွန်မထင်တယ်။ အနာဂတ်ကို ကြောင့်ကြတဲ့လူတွေ၊ မြန်မာနိုင်ငံဟာ ဒီထက်ပိုပြီး အများကြီးဖြစ်နိုင်တယ်လို့ သိမြင်သူတွေ၊ ကုန်ဆုံးခဲ့တဲ့နှစ်တွေလို နောက်ကျကျန်နေခဲ့ရမယ့်အစား မြန်မာနိုင်ငံဟာ ၂၁ ရာစုမှာကမ္ဘာပေါ်မှာ ထိုက်တန်တဲ့နေရာရယူနိုင်တယ်ဆိုတာသိသူတွေက ချစ်ခင်လေးစားကြပါတယ်။ သူမရဲ့ ဂုဏ်သိက္ခာ၊ ခိုင်မြဲတဲ့သန္နိဋ္ဌာန်နဲ့ ဒီမိုကရေစီလွတ်လပ်မှုနဲ့တရားမျှတမှုတွေအတွက် သူမဘာသာတစ်ဦးတည်းရပ်တည်ခဲ့တဲ့အတွက် သူ့ကို အဲဒီလောက်လေးစားကြတာလို့ကျွန်မထင်တယ်။ နောက်မြန်မာနိုင်ငံရဲ့ လွတ်လပ်ရေးကို ရယူပေးခဲ့တဲ့ ဖခင်နဲ့ဆက်စပ်နေတာလည်းပါတယ်။ အဆက်မပြတ်သေးဘူးဆိုတဲ့ခံစားချက်တွေရှိနေပြီး အရင်ကဖြစ်နိုင်တဲ့ အလားအလာဟာ အခုလည်း ဖြစ်နိုင်သေးတယ်လို့ ထင်တယ်။ ဒါကြောင့် ဘက်ပေါင်းစုံပါပဲ။ ကျွန်မ သူ့ပါတီကလူတွေနဲ့ စကားပြောတဲ့အခါ လူမှုရေးအဖွဲ့အစည်းတွေ၊ တိုင်းရင်းသားအဖွဲ့တွေနဲ့စကားပြောတိုင်း အမြဲတမ်း သူမနာမည်ပါပါလာတယ်။ ဘာကြောင့်လဲဆိုတော့ ဒေါ်အောင်ဆန်းစုကြည်ဟာ တိုင်းပြည်ကိုပိုပြီးတိုးတက်အောင်လုပ်နိုင်မယ့်ခေါင်းဆောင်လို့ ပြည်သူလူထုက ရှုမြင်ထားလို့ဖြစ်ပါတယ်။

**မကြာသေးခင်ကပဲ သမ္မတအိုဘားမားက သူရဲ့နိုင်ငံခြားရေးပေါ်လစီအာရုံစိုက်မှုဟာ အီရတ်နဲ့ အာဖဂန်နစ္စတန်စစ်ပွဲတွေကနေ ဖယ်ခွာပြီး အာရှပစိဖိတ်ဒေသကို ရွှေ့လာပြီလို့ဆိုပါတယ်။ ဒီခရီးစဉ်ကနေ အမေရိကန်ဟာ ဒီဒေသမှာ တရုတ်ကို တန်ပြန်ထိန်းညှိဖို့ လုပ်နေသလဲဆိုတာဘယ်လောက်များ အချက်ပြနိုင်မယ်လို့ ရည်မှန်းထားပါသလဲ။**

ဒီခရီးစဉ်ဟာ မြန်မာနိုင်ငံတွင်းက ပြုပြင်ပြောင်းလဲရေးသမားတွေကို ထောက်ခံဖို့ အမေရိကန်ရဲ့ ထိတွေ့ဆက်ဆံခြင်းအပြင် တခြားဘာအကြောင်းမှမရှိပါဘူး။ မြန်မာနိုင်ငံက တရုတ်နိုင်ငံနဲ့ ကောင်းမွန်တဲ့ ဆက်ဆံရေးရှိနေတာကိုလည်း ကျွန်မတို့ မစိုးရိမ်ပါဘူး။ သူတို့နှစ်နိုင်ငံဟာ ရှည်လျားတဲ့ နယ်နိမိတ်ထိစပ်မှုရှိတယ်။ ကြီးမားတဲ့အိမ်နီးချင်းနိုင်ငံကြီးနဲ့ ဘယ်လိုအဆင်ပြေအောင်နေမလဲကိုယ်ဘာသာစဉ်းစားရမှာပါ။ ဒါဟာ ကျွန်မတို့ စိတ်ဝင်စားတဲ့ အရာမဟုတ်သလို ကန့်ကွက်စရာလည်းမရှိပါဘူး။

သမ္မတအိုဘားမားပြောတာက ဒီလိုထင်ပါတယ်။ ကျွန်မတို့ရဲ့ သမိုင်းကြောင်းအရ ကျွန်မတို့ဟာ ပစိဖိတ်အင်အားကြီးနိုင်ငံဖြစ်တယ်။ ဥာနေအင်အားကြီးနိုင်ငံတစ်နိုင်ငံ၊ကျွန်မတို့ပစိဖိတ်ကိုလွတ်မြောက်အောင် လုပ်ပေးခဲ့တယ်။ မြောက်ကိုရီးယားဘက်က ဒလကြမ်းတိုက်ခိုက်မှုတွေကို ကျွန်မတို့တောင်ကိုရီးယားဘက်က ပါဝင်ကူညီခဲ့တယ်။ ကျွန်မတို့ ဒီဒေသမှာရောက်နေခဲ့တာကြာပါပြီ။ ဒါပေမဲ့ သေချာတာကတော့ ကျွန်မတို့ဟာ အီရတ်၊ အာဖဂန် (စစ်ပွဲ)တွေနဲ့ ဆယ်နှစ်လောက်အလုပ်ရှုပ်နေခဲ့တာကြောင့်ကျွန်မတို့ ဒီဒေသကို ဂရုမစိုက်တော့ဘူး၊ ကျွန်မတို့ရဲ့သမိုင်းဝင်အခန်းကဏ္ဍမှာမပါဝင်တော့ဘူးဆိုတဲ့သံသယတွေရှိခဲ့ပါတယ်။ ဆိုတော့ကာ ကျွန်မတို့ဟာ အခုရော၊ နောင်အနာဂတ်အတွက်ပါပစိဖိတ်ပါဝါအဖြစ်ရှိနေမယ်ဆိုတာကိုရှင်းရှင်းလင်းလင်းဖော်ပြဖို့ အရေးကြီးပါတယ်။

**အကယ်၍များ ဒီကအရာရှိတွေနဲ့အစိုးရ(မြန်မာနိုင်ငံ)က သူတို့လုပ်မယ်လို့ပြောထားတဲ့ ပြုပြင်ပြောင်းလဲမှုမျိုးကို မလုပ်ဖြစ်ခဲ့ဘူးဆိုရင် ဒီခရီးစဉ်ဟာ နိုင်ငံခြားရေးပေါ်လစီရဲ့အမည်းစက်များဖြစ်သွားမလားလို့ လူကြီးမင်း စိုးရိမ်ပါသလား။**

နိုး။ ကျွန်မမစိုးရိမ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ပထမဆုံးအနေနဲ့ ကျွန်မတို့ဟာ ဒီနိုင်ငံမှာ ဒီမိုကရေစီအတွက် ထိပ်ဆုံးကရုန်းကန်လှုပ်ရှားနေတဲ့ ပြည်သူတွေရဲ့ ဦးဆောင်မှုနောက်ကိုလိုက်ခဲ့တယ်။ နောက်ကျွန်မတို့အနေနဲ့ “အေး မင်းတို့ကတော့ မင်းတို့ဘာသာပဲ။ ဟုတ်တယ်။ မင်းတို့ အသံတွေကြားတယ်။ ဒါပေမဲ့ ငါတို့မတုံ့ပြန်နိုင်ဘူး”လို့ပြောလို့မရဘူးလို့ကျွန်မထင်တယ်။ ဒါဟာ ကျွန်မတို့လို တာဝန်သိတဲ့ နိုင်ငံတစ်နိုင်ငံရဲ့လုပ်ပုံကိုင်ပုံမဟုတ်ဘူး။ အဆုံးစွန်ဆုံးဆိုရင်တော့ ဒါဟာ အမေရိကန်နိုင်ငံသားတွေရဲ့ ဆုံးဖြတ်ချက်မဟုတ်ပါဘူး။ ဒါဟာ(မြန်မာနိုင်ငံ)လက်ရှိအစိုးရခေါင်းဆောင်ပိုင်းရဲ့ ဆုံးဖြတ်ချက်ဖြစ်ပါတယ်။အမှန်တကယ် စမ်းသပ်ခံရမှာက သူတို့ပါ။ မှန်ကန်တဲ့ ဆုံးဖြတ်ချက်တွေချမှတ်နိုင်ဖို့သူတို့ကို အားပေးတိုက်တွန်းရင်း ကျွန်မတို့ လုပ်နိုင်တာမှန်သမျှ ကျွန်မတို့လုပ်ပေးသွားမယ်။ ဒါပေမဲ့ နောက်ဆုံးကျရင်တော့ ချီးကျူးမှုတွေဒါမှမဟုတ် ရှုတ်ချပြောဆိုမှုတွေကို သူတို့ပဲခံယူရမှာဖြစ်ပါတယ်။ကျွန်မတို့ရဲ့ ရည်မှန်းချက်က အစိုးရတွင်းမှာပြုပြင်ပြောင်းလဲရေးလုပ်ဖို့ကြိုးစားနေတဲ့သူတွေနဲ့ အစိုးရပြင်ပကလူတွေ၊ဒီမိုကရေစီအနာဂတ်အတွက် အခုအချိန်ထိ အကြာကြီး ယုံကြည်သက်ဝင်ခဲ့တဲ့ လူတွေကိုကူညီဖို့ဖြစ်ပါတယ်။

**CNN ရုပ်သံလိုင်း**

**နိုင်ငံခြားဝန်ကြီးခင်ဗျား။ ဒေါ်အောင်ဆန်းစုကြည်အကြောင်း စမေးချင်ပါတယ်။ ဝန်ကြီးတို့နှစ်ဦးကြားမှာ ရင်းနှီးမှုအများကြီးရှိတာလည်း အထင်အရှားပါပဲ။ ဒါပေမဲ့ မေးချင်တာက လက်ရှိအချိန်မှာ အမေရိကန်ပေါ်လစီဟာ ဒေါ်အောင်ဆန်းစုကြည်အပေါ် အာရုံစိုက်လွန်းနေပါသလား။တည့်တည့်ပြောရရင်မြန်မာအပေါ် ယူအက်စ်ပေါ်လစီမှာ သူမဟာ ဗီတိုအာဏာရှိနေပါသလား။**

ဟုတ်ကဲ့။ ဒေါ်အောင်ဆန်းစုကြည်နဲ့ ကျွန်မ နောက်ဆုံးမှာတော့ လူချင်းတွေ့ခဲ့ရတာဟာ သိပ်ထူးခြားတဲ့ ပုဂ္ဂိုလ်ရေးကိစ္စတစ်ခုဖြစ်ခဲ့တယ်ဆိုတာ ပြောရင်းနဲ့ စတင်ပါရစေ။ နှစ်များစွာကပဲ သူ့ကို ကျွန်မ ရင်းရင်းနှီးနှီး သိကျွမ်းတယ်လို့ ခံစားလာခဲ့ရတာပါ။ အကြောင်းက သူနဲ့ပတ်သက်သမျှသတင်းအချက်အလက်တွေအားလုံး သူနဲ့ထိတွေ့ဖူးပြီး သတင်းစကားတွေ သယ်ယူပို့ဆောင်ပေးခဲ့တဲ့ ကျွန်မမိတ်ဆွေတွေအားလုံးကြောင့်ပါ။ ဒီတော့ ပထမဆုံးသူနဲ့တွေ့ဖူးတာဆိုပေမယ့် သူငယ်ချင်းဟောင်းတစ်ဦးနဲ့ တွေ့ရသလို ကျွန်မတကယ်ခံစားမိပါတယ်။ ပြီးခဲ့တဲ့ နှစ်တွေအတွင်း ဒီမိုကရေစီနဲ့ လွတ်လပ်ခွင့်အတွက် ကြံ့ကြံ့ခိုင်ရပ်တည်ဖို့သူလုပ်ခဲ့သမျှရယ်၊ သူ့တိုင်းပြည်ထဲက လူတွေအတွက်ကလည်းသူဟာလူတွေရဲ့ အကောင်းဆုံး အကျိုးစီးပွားကို အဓိကဖော်ဆောင်နိုင်တဲ့ သူတစ်ယောက် ဖြစ်ခဲ့တာတွေရယ်ကြောင့် ကျွန်မ နက်နက်ရှိုင်းရှိုင်း အားကျတန်ဖိုးထားမိပါတယ်။ လူတွေကလည်း သူ့နောက်လိုက်ချင်တာ အဲဒီအချက်ကြောင့်ပါပဲ။

သူမဟာ ပေါ်လစီရေးအကြံဉာဏ်နဲ့ ပတ်သက်လို့ မှီခိုအားပြုရမယ့် ဆွေးနွေးရမယ့်သူဖြစ်တယ်။ ပြီးတော့ သူက ကျွန်မတို့ကို ထိတွေ့ဆက်ဆံဖို့အားပေးခဲ့တဲ့အတွက်၊ ကျွန်မခရီးစဉ်ကို အားပေးခဲ့တဲ့အတွက် ကျွန်မတို့ တကယ်ပဲကျေးဇူးတင်ပါတယ်။ သူဒီနေ့ လူသိရှင်ကြား ထုတ်ဖော်ပြောဆိုခဲ့သလိုပေါ့။ ကျွန်မတို့ဟာ အဲဒီအပြောင်းအလဲတွေ တကယ့်လက်တွေ့အတွက် ဖြစ်နိုင်၊ မဖြစ်နိုင်ကို သတိရှိရှိနဲ့ သင့်တော်မှန်ကန်စွာ ဆုံးဖြတ်ဖို့ ရှေ့ဆက်နိုင်ခဲ့ကြတယ်ထင်ပါတယ်။

ဒါပေမဲ့ ကျွန်မတို့ ဆွေးနွေးပြောဆိုရမှာ သူတစ်ဦးတည်းမဟုတ်ပါဘူး။ ပြီးခဲ့တဲ့ ၂ နှစ်ခွဲလောက်က ကျွန်မတို့ရဲ့ မြန်မာပြည်ပေါ်လစီကို ပြန်သုံးသပ်မှုစလုပ်ကတည်းကပါပဲ။ အကြောင်းကတော့ ကျွန်မတို့ဟာ ဒီမှာရှိနေတဲ့ ပြည်သူတွေအတွက် အားလုံးမျှော်လင့်ခဲ့တဲ့ တိုးတက်မှုမျိုးကို ဖန်တီးနေနိုင်တယ်လို့ မထင်ပါဘူး။ ကျွန်မတို့ လက်ထောက်နိုင်ငံခြားရေးဝန်ကြီးတွေ၊ အထူးကိုယ်စားလှယ်နဲ့ အခြားသူတွေ၊ အဆင့်မြင့်ခရီးစဉ်အဖြစ် အကြိမ် ၂၀ ကျော်လောက် လာခဲ့ပြီးပါပြီ။ သူတို့ဟာ ဒီတိုင်းပြည်တစ်လျှောက်က ပြည်သူမျိုးစုံနဲ့ တွေ့ခဲ့ပါတယ်။ ဒီက ကျွန်မတို့သံရုံးဟာလည်း ပြည်သူတွေရဲ့အကြံပေးမှုကို နက်နက်ရှိုင်းရှိုင်းရယူနေပါတယ်။

ဒါကြောင့် ကျွန်မတို့ဟာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ သဘောထားအမြင်တွေကို မြင့်မြင့်မားမား လေးစားပါတယ်။ ဒါပေမဲ့ ဒါဟာ အပြောင်းအလဲအတွက် တွန်းအားပေးဖို့ကြီးမားတဲ့ဆန္ဒကဖွံ့ဖြိုးလာတဲ့ယေဘုယျသဘောတူညီချက်ဖြစ်ပြီး ပြုပြင်ပြောင်းလဲရေးသမားတွေကိုလည်း သူတို့ဟာ ပြင်ပကမ္ဘာမှာ အသိအမှတ်ပြုခံနေရပါတယ်ဆိုတာ ရှင်းရှင်းလင်းလင်းကြော်ငြာပေးဖို့၊ ပြောရရင်တော့ ရှေ့ဆက်တိုးဖို့ အားပေးရေးပဲဖြစ်ပါတယ်။

**ဝန်ကြီးက နိုင်ငံရေးပြုပြင်ပြောင်းလဲမှုအကြောင်း အများကြီး ပြောပြီးသွားပါပြီ။ ဒါပေမဲ့ အဲဒီနောက်မှာ စီးပွားရေးပြုပြင်ပြောင်းလဲမှုအကြောင်းကရော။**

ဟုတ်ကဲ့။ သူတို့ကျွန်မကို တောင်းဆိုတဲ့ အကြောင်းကိုတော့ ကျွန်မပြောပြနိုင်ပါတယ်။ သူတို့ကကမ္ဘာ့ဘဏ်က ပြန်သုံးသပ်ရေးအဖွဲ့တစ်ဖွဲ့စေလွှတ်ဖို့ကျွန်မတစ်ဦးတည်းအနေနဲ့ တောင်းဆိုနိုင်မလားမေးခဲ့တယ်။ သူတို့ရဲ့စီးပွားရေးကို ဘယ်လိုပြောင်းလဲသင့်တယ်၊ ပြောင်းလဲချင်တယ်ဆိုတာနဲ့ပတ်သက်လို့နည်းစနစ်ပိုင်းအကြံပေးဖို့ ကျွန်မတို့ ကြိုးစားခဲ့တယ်လေ။ ဖြစ်ချင်တဲ့ကိစ္စတွေအများကြီးရှိနေပါတယ်။ တစ်ဦးတစ်ဖွဲ့အာဏာပိုင်အုပ်ချုပ်ရေးကနေ ပိုပြီး ပွင့်လင်းလွတ်လပ်တဲ့ အုပ်ချုပ်ရေးစနစ်ဆီပြောင်းလာရင် ဒါကို အမြဲတွေ့ရမှာပါ။ ဒါပေမဲ့ အခြားနေရာတွေမှာ အဲဒါက အလုပ်ဖြစ်တာကိုး။ ကျွန်မတို့မြင်ထားပြီးပါပြီ။ ဒီကစီးပွားရေးအတွက် အပြောင်းအလဲလုပ်စရာတွေအများကြီးရှိတယ်။ သူတို့က ငွေလဲနှုန်း ပြုပြင်ပြောင်းလဲရေးကိုလိုအပ်နေတယ်။ သူတို့ဖြေကြားရမယ့်မေးခွန်းမျိုးစုံ ရှိနေပါတယ်။ ဒါကြောင့် တစ်ခါထပ်ပြောရင်တော့ ကျွန်မတို့ဟာတကယ့်လမ်းစကိုရောက်နေပါပြီ။လာမည့်နောက်တစ်နှစ်၊ နောက်ငါးနှစ်၊ ဒါမှမဟုတ် ဆယ်နှစ်မှာ ကျွန်မတို့ ဘယ်နေရာရောက်နေမလဲ။ ဒီမှာ ထိုင်ပြီးမခန့်မှန်းနိုင်ပါဘူး။ ဒါပေမဲ့ နေပြည်တော်က ခေါင်းဆောင်မှုအပိုင်းမှာ စီးပွားရေးပြုပြင်ပြောင်းလဲမှုအတွက် အကူအညီပေးချင်တဲ့ဆန္ဒ ကြီးကြီးမားမား ရှိနေပါတယ်။ ကျွန်မတို့ ဒါကို အားပေးသွားရမှာပါ။

**CBS ရုပ်သံလိုင်း**

**အစိုးရတာဝန်ရှိသူတွေနဲ့ တွေ့ဆုံဆွေးနွေးနေစဉ် ဝန်ကြီးအနေနဲ့ သူတို့ ပြောင်းလဲမှုလုပ်မယ်ဆိုတဲ့ အမြင်မျိုးရခဲ့ပါသလား။**

သူတို့ရဲ့ အပြုအမူဆောင်ရွက်ချက်တွေကို ကျွန်မအကဲဖြတ်တော့မယ်ဆိုတာ ရှင်သိပါတယ်။ အလားအလာကောင်းတဲ့ မှန်ကန်တဲ့အကြောင်းအရာအများအပြားကို သူတို့တကယ်ပဲ ပြောခဲ့ကြတယ်။ ဒါပေမဲ့ ဒီအပြောင်းအလဲကာလတွေနဲ့အတူ ပြုပြင်ပြောင်းလဲရေးကိုမြန်မြန်လုပ်ချင်သူတွေ၊ ပြီးတော့ပိတ်ပင်ဟန့်တားချင်တဲ့သူတွေ၊ ဒါ့အပြင် ဘာတွေပြောင်းလဲလာတယ်ဆိုတာ မမြင်တွေ့ရမချင်း ခြံစည်းရိုးခွထိုင်ပြီး အလယ်မှာနေချင်သူတွေအများကြီး ရှိနေတာကိုလည်း ကျွန်မတို့ သတိထားမိပါတယ်။

ကျွန်မဒီကိုလာရခြင်းရဲ့ အကြောင်းတွေထဲက တစ်ခုက အမေရိကန်ပြည်ထောင်စုဟာ ဒီပြုပြင်ပြောင်းလဲရေးဖြစ်စဉ်ကို ကြိုဆိုမယ်ဆိုတဲ့ အလွန်ရှင်းလင်းပြတ်သားတဲ့ အချက်ပြမှုကို ပေးပို့ဖို့ဖြစ်ပါတယ်။ ဒီပြောင်းလဲရေးဖြစ်စဉ်ဟာ နက်ရှိုင်းနေပြီး၊ အဆက်မပြတ်ဖြစ်နေပြီး အရေးပါတဲ့ ကိစ္စတွေပါဝင်နေတယ်။ အဲဒါတွေကတော့ နိုင်ငံရေး အကျဉ်းသားတွေကိစ္စ၊ ရွေးကောက်ပွဲတွေရဲ့ လွတ်လပ်မှု၊ တရားမျှတမှု၊ ယုံကြည်စိတ်ချရမှုသဘာဝတွေ၊ နှစ်ပေါင်း ၆၀ လောက်ဖြစ်ပေါ်နေခဲ့တဲ့ တိုင်းရင်းသား လူမျိုးစုဒေသတွေက ပဋိပက္ခတွေအဆုံးသတ်နိုင်အောင် ခက်ခက်ခဲခဲ ကြိုးပမ်းရမှာတွေဖြစ်ပါတယ်။ ဒါပေမဲ့ အဲဒါတွေကို ဖြေရှင်းနိုင်စွမ်းမရှိရင်တော့ ဒီတိုင်းပြည်ဟာ စုစည်းညီညွတ်မှု မရနိုင်ဘူး။

အချပ်ပို(J)သို့

7DAY NEWS
Vol.10, No.38 · DECEMBER 8, 2011

# အမေရိကန်–မြန်မာသံတမန်ဆက်ဆံမှုတိုးမြှင့်ရန် သံအမတ်ကြီးခန့်အပ်ရေးစဉ်းစားသွားမည်

**အေးမြကျော်**

**နေပြည်တော်- ဒီဇင်ဘာ ၁**

နှစ်ပေါင်း ၂၃နှစ်ကျော်ကြာအောင်မြန်မာနိုင်ငံအခြေစိုက်အမေရိကန်သံရုံးတွင်သံအမတ်ကြီးအဆင့်ထားရှိခဲ့ခြင်းမရှိခဲ့ရာမှအမေရိကန်မြန်မာနှစ်နိုင်ငံသံတမန်ဆက်ဆံရေးတိုးမြှင့်သွားရန်သံအမတ်ကြီးအဆင့်ခန့်အပ်သွားနိုင်ရေးကိုစဉ်းစားသွားမည်ဟု မြန်မာနိုင်ငံသို့လာရောက်ခဲ့သောအမေရိကန်နိုင်ငံခြားရေးဝန်ကြီးဟီလာရီကလင်တန်ကသမ္မတဦးသိန်းစိန်နှင့်တွေ့ဆုံစဉ်ပြောကြားသွားခဲ့သည်။

ရန်ကုန်မြို့၊တက္ကသိုလ်ရိပ်သာလမ်းတွင်ဖွင့်လှစ်ထားသော အမေရိကန်သံရုံး၌ သံရုံးယာယီတာဝန်ခံအဆင့်သာထားရှိပြီး မြန်မာနိုင်ငံတွင် အမေရိကန်သံအမတ်ကြီးရာထူးခန့်အပ်ခြင်းမရှိသည်မှာ ၁၉၈၈ နောက်ပိုင်းကတည်းကပင်ဖြစ်ကြောင်းအမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၏မှတ်တမ်းများအရသိရသည်။

မြန်မာနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့သည် မြန်မာနိုင်ငံတွင် ၁၉၈၈ ခုနှစ် နိုင်ငံရေးမတည်ငြိမ်မှုများဖြစ်ပွားအပြီးနောက်ပိုင်းတွင် နှစ်နိုင်ငံဆက်ဆံရေးအေးစက်သွားခဲ့ပြီး ၁၉၉၇ ခုနှစ်မှ စတင်ကာ အမေရိကန်နိုင်ငံသည် မြန်မာနိုင်ငံအစိုးရကို စီးပွားအရေးဒဏ်ခတ်ပိတ်ဆို့မှုများ စတင်ခဲ့သည်။ ၂၀၀၃ ခုနှစ်တွင်ပိတ်ဆို့အရေးယူမှုများကိုထပ်မံတိုးမြှင့်ခဲ့ကာ ယခုထက်တိုင်ပိတ်ဆို့အရေးယူမှုများကို ဖယ်ရှားခြင်းမရှိသေးသော်လည်း မကြာမီမြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးခြေလှမ်းများကိုကြည့်ကာ ပြန်လည်သုံးသပ်သွားမည်ဖြစ်ကြောင်း ဝန်ကြီးကလင်တန်က ပြောကြားသွားခဲ့သည်။

ရန်ကုန်မြို့တွင် ဖွင့်လှစ်ထားသောမြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံးတွင် ရာထူးအမြင့်ဆုံးဖြစ်သော သံရုံးယာယီတာဝန်ခံအနေနှင့် မစ္စတာ မိုက်ကယ်အီးသာစတန်က တာဝန်ယူထားသည်။



ဝန်ကြီးဟီလာရီကို ခရီးဦးကြိုပြုနေသည့် နိုင်ငံတော်သမ္မတဦးသိန်းစိန်

ဓာတ်ပုံ - AFP

# တစ်ပတ်အတွင်း နိုင်ငံခေါင်းဆောင်သုံးဦး လာရောက်

**အားမာန်**

ရန်ကုန်၊ ဒီဇင်ဘာ-၅

သမ္မတဦးသိန်းစိန် အစိုးရလက်ထက်တွင် ပထမဆုံးအကြိမ်အဖြစ် နိုင်ငံသုံးနိုင်ငံမှ ခေါင်းဆောင်သုံးဦးတစ်ပတ်အတွင်း လာရောက်သည်။

နိုဝင်ဘာ ၃၀ မှ ဒီဇင်ဘာ ၂ ရက်အထိ ကမ္ဘာ့စူပါပါဝါ အမေရိကန်နိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်၏ သုံးရက်ခရီးလာရောက်ခဲ့ပြီး၊ ဒီဇင်ဘာ ၁ ရက်မှ ၃ ရက်အထိ ဥရောပနိုင်ငံတစ်နိုင်ငံဖြစ်သော ဘယ်လာရုစ်နိုင်ငံဝန်ကြီးချုပ်ဒေါက်တာမီခေးလ် ဗွီမီယာစညီကိုဗစ်ချ်နှင့်ဇနီး လုဒ်မီလာစီယာစညီကိုဗစ်ချ်တို့ ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ ပထမဆုံးအကြိမ်လာရောက်ခဲ့သည်။

ဒီဇင်ဘာ ၅ ရက်မှ ၇ ရက်အထိ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဝန်ကြီးချုပ်ရှိတ်ဟာဆီနာဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့လာရောက်မည်ဖြစ်၍ တစ်ပတ်အတွင်း မြန်မာနိုင်ငံသို့ မြန်မာသုံးနိုင်ငံမှ ထိပ်တန်းပုဂ္ဂိုလ်သုံးဦးလာရောက်ခြင်းဖြစ်သည်။

ဟီလာရီကလင်တန်၏ ခရီးစဉ်မှာ မြန်မာနိုင်ငံ၏ ဒီမိုကရေစီဖော်ဆောင်မှုအခြေအနေများကို အဓိကလာရောက်လေ့လာသော နိုင်ငံရေးဦးစားပေး ခရီးစဉ်ဖြစ်သည်။ ဘယ်လာရုစ်နိုင်ငံ ဝန်ကြီးချုပ်နှင့် ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ်တို့၏ ခရီးစဉ်မှာ နှစ်နိုင်ငံချစ်ကြည်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန် အဓိကဦးစားပေးလာရောက်သော ခရီးစဉ်များ ဖြစ်သည်။ မြန်မာအစိုးရက ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ်၏ ခရီးစဉ်ကို ကြိုဆိုသောအားဖြင့်လည်းကောင်း၊ ဘင်္ဂလားဒေ့ရှ်အစိုးရ၏မေတ္တာ ရပ်ခံချက်အရလည်းကောင်း စသောအကြောင်းများဖြင့် မြန်မာအကျဉ်းထောင်အသီးသီးတွင်ပြစ်ဒဏ်ကျခံလျက်ရှိသော ဘင်္ဂလားဒေ့ရှ်နိုင်ငံသားအကျဉ်းသား ၃၅ ဦးကို ဒီဇင်ဘာ ၁ ရက်တွင် လွှတ်ငြိမ်းသက်သာခွင့်ပြုခဲ့သည်။

# မြန်မာ–အမေရိကန်ဆက်ဆံရေး စာမျက်နှာသစ် ဖွင့်လှစ်ခြင်းကို တရုတ်ကြိုဆို

**အားမာန်**

**ရန်ကုန်၊ ဒီဇင်ဘာ-၂**

အမေရိကန်-မြန်မာ ဆက်ဆံရေး စာမျက်နှာသစ်ဖွင့်လှစ်ခြင်းကို တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ကြိုဆိုကြောင်း ထုတ်ပြန်ခြင်းအပေါ် မိမိအနေဖြင့် အလွန်ဝမ်းမြောက်ကြောင်း ငြိမ်းချမ်းရေးနိုဗယ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည်က ဒီဇင်ဘာ ၂ ရက် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

"အမေရိကန်-မြန်မာ တိုက်ရိုက်ထိတွေ့ဆက်ဆံလာတာတဲ့အပေါ် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ကြိုဆိုကြောင်း ထုတ်ပြန်ချက်ကို ဒီနေ့ဖတ်လိုက်ရတာ ကျွန်မအလွန်ဝမ်းသာရပါတယ်။ ဒါက တစ်ကမ္ဘာလုံးက ကျွန်မတို့ကို ထောက်ခံတာကို ပြတာပါ။ အိမ်နီးချင်း တရုတ်နိုင်ငံနဲ့ ရင်းနှီးကောင်းမွန်တဲ့ ဆက်ဆံရေးကို ထိန်းသိမ်းထားနိုင်ဖို့ မျှော်လင့်ပါတယ်။ ဒါကြောင့် ကျွန်မဝမ်းသာတာပါ" ဟု ဒေါ်အောင်ဆန်းစုကြည်က ဒီဇင်ဘာ ၂ ရက်တွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်နှင့် ၂နာရီနီးပါး တွေ့ဆုံမှုအပြီး ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက အနောက်နိုင်ငံများနှင့် မြန်မာနိုင်ငံဆက်ဆံရေးတိုးတက်ကောင်းမွန်လာရန် တရုတ်ခေါင်းဆောင်များက မျှော်လင့်ကြောင်း ဒီဇင်ဘာ ၁ ရက်တွင် ပြောကြားခဲ့သည်။

တစ်ချိန်တည်းမှာပင်တရုတ်နိုင်ငံက မြန်မာနိုင်ငံနှင့်ဆက်ဆံရေးကို ပိုမိုလေးနက်သည့် ချစ်ကြည်ရေးတည်ထောင်သွားရန် တရုတ်ဒုတိယသမ္မတဟူကျင်တောင်နှင့် မြန်မာတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်တို့ တွေ့ဆုံစဉ် ကတိကဝတ်များပြုခဲ့ကြောင်း တရုတ်နိုင်ငံပိုင်မီဒီယာများတွင် ဖော်ပြသည်။

ဟီလာရီကလင်တန်မှာ ၅၆ နှစ်အတွင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးတစ်ဦး၏ ပထမဆုံး မြန်မာနိုင်ငံခရီးစဉ်အဖြစ် သမိုင်းဝင်ခရီးကို နိုဝင်ဘာ ၃၀ မှ ဒီဇင်ဘာ ၂ ရက်အထိ လာရောက်ခဲ့ခြင်းဖြစ်သည်။

## အချပ်ပို(I) - ခရီးစဉ်အပြီး ဟီလာရီနှင့် ပူပူနွေးနွေး အမေးအဖြေများ မှ

မလုံခြုံနိုင်ဘူး။ မငြိမ်းချမ်း နိုင်ဘူး။ ပြီးတော့ အဲဒီမှာ အမြဲတမ်း ပဲ စစ်တပ်ကို သူ့ကိုယ်သူလုံခြုံရေး အခြေခံတွေပေါ်မှာရပ်တည်ဖို့ တောင်းဆိုတာလည်းရှိနေတော့ မှာပဲ။

ဒါကြောင့် အလားအလာကောင်းတဲ့ တချို့ခြေလှမ်းတွေ ရှိနေပါတယ်။ ပြီးတော့ ဒါဟာ ကျွန်မအတွက် ဒီခရီးစဉ်တစ်ခေါက်တည်းကို အခြေခံလို့ ဘယ်လိုနိဂုံးချုပ်ကောက်ချက်မျိုးဆီကိုမှ ခုန်ကျော်လိုက်ဖို့ မဖြစ်နိုင်ပါဘူး။ ဒါပေမဲ့ ရှင်းလင်းတဲ့သတင်းစကားတွေပေးပို့ရင်းထွက်သွားတာ၊(ပြည်တွင်းကစကားတွေကို)ကျွန်မနားထောင်ခဲ့တာတွေဟာ ဒီနောက်မှာတော့ ဝါရှင်တန်ကိုပြန်ရောက်ခဲ့ရင် ပြုပြင်ပြောင်းလဲရေးသမားတွေကို ဆက်လက်ထောက်ခံအားပေးသွားဖို့ဖြစ်ပါတယ်။

**ပြီးခဲ့တဲ့တစ်နေ့က ဝန်ကြီး နေပြည်တော်မှာရှိနေစဉ်အတွင်း ဒီမေးခွန်းကို ဝန်ကြီးလည်း ကိုယ့်ကိုယ်ကိုယ်မေးခဲ့မှာပဲဆိုတာ ကျွန်တော်လောင်းရဲပါတယ်။ ဒီမေးခွန်းက ဘာကြောင့်အခုချိန်မှာ ဒီကိစ္စက ဖြစ်ရတာပါလဲ။**

ဟုတ်ကဲ့။ တိုင်းပြည်ပြင်ပမှာရောအတွင်းမှာပါကျွမ်းကျင်သူအများကြီးနဲ့ ကျွန်မဆွေးနွေးခဲ့ပြီးပါပြီ။ ရှင်းပြချက်တွေလည်း အများကြီးရှိပါတယ်။မြန်မာပြည်ဟာ ပိုတိုးပြီးအထီးကျန်လာနေရတယ်လို့ခံစားမိလာနေတဲ့သူတွေဟာ တပ်မတော်ခေါင်းဆောင်တွေထဲမှာရော ပုဂ္ဂလိကကဏ္ဍက သူတို့ရဲ့ မဟာမိတ်တွေထဲမှာပါ ရှိနေပါတယ်။ သူတို့ဟာ အရှေ့အာရှနဲ့ အထူးသဖြင့် အရှေ့တောင်အာရှမှာတိုးတက်လာနေတဲ့လူမှုအဆင့်အတန်းတွေကို စောင့်ကြည့်ခဲ့၊ တွေ့မိခဲ့ပြီးပါပြီ။ သူတို့က အာဆီယံအဖွဲ့ဝင်တွေဖြစ်တယ်။ သူတို့ အိမ်နီးချင်းနိုင်ငံတွေထဲမှာ တိုးတက်မှုကိုဖန်တီးထားနိုင်တာမြင်လာနေရတယ်။ ဒီတော့သူတို့လည်း စပြောလာကြတယ်။ "ကဲ ငါတို့ ဘာဖြစ်နေကြသလဲ။ ငါတို့ရော ဘာကြောင့် မဖွံ့ဖြိုးမတိုးတက်နိုင်ရသလဲ"လို့ပေါ့။

ကျွန်မထင်တာကတော့ သူတို့ဟာ ဖြစ်နိုင်ခြေရှိတဲ့စီးပွားရေးဖွံ့ဖြိုးမှုနဲ့ ကြွယ်ဝမှုတို့ကို လွဲကောင်းလွဲခဲ့ရတယ်လို့သုံးသပ်မှာပဲ။ ဘာကြောင့်လဲဆိုတော့ သူတို့က ခရီးသွားနေတော့မြင်ခဲ့ရမှာပဲလေ။ တပ်မတော်ခေါင်းဆောင်အများစုမှာလည်း ပြင်ပထွက်ဖို့ အခွင့်အရေးတွေ ပိုတိုးလာနေတော့ တခြားမှာ ဘာတွေဖြစ်လာနေပြီလဲမြင်လာကြတယ်။ ဒီတော့ သူတို့ပြောတယ်။ "ကောင်းပြီ။ ငါတို့လုပ်ဖို့လိုအပ်နေတာမှာထည့်သွင်းရမှာ ဘာတွေလဲ"ပေါ့။ ပြီးတော့ ကျွန်မ အင်ဒိုသမ္မတ ဟူဒိုယိုနိုနဲ့ ဒီအကြောင်း ဆွေးနွေးဖူးတော့ အင်ဒိုနီးရှားလူမျိုးတွေဟာ စစ်တပ်ခေါင်းဆောင်မှုပုံစံကို ကျော်လွန်ပြီး စစ်အစိုးရကနေ အရပ်သားအစိုးရအုပ်ချုပ်ရေးအပြောင်းအလဲကာလကို ဆွေးနွေးခဲ့ကြတယ်။ ဒီတော့ကျွန်မထင်တာက လမ်းကြောင်းတွေအများကြီးရှိပါတယ်။ စီးပွားရေး မဟာဗျူဟာရေးလမ်းကြောင်းတွေ၊ ပြီးတော့ ပုဂ္ဂိုလ်ရေး အတွေ့အကြုံတွေက ဒီအပြောင်းအလဲတွေအတွက် ဖန်တီးနိုင်တဲ့ တွန်းအားကို အတူတကွ ဖြစ်စေမှာပါ။

**ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဒီအစိုးရအပေါ် အနှစ် ၂၀ ကြာ ကြံ့ကြံ့ခံတွန်းလှန်ခဲ့မှုက ဒီအချိန်ကာလကိုရောက်အောင်ဦးဆောင်လာခဲ့စေတာလား။**

အဲဒီကိစ္စကြောင့်ဖြစ်လာတယ်လို့ ကျွန်မထင်ပါတယ်။ ဒါနဲ့ ပတ်သက်လို့ ကျွန်မသံသယမရှိပါဘူး။ ဒါဟာ အရေးပါတဲ့အချက်တွေထဲက တစ်ခုလို့ကျွန်မထင်တယ်။ ဒါပေမဲ့ သူမနဲ့ ပတ်သက်လို့မှတ်သားလောက်စရာကတော့ တကယ်ပဲနှစ်တွေအများကြီးကြာအောင်ကိုပဲ အစိုးရရဲ့ ဖိနှိပ်မှု ဘယ်လောက်ပဲရှိပါစေ၊ အကြမ်းဖက်မှုဘယ်လောက်ပဲဖြစ်ဖြစ်၊ သူမကဆက်ပြီး ဒီတိတ်ဆိတ်တဲ့ ငြိမ်းချမ်းတဲ့ ခွန်အားကို သုံးလို့မည်သည့်အာဏာပိုင်၊အာဏာရှင်ကိုမဆို"ကျွန်မ ဒီမှာရှိနေဆဲပဲ။ ကျွန်မစိတ်ပိုင်းဖြတ်ယုံကြည်ထားတဲ့အခန်းဆက်ရှိနေတယ်။အကြောင်းကကျွန်မရပ်တည်နေတာ ရှင်တို့ရပ်တည်နေတာထက် ပိုပြီးတည်တံ့တယ်"လို့ ပြောနေတဲ့ အချက်ဖြစ်တယ်။ ဒါကပဲ ဒီလူ့အဖွဲ့အစည်းမှာ သိပ်ခွန်အားကြီးတဲ့သတင်းစကားဖြစ်ပါတယ်။

**ဇာတိမြေ(အမေရိကန်)မှာတော့ ဝန်ကြီးဟာ ဒီမှာရှိမနေသင့်ဘူး။ ဒီခရီးစဉ်အပေါ် ဝေဖန်နေကြသူတွေအများကြီးရှိနေပါတယ်။**

ဟုတ်ကဲ့။ သံသယဝင်နေတဲ့သူတွေရှိနေတာ ကျွန်မသိပါတယ်။ ဒါကြောင့်ကျွန်မသူတို့ဘာလုပ်တော့မယ်ဆိုတာ ပြသချင်ပါတယ်။ ဒါပေမဲ့ ကျွန်မအတွက် မှတ်သားလောက်စရာကတော့ ဒီလူ့အဖွဲ့အစည်းရဲ့ အတိုက်အခံတွေထဲမှာ ဒေါ်အောင်ဆန်းစုကြည်ကစလို့ ကျွန်မတွေ့ခဲ့တဲ့သူတိုင်းက ဒီကိုလာပြီး အမေရိကရဲ့ ထိတွေ့ဆက်ဆံမှုကို ပြသခဲ့တဲ့အတွက် ကျေးဇူးတင်ကြောင်း ကျွန်မကို ပြောခဲ့ကြတယ်။ ဒီမှာကျွန်မရောက်လာတာအတိအကျအချိန်ကောင်းပဲလို့ သူတို့ထင်ကြပါတယ်။

ပြီးတော့လေးစားမှုအရင်းခံနဲ့ ပြောရမယ်ဆိုရင် ထောင်ကျခံရတဲ့သူတွေ၊ သူတို့ချစ်တဲ့ သူတို့လုပ်ဖော်ကိုင်ဖက်တွေ အနှိပ်စက်ခံရ၊ သတ်ဖြတ်တာခံရတဲ့သူတွေ၊ ဒုက္ခမျိုးစုံခံစားခဲ့ရတဲ့သူတွေဟာ ဖြစ်နိုင်ခြေရှိတာနဲ့ ပတ်သက်လို့ ကျွန်မတို့ထက်ပိုကောင်းတဲ့ အကဲဖြတ်ဒိုင်လူကြီးတွေဖြစ်ပါတယ်။ ကျွန်မတို့ကတော့ ဟိုးအဝေးကနေ ရလဒ်ကောင်းတစ်ခုထွက်ဖို့သာ မျှော်နေပြီး ဒီမှာဘာမှ ပါဝင်ဆောင်ရွက်ထားမှုမရှိတဲ့ သူတွေဖြစ်ကြတယ်။ ဒါကြောင့် အောင်ဆန်းစုကြည်နဲ့ အခြားသူတွေဆီကကျွန်မရခဲ့တဲ့ အကြံဉာဏ်က ဦးဆောင်တာကို ကျွန်မ နာခံတော့မှာပါ။ ဒီနေ့သူက ပြည်သူတွေကိုပြောခဲ့သလိုပဲ ကျွန်မတို့ဟာ သူ့ရဲ့ ခြေလှမ်းတိုင်းနဲ့အတူနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ခဲ့ပြီ။ သူမကို အပြည့်အဝ ထောက်ခံခဲ့ပါတယ်။